## ဒို့တာဝန်အရေးသုံးပါး

| | | |
|---|---|---|
| ပြည်ထောင်စုမ ပြိုကွဲရေး | – | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမ ပြိုကွဲရေး | – | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | – | ဒို့အရေး |

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအားဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့်တရားဥပဒေစိုးမိုးရေး
* အမျိုးသားစည်းလုံးညီညွတ်မှုခိုင်မာရေး
* စည်းကမ်းပြည့်ဝသောဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင်တည်ဆောက်ရေး
* ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကိုအခြေခံ ပိုမိုဖွံ့ ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ် စီးပွားရေးဖွံ့ ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်၏စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသား ပြည်သူတို့၏လက်ဝယ်ရှိရေး

## လူမှုရေးဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့်ပညာရည်မြင့်မားရေး

နံနက်ယံဝတ်ပြုခြင်း

# မာရနာသာ၊
# သခင်ဘုရားကြွလာတော့မည်

E. G. White ရေးသားပြုစုသည့် "The Lord is Coming" စာအုပ်ကို
ဦးထန်လန်းမုန်က "သခင်ဘုရားကြွလာတော့မည်"
အမည်ဖြင့်မြန်မာပြန်ဆိုသည်



**သခင်ဘုရားကြွလာတော့မည်**

ပုံနှိပ်သူ
ဦးဖုန်းနိုင် (၀၀၃၅၄)
မန်နေဂျာ
ကင်းစောင့်ပုံနှိပ်တိုက်
(၂၀၆) ရွှေသစ္စာလမ်း၊ ရန်ကင်းမြို့နယ်
ရန်ကုန်

ထုတ်ဝေသူ
ဦးစောထီမသေ (၀၀၅၉၄)
ဥက္ကဋ္ဌ
မြန်မာပြည်သတ္တမနေ့ဥပုသ်အသင်းတော်
(၆၈) ဦးဝိစာရလမ်း၊ ရန်ကုန်မြို့

အုပ်ရေ – ၃၀၀၀

တန်ဖိုး – ၃၆၀၀ ကျပ်

ပထမအကြိမ်

# နိဒါန်း

"ဒုတိယအကြိမ်ကြွလာခြင်းယုံကြည်ချက်သည် သမ္မာကျမ်းစာ၏ သော့ချက်ဖြစ်သည်" ဟု ဤဝတ်ပြုခြင်းဆိုင်ရာစာအုပ်အတွက် ဝိညာဉ်တော် မှုတ်သွင်းသည့် ဤကောက်နုတ်သောသတင်းစကားကိုရေးသားသူက ကြွေးကြော် ခဲ့သည်။ "ကမ္ဘာဦးမှစ၍ သန့်ရှင်းသောပုရောဖက်ဆရာတော်တို့နှုတ်ဖြင့် ဘုရားသခင်ဗျာဒိတ်ထားတော်မူသော" (တမန် ၃း၂၁) ကြီးကျယ်ခမ်းနားမှု အလုံးစုံသည် ကိုယ်တော်ကြွလာတော်မူခြင်း၌ပေါ်ထွန်းလိမ့်မည်။ ထိုအခါ ကာလကြာရှည်စိုးမိုးသောမကောင်းမှုသည် ပြိုကွဲကာ၊ "လောကီနိုင်ငံသည် ငါတို့အရှင်၏နိုင်ငံဖြစ်လေပြီ။ ထိုအရှင်၏ခရစ်တော်နိုင်ငံဖြစ်လေပြီ။ သူသည် လည်း ကမ္ဘာအဆက်ဆက်စိုးစံတော်မူမည်" (ဗျာဒိတ် ၁၁း၁၅)။ (GC, pp. 299-301).

ဘုရားသခင်၏လူတို့ကြီးငယ်အပေါင်း၏နှလုံးသည် အလွန်နီးကပ် သည့်ရွေးနုတ်ခြင်းနေ့ရက်ကိုမျှော်လင့်ရင်း အလွန်လှုပ်ရှားနေသည်။ အလျင် အမြန်ပြည့်စုံလာသောအနာဂတ်ဟောကြားချက်သည် ကျွန်ုပ်တို့သခင်ဘုရား ကြွလာခြင်းနီးကပ်ကြောင်း သူတို့၏ယုံကြည်ခြင်းကိုခိုင်မာစေသည်ကိုထောက်ရှု ၍ အယ်လင်ဝိုက်စာပေပြုစုသောအဖွဲ့သည် ကျွန်ုပ်တို့၏သခင်ဘုရားကြွလာ ခြင်းကိုအထူးပြု၍ နောက်ဆုံးသောကာလခေတ်နှင့်ဆိုင်၍ ဤစာအုပ်ပြုစု ခြင်းကိုတာဝန်ယူခဲ့သည်။ ဤစာပေါင်းချုပ်သည် ဘုရင်ကြွလာမည့်လက္ခဏာ သော်လည်းကောင်း၊ ကိုယ်တော်ဒုတိယအကြိမ်ကြွလာခြင်းနှင့်သက်ဆိုင်၍ ဖြစ်ပေါ်လာသောဖြစ်ရပ်များသော်လည်းကောင်း၊ ဘုန်းတော်ဖြင့်နှစ်ပေါင်း ၁၀၀၀ စိုးစံခြင်းသော်လည်းကောင်း၊ ဤကမ္ဘာကြီးတွင် စာတန်ကိုအကျဉ်းသားကဲ့သို့ နှစ်ပေါင်း ၁၀၀၀ ချုပ်နှောင်ခြင်းအပြီးတွင်ပြည့်စုံမည့် အနာဂတ်ဟောကြား ချက်များသော်လည်းကောင်း မပါလျှင်ပြည့်စုံမည်မဟုတ်ချေ။



သတ္တမနေ့မြော်လင့်ခြင်းအသင်းသူ/သားများအတွက် အလွန်အရေး ကြီးသောအကြောင်းအရာနှင့်ဆိုင်သောရေးသားချက်များကို အယ်လင်ဂျီဝိုက် ၏ပုံနှိပ်စာအုပ်များနှင့် အသင်းတော်၏ဂျာနယ်များမှ များစွာသောဆောင်းပါး တို့၌တွေ့ရသည်။ ထိုစာပေများမှ အများဆုံးကောက်နုတ်သောစာအုပ်များမှာ "မဟာတိုက်လှန်ပွဲ၊" "ထာဝရလိုအင်သက်တော်စဉ်၊" "ရေးစာပေများ၊" "အသင်းတော်အတွက်သြဝါဒစာ (ကိုးစောင်)၊" Review and Herald နှင့် Signs of the Times တို့ဖြစ်ကြသည်။ ပုံနှိပ်ထုတ်ဝေခြင်းမရှိသောစာမူများမှ များစွာသောကောက်နုတ်ချက်များသည် အထူးသဖြင့်နိုင်ငံအလိုက် ပထမနေ့ စောင့်ရမည့်ဥပဒေနှင့် နောက်ဆက်တွဲဖြစ်ရပ်များအကြောင်းကို အကျယ်တဝင့် တင်ဆက်ထားသည်။

တစ်နေ့စာအတွက် စာတစ်မျက်နှာအတွင်းထပ်မံပြောဆိုမှု သို့မဟုတ် ခေါင်းစဉ်နှင့် ဆက်စပ်သောအရာ သို့တည်းမဟုတ် ပေးထားသောစာမျက်နှာ တွင်မပိုစေရန် စာသားတချို့ကိုချန်လှပ်ထားသည်။ ဤထိမ်ချန်ခြင်းအားဖြင့် မူရင်းစာပိုဒ်၏အဓိပ္ပါယ်မလွဲ၊ မပြောင်းလဲစေရန် အထူးဂရုစိုက်ထားသည်။ စာဖတ်သူများအတွက်အညွှန်းများကို စာပိုဒ်၏အဆုံးတွင်ဖော်ပြပေးထားသည်။ သမ္မာကျမ်းချက်အညွှန်းများသည် ရွေးချယ်ထားသည့်ကျမ်းချက်များသာ ပါရှိသည်။

ဤတစ်ဆယ့်တစ်အုပ်မြောက်၊ ဝိညာဉ်တော်စာပေမှ ဝတ်ပြုခြင်း၌ ဖတ်ရန်စာအုပ်သည် ယခုခေတ်ကာလနှင့်ကိုက်ညီသည်ဟု ကျွန်ုပ်တို့ယုံကြည် သည်။ စာသားများသည် တဲ့တိုး၊ ပွင့်လင်းပြီး စိတ်ကိုဆွပေးသည်။ ဤ သတင်းစကားသည် ကျွန်ုပ်တို့အားလုံး၏စိတ်နှလုံးတွင်စွဲမက်သည့် ဒုတိယ အကြိမ်ကြွလာခြင်းနှင့်ဆိုင်၍ စာဖတ်သူတို့အား အမှန်ကန်ဆုံးနည်းဖြင့် စိတ်ကို ဆွပေးရန်နှင့် ထိုဖြစ်ရပ်အတွက်ပြင်ဆင်မှုပြုနိုင်ရန် အသိတရားကိုနိုးထစေ

လိမ့်မည်။ များစွာသောသူတို့သည် အသက်ရှင်တော်မူသောဘုရားသခင်၏ တံဆိပ်ခတ်ခြင်းခံရ၍၊ ဘေးဒုက္ခကာလကိုကျော်လွှားနိုင်ကာ၊ ဤ၀တ်ပြုဖတ်စာကိုကျင့်သုံးခြင်း၏ရလဒ်အဖြစ် ဘုရင်ကြီးကြွလာခြင်းကို ငြိမ်သက်ခြင်းနှင့်တွေ့ဆုံရန်မှာ ကျွန်ုပ်တို့၏ဆုတောင်းချက်ဖြစ်သည်။ မရာနာသာ– သခင်ဘုရားကြွလာတော့မည်။

The Trustees of the
ELLEN G. WHITE ESTATE
Silver Spring, MD 20904 - 6600

–o–



## လစဉ်ခေါင်းစဉ်များ

ဇူလိုင်လ – မီးကဲ့သို့သောစစ်ကြောခြင်းနှင့် အသင်းတော်၏သက်သေခံချက်။
သြဂုတ်လ – သန့်ရှင်းစင်ကြယ်ခြင်း၊ တံဆိပ်ခတ်ခြင်းနှင့်ဗိမာန်တော်။
စက်တင်ဘာလ – ကရုဏာတံခါးပိတ်ခြင်းနှင့်ဆက်စပ်သောဖြစ်ရပ်များ။
အောက်တိုဘာလ – ဒုတိယအကြိမ်ကြွလာခြင်းနှင့်ပတ်သက်သောဖြစ်စဉ်များ။
နိုဝင်ဘာလ – နှစ်ပေါင်းတစ်ထောင်အတွင်းကောင်းကင်နှင့်ကမ္ဘာ။
ဒီဇင်ဘာ – နောက်ဆုံးတရားစီရင်ခြင်းနှင့်ကမ္ဘာသစ်။

## ရှုလိုင် (၁)

# “ဘာသာရေးသုံးစုပေါင်းစည်းခြင်း”

**“ထိုအခါ နဂါး၏ခံတွင်းထဲကလည်းကောင်း၊ သားရဲ၏ခံတွင်းထဲကလည်းကောင်း၊ မိစ္ဆာပုရောဖက်၏ခံတွင်းထဲကလည်းကောင်း၊ ဖားကောင်ကဲ့သို့ ညစ်ညူးသောဝိညာဉ်သုံးပါးထွက်သည်ကိုငါမြင်၏။ နိမိတ်လက္ခဏာတို့ကိုပြသော နတ်ဆိုး၏ဝိညာဉ်ဖြစ်သတည်း။ ထိုဝိညာဉ်တို့သည် လောကီတစ်နိုင်ငံလုံးတွင်ရှိသော ရှင်ဘုရင်တို့ထံသို့ထွက်သွား၍၊ အနန္တတန်ခိုးနှင့်ပြည့်စုံတော်မူသော ဘုရားသခင်၏နေ့ကြီး၌ စစ်တိုက်ခြင်းအလိုငှာ စုဝေးစေကြ၏” (ဗျာဒိတ် ၁၆း၁၃၊၁၄)။**

ဘုရားသခင်၏ပညတ်တော်ကိုချိုးဖောက်ရာဖြစ်သော ရဟန်းမင်း၏ဓလေ့ထုံးစံကို အမိန့်ဒီဂရီဖြင့်အကျပ်ကိုင်ခြင်းအားဖြင့် ကျွန်ုပ်တို့၏နိုင်ငံ (USA) သည် မိမိကိုယ်ကိုဖြောင့်မတ်ခြင်းတရားမှလုံးဝအဆက်ဖြတ်လိမ့်မည်။ ပရိုတက်စတန့်အယူဝါဒသည် ရောမအသင်းတော်၏တန်ခိုးအာဏာကိုဆုပ်ကိုင်နိုင်ရန် သူ၏လက်ကို ချောက်ကြီးကိုကျော်ပြီးဆန့်တန်း၍၊ နာမ်ဝိညာဉ်ကိုးကွယ်ခြင်းဝါဒနှင့်ချိတ်တွယ်ရန် ၎င်း၏လက်ကို အလွန်နက်သောချောက်ကြီးကိုကျော်၍လှမ်းကာ၊ ဤအရာသုံးစုပေါင်းစည်းခြင်း၏သြဇာအရှိန်အောက်၌ ကျွန်ုပ်တို့နိုင်ငံသည် ပရိုတက်စတန့်အသင်းတော်နှင့် ရီပတ်ပလီကန်အစိုးရအနေဖြင့် ၎င်း၏ဖွဲ့စည်းပုံအခြေခံဥပဒေကိုစွန့်ပစ်ခွာပြီး၊ ရဟန်းမင်း၏မုသားနှင့်လိမ်လည်မှုကို ပြန့်ပွားစေရန်စီမံချက်ကိုပြုလုပ်လာသောအခါ၊ စာတန်၏အံ့သြဖွယ်လုပ်ဆောင်မှုများပြုလုပ်မည့်အချိန်နှင့် အဆုံးသည်နီးနေကြောင်းကို ကျွန်ုပ်တို့သိနိုင်လိမ့်မည်။ (5T, p. 451).

မဟာအမှားနှစ်ခုတည်းဟူသော ဝိညာဉ်မသေနိုင်ဟူသောယုံကြည်ချက်နှင့် ပထမနေ့ဥပုသ်သန့်ရှင်းစေခြင်းတို့အားဖြင့် စာတန်သည် လူတို့အား မိမိ၏လှည့်ဖြားမှုအောက်သို့ဆွဲသွင်းလိမ့်မည်။ ဝိညာဉ်မသေနိုင်ဟူသောယုံကြည်ချက်သည် နာမ်ဝိညာဉ်ကိုးကွယ်ခြင်းအခြေအမြစ်ကိုတည်စေ၍ ပထမနေ့ဥပုသ်သန့်ရှင်းစေခြင်းသည် ရောမအသင်းတော်ကိုညှာတာထောက်ထားစေသည်။ အမေရိကန်နိုင်ငံ (US) မှ ပရိုတက်စတန့်တို့သည် နာမ်ဝိညာဉ်ကိုးကွယ်ခြင်းကို အလျင်ဦးဆုံးအစပြုကြမည့်သူများဖြစ်ကြ၍၊ ရောမအသင်းတော်နှင့်လည်း လက်တွဲလာလိမ့်မည်။ ထိုအခါ ဤအရာသုံးစုပေါင်းစည်းမှု၏အောက်တွင် ဤနိုင်ငံသည် စိတ်ရှိသည်အတိုင်း လုပ်ပိုင်ခွင့်များကိုနင်းချေသည့် ရောမအသင်းတော်၏ခြေလှမ်းများကို လိုက်လျှောက်လိမ့်မည်။. . .

ရဟန်းမင်းများ၊ ပရိုတက်စတန့်များနှင့်လောကီသားများသည် တန်ခိုးမပါရှိသော ဘုရားဝတ်၌မွေ့လျော်သည့်ပုံစံကို တူညီစွာလက်ခံကြလိမ့်မည်။ ဤပေါင်းစည်းမှုသည် လောကသားများပြောင်းလဲရန်အတွက် မဟာလှုပ်ရှားမှုအဖြစ်နှင့် ကြာမြင့်စွာကမျှော်လင့်ခဲ့သော နှစ်ပေါင်းတစ်ထောင်စိုးစံခြင်းကို စတင်ဝင်ရောက်နေခြင်းအဖြစ် သူတို့မြင်ကြသည်။ (GC, pp. 588, 589).

ကျွန်ုပ်တို့နိုင်ငံ (USA) သည် ပထမနေ့ဥပဒေကိုပြဋ္ဌာန်းနိုင်ရန် ၎င်းအစိုးရ၏အခြေခံစည်းမျဉ်းများကိုစွန့်လွှတ်လာသောအခါ၊ ပရိုတက်စတန့်ဝါဒသည် ဤဥပဒေအားဖြင့် ရဟန်းမင်းနှင့်လက်တွဲလာကြမည်။ တက်ကြွသည့်မတရားအုပ်ချုပ်မှုထဲသို့ တစ်ဖန်ခုန်ဝင်ရန် အချိန်ကြာမြင့်စွာက စိတ်ပါလက်ပါ ၎င်း၏အခွင့်အရေးကိုစောင့်နေသောအာဏာရှင်ထံသို့ အသက်ပေးရုံမျှတစ်ပါး အခြားဘာမျှရှိမည်မဟုတ်ချေ။ (5T, p. 712).

–o–

ဓူလိုင် (၂)

## “စာတန်နှင့်ထိုသုံးစုအပွဲ့အစည်း”

**“ထိုသားရဲ၏အာဏာစက်ကိုအပ်ပေးသောနဂါးကို ကိုးကွယ်ကြ၏။ သားရဲကိုလည်းကိုးကွယ်၍၊ အဘယ်သူသည် သားရဲနှင့်တူသနည်း။ အဘယ်သူသည် သူ့ကိုစစ်ပြိုင်နိုင်သနည်းဟုပြောဆိုကြ၏။” (ဗျာဒိတ် ၁၃း၄)။**

သူသည် “သိုးသငယ်၏ချိုနှင့်တူသောချိုနှစ်ချောင်းရှိ၍၊ နဂါးကဲ့သို့စကားပြော၏။” ဘုရားသခင့်သိုးသငယ်တော်၏နောက်လိုက်များအဖြစ်ဝန်ခံကြသော်လည်း၊ လူတို့သည် နဂါး၏စိတ်ဓာတ်နှင့်ပြည့်ဝလာကြသည်။ သူတို့သည် သိမ်မွေ့နှိမ့်ချဟန်ရှိသော်လည်း၊ သူတို့သည် စာတန်၏စိတ်ဓာတ်ဖြင့် စကားပြော၍ဥပဒေပြဋ္ဌာန်းကာ၊ သူတို့၏ဝန်ခံချက်နှင့်ဆန့်ကျင်နေကြကြောင်း သူတို့၏အပြုအမူများကပြသနေသည်။ ဘုရားသခင်၏ပညတ်တော်ကိုစောင့်၍ ယေရှု၏သက်သေခံတော်မူချက်ကို စွဲလမ်းသူတို့အားစစ်တိုက်ခြင်းငှာ သိုးသငယ်နှင့်တူသောတန်ခိုးအာဏာသည် သွား၍နဂါးနှင့်ပေါင်း၏။ ထိုအခါ စာတန်သည် ပရိတက်စတန့်များနှင့်ရဟန်းမင်းတို့ကိုပေါင်းပြီး၊ ဤလောက၏ဘုရားတစ်ဆူသဖွယ်ပြုမူလျက်၊ လူတို့အားမိမိ၏နိုင်ငံသားများအလား ကိုင်တွယ်၊ အုပ်စိုး၊ ထိန်းချုပ်နိုင်ရန် သူတို့ကိုအမိန့်ညွှန်ကြားပေးသည်။ အကယ်၍လူတို့သည် ဘုရားသခင်၏ပညတ်တော်ကို ခြေဖြင့်မနင်းချေလိုသောအခါ၊ နဂါး၏စိတ်ဓာတ်မျိုးသည်ပေါ်လာသည်။ ထိုသူတို့ကိုထောင်ချခြင်း၊ တရားရုံး၌စစ်ဆေးခြင်း၊ ငွေဒဏ်ချမှတ်ခြင်းများပြုလုပ်သည်။ သူသည် “ငွေရတတ်သောသူ၊ ဆင်းရဲသောသူ၊ ကျွန်ခံရသောသူ၊ လွတ်သောသူ၊ အကြီးအငယ်ရှိသမျှတို့သည် လက်ယာလက်၌ဖြစ်စေ၊ နဖူး၌ဖြစ်စေ၊ တံဆိပ်လက်မှတ်ကို



ခံစေ” သည်။ သူသည် “သားရဲ၏ရုပ်တုသည် စကားပြောနိုင်မည်အကြောင်းနှင့် မိမိကိုမကိုးကွယ်သောသူရှိသမျှတို့ကိုသတ်ခြင်းငှာပြုနိုင်မည်အကြောင်း၊ ရုပ်တု၌အသက်ကိုသွင်းပေးရသောအခွင့်ကိုလည်းရ၏။” ထိုသို့ဖြင့်စာတန်သည် ဘုရားသခင်၏အခွင့်အာဏာကို မတရားလုယူသည်။ ဒုစရိုက်လူသည် ဘုရားသခင်၏ပလ္လင်၌ထိုင်၍၊ မိမိကိုယ်ကိုဘုရားအဖြစ်ကြေညာကာ ဘုရားအထက်၌ပြုမူလျက်ရှိသည်။

ဘုရားသခင်၏တံဆိပ်တော်ကိုခံသောသူနှင့် သားရဲနှင့်သူ၏ရုပ်တုကိုကိုးကွယ်သူတို့အကြား ထင်ရှားသိသာသည့်ခြားနားချက်ရှိသည်။ မိမိတို့သည် ဘုရားသခင်၏စကားကိုနားမထောင်၊ နားထောင်မည့်သူတို့၏လမ်း၌လည်း ခလုတ်တံသင်းပြင်ဆင်ထားသော မိစ္ဆာဆရာတို့၏အပြင်းထန်ဆုံးသောညှဉ်းဆဲခြင်းကို ဘုရားသခင်၏သစ္စာရှိသောအစေခံတို့သည် ရရှိကြလိမ့်မည်။ သို့ရာတွင် ဘုရားသခင်၏လူများသည် ကြောက်ရွံ့ရန်မရှိချေ။ စာတန်သည် သူ့အားကန့်သတ်ထားသည်ထက် လုပ်၍မရပါ။ ထာဝရဘုရားသည် မိမိလူတို့အတွက် အကွယ်အကာဖြစ်လိမ့်မည်။ သမ္မာတရားကြောင့် မိမိ၏အစေခံများ၏အနာတရကို မိမိကိုယ်တော်တိုင်အပေါ်ပြုသကဲ့သို့ မှတ်ယူတော်မူသည်။ နောက်ဆုံးသောဆုံးဖြတ်ချက်ကိုချ၍၊ လူအားလုံးသည် ခရစ်တော်နှင့်ပညတ်တော်အတွက်ဖြစ်စေ၊ ကြီးမားသောဖောက်ပြန်ခြင်းအတွက်ဖြစ်စေ ရပ်တည်ချက်ပြုပြီးသောအခါ ဘုရားသခင်သည် မိမိတန်ခိုးတော်ဖြင့်ပေါ်လာ၍၊ ကိုယ်တော်အားဆန့်ကျင်၍ ပုတ်ခတ်ပြောဆိုသောပါးစပ်များကို ထာဝရပိတ်ပစ်တော်မူမည်။ ဆန့်ကျင်သောတန်ခိုးအာဏာအားလုံးသည် ပြစ်ဒဏ်ခတ်ခြင်းကိုခံရကြလိမ့်မည်။ (Letter, p. 28, 1900).

–ဝ–

ရှုလိုင် (၃)

## “သမ္မာတရားကို ဖျက်ဆီးခြင်း”

**“ထိုအခါ သူတစ်ပါးက၊ ဤအရပ်၌ခရစ်တော်ရှိသည်၊ ထိုအရပ်၌ရှိသည်ဟုဆိုသော်လည်းမယုံကြနှင့်” (မဿဲ ၂၄း၂၃)။**

ဖောက်ပြန်ခြင်းအမှုသည် နောက်ဆုံးကြီးထွားရင့်သန်မှုမရှိမီ ယုံကြည်ခြင်းရှုပ်ထွေးမှုရှိလိမ့်မည်။ ဘုရားသခင်၏နက်နဲသောအရာနှင့်ပတ်သက်၍ ရှင်းလင်းတိကျသည့်အယူအဆများလည်းရှိမည်မဟုတ်ချေ။ သမ္မာတရားသည် တစ်ခုပြီးတစ်ခုဖျက်ဆီးခံရလိမ့်မည်။ (ST May 28, 1894).

သမ္မာတရားကို လူမျိုးခပ်သိမ်းထံသို့ သက်သေအဖြစ်ဟောကြားပြီးနောက်၊ စိတ်ကူး၍ရနိုင်သည့်မကောင်းမှုတန်ခိုးအားလုံးသည် လှုပ်ရှားလာ၍၊ “ကြည့်၊ ဒီမှာခရစ်တော်ရှိတယ်။ ကြည့်ဟိုမှာ။ ဒါဟာသမ္မာတရားပဲ။ ဘုရားသခင်ဆီကသတင်းစကားဖြစ်တယ်။ ဘုရားကငါ့ကိုကြီးမားတဲ့အလင်းတရားနဲ့စေလွှတ်တာဖြစ်တယ်” ဟုပြောဆိုသောအသံများကြောင့် စိတ်များရှုပ်ထွေးကုန်လိမ့်မည်။ ထိုအခါယုံကြည်ခြင်းမှတ်ကျောက်များကိုဖယ်ရှား၍၊ ကျွန်ုပ်တို့၏ယုံကြည်ခြင်းမဏ္ဍိုင်များကို ဖြိုဖျက်ရန်ကြိုးစားလိမ့်မည်။ မှားယွင်းသောဥပုသ်နေ့ကိုချီးမြှင့်ရန် သာ၍ပြတ်သားစွာကြိုးပမ်းမည်ဖြစ်ကာ၊ ကိုယ်တော်သည်ကောင်းချီးပေး၍ သန့်ရှင်းစေတော်မူသောနေ့ကိုအစားထိုးခြင်းအားဖြင့် ဘုရားသခင်ကိုယ်တော်တိုင်ကို မထီမဲ့မြင်ပြုလိမ့်မည်။ ဤမှားယွင်းသောဥပုသ်နေ့ကို ဖိနှိပ်ချုပ်ချယ်သည့်ဥပဒေဖြင့် အတင်းအကျပ်ပြုလိမ့်မည်။ (7BC, p. 985).

အနာဂတ်တွင်လှည့်ဖြားခြင်းမျိုးစုံပေါ်လာမည်ဖြစ်၍၊ ကျွန်ုပ်တို့ရပ်တည်ရမည့် ခိုင်မာသောအခြေအမြစ်လိုအပ်သည်။ ဘုရားသခင်တည်ထောင်ပြီးသောအရာမှ အသေးငယ်ဆုံးသောအရာမျှပင် ရွေ့သွားမည်မဟုတ်ချေ။ ရန်သူသည် မှားယွင်းသောအယူအဆတည်းဟူသော ဗိမာန်တော်မရှိစသည့်ယုံကြည်ချက်မျိုးကို ယူဆောင်လာမည်။ ဤအရာသည် ယုံကြည်ခြင်းမှလမ်းလွဲနိုင်မည့် အချက်တစ်ခုဖြစ်သည်။ (Ev, p. 224).

အမှန်တရားတချို့ပါရှိသော်လည်း မူလယုံကြည်ခြင်းမှ အဝေးသို့ပို့ဆောင်နိုင်သည့် မှားယွင်းသောအိပ်မက်၊ ရူပါရုံများရှိလာလိမ့်မည်။ သူတို့ကိုထောက်လှမ်းနိုင်မည့်တိုင်းတာသည့်အရာကို ဘုရားရှင်သည် ကျွန်ုပ်အားပေးတော်မူခဲ့ပြီ။ ၎င်းမှာ “တရားတော်ကိုလည်းကောင်း၊ သက်သေခံတော်မူချက်ကိုလည်းကောင်း နားထောင်ကြကုန်။ သူတို့ပြောသောစကားသည် နှုတ်ကပတ်တော်နှင့်မညီလျှင် သူတို့၌အရုဏ်မတက်သေး” (ဟေရှာယ ၈း၂၀) ဖြစ်သည်။ (2SM, p. 98).

ကျွန်ုပ်တို့သည် နောက်ဆုံးသောအချိန်ကိုရောက်ရှိလာချိန်တွင် အမှားသည်အမှန်နှင့်ရောနှောနေမည်ဖြစ်၍၊ သန့်ရှင်းသောဝိညာဉ်တော်၏လမ်းပြမှုကို ခံယူသောသူတို့သာလျှင် အမှားအမှန်ကိုခွဲခြားနိုင်လိမ့်မည်။ ဘုရားသခင်၏နည်းလမ်းကိုစောင့်ရှောက်ရန် အစွမ်းကုန်ကြိုးစားရန်လိုအပ်သည်။ ဘုရားသခင်ထံ မိမိတို့၏ယုံကြည်ခြင်းကိုပုံအပ်သူတို့အား ကြပ်ကြပ်မတ်မတ်စောင့်ရှောက်ရန် ကောင်းကင်တမန်တို့ကိုခန့်ထားလျက်ရှိကာ၊ ဤကောင်းကင်တမန်တို့သည် လိုအပ်သောအချိန်တိုင်းတွင် ကျွန်ုပ်တို့၏အထူးသောအကူအညီများဖြစ်ကြသည်။. . . ထာဝရဘုရား၏နှုတ်ကပတ်တော်အားဖြင့် လမ်းပြမှုကိုခံယူသူတို့သည် အမှားနှင့်အမှန်၊ အပြစ်နှင့်ဖြောင့်မတ်ခြင်းတို့ကို အမှန်ပင်ခွဲခြားနိုင်လိမ့်မည်။ (7BC, p. 907).

–o–

## ရှုလိုင် (၄)

## **"အမေရိကန်နိုင်ငံ** (USA) **အကြောင်းကြိုတင်ဟောချက်"**

**"အခြားသောသားရဲတစ်ကောင်သည် သိုးသငယ်၏ချိုနှင့်တူသောချိုနှစ်ချောင်းရှိ၍၊ နဂါးကဲ့သို့စကားပြောလျက်၊ မြေကြီးထဲက ထွက်သည်ကိုငါမြင်၏" (ဗျာဒိတ် ၁၃း၁၁)။**

နိုင်ငံတစ်နိုင်ငံတည်းကသာလျှင် ဤဗျာဒိတ်ဟောကိန်း၏အသေးစိတ်ဖော်ပြချက်နှင့်ပြည့်စုံသည်။ ၎င်းသည် အမှားအယွင်းမရှိ အမေရိကန်နိုင်ငံ (USA) ကိုညွှန်ပြနေသည်။ (GC, p. 440).

ဤနေရာတွင် ကျွန်ုပ်တို့နိုင်ငံ (USA) ပေါ်ထွန်းကြီးထွားခြင်း၏ထင်ရှားသောပုံပန်းသဏ္ဌာန်ကိုမြင်နိုင်သည်။ အပြစ်ကင်းမဲ့ခြင်းနှင့်သိမ်မွေ့ခြင်း၏သင်္ကေတဖြစ်သော သိုးသငယ်၏ချိုနှင့်တူသောချိုနှစ်ချောင်းသည် ကျွန်ုပ်တို့အစိုးရ၏စရိုက်ကိုဖော်ပြသည့် အခြေခံမူနှစ်ရပ်ဖြစ်သော အများသဘောတူအုပ်ချုပ်မှုနှင့်ပရိုတက်စတန့်ဝါဒတို့ကိုပုံဆောင်သည်။ (4SP, p. 277).

နေရောင်ထွန်းလင်းသော အခြားမည်သည့်နိုင်ငံများထက်မဆို၊ ဘုရားသခင်သည် အမေရိကန်နိုင်ငံအတွက် သာ၍များစွာလုပ်ဆောင်ပေးတော်မူခဲ့ပြီ။ ဤနိုင်ငံကို မိမိလူတို့အတွက်ခိုလှုံရာ၊ သြတ္တပ္ပစိတ်ညွှန်သည်အတိုင်းသူ့အားဝတ်ပြုနိုင်သောနေရာအဖြစ် ပြင်ဆင်တော်မူသည်။ ဤနိုင်ငံတွင် ခရစ်ယာန်သာသနာသည် ယင်း၏သန့်ရှင်းမှု၌ တိုးတက်လျက်ရှိသည်။ ဘုရားသခင်နှင့်လူတို့အကြား ဖျန်ဖြေပေးသူနှင့်ဆိုင်သော အသက်နှင့်အမှုအရေးကြီးသောယုံကြည်ချက်ကို လွတ်လပ်စွာဟောပြောနိုင်သည်။ သြတ္တပ္ပစိတ်ရှိသည်အတိုင်း မိမိအားကိုးကွယ်နိုင်ရန် လူတို့အတွက်အမြဲလွတ်လပ်မှုရှိစေမည့်အကြောင်း ဘုရားသခင်သည် ဤနိုင်ငံကိုတမင်ကြံရွယ်တော်မူခဲ့သည်။ အရပ်သားအဖွဲ့အစည်းများ၏ကျယ်ပြန့်သောထုတ်လုပ်မှုများသည် ဧဝံဂေလိတရားကို လွတ်လပ်စွာဟောပြောရသောအခွင့်အရေးများကို ကိုယ်စားပြုမည်အကြောင်း ကိုယ်တော်စီမံထားတော်မူခဲ့သည်။

သို့ရာတွင် ဖြောင့်မတ်ခြင်းတရားအားလုံး၏ရန်သူသည် ဤနိုင်ငံအတွက် ဘုရားသခင်၏ရည်ရွယ်ချက်အပေါ် ပုံစံဆွဲထားသည်။ ဘုရားသခင်ရှိတော်မူကြောင်းကိုမေ့ပစ်ရန် လူတို့အားပို့ဆောင်နိုင်မည်အကြောင်း သူသည်စီမံကိန်းလုပ်ငန်းများကို တည်ထောင်လိမ့်မည်။ ရုပ်တုကိုးကွယ်ခြင်းဖြစ်သောလောကီဆန်ခြင်းနှင့်တပ်မက်လိုချင်မှုတို့သည် ဘုရားသခင်၏ပညတ်တော်နှင့်၎င်း၏ရည်မှန်းချက်အားလုံး ပျက်ပြယ်သွားစေသည်တိုင်အောင်၊ မဟာလှည့်ဖြားသူ၏လုပ်ဆောင်ချက်ဖြင့် ပျံ့နှံ့လိမ့်မည်။ (MS 17, 1906).

ဘုရားသခင်၏ပညတ်တော်သည် စာတန်၏ကိုယ်စားလှယ်အားဖြင့်ပျက်ပြယ်စေလိမ့်မည်။ လွတ်လပ်မှုရှိခြင်းအတွက် ကြွားဝါခဲ့သောကျွန်ုပ်တို့နိုင်ငံတွင် ဘာသာရေးလွတ်လပ်ခွင့်သည် အဆုံးသတ်သွားလိမ့်မည်။ (Ev. p. 236).

ကျွန်ုပ်တို့၏နိုင်ငံသည် ၎င်း၏တရားဝင်အစည်းအဝေးများ၌ လူတို့၏ဘာသာရေးအခွင့်အရေးများနှင့်ပတ်သက်၍ သူတို့၏သြတ္တပ္ပစိတ်ကိုချုပ်နှောင်ရန် ဥပဒေများပြဋ္ဌာန်း၍၊ ပထမနေ့ဥပုသ်ကိုအတင်းအကျပ်စောင့်စေ၍၊ သတ္တမနေ့ဥပုသ်စောင့်သူတို့ကို တင်းကျပ်သောအာဏာဖြင့်ချုပ်ကိုင်လာသောအခါ၊ ဘုရားသခင်၏ပညတ်တော်နှင့် ၎င်း၏ရည်ရွယ်ချက်အားလုံးသည် ကျွန်ုပ်တို့နိုင်ငံတွင်ပယ်ဖျက်ခြင်းခံရလိမ့်မည်။ ထိုအခါအမျိုးသားဖောက်ပြန်မှုဖြစ်လာသောအခါ အမျိုးသားပျက်စီးမှုဖြစ်လာလိမ့်မည်။ (7BC, p. 977).

–o–

ရှုလိုင် (၅)

## "ပရိုတက်စတန့်များနှင့်ရောမအသင်းတော်တို့အားဖြင့်ညှဉ်းဆဲခြင်း"

**"လူအပေါင်းတို့သည်လည်း ငါ၏နာမကြောင့် သင်တို့ကိုမုန်းကြလိမ့်မည်။ အကြင်သူသည် အဆုံးတိုင်အောင်တည်ကြည်၏။ ထိုသူသည် ကယ်တင်ခြင်းသို့ရောက်လိမ့်မည်" (မဿဲ ၁၀း၂၂)။**

ကျွန်ုပ်တို့သည် ညှဉ်းဆဲခြင်းကိုခံနိုင်မည်မဟုတ်ဟူသောအတွေးမျိုးရှိရန်မလိုပေ။ ကျွန်ုပ်တို့သည် ကြောက်မက်ဖွယ်အချိန်ကာလကို ဖြတ်ကျော်သွားကြရမည်။ (RH, Apr. 29, 1890).

ရောမအသင်းတော်သည် ပရိုတက်စတန့်တို့ကိုညှဉ်းဆဲချိန်က ခရစ်တော်၏တရားသည် အမြစ်ဖြတ်ချေမှုန်းခံရလုနီးပါးဖြစ်ခဲ့သည်ထက် ပရိုတက်စတန့်အသင်းတော်များနှင့်ရောမအသင်းတော်တို့ပေါင်းစည်းသောအခါ၊ သာ၍ဆိုးဝါးလိမ့်မည်။ (MS 30, 1889).

ပညတ်တော်စောင့်သော ဘုရားသခင်၏လူတို့သည် အပြင်းထန်ဆုံးသောစစ်ဆေးမှုရှိသောနေရာတွင် ရောက်ရှိနေကြမည်။ သို့ရာတွင် အလင်းတရား၌လျှောက်၍ အလင်းတရားကိုပြန့်ပွားစေသောသူတို့သည် သူတို့ကိုယ်စား ဘုရားသခင်သည် ကြားဝင်လာကြောင်းကို သဘောပေါက်ကြမည်။ အရာရာသည် အဆိုးဆုံးခြိမ်းခြောက်နေသကဲ့သို့ဖြစ်လာချိန်တွင် ထာဝရဘုရားသည် မိမိတန်ခိုးကို မိမိ၏သစ္စာရှိသောသူတို့အပေါ်တွင် ဖော်ပြတော်မူလိမ့်မည်။ ဘုရားသခင်သည် အံ့ဖွယ်ရာများပြုပေးတော်မူခဲ့သောနိုင်ငံ၊ အနန္တတန်ခိုးတော်ဖြင့်ကာကွယ်တော်မူခဲ့သောလူမျိုးသည် ပရိုတက်စတန့်အခြေခံစည်းမျဉ်းများကိုစွန့်လွှတ်၍၊ ၎င်း၏ဥပဒေပြုလွှတ်တော်ဖြင့် ဘာသာရေးလွတ်လပ်မှုကို ကန့်သတ်ရာတွင် ရောမအသင်းတော်ကိုမျက်နှာသာပေး၊ ထောက်ပံ့လာသောအခါ ဘုရားသခင်သည် မိမိ၏သစ္စာရှိသောလူတို့အတွက် မိမိတန်ခိုးတော်ဖြင့်လုပ်ဆောင်တော်မူမည်။ ရောမအသင်းတော်၏ဖိနှိပ်ညှဉ်းပန်းလိုမှုကို အသုံးပြုလိမ့်မည်။ သို့ရာတွင် ခရစ်တော်သည် ကျွန်ုပ်တို့၏ခိုလှုံရာဖြစ်တော်မူသည်။ (TM, p. 206).

အမေရိကန်နိုင်ငံရှိအသင်းတော်ကြီးများသည် ၎င်းတို့၏တူညီသည့်ယုံကြည်ချက်များအပေါ်စည်းလုံးလာသောအခါ၊ မိမိတို့၏အမိန့်ဒီဂရီများနှင့်ထုံးတမ်းဓလေ့များကို ဥပဒေဖြင့်အတည်ပြုပေးရန် နိုင်ငံတော်ကိုသြဇာလွှမ်းလိမ့်မည်။ ထိုအခါ ပရိုတက်စတန့်နိုင်ငံဖြစ်သော အမေရိကန်နိုင်ငံသည် ရောမအသင်းတော်၏အာဏာရုပ်တုကိုတည်ပြီး၊ သဘောထားကွဲလွဲသူများအပေါ် အပြစ်ဒဏ်၏ဒုက္ခဝေဒနာသည် ရှောင်လွှဲမရဖြစ်လိမ့်မည်။ (GC, p. 445).

ရဟန်းမင်းသည် ၎င်းဆုံးရှုံးခဲ့သောအာဏာတန်ခိုးကို ပြန်ရမည်ဖြစ်ကြောင်း သမ္မာကျမ်းစာကသွန်သင်ထားသည်။ ညှဉ်းဆဲခြင်းမီးသည် အကွက်ချောင်းရင်းလိုက်လျှောနေသော ပရိုတက်စတန့်များဟုခေါ်ဆိုသူတို့အားဖြင့် တစ်ဖန်တောက်လောင်လိမ့်မည်။ ဤခဲယဉ်းသောကာလတွင် ကျွန်ုပ်တို့သည် သမ္မာတရားနှင့် ဘုရားသခင်၏တန်ခိုးတို့ကိုရရှိမှသာ ရပ်တည်နိုင်ကြမည်။ . . . . ကိုယ်ရေးကိုယ်တာအန္တရာယ်နှင့် ဆင်းရဲဒုက္ခထဲသို့ဆွဲသွင်းခံရန်အလားအလာရှိနေခြင်းကြောင့် မျှော်လင့်ချက်ကုန်ခန်းစေရန်မဟုတ်ဘဲ၊ ၎င်းသည် ဘုရားသခင့်လူတို့၏အားမာန်နှင့်မျှော်လင့်ချက်တို့ကို ထကြွစေရမည်။ အကြောင်းမှာ သူတို့၏ခဲယဉ်းသောအချိန်ကာလသည် ဘုရားသခင်အတွက် မိမိ၏တန်ခိုးကို သူတို့အားသာ၍ရှင်းလင်းစွာဖော်ပြရမည့်အချိန်ဖြစ်သောကြောင့်တည်း။ (2SM, pp. 367-370).

–o–

ရှုလိုင် (၆)

## “ခရစ်တော်ကြောင့်ညှဉ်းဆဲခံရခြင်း”

**“ယေရှုခရစ်၏တရားတော်နှင့်အညီ ဘုရားဝတ်၌မွေ့လျော်၍ နေခြင်းငှာ အလိုရှိသောသူအပေါင်းတို့သည် ညှဉ်းဆဲခြင်းကိုခံရကြလိမ့်မည်” (၂တိမောသေ ၃း၁၂)။**

အကျိုးအကြောင်းမရှိဘဲ ခရစ်တော်ကိုမုန်းသကဲ့သို့ ကိုယ်တော်၏လူတို့သည် ဘုရားသခင်၏ပညတ်ချက်များကို နားထောင်မှုများဖြစ်ခြင်းကြောင့် အမုန်းခံရကြမည်။ အကယ်၍ စင်ကြယ်၊ သန့်ရှင်းပြီးမည်စ်ညူးဘဲ၊ ကျွန်ုပ်တို့လောက၌ ကောင်းသောအရာကိုသာပြုတော်မူခဲ့သောကိုယ်တော်ကို ရာဇဝတ်သားကဲ့သို့ဆက်ဆံ၍အသေသတ်ခဲ့သော်၊ မိမိတို့၏အသက်တာသည် အများကင်း၍ မိမိတို့၏အကျင့်သည် အပြစ်တင်ခွင့်နှင့်ကင်းသော်လည်း ကိုယ်တော်၏လူတို့သည် အလားတူဆက်ဆံမှုမျိုးကို မျှော်လင့်ရလိမ့်မည်။

ဘုရားသခင်၏သန့်ရှင်းသောပညတ်ချက်များကို စက်ဆုပ်၍ခြေဖြင့်နင်းချေနေစဉ်၊ ကောင်းမြတ်ခြင်းကိုတောင်းဆို၍ မကောင်းမှုကိုတားမြစ်ရေးဟူသော စာတန်၏ကိုယ်စားလှယ်များထုတ်ပြန်သည့် တည်ဆဲဥပဒေများကို မြင့်တင်ကြလိမ့်မည်။ ထိုအခါ ဘုရားသခင်၏ပညတ်တော်ကိုလိုက်လျှောက်ခြင်းအားဖြင့် မိမိတို့၏သစ္စာစောင့်သိမှုကို သက်သေပြသောသူအားလုံးသည် အဖမ်းခံရန်အတွက်နှင့် မြင့်မားသည့်စံချိန်မရှိ၊ ဘုရားသခင်၏သန့်ရှင်းသောပညတ်တော်ကိုမစောင့်သော တရားရေးရုံးများရှေ့တွင် တရားစွဲခြင်းခံရန်အတွက် ပြင်ဆင်ထားရမည်။ (7BC, p. 977).

ကမ္ဘာ့သမိုင်း၏နောက်ဆုံးသောနေ့ရက်များအတွင်း နေထိုင်သူတို့သည် သမ္မာတရားကြောင့်ညှဉ်းဆဲခြင်းဆိုသည်မှာ အဘယ်အရာဖြစ်သည်ကိုသိကြလိမ့်မည်။ တရားရုံးများတွင် မတရားမှုများပျံ့နှံ့လိမ့်မည်။ တရားသူကြီးများသည် စတုတ္ထပညတ်တော်နှင့်ဆိုင်သောငြင်းဆိုချက်များကို မဖြေနိုင်ကြသောကြောင့် သူတို့သည် ဘုရားသခင်၏ပညတ်ချက်များအပေါ် သစ္စာရှိသူတို့၏အကြောင်းပြချက်များကို နားထောင်ရန်ငြင်းဆန်ကြမည်။ သူတို့က “ငါတို့မှာဥပဒေရှိတယ်။ ငါတို့ဥပဒေအားဖြင့် ဒီလူဟာသေသင့်တယ်” ဟုဆိုကြမည်။ ဘုရားသခင်၏ပညတ်တော်သည် သူတို့အတွက်ဘာမျှမဟုတ်ချေ။ “ငါတို့ဥပဒေ” မှာ သူတို့အတွက်အဓိကဖြစ်သည်။ ဤလူသားဥပဒေကိုရိုသေသောသူတို့သည် မျက်နှာသာပေးခြင်းခံရမည်ဖြစ်သော်လည်း၊ ဥပုသ်ရုပ်တုရှေ့၌ ဦးမချသောသူတို့မူကား၊ မျက်နှာသာပေးခြင်းခံရမည်မဟုတ်ချေ။ (ST, May 26, 1898).

နွေရာသီတွင် အမြဲစိမ်းသစ်ပင်နှင့်အခြားသစ်ပင်များအကြား ထင်ရှားသည့်ခြားနားမှုမရှိချေ။ ထိုဆောင်းရာသီမုန်တိုင်းလာသောအခါ၊ အမြဲစိမ်းသစ်ပင်များသည် မပြောင်းမလဲရှိနေသော်လည်း အခြားသောသစ်ပင်များမူကား၊ အရွက်များကြွေကုန်သည်။ ထိုနည်းတူ စိတ်နှလုံးထဲကမယုံကြည်သူများကို ခရစ်ယာန်အစစ်နှင့်ယခုတွင်ခွဲခြားမရဖြစ်နေနိုင်သော်လည်း ခြားနားမှုထင်ရှားမည့်အချိန်သည် ယခုပင်ကျွန်ုပ်တို့အပေါ်ရောက်ရှိနေပြီ။ အတိုက်အခံပြုမှုများပေါ်လာပါစေ၊ အယူသီး၍သည်းမခံနိုင်သူများလည်းယိမ်းယိုင်နေပါစေ၊ ညှဉ်းဆဲခြင်းလည်းတစ်ဖန်တောက်လောင်ပါစေ၊ စိတ်မပါသူများနှင့်သူတော်ကောင်းယောင်ဆောင်သူတို့သည် ယိမ်းယိုင်၍ယုံကြည်ခြင်းကိုစွန့်လွှတ်ကြလိမ့်မည်။ သို့ရာတွင် စစ်မှန်သောခရစ်ယာန်သည် ကျောက်ဆောင်ကဲ့သို့မြဲမြံစွာရပ်တည်လိမ့်မည်။ ကောင်းစားနေသောကာလထက် သူ၏ယုံကြည်ခြင်းသည် သာ၍အားကြီးလျက်၊ မျှော်လင့်ခြင်းသည်လည်း သာ၍တောက်ပလာသည်။ (GC, p. 602).

–၀–

ရှုလိုင်  (၇)

## “ယခင်ညီအစ်ကိုများသည်အဆိုးဆုံးညှဉ်းဆဲသူများဖြစ်မည်”

**“ထိုကာလ၌ အများသောသူတို့သည် ဖောက်ပြန်ခြင်းသို့ရောက်၍ အချင်းချင်းတစ်ယောက်ကိုတစ်ယောက်အပ်ကြလိမ့်မည်” (မဿဲ ၂၄း၁၀)။**

မုန်တိုင်းသည်ချဉ်းကပ်လာသောအခါ၊ တတိယကောင်းကင်တမန်သတင်းစကားကိုယုံကြည်သော်လည်း သမ္မာတရားကိုလိုက်လျှောက်ခြင်းဖြင့် စင်ကြယ်စေခြင်းမခံရသောလူများစွာတို့သည် မိမိတို့၏ရပ်တည်ချက်ကိုစွန့်လွှတ်ကာ၊ အတိုက်အခံများနှင့်ပေါင်းစည်းကြလိမ့်မည်။ လောကီသားတို့နှင့်ပေါင်းစည်း၍ သူတို့၏စိတ်ဓာတ်မျိုးရှိလာရာ၊ သူတို့သည် ကိစ္စရပ်များကိုအလားတူအမြင်မျိုးဖြင့်မြင်လာကြသည်။ ထိုနောက် စစ်ဆေးမှုရောက်လာသောအခါ သူတို့သည် အလွယ်လမ်း၊ အများကြိုက်ဘက်ကိုရွေးချယ်ရန် ပြင်ဆင်နေကြသည်။ တစ်ချိန်က သမ္မာတရား၌ဝမ်းမြောက်ခဲ့သည့်လူတော်၊ စကားပြောကောင်းသူတို့သည် မိမိတို့၏အစွမ်းတန်ခိုးကို လူတို့အားလှည့်ဖြားရန်နှင့် လမ်းလွဲစေရန် အသုံးပြုကြသည်။ သူတို့သည် မိမိတို့၏ယခင်ညီအစ်ကိုများ၏အခါးသီးဆုံးသောရန်သူများဖြစ်လာကြသည်။ ဥပုသ်စောင့်သူတို့အားတရားရုံး၌ မိမိတို့ယုံကြည်ခြင်းအတွက် အဖြေပေးရန်ခေါ်ဆောင်လာသောအခါ၊ အုပ်ချုပ်သူအာဏာပိုင်တို့အား မှားယွင်းသောအစီရင်ခံစာနှင့် မသိမသာအယုံသွင်းပြီး နှိုးဆွပေးခြင်းအားဖြင့် ဤဖောက်ပြန်သူတို့သည် ထိုသူတို့အားမှားယွင်းစွာစွပ်စွဲရန် စာတန်၏အထိရောက်ဆုံးသောကိုယ်စားလှယ်များဖြစ်ကြသည်။ (GC, p. 608).

ဘုရားသခင်၏လူတို့ရှေ့၌ရှိသော ပူပန်ခြင်းကာလ၌ မပြောင်းလဲမည့်ယုံကြည်ခြင်းလိုအပ်သည်။ ကိုယ်တော်၏သားသမီးများသည် ကိုယ်တော်



သာလျှင် ဝတ်ပြုကိုးကွယ်ရမည့်သူဖြစ်တော်မူကြောင်း ဖော်ပြကြရမည်။ အသက်အန္တရာယ်ပင်ရှိနေပါစေ၊ မှားယွင်းသောဝတ်ပြုကိုးကွယ်မှုဘက်သို့ အသေးငယ်ဆုံးသောအလျှော့ပေးမှုကိုပင်ပြုလုပ်ရန် စဉ်းစား၍မရနိုင်ကြချေ။ (PK, p. 512).

ထိုအချိန်တွင် ရွှေသည် မသန့်ရှင်းသောအဖျင်းမှခွဲထွက်သွားလိမ့်မည်။. . . ၎င်းတို့၏တောက်ပဝင်းလက်ခြင်းကြောင့် ကျွန်ုပ်တို့ရှိသေလေးစားသောကြယ်အများသည် အမှောင်ထဲ၌ပျောက်ကွယ်သွားကြမည်။ ဗိမာန်တော်၏အလှအပဖြင့် မွမ်းမံခြင်းခံရသည်ဟုယူဆကြသော်လည်း ခရစ်တော်၏ဖြောင့်မတ်ခြင်းကို ဝတ်ဆင်ခြင်းမရှိသောသူတို့သည် မိမိတို့၏အဝတ်အချည်းစည်းရှိခြင်းပေါ်လာ၍ အရှက်ရကြလိမ့်မည်။

နိုင်ငံအနှံ့ပျံ့နေသော ကမ္ဘာသူ/သားတို့အကြားတွင် ဗာလဘုရားရှေ့၌ ဒူးမထောက်သောသူများရှိနေသည်။ ညအချိန်၌သာပေါ်သော ကောင်းကင်ကြယ်များကဲ့သို့၊ ဤသစ္စာရှိသူတို့သည် အမှောင်ထုသည်ကမ္ဘာကိုလွှမ်းခြုံ၍ ကမ်းကုန်အောင်အမှောင်ထုသည် လူတို့ကိုဖုံးအုပ်သောအခါ လင်းလက်လာကြမည်။. . . အနက်နဲဆုံးသောဖောက်ပြန်မှုဖြစ်နေချိန်တွင် စာတန်သည် “ငွေရတတ်သောသူ၊ ဆင်းရဲသောသူ၊ ကျွန်ခံရသောသူ၊ လွတ်သောသူ၊ အကြီးအငယ်ရှိသမျှတို့” သည် မှားယွင်းသောဥပုသ်နေ့အမှတ်တံဆိပ်ကိုရရှိရန် သေဒဏ်ပေးခြင်းဖြင့် အစွမ်းကုန်ကြိုးစားလုပ်ဆောင်လာသောအခါ၊ ဤသစ္စာစောင့်သူတို့သည် “နေ၊ လ၊ ကြယ်နက္ခတ်ကဲ့သို့. . . ထွန်းလင်းကြ၏” (ဖိလိပ္ပိ ၂း၁၆)။ ညအမှောင်နက်လေ၊ လင်းလေဖြစ်ကြလိမ့်မည်။ (PK, pp. 188, 189).

–၀–

## “မိတ်ဆွေများနှင့်ဆွေမျိုးများ၏သစ္စာဖောက်ခြင်း”

**“ကိုယ်အိမ်သူအိမ်သားတို့သည်လည်း ကိုယ်ရန်သူဖြစ်ကြလိမ့်မည်” (မဿဲ ၁၀း၃၆)။**

ဘုရားသခင်၏ပညတ်တော်သည် ပယ်ဖျက်ခြင်းခံရ၍၊ ကမ္ဘာပေါ် နေထိုင်သူအားလုံးကို စမ်းသပ်မည့်မီးကဲ့သို့သော စစ်ဆေးမှုများအားဖြင့်၊ အသင်းတော်သည် ဆန်ခါချခြင်းခံရသောအခါ၊ စစ်မှန်သူများအဖြစ် ထင်မှတ်ခံရသောသူများသည် သွေးဆောင်ဖြားယောင်းသောဝိညာဉ်များကို အာရုံပြုကြကာ၊ သစ္စာဖောက်များဖြစ်လာ၍ မွန်မြတ်သောယုံကြည်အားကိုးမှုအပေါ် သစ္စာမဲ့ကြလိမ့်မည်။ ထိုသူတို့သည် အဆိုးဝါးဆုံးသောညှဉ်းဆဲသူများဖြစ်လာကြမည်။ “တပည့်တော်များကိုသွေးဆောင်ခြင်းငှာ မှားသောစကားကိုပြောတတ်သောသူတို့သည် သင်တို့အထဲ၌လည်းပေါ်လာမည်။” ထိုအခါ များစွာသောသူတို့သည် သွေးဆောင်လှည့်ဖြားသောဝိညာဉ်များနောက်သို့လိုက်ကြလိမ့်မည်။ (RH, June 8, 1897).

စုံစမ်းစစ်ဆေးခြင်းကာလတွင် ဖောက်ပြန်သူတို့သည် မိမိတို့ကိုယ်ပိုင်လုံခြုံမှုအတွက် မမှန်သောသက်သေခံ၍ မိမိတို့ညီအစ်ကိုတို့အပေါ်သစ္စာမဲ့ကြလိမ့်မည်။ သူတို့၏ပုန်းခိုရာများကိုပြောပြ၍၊ သူတို့၏လမ်း၌အန္တရာယ်များချထားကြမည်။ မိတ်ဆွေများနှင့်ဆွေမျိုးများက သဘာဝလမ်းမဟုတ်သောရက်စက်သည့်လမ်းလိုက်ကြခြင်းကို မအံ့သြရမည်အကြောင်း ခရစ်တော်သည် ကျွန်ုပ်တို့အားသတိပေးတော်မူပြီ။ (RH, Dec. 20, 1898).

ယေရှုခရစ်တော်၏လက်မှလွဲရန် ကျန်လက်များအားလုံးကိုလွှတ်လိုက်မည်ဖြစ်ကြောင်း ကျွန်ုပ်တို့တွေ့မြင်လာမည်။ မိတ်ဆွေများသည် သစ္စာဖောက်ဖျက်၍၊ ကျွန်ုပ်တို့အားသစ္စာမဲ့ကြမည်။ ရန်သူ၏လှည့်စားခြင်းကြောင့် ဆွေမျိုးများသည် ကျွန်ုပ်တို့အားအတိုက်အခံပြုရာတွင် ဘုရားသခင်၏အစေကိုခံကြသည်ဟုထင်မြင်ကာ၊ ကျွန်ုပ်တို့သည် ယုံကြည်ခြင်းကိုငြင်းပယ်ရန်မျှော်လင့်ချက်ဖြင့် ကျွန်ုပ်တို့အားအခက်ခဲဆုံးသောနေရာတွင်ထားရန် အစွမ်းကုန်ကြိုးစားကြမည်။ သို့သော်လည်း မှောင်မိုက်နှင့်ပျက်စီးခြင်းအလယ်၌ ခရစ်တော်ကိုင်ဆွဲတော်မူသော ကျွန်ုပ်တို့၏လက်ကို ယုံကြည်အားကိုးနိုင်မည်။ (MS, p. 21, 1889).

ခရစ်တော်၏နောက်လိုက်များသည် လှောင်ပြောင်သရော်မှုများရင်ဆိုင်ရမည်ကို မျှော်လင့်ရမည်။ သူတို့သည် ကဲ့ရဲ့ရှုတ်ချခြင်းခံရမည်။ သူတို့၏စကားများနှင့်ယုံကြည်ခြင်းတို့သည် မှားယွင်းစွာဖော်ပြခံရမည်။ အခြားသူတို့၏အေးတိအေးစက်ရှိခြင်းနှင့်မထီလေးစားပြုမှုများသည် ယုံကြည်ခြင်းအတွက် အသေခံခြင်းထက် သာ၍အခံရခက်လိမ့်မည်။. . .

မိဘများသည် လူသိနည်းသောသမ္မာတရားကို လက်ခံသောသားသမီးများအပေါ် ကြမ်းတမ်းစွာပြုမူကြမည်။ ဘုရားသခင်၏အစေကို စိတ်ရှိသည်အတိုင်းခံသောသူတို့ကို ပုန်ကန်သူများအဖြစ်စွပ်စွဲကြလိမ့်မည်။ သားသမီးများ သို့မဟုတ် ဆွေမျိုးများကိုပေးမည့်အမွေဥစ္စာများကိုလည်း တစ်ပါးသူတို့လက်သို့ပေးလိမ့်မည်။ အုပ်ထိန်းသူများသည် မိဘမဲ့၊ မုဆိုးမများ၏ရပိုင်ခွင့်များကို ခေါင်းပုံဖြတ်လိမ့်မည်။ မကောင်းမှုမှထွက်ခွာသွားသူတို့သည် မိမိတို့ကိုယ်ကို သြတ္တပ္ပစိတ်ကိုအကျပ်ကိုင်ရန် ပြဋ္ဌာန်းသောဥပဒေ၏သားကောင်ဖြစ်စေကြသည်။ လူတို့သည် လုပ်ပိုင်ခွင့်မရှိဘဲလျက် ပိုင်ဆိုင်မှုဥစ္စာများကို မိမိတို့အတွက်ယူငင်ကြမည်။ တမန်တော် (ပေါလု) ၏စကားသည် ဟုတ်မှန်ကြောင်း မကြာမီပေါ်လာလိမ့်မည်။ “ယေရှုခရစ်၏တရားတော်နှင့်အညီ ဘုရားဝတ်၌မွေ့လျော်၍နေခြင်းငှာ အလိုရှိသောသူအပေါင်းတို့သည် ညှဉ်းဆဲခြင်းကို ခံရကြလိမ့်မည်။” (Letter 30a, 1892).

–၀–

## ရှုလိုင် (၉)

# “သေခြင်းငြိမ်းခြောက်မှုအောက်၌”

**“ယခုကာလသင်သည် တိတ်ဆိတ်စွာနေလျှင်၊ သင်နှင့်သင်၏ အဆွေအမျိုးသည်ပျက်စီး၍ ယုဒလူတို့အသက်ရှင်ခြင်း၊ ကယ်တင်ခြင်း အကြောင်းတစ်စုံတစ်ခုပေါ်လိမ့်မည်။ ယခုအမှုကိုဆောင်ဖို့ရာ သင်သည် မိဖုရားအရာကိုရသည်ဟု ထင်စရာရှိသည်မဟုတ်လော” (ဧသတာ ၄း၁၄)။**

အံ့ဩဖွယ်ဖြစ်ရပ်များသည် ကမ္ဘာပေါ်တွင်မကြာမီဖြစ်လာမည်။ အရာခပ်သိမ်း၏အဆုံးသည်ရောက်လုပြီ။ ဆင်းရဲဒုက္ခကာလသည် ဘုရားသခင်၏လူတို့အပေါ်သို့ ကျရောက်တော့မည်။ ထိုအခါ ထာဝရဘုရား၏ဥပုသ်တော်နေ့ကိုစောင့်သောသူတို့အား ရောင်းဝယ်ခြင်းကိုတားမြစ်သောအမိန့်ဒိဂရီထွက်လာ၍၊ သူတို့သည် ရက်သတ္တတစ်ပတ်၏ပထမနေ့ကို ဥပုသ်နေ့အဖြစ်မစောင့်ထိန်းသော် အပြစ်ဒဏ်ပေးခြင်း၊ သေဒဏ်ပင်လျှင်ပေးရန် ခြိမ်းခြောက်ခံရကြမည်။ (RH, Nov. 19, 1908).

ဘုရားသခင်၏လူတို့အပေါ်ထုတ်ပြန်သောအမိန့်ဒိဂရီသည် ဧသတာအချိန်က ယုဒလူတို့အပေါ် ရှင်ဘုရင်အာဓွေရုထုတ်ပြန်ချက်နှင့် လွန်စွာအလားသဏ္ဍာန်တူလိမ့်မည်။ . . ဘုရားမှန်အားသိကျွမ်းခြင်းကို ထိန်းသိမ်းသောသူတို့ကို ကမ္ဘာပေါ်မှပယ်ရှားရန်အစီအစဉ်ကို စာတန်ကိုဆွပေးခဲ့သည်။ သို့ရာတွင် သူ၏လျှို့ဝှက်ကြံစည်မှုကို လူသားတို့အကြားစိုးမိုးလျက်ရှိသောတန်ပြန်တန်ခိုးအားဖြင့် ချေဖျက်ခြင်းခံခဲ့ရသည်။ . .

ယနေ့ပရိတက်စတန့်လောကသည် ဥပုသ်နေ့စောင့်သူအနည်းစုကို ဂိတ်၌ထိုင်နေသောမော်ဒကဲကဲ့သို့မြင်နေကြသည်။ ဘုရားသခင်၏ဂုဏ်တော်နှင့်နည်းဥပဒေသများ၊ ဘုရားသခင်၏ပညတ်တော်ကိုရိုသေသမှုဖော်ပြခြင်းတို့သည် ဘုရားသခင်ကိုကြောက်ရွံ့ခြင်းနှင့် ကိုယ်တော်၏ဥပုသ်နေ့ကိုနင်းချေသူတို့အား အမြဲတမ်းပြစ်တင်နေသည်။ ဤမနှစ်မြို့ဖွယ်ကျူးကျော်သူတို့ကို တစ်နည်းနည်းဖြင့်ဖယ်ရှားရမည်ဟုဆိုကြသည်။

လွန်ခဲ့သောနှစ်များစွာက သစ္စာရှိသူတို့အပေါ် မတရားကြံစည်ခဲ့သည့် အလားတူပြောင်မြောက်သောအသိဉာဏ်ဦးနှောက်သည် ဘုရားသခင်ကို ကြောက်ရွံ့၍ ပညတ်တော်ကိုစောင့်သောသူတို့အား ကမ္ဘာပေါ်မှဖယ်ရှားပစ်ရန် ကြိုးပမ်းနေဆဲဖြစ်သည်။ လူအများလက်ခံသည့်ထုံးတမ်းဓလေ့အစဉ်အလာများကို လက်ခံရန်စိတ်ပိုင်းဖြတ်ပြီး ငြင်းဆန်သည့်နှိမ့်ချသောလူနည်းစုအပေါ် စာတန်သည် ခံပြင်းသောဒေါသကိုနှိုးဆွပေးလိမ့်မည်။ ဂုဏ်အသရေရှိလူကြီးများသည် ပညတ်တရားမဲ့သောသူ၊ ဆိုးသောသူတို့နှင့်ပေါင်း၍ ဘုရားသခင်၏လူတို့ကိုဆန့်ကျင်သည့်အကြံအစည်များကို ရယူကြမည်။ . . သမ္မာကျမ်းစာ၏ဥပုသ်နေ့ကိုချေပရန် “ကျမ်းစာလာသည်ကား” ဖြင့်မထောက်ပြနိုင်သောကြောင့် ၎င်းအကွက်ကိုထောက်ပံ့ရန် ဖိနှိပ်သောတည်ဆဲဥပဒေကို သူတို့အသုံးပြုကြမည်။ . . ဤစစ်မြေပြင်တွင် အမှန်အမှားအကြားတိုက်လှန်ပွဲ၏နောက်ဆုံးမဟာတိုက်ပွဲကြီးဖြစ်လာလိမ့်မည်။ ဤအမှု၌ ကျွန်ုပ်တို့ကို သံသယစိတ်များဖြင့်မထားခဲ့ချေ။ မော်ဒကဲအချိန်ကကဲ့သို့ ယခုတွင်ထာဝရဘုရားသည် မိမိ၏သမ္မာတရားနှင့် မိမိလူတို့အားသက်သေထူလိမ့်မည်။ (5T, pp. 450,451).

–ဝ–

ရှုလိုင် (၁၀)

## “နောက်ဆုံးကာလ၌ယုံကြည်ခြင်းကြောင့်အသေခံသူများ”

**“လောကီသားတို့သည် သင်တို့ကိုတရားဇရပ်မှနှင်ထုတ်လိမ့်မည်။ သင်တို့ကိုသတ်သောသူမည်သည်ကား၊ ဘုရားဝတ်ကိုငါပြုပြီဟု မိမိထင်မှတ်သောအချိန်ကာလရောက်လိမ့်မည်” (ယောဟန် ၁၆း၂)။**

ကျွန်ုပ်တို့ကမ္ဘာပေါ်၌ရှိသောလူအယောက်စီတိုင်းသည် အောင်လံတော်နှစ်ခုမှ တစ်ခုခု၏အောက်တွင်ရှိနေလိမ့်မည်။ (1HP, p. 48).

စစ်တပ်နှစ်ခုသည် ကွဲပြားလျက်ခွဲ၍ရပ်နေလိမ့်မည်။ ဤခြားနားမှုသည် အလွန်ပေါ်လွင်မည်ဖြစ်ကာ၊ သမ္မာတရားကိုလက်ခံယုံကြည်သည့်များစွာသောသူတို့သည် ဘုရားသခင်၏ပညတ်တော်ကိုစောင့်သောသူတို့ဘက်သို့ လာကြလိမ့်မည်။ တိုက်ပွဲတွင် ဤကြီးကျယ်ခမ်းနားသောအမှုသည် ဖြစ်ပျက်လာမည်ဖြစ်၍၊ နောက်ဆုံးတိုက်ပွဲမပြီးဆုံးမီ များစွာတို့သည် အကျဉ်းချခြင်းခံရလိမ့်မည်။ များစွာသောသူတို့သည်လည်း မိမိတို့အသက်အတွက် မြို့ကြီးမြို့ငယ်များမှထွက်ပြေးကြကာ၊ အများသောသူတို့သည် သမ္မာတရားကိုကာကွယ်ရင်းရပ်တည်ရာတွင် ခရစ်တော်ကြောင့်အသက်ပေးရကြမည်။ (MS, p. 6, 1889).

အမိန့်ဒီဂရီဖြင့် ဘုရားသခင်၏ပညတ်တော်ကိုချိုးဖောက်ရန် ရဟန်းမင်း၏ဓလေ့ထုံးတမ်းများကို အတင်းအကျပ်ပြုခြင်းအားဖြင့် ကျွန်ုပ်တို့၏နိုင်ငံ (USA) သည် မိမိကိုယ်ကိုဖြောင့်မတ်ခြင်းတရားမှအဆက်ဖြတ်လိမ့်မည်။

ရောမစစ်တပ်များချဉ်းကပ်လာခြင်းသည် တပည့်တော်များအတွက် ယေရုရှလင်မြို့ပျက်စီးမည့်လက္ခဏာဖြစ်သကဲ့သို့၊ ဤဖောက်ပြန်မှုသည် ဘုရားသခင်၏သည်းခံနိုင်စွမ်းသည် အဆုံးသို့ရောက်ရှိပြီဖြစ်ကြောင်း၊ ကျွန်ုပ်တို့နိုင်ငံ၏အပြစ်တရားသည် ခွက်ဖလားလျှံနေပြီဖြစ်ကြောင်း၊ ကရုဏာနှင့်ပြည့်သောကောင်းကင်တမန်သည် ဘယ်သောအခါမျှပြန်မလာဘဲ ပြန်တော့မည်ဖြစ်ကြောင်း ပြသည့်လက္ခဏာဖြစ်နိုင်သည်။ ပုရောက်ဖက်များက ယာကုပ်၏ဆင်းရဲဒုက္ခဟုဖော်ပြသော ဒုက္ခဝေဒနာများထဲသို့ ဘုရားသခင်၏လူများသည် နစ်သွားကြလိမ့်မည်။ သစ္စာရှိ၊ ညှဉ်းဆဲခံသူတို့၏အော်ဟစ်သံသည် ကောင်းကင်သို့တက်သွားသည်။ အာဗေလ၏အသွေးသည် မြေကြီးမှအော်သကဲ့သို့ ယုံကြည်ခြင်းကြောင့်အသေခံသူတို့၏သင်္ချိုင်းများမှလည်းကောင်း၊ ရေအောက်သင်္ချိုင်းမှလည်းကောင်း၊ တောင်ပေါ်ရှိလိုဏ်ဂူများမှလည်းကောင်း၊ ဘာသာရေးအဆောက်အဦများမှလည်းကောင်း သူတို့၏အသွေးသည် “သန့်ရှင်းဟုတ်မှန်၍ အစိုးပိုင်တော်မူသောအရှင်၊ မြေကြီးပေါ်မှာနေသောသူတို့သည် ငါတို့အသွေးကိုသွန်းကြသောအပြစ်နှင့်အလျောက် ဒဏ်မပေးဘဲအဘယ်မျှလောက်ကာလပတ်လုံးနေတော်မူမည်နည်းဟု ကြီးသောအသံနှင့်ကြွေးကြော်ကြ၏။” (5T, p. 451).



ပဋ္ဌမမြောက်တံဆိပ်ကိုဖွင့်သောအခါ၊ ဗျာဒိတ်ကျမ်းရေးသားသူယောဟန်သည် ဘုရားသခင်၏နှုတ်ကပတ်တော်ကြောင့်လည်းကောင်း၊ ယေရှုခရစ်၏သက်သေခံချက်ကြောင့်လည်းကောင်း အသေသတ်ခြင်းခံရသောသူတို့သည် ယဇ်ပလ္လင်အောက်၌ရှိသည်ကို ရူပါရုံ၌မြင်ခဲ့သည်။ ဤအရာကိုမြင်ပြီးနောက် ဗျာဒိတ် ၁၈ တွင်ဖော်ပြသည့် သစ္စာရှိသူများနှင့်ဖြောင့်မတ်သူတို့အား ဗာဗုလုန်မြို့မှထွက်လာရန် ဖိတ်ခေါ်ခြင်းကလိုက်လာသည်။ (7BC, p. 968).

ခရစ်တော်သည် သေဆုံးသွားသူတို့ကိုအသက်ပေးတော်မူမည်။ အကြောင်းမှာ သူသည် အသက်ပေးပိုင်သူဖြစ်သည်။ ကိုယ်တော်သည် ဖြောင့်မတ်သောသူတို့အား မသေနိုင်သောအသက်ဖြင့် ဆင်မြန်းတော်မူမည်။ (RH, Dec. 7, 1897).

–o–

ရှုလိုင် (၁၁)

## **“ဆန်စါချချိန်”**

**“မတရားသောအမှုတို့သည် များပြားသဖြင့် အများသောသူတို့၏ချစ်ခြင်းမေတ္တာသည် ခေါင်းပါးလိမ့်မည်” (မဿဲ ၂၄း၁၂)။**

ဘုရားသခင်၏လူတို့ကို သူတို့၏နဖူးတွင်တံဆိပ်ခတ်ပြီး၊ သူတို့သည် ဆန်ခါချခြင်းအတွက်ပြင်ဆင်ပြီးလျှင်ပြီးချင်း ဆန်ခါချခြင်းလာလိမ့်မည်။ (တံဆိပ်အမှတ်သည် မြင်နိုင်သည့်အရာမဟုတ်ဘဲ၊ အသိဉာဏ်နှင့်ဝိညာဉ်ရေးအားဖြင့် သမ္မာတရားထဲသို့ လုံးဝအခြေချပြီးဖြစ်သောကြောင့် သူတို့သည် မရွေ့နိုင်တော့ချေ။ အမှန်မှာဆန်ခါချခြင်းသည် စတင်နေပြီဖြစ်သည်။ မည်သည့်အရာဖြစ်လာမည်ကို ကျွန်ုပ်တို့သိရှိနိုင်မည်အကြောင်း ကျွန်ုပ်တို့အားသတိပေးရန် ဘုရားသခင်၏တရားစီရင်ခြင်းသည် ယခုပင်မြေကြီးပေါ်သို့ကျရောက်လျက်ရှိသည်။ (4BC, p. 1161).

မဟာရှုပ်ထွေးပွေလီမှုဖြစ်လာမည့်အချိန်သည် အလျင်အမြန်ချဉ်းကပ်လာနေသည်။ စာတန်သည် ကောင်းကင်တမန်ကဲ့သို့ဆင်မြန်း၍ ဖြစ်နိုင်လျှင်ရွေးချယ်သောသူကိုပင်လျှင် လှည့်ဖြားလိမ့်မည်။ များစွာသောဘုရားများ၊ သခင်များရှိလာလိမ့်မည်။ အမျိုးမျိုးသောယုံကြည်ချက်မုန်တိုင်းထန်လာလိမ့်မည်။. . .

သားရဲ၏အမှတ်တံဆိပ်ကိုခံယူရန် တိုက်တွန်းခံရမည်။ လောက၏တောင်းဆိုချက်များဘက်သို့ တစ်လှမ်းချင်းလိုက်၍၊ လောကီဓလေ့များအညီနေထိုင်လာသူတို့သည် လှောင်ပြောင်ခြင်း၊ စော်ကားခြင်း၊ ထောင်ချခြင်း၊ သေခြင်း စသည်တို့ဖြင့် ခြိမ်းခြောက်သောတန်ခိုးအာဏာစက်ဘက်သို့ယိမ်းရန်မှာ မခက်ခဲတော့ချေ။ တိုက်ပွဲမှာ ဘုရားသခင်၏ပညတ်ချက်များနှင့် လူတို့၏ပညတ်ချက်များအကြားတိုက်ပွဲဖြစ်သည်။ ဤအချိန်တွင် အသင်းတော်ထဲတွင် ရွှေကိုအညစ်အကြေးများမှခွဲထွက်လာလိမ့်မည်။ စစ်မှန်သောဘုရားဝတ်၌မွေ့လျော်ခြင်းသည် အပြင်ပန်းအရောင်သုတ်ထားသည့်အရာမှ သိသိသာသာကွဲပြားလိမ့်မည်။ ၎င်းတို့၏လင်းလက်တောက်ပမှုကြောင့် ကျွန်ုပ်တို့ရှိသေလေးစားသောကြယ်အများသည် အမှောင်ထုထဲတွင်ပျောက်ကွယ်သွားကြလိမ့်မည်။ ဂျုံဆန်များသာရှိသည်ဟု ကျွန်ုပ်တို့မြင်နေသောကြမ်းပြင်မှ အဖျင်းများသည် တိမ်များကဲ့သို့ လေဖြင့်လွင့်သွားကြမည်။ ဗိမာန်တော်တန်ဆာဖြင့်ဆင်မြန်းသော်လည်း ခရစ်တော်၏ဖြောင့်မတ်ခြင်းကို မဝတ်ဆင်သောသူအားလုံးသည် မိမိတို့၏အဝတ်အချည်းစည်းရှိခြင်း၌ အရှက်ရကြလိမ့်မည်။ (5T, pp. 80,81).

သို့ရာတွင် သမ္မာတရားကိုလက်ခံမည့်သူများရှိသည်။ ဤသူတို့သည် သမ္မာတရားကိုတိုက်ခိုက်၊ စွန့်ခွာသွားသူတို့၏နေရာလွတ်များကို ဝင်ယူကြလိမ့်မည်။. . .

စစ်မှန်သောခရစ်ယာန်စည်းမျဉ်းများကို စွဲကိုင်သောသူတို့သည် ထိုသူတို့၏နေရာကိုဝင်ယူကြကာ၊ ဘုရားသခင့်နှုတ်ထွက်စကား၏အနက်အဓိပ္ပါယ်နှင့်ရိုးရှင်းမှုကို ထောက်ခံမှုပေးရန်သစ္စာရှိပြီး ယုံကြည်ထိုက်သောခေါင်းဆောင်များဖြစ်လာကြမည်။ ထာဝရဘုရားလုပ်ဆောင်လာသောအခါ ကျေနပ်မှုမရှိသူတို့အား မှန်ကန်၍သစ္စာရှိသောသူတို့မှခွဲထုတ်လိမ့်မည်။. . . သူတို့၏အဆင့်များကိုလျှော့ချမည်မဟုတ်ချေ။ ခိုင်မြဲ၍မှန်ကန်သူတို့သည် တိုက်ခိုက်၊ ဖောက်ပြန်သောသူတို့၏နေရာလွတ်များကို ဝင်ဖြည့်ကြလိမ့်မည်။ (MS, p. 97, 1898).

–ဝ–

ရှုလိုင် (၁၂)

## “ဆန်ခါချခြင်းမြင်ကွင်း”

**“အကယ်စင်စစ် ထိုအခါက္လသရေလပြည်၌ကြီးစွာသောလှုပ်ရှားခြင်းဖြစ်လိမ့်မည်ဟု ငါ၏ဒေါသမီးလောင်လျက်ငါပြောပြီ” (ယေဇကျေလ ၃၈း၁၉)။**

တချို့သောယုံကြည်ခြင်းအားကြီးသူတို့သည် ပြင်းစွာသောဝေဒနာဖြင့်ငိုယိုလျက် ဘုရားသခင်အားတောင်းလျှောက်သည်ကို ကျွန်ုပ်မြင်ခဲ့သည်။ သူတို့၏မျက်နှာသည် ဖြူဖပ်ဖြူရော်ဖြစ်၍ သူတို့၏စိတ်ထဲက ရုန်းကန်မှု၏နက်နဲသော သောကကိုဖော်ပြနေသည်။ တည်ကြည်မှုနှင့်ကြီးမားသောစိတ်အားထက်သန်မှုကို သူတို့မျက်နှာတွင်အထင်းသားမြင်ရသည်။ ကြီးမားသောချွေးလုံးများသည် သူတို့၏နဖူးမှကျဆင်းလျက်ရှိသည်။. . .

ဆိုးသောကောင်းကင်တမန်တို့သည်ဝိုင်းလာ၍၊ သူတို့၏အမြင်မှယေရှုပျောက်ကွယ်သွားစေရန် သူတို့အပေါ်၌ အမှောင်ထုဖြင့်လွှမ်းစေကာ၊ သူတို့၏ပတ်လည်ရှိအမှောင်ထုဘက်သို့ဆွဲဆောင်နိုင်ရန် ကြိုးစားကြသည်။ ထိုသို့ဖြင့်ထိုသူတို့သည် ဘုရားသခင်ကိုမကိုးစားတော့ဘဲ၊ ကိုယ်တော်အပေါ်ညည်းတွားအောင်သွေးဆောင်ခံရကြမည်။ သူတို့၏တစ်ခုတည်းသောလုံခြုံမှုမှာ အထက်အရပ်သို့ကြည့်ခြင်းဖြစ်သည်။ ဤလူတို့ကိုစောင့်ရှောက်ရန် ဘုရားသခင်၏ကောင်းကင်တမန်များကိုတာဝန်ချထားသည်။ ဆိုးသောကောင်းကင်တမန်တို့၏အဆိပ်ပြင်းသောလေထုသည် ဤပူပင်သောကရောက်နေသူတို့ကို ဖိနှိပ်လာသောအခါ၊ ကောင်းကင်တမန်တို့သည် သူတို့အပေါ်မိမိတို့၏တောင်ပံများကို အဆက်မပြတ်မိုးလျက်၊ ထူထဲသောအမှောင်ထုကိုလွင့်ပါးစေကြသည်။



ဆုတောင်းလျက်နေသောသူတို့သည် စိတ်ပါလက်ပါဆက်လက်အော်ဟစ်နေကြစဉ်၊ အခါအားလျော်စွာ ယေရှုထံတော်မှအလင်းရောင်ခြည်သည် သူတို့အပေါ်သို့ကျရောက်လာကာ၊ သူတို့၏စိတ်နှလုံးကိုအားပေးပြီး၊ သူတို့၏မျက်နှာများကိုလင်းလက်စေသည်။ လူတချို့သည် ထိုသို့သောဝေဒနာဖြင့်တောင်းလျှောက်ခြင်း၌ မပါဝင်ကြသည်ကို ကျွန်ုပ်မြင်ခဲ့သည်။ သူတို့သည် ကရုမစိုက်၊ လျစ်လျူရှုနေကြဟန်ရှိသည်။. . . ဘုရားသခင်၏ကောင်းကင်တမန်တို့သည် စိတ်ပါလက်ပါဆုတောင်းနေသောသူတို့ကို ကူညီရန်သွားကြသည်။. . . သို့ရာတွင် ကိုယ်တော်၏ကောင်းကင်တမန်တို့သည် မိမိတို့ကိုယ်ကိုမစရန် အားမထုတ်သောသူတို့ကိုချန်လှပ်ခဲ့ကြပြီး၊ ထိုသူတို့သည်လည်း မြင်ကွင်းမှပျောက်ကွယ်သွားကြသည်။. . .

ဤဆန်ခါချခြင်းသည် လောဒိကိအသင်းတော်ထံသို့သစ္စာရှိ၍ ဟုတ်မှန်သောသက်သေခံ၏အကြံပြုချက်အားဖြင့် ဖိတ်ခေါ်ချက်ဖြစ်သည့် ဖြောင့်မတ်သောသက်သေခံချက်ကြောင့်ဖြစ်လာသည်။. . .

ကျွန်ုပ်၏အာရုံသည် ကြီးစွာလှုပ်ခါခြင်းခံရသောလူစုထံသို့ရောက်ရှိသွားသည်။. . . သူတို့ပတ်လည်၌ရှိသောအစောင့်ကောင်းကင်တမန်တို့ကို နှစ်ဆတိုးမြှင့်ကာ၊ ထိုကောင်းကင်တမန်တို့သည် ဦးခေါင်းမှသည်ခြေဆုံးတိုင်အောင် စစ်ဝတ်တန်ဆာဝတ်ဆင်ကြသည်။. . .

စစ်ဝတ်တန်ဆာဝတ်ဆင်သူတို့သည် သမ္မာတရားကို ကြီးမားသောတန်ခိုးဖြင့်ပြောကြသည်ကို ကျွန်ုပ်ကြားခဲ့ရသည်။ ၎င်းသည် အကျိုးသက်ရောက်မှုရှိသည်။. . . ဤကြီးမားသောပြောင်းလဲခြင်းကို မည်သည့်အရာကဖြစ်ပေါ်စေသည်ကို ကျွန်ုပ်မေးခဲ့သည်။ ကောင်းကင်တမန်တစ်ပါးက “ဤအရာသည် ဘုရားသခင်ထံတော်မှလာမည့် အားသစ်လောင်းသောနောက်မိုးတည်းဟူသော တတိယကောင်းကင်တမန်၏ကြီးစွာသောကြွေးကြော်သံဖြစ်သည်” ဟုဖြေခဲ့သည်။ (EW, pp. 269-271).

–o–

## “ကျယ်လောင်သောကြွေးကြော်ခြင်းအောက်၌ စည်းလုံးခြင်းနှင့်ခွဲခြားခြင်း”

**“သင်ထလော့၊ လင်းလော့။ သင်၏အလင်းရောက်လာပြီ။ ထာဝရဘုရား၏ဘုန်းတော်သည် သင်၏အပေါ်မှာပေါ်ထွန်းလျက်ရှိ၏။ ကြည့်ရှုလော့။ မှောင်မိုက်သည် မြေကြီးကိုဖုံးလွှမ်းလိမ့်မည်။ ထူထပ်သောမှောင်မိုက်သည် လူများကိုဖုံးလွှမ်းလိမ့်မည်။ သို့သော်လည်း သင်၏အပေါ်မှာ ထာဝရဘုရားသည်ပေါ်ထွန်းတော်မူ၍၊ ဘုန်းတော်သည် သင်၏အပေါ်မှာ ထင်ရှားလျက်ရှိလိမ့်မည်” (ဟေရှာယ ၆၀း၁၊၂)။**

စမ်းသပ်စစ်ဆေးခြင်းများ ကျွန်ုပ်တို့ပတ်လည်တွင် သာ၍ပြင်းထန်လာချိန်တွင် ခွဲခြားခြင်းနှင့်စည်းလုံးခြင်းနှစ်ခုစလုံးကို ကျွန်ုပ်တို့အဆင့်တွင် တွေ့မြင်ရမည်။ ယခုအချိန်တွင် စစ်ပွဲအတွက်လက်နက်ဆွဲကိုင်ရန် အဆင်သင့်ရှိနေသောသူတချို့သည် အမှန်တကယ်ဘေးတွေ့သည့်အချိန်များတွင် သူတို့သည် ခိုင်ခံ့သောကျောက်ဆောင်ပေါ်တွင်မတည်ဆောက်ကြောင်း ပေါ်လာလိမ့်မည်။ ကြီးမားသောအလင်းတရားနှင့် မွန်မြတ်သောအခွင့်ထူးများရရှိခဲ့ပြီးသော်လည်း၊ ၎င်းတို့ကိုတိုးတက်ကောင်းမွန်အောင် မလုပ်ဆောင်သောသူတို့သည် အကြောင်းပြချက်တစ်ခုခုဖြင့် ကျွန်ုပ်တို့ထံမှထွက်သွားလိမ့်မည်။ သမ္မာတရားကိုချစ်မြတ်နိုးခြင်းမရှိသည်ဖြစ်ရာ၊ သူတို့သည် ရန်သူ၏လှည့်ဖြားခြင်းသို့ပါသွားကြလိမ့်မည်။ သူတို့သည် လှည့်ဖြားသောဝိညာဉ်များနှင့် နတ်ဆိုးများ၏ယုံကြည်ချက်များဘက်ကို အာရုံပြုလာကြကာ၊ ယုံကြည်ခြင်းမှထွက်သွားကြလိမ့်မည်။ သို့သော် အခြားတစ်ဖက်တွင်မူ၊ ညှဉ်းဆဲခြင်းမုန်တိုင်းသည် အမှန်တကယ်ကျွန်ုပ်တို့အပေါ်ထန်လာသောအခါ၊ စစ်မှန်သောသိုးတို့သည် စစ်မှန်သောသိုးထိန်း၏အသံတော်ကိုကြားကြလိမ့်မည်။ ပျောက်ဆုံးသူများကို ကယ်တင်ရန် မိမိတို့ကိုယ်ကိုငြင်းပယ်ကြပြီး၊ သိုးခြံမှလမ်းလွဲသူတို့သည်



F - 3

ကြီးမြတ်တော်မူသောသိုးထိန်း၏နောက်တော်သို့ပြန်လာကြမည်။ ဘုရားသခင်၏လူတို့သည် အတူတကွချဉ်းကပ်၍ ရန်သူကိုစည်းလုံးလျက်ရင်ဆိုင်ကြသည်။ အားလုံးနှင့်ဆိုင်သောဘေးရောက်လာချိန်တွင် အကြီးအကဲဖြစ်လိုစိတ်များပျောက်သွားလိမ့်မည်။ မည်သူသည် အကြီးဆုံးဖြစ်မည်နည်းဟူသော အငြင်းအခုံများလည်းဆိတ်သုဉ်းခဲ့ပြီ။ စစ်မှန်သောယုံကြည်သူတစ်ဦးတစ်ယောက်ကမျှ “ငါသည်ပေါလု၏တပည့်ဖြစ်၏။ ငါသည်အာပေါလုတပည့်ဖြစ်၏။ ငါသည်ကေဖတပည့်ဖြစ်၏” ဟူ၍ ပြောတော့မည်မဟုတ်။ လူအားလုံး၏သက်သေခံချက်မှာ “ငါသည် ခရစ်တော်၌မှီဝဲပြီ။ ငါ၏ကိုယ်ပိုင်ကယ်တင်ရှင်အားဖြင့် သူ့ထံတော်၌ငါဝမ်းမြောက်၏” ဟူ၍ဖြစ်လိမ့်မည်။ (6T, pp. 400,401).

တတိယကောင်းကင်တမန်၏သတင်းစကားသည် ကျယ်လောင်သောကြွေးကြော်သံအဖြစ်သို့ကြီးမားလာသောအခါ၊ ယင်းသတင်းစကားကိုဟောပြောရာတွင် ကြီးမားသောဘုန်းတန်ခိုးများလိုက်ပါလာလိမ့်မည်။ ဘုရားသခင့်လူတို့၏မျက်နှာသည် ကောင်းကင်အလင်းကဲ့သို့တောက်ပလိမ့်မည်။ (7T, p. 17).

အုပ်ချုပ်သူအများသောခေါင်းဆောင်များကို စာတန်သည် ထိန်းချုပ်ထားသည်။ သို့ရာတွင်. . . ဤအုပ်ချုပ်သူခေါင်းဆောင်များအကြား၌ပင် ဘုရားသခင်၏ကိုယ်စားလှယ်များရှိနေကြသည်။ ထိုသူများထဲမှတချို့သောသူတို့သည် သမ္မာတရားကိုလက်ခံပြောင်းလဲလာဦးမည်။. . . အနည်းငယ်သောဘုရားသခင်၏ကိုယ်စားလှယ်တို့သည် ကြီးမားသောမကောင်းမှုကို အစုလိုက်အပြုံလိုက်ဆွဲချနိုင်သောတန်ခိုးရှိလိမ့်မည်။ ထိုသို့ဖြင့် တတိယကောင်းကင်တမန်သတင်းစကားသည် ၎င်း၏အလုပ်ကိုမပြီးမချင်း အမှုတော်ဆက်လက်လုပ်ဆောင်နိုင်မည်ဖြစ်သည်။ ထိုအခါ တတိယကောင်းကင်တမန်၏သတင်းစကားကို ကျယ်လောင်စွာကြွေးကြော်သောအခါ ဤကိုယ်စားလှယ်တို့သည် သမ္မာတရားကိုလက်ခံနိုင်မည့်အခွင့်အရေးများရရှိလာမည်။ တချို့တို့သည် ပြောင်းလဲလာ၍၊ သန့်ရှင်းသူများနှင့်ဒုက္ခဆင်းရဲကာလကို ဖြတ်ကျော်သွားကြလိမ့်မည်။ (1T, pp. 203,204).

–o–

ဇူလိုင် (၁၄)

## “အသင်းတော်သည်ကျရှုံးလုမတတ်ဖြစ်မည်”

**“ဇိအုန်ကလည်း၊ ထာဝရဘုရားသည် ငါ့ကိုစွန့်ပစ်တော်မူပြီ။ ဘုရားရှင်သည် ငါ့ကိုမေ့လျော့တော်မူပြီဟုဆိုလေသော်၊ မိန်းမသည် မိမိဖွားသောသားကိုမသနားသည်တိုင်အောင် မိမိနို့စို့သူငယ်ကိုမေ့လျော့နိုင်သလော။ အကယ်၍မေ့လျော့သော်လည်း သင့်ကိုငါမမေ့လျော့” (ဟေရှာယ ၄၉း၁၄၊၁၅)။**

လှည့်စားနိုင်ရန် စာတန်သည် နိမိတ်လက္ခဏာများကိုပြုလိမ့်မည်။ သူသည် မိမိ၏တန်ခိုးကိုအစွမ်းကုန်မြှင့်တင်လိမ့်မည်။ အသင်းတော်သည် ကျရှုံးလုမတတ်ဖြစ်မည်၊ သို့ရာတွင်မကျရှုံးချေ။ အဖျင်းများကိုဂျုံဆန်မှခွဲခြားသကဲ့သို့၊ ဇိအုန်မှအပြစ်သားများကိုဆန်ခါချနေစဉ် အသင်းတော်သည် ကျန်ရှိနေမည်။ ဤအရာသည် ကြောက်မက်ဖွယ်စုံစမ်းစစ်ဆေးခြင်းဖြစ်သည်။ သို့ရာတွင် ၎င်းသည်ဖြစ်ပျက်လာရမည်။ သိုးသငယ်၏အသွေးတော်နှင့် မိမိတို့သက်သေခံစကားများအားဖြင့် အောင်မြင်သောသူတို့သည် အပြစ်၏အစွန်းအထင်းအနာအဆာမရှိ၊ နှုတ်ခမ်း၌မုသားမပါဘဲ၊ သစ္စာရှိမှန်ကန်သူများအဖြစ်မြင်တွေ့ရမည်။ . . . သမ္မာတရားကိုလိုက်လျှောက်ခြင်းအားဖြင့် မိမိတို့၏အသက်ဝိညာဉ်ကိုစင်ကြယ်စေသည့် ကျန်ကြွင်းသောသူတို့သည် စမ်းသပ်ခြင်းဖြစ်စဉ်မှ အားအင်ကိုစုစည်းလျက် ပတ်ဝိုင်းနေသောဖောက်ပြန်မှုအလယ်၌ စင်ကြယ်ခြင်း၏အလှကိုဖော်ပြကြလိမ့်မည်။ (7BC, p. 911).

ထာဝရဘုရားသည် မိမိ၏အသင်းတော်ကိုချစ်တော်မူကြောင်း ကျွန်ုပ်သိသည်။ ၎င်းသည် ဖရိုဖရဲဖြင့်တစ်စစီကျိုးပဲ့သွားမည်မဟုတ်။ ထိုသို့ဖြစ်လာရန် ကိုက်ညီမှုအနည်းငယ်မျှမရှိ၊ အသေးငယ်ဆုံးသောအထောက်အထားပင် မရှိချေ။ ဤမှားယွင်းသောသတင်းစကားကိုယုံ၍ အခြားသူတို့အားအယုံသွင်းသူတို့သည် လှည့်ဖြားခြင်းခံရမည်ဖြစ်ကာ၊ ဆန်းသစ်သောလှည့်ဖြားမှုကိုလက်ခံရန်အဆင်သင့်ဖြစ်နေကာ၊ သူတို့သည် အချည်းနှီးဖြစ်သွားကြမည်။ (2SM, pp. 68,69).

ဣသရေလ၏ဘုရားသခင်သည် မိမိ၏လူတို့ကိုလမ်းပြတော်မူသေးပြီး၊ ကိုယ်တော်သည် သူတို့နှင့်အတူဆက်လက်ရှိနေ၍ အဆုံးတိုင်အောင်ပင်ရှိနေတော်မူမည်။ (GCB, May 27, 1913, p. 165).

ဘုရားသခင်တည်ဆောက်တော်မူခဲ့ပြီးသောအုတ်မြစ်မှ ကျွန်ုပ်တို့သည် ယခုလှမ်းထွက်၍မရပါ။ ကျွန်ုပ်တို့သည် မည်သည့်အဖွဲ့အစည်းသစ်ထဲကိုမျှ ဝင်၍မရပါ။ အကြောင်းမှာ ဤအရာသည် သမ္မာတရားမှဖောက်ပြန်ခြင်းဖြစ်လိမ့်မည်။ (2SM, p. 390).

အပြင်းထန်ဆုံးသောတိုက်ပွဲကို မကြာမီဝင်ရတော့မည့်အသင်းတော်သည် ကမ္ဘာပေါ်တွင်ဘုရားသခင်အချစ်မြတ်နိုးဆုံးသောအရာဖြစ်သည်။ မကောင်းမှုမဟာမိတ်ပေါင်းစုသည် အောက်အရပ်မှလာသောတန်ခိုးဖြင့် လှုံ့ဆော်ခြင်းခံရမည်။ စာတန်သည် မိမိမလိမ်လည်နိုင်၍၊ သူ၏စာတန်ဉာဏ်ဖြင့်တီထွင်မှုများနှင့် အမှားများဖြင့်မလှည့်ဖြားနိုင်သည့်ရွေးချယ်သူတို့အပေါ်တွင် ဖြစ်နိုင်ချေရှိသောပြစ်တင်ရှုတ်ချမှုမျိုးစုံဖြင့် တိုက်ခိုက်လိမ့်မည်။ “ဣသရေလလူတို့အား နောင်တတရားနှင့်အပြစ်လွှတ်ခြင်းအခွင့်ကိုပေးစေခြင်းငှာ၊ ထိုသူကိုအစိုးရသောအရာ၌လည်းကောင်း၊ ကယ်တင်သောသခင်အရာ၌လည်းကောင်း . . . ချီးမြှင့်တော်” မူသော ခရစ်တော်၊ ကျွန်ုပ်တို့၏ကိုယ်စားပြုနှင့်ခေါင်းဆောင်သည် မိမိစိတ်နှလုံးကိုပိတ်၍၊ သို့တည်းမဟုတ် မိမိလက်ကိုပြန်ရုပ်သိမ်း၍ သို့မဟုတ် မိမိကတိတော်ကိုလိမ်လည်လိမ့်မည်လော။ လုံးဝ၊ လုံးဝထိုသို့ပြုတော်မူမည်မဟုတ်ပါ။ (TM, p. 20).

–o–

ဇူလိုင်   (၁၅)

## "အသင်းတော်ကိုစင်ကြယ်စေခြင်း"

**"ငွေကိုချွတ်၍ သန့်ရှင်းစေသောသူကဲ့သို့ထိုင်လျက် ရွှေငွေကို ချွတ်သကဲ့သို့၊ လေဝိသားတို့ကိုချွတ်၍ သန့်ရှင်းစေတော်မူသဖြင့် သူတို့သည် ထာဝရဘုရားအဖို့ဖြစ်၍ ဖြောင့်မတ်ခြင်းပူဇော်သကာကို ပူဇော်ကြလိမ့်မည်" (မာလခိ ၃း၃)။**

မဟာလှည့်စားသူ၏အံ့ဖွယ်နိမိတ်ပြုလုပ်သောတန်ခိုးသည် သာ၍ ပြတ်သားစွာပေါ်လာမည့်အချိန်သည် ကျွန်ုပ်တို့အပေါ်ရောက်ရှိနေပေပြီ။ သူ၏ လိမ်လည်မှုသည် သာ၍ဆွဲဆောင်မှုရှိလာသောကြောင့် ဖြစ်နိုင်လျှင်ရွေးချယ် သောသူကိုပင်လျှင် လှည့်ဖြား၍စိတ်ရှုပ်စေလိမ့်မည်။ မှောင်မိုက်၏အရှင်သည် မိမိ၏ဆိုးသောကောင်းကင်တမန်များနှင့်အတူ ခရစ်တော်၏နာမကိုယုံကြည် သူတို့အား မှောင်မိုက်၏အောင်လံအောက်တွင်ရပ်စေရန်လည်းကောင်း၊ ဘုရားသခင်၏ပညတ်ချက်တို့ကိုစောင့်၍ ယေရှု၏ယုံကြည်ခြင်းကိုစွဲကိုင်သော သူတို့အား စစ်တိုက်ရန်လည်းကောင်း ခရစ်ယာန်လောကအပေါ်လုပ်ဆောင် လျက်ရှိသည်။

သားရဲ၏တံဆိပ်အမှတ်ကို နဖူး၌ဖြစ်စေ၊ လက်၌ဖြစ်စေခံစေရန်နှင့် ဘုရားသခင်၏သားသမီးတို့သည် သားရဲနှင့်သူ၏ရုပ်တုကိုကိုးကွယ်စေရန် ဖောက်ပြန်သောအသင်းတော်သည် လောကနှင့်ငရဲတို့၏တန်ခိုးအာဏာစက် တို့နှင့်ပေါင်းစည်းလိမ့်မည်။ သူတို့၏ဘုရားသခင့်ပညတ်တော်အပေါ်သစ္စာရှိ ခြင်းကိုစွန့်လွှတ်ပြီး၊ ရဟန်းမင်းကိုရိုသေသမှုပြုစေရန် သူတို့အားအနိုင်အထက် ပြုကြလိမ့်မည်။ ထိုအခါ လူတို့၏စိတ်ဝိညာဉ်ကိုစမ်းသပ်မည့်အချိန်ရောက် လာမည်။ အကြောင်းမှာ ဖောက်ပြန်ခြင်းမဟာမိတ်ပေါင်းစုသည် ဘုရားသခင်၏



သစ္စာရှိသောသူတို့အား ယေဟောဝါ၏ပညတ်တော်ကိုစွန့်လွှတ်၍၊ သမ္မာ ကျမ်းစာ၏သမ္မာတရားကို ပျက်ပြားစေမည့်အကြောင်း တောင်းဆိုကြလိမ့် မည်။ ထိုအခါရွှေစင်သည် အညစ်အကြေးမှခွဲခြားသွားမည်ဖြစ်ကာ၊ ဘုရား ဝတ်၌မွေ့လျော်သူ၊ သစ္စာရှိ၍မှန်ကန်မှုရှိသူတို့သည် သစ္စာမဲ့သူ၊ အညစ်အကြေး နှင့်ဟန်ဆောင်သူတို့မှ သိသာစွာခွဲခြားလိမ့်မည်။ ဘုရားသခင်၏ပန်ကာအား ဖြင့် အဖျင်းများကိုမှုတ်၍လွင့်သွားစေမည်။ ကျွန်ုပ်တို့သည် ယခုဂျုံဆန်သာ မြင်တွေ့သောနေရာမှ အဖျင်းများကိုဘုရားသခင်၏ပန်ကာဖြင့် မှုတ်ထုတ်ပစ် လိမ့်မည်။ ခရစ်တော်၌ဗဟိုမပြုသောသူလူတိုင်းသည် ထိုနေ့ရက်၌စုံစမ်းစစ်ဆေး ခြင်းတွင်ကျရှုံးကြလိမ့်မည်။ ခရစ်တော်၏ဖြောင့်မတ်ခြင်းကိုဝတ်ဆင်သောသူ တို့သည် သမ္မာတရားနှင့်တာဝန်ဝတ္တရား၌ မြဲမြံစွာရပ်တည်နေချိန်တွင် မိမိ တို့ကိုယ်ပိုင်ဖြောင့်မတ်ခြင်းကိုအားကိုးသောသူတို့သည် မှောင်မိုက်ကိုစိုးမိုးသော အရှင်၏အနက်ရောင်အောင်လံအောက်သို့ ရောက်ရှိသွားကြမည်။ ထိုအခါ ရွေးချယ်မှုသည် ခရစ်တော်အတွက်လော၊ စာတန်အတွက်လောဟူသည်မှာ မြင်သာလာလိမ့်မည်။

မိမိကိုယ်ကိုမယုံကြည်ရဲသူ၊ ရှက်ကြောက်ခြင်းနှင့်အပြစ်တင်ခြင်းကို မရင်ဆိုင်ရဲသူတို့သည် အဆုံးတွင် ခရစ်တော်အတွက်နှင့် ကိုယ်တော်၏ပညတ် တော်အတွက် မိမိတို့ကိုယ်ကိုပွင့်လင်းစွာအတိအလင်းပြောဆိုကြမည်။ တစ်ချိန် တည်းတွင် အရွက်များဝေဆာနေသည့်သစ်ပင်ကဲ့သို့ဖြစ်သော်လည်း အသီး မသီးသောသူတို့သည် မကောင်းမှုပြုရန် အများသောသူတို့နှင့်သွားလာ၍ ဖောက်ပြန်ခြင်းတံဆိပ်အမှတ်ကို နဖူး၌ဖြစ်စေ၊ လက်၌ဖြစ်စေ ရရှိကြလိမ့် မည်။ (RH, Nov. 8, 1892).

–o–

ရှုလိုင် (၁၆)

## "စာတန်သည်ခရစ်တော်အသွင်ဆောင်သည် (၁)"

**"ကိုယ်တော်က၊ သင်တို့သည် လှည့်ဖြားခြင်းသို့မလိုက်မပါမည်အကြောင်း သတိပြုကြလော့။ အများသောသူတို့က၊ ငါသည်ဤမည်သောသူဖြစ်၏။ အချိန်ကာလလည်းရောက်လာပြီဟုဆိုလျက် ငါ၏အယောင်ကိုဆောင်၍ပေါ်လာကြလိမ့်မည်။ ထိုသူတို့နောက်သို့မလိုက်ကြနှင့်" (လုကာ ၂၁း၈)။**

ဤခေတ်ကာလတွင် အန္တိခရစ်သည် ခရစ်တော်အမှန်ကဲ့သို့ပေါ်လာလိမ့်မည်။ ထိုအခါဘုရားသခင်၏ပညတ်တော်ကို လောကီနိုင်ငံအရပ်ရပ်တွင် ပျက်ပြယ်စေလိမ့်မည်။ ဘုရားသခင်၏ပညတ်တော်ကိုပုန်ကန်မှုသည် အဆုံးစွန်ရောက်သွားချေပြီ။ သို့ရာတွင် ဤပုန်ကန်မှုအားလုံး၏စစ်မှန်သောခေါင်းဆောင်မှာ လင်းသောကောင်းကင်တမန်ကဲ့သို့ဆင်မြန်းထားသော စာတန်ပင်ဖြစ်သည်။ လူတို့သည်လှည့်ဖြားခြင်းခံရ၍၊ ဘုရားသခင်၏နေရာတွင် သူ့ကိုချီးမြှောက်ကာ၊ ဘုရားအဖြစ်သူ့ကိုကိုးကွယ်လိမ့်မည်။ သို့ရာတွင် အနန္တတန်ခိုးရှင်သည် ကြားဝင်လာတော်မူ၍၊ စာတန်အားချီးမြှောက်ရာတွင် ပေါင်းစည်းကြသောအသင်းတော်များကို တရားစီရင်တော်မူမည်။ "ထိုကြောင့် သူခံရသောသေခြင်းဘေး၊ စိတ်မသာညည်းတွားခြင်းဘေး၊ မွတ်သိပ်ခြင်းဘေးဒဏ်များတို့နှင့် တစ်နေ့ချင်းတွင်တွေ့၍၊ မီးဖြင့်လည်းလောင်ကျွမ်းခြင်းကိုခံရလိမ့်မည်။ သူ့ကိုစီရင်တော်မူသောထာဝရအရှင်ဘုရားသခင်သည် ခွန်အားဗလကြီးတော်မူ၏" (TM, p. 62).

လင်းသောကောင်းကင်တမန်ကဲ့သို့အသွင်ပြောင်း၍၊ သူ (စာတန်) သည် ဤမြေကြီးတွင်လှည့်လည်သွားလာသောအမူဆောင်ကဲ့သို့ လိုက်သွားလိမ့်မည်။ လှပသောစကားများဖြင့် စိတ်နှလုံးကိုဆွဲဆောင်နိုင်မည့်စကားများကို ပြောလိမ့်မည်။ သူသည် ကောင်းမွန်သောစကားများကိုပြော၍၊ ကောင်းသောအလုပ်များကိုဆောင်ရွက်လိမ့်မည်။ သူသည် ခရစ်တော်၏အသွင်ကိုဆောင်လိမ့်မည်။ သို့ရာတွင် သိသာထင်ရှားသည့်ခြားနားချက်တစ်ခုရှိလိမ့်မည်။ စာတန်သည် လူတို့အားဘုရားသခင်၏ပညတ်တော်မှလှည့်သွားစေမည်။ (FE, pp. 471, 472).

ဥပုသ်နေ့သည် သတ္တမနေ့မှပထမနေ့သို့ပြောင်းပြီဖြစ်ကြောင်း သူကြေညာလိမ့်မည်။ ရက်သတ္တပတ်၏ပထမနေ့၏အရှင်သခင်အဖြစ် ဤအတုအယောင်ဥပုသ်နေ့ကို မိမိအပေါ်သစ္စာရှိခြင်းစမ်းသပ်သည့်အရာအဖြစ် သူတင်ဆက်လိမ့်မည်။ (MS, pp. 153, 1902).

မိုးကောင်းကင်တန်ခိုးနှင့် အတိတ်ကညွှဥ်းဆဲခြင်းမျိုးထပ်ဖြစ်လာခြင်းတို့ပေါင်းစပ်ချိန်တွင် ကမ္ဘာပေါ်တွင်နေထိုင်သော ဘုရားသခင့်လူတို့၏အတွေ့အကြုံကို စိတ်ကူးမြင်ယောင်ရန်မှာမဖြစ်နိုင်ချေ။ သူတို့သည် ဘုရားသခင်၏ရာဇပလ္လင်တော်မှထွက်လာသောအလင်းတွင်လျှောက်ကြမည်။ ကောင်းကင်တမန်များအားဖြင့် ကောင်းကင်နှင့်မြေကြီးကြားတွင် အဆက်မပြတ်ဆက်သွယ်ခြင်းရှိနေမည်။ ထိုအခါစာတန်သည် ဆိုးသောကောင်းကင်တမန်များခြံရံလျက်၊ ဘုရားသခင်အဖြစ်အခိုင်အမာဆို၍၊ ဖြစ်နိုင်လျှင်ရွေးချယ်ထားသောသူကိုပင်လျှင် လှည့်စားရန်အံ့ဖွယ်နိမိတ်အမျိုးစုံကိုပြုလုပ်လိမ့်မည်။ စာတန်သည် နိမိတ်လက္ခဏာများကိုတုပမည်ဖြစ်သောကြောင့် ဘုရားသခင်၏လူတို့သည် ထိုနိမိတ်များကြားတွင် မိမိတို့၏လုံခြုံမှုကိုရှာတွေ့မရဖြစ်လိမ့်မည်။ ဘုရားသခင်စမ်းသပ်စစ်ဆေးသောလူတို့သည် ထွက်မြောက်ရာကျမ်း ၃၁း၁၂–၁၈ တွင်ဖော်ပြသောအမှတ်လက္ခဏာ၌ မိမိတို့၏တန်ခိုးကိုတွေ့ရှိကြမည်။ သူတို့သည် "ကျမ်းစာလာသည်ကား" ဟူသော အသက်ရှင်သောနှုတ်ကပတ်တော်၌ မြဲမြံစွာရပ်တည်ကြမည်။ သူတို့လုံခြုံစွာရပ်တည်နိုင်သောအုတ်မြစ်မှာ သမ္မာကျမ်းစာသာရှိသည်။ (9T, p. 16).

–၀–

ရှုလိုင် (၁၇)

## "စာတန်သည်ခရစ်တော်အသွင်ဆောင်သည် (၂)"

**"ဤအမှုသည် အံ့သြဖွယ်ဖြစ်သည်မဟုတ်။ စာတန်ပင်လျှင် လင်းသောကောင်းကင်တမန်ဖြစ်ယောင်ဆောင်တတ်၏" (၂ကောရိန်သု ၁၁:၁၄)။**

ဘုရားသခင်၏လူတို့အား မိမိ၏နောက်ဆုံးတိုက်ပွဲတွင် သူတို့သည် သူ့အားမမှတ်မိစေမည်အကြောင်း စာတန်သည် မိမိ၏လှည့်ဖြားမှုကိုပြင်ဆင်လျက်ရှိသည်။ "ဤအမှုသည် အံ့သြဖွယ်ဖြစ်သည်မဟုတ်။ စာတန်ပင်လျှင် လင်းသောကောင်းကင်တမန်ဖြစ်ယောင်ဆောင်တတ်၏။" . . . စာတန်သည် မိမိတန်ခိုးရှိသမျှဖြင့် ဘုရားသခင်၏လူတို့ကိုနှောင့်ယှက်၊ သွေးဆောင်၊ လမ်းလွဲစေရန်လုပ်ဆောင်လိမ့်မည်။

ကျွန်ုပ်တို့၏သခင်ဘုရားကို မျက်နှာချင်းဆိုင်စုံစမ်းပြီး ခနဲ့တဲ့တဲ့ပြောဝံ့သူ၊ ကိုယ်တော်ကိုမိမိလက်ဖြင့်ချီမ၍ ဗိမာန်တော်၏အထွတ်နှင့်အလွန်မြင့်လှသောတောင်ပေါ်သို့ ဆောင်သွားနိုင်သောတန်ခိုးပိုင်ဆိုင်သူသည် မိမိတို့၏သခင်ဘုရားထက် ဉာဏ်ပညာ၌နိမ့်ညံ့သူ၊ မိမိ၏ပါးနပ်မှုနှင့်ခွန်အားကိုလုံးဝနီးပါးနားမလည်သောသူ၊ ယခုခေတ်လူသားတို့အပေါ် အံ့ဖွယ်အတိုင်းအတာဖြင့် မိမိ၏တန်ခိုးကိုပြလိမ့်မည်။

ဇာတိအားဖြင့် မိမိ၏တောင်းဆိုမှုကိုပြုရန် စိတ်ညွတ်နေသောသူတို့၏ကိုယ်ခန္ဓာကို အံ့ဖွယ်အမှုအရာဖြင့်သူသည် ထိခိုက်စေလိမ့်မည်။ (MYP, pp. 51, 52).

သူသည် ယေရှုခရစ်တော်၏အသွင်သဏ္ဌာန်ကိုဆောင်၍လာပြီး၊ ကြီးမားသောနိမိတ်လက္ခဏာများပြုလိမ့်မည်။ ထိုအခါလူတို့သည် သူ့ကိုယေရှုခရစ်တော်ကဲ့သို့ ဦးချကိုးကွယ်ကြလိမ့်မည်။



ကမ္ဘာကခရစ်တော်အဖြစ်ဂုဏ်ပြုမည့် ဤပုဂ္ဂိုလ်ကိုကိုးကွယ်ရန် ကျွန်ုပ်တို့အား အာဏာနှင့်အမိန့်ပေးလိမ့်မည်။ ကျွန်ုပ်တို့ဘာလုပ်ရမည်နည်း။ လူတို့၏အဆိုးဆုံးသောရန်သူဖြစ်လျက်ပင်၊ ဘုရားသခင်အဖြစ်ပြောဆိုသည့် ထိုသို့သောရန်သူကို ခရစ်တော်သည် သတိပေးနှင့်တော်မူပြီးဖြစ်ကြောင်း သူတို့အားပြောပြပါ။ ခရစ်တော်ပေါ်ထွန်းလာသောအခါ ဘုန်းတန်ခိုးအာနုဘော်နှင့်ကြွလာ၍၊ ထောင်သောင်းမကသောကောင်းကင်တမန်များလည်း လိုက်ပါလာမည်ဖြစ်ကြောင်း၊ ကိုယ်တော်ကြွလာသောအခါ ကျွန်ုပ်တို့သည် ကိုယ်တော်၏အသံတော်ကိုကြားရမည်ဖြစ်ကြောင်းတို့ကိုလည်း သူတို့အားပြောပြပါ။ (6BC, pp. 1105, 1106).

သူသည် ခရစ်တော်ဖြစ်ကြောင်းပြောဆို၍၊ စာတန်သည် သင်တို့မျက်စိရှေ့၌ပင် နိမိတ်လက္ခဏာများပြုလုပ်မည့်အချိန်သည် ရောက်လာတော့မည်။ အကယ်၍သင်တို့၏ခြေသည် ဘုရားသခင်၏သမ္မာတရားအပေါ် မြဲမြံစွာမတည်ထားပါက၊ သင်တို့၏အုတ်မြစ်မှ သင်တို့ကိုအဝေးသို့ခေါ်ဆောင်သွားလိမ့်မည်။ (7A BC, p. 911).

စာတန်သည် အဆုံးတိုင်အောင်တိုက်ပွဲဝင်ရန် စိတ်ပိုင်းဖြတ်ထားသည်။ လင်းသောကောင်းကင်တမန်ကဲ့သို့လာ၍၊ ခရစ်တော်အဖြစ်ပြောဆိုလျက်၊ သူသည် ကမ္ဘာကိုလှည့်ဖြားလိမ့်မည်။ သို့သော် သူ၏အောင်မြင်မှုသည် တိုတောင်းလိမ့်မည်။ ထာဝရသမ္မာတရား၏အခြေခံစည်းမျဉ်းပေါ်တွင် စိုက်ထူထားသောခြေထောက်များကို အဘယ်မုန်တိုင်း၊ မိုးသက်လေပြင်းကမျှမရွေ့နိုင်ချေ။ စကြဝဠာတစ်ခုလုံးနီးပါးဖောက်ပြန်ချိန်တွင် သူတို့သည် ရပ်တည်နိုင်ကြလိမ့်မည်။ (6BC, p. 1106).

–ဝ–

## "စာတန်ပြုသောနိမိတ်လက္ခဏာများ (၁)"

**"အကြောင်းမူကား၊ ခရစ်တော်၏အယောင်ကိုဆောင်သောသူနှင့် မိစ္ဆာပုရောဖက်တို့သည် ပေါ်လာ၍ ရွေးချယ်သောသူတို့ကိုပင် လှည့်ဖြားနိုင်လျှင်လှည့်ဖြားလောက်အောင် ကြီးစွာသောနိမိတ်လက္ခဏာ၊ အံ့ဖွယ်သောအမှုတို့ကိုပြုကြလိမ့်မည်" (မဿဲ ၂၄း၂၄)။**

ရန်သူသည် မိမိ၏နိမိတ်လက္ခဏာလုပ်ဆောင်သောတန်ခိုးအားဖြင့် တစ်လောကလုံးကိုလှည့်စားရန်ပြင်ဆင်နေသည်။ သူသည် လင်းသောကောင်းကင်တမန်အဖြစ်သော်လည်းကောင်း၊ ယေရှုခရစ်တော်အဖြစ်သော်လည်းကောင်း ဟန်ဆောင်အသွင်ဆောင်လိမ့်မည်။ (2SM, p. 96).

သူ၏တန်ခိုးရှိသမျှဖြင့် အမှန်အကန်နိမိတ်လက္ခဏာများကို သူပြုလိမ့်မည်။ သမ္မာကျမ်းစာက သူသည်ဟန်ဆောင်လုပ်နေခြင်းသက်သက်မဟုတ်ဘဲ၊ သူ "ပြပိုင်သောနိမိတ်လက္ခဏာတို့အားဖြင့် မြေကြီးသားတို့ကိုလှည့်ဖြား၏" ဟုဖော်ပြသည်။ အယောင်ဆောင်လိမ်ညာခြင်းသက်သက်ထက်ပိုသောအရာများကို သမ္မာကျမ်းစာတွင်တွေ့နိုင်သည်။ သို့ရာတွင် စာတန်သည် အကန့်အသတ်ကိုကျော်၍မလုပ်ဆောင်နိုင်သည်လည်းရှိသည်။ ထိုကြောင့် လိမ်လည်မှုကိုပြုလုပ်ကာ၊ သူအမှန်တကယ်လုပ်ဆောင်ရန်တန်ခိုးမရှိသောအရာကို တုပနေခြင်းဖြစ်သည်။ နောက်ဆုံးသောနေ့ရက်တွင် ခရစ်တော်သည် ဤလောကသို့ဒုတိယအကြိမ်ကြွလာသည့်ပုံစံဖြင့် လူများကသူ့ကိုယုံကြည်စေရန် ထိုသို့ပြုလုပ်လိမ့်မည်။ သူသည် အမှန်တကယ်မိမိကိုယ်ကိုလင်းသောကောင်းကင်တမန်ကဲ့သို့ ပြောင်းလဲလိမ့်မည်။ (5T, p. 698).



သူသည် ယေရှုခရစ်တော်၏အသွင်သဏ္ဌာန်ကိုဆောင်၍လာပြီး၊ ကြီးမားသောနိမိတ်လက္ခဏာများကိုပြုလိမ့်မည်။ ထိုအခါလူတို့သည် သူ့ကို ယေရှုခရစ်တော်ကဲ့သို့ ဦးချကိုးကွယ်ကြလိမ့်မည်။ ကမ္ဘာက ခရစ်တော်အဖြစ်ဂုဏ်ပြုကြမည့်ဤပုဂ္ဂိုလ်ကို ကိုးကွယ်ရန်ကျွန်ုပ်တို့အား အာဏာနှင့်အမိန့်ပေးလိမ့်မည်။ (RH, Dec. 18, 1888).

"မြေကြီးအပေါ်၌နေသောသူတို့ကိုစုံစမ်းစေခြင်းငှာ၊ လောကီနိုင်ငံအရပ်ရပ်တို့ကို နှံ့ပြားလတ္တံ့သောစုံစမ်းရာကာလ" (ဗျာဒိတ် ၃း၁၀) သည် ကျွန်ုပ်တို့ရှေ့၌ ယခုပင်ရောက်လျက်ရှိသည်။ ဘုရားသခင်၏နှုတ်ကပတ်တော်တွင် မိမိတို့၏ယုံကြည်ခြင်းကို ခိုင်မြဲစွာမတည်ဆောက်ထားသောသူတို့သည် လှည့်ဖြားခြင်းခံရ၍၊ ရှုံးနိမ့်ကြမည်။ စာတန်သည် လူသားတို့အားထိန်းချုပ်နိုင်ရန် "မတရားသောလှည့်ဖြားခြင်းအမျိုးမျိုး" ကိုလုပ်ဆောင်လိမ့်မည်။ သူ၏လှည့်ဖြားမှုများသည် ဆက်တိုက်တိုးပွားလာမည်။ သို့ရာတွင် သူ၏စုံစမ်းခြင်းထဲသို့ ဆန္ဒအလျောက်ပါလာသောသူတို့ကိုသာ အောင်နိုင်လိမ့်မည်။ သမ္မာတရားကိုသိခြင်းငှာ စိတ်ရောကိုယ်ပါရှာဖွေ၍နားထောင်ခြင်းအားဖြင့် မိမိတို့၏စိတ်ဝိညာဉ်ကိုစင်ကြယ်စေသောသူတို့သည် ထိုသို့ပြုခြင်းဖြင့် တိုက်ပွဲအတွက်ပြင်ဆင်နေကြရာ၊ သူတို့သည် ဘုရားသခင်၏သမ္မာတရား၌ စိတ်ချရသောအကာအကွယ်ကို ရှာတွေ့ကြလိမ့်မည်။ "သင်သည် ငါ၏သည်းခံခြင်းနှင့်စပ်ဆိုင်သော နှုတ်ကပတ်တရားကိုစောင့်ရှောက်သောကြောင့်၊ . . . စုံစမ်းရာကာလတွင် သင့်ကိုငါစောင့်ရှောက်မည်" (အခန်းငယ် ၁၀) သည် ကယ်တင်ရှင်၏ကတိတော်ပင်ဖြစ်သည်။ မိမိကိုအားကိုးသောဝိညာဉ်တစ်လုံးကို စာတန်က အနိုင်ရစေရန်ထားခဲ့သည်ထက် မိမိလူတို့ကိုကာကွယ်ရန် ကိုယ်တော်သည် မကြာမီကောင်းကင်မှကောင်းကင်တမန်အားလုံးကို စေလွှတ်တော်မူမည်။ (GC, p. 560).

–၀–

ရှုလိုင် (၁၉)

## “စာတန်ပြုသောနိမိတ်လက္ခဏာများ (၂)”

**“ကြီးစွာသောနိမိတ်လက္ခဏာတို့ကိုလည်းပြ၏။ လူတို့မျက်မှောက်၌ ကောင်းကင်ကမြေကြီးအပေါ်သို့ မီးကိုဆင်းစေ၏” (ဗျာဒိတ် ၁၃း၁၃)။**

ဘုရားသခင်၏လူတို့သည် နောက်ဆုံးသောနေ့ရက်များ၏ဘေးများချဉ်းကပ်လာချိန်တွင် သူတို့၏ယုံကြည်ခြင်းကိုအနိုင်ယူမည့် အအောင်မြင်ဆုံးသောအကြံအစည်အတွက် စာတန်သည် မိမိ၏ကောင်းကင်တမန်များနှင့် အကြိတ်အနယ်တိုင်ပင်လျက်ရှိသည်။ နာမည်ကြီးအသင်းတော်များသည် မိမိ၏လှည့်ဖြားခြင်းတန်ခိုးဖြင့်အိပ်ရန် ချော့သိပ်ပြီးနှင့်ပြီဖြစ်ကြောင်းသူမြင်သည်။ ကျေနပ်ဖွယ်တစ်ပတ်ရိုက်ခြင်းနှင့် လှည့်စားသောအံ့ဖွယ်ရာများဖြင့် သူတို့ကိုမိမိ၏ထိန်းချုပ်မှုအောက်တွင် ထိန်းထားနိုင်သည်။ ထို့ကြောင့် အထူးသဖြင့် ခရစ်တော်၏ဒုတိယအကြိမ်ကြွလာခြင်းကိုစောင့်မျှော်၍၊ ဘုရားသခင်၏ပညတ်ချက်အားလုံးကိုစောင့်ရန် ကြိုးစားနေသူတို့အတွက် ထောင်ချောက်များကိုချထားရန် သူသည် မိမိ၏တမန်တို့ကိုညွှန်ကြားချက်ပေးသည်။ (TM, p. 472).

နောက်ဆုံးသောနေ့ရက်တွင် သူသည် နိမိတ်များနှင့်လိမ်လည်သောအံ့ဖွယ်ရာများကိုပြုမည်ဖြစ်ကြောင်း ကျွန်ုပ်တို့အားသတိပေးထားသည်။ သူသည် မှောင်မိုက်၏တမန်မဟုတ်ဘဲ၊ လင်းသောကောင်းကင်တမန်ဖြစ်ကြောင်း သက်သေအဖြစ်သူတို့ကိုပြသနိုင်မည်အကြောင်း သူသည် ဤအံ့ဖွယ်ရာများကိုကရုဏာတံခါးပိတ်သည်အထိ ဆက်လက်လုပ်ဆောင်သွားလိမ့်မည်။ (RH, Nov. 17, 1885).



ဖြစ်နိုင်လျှင် ရွေးချယ်သောသူကိုပင်လျှင်လှည့်ဖြားရန် စာတန်သည်ဝင်လာလိမ့်မည်။ သူသည် ခရစ်တော်အဖြစ်ပြောဆိုလျက်၊ ကြီးမြတ်သောဆေးဝါးသာသနာပြုအဖြစ်ဟန်ဆောင်ကာ သူလာလိမ့်မည်။ သူသည် ဘုရားသခင်ဖြစ်ကြောင်းသက်သေပြရန် သူသည် လူတို့ရှေ့တွင်ကောင်းကင်မှမီးကိုခေါ်ချလိမ့်မည်။ (MM, pp. 87, 88).

စာတန်၏လိမ်လည်သောအံ့ဖွယ်ရာများသည် လောကီသားတို့ကိုဖမ်းချုပ်လိမ့်မည်။ လူတို့ရှေ့တွင် ကောင်းကင်မှမီးကိုသူခေါ်ချလိမ့်မည်။ သူသည် နိမိတ်လက္ခဏာများကိုပြုလုပ်မည်။ ဤအံ့ဖွယ်နိမိတ်လက္ခဏာပြုသောတန်ခိုးသည် တစ်လောကလုံးကိုလှည်းကျင်းပစ်လိမ့်မည်။ (2SM, p. 51).

ဤအံ့ဖွယ်ရာများသည် ဘုရားသခင်ထံတော်ကကဲ့သို့ လူတချို့ကယုံကြည်ကြမည်။ ဖျားနာသူတို့သည် ကျွန်ုပ်တို့ရှေ့တွင် ရောဂါပျောက်ကင်းမည်။ ကျွန်ုပ်တို့၏ရှေ့တွင် နိမိတ်လက္ခဏာများကိုပြုလုပ်လိမ့်မည်။ စာတန်၏လိမ်လည်သောအံ့ဖွယ်များ သာ၍ပြည့်စုံစွာပြသလာသောအချိန်တွင် ကျွန်ုပ်တို့ရှေ့၌စောင့်နေသောစုံစမ်းစစ်ဆေးခြင်းအတွက် ကျွန်ုပ်တို့ပြင်ဆင်ပြီလား။ များစွာသောဝိညာဉ်တို့သည် ထောင်ချောက်မိ၍၊ ဖမ်းဆီးခံရကြမည်မဟုတ်လော။ ဘုရားသခင်၏ရိုးရှင်းသောပညတ်ချက်များမှထွက်ခွာ၍၊ ဒဏ္ဍာရီဘက်ကိုအာရုံပြုခြင်းအားဖြင့်၊ များစွာသောသူတို့၏စိတ်သည် လိမ်လည်သောအံ့ဖွယ်ရာများကိုလက်ခံရန် ပြင်ဆင်နေကြသည်။ ကျွန်ုပ်တို့မကြာမီဆင်နွှဲမည့်တိုက်ပွဲအတွက် ကျွန်ုပ်တို့အားလုံးသည် စစ်လက်နက်များကိုဝတ်ဆင်ရမည်။ ဘုရားသခင်၏နှုတ်ကပတ်တော်ကိုယုံကြည်ပြီး ဆုတောင်းခြင်းနှင့်လေ့လာ၍ လက်တွေ့အသုံးချခြင်းသည် စာတန်၏တန်ခိုးကိုကာကွယ်မည့်ဒိုင်းလွှားဖြစ်ကာ၊ ခရစ်တော်၏အသွေးတော်အားဖြင့် ကျွန်ုပ်တို့အားအောင်မြင်သူများဖြစ်စေလိမ့်မည်။ (1T, p. 302).

–o–

ရှုလိုင် (၂၀)

## "ဘုရားသခင်၏လူတို့အားစမ်းသပ်ခြင်း"

**"ထိုနေ့၌ကား သခင်၊ သခင်၊ အကျွန်ုပ်တို့သည် ကိုယ်တော်အခွင့်နှင့်ဆုံးမဩဝါဒပေးပါပြီမဟုတ်လော။ ကိုယ်တော်အခွင့်နှင့်နတ်ဆိုးတို့ကိုနှင်ထုတ်ပါပြီမဟုတ်လော။ ကိုယ်တော်အခွင့်နှင့်များစွာသောတန်ခိုးတို့ကိုပြပါပြီမဟုတ်လောဟု အများသောသူတို့သည် လျှောက်ကြလိမ့်မည်။ ထိုသို့လျှောက်ကြသောအခါ သင်တို့ကိုငါအလျှင်းမသိ၊ အဓမ္မအမှုကိုပြုသောသူတို့၊ ငါ့ထံမှဖယ်ကြဟု ထိုသူတို့အားအတိအလင်းငါပြောမည်" (မဿဲ ၇း၂၂၊၂၃)။**

လှည့်ဖြားခြင်းမခံပါနှင့်။ စာတန်နှင့်နီးကပ်စွာဆက်စပ်နေသောအံ့ဖွယ်ရာဖြစ်ရပ်များ မကြာမီဖြစ်ပျက်လာမည်။ ဘုရားသခင်၏နှုတ်ကပတ်တော်က စာတန်သည် နိမိတ်လက္ခဏာများပြုလုပ်မည်ဖြစ်ကြောင်း ဖော်ပြထားသည်။ သူသည် လူတို့ကိုဖျားနာစေမည်။ ပြီးနောက် သူတို့ထံမှစာတန်၏တန်ခိုးကို ရုတ်တရက်ရုပ်သိမ်းလိမ့်မည်။ ထိုအခါသူတို့သည် ရောဂါပျောက်သကဲ့သို့ဖြစ်မည်။ အပြင်ပန်းအားဖြင့် ရောဂါပျောက်ကင်းသကဲ့သို့ဖြစ်သောလုပ်ဆောင်မှုများသည် သတ္တမနေ့မြော်လင့်ခြင်းအသင်းသူ/သားများကို စမ်းသပ်လိမ့်မည်။ ကြီးမားသောအလင်းတရားကိုရရှိပြီးသောသူအများသည် ခရစ်တော်နှင့်တစ်လုံးတစ်ဝတည်းဖြစ်မလာကြသောကြောင့် အလင်းတရား၌လျှောက်ရာတွင် ကျရှုံးလိမ့်မည်။ (2SM, p. 53).

ဆိုးယုတ်သောသူတို့သည် ကျွန်ုပ်တို့ကိုပတ်လည်ဝိုင်း၍၊ သရော်လျက်၊ ဖျက်ဆီးပစ်ရန်ခြိမ်းခြောက်နေစဉ် ကျွန်ုပ်တို့၏လူတို့သည် ကြီးမားစွာသောကရောက်၍ ငိုကြွေးလျက်ဆုတောင်းကာ ဘုရားသခင်၏သေချာမှုရှိသောကတိတော်များတောင်းခံကြသည်ကို ကျွန်ုပ်မြင်ခဲ့သည်။ သူတို့သည် ကျွန်ုပ်တို့၏အားနည်းခြင်းကို ပြက်ရယ်ပြုကြသည်။ ကျွန်ုပ်တို့လူဦးရေနည်းခြင်းကို ပြောင်လှောင်ကြသည်။ အနာတရဖြစ်စေသောစကားများဖြင့် ကျွန်ုပ်တို့ကိုခနဲ့တဲ့တဲ့ပြောကြသည်။ ကမ္ဘာကြီးနှင့်သီးခြားနေသည်ဟု ကျွန်ုပ်တို့ကိုစွပ်စွဲကြသည်။ သူတို့သည် ကျွန်ုပ်တို့၏ငွေကြေးများကိုဖြတ်တောက်ခြင်းကြောင့် မရောင်းမဝယ်ရဖြစ်လာပြီး အတိဆင်းရဲသည့်အခြေအနေသို့ရောက်သွားစေကြမည်။ လောကကြီးနှင့်ကင်း၍ ကျွန်ုပ်တို့မည်သို့အသက်ရှင်နိုင်သည်ကို သူတို့မသိကြချေ။ ကျွန်ုပ်တို့သည် လောကကြီးကိုမှီခိုခဲ့ကြသည်။ ကျွန်ုပ်တို့သည် လောက၏ဓလေ့ကျင့်စဉ်များနှင့်ဥပဒေများကို အလျှော့ပေးရမည်သို့မဟုတ် ၎င်းအထဲမှထွက်သွားရမည်။ အကယ်၍ ကျွန်ုပ်တို့သာဤကမ္ဘာတွင် ဘုရားသခင်မျက်နှာသာပေးတော်မူသောသူများဖြစ်နေလျှင် ကျွန်ုပ်တို့အားဆန့်ကျင်မှုသည် ထိတ်လန့်ဖွယ်ဖြစ်မည်။ သူတို့အထဲ၌နိမိတ်လက္ခဏာများရှိကြောင်း၊ ကောင်းကင်တမန်များသည် သူတို့နှင့်အတူစကားပြော၍ သူတို့နှင့်အတူလမ်းလျှောက်ကြောင်း၊ ကြီးမားသောတန်ခိုးနှင့်အံ့ဖွယ်နိမိတ်များ သူတို့အထဲ၌ဖြစ်ပျက်နေကြောင်း၊ ထိုအရာသည် သူတို့ကာလကြာမြင့်စွာကစောင့်မျှော်ခဲ့သော ကမ္ဘာပေါ်နှစ်ပေါင်းတစ်ထောင်စိုးစံခြင်းဖြစ်ကြောင်း စသည်ဖြင့်သူတို့၌သမ္မာတရားရှိကြောင်းပြောဆိုကြမည်။ တစ်လောကလုံးသည် ပထမနေ့ဥပဒေနှင့်အညီပြောင်းလဲလာခဲ့ပြီ။ ဤအားနည်းသောလူစုကလေးသည် နိုင်ငံတော်ဥပဒေနှင့် ဘုရားသခင်၏ပညတ်တော်ကိုအာခံသည်ဟုစွပ်စွဲကာ၊ သူတို့သည်သာ ကမ္ဘာပေါ်တွင်မှန်ကန်သူများဟုပြောဆိုကြသည်။ (Letter, p. 6, 1884).

အလုပ်ဖြစ်မည့် မည်သည့်နိမိတ်လက္ခဏာမဆို စာတန်သည် တုပမည်ဖြစ်သောကြောင့် ဘုရားသခင်၏လူတို့သည် အံ့ဖွယ်နိမိတ်လက္ခဏာများတွင် လုံခြုံမှုရှာတွေ့မည်မဟုတ်ချေ။ . . . သူတို့သည် "ကျမ်းစာလာသည်ကား" ဟူသော အသက်ရှင်သောနှုတ်ကပတ်တော်၌ရပ်တည်ကြမည်။ (2SM, p. 55).

–၀–

## ရှုလိုင် (၂၁)

# “သဘာဝလွန်လက္ခဏာမြင်ကွင်းများ”

**“အရပ်ရပ်တို့၌ ကြီးစွာသောမြေလှုပ်ခြင်း၊ အစာခေါင်းပါးခြင်း၊ ကာလနာများပြားခြင်းတို့သည် ဖြစ်ကြလိမ့်မည်။ မိုးကောင်းကင်၌လည်း ကြောက်မက်ဖွယ်သောအရာနှင့် ကြီးစွာသောပုပ္ပနိမိတ်တို့သည် ပေါ်ထွန်းကြလိမ့်မည်” (လုကာ ၂၁း၁၁)။**

ကျွန်ုပ်တို့သည် နောက်ဆုံးသောအချိန်နီးလာချိန်တွင် မယုံကြည်သူတို့၏တန်ခိုးခင်းကျင်းပြသခြင်းသည် သာ၍ကြီးမားလာမည်။ မယုံကြည်သူတို့၏ဘုရားများသည် ၎င်းတို့၏အချက်ပြသည့်တန်ခိုးကို ထင်ရှားစွာပြ၍၊ ကမ္ဘာ့မြို့ကြီးများရှေ့တွင် မိမိတို့ကိုယ်ကိုမြင်သာအောင်ပြကြမည်။ ဤပုံကြမ်းသည် ပြည့်စုံရန်စတင်နေပြီဖြစ်သည်။ (TM, pp. 117,118).

ယေရုရှလင်မြို့အပေါ်ကျရောက်မည့် တရားစီရင်ခြင်းနှင့်ပတ်သက်၍ ကယ်တင်ရှင်၏ကြိုတင်ဟောပြောချက်သည် အခြားသောပြည့်စုံမှုလည်းရှိသည်။ ယင်းမြို့၏ကြောက်မက်ဖွယ်ပျက်စီးယိုယွင်းခြင်းသည် ရေးရေးမျှရှိသောအရိပ်ပင်ဖြစ်သည်။ ရွေးချယ်ထားသောမြို့၏ကံကြမ္မာ၌၊ ဘုရားသခင်၏ကျေးဇူးကရုဏာကိုငြင်းပယ်၍ ကိုယ်တော်၏ပညတ်တော်ကိုနင်းချေသော လောကသားတို့၏ပြစ်ဒဏ်စီရင်ခြင်းကို ကျွန်ုပ်တို့မြင်နိုင်သည်။ (GC, p. 36).

နိမိတ်များနှင့်အံ့ဖွယ်ရာများပေါ်လာ၍၊ ဘေးအန္တရာယ်နှင့်ပြစ်ဒဏ်စီရင်ခြင်းနိမိတ်ပြလျက်ရှိသည်။ ညသန်းခေါင်ယံတွင် ဓမ္မတာအတိုင်းမဟုတ်သောအလင်းသည် ဗိမာန်တော်နှင့်ယဇ်ပလ္လင်ပေါ်တွင်လင်းခဲ့သည်။ နေဝင်ချိန်တိမ်တိုက်ပေါ်တွင် တိုက်ပွဲအတွက်စုရုံးနေသော မြင်ရထားများနှင့်စစ်သူရဲများကိုပုံဖော်ခဲ့သည်။ (GC, p. 29).



လွန်ခဲ့သော သောကြာနေ့မနက် (August 24, 1906)၊ ကျွန်ုပ်မနိုးမီစိတ်ထဲ၌အထူးစွဲမြဲစေသောဖြစ်ရပ်တစ်ခုကို ကျွန်ုပ်မြင်ခဲ့သည်။ ကျွန်ုပ်သည်နိုးနေဟန်ရှိသော်လည်း၊ ကျွန်ုပ်အိမ်မဟုတ်ချေ။ ပြတင်းပေါက်မှအကြီးအကျယ်မီးလောင်သည်ကိုမြင်နိုင်သည်။ မီးလုံးကြီးများသည် အိမ်များအပေါ်သို့ကျကာ၊ ယင်းမီးလုံးများမှ မြားကဲ့သို့သောမီးများသည် လေးဘက်လေးတန်သို့ပျံသန်းကြသည်။ ထိုအခါ များစွာသောနေရာများပျက်စီးကုန်သည်။ လူတို့၏ကြောက်လန့်မှုမှာ ဖော်ပြ၍ပင်မရချေ။ (Ev, p. 29).

နတ်ဆိုးများ၏နိမိတ်လက္ခဏာပြုသောတန်ခိုး၏အမှတ်သင်္ကေတအဖြစ်၊ သဘာဝလွန်လက္ခဏာကြောက်မက်ဖွယ်မြင်ကွင်းများသည် မကြာမီကောင်းကင်တွင်ပေါ်လာလိမ့်မည်။ နတ်ဆိုးများ၏ဝိညာဉ်များသည် လောကရှိဘုရင်များနှင့်တစ်လောကလုံးသို့ သူတို့ကိုလှည့်ဖြားမှုဖြင့် မြဲအောင်ချည်နှောင်ရန်နှင့် ကောင်းကင်၏အုပ်ချုပ်မှုကို မိမိ၏နောက်ဆုံးတိုက်ပွဲ၌ စာတန်နှင့်ပူးပေါင်းခြင်းငှာ သူတို့ကိုတိုက်တွန်းရန်ထွက်သွားကြသည်။ ဤကိုယ်စားလှယ်များအားဖြင့် အုပ်ချုပ်သူများနှင့်လက်အောက်ငယ်သားတို့သည် အတူတူပင်လှည့်ဖြားခြင်းခံရကြမည်။ လူတို့သည်ပေါ်လာ၍ ခရစ်တော်ကိုယ်တိုင်အဖြစ်ဟန်ဆောင်လျက်၊ လောက၏ကယ်တင်ရှင်နှင့်သက်ဆိုင်သောဘွဲ့နာမနှင့်ကိုးကွယ်ခြင်းကိုတောင်းဆိုကြမည်။ သူတို့သည် အံ့ဖွယ်အနာပျောက်ကင်းစေခြင်းနိမိတ်များကိုပြု၍၊ သမ္မာကျမ်းစာ၏သက်သေခံခြင်းနှင့်ဆန့်ကျင်သောကောင်းကင်မှရူပါရုံရရှိသည်ဟု ပြောကြလိမ့်မည်။ (GC, p. 624).

–၀–

## ရှုလိုင် (၂၂)

# “ဘုရားသခင်၏တံဆိပ်နှင့်သားရဲ၏တံဆိပ်အမှတ်”

**“ဤသက်သေခံချက်ကို ငါ့တပည့်တို့တွင်ထုပ်ထား၍၊ ပညတ်တရားကိုတံဆိပ်ခတ်လော့ဟုမိန့်တော်မူ၏” (ဟေရှာယ ၈း၁၆)။**

အသက်ရှင်လျက်ရှိကြသောဖြောင့်မတ်သူတို့သည် ဘုရားသခင်၏ တံဆိပ်တော်ကို ကရုဏာတံခါးမပိတ်မီရရှိကြလိမ့်မည်။ (1SM, p. 66).

ဘုရားသခင်၏တံဆိပ်အမှတ်ကို ထာဝရဘုရား၏ဖန်ဆင်းခြင်းအထိမ်းအမှတ်ဖြစ်သော သတ္တမနေ့ဥပုသ်ကိုစောင့်ခြင်းအရာ၌ဖော်ပြပြီး၊. . . ထိုအရာနှင့်ဆန့်ကျင်၍ သားရဲ၏တံဆိပ်အမှတ်ကိုမူ ရက်သတ္တတစ်ပတ်၏ပထမနေ့ကိုစောင့်ခြင်းဖြင့်ရရှိသည်။ (8T, p. 117).

ပထမနေ့ဥပုသ်စောင့်ခြင်းသည် သားရဲ၏တံဆိပ်အမှတ်မဟုတ်သေးချေ။ ဤဥပုသ်နေ့ရုပ်တုကို လူတို့အားကိုးကွယ်စေရန် အမိန့်ဒီဂရီမထုတ်မချင်းဖြစ်ဦးမည်မဟုတ်ချေ။ ဤနေ့သည် စမ်းသပ်မှုတစ်ခုဖြစ်လာမည့်အချိန်ရောက်လာမည်။ သို့သော် ထိုအချိန်သည်မရောက်သေးပေ။ (7BC, p. 977).

မည်သူမျှသားရဲ၏တံဆိပ်အမှတ်ကိုမရရှိသေးကြချေ။ စမ်းသပ်ရာကာလသည် ရောက်မလာသေးပေ။ ရောမအသင်းတော်အပါအဝင် အသင်းတော်တိုင်းတွင် စစ်မှန်သောခရစ်ယာန်များရှိနေသည်။ သူတို့သည် အလင်းတရားမရရှိမီ၊ စတုတ္ထပညတ်ချက်ကိုစောင့်ရမည်ဖြစ်ကြောင်းမသိရှိမီ မည်သူ့ကိုမျှပြစ်တင်ဝေဖန်ရန်မဟုတ်ချေ။ သို့ရာတွင် ဥပုသ်နေ့အတုကိုအတင်းအကျပ်ပြုရန် အမိန့်ဒီဂရီထုတ်၍၊ သားရဲနှင့်သူ၏ရုပ်တုကိုကိုးကွယ်ခြင်းကို တတိယကောင်းကင်တမန်၏ကျယ်လောင်သောကြွေးကြော်မှုဖြင့် သတိပေးလာသောအခါ၊ အမှားနှင့်အမှန်အကြားတွင် ရှင်းလင်းစွာခွဲခြားမှုရှိလိမ့်မည်။ ထိုအခါဆက်လက်၍ကျူးလွန်သူတို့သည် သားရဲ၏တံဆိပ်အမှတ်ကိုရရှိ ကြမည်။ (Ev, pp. 234, 235).



အကယ်၍ သင်တို့အား သမ္မာတရား၏အလင်းတရားကိုပြောပြ၍၊ စတုတ္ထပညတ်ချက်၏ဥပုသ်နေ့ကိုဖော်ပြပေးလျက်၊ ပထမနေ့စောင့်ခြင်းအတွက် ဘုရားသခင်၏နှုတ်ကပတ်တော်၌ အခြေအမြစ်မရှိကြောင်းကိုပြသကာ၊ သင်တို့သည် မှားယွင်းသောဥပုသ်နေ့၌တွယ်ကပ်လျက်နေပြီး၊ ဘုရားသခင်က “ငါ၏သန့်ရှင်းသောနေ့” ဟုခေါ်တော်မူသောဥပုသ်နေ့ကိုသန့်ရှင်းစွာစောင့်ရန်ငြင်းဆန်နေသေးလျှင်၊ သင်တို့သည် သားရဲ၏တံဆိပ်အမှတ်ကိုရကြမည်။ ဤအချိန်သည် ဘယ်အခါဖြစ်ပျက်မည်နည်း။ ပထမနေ့ကို သာမန်အလုပ်လုပ်ရမည့်နေ့ရက်တစ်ခုထက်သာ၍ဖော်ပြချက်သည် သမ္မာကျမ်းစာတွင် စကားလုံးတစ်ခုမျှမရှိကြောင်းကိုသင်သိနေပါလျက်၊ ပထမနေ့တွင် အလုပ်မှနားရန်နှင့် ဘုရားသခင်ကိုဝတ်ပြုကိုးကွယ်ရန် သင့်အားအမိန့်ပေးသောဒီဂရီကို သင်သည်နားထောင်သောအခါ၊ သင်သည် သားရဲ၏တံဆိပ်အမှတ်ကိုရရှိရန်နှင့် ဘုရားသခင်၏တံဆိပ်တော်ကိုငြင်းပယ်ရန်သဘောတူခြင်းပင်ဖြစ်သည်။ (Ev, p. 235).

မကြာမီကာလတွင် ဘုရားသခင်၏သားသမီးတိုင်းသည် ကိုယ်တော်၏တံဆိပ်တော်ကိုရရှိကြမည်။ အိုကျွန်ုပ်တို့၏နဖူးပေါ်တွင်ရချင်စမ်းပါဘိ။ ဘုရားသခင်၏အစေခံတို့၏နဖူးတွင်တံဆိပ်ခတ်မည့် ကောင်းကင်တမန်သည် လာသောအခါ ကျော်သွားမည့်အဖြစ်ကို အဘယ်သူတွေးဝံ့သနည်း။ (RH, May 28, 1889).

–o–

ရှုလိုင် (၂၃)

## "တံဆိပ်ခတ်ခြင်းနှင့်နောက်မိုး"

**"သို့သော်လည်း သခင်ဘုရားသည် မိမိလူတို့ကိုသိကျွမ်းတော်မူ၏ဟူ၍လည်းကောင်း၊ သခင်ဘုရား၏နာမတော်ကိုဝန်ခံသောသူမည်သည်ကား မတရားသောအမှုကိုရှောင်ရမည်ဟူ၍လည်းကောင်း၊ တံဆိပ်ခတ်လျက်ရှိသော ဘုရားသခင်၏တိုက်မြစ်သည် ခိုင်ခံ့၍တည်၏" (၂တိမောသေ ၂း၁၉)။**

အမှုတော်ကိုမပိတ်သိမ်းမီ၊ ဘုရားသခင်၏လူတို့ကိုတံဆိပ်ခတ်ခြင်းမပြီးဆုံးမီ၊ ကျွန်ုပ်တို့သည် ဘုရားသခင်၏ဝိညာဉ်တော်သွန်းလောင်းခြင်းကိုရရှိကြမည်။ ကောင်းကင်ဘုံမှကောင်းကင်တမန်တို့သည် ကျွန်ုပ်တို့အလယ်၌ရှိနေကြမည်။ (1SM, p. 111).

ကျွန်ုပ်တို့မလုပ်ဆောင်နိုင်သောအရာကို ကောင်းကင်ဘုံ၌ရှိတော်မူသောအကျွန်ုပ်တို့၏အဖသည် ကျွန်ုပ်တို့၏လက်၌မတောင်းဆိုချေ။ သူတို့အတွက် မိမိ၏ရည်ရွယ်ချက်ကို စိတ်အားထက်သန်စွာထမ်းဆောင်ရန်ကိုယ်တော်အလိုရှိတော်မူသည်။ ခရစ်တော်၌အရွယ်ရောက်ပြီးသောလူယောကျ်ား၊ မိန်းမများဖြစ်သည်အထိကြီးထွားမည်အကြောင်း သူတို့သည် တန်ခိုးကိုတောင်းရမည်၊ မျှော်လင့်ရမည်။ ရရှိရမည်ဖြစ်သည်။

အသင်းသူ/သားအားလုံးသည် ကိုယ်ပိုင်ဘုရားတရားကိုမပျိုးထောင်ကြချေ။ ထိုကြောင့်သူတို့သည် မိမိတို့၏ကိုယ်ပိုင်တာဝန်ဝတ္တရားကိုနားမလည်ကြချေ။ မြင့်မားသောခရစ်ယာန်စံလင်ခြင်းစံချိန်ကိုရောက်ရှိရန်မှာ သူတို့၏အခွင့်အရေးနှင့်တာဝန်ဖြစ်ကြောင်း သဘောမပေါက်ကြချေ။ . . ကျွန်ုပ်တို့သည် နောက်မိုးကိုမျှော်လင့်နေပါသလား။ အချိန်တန်သောအခါ အသင်းတော်သည်အထက်မှတန်ခိုးရ၍ အမှုတော်အတွက်သင့်လျော်လာမည့် သာ၍ကောင်းသောနေ့ရက်ကို စိတ်ချလက်ချစောင့်မျှော်နေသလား။ ဘုရားသခင်ပေးတော်မူသောတန်ခိုးများကို အသုံးမပြုသောပျင်းရိသူများကို နောက်မိုးသည် ဘယ်သောအခါမျှတက်ကြွလန်းဆန်းစေမည်မဟုတ်ပါ။

ဝိညာဉ်ရေးအသက်တာကို ကျွေးမွေး၊ လန်းဆန်းစေသောအသက်ကိုပေးသည့် သန့်ရှင်းသောလေထုကို ကျွန်ုပ်တို့အလွန်လိုအပ်လျက်ရှိသည်။ ကျွန်ုပ်တို့သည် သာ၍ကြီးမားသောစိတ်အားထက်သန်မှုကိုလိုအပ်သည်။ ကမ္ဘာကိုပြောရန် ကျွန်ုပ်တို့အားပေးထားသည့် လေးနက်သောသတင်းစကားကိုအမြင့်ဆုံးသောသူသည် ကျွန်ုပ်တို့နှင့်အတူလုပ်ဆောင်တော်မူကြောင်း၊ သူသည်ကျွန်ုပ်တို့၏ဖူလုံခြင်းနှင့် ခွန်အား၏အရင်းအမြစ်ဖြစ်ကြောင်း မယုံကြည်သောသူတို့ပင်လျှင်သိမြင်၍ စိတ်ထဲစွဲမှတ်စေရန် သာ၍ကြီးမားသောစိတ်အားထက်သန်မှုဖြင့် ဟောပြောရမည်။ . .

ပျောက်ဆုံးသောသိုးများကို သိုးခြံထဲသို့ပြန်ခေါ်လာရန်ကြိုးစားရာတွင်သင်၏စွမ်းအင်အားလုံးကို အသုံးပြုပါသလား။ မသိနားမလည်မှုကြောင့် သတိမပေးမိသောသူထောင်ပေါင်းများစွာရှိနေသည်။ ခရစ်တော်၏တန်ခိုးရရှိရန်အတွက် ယခင်အချိန်ထက်သာ၍များစွာဆုတောင်းပါ။ ပျက်စီးနေသူများကိုကယ်တင်လိုစိတ်နှင့်ပြည့်စေခြင်းငှာ ဝိညာဉ်တော်၏ပါဝင်မှုကိုတောင်းလျှောက်ပါ။ "ဘုရားသခင်သည် အကျွန်ုပ်တို့ကိုသနားခြင်းကရုဏာစိတ်တော်ရှိသဖြင့်ကောင်းချီးပေး၍၊ မျက်နှာတော်၏အလင်းကို လွှတ်တော်မူပါစေသော။ ထိုသို့သောအားဖြင့် မြေကြီးသားတို့သည် အမှုတော်တို့ကိုသိ၍၊ ခပ်သိမ်းသောလူမျိုးတို့သည် ကယ်တင်တော်မူခြင်းကျေးဇူးကိုခံရကြပါစေသော" (ဆာလံ ၆၇း၁၊၂) ဟုဆုတောင်းပါ။ (1HP, p. 338).

–၀–

## ဇူလိုင် (၂၄)

# "ကျန်ကြွင်းသူများနှင့်တံဆိပ်ခတ်ခြင်း"

**"ထာဝရဘုရား၏ကောင်းကင်တမန်ကလည်း၊ အိုစာတန်၊ ထာဝရဘုရားသည် သင့်ကိုဆုံးမတော်မူပါစေသော။ ယေရုရှလင်မြို့ကိုရွေးချယ်ပြီးသောထာဝရဘုရားသည် သင့်ကိုဆုံးမတော်မူပါစေသော။ ဤသူသည် မီးထဲကနုတ်သောထင်းစဖြစ်သည်မဟုတ်လောဟု စာတန်အားဆို၏" (ဇာခရိ ၃း၂)။**

ကျန်ကြွင်းသောအသင်းတော်သည် ကြီးမားသောစစ်ဆေးမှုနှင့်ပူပင်သောကရောက်လိမ့်မည်။ ဘုရားသခင်၏ပညတ်ချက်များနှင့် ခရစ်တော်၏ယုံကြည်ချက်ကိုစောင့်သောသူတို့သည် နဂါးနှင့်သူ့အပေါင်းအပါများ၏ဒေါသကို ခံစားရကြမည်။ စာတန်သည် လောကသားများကို သူ၏ငယ်သားများကဲ့သို့ရေတွက်သည်။ သူသည် ဖောက်ပြန်သောအသင်းတော်များကိုလည်း ထိန်းချုပ်ပြီးဖြစ်သည်။ သို့သော် သူ၏အာဏာကိုဖီဆန်သော လူစုအနည်းငယ်ရှိနေသည်။ အကယ်၍သူသည် ထိုသူတို့ကိုဤကမ္ဘာပေါ်မှရှင်းထုတ်နိုင်လျှင်၊ သူ၏အောင်မြင်ခြင်းသည် ပြည့်စုံလိမ့်မည်။ ဣသရေလတို့ကိုဖျက်ဆီးရန် တစ်ပါးအမျိုးသားကိုသူလှုံ့ဆော်သကဲ့သို့ မကြာမီအနာဂတ်တွင် ဘုရားသခင်၏လူတို့ကိုဖျက်ဆီးရန် ဆိုးသောလောကီအာဏာစက်တို့ကို သူနှိုးဆွလိမ့်မည်။ ဘုရားသခင်၏ပညတ်တော်ကိုချိုးဖောက်ခြင်း၌ လူသားစီရင်ချက်ကိုနားထောင်ရန် လူအားလုံးကိုတောင်းဆိုလိမ့်မည်။ ဘုရားသခင်အပေါ်နှင့် မိမိတာဝန်အပေါ်သစ္စာရှိသူတို့သည် ခြိမ်းခြောက်ခြင်း၊ လူသိရှင်ကြားစွပ်စွဲခြင်းနှင့် ထောင်ချပြီးပိုင်ဆိုင်မှုများသိမ်းခြင်း စသည်တို့ကိုခံရကြလိမ့်မည်။ သူတို့သည် "မိဘများ၊ ညီအစ်ကိုများ၊ ဆွေမျိုးများနှင့်မိတ်ဆွေများ၏သစ္စာဖောက်ခြင်းကို ခံကြရလိမ့်မည်။



သူတို့၏တစ်ခုတည်းသောမျှော်လင့်ချက်မှာ ဘုရားသခင်၏သနားခြင်းကရုဏာဖြစ်၍၊ သူတို့၏တစ်ခုတည်းသောအကာအကွယ်မှာလည်း ဆုတောင်းခြင်းဖြစ်သည်။ ယောရှုသည် ကောင်းကင်တမန်တော်ရှေ့တွင်တောင်းလျှောက်သကဲ့သို့၊ ကျန်ကြွင်းသောအသင်းတော်သည် စိတ်နှလုံးကြေကွဲလျက်၊ အားကြီးသောယုံကြည်ခြင်းဖြင့် သူတို့၏ရှေ့နေယေရှုအားဖြင့် အပြစ်လွှတ်ခြင်းနှင့်ကယ်နုတ်ခြင်းအတွက် တောင်းလျှောက်ကြလိမ့်မည်။. . .

စာတန်သည် ဘုရားသခင်ရှေ့တွင် သူတို့ကိုအပြစ်တင်စွပ်စွဲ၍၊ သူတို့သည် မိမိတို့၏အပြစ်အားဖြင့် ဘုရားသခင်၏ကာကွယ်မှုကိုလက်လွှတ်ကြသောကြောင့် အပြစ်ကျူးလွန်သူများအဖြစ် သူတို့ကိုဖျက်ဆီးရန် သူ့၌အခွင့်ရှိကြောင်း သူအခိုင်အမာဆိုသည်။

သို့သော် ဘုရားသခင်၏လူတို့သည် အပြစ်ပြုမိကြသော်လည်း၊ မိမိတို့ကိုယ်ကို စာတန်ထိန်းချုပ်မှုအောက်၌မထားကြချေ။ သူတို့သည် မိမိတို့အပြစ်များကိုဖယ်၍ နှိမ့်ချခြင်းနှင့်နောင်တတရားဖြင့် ထာဝရဘုရားကိုရှာကြရာ၊ ကောင်းကင်ရှေ့နေကြီးသည် သူတို့ကိုယ်စားတောင်းပန်ပေးတော်မူသည်။

ဘုရားသခင်၏လူတို့သည် မြေပေါ်ကစက်ဆုပ်ရွံရှာဖွယ်အတွက် ငိုယိုမြည်တမ်းကြသည်။ ဘုရားပညတ်တော်ကိုနင်းချေသော ဆိုးယုတ်သူတို့ကိုမျက်ရည်ဖြင့်သတိပေးကြသည်။ မိမိတို့၏ကိုယ်ပိုင်ကျူးလွန်မှုများအတွက် မဖော်ပြနိုင်လောက်အောင်ဝမ်းနည်းမှုဖြင့် ဘုရားသခင်ရှေ့တော်တွင်နှိမ့်ချကြသည်။ လူဆိုးတို့သည် သူတို့၏ဝမ်းနည်းခြင်းကိုပြောင်လှောင်ကြသည်။ သူတို့၏လေးနက်သောတောင်းလျှောက်သံများကို ပြက်ရယ်ပြုကြသည်။ သူတို့၏အားနည်းခြင်းကို နှာခေါင်းရှုံ့ကြသည်။

စာတန်သည် သူတို့ကိုအပြစ်တင်နေစဉ်၊ မမြင်ရသည့်သန့်ရှင်းသောကောင်းကင်တမန်တို့သည် သွားလာလျက်၊ အသက်ရှင်တော်မူသောဘုရားသခင်၏တံဆိပ်တော်ဖြင့် သူတို့ကိုခတ်လျက်နေကြသည်။ (RH, Jan. 9, 1908).

–о–

ရှုလိုင် (၂၅)

## "အမေရိကန်နိုင်ငံနောက်သို့တစ်ကမ္ဘာလုံးလိုက်ခြင်း"

**"ထိုကြောင့် လူအပေါင်းတို့သည် တံပိုး၊ ခရာ၊ စောင်း၊ ပလွေ၊ တယော၊ ပတ်သာအစရှိသောတူရိယာမျိုးတီးမှုတ်ခြင်းအသံကို ကြားသောအခါ အသီးသီးအခြားခြားသောဘာသာစကားကိုပြောသော လူအမျိုးမျိုးအပေါင်းတို့သည်ပျပ်ဝပ်၍၊ နေဗုခဒ်နေဇာမင်းကြီးတည် ထားသောရွှေရုပ်တုကို ကိုးကွယ်ကြ၏" (ဒံယေလ ၃း၇)။**

သမိုင်းရဟတ်တစ်ပတ်လည်လိမ့်မည်။ မှားယွင်းသောဘုရားတရား ကြည်ညိုခြင်းသည် ချီးမြှောက်ခြင်းခံရလိမ့်မည်။ သန့်ရှင်းစင်ကြယ်စေခြင်းမရှိသော သာမန်နေ့တစ်နေ့၊ ရက်သတ္တပတ်၏ပထမနေ့ကို ဗာဗုလုန်မြို့၌တည်ခဲ့သောရုပ်တုကဲ့သို့ တည်ထားလိမ့်မည်။ နိုင်ငံအားလုံးမှဘာသာစကားအမျိုးမျိုးကိုပြောသောလူတို့အား အတုအယောင်ဥပုသ်နေ့ကိုကိုးကွယ်ရန် အမိန့်ပေးခြင်းခံရကြမည်။ ဖန်ဆင်းခြင်းအထိမ်းအမှတ်အဖြစ် လောကကိုပေးထားသည့် ဘုရားသခင်သတ်မှတ်ထားသောနေ့ကို အသိအမှတ်မပြုရန်မှာ စာတန်၏ အကြံအစည်ဖြစ်သည်။

ဤနေ့တွင် ဝတ်ပြုကိုးကွယ်ရန်အကျပ်ကိုင်သောအမိန့်ဒီဂရီသည် တစ်ကမ္ဘာလုံးသို့ပျံ့နှံ့သွားလိမ့်မည်။ (7BC, p. 976).

ဘာသာရေးလွတ်လပ်ခွင့်ရှိသောနိုင်ငံဖြစ်သည့် အမေရိကန်နိုင်ငံသည် သြတ္တပ္ပစိတ်ကိုအတင်းအကျပ်ပြု၍၊ မှားယွင်းသောဥပုသ်နေ့ကိုဂုဏ်ပြုရန် လူတို့အားအနိုင်အထက်ပြုရာ၌ ရဟန်းမင်းနှင့်ပေါင်းသောအခါ၊ ကမ္ဘာပေါ်ရှိနိုင်ငံတိုင်းမှလူတို့သည် ၎င်း၏ပုံနမူနာကိုလိုက်ကြမည်။ (6T, p. 18).



အခြားနိုင်ငံတို့သည် အမေရိကန်နိုင်ငံ၏ပုံနမူနာကိုလိုက်ကြလိမ့်မည်။ ယင်းနိုင်ငံသည် စတင်ဦးဆောင်သော်လည်း၊ အလားတူကပ်ဆိုက်သောကာလသည် ကမ္ဘာ့နိုင်ငံအသီးသီးရှိ ကျွန်ုပ်တို့၏လူတို့အပေါ်သို့ကျရောက်လိမ့်မည်။ (6T, p. 395).

နိုင်ငံအပေါင်းတို့သည် မိမိတို့နေရာတွင်ထကြွကြလိမ့်မည်။ တစ်ခုတည်းသောအကျင့်စာရိတ္တကိုစမ်းသပ်သည့် တစ်ခုတည်းသောဘုရားသခင်၏ ဖြောင့်မတ်ခြင်းစံချိန်ကို ဟောပြောသောသူတို့ထံမှ အထောက်အပံ့များကိုရုပ်သိမ်းလိမ့်မည်။ အမျိုးသားကောင်စီမှချမှတ်သောအမိန့်ကို ဦးမချ၊ ဘုရားသခင်၏ သန့်ရှင်းသောနေ့ကိုဥပေက္ခာပြုရန် ဒုစရိုက်လူတည်ထားသောဥပုသ်နေ့ကိုချီးမြှင့်မည့် အမျိုးသားဥပဒေကိုနားမထောင်သောသူအားလုံးသည် ရဟန်းမင်းတစ်ဦးတည်းသာမက၊ သားရဲ၏ရုပ်တုဖြစ်သော ပရိုတက်စတန့်ကမ္ဘာ၏ဖိနှိပ်သော အာဏာစက်ကို ခံစားရကြမည်။ (2SM, p. 380).

ဘုရားသခင်၏လူတို့ရှေ့၌ရှိသော ပူပင်သောကအချိန်အတွက် မပြောင်းလဲသောယုံကြည်ခြင်းလိုအပ်သည်။ ကိုယ်တော်၏သားသမီးများသည် ကိုယ်တော်သည်သာလျှင် ဝတ်ပြုကိုးကွယ်ရမည့်သူဖြစ်တော်မူကြောင်း ဖော်ပြကြရမည်။ အသက်အန္တရာယ်ပင်ရှိနေပါစေ၊ မှားယွင်းသောဝတ်ပြုကိုးကွယ်မှုဘက်သို့ အသေးငယ်ဆုံးသောအလျှော့ပေးမှုကိုပင်ပြုလုပ်ရန် စဉ်းစား၍မရနိုင်ကြချေ။ သစ္စာရှိသူများအတွက် အပြစ်နှင့်အကန့်အသတ်ရှိသော လူသား၏အမိန့်များသည် ထာဝရဘုရားသခင်၏နှုတ်ကပတ်ဘေးတွင် အရေးမပါသောအရာကဲ့သို့ နစ်မြုပ်သွားလိမ့်မည်။ ထောင်ချခြင်း၊ ပြည်နှင်ဒဏ်ပေးခြင်း၊ သေခြင်း စသည်တို့ကိုခံရနိုင်သော်လည်း သမ္မာတရားကိုနားထောင်ကြလိမ့်မည်။ (PK, pp. 512, 513).

–o–

ရှုလိုင် (၂၆)

## "အဆုံး၏အစ"

**"အရှင်ထာဝရဘုရားမိန့်တော်မူသည်ကား၊ ဘေးတစ်ခုနောက်တစ်ခုရောက်လာ၏။ ဆုံးခြင်းဘေးရောက်လာ၏။ ဆုံးခြင်းဘေးရောက်လာ၏။ သင့်ကိုစောင့်လျက်ရောက်လာ၏" (ယေဇကျေလ ၇း၅၊၆)။**

ကမ္ဘာကြီးယူဆောင်လာမည့်အမိန့်သည် ကြောက်မက်ဖွယ်ကောင်းလှသည်။ လောကီအာဏာစက်တို့သည် ဘုရားသခင်၏ပညတ်ချက်များကိုစောင့်သောသူတို့အား စစ်တိုက်ခြင်းငှာပေါင်းစည်း၍၊ "ငွေရတတ်သောသူ၊ ဆင်းရဲသောသူ၊ ကျွန်ခံရသောသူ၊ လွတ်သောသူ၊ အကြီးအငယ်ရှိသမျှတို့သည်" မှားယွင်းသောဥပုသ်နေ့ကိုစောင့်ခြင်းအားဖြင့် အသင်းတော်၏ဓလေ့ထုံးတမ်းများနှင့် လိုက်လျောညီစေရန် အမိန့်ထုတ်ပြန်လိမ့်မည်။ လိုက်နာရန်ငြင်းဆန်သူအားလုံးကို ပြစ်ဒဏ်ချမှတ်၍ အဆုံးတွင်သူတို့သည် သေထိုက်သည်ဟုဆိုကြလိမ့်မည်။ အခြားတစ်ဖက်တွင်မူ၊ ဘုရားသခင်၏ပညတ်တော်သည် ဖန်ဆင်းရှင်၏နားနေ့ရက်ကိုစောင့်ရန်တိုက်တွန်းပြီး၊ ၎င်းပညတ်ချက်ကျူးလွန်သူအားလုံးအပေါ် အမျက်တော်ရှမည်ဖြစ်ကြောင်း ခြိမ်းခြောက်ထားသည်။

အမိန့်ထုတ်ပြန်ချက်ကိုရှင်းလင်းစွာသိရှိလျက် ဘုရားသခင်၏ပညတ်တော်ကိုနင်းချေ၍ လူသား၏ဥပဒေကိုနားထောင်သောသူမည်သူမဆို သားရဲ၏တံဆိပ်အမှတ်ရရှိမည်။ ဘုရားသခင်အစား နားထောင်ရန်သူရွေးချယ်သောအာဏာစက်နှင့်မဟာမိတ်ဖွဲ့ခြင်းအမှတ်ကိုရရှိမည်။. . .

ဥပုသ်နေ့သည်မှန်ကန်ကြောင်း လက်သင့်မခံသည့်သမ္မာတရားဖြစ်နေခြင်းကြောင့်၊ ၎င်းသည် ကြီးမားသောသစ္စာရှိမှုစမ်းသပ်သည့်အရာဖြစ်လာမည်။



လူတို့အပေါ်နောက်ဆုံးသောစမ်းသပ်မှုကိုပြုလုပ်ပြီးနောက်၊ ဘုရားသခင်၏ဝတ်ကိုပြုကြသူများနှင့်မပြုသောသူတို့အကြားတွင် ထင်ရှားစွာခွဲခြားမှုရှိလိမ့်မည်။ စတုတ္ထပညတ်ချက်နှင့်ဆန့်ကျင်၍ နိုင်ငံတော်ဥပဒေနှင့်ညီထွေအောင် မှားယွင်းသောဥပုသ်နေ့ကိုစောင့်ခြင်းသည် ဘုရားသခင်ကိုအတိုက်အခံပြုသော အာဏာစက်နှင့် မဟာမိတ်ဖွဲ့ရာကတိဝန်ခံချက်ဖြစ်နေစဉ်တွင် ဘုရားသခင်၏ပညတ်ကိုစောင့်ခြင်းဖြင့် ဥပုသ်နေ့အမှန်ကိုစောင့်ခြင်းသည် ဖန်ဆင်းရှင်အပေါ်သစ္စာရှိခြင်းအထောက်အထားဖြစ်သည်။ လူတစ်ဖွဲ့သည် လောကီအာဏာပိုင်များထံအပ်နှံခြင်းအမှတ်လက္ခဏာကိုလက်ခံခြင်းဖြင့် သားရဲ၏တံဆိပ်အမှတ်ကိုရရှိကြစဉ်၊ အခြားသူတို့မူကား ဘုရားသခင့်အာဏာတော်နှင့်မဟာမိတ်ဖွဲ့အထိမ်းအမှတ်ကိုရွေးချယ်ခြင်းဖြင့် ဘုရားသခင်၏တံဆိပ်တော်ကိုရရှိကြသည်။

ယခင်က တတိယကောင်းကင်တမန်သတင်းစကား၏သမ္မာတရားများကို ဟောပြောသောသူတို့ကို သတိပေးသူများသက်သက်အဖြစ်မှတ်ယူခဲ့ကြသည်။. . . သို့ရာတွင် ပထမနေ့စောင့်ရန် အတင်းအကျပ်ပြုခြင်းပြဿနာသည် ကျယ်ပြန့်စွာလှုပ်ရှားလာ၍၊ ကြာမြင့်စွာမယုံကြည်သံသယရှိခဲ့သောအရာသည် ချဉ်းကပ်လာနေသည်ကိုမြင်ရသောအခါ၊ တတိယသတင်းစကားသည် အလျင်ကနှင့်မတူဘဲ၊ အကျိုးဖြစ်ထွန်းလိမ့်မည်။ (GC, pp. 604-606).

–၀–

ရှုလိုင် (၂၇)

## "နိုင်ငံတော်၏ဖောက်ပြန်မှုသည်နိုင်ငံတော်ပျက်စီးမှုဖြစ်စေသည်"

**"ပြည်သားတို့သည် တရားတော်ကိုလွန်ကျူးခြင်း၊ အမိန့်တော်ကိုပြောင်းလဲခြင်း၊ ထာဝရသစ္စာတော်ကိုဖျက်ခြင်းအကြောင်းကြောင့် ပြည်တော်သည်ညစ်ညူးခြင်းရှိ၏" (ဟေရှာယ ၂၄း၅)။**

အမေရိကန်နိုင်ငံသားတို့သည် မျက်နှာသာပေးခြင်းခံရသူများဖြစ်ကြသည်။ သို့သော်သူတို့သည် ဘာသာရေးလွတ်လပ်မှုကိုကန့်သတ်၍၊ ပရိုတက်စတန့်ဝါဒကိုစွန့်လွှတ်ပြီး၊ ရဟန်းမင်းကိုမျက်နှာသာပေးသောအခါ သူတို့၏အပြစ်သည် ခွက်ဖလားပြည့်ကာ၊ "နိုင်ငံတော်ဖောက်ပြန်မှု" ကို ကောင်းကင်စာစောင်တွင်ရေးမှတ်ထားလိမ့်မည်။ ဤဖောက်ပြန်ခြင်း၏ရလဒ်သည် နိုင်ငံတော်ပျက်စီးခြင်းဖြစ်လိမ့်မည်။ (RH, May 2, 1893).

ဘုရားသခင်၏ပညတ်တော်ကိုချိုးဖောက်ရာဖြစ်သော ရဟန်းမင်း၏ဓလေ့ထုံးစံကို အမိန့်ဒီဂရီဖြင့်အကျပ်ကိုင်ခြင်းအားဖြင့် ကျွန်ုပ်တို့၏နိုင်ငံ (USA) သည် မိမိကိုယ်ကိုဖြောင့်မတ်ခြင်းတရားမှလုံးဝအဆက်ဖြတ်လိမ့်မည်။ ပရိုတက်စတန့်အယူဝါဒသည် ရောမအသင်းတော်၏တန်ခိုးအာဏာကိုဆုပ်ကိုင်နိုင်ရန်သူ၏လက်ကို ချောက်ကြီးကိုကျော်ပြီးဆန့်တန်း၍၊ နာမ်ဝိညာဉ်ကိုးကွယ်ခြင်းဝါဒနှင့်ချိတ်တွယ်ရန် ၎င်း၏လက်ကိုအလွန်နက်သောချောက်ကြီးကိုကျော်၍လှမ်းကာ၊ ဤအရာသုံးခုပေါင်းစည်းခြင်း၏ဩဇာအရှိန်အောက်၌ ကျွန်ုပ်တို့နိုင်ငံသည် ပရိုတက်စတန့်အသင်းတော်နှင့် ရီပတ်ပလီကန်အစိုးရအနေဖြင့်ဖွဲ့စည်းပုံအခြေခံဥပဒေကိုစွန့်လွှတ်ပြီး၊ ရဟန်းမင်း၏မုသားနှင့်လိမ်လည်မှုကိုပြန့်ပွားစေရန် စီမံချက်ကိုပြုလုပ်လာသောအခါ၊ စာတန်၏အံ့ဩဖွယ်ရာများပြုလုပ်မည့်အချိန်နှင့်အဆုံးသည် နီးနေကြောင်းကို ကျွန်ုပ်တို့သိနိုင်လိမ့်မည်။ (5T, p. 451).



နာမ်ဝိညာဉ်ကိုးကွယ်မှုအားဖြင့် စာတန်သည် လူသားမျိုးနွယ်၏ကောင်းမှုပြုသူကဲ့သို့ ရှေ့မှောက်သို့ရောက်လာ၍၊ သူတို့၏အနာရောဂါများကိုပျောက်ကင်းစေပြီး၊ သာ၍မြင့်မြတ်သောဘာသာရေးယုံကြည်မှုစနစ်သစ်တစ်ခုကိုတင်ပြနေကြောင်းပြောဆိုသည်။ သို့သော် တစ်ချိန်တည်းတွင် သူသည်ဖျက်ဆီးသူအဖြစ်လုပ်ဆောင်လျက်ရှိသည်။ . . .

လူတို့ထံသို့ သူတို့၏အနာရောဂါများကိုပျောက်ကင်းစေနိုင်သောသမားတော်ကြီးကဲ့သို့ ထင်ရှားပြနေစဉ်၊ နာမည်ကြီးမြို့ကြီးများသည် ပျက်စီးပြီးလူသူကင်းမဲ့သည်အထိ အနာရောဂါများနှင့်ဘေးဒုက္ခများကိုဖန်တီးလိမ့်မည်။ . . .

ထိုအခါ မဟာလှည့်ဖြားသူက ဘုရားသခင်၏ဝတ်ကိုပြုသောသူတို့သည် ဤမကောင်းမှုများကိုဖြစ်စေကြောင်းယုံကြည်ရန် လူတို့ကိုသွေးဆောင်လိမ့်မည်။ (GC, pp. 589, 590).

လူတို့သည် ဘုရားသခင်ထံတော်မှ ဝေးသထက်ဝေးအောင်ထွက်သွားသောအခါ၊ စာတန်ကိုနားထောင်မှုမရှိသောထိုသူတို့အပေါ်တွင် တန်ခိုးရှိရန်ခွင့်ပြုထားသည်။ သူသည် လူတို့အကြားတွင် ပျက်စီးခြင်းကိုထည့်ပေးလိုက်သည်။ ကုန်းနှင့်ရေတွင် ဘေးဒုက္ခများရှိလာသည်။ စာတန်သည် ဤအရာကိုမိမိတည်ထားသောရုပ်တုကိုဦးချရန်ငြင်းဆန်သူတို့အပေါ် စွပ်စွဲရန်ဆုံးဖြတ်လျက်ရှိသည်။ သူ၏ကိုယ်စားလှယ်တို့က သတ္တမနေ့အသင်းသားများသည် ဤဒုက္ခဖြစ်ရခြင်းအကြောင်းရင်းများဖြစ်သည်ဟု လက်ညှိုးထိုးကြသည်။ "ဤသူတို့သည် ဥပဒေကိုပြောင်ပြောင်တင်းတင်းဆန့်ကျင်ကြသည်။ သူတို့သည် ပထမနေ့စောင့်ရန်ဥပဒေကို ဤသူတို့အားအနိုင်အထက်စောင့်စေလျှင် ဤကြောက်မက်ဖွယ်တရားစီရင်မှုများသည် ရပ်စဲသွားလိမ့်မည်" ဟုသူတို့ဆိုကြသည်။ (RH, July 16, 1901).

–၀–

ရှုလိုင် (၂၈)

## “လောကသည်ဘုရားသခင်၏လူတို့ကိုဆန့်ကျင်သည်”

**“နဂါးသည်မိန်းမကိုအမျက်ထွက်၍၊ ဘုရားသခင်၏ပညတ်တော်တို့ကိုကျင့်၍၊ ယေရှု၏သက်သေခံတော်မူချက်ကိုစွဲလမ်းသောသူတည်းဟူသော ထိုမိန်းမ၏ကြွင်းသောအမျိုးအနွယ်ကို စစ်တိုက်ခြင်းငှာသွား၏” (ဗျာဒိတ် ၁၂:၁၇)။**

ကျွန်ုပ်တို့၏လူတို့သည် ဂရုစိုက်ရန်မထိုက်၊ လွန်စွာပင်အရေးမကြီးဟု ထင်မှတ်ခံရကြသည်။ သို့သော် အပြောင်းအလဲရောက်လာမည်။ ပညတ်တော်ကိုစောင့်သောသူတို့သည် ထင်ပေါ်ကျော်စောလာမည်အကြောင်း ခရစ်ယာန်လောကသည် လိုအပ်သောလှုပ်ရှားမှုများကို ယခုပြုလုပ်နေသည်။ (5T, p. 546).

ဤအန္တိမခရစ်ယာန်တန်ခိုးအာဏာစက်ထူထောင်ခဲ့သော ပထမနေ့ကိုဂုဏ်ပြုသောအားဖြင့် ရဟန်းမင်းကိုအရိုအသေပေးရန်အလျှော့မပေးသောကြောင့် သတ္တမနေ့မြော်လင့်ခြင်းအသင်းသူအသင်းသားများကိုရန်ဘက်ပြုရန် တစ်လောကလုံးသည်ထကြွလိမ့်မည်။ မိမိ၏ကမ္ဘာကိုစိုးမိုးမှုသည် အငြင်းပွားဖွယ်မဖြစ်စေခြင်းငှာ၊ သူတို့ကိုဤမြေပေါ်မှရှင်းထုတ်ပစ်ရန်မှာ စာတန်၏ရည်ရွယ်ချက်ပင်ဖြစ်သည်။ (TM, p. 37).

ကျွန်ုပ်တို့လူတို့၏သမ္မာတရားအပေါ်ရပ်တည်ချက်တိုင်းကို ကျမ်းတတ်ပညာရှင်များကဝေဖန်လိမ့်မည်။ လောက၏ပညာရှင်တို့သည် သမ္မာတရားနှင့်ထိတွေ့လာကြမည်။ ထို့ကြောင့် ကျွန်ုပ်တို့၏ရပ်တည်ချက်တိုင်းကိုဝေဖန်သုံးသပ်၍၊ သမ္မာကျမ်းစာဖြင့်စစ်ဆေးရမည်။ ယခုတွင်မူကျွန်ုပ်တို့သည် သတိထားဟန်မရှိချေ။ သို့ရာတွင် ထိုသို့အမြဲမဖြစ်ရာ။ ကျွန်ုပ်တို့အား လူသူများရှေ့သို့တွန်းပို့ရန် လှုပ်ရှားမှုများစတင်လျက်ရှိနေသည်။ အကယ်၍ သမိုင်းပညာရှင်များနှင့်ကျမ်းတတ်ပညာရှင်တို့သည် ကျွန်ုပ်တို့၏သမ္မာတရားယုံကြည်ချက်များကို တစ်စစီဆွဲဖြတ်နိုင်ရန်လုပ်ဆောင်ကြလိမ့်မည်။

သမ္မာတရားသည် မည်သည့်အရာဖြစ်သည်ကို ကျွန်ုပ်တို့တစ်ဦးချင်းစီသိရှိရမည်။ ကျွန်ုပ်တို့သည် မာန်မာန၊ ကြွားဝါခြင်းနှင့်မိမိကိုယ်ကိုပြည့်စုံခြင်း စသည့်စိတ်နှင့်မဟုတ်ဘဲ၊ သိမ်မွေ့ကြောက်ရွံ့ခြင်းနှင့် ခရစ်တော်၏စိတ်သဘောဖြင့်ရရှိသော မျှော်လင့်ချက်၏အကြောင်းရင်းများကို ရှင်းပြရန်ပြင်ဆင်ထားရမည်။ ကျွန်ုပ်တို့၏ယုံကြည်ချက်ကိုဖြေကြားရန် တစ်ဦးချင်းရပ်တည်ရမည့်အချိန်သည်နီးလာပေပြီ။ (Ev, p. 69).

ကျွန်ုပ်တို့ကိုထောင့်စုံမှတိုက်ခိုက်လိမ့်မည်။ အပြင်းထန်ဆုံးစစ်ဆေးခံရမည်။ ကျွန်ုပ်တို့ဘိုးဘွားတို့မှတစ်ဆင့် လက်ဆင့်ကမ်းရရှိသောသမ္မာတရားမျိုးသာမဖြစ်စေရပါ။ ထိုသို့သောယုံကြည်ခြင်းဖြင့် ကျွန်ုပ်တို့ရှေ့၌ရှိသောစမ်းသပ်မှုတွင် ရပ်တည်နိုင်မည်မဟုတ်ချေ။ ကျွန်ုပ်တို့သတ္တမနေ့မြော်လင့်ခြင်းအသင်းသူအသင်းသားတို့သည် အဘယ်ကြောင့်လောကမှခွဲထွက်၍၊ ခြားနားသောလူများအဖြစ်ရှိနေရခြင်း၏စစ်မှန်သောအကြောင်းရင်းကို ကျွန်ုပ်တို့သိရမည်။. . .

မှောင်မိုက်၏တန်ခိုးများသည် ၎င်းတို့၏လက်နက်များဖြင့် ကျွန်ုပ်တို့ကိုတိုက်ခိုက်လိမ့်မည်။ ဂရုမစိုက်ဥပေက္ခာပြုသောသူ၊ မိမိတို့၏လောကီဘဏ္ဍာကိုစွဲလမ်းသောသူ၊ ဘုရားသခင်သည် မိမိ၏လူတို့အားကိုင်တွယ်ပုံကို ဂရုမစိုက်သောသူအားလုံးသည် အဆင်သင့်ဖြစ်နေသောသားကောင်များဖြစ်ကြသည်။ တန်ခိုးအားဖြင့်မဟုတ်ဘဲ ယေရှု၌ရှိသကဲ့သို့ သမ္မာတရားကိုသိကျွမ်းခြင်းသည် ကျွန်ုပ်တို့ကိုမြဲမြံစေလိမ့်မည်။ ဤအရာဖြင့် လူတစ်ဦးသည် လူတစ်ထောင်ကိုမောင်းထုတ်နိုင်၍၊ လူနှစ်ဦးသည် လူတစ်သောင်းကိုထွက်ပြေးစေနိုင်သည်။ (RH, April 29, 1884).

–o–

### ရှုလိုင် (၂၉)

## "ဗျာဒိတ်ကျမ်း (၁၈) မှကောင်းကင်တမန်"

**"ထိုနောက်မှကောင်းကင်တမန်တစ်ပါးသည် ကြီးစွာသောတန်ခိုးနှင့်ပြည့်စုံ၍ ကောင်းကင်ကဆင်းသက်သည်ကိုငါမြင်၏။ သူ၏ရောင်ခြည်အားဖြင့် မြေကြီးထွန်းလင်းလျက်ရှိ၏" (ဗျာဒိတ် ၁၈း၁)။**

ဗျာဒိတ်ကျမ်းအခန်းကြီး ၁၈ မှအနာဂတ်၏ဟောကြားချက်များသည် မကြာမီပြည့်စုံလိမ့်မည်။ တတိယကောင်းကင်တမန်၏သတင်းစကားကိုဟောပြောနေစဉ်၊ "ကောင်းကင်တမန်တစ်ပါးသည် တန်ခိုးနှင့်ပြည့်စုံလျက်ကောင်းကင်ကဆင်းသက်" ၍ "သူ၏ရောင်ခြည်အားဖြင့် မြေကြီးသည်ထွန်းလင်းလျက်ရှိ၏။" ဘုရားသခင်၏ဝိညာဉ်တော်သည် ဆက်ကပ်လျက်ရှိကြသော လူသားတန်ဆာပလာတို့ကို ကျေးဇူးများစွာဖြင့်ကောင်းချီးပေးပြီးယောကျ်ား၊ မိန်းမနှင့်ကလေးသူငယ်တို့သည် ကျေးဇူးတော်ချီးမွမ်းလျက် မိမိတို့ပါးစပ်များကိုဖွင့်ကြရာ၊ ရေသည် ပင်လယ်ပြင်ကိုဖုံးလွှမ်းသကဲ့သို့ မြေကြီးသည် ဘုရားသခင်ကိုသိကျွမ်းခြင်းနှင့် ကိုယ်တော်၏သာလွန်ထူးကဲသောဘုန်းတော်ဖြင့်ပြည့်လိမ့်မည်။

အစက မိမိတို့၏ယုံကြည်စိတ်ချမှုကို အဆုံးတိုင်အောင်ကိုင်စွဲသောသူတို့သည် တတိယကောင်းကင်တမန်၏သတင်းစကားကို ကြီးစွာသောတန်ခိုးဖြင့်ဟောပြောချိန်အတွင်း နိုးနိုးကြားကြားရှိကြမည်။ ကျယ်လောင်စွာကြွေးကြော်ခြင်းအတွင်း အသင်းတော်သည် ၎င်း၏မြင့်မြတ်သောသခင်ဘုရား၏စောင်မခြင်းအားဖြင့် အလင်းတရားကိုမြို့ကြီးများနှင့်မြို့ငယ်တိုင်းတွင် ဟောပြောနိုင်မည်အကြောင်း ကယ်တင်ခြင်းသတင်းစကားကို ပျံ့နှံ့စေကြလိမ့်မည်။ မြေကြီးသည် ကယ်တင်ခြင်းသတင်းစကားဖြင့်ပြည့်နေလိမ့်မည်။ လက်ရှိသမ္မာတရား၏အလင်းတရားသည် နေရာတကာလင်းလက်နိုင်မည်အကြောင်း၊ အလွန်တက်ကြွသောကိုယ်စားလှယ်များကို အားသစ်လောင်းသော ဘုရားသခင်၏ဝိညာဉ်တော်သည် မြောက်မြားစွာသောအောင်မြင်ခြင်းဦးရစ်ကို ဆောင်းပေးတော်မူသည်။ (RH, Oct. 13, 1904).

ယခုအချိန်တွင် ဘုရားသခင်သည် အခြေအနေကိုထိန်းချုပ်သောအရှင်သခင်ဖြစ်ကြောင်း တသီတတန်းဖြစ်ရပ်များက ဖော်ပြလိမ့်မည်။ သမ္မာတရားကိုရှင်းလင်းပြီး၊ မမှားနိုင်သောစကားဖြင့်ဟောပြောလိမ့်မည်။ လူတစ်စုအနေဖြင့် ကျွန်ုပ်တို့သည် သန့်ရှင်းသောဝိညာဉ်တော်၏လမ်းပြမှုဖြင့် သခင်ဘုရား၏လမ်းခရီးကိုပြင်ဆင်ကြရမည်။ ဧဝံဂေလိသတင်းကို ၎င်း၏စင်ကြယ်မှုရှိသည်အတိုင်း ဟောပြောရမည်။ အသက်စမ်းရေစီးရာချောင်းသည် သာ၍နက်ပြီး၊ သာ၍ကျယ်ပြန့်စေရမည်။ အနီးအဝေးရှိလယ်တို့မှလူတို့ကို လယ်ထွန်ရာမှလည်းကောင်း၊ စိတ်ကိုအများဆုံးစိုးမိုးသော သာမန်စီးပွားရေးလုပ်ငန်းများမှလည်းကောင်း ခေါ်ထုတ်၍၊ အတွေ့အကြုံရင့်ကျက်သူများနှင့်ဆက်သွယ်စေပြီး ပညာပေးရမည်။ ထိရောက်စွာအလုပ်လုပ်ရန် သူတို့သင်ယူလာသောအခါ၊ သူတို့သည် သမ္မာတရားကို တန်ခိုးနှင့်ဟောပြောကြလိမ့်မည်။ ဘုရားသခင်၏စောင်မခြင်းအားဖြင့် အလွန်အံ့သြဖွယ်ရာများကိုပြုလုပ်ကာ၊ တောင်များကဲ့သို့ ကြီးမားသောအခက်အခဲများကိုဖယ်ရှား၍ ပင်လယ်ထဲသို့ချပစ်လိုက်ကြမည်။ မြေကြီးသားတို့အတွက် အလွန်အဓိပ္ပါယ်ရှိသောသတင်းစကားကိုကြား၍ နားလည်ကြလိမ့်မည်။ လူတို့သည် သမ္မာတရားကိုနားလည်လာကြမည်။ ကမ္ဘာကြီးတစ်ခုလုံးကို သတိပေးပြီးသည့်တိုင်အောင်၊ အမှုတော်သည် ရှေ့ဆက်တိုးတက်နေလိမ့်မည်။ ထိုနောက် အဆုံးသည်ရောက်လာမည်။ (RH, July 5, 1906).

–o–

ရှုလိုင် (၃၀)

# “အလျှင်မိုးနှင့်နောက်မိုး”

**“အို ဇိအုန်မြို့သားတို့၊ ဝမ်းမြောက်၍သင်တို့၏ဘုရားသခင် ထာဝရဘုရားကိုအမှီပြုလျက် ရွှင်လန်းကြလော့။ အကြောင်းမူကား၊ ဓမ္မဆရာကိုပေးတော်မူ၍ အစအဦး၌လည်း အလျှင်မိုးနှင့်နောက်မိုးကို သင်တို့အပေါ်မှာရွာစေတော်မူမည်” (ယောလ ၂း၂၃)။**

အသင်းတော်များတွင် ဘုရားသခင်၏တန်ခိုးကို အံ့သြဖွယ်ထင်ရှားစွာမြင်ရလိမ့်မည်။ သို့ရာတွင် ဘုရားသခင်၏ရှေ့တွင် မိမိတို့ကိုယ်ကိုစိတ်မနှိမ့်ချသောသူများ၊ အပြစ်ကိုဖော်ပြတောင်းပန်ပြီး နောင်တတရားအားဖြင့် မိမိတို့စိတ်နှလုံးတံခါးကိုဖွင့်မထားသောသူများတို့သည် တန်ခိုးတော်ကိုရရှိကြမည်မဟုတ်ချေ။ ဘုရားသခင်၏ဘုန်းတော်ဖြင့် ကမ္ဘာမြေကိုထွန်းလင်းစေသောတန်ခိုးသည် ထင်ရှားစွာပေါ်ထွန်းတော်မူရာတွင် သူတို့၏အကန်းဖြစ်ခြင်းအရာ၌ သူတို့အတွေးဖြင့်အန္တရာယ်ရှိပြီး၊ ကြောက်စရာဖြစ်သည်ဟုထင်မြင်သောအရာကိုသာ မြင်ကြရမည်ဖြစ်ပြီး၊ သူတို့သည်ပေါင်းစည်း၍ ၎င်းကိုအတိုက်အခံပြုကြလိမ့်မည်။ သူတို့၏အတွေး၊ မျှော်လင့်ချက်အတိုင်း ထာဝရဘုရားသည် လုပ်ဆောင်တော်မမူသောကြောင့် သူတို့သည် အမှုတော်ကိုဆန့်ကျင်ကြမည်။ သူတို့က “ငါတို့သည် အမှုတော်ထဲ၌နှစ်ပေါင်းများစွာလုပ်ဆောင်နေကြသောကြောင့် ဘုရားသခင်၏ဝိညာဉ်တော်ကို အဘယ်ကြောင့်မသိဘဲနေမည်နည်း” ဟုဆိုကြသည်။ သူတို့သည် ဘုရားသခင်၏သတိပေးချက်များ၊ တိုးလျှိုးတောင်းပန်မှုများကို မတုံ့ပြန်ကြဘဲလျက်၊ “ငါသည်ဥစ္စာရတတ်၏။ ဘဏ္ဍာများကိုလည်းဆည်းပူးပြီး၊ တစ်စုံတစ်ခုကိုမျှမလိုဟုပြောဆို” ကြသည်။



သူတို့သည် မိမိတို့ကိုယ်ကို ဖြောင့်မတ်ခြင်းနေမင်း၏ရောင်ခြည်အောက်တွင်မထားရှိဘဲ၊ သန့်ရှင်းသောဝိညာဉ်တော်၏ပံ့ပိုးမှုဖြင့် ခေါ်တော်မူခြင်းခံရ၍ ရွေးချယ်ခြင်းခံရကာ၊ ပြင်ဆင်ခြင်းမရှိလျှင် အစွမ်းသတ္တိ၊ များစွာသောအတွေ့အကြုံတို့သည် လူတို့ကိုအလင်းတရားစီးရာလမ်းကြောင်းမဖြစ်စေနိုင်ချေ။ မွန်မြတ်သောအရာများကိုကိုင်တွယ်သူတို့သည် ဘုရားသခင်၏အားကြီးသောလက်ရုံးတော်အောက်တွင် မိမိတို့ကိုယ်ကိုနှိမ့်ချကြရမည်။ ထာဝရဘုရားသည် သူတို့ကိုချီမတော်မူမည်။ ကိုယ်တော်သည် သူတို့ကိုအမှားအမှန်ပိုင်းခြားတတ်သူများဖြစ်စေ၍၊ မိမိဝိညာဉ်တော်၏ကျေးဇူးတော်၌ ကြွယ်ဝစေတော်မူမည်။ သူတို့၏ခိုင်မာသော တစ်ကိုယ်ကောင်းဆန်မှုနှင့်ခေါင်းမာမှုများကို လောက၏အလင်းဖြစ်တော်မူသောသူထံမှ အလင်းဖြင့်မြင်နိုင်လိမ့်မည်။ “သင်ရှိရာသို့ ငါသည်အလျင်အမြန်လာမည်။ နောင်တမရလျှင် သင်၏မီးခွက်ကိုနေရာမှရွှေ့မည်။” သင့်စိတ်နှလုံးအကြွင်းမဲ့ဖြင့် ထာဝရဘုရားကိုရှာလျှင် တွေ့လိမ့်မည်။ (RH EXTRA, Dec. 23, 1890).

အလျှင်မိုးအားဖြင့်ပံ့ဆောင်သည့်ကျေးဇူးတော်ကို ဥပေက္ခာမပြုရချေ။ အလင်းတရားအတိုင်း အသက်ရှင်သောသူတို့သာလျှင် သာ၍ကြီးမားသောအလင်းတရားကို ရရှိကြမည်။ ကျွန်ုပ်တို့သည် နီးကြားသောခရစ်ယာန်အကျင့်သီလများကို ပုံနမူနာပြရာတွင် နေ့စဉ်တိုးတက်မှုမရှိလျှင်၊ နောက်မိုးရွာရာ၌ သန့်ရှင်းသောဝိညာဉ်တော်၏ပေါ်ထွန်းခြင်းကို သိရှိကြမည်မဟုတ်ချေ။ နောက်မိုးသည် ကျွန်ုပ်တို့ပတ်လည်ရှိ လူတို့၏စိတ်နှလုံးထဲသို့ကျရောက်နေနိုင်သော်လည်း၊ ကျွန်ုပ်တို့သည် မသိရှိဘဲလျက် သို့တည်းမဟုတ် မရရှိဘဲရှိနေနိုင်ပေသည်။ (TM, p. 507).

–o–

ဇူလိုင် (၃၁)

## “နိုးထရန်အရေးကြီးသောအချိန်”

**“ထိုမှတစ်ပါး၊ ငါတို့ကိုကယ်တင်သောကျေးဇူးတော်သည် ငါတို့ယုံကြည်သောနေ့ရက်၌နီးသည်ထက် ယခုသာ၍နီးသောကြောင့်လည်းကောင်း၊ ညဥ့်အချိန်ကုန်လု၍ နေ့အချိန်ရောက်လုသောကြောင့်လည်းကောင်း၊ ယခုအခါအိပ်ပျော်ရာမှနိုးရသောအချိန်ရောက်ခဲ့ပြီဟု ငါတို့သည်သိ၍ ကာလအချိန်ကိုထောက်လျက်၊ မှောင်မိုက်၏အကျင့်ကိုပယ်ရှား၍ အလင်း၏လက်နက်စုံကိုဝတ်ဆင်ဆောင်ရွက်ကြကုန်အံ့” (ရောမ ၁၃း၁၁၊၁၂)။**

မဟာတိုက်လုန်ပွဲသည် ဆုံးခန်းတိုင်လုပြီ။ ပင်လယ်နှင့်ကုန်း၌ဖြစ်သောဘေးဒုက္ခအပေါင်းသည် အရာခပ်သိမ်း၏အဆုံးသည် ရောက်လုပြီဖြစ်ကြောင်း သက်သေခံလျက်ရှိသည်။ ကျွန်ုပ်တို့ရှေ့၌ရှိသော ကြီးမားသည့်ဖြစ်ရပ်များကို မျှော်လင့်ရာ၌ စိတ်နှလုံးခုန်မမြန်လာသောသူ အဘယ်ခရစ်ယာန်ရှိသနည်း။ သခင်ဘုရားကြွလာတော့မည်။ ချဉ်းကပ်လာနေတော်မူသော ဘုရားသခင်၏ခြေလှမ်းများကိုပင် ကြားနေရပေပြီ။

ခရစ်တော်ကြွလာခြင်းနီးကြောင်းသိရှိခြင်း၏အရှိန်ကိုလျော့စေ၍ သတိမထား၊ ဂရုမစိုက်ဘဲလျက် အမှန်တကယ်ရှိသည့်အရာကိုမခံစားနိုင်ဘဲ အိပ်ပျော်သွားခြင်းတို့ကို ခွင့်မပြုအပ်ချေ။ အိပ်ပျော်ရာတွင် ကျွန်ုပ်တို့သည် လက်တွေ့ဘဝနှင့်ကင်းကွာသောလောကကိုရောက်ရှိခြင်းဖြစ်၍၊ ကျွန်ုပ်တို့ပတ်လည်၌ဖြစ်ပျက်နေသောအရာများကို သိမြင်မခံစားနိုင်ဖြစ်မည်။

သူတို့၏ပတ်လည်တွင် သမ္မာတရား၏တောက်ပသောအလင်းများရှိနေသည်ကို သိမြင်မခံစားသူများရှိကြသည်။ သူတို့သည် ရန်သူ၏ပြုစားခြင်းကိုခံကြရကာ၊ သူ၏ပြုစားတတ်သောတန်ခိုး၏မန်းမှုတ်ခြင်းအောက်၌ ချုပ်ထားခြင်းခံရကြသည်။ သူတို့သည် ကျွန်ုပ်တို့ကမ္ဘာ၏မကြာမီရောက်လာမည့်အရာအတွက် ပြင်ဆင်ထားခြင်းမရှိကြချေ။ သူတို့သည် ဘာသာရေးသမ္မာတရားကို သိမြင်ခံစားနိုင်ခြင်းမရှိကြ။

နိုးထနေသောလူငယ်တချို့မရှိကြသလော။ ညအချိန်ကုန်လု၍ နံနက်အချိန်ရောက်လာမည်ကိုသိမြင်သောသူတို့သည် မိမိတို့၏အိပ်ပျော်နေသောအပေါင်းအဖော်များနိုးထစေရန် မမောမပန်းလုပ်ဆောင်ကြသည်။ သူတို့၏ပျက်စီးခြင်းကိုသိမြင်ခံစားလျက်၊ သူတို့အတွက်ဆုတောင်းပေးကာ ခရစ်တော်မကြာမီကြွလာမည်ဖြစ်ကြောင်းကိုယုံကြည်ကြောင်း သူတို့၏ကိုယ်ပိုင်အသက်တာနှင့်အကျင့်အားဖြင့် သူတို့ကိုပြနိုင်ကြသည်မဟုတ်လော။ ကျွန်ုပ်တို့သည် ထာဝရကာလကို အလျင်အမြန်ချဉ်းကပ်နေခြင်းသည် ကျွန်ုပ်တို့၌နက်နဲစွာစွဲနေရမည်။ ကုန်လွန်သွားသောနေ့ရက်တိုင်းသည် ပြည့်စုံသောအကျင့်စာရိတ္တတည်ဆောက်ခြင်းအရာကို နုတ်ယူလျက်ရှိသည်။. . .

လူအများအိပ်ပျော်နေသရွေ့၊ ထာဝရနိုင်ငံ၏ကမ်းပါးသို့ပင်ရောက်နေသည့်အလားရှိသော်လည်း အဖိုးတန်သောအချိန်နာရီများကိုဂရုမစိုက်ဘဲ ဖြုန်းပစ်နေကြသည်။ ယုံကြည်သောသူတို့သည် တည်ကြည်လေးနက်လျက်၊ နိုးကြားကာ၊ စိတ်ပါလက်ပါဖြင့် ခွဲလုံ့လစိုက်ပြီး ဆုတောင်း၍စောင့်နေကြရမည်။..

ချစ်သောလူငယ်တို့၊ သင်တို့၏မီးခွက်များကိုအသင့်ပြင်လျက်ထွန်းထားပြီလား။ (HC, p. 346).

–ဝ–

သြဂုတ် (၁)

## "ဤကရုဏာအချိန်ကာလတွင်"

**"နှစ်သက်ဖွယ်သောအချိန်၌ သင်၏စကားကိုငါနားထောင်ပြီ။ ကယ်တင်ရာနေ့ရက်ကာလ၌ သင့်ကိုငါမစပြီဟုလာသည်နှင့်အညီ ယခုပင်နှစ်သက်ဖွယ်သောအချိန်ရှိ၏။ ယခုပင်ကယ်တင်ရာနေ့ရက်ကာလရှိ၏" (၂ကောရိန်သု ၆း၂)။**

ခရစ်တော်သည် မကြာမီကြွလာမည်ကိုသံသယမရှိဘဲ ကျွန်ုပ်တို့ယုံကြည်ကြသည်။ ဤအရာသည် ကျွန်ုပ်တို့အတွက်ဒဏ္ဍာရီမဟုတ်ပါ။ အမှန်တရားဖြစ်သည်။ ကျွန်ုပ်တို့၌သံသယမရှိပါ။ ယနေ့ကျွန်ုပ်တို့စွဲကိုင်သောယုံကြည်ချက်များသည် လက်ရှိသမ္မာတရားဖြစ်ကြောင်းနှင့် တရားစီရင်ခြင်းသည်ရောက်လုပြီဖြစ်ကြောင်းကိုလည်း အချိန်ကြာမြင့်စွာကပင် ကျွန်ုပ်တို့သံသယမရှိခဲ့ပါ။ သန့်ရှင်းသောကောင်းကင်တမန်များ အခြွေအရံဖြင့်တွေ့ဆုံရန် ကျွန်ုပ်တို့ပြင်ဆင်နေသောသူသည် သစ္စာရှိ၍ဖြောင့်မတ်သူတို့ကိုမသေနိုင်ခြင်းအဖြစ်ကိုပေးရန် ကောင်းကင်မှမိုးတိမ်များဖြင့် ပေါ်ထွန်းတော်မူလိမ့်မည်။ ကိုယ်တော်ကြွလာသောအခါ၊ ကျွန်ုပ်တို့၏အပြစ်များမှဆေးကြောမည်မဟုတ်၊ ကျွန်ုပ်တို့၏အကျင့်စာရိတ္တမှအားနည်းချက်များကိုလည်း ကျွန်ုပ်တို့မှဖယ်ရှားမည်မဟုတ်ဘဲ၊ ကျွန်ုပ်တို့၏ပင်ကိုယ်စိတ်သဘောထား၏အားနည်းခြင်းမှ ကျွန်ုပ်တို့ကိုကုသပေးတော်မူမည်မဟုတ်ချေ။ ဤအရာများလုပ်ဆောင်ရမည်ဆိုလျှင် ထိုအချိန်မတိုင်မီဤအလုပ်အားလုံးသည် ပြီးစီးနှင့်ရမည်။ သခင်ဘုရားကြွလာသောအချိန်တွင် သန့်ရှင်းသောသူသည် ဆက်လက်သန့်ရှင်းနေမည်။ မိမိတို့၏ကိုယ်ခန္ဓာနှင့်စိတ်ကို သန့်ရှင်းခြင်း၊ စင်ကြယ်ခြင်းနှင့်ဂုဏ်ရှိခြင်းတို့၌ ထိန်းသိမ်းသောသူတို့သည် မသေနိုင်သောအဖြစ်ကိုရရှိကြလိမ့်မည်။ သို့ရာတွင်



မဖြောင့်မတ်၊ မစင်ကြယ်၊ ညစ်ညူးသောသူတို့သည် ထိုအဖြစ်၌အမြဲရှိနေကြလိမ့်မည်။ သူတို့၏အားနည်းချက်များကိုဖယ်ရှား၍၊ သူတို့အားသန့်ရှင်းသောအကျင့်စာရိတ္တကိုပေးရန် သူတို့အတွက်လုပ်ဆောင်မှုများမရှိတော့ချေ။ သန့်စင်စေတော်မူသောသူသည်ထိုင်လျက် သူတို့၏အပြစ်များနှင့်ပျက်စီးမှုများကိုဖယ်ရှားသောလုပ်ငန်းစဉ်ကို လုပ်ဆောင်ခြင်းမရှိတော့ချေ။ ဤအရာအားလုံးကို ဤကရုဏာအချိန်ကာလတွင် ပြီးစီးနေရမည်။ ဤအမှုကို ကျွန်ုပ်တို့အတွက်အပြီးဆောင်ရွက်ရန်မှာ ယခုပင်ဖြစ်သည်။

ကျွန်ုပ်တို့သည် ဘုရားသခင်၏သမ္မာတရားကို ကျွန်ုပ်တို့၏မတူညီသောစွမ်းရည်များဖြင့် စွဲကိုင်ထားကြသည်။ ကျွန်ုပ်တို့သည် ထိုသမ္မာတရား၏သြဇာအောက်သို့လာသောအခါ၊ ဘုန်းထွန်းသောနိုင်ငံတော်အတွက်နှင့်ကောင်းကင်တမန်များအသိုက်အဝန်းအတွက် သင့်လျော်သည့်ကိုယ်ကျင့်တရားကို ကျွန်ုပ်တို့အားပေးရန် လိုအပ်သောအရာကို ကျွန်ုပ်တို့အတွက်ပြီးစီးအောင်လုပ်ဆောင်လိမ့်မည်။ ကျွန်ုပ်တို့သည် ယခုဘုရားသခင်၏အလုပ်ရုံတွင်ရှိနေကြသည်။ များစွာသောကျွန်ုပ်တို့သည် ထုဆစ်ရန်လိုအပ်သောအရိုင်းကျောက်တုံးများဖြစ်ကြသည်။ သို့သော် ကျွန်ုပ်တို့သည် ဘုရားသခင်၏သမ္မာတရားကိုစွဲကိုင်သောအခါ၊ ၎င်း၏အရှိန်သည် ကျွန်ုပ်တို့အပေါ်သက်ရောက်လျက်ရှိသည်။ ၎င်းသည် ကျွန်ုပ်တို့ကိုချီးမြှောက်၍၊ ကျွန်ုပ်တို့ထံမှမပြည့်စုံမှုနှင့်အပြစ်တို့အားလုံးသည် မည်သည့်သဘောသဘာဝပင်ဖြစ်နေပါစေ၊ ဖယ်ရှင်းပေးသည်။ ထို့ကြောင့်ကျွန်ုပ်တို့သည် ဘုရင်ကြီးကို သူ၏ဘုန်းအသရေဖြင့်မြင်ရန်နှင့် ဘုန်းထွန်းသောနိုင်ငံတော်သို့ သန့်ရှင်းသောကောင်းကင်တမန်များနှင့် အဆုံးတွင်ပေါင်းစည်းရန် ပြင်ဆင်နှင့်ပြီးဖြစ်မည်။ ကျွန်ုပ်တို့အတွက်ဤအမှုကိုပြီးစီးအောင်လုပ်ဆောင်ရန်မှာ ဤနေရာပင်ဖြစ်သည်။ ဤနေရာတွင် ကျွန်ုပ်တို့၏ကိုယ်ခန္ဓာနှင့်စိတ်တို့သည် မသေနိုင်ခြင်းအဖြစ်အတွက် သင့်လျော်မှုရှိနှင့်ရမည်။ (2T, pp. 355, 356).

–၀–

သြဂုတ် (၂)

## “စာရိတ္တကောင်းနှင့်ဆိုင်သောအကောင်အထည်”

**“ထိုသို့သူ့ငန်းသူ့တာအတွင်းတွင် ပြင်ဆင်ပြီးသောအမှုအရာကို ဝါကြွားခြင်းမရှိဘဲ၊ . . . . သင်တို့၏ယုံကြည်ခြင်းပါရမီရင့်ပြီးမှ ငါတို့၏အငန်းအတာသည် အလွန်ကျယ်ဝန်းမည်ဟု မျှော်လင့်ခြင်းရှိ၏” (၂ကောရိန်သု ၁၀း၁၆)။**

ကျွန်ုပ်တို့သည် စာတန်၏ညို့ကွင်းမှဝေးဝေးနေကြရမည်။ ထိုနောက် သင်တို့၏စိတ်ကို ဘုရားသခင်ပေါ်သစ္စာစောင့်သိခြင်းမှ မယိမ်းယိုင်ပါစေနှင့်။ ခရစ်တော်အားဖြင့် သင်တို့သည်ပျော်ရွှင်နိုင်သည်၊ ပျော်လည်းပျော်ရွှင်ရမည် ဖြစ်ကာ မိမိကိုယ်ကိုထိန်းချုပ်သည့်အကျင့်ကို ကျင့်ယူရမည်။ သင်တို့၏အတွေးများကိုပင် ဘုရားသခင့်အလိုတော်၏စိုးမိုးမှုအောက်သို့လည်းကောင်း၊ သင်တို့၏ခံစားမှုများကို ဆင်ခြင်တုံတရားနှင့်ဘာသာရေးအောက်သို့လည်းကောင်း သွတ်သွင်းရမည်။ သင်၏အတွေးများကို ကန့်သတ်ထိန်းချုပ်ရန်အားထုတ်မှုမရှိဘဲ ဖြစ်ချင်တိုင်းဖြစ်၊ ရှုပ်ယှက်နေစေရန်ခွင့်မပြုရချေ။ အကယ်၍ အတွေးအခေါ်များမှားယွင်းနေလျှင် ခံစားမှုများလည်းမှားလိမ့်မည်။ ပြီးနောက် အတွေးများနှင့်စိတ်ခံစားချက်တို့ပေါင်းစပ်ခြင်းသည် ကိုယ်ကျင့်တရားကိုဖြစ်စေသည်။ . . . အကယ်၍သင်သည် မိမိစိတ်စွဲလမ်းရာသို့ယိမ်း၍ သင့်အတွေးများကို မသက်ာမှု၊ သံသယနှင့်ညည်းညူခြင်းတို့၌နှစ်နေလျှင်၊ သင်သည် မပျော်ရွှင်ဆုံးသောလူသားများထဲ၌ရှိနေလိမ့်မည်။

ချစ်လှစွာသောညီမ F, သင်၏အတွေးများသည် ရောဂါစွဲနေသည်။ သင်၏ဆင်ခြင်တုံတရားနှင့်ဝေဖန်ပိုင်းခြားနိုင်စွမ်းကို သင်၏စိတ်ခံစားချက်များက လုံးလုံးထိန်းချုပ်ရန်ခွင့်ပြုခြင်းအားဖြင့် သင်သည် ဘုရားသခင်ကို



ဂုဏ်အသရေညှိုးစေသည်။ ကိုယ်ခန္ဓာအပေါ်စိတ်ကတုံ့ပြန်စေသော စိတ်ပိုင်းဖြတ်ထားသည့်စိတ်ဆန္ဒသင့်၌ရှိနေသည်။ ၎င်းစိတ်သည် ကိုယ်အင်္ဂါတချို့၏သွေးလည်ပတ်မှုကို မမျှမတဖြစ်စေပြီး၊ ပိတ်ဆို့မှုမျိုးပင်ဖြစ်စေသည်။ သင့်စိတ်ခံစားချက်များကြောင့် ကျန်းမာရေးကိုသင်ပေးဆပ်နေရသည်။

သင်သည် အမှားကိုပြုနေသည်။ ၎င်းကိုမပြင်ခဲ့သော် သင့်ကိုယ်ပိုင်ပျော်ရွှင်မှုကို ဖျက်ဆီးရုံသက်သက်ဖြစ်မည်မဟုတ်။ သင့်ကိုယ်သင်သာမက၊ သင့်မိသားစုကိုလည်း သင်အနာတရဖြစ်စေသည်။ သင်၏ဆင်ခြင်တုံတရားကို စိတ်ခံစားမှုကထိန်းချုပ်နေသည်။ သင့်စိတ်ခံစားမှုကိုထိန်းချုပ်နိုင်သည့်အစွမ်းမရှိဖြစ်ခဲ့သော်၊ ၎င်းသည် အပြစ်ဖြစ်လိမ့်မည်မဟုတ်။ သို့ရာတွင် ၎င်းသည် ရန်သူအပေါ်အရှုံးပေးရန်ဟူသောအဖြေမဟုတ်ချေ။ သင့်စိတ်ဆန္ဒသည် ဘုရားသခင်ကိုအတိုက်အခံပြုမည့်အစား စင်ကြယ်စေပြီး၊ ချိုးနှိမ်ရန်လိုအပ်သည်။

လူတို့သည် ဝမ်းနည်းပူဆွေးခြင်းနှင့်ရှုပ်ထွေးမှုများဖြင့်ပြည့်နေသောလောကထဲတွင်နေကြရသည်။ သူတို့သည် မှန်ကန်သောအကျင့်စာရိတ္တကိုဖွံ့ဖြိုးစေရန်နှင့် ကွဲလွဲပြီးရှုပ်ထွေးနေခြင်းမှ စိတ်သဘောညီညွတ်မှုကိုဖော်ဆောင်နိုင်မည်အကြောင်း အာဒံနှင့်ဧဝကဲ့သို့ အစမ်းသပ်ခံရမည့်နေရာတွင် ထားရှိခြင်းခံကြရသည်။ အရေးကြီးဆောင်ရွက်စရာ ကျွန်ုပ်တို့၌များစွာရှိသည်။. . ကျွန်ုပ်တို့ရှင်မြူးစရာလည်း များစွာရှိနေသည်။ ခရစ်တော်အားဖြင့် ကျွန်ုပ်တို့သည် ဘုရားသခင်နှင့်ဆက်သွယ်ခွင့်ရရှိကြသည်။ ကိုယ်တော်၏သနားခြင်းကရုဏာကြောင့် ကျွန်ုပ်တို့၌တာဝန်များစွာဆက်လက်ရှိနေသည်။ ကိုယ်တော်၏မျက်နှာသာပေးခြင်းကို မထိုက်တန်ဟုခံယူခြင်းသည် အသေးငယ်ဆုံးသောအရာအတွက်ပင် ကျွန်ုပ်တို့ကျေးဇူးတင်ရမည်။ (5T, pp. 310, 311).

–၀–

## သြဂုတ် (၃)

# "အရည်အသွေးရှိသောအကျင့်စာရိတ္တ"

**"သန္တာနှင့်ပုလဲကိုပြောစရာမရှိ။ ပညာသည်ပတ္တမြားထက် သာ၍အဖိုးကြီး၏" (ယောဘ ၂၈း၁၈)။**

ဘုရားနှင့်တူအောင်ပုံသွင်းသောအကျင့်စာရိတ္တသည် ဤကမ္ဘာမှနောက်ကမ္ဘာသစ်သို့ယူဆောင်သွားနိုင်သည့် တစ်ခုတည်းသောဘဏ္ဍာဖြစ်သည်။ ဤကမ္ဘာပေါ်တွင် ခရစ်တော်၏ညွှန်ကြားမှုအောက်တွင်ရှိနေသောသူတို့သည် ဘုရားနှင့်တူညီမှုရှိသမျှကို သူတို့နှင့်အတူကောင်းကင်ရွှေပြည်တော်သို့ ယူဆောင်သွားကြလိမ့်မည်။

စိတ်၏စွမ်းရည်နှင့်ဉာဏ်ထက်မြက်မှုတို့သည် အကျင့်စာရိတ္တမဟုတ်ပါ။ အကြောင်းမှာ ၎င်းတို့ကိုအကျင့်စာရိတ္တမကောင်းသူများက ပိုင်ဆိုင်နေတတ်သည်။ ဂုဏ်သတင်းကျော်စောခြင်းသည်လည်း အကျင့်စာရိတ္တမဟုတ်ချေ။ စစ်မှန်သောအကျင့်စာရိတ္တသည် အသက်ဝိညာဉ်၏အရည်အသွေးဖြစ်၍ အပြုအမူအနေအထိုင်တွင်ပေါ်လွင်သည်။

ကောင်းသောစာရိတ္တသည် ရွှေ၊ ငွေထက်သာ၍တန်ဖိုးကြီးသော ရင်းနှီးငွေဖြစ်သည်။ ၎င်းကိုထိတ်လန့်တုန်လှုပ်မှု သို့မဟုတ် ကျရှုံးမှုများက ထိခိုက်ခြင်းမရှိချေ။ လောကီပိုင်ဆိုင်မှုများအားလုံး လွင့်ပျောက်သွားမည့်ထိုနေ့ရက်တွင် ၎င်းသည် ကြွယ်ဝချမ်းသာခြင်းကိုပြန်ယူဆောင်လာမည်။ ရိုးသားဖြောင့်မတ်ခြင်း၊ မြဲမြံခြင်းနှင့်လုံ့လဝီရိယတို့သည် ပျိုးထောင်ရန်ကြိုးစားရှာဖွေရမည့်အရည်အသွေးများဖြစ်သည်။ အကြောင်းမှာ ၎င်းတို့ကိုပိုင်ဆိုင်သောသူတို့သည် တွန်းလှန်၍မရနိုင်သောတန်ခိုးတည်းဟူသော ကောင်းသောအရာကိုပြုနိုင်သည့်



ခွန်အား၊ မကောင်းမှုကိုတွန်းလှန်နိုင်သောခွန်အား၊ ရန်လိုမှုကိုတောင့်ခံနိုင်သောခွန်အား စသည်တို့ကိုပေးသည့်တန်ခိုးဖြင့် လွှမ်းခြုံလိမ့်မည်။

စာရိတ္တ၏စွမ်းပကားတွင် စိတ်တန်ခိုးနှင့်မိမိကိုယ်ကိုထိန်းချုပ်သည့်တန်ခိုးတို့ပါဝင်သည်။ များစွာသောလူငယ်တို့သည် အားကြီးပြီး၊ မထိန်းချုပ်သောစာရိတ္တ၏စွမ်းပကားကြောင့် မှားယွင်းနေကြသည်။ သို့ရာတွင် အမှားတရားမှာ မိမိ၏ပြင်းပြသောခံစားမှု၏ထိန်းချုပ်မှုဖြင့် အထိန်းချုပ်ခံသူတို့သည် အားနည်းသူများဖြစ်ကြသည်။ လူတစ်ဦး၏ကြီးမြတ်ခြင်းနှင့်ဂုဏ်အသရေရှိခြင်းသည် သူ့ကိုအောင်နိုင်သော သူ့စိတ်ခံစားချက်၏တန်ခိုးအားဖြင့်မဟုတ်ဘဲ၊ မိမိ၏စိတ်ခံစားမှုကိုထိန်းနိုင်သော မိမိ၏စွမ်းပကားကြောင့်ဖြစ်သည်။ ခွန်အားအကြီးဆုံးသောသူသည် မတော်မတရားပြုချင်သောစိတ်သဘောရှိနေစဉ်မှာပင်၊ ပြင်းပြသောခံစားချက်ကိုချုပ်တည်း၍ မိမိ၏ရန်သူများကိုခွင့်လွှတ်သောသူဖြစ်သည်။

အကယ်၍လူငယ်တို့သည် လောကီဆန်သောအဝတ်အစားများနှင့်ပြုမူကျင့်ဆောင်ပုံများကိုအတုခိုးသကဲ့သို့ ကောင်းသောစာရိတ္တနှင့်နှစ်သက်ဖွယ်သောပင်ကိုယ်စရိုက်တို့ကို လူငယ်တို့သည် ပိုင်ဆိုင်ရန်အရေးကြီးသည်ဟုယူဆလျှင်၊ ယခုလူ့အသိုက်အဝန်းအပေါ် မွန်မြတ်သောဩဇာဖြင့်လွှမ်းမိုးရန်အားထုတ်ကြိုးပမ်းနေသူတစ်ဦးရှိသောနေရာတွင် လူရာပေါင်းများစွာကိုမြင်ရလိမ့်မည်။ (CG, pp. 161, 162).

–o–

ဩဂုတ် (၄)

## “ကျွန်ုပ်တို့ကိုကူညီသူနှင့်ရွေးနုတ်သူခရစ်တော်”

**“တစ်ယောက်သောသူသည် နားမထောင်သောအားဖြင့် လူများတို့သည် အပြစ်ရောက်သည်နည်းတူ၊ တစ်ယောက်သောသူသည် နားထောင်သောအားဖြင့် လူများတို့သည် ဖြောင့်မတ်ရာသို့ရောက်ရကြ၏” (ရောမ ၅:၁၉)။**

ကျရှုံးပြီးသောလူသားသည် မိမိ၏လူသားခွန်အားဖြင့် စာတန်ကို မအောင်နိုင်သောကြောင့် ခရစ်တော်သည် မိမိ၏လူသားခွန်အားနှင့်ဘုရားခွန်အားတို့ကိုပေါင်း၍ လူသားကိုကူညီရန် ကောင်းကင်ရာဇပလ္လင်မှဆင်းသက်တော်မူခဲ့သည်။ အာဒံသည် ဧဒင်ဥယျာဉ်တွင် မိမိ၏သာလွန်သောအခွင့်သာမှုဖြင့် စာတန်၏စုံစမ်းခြင်းများကိုတွန်းလှန်၍ သူ့ကိုအောင်နိုင်ကြောင်း ခရစ်တော်သိတော်မူခဲ့သည်။ ဧဒင်ဥယျာဉ်မှထွက်သွားပြီး၊ ကျရှုံးချိန်မှစ၍ ဘုရားသခင်၏ဘုန်းတော်နှင့်ချစ်ခြင်းတို့နှင့်ခွဲခွာပြီးသောလူသည် မိမိ၏ခွန်အားဖြင့် စာတန်၏စုံစမ်းခြင်းများကိုတွန်းလှန်ရန် မစွမ်းဆောင်နိုင်ကြောင်းကိုလည်း ကိုယ်တော်သိတော်မူသည်။ လူသားအတွက်မျှော်လင့်ခြင်းကိုယူဆောင်လာရန်နှင့် လုံးလုံးပျက်စီးခြင်းမှ သူ့ကိုကယ်တင်ရန်အလို့ငှာ၊ ကိုယ်တော်သည် လူ့ထံသို့ရောက်ရှိနိုင်မည်အကြောင်း မိမိ၏ဘုရားတန်ခိုးကို လူတန်ခိုးနှင့်ပေါင်းစပ်၍ လူ့ဇာတိကိုခံယူရန် ကိုယ်တော်သည် မိမိကိုယ်ကိုနှိမ့်ချတော်မူခဲ့သည်။ မိမိ၏နာမတော်ဖြင့် သူတို့သည် စာတန်၏စုံစမ်းခြင်းများကိုအောင်နိုင်မည်အကြောင်း၊ မိမိတို့အတွက်မရရှိနိုင်သည့်ခွန်အားကို အာဒံ၏သားသမီးတို့အတွက် ရယူပေးတော်မူသည်။ . . .



အာဒံနှင့်ဧဝသည် ဧဒင်ဥယျာဉ်တွင် အကောင်းဆုံးသောအခြေအနေ၌ရှိနေခဲ့ကြသည်။ . . . သူတို့၌အပြစ်တင်စရာမရှိခဲ့ပါ။ . . . သူတို့ကိုဖန်ဆင်းသောသူသည် သူတို့၏ဆရာဖြစ်တော်မူသည်။ သို့ရာတွင်သူတို့သည် အလွန်ပါးနပ်သောရန်သူ၏တန်ခိုးနှင့် စုံစမ်းခြင်းအောက်တွင်ကျရောက်ခဲ့ကြသည်။ နှစ်ပေါင်းလေးထောင်မျှ စာတန်သည် ဘုရားသခင်၏အုပ်ချုပ်မှုကိုဆန့်ကျင်လျက်ရှိပြီး၊ စိတ်ပိုင်းဖြတ်ပြီးလုပ်ဆောင်မှုဖြင့် ခွန်အားနှင့်အတွေ့အကြုံများရရှိခဲ့သည်။ ကျရှုံးသောလူသားတို့သည် ဧဒင်ဥယျာဉ်က အာဒံထံမှအားသာချက်များကိုမရရှိကြပါ။ သူတို့သည် နှစ်ပေါင်းလေးထောင်မျှ ဘုရားသခင်နှင့်ခွဲခွာလျက်ရှိနေခဲ့သည်။ နားလည်နိုင်သောပညာနှင့် စာတန်၏စုံစမ်းခြင်းများကို ခုခံနိုင်သောတန်ခိုးသည် နည်းသထက်နည်းလာကာ၊ စာတန်သည် ဤကမ္ဘာကိုအောင်နိုင်ဟန်ပင်ရှိနေသည်။ ခံတွင်းအလိုဆန္ဒနှင့်ကိလေသာစိတ်၊ လောကကိုခင်တွယ်ခြင်းနှင့်ရဲတင်းစွာပြုသောအပြစ်များသည် ပျက်စီးနေသောလူတို့မှကြီးထွားလာသော မကောင်းမှု၏အကိုင်းအခက်များဖြစ်သည်။ (1SM, pp. 279, 280).

ကျွန်ုပ်တို့၏အသက်တာသည် ရုပ်ထွေးဟန်ရှိနေမည်။ သို့ရာတွင် ကျွန်ုပ်တို့သည် မိမိတို့ကိုယ်ကို ပညာရှိသောအမှုဆောင်သူအရှင်ထံတော်သို့ အပ်နှံသောအခါ၊ ကိုယ်တော်၏ဘုန်းတော်ကိုထင်ရှားစေမည့်အသက်တာမျိုးနှင့်စာရိတ္တကို သူသည်ယူဆောင်ပေးတော်မူမည်။ ဘုရားသခင်၏ဂုဏ်တော်ကိုဖော်ဆောင်သော ထိုစာရိတ္တကို ဘုရားသခင်၏ပါရဒိသုဘုံတွင်ရရှိကြလိမ့်မည်။ (DA, p. 331).

ယုံကြည်ခြင်းအားဖြင့် ဘုရားသခင်၏ပညတ်ချက်များကိုနားထောင်သူတိုင်းသည် အာဒံအပြစ်မပြုမီက အပြစ်ကင်းမဲ့သောအခြေအနေကိုရောက်ရှိကြလိမ့်မည်။ (ST, July 23, 1902).

–o–

ဩဂုတ် (၅)

## “မြင့်မားသောဝိညာဉ်ရေးအခြေအနေကိုရရှိနိုင်သည်”

**“ထိမိ၍လဲခြင်းနှင့်ကင်းလွတ်စေမည်အကြောင်း သင်တို့ကို စောင့်ရှောက်ခြင်းငှာလည်းကောင်း၊ အပြစ်မရှိဘဲဝမ်းမြောက်ခြင်းနှင့် ပြည့်စုံလျက်ရှိသောသင်တို့ကို ဘုန်းအသရေတော်ရှေ့၌ဆက်သခြင်းငှာ လည်းကောင်း တတ်နိုင်တော်မူသည်” (ယုဒ ၂၄)။**

ခရစ်တော်သည် ပညတ်တရား၏တောင်းဆိုချက်မှန်သမျှကို နားထောင်တော်မူခဲ့သည်။ . . . မိမိ၏ပြည့်စုံသောနားထောင်မှုဖြင့် ဘုရားသခင်၏ပညတ်ချက်များကိုနားထောင်ရန် လူသားတိုင်းအတွက်ကိုယ်တော်သည် တတ်နိုင်စေတော်မူသည်။ ကျွန်ုပ်တို့သည် ခရစ်တော်ထံသို့ မိမိတို့ကိုယ်ကိုအပ်နှံသောအခါ၊ ကျွန်ုပ်တို့၏စိတ်နှလုံးသည် ကိုယ်တော်၏စိတ်နှလုံးနှင့်ပေါင်း၍၊ ကျွန်ုပ်တို့၏အလိုဆန္ဒသည် ကိုယ်တော်၏အလိုဆန္ဒ၌ရောဝင်လျက်၊ စိတ်သည် ကိုယ်တော်၏စိတ်တော်နှင့်တစ်ခုတည်းဖြစ်လာကာ၊ အတွေးများသည် ကိုယ်တော်၌ဖမ်းစားခြင်းခံရလေသည်။ ထိုသို့ဖြင့် ကျွန်ုပ်တို့သည် ကိုယ်တော်၏အသက်တော်၌အသက်ရှင်ကြသည်။ ဤအရာမှာ ကိုယ်တော်၏ဖြောင့်မတ်ခြင်းဝတ်လုံကို ဝတ်ဆင်ခြင်းပင်ဖြစ်သည်။ ထိုအခါထာဝရဘုရားသည် ကျွန်ုပ်တို့အပေါ်ကြည့်သောအခါ၊ သဖန်းရွက်ဖြင့်ချုပ်သောအဝတ်သော်လည်းကောင်း၊ အဝတ်အချည်းစည်းရှိခြင်းနှင့် အပြစ်၏အင်္ဂါချို့ယွင်းမှုတို့ကိုမမြင်ဘဲ ကိုယ်တော်၏ကိုယ်ပိုင်ဖြောင့်မတ်ခြင်းဝတ်လုံတည်းဟူသော ယေဟောဝါ၏ပညတ်တော်ကိုစုံလင်သောနားထောင်ခြင်းကိုသာမြင်တော်မူသည်။ (FLB, p. 113).

ရွေးနုတ်ခြင်းစီမံကိန်းအားဖြင့် ဘုရားသခင်သည် အပြစ်စရိုက်အားလုံးကိုနှိမ်နင်းရန်အတွက်နှင့် မည်မျှပင်အားကြီးသော်လည်း စုံစမ်းခြင်းတိုင်းကိုခုခံနိုင်ရန်အတွက် နည်းလမ်းများကိုပြင်ဆင်တော်မူသည်။ (1SM, p. 82).



အပြင်းထန်ဆုံးသောစုံစမ်းခြင်းသည် အပြစ်ပြုခြင်းအတွက် ဆင်ခြင်ပေးစရာမဟုတ်ချေ။ ကျွန်ုပ်တို့ကိုဖိအားပေးနေသောအရာသည် မည်မျှပင်ကြီးမားသော်လည်း၊ ကျူးလွန်ခြင်းသည် ကျွန်ုပ်တို့၏ပြုမူချက်ပင်ဖြစ်သည်။ လောက၏တန်ခိုးအာဏာတို့သည် မည်သူ့ကိုမျှအပြစ်ပြုရန်အနိုင်အထက်ပြုရမည်မဟုတ်။ စိတ်သဘောတူရမည်။ စိတ်ပါရမည်။ ထိုသို့မဟုတ်ပါက ကိလေသာစိတ်သည် ဆင်ခြင်တုံတရားကိုမနှိပ်ကွပ်နိုင်ချေ။ အပြစ်တရားသည်လည်း ဖြောင့်မတ်ခြင်းတရားကိုမအောင်နိုင်ချေ။ (ST, April 15, 1913).

အကယ်၍သင်သည် သွေးစွန်းသောဓမ္မလမင်းကြီး၏အောင်လံအောက်တွင်ရပ်၍၊ ကိုယ်တော်၏အမှုကိုသစ္စာရှိစွာဆောင်ရွက်လျှင် သင်သည် ဘယ်ခါမျှစုံစမ်းခြင်းသို့ပါသွားစရာအကြောင်းမရှိချေ။ အကြောင်းမှာ သင့်ဘေး၌ရပ်တော်မူသောသူသည် လဲကျခြင်းမှသင့်ကိုထိန်းသိမ်းနိုင်တော်မူသည်။ (HC, p. 19).

ကျွန်ုပ်တို့သည် ဘုရား၏သဘောသဘာဝကိုခံယူသောအခါ၊ မျိုးရိုးလိုက်၍ပျိုးထောင်ထားသည့် အမှားပြုလုပ်လိုစိတ်သည် စာရိတ္တမှဖြတ်ခြင်းခံရပြီး၊ ကျွန်ုပ်တို့သည်ကောင်းမှုပြုရန် အသက်ရှင်သောစွမ်းအားအဖြစ် ပြုပြင်ခြင်းခံရကြသည်။ ဆရာဖြစ်တော်မူသောယေရှုထံ၌ အမြဲနည်းခံယူ၍၊ သူနှင့်တူသောသဘာဝကိုခံယူလျက် ကျွန်ုပ်တို့သည် စာတန်၏စုံစမ်းခြင်းကိုအောင်နိုင်ရန် ဘုရားသခင်နှင့်အတူလုပ်ဆောင်နေကြသည်။ ခရစ်တော်သည် ဘုရားသခင်နှင့်တစ်လုံးတစ်ဝတည်းရှိသကဲ့သို့ လူသည် ခရစ်တော်နှင့်တစ်လုံးတစ်ဝတည်းဖြစ်စေရန်၊ ဘုရားသခင်နှင့်လူသည် အတူတကွလုပ်ဆောင်ရမည်။ ထိုအခါကျွန်ုပ်တို့သည် ကောင်းကင်နိုင်ငံတွင် ခရစ်တော်နှင့်အတူထိုင်ရသောအခွင့်ကိုရလိမ့်မည်။ စိတ်သည် ယေရှု၌ငြိမ်သက်ခြင်းနှင့်အာမခံချက်အားဖြင့် နားနေလိမ့်မည်။ (7BC, p. 943).

–၀–

ဩဂုတ် (၆)

## “ခရစ်ယာန်ပြည့်စုံခြင်းအမြင့်သို့ရောက်ရှိခြင်း”

**“ငါတို့၌ပြုပြင်သောတန်ခိုးတော်အတိုင်း၊ ငါတို့တောင်းပန်ကြံစည်သမျှထက် အလွန်ထူးခြားစွာပြုခြင်းငှာ ဘုရားသခင်တတ်နိုင်တော်မူသည်” (ဧဖက် ၃း၂၀)။**

အကယ်၍သင်သည် ဘုရားသခင်ကိုသင့်ခွန်အားဖြစ်စေလျှင်၊ စိတ်ဓာတ်ကျဖွယ်အကောင်းဆုံးသောအခြေအနေ၌ပင်လျှင်ရောက်နိုင်လိမ့်မည်ဟု သင်မယူဆသောခရစ်ယာန်ပြည့်စုံခြင်း၏အမြင့်နှင့်အကျယ်အဝန်းကိုရောက်ရှိနိုင်သည်။ သင့်အတွေးများသည် မြင့်မြတ်လာ၍၊ သင်သည် မွန်မြတ်သောဆန္ဒ၊ ရှင်းလင်းသောသမ္မာတရားကို နားလည်မှု၊ ညစ်ညမ်းပေစွန်းသောရည်ရွယ်ချက်အားလုံး၏အထက်တွင် သင့်ကိုမြှင့်တင်ပေးသည့်ရည်ရွယ်ချက်ဖြင့် လုပ်ဆောင်မှုကိုရရှိနိုင်မည်။

သင်သည် ပြည့်စုံသောအကျင့်စာရိတ္တရရှိရန်အတွက် အတွေးနှင့်အပြုအမူနှစ်ခုစလုံးလိုအပ်သည်။ လောကီသားများနှင့်ဆက်ဆံရာတွင် လူများ၏ဩဘာပေးခြင်းအတွက်ကြိုးပမ်းခြင်းနှင့် သူတို့၏အယူအဆအတိုင်းအသက်မရှင်ရန် သင်သတိထားရမည်။. . . တင့်တယ်သောနှိမ့်ချခြင်းကိုပျိုးထောင်၍၊ သင့်၏အကူအညီကင်းမဲ့သောစိတ်ဝိညာဉ်ကို ခရစ်တော်အပေါ်သို့တင်လိုက်ပါ။ လောကီဆန်သောလူထုကြား ရှုပ်ထွေးမှုနှင့်စုံစမ်းခြင်းအလယ်တွင် သင်သည် ပြည့်စုံသောချိုးမြိန်မှုဖြင့် သင့်ဝိညာဉ်အမှီအခိုမဲ့စောင့်ထိန်းနိုင်လိမ့်မည်။

သင်သည် ဘုရားသခင်နှင့်အတူနေ့စဉ်ဆက်ဆံမှုရှိနေလျှင် ဝေဒနာခံစားနေရသောလူသားများကို လိုလိုလားလားဖြင့်တုံ့ပြန်ကောင်းချီးပေးရန် သင့်အပေါ်၌ဝတ္တရားရှိသည်ကို သင်သည် သင်ယူလာလိမ့်မည်။ သင့်ကိုယ်ကိုသင်မပိုင်ချေ။ သင်၏သခင်ဘုရားသည် သင့်၏အကြီးမြင့်ဆုံးသောချစ်ခြင်းနှင့်သင့်အသက်တာ၏အမြင့်ဆုံးသောပေးဆပ်မှုကို တောင်းဆိုနေသည်။ မိမိ၏ဂုဏ်တော်နှင့်ဘုန်းတော်အတွက် သင့်ကိုယ်ခန္ဓာနှင့်သင့်စိတ်ဝိညာဉ်၌ သင့်အစွမ်းအစအဆုံးစွန်အထိ၊ ဘုရားသခင်သည် သင့်ကိုအသုံးပြုခွင့်ရှိတော်မူသည်။ မည်သည့်လက်ဝါးကပ်တိုင်မဆိုထမ်းရန် သင့်ကိုတောင်းဆိုနိုင်သည်။ ၎င်းကိုသင်သည် မညည်းမညူဘဲလက်ခံရလိမ့်မည်။. . .

ကမ္ဘာပေါ်တွင် ဘုရားမဲ့၊ မျှော်လင့်ခြင်းကင်းမဲ့သူများစွာရှိနေသည်။ သူတို့သည် အပြစ်ရှိသောသူ၊ ပျက်စီးသူ၊ ယုတ်ညံ့သူ၊ စာတန်လှည့်ဖြားမှု၏ကျေးကျွန်များဖြစ်ကြသည်။ သို့ရာတွင် ဤသူတို့ကိုရွေးနုတ်ရန် ခရစ်တော်သည် ကောင်းကင်မှဆင်းသက်တော်မူခဲ့သည်။ သူတို့သည် အသိမ်မွေ့ဆုံးသောသနားခြင်း၊ စာနာခြင်း၊ မမောမပန်းအားထုတ်မှုများကို လိုအပ်သူများဖြစ်ကြသည်။ အကြောင်းမှာ သူတို့သည် ပျက်စီးလုပြီဖြစ်သောကြောင့်တည်း။ သူတို့သည် မတင်းတိမ်နိုင်သောဆန္ဒ၊ ဖရိုဖရဲအလိုရမ္မက်နှင့် သူတို့၏ကိုယ်ပိုင်လိပ်ပြာမလုံမှုတို့ကြောင့် ခံစားနေရကြသည်။ သူတို့သည် အလွန်တရာဝမ်းနည်းပူဆွေးရကာ၊ ယခုအသက်တာနှင့်နောက်လာမည့်အသက်တာအတွက် မျှော်လင့်ချက်မရှိကြချေ။

သင်သည် လုပ်ဆောင်ရမည့်အရေးကြီးသောလယ်ပြင်ရှိနေသည်။ သခင့်ခေါ်သံကို ရှင်လန်းသောစိတ်နှင့်လုံးလုံးလျားလျားနားထောင်ကာ၊ တက်ကြွနိုးကြားစွာဖြင့်ရှိနေရမည်။ (4T, pp. 567, 568).

–ဝ–

## သြဂုတ် (၇)

# “လူသားနယ်ပယ်တွင်ပြီးပြည့်စုံခြင်း”

**“ထိုကြောင့် ကောင်းကင်ဘုံ၌ရှိတော်မူသောသင်တို့အဘသည် စုံလင်တော်မူသည်နည်းတူ သင်တို့သည်လည်း စုံလင်ခြင်းရှိကြလော့” (မဿဲ ၅း၄၈)။**

ကျွန်ုပ်တို့၏ကယ်တင်ရှင်သည် လူသားအားလုံး၏သဘာဝကိုနားလည်တော်မူသည်။ ကိုယ်တော်သည် လူသားအားလုံးကို “ထိုကြောင့် ကောင်းကင်ဘုံ၌ရှိတော်မူသောသင်တို့အဘသည် စုံလင်တော်မူသည်နည်းတူ သင်တို့သည်လည်း စုံလင်ခြင်းရှိကြလော့” ဟု မိန့်တော်မူသည်။ ဘုရားသခင်သည် မိမိနယ်ပယ်တွင်ပြည့်စုံသကဲ့သို့၊ လူသည်လည်း မိမိနယ်ပယ်တွင်ပြည့်စုံရမည်။ ခရစ်တော်ကိုရရှိသောသူတို့သည် “ထိုသူကိုလက်ခံသမျှသောသူတည်းဟူသော ကိုယ်တော်ကိုယုံကြည်သောသူတို့အား ဘုရားသခင်၏သားဖြစ်ရသောအခွင့်ကိုပေးတော်မူ၏” ဟူ၍မိန့်တော်မူသော သူတို့ထဲတွင်ရေတွက်ခံရကြသည်။ ဤစကားသည် ဘုရားနှင့်တူသောအသက်တာမျိုး၊ အကောင်းဆုံးနှင့်အမြင့်မားဆုံးသောစာရိတ္တပုံစံထက် သာ၍နိမ့်ကျသောအရာ၌ ကျွန်ုပ်တို့ကျေနပ်နေရမည်မဟုတ်ကြောင်း ပြောပြနေသည်။ ထိုသို့သောစာရိတ္တမျိုးပိုင်ဆိုင်သောအခါ ဘာသာရေးအသက်တာ၊ ယုံကြည်ခြင်းနှင့်စင်ကြယ်ခြင်းတို့သည် သူတစ်ပါးတို့အတွက် ပညာပေးသောပုံနမူနာဖြစ်သည်။ (MM, pp. 112, 113).

သို့သော် မိမိအပိုင်း၌အပြစ်ကိုအောင်နိုင်ရန်ကြိုးစားမှုမရှိဘဲ မိမိတို့၏အကျင့်စာရိတ္တသည် မျက်လှည့်ဆန်ဆန်ပြောင်းလဲလာမည်ကို စောင့်နေသောသူတို့သည် စိတ်ပျက်ကြလိမ့်မည်။ ကျွန်ုပ်တို့သည် ယေရှုကိုကြည့်နေစဉ်ကြောက်ရွံ့ရန်အကြောင်းမရှိ၊ သူ့ထံသို့လာသောသူ၊ အဆိုးဆုံးသောသူကိုလည်း



ကယ်တင်ရန်တတ်နိုင်ကြောင်းကိုလည်း သံသယရှိစရာမလိုချေ။ ရန်သူသည် ထောင်ချောက်တချို့ကိုဆင်၍ ကျွန်ုပ်တို့သည် တစ်ဖန်သူ့ရဲ့သုံ့ပန်းပြန်ဖြစ်လာစေမည့်လူပေါင်းသည် တစ်ဖန်ကြီးစိုးလာမည်ကိုမူ အစဉ်တစိုက်ကြောက်ရမည်။ ကျွန်ုပ်တို့သည် မိမိတို့ကိုယ်ပိုင်ကယ်တင်ခြင်းအတွက် ကြောက်ရွံ့တုန်လှုပ်လျက် လုပ်ဆောင်ကြရမည်။ အကြောင်းမှာ ကျွန်ုပ်တို့သည် အလိုရှိရန်နှင့် အကျင့်ကျင့်စေရန် ကျွန်ုပ်တို့အထဲ၌ စေတနာတော်အားဖြင့်ပြုပြင်တော်မူသောသူကား၊ ဘုရားသခင်ပေတည်း။ ဘုရားသခင်သည် သူ၏နယ်ပယ်တွင် သန့်ရှင်းတော်မူသည်နည်းတူ ကျွန်ုပ်တို့၏အကန့်အသတ်ရှိသောတန်ခိုးဖြင့် ကျွန်ုပ်တို့၏နယ်ပယ်တွင် သန့်ရှင်းကြရမည်။ ကျွန်ုပ်တို့၏အစွမ်းရှိသလောက် ကျွန်ုပ်တို့သည် ဘုရားသခင်၏သမ္မာတရား၊ ချစ်ခြင်းမေတ္တာနှင့်ထူးကဲကောင်းမွန်ခြင်းကို ထင်ရှားစေကြရမည်။ ဖယောင်းတံဆိပ်ခတ်သကဲ့သို့ စိတ်ဝိညာဉ်တွင် ဘုရားသခင့်ဝိညာဉ်တော်ဖြင့်တံဆိပ်ခတ်လျက် ခရစ်တော်၏သဏ္ဌာန်တော်ပေါ်လွင်နေရမည်။

ကျွန်ုပ်တို့သည် ချစ်စရာကောင်းသောဝိညာဉ်ရေး၌ နေ့စဉ်ကြီးထွားရမည်။ ဘုရားသခင်၏ပုံစံတော်ကိုကူးယူရာ၌ ကျွန်ုပ်တို့၏ကြိုးစားမှုသည် မကြာခဏကျရှုံးလိမ့်မည်။ ကျွန်ုပ်တို့၏အားနည်းချက်များနှင့်အမှားများကြောင့် ကျွန်ုပ်တို့သည် ခရစ်တော်၏ခြေတော်ရင်းတွင် မကြာခဏပျပ်ဝပ်ငိုကြွေးရလိမ့်မည်။ သို့ရာတွင် စိတ်ပျက်စရာအကြောင်းမရှိချေ။ ကျွန်ုပ်တို့သည် သာ၍ဆုတောင်းရမည်။ သာ၍ပြည့်စုံစွာယုံကြည်ရမည်။ ကျွန်ုပ်တို့သည် သခင်ဘုရားနှင့်တူညီခြင်း၌ကြီးထွားရန် သာ၍မြဲမြံမှုဖြင့်တစ်ဖန်ကြိုးစားရမည်။ ကျွန်ုပ်တို့သည် မိမိကိုယ်ပိုင်စွမ်းအားကိုမကိုးစားဘဲ၊ ကျွန်ုပ်တို့ရွေးနှုတ်ရှင်၏တန်ခိုးကို ယုံကြည်ကိုးစားပြီး၊ ကျွန်ုပ်တို့၏ကျန်းမာခြင်းပေးသူနှင့်ဘုရားဖြစ်တော်မူသော ဘုရားသခင်ကိုချီးမွမ်းကြရမည်။ (1SM, pp. 336, 337).

–၀–

သြဂုတ် (၈)

## “ဂုဏ်ပြုထိုက်သောစိတ်ရင်းနှင့်ပြုမှုမှု”

**“အချင်းချင်းကျေးဇူးပြုခြင်း၊ သနားစုံမက်ခြင်း၊ ဘုရားသခင်သည် ခရစ်တော်ကြောင့် သင်တို့၏အပြစ်ကိုလွှတ်တော်မူသကဲ့သို့ အချင်းချင်းအပြစ်လွှတ်ခြင်းရှိကြလော့” (ဧဖက် ၄း၃၂)။**

စည်းမျဉ်း၊ မှန်ကန်မှု၊ ရိုးသားမှုတို့ကို အစဉ်မြတ်နိုးရမည်။ မူဝါဒကိုအကာအကွယ်ပေးသောနေရာတွင် ရိုးသားမှုနေနိုင်မည်မဟုတ်ချေ။ ၎င်းတို့သည် ဘယ်သောအခါမျှသဘောတူနိုင်ကြမည်မဟုတ်၊ တစ်ခုသည် ဗာလဘုရားနှင့်ဆိုင်၍၊ အခြားတစ်ခုမှာ ဘုရားသခင်နှင့်သက်ဆိုင်သည်။ သခင်သည် မိမိအစေခံတို့ကိုဂုဏ်ပြုထိုက်သော စိတ်ရင်းနှင့်ပြုမူမှုကိုတောင်းဆိုတော်မူသည်။ ရိုးသားမှုကို မိမိ၏အဖော်မွန်အဖြစ်ရွေးချယ်သူတို့သည် သူတို့၏ပြုမူမှုအားလုံးတွင် ၎င်းကိုပေါ်လွင်စေလိမ့်မည်။ လူအများစုအတွက် ဤသူတို့သည် နှစ်သက်စရာမဟုတ်ကြသော်လည်း ဘုရားသခင်အတွက်မူကား၊ သူတို့သည် ချစ်စရာကောင်းသူများဖြစ်ကြသည်။

စာတန်သည် နေရာတကာတွင်ပါဝင်ရန်လုပ်ဆောင်နေသည်။ သူသည် တကယ့်မိတ်ဆွေများကို တကွဲတပြားဖြစ်စေမည်။ အမြဲတမ်းစကားပြောသူ၊ ဝေဖန်သူ၊ မမှန်သောသက်သေခံသူများ၊ သဘောထားကွဲခြင်းနှင့်ခိုက်ရန်ဖြစ်ခြင်းမျိုးစေ့ကိုကြဲသောသူများရှိနေသည်။ ဘုရားသခင်သည် ဤလူတန်းစားကို စာတန်၏အထိရောက်ဆုံးသောအစေခံများအဖြစ် စောင့်ကြည့်တော်မူသည်။ သို့ရာတွင် ထိခိုက်ဒဏ်ရာရရှိသူသည် အောင်မြင်သည့်အသွင်ရှိသော မိမိအားထုတ်မှုအနည်းငယ်အတွက် ကြည်နူး၍ချီးကျူးနေသောအချိန်ထက် များစွာသာ၍အန္တရာယ်နည်းသည်။ မိတ်ဆွေဖြစ်ဟန်ရှိသောသူ၏ချီးမွမ်းခြင်းသည် အပြစ်တင်ခြင်းထက်သာ၍အန္တရာယ်ကြီးသည်။

မိမိကိုယ်ကိုချီးမွမ်းသူတိုင်းသည် မိမိ၏အကောင်းဆုံးကြိုးစားမှုများမှ အောင်မြင်မှုကိုဖျက်ပစ်ခြင်းသာဖြစ်သည်။ မှန်ကန်မြင့်မြတ်သောသူသည် ရန်သူတို့၏မှားယွင်းသောစွပ်စွဲချက်များကို နာကြည်းစွာမခံစားရချေ။ ထိုစကားများသည် သူ့ကိုအနာတရမဖြစ်စေဘဲ၊ သူ့ကိုသာ၍ပင်ခွန်အားဖြစ်စေသည်။ စိတ်ရှည်၍ချစ်ခြင်းနှင့်ပြည့်ဝသောဘုရားသခင်သည် မိမိလူတို့ကို မိမိနှင့်နီးကပ်စွာပေါင်းစည်းတော်မူသည်။ လူအားလုံးသည် ခရစ်တော်၏ချစ်ခြင်းမေတ္တာကို မိမိတို့၏အသက်တာ၌ ထင်ရှားစေကြရမည်။ မည်သူမျှအခြားသူတစ်ဦး၏ဂုဏ်သိက္ခာကိုမကျဆင်းပါစေနှင့်။ ထိုအရာသည် အတ္တစိတ်ကြောင့်ဖြစ်စေသည်။. . .

ဘယ်သောအခါမျှလူကိုကဲ့ရဲ့မရှုတ်ချပါနှင့်။ အကြောင်းမှာ မိမိကိုယ်ကိုကြီးမြတ်သည်ဟုခံစားသောသူတို့သည် မိမိတို့၏စိတ်နှလုံးဖောက်ပြန်ခြင်းကြောင့် ဘုရားသခင်က တန်ဖိုးမထားချိန်တွင် ထိုသူသည် ထာဝရဘုရားရှေ့တော်တွင် ကြီးမြတ်သူဖြစ်နိုင်သည်။ ကျွန်ုပ်တို့၏တစ်ခုတည်းသောလုံခြုံမှုမှာ လက်ဝါးကပ်တိုင်ခြေရင်းတွင်ပျပ်ဝပ်ရန်၊ မိမိကိုယ်ကိုဘာမျှမဟုတ်ကြောင်းမြင်ရန်နှင့် ဘုရားသခင်ကိုယုံကြည်ကိုးစားရန်ဖြစ်သည်။ ကိုယ်တော်သာလျှင်ကျွန်ုပ်တို့ကိုကြီးမြတ်အောင်လုပ်ဆောင်နိုင်တော်မူသည်။. . .

လူအားလုံး၏ချင့်ချိန်ခြင်းနှင့်အစွမ်းသတ္တိသည် ယခုလိုအပ်လျက်ရှိသည်။ လူတိုင်း၏အလုပ်ကို သတိနှင့်သစ္စာရှိစွာဖြင့်ဆောင်ရွက်ရန် အရေးကြီးသည်။ လူတစ်ဦးသည် အားလုံး၏အလုပ်ကိုမလုပ်ဆောင်နိုင်ချေ။ လူတိုင်းသည် မိမိ၏နေရာ၊ အထူးအလုပ် စသည်ဖြင့်အသီးသီးရှိသည်။ အယောက်စီတိုင်းသည် မိမိလုပ်ဆောင်မှုအားလုံးစစ်ဆေးစီရင်ခြင်းခံရမည်ကို သဘောပေါက်ရမည်။ (4T, pp. 607, 608).

–o–

သြဂုတ် (၉)

## “မကောင်းသောအကျင့်ကိုအောင်နိုင်ခြင်း”

**“ကိုယ်ကိုကိုယ်စင်ကြယ်စေလော့” (၁တိမောသေ ၅း၂၂)။**

စိတ်၊ ဝိညာဉ်နှင့်ကိုယ်ခန္ဓာတို့၏စင်ကြယ်မှုကို ဖွံ့စည်းပေးသောအရာကိုသိရှိခြင်းသည် ပညာရေး၏အရေးကြီးသောအစိတ်အပိုင်းတစ်ခုဖြစ်သည်။

အကျင့်စာရိတ္တတွင် စင်ကြယ်မှုကင်းမဲ့၍၊ အပြစ်သည် အကျင့်စာရိတ္တ၏အစိတ်အပိုင်းဖြစ်လာသောအခါ၊ မူးယစ်စေသောသေရည်နှင့်ညီမျှသော ပြုစားဖမ်းစားနိုင်သောတန်ခိုးရှိနေသည်။ မိမိကိုယ်ကိုထိန်းချုပ်ခြင်းနှင့်ချင့်ချိန်နိုင်စွမ်းသည် လူတစ်ကိုယ်လုံးကိုညစ်ညူးစေသောအကျင့်များအားဖြင့် နှိပ်ကွပ်ခြင်းခံရသည်။ ဤအပြစ်ရှိသောအကျင့်များကို ဆက်လက်လုပ်ဆောင်နေလျှင် ဦးနှောက်သည်အားနည်းလာ၍၊ ရောဂါစွဲကပ်ကာ၊ ၎င်း၏ဟန်ချက်ညီမှုကို ဆုံးရှုံးရလေသည်။ ထိုသို့သောသူတို့သည် သူတို့ကိုယ်သူတို့အတွက်နှင့် သူတို့နှင့်ဆက်ဆံရသောသူအားလုံးအတွက် အမင်္ဂလာဖြစ်ကြသည်။. . .

ဆိုးသောအကျင့်ကို ကောင်းသောအကျင့်ထက်သာ၍ရလွယ်သည်။ ပြီးနောက် အကျင့်ဆိုးကိုစွန့်လွှတ်ရန်လည်း သာ၍ခက်ခဲသည်။ ဤအရာသည် ကျွန်ုပ်တို့၏မွေးရာပါစိတ်နှလုံး၏ဆိုးယုတ်ခြင်းသဘာဝပင်ဖြစ်သည်။ လူငယ်များကို အကျင့်စာရိတ္တပျက်ပြားစေရန်၊ ကိုယ်ကျင့်တရားနှင့်ဘာသာရေးစရိုက်နှင့်ဆိုင်သော သူတို့၏အယူအဆများကိုဖျက်ဆီးရန်မှာ သူတို့၏အကျင့်စာရိတ္တတွင် သည်းခံတတ်၊ စင်ကြယ်ပြီး၊ မပျက်စီးသောဖြောင့်မတ်မှန်ကန်သောအကျင့်များစွဲမြဲစေရန်ထက် သာ၍လွယ်ကူသည်။ စိတ်အလိုလိုက်ခြင်း၊ အပျော်အပါးလိုက်စားခြင်း၊ ရန်ငြိုးဖွဲ့ခြင်း၊ မာနကြီးခြင်း၊ မိမိကိုယ်ကိုတန်ဖိုးထားလွန်းခြင်း၊ မနာလိုခြင်း၊ သဝန်တိုခြင်းတို့သည် လမ်းပြသွန်သင်မှုကင်းမဲ့လျက်



အလိုအလျောက်ကြီးထွားလိမ့်မည်။ ကျွန်ုပ်တို့၏ကျရှုံးလျက်ရှိသောအခြေအနေတွင် လိုအပ်သောအရာမှာ အပြစ်၏သဘာဝသို့ယိမ်းနေသောစိတ်နှင့် အကျင့်စာရိတ္တကိုစွန့်လွှတ်ရန်ဖြစ်သည်။ ဤသဘာဝလောကတွင် လယ်ကိုဤအတိုင်းထားလိုက်ပါ။ ပေါင်းပင်၊ ဆူးပင်များဖြင့်ပြည့်သွားလိမ့်မည်။ သို့ရာတွင် တန်ဖိုးရှိအသီးအနှံများနှင့် လှပသောပန်းများလိုချင်သော်၊ ဂရုတစိုက် စိုက်ပျိုးရမည်။

မကောင်းမှုကိုအစဉ်ခုခံရန်လိုအပ်ကြောင်း ယခုသင်တို့အားတင်ပြပေးလိုက်သည်။ သူတို့ကိုရွေးနုတ်ရန်အလို့ငှာ အသေခံရန်မိမိသားတော်ကိုစေလွှတ်၍၊ ဘုရားသခင်တန်ဖိုးထားတော်မူသော ယောကျ်ားမိန်းမအပေါင်းတို့ကို ကောင်းကင်သားတစ်ခုလုံးသည် စိတ်ဝင်စားလျက်ရှိသည်။ လူသားကဲ့သို့ ဘုရားသခင်သည် ထိုသို့သောတိုးတက်မှု၊ မွမ်းမံခြင်း၊ မြင့်မြတ်ခြင်းတို့ကို တတ်စွမ်းနိုင်ရန် ဖန်ဆင်းတော်မူသောအခြားသတ္တဝါမရှိချေ။ ထိုအခါလူတို့သည် မိမိတို့၏ယုတ်ညံ့သောတပ်မက်မှုများကြောင့် အသိဉာဏ်ကင်းမဲ့၍ ဒုစရိုက်ထဲနစ်နေသောအခါ၊ ဘုရားသခင်သည် လူကိုမည်သို့ကြည့်ရပါအံ့နည်း။ မိမိသည် မည်သည့်အရာဖြစ်နိုင်သည်ကိုလည်းကောင်း၊ မည်သည့်အရာဖြစ်လာမည်ကိုလည်းကောင်း လူသည်စိတ်ကူး၍မရနိုင်ပါ။ ခရစ်တော်၏ကျေးဇူးတော်အားဖြင့် သူသည်ဉာဏ်စွမ်းရည်တောက်လျှောက်တိုးတက်နိုင်သည်။ သမ္မာတရား၏အလင်းကို သူ့စိတ်တွင်ထွန်းလင်းစေပါ။ ဘုရားသခင်၏မေတ္တာတော်အလင်းသည် သူ့နှလုံးတွင်သွန်းလောင်းပါစေ။ ထိုအခါသူသည် ခရစ်တော်သေခြင်းဖြင့်ပေးတော်မူသောကျေးဇူးတော်အားဖြင့် တတ်စွမ်းနိုင်သောသူဖြစ်လာနိုင်ကာ၊ လောကသားဖြစ်သော်လည်း မသေနိုင်သောအဖြစ်ကို အမွေခံသူဖြစ်လာသည်။ (1HP, p. 195).

–o–

## ဩဂုတ် (၁၀)

# “လူတစ်ကိုယ်လုံးသန့်ရှင်းစစ်ကြယ်ခြင်း”

**“လူဟောင်းကိုချွတ်ပယ်၍ စိတ်နှလုံးသဘောသစ်ကိုရပြီးလျှင်၊ မှန်သောဖြောင့်မတ်ခြင်း၊ သန့်ရှင်းခြင်းပါရမီအားဖြင့် ဘုရားသခင်နှင့် အတူအမျှဖန်ဆင်းသောလူသစ်ကို ယူတင်ဝတ်ဆောင်ကြလော့” (ဧဖက် ၄း၂၃၊၂၄)။**

သမ္မာတရားသည် လူ၏စိတ်၊ အတွေး၊ နှလုံးနှင့်ခွန်အားအလုံးစုံကို သန့်ရှင်းစင်ကြယ်စေရမည်။ သူ၏အရေးကြီးသောစွမ်းအားများကို ကိလေသာ လွန်ကျူးသောအကျင့်များအတွက် မကုန်ဆုံးစေရပါ။ ဤအရာများကိုအောင် နိုင်ရမည်။ ထိုသို့မဟုတ်ပါက ၎င်းသည် သူ့ကိုပြန်၍အောင်နိုင်လိမ့်မည်။ . . . အတွေးများကိုစင်ကြယ်စေရန်လိုအပ်သည်။ လူတို့သဘောမပေါက် သည့်အရာမှာ၊ ကိုယ်ခန္ဓာကိုပြုစုရန်မှာ စိတ်နှလုံး၏ကြံ့ခိုင်မှုနှင့်စင်ကြယ်ခြင်း တို့နှင့်သက်ဆိုင်ကြောင်းဖြစ်သည်။

စစ်မှန်သောခရစ်ယာန်တို့သည် သန့်ရှင်းခြင်းကိုယူဆောင်ပေးသော အတွေ့အကြုံကိုရရှိကြသည်။ သူ၏စိတ်တွင် အပြစ်စွန်းထင်းမှုမရှိဘဲ၊ သူ့စိတ် ဝိညာဉ်တွင် ပျက်စီးခြင်းအစက်အပြောက်မရှိချေ။ ဘုရားသခင့်ပညတ်တော် ၏ဝိညာဉ်သဘောနှင့်တားမြစ်သောစည်းမျဉ်းများကို သူ့အသက်တာတွင်ကျင့်သုံး သည်။ သမ္မာတရား၏အလင်းသည် သူ၏နားလည်မှုကိုထွန်းလင်းတောက်ပ စေသည်။ ရွေးနုတ်ရှင်ကိုလုံးလုံးချစ်သည့်ရောင်ခြည်သည် သူ့စိတ်ဝိညာဉ်နှင့် ဘုရားသခင်အကြားဝင်ရောက်နေသော မနှစ်သက်ဖွယ်သောအရာကိုရှင်းလင်း ပေးသည်။ ဘုရားသခင်၏အလိုဆန္ဒသည် သူ၏စင်ကြယ်၊ မြင့်မြတ်၊ သန့်ရှင်း သောဆန္ဒဖြစ်လာသည်။ သူ၏မျက်နှာအသွင်အပြင်သည် ကောင်းကင်အလင်း



ကိုဖော်ပြသည်။ သူ၏ကိုယ်ခန္ဓာသည် သန့်ရှင်းသောဝိညာဉ်တော်၏ဗိမာန် တော်နှင့်ကိုက်ညီသည်။ သန့်ရှင်းမှုဖြင့် သူ့အကျင့်စာရိတ္တကိုဆင်မြန်းထား သည်။ စိတ်ဝိညာဉ်နှင့်ကိုယ်ခန္ဓာသည် ဘုရားသခင်နှင့်သဟဇာတဖြစ်နေ သောကြောင့် ဘုရားသခင်သည် သူနှင့်ဆက်သွယ်နိုင်သည်။ . . .

ဘုရားသခင်သည် စိတ်၊ ဝိညာဉ်၊ ကိုယ်ခန္ဓာနှင့်နှလုံး စသည့်ကျွန်ုပ် တို့ပိုင်ဆိုင်သည့်အားလုံးအပေါ်အခွင့်အာဏာရှိကြောင်း ကျွန်ုပ်တို့ကိုသဘော ပေါက်စေလိုတော်မူသည်။ ဖန်ဆင်းခြင်းအားဖြင့်သော်လည်းကောင်း၊ ရွေးနုတ် ခြင်းအားဖြင့်သော်လည်းကောင်း ကျွန်ုပ်တို့သည် ကိုယ်တော်အပိုင်ဖြစ်ကြ သည်။ ကျွန်ုပ်တို့ကိုဖန်ဆင်းသူအနေဖြင့် ကိုယ်တော်သည် ကျွန်ုပ်တို့၏ ဝန်ဆောင်မှုအားလုံးကို တောင်းဆိုတော်မူသည်။ ကျွန်ုပ်တို့အားရွေးနုတ်သူ အနေဖြင့် ကိုယ်တော်သည် အလုံးစုံသောမေတ္တာနှင့်ရပိုင်ခွင့်တို့ကိုတောင်းဆို တော်မူသည်။ ဤအရာသည် ကျွန်ုပ်တို့တည်ရှိနေခြင်း၏အချိန်တိုင်းကို သဘောပေါက်ရန်တောင်းဆိုလျက်ရှိသည်။ . . . ကျွန်ုပ်တို့၏ကိုယ်ခန္ဓာ၊ စိတ်ဝိညာဉ်၊ အသက်တာတို့ကို ကိုယ်တော်ပိုင်တော်မူသည်။ ၎င်းတို့သည် ကိုယ်တော်၏အခမဲ့ဆုကျေးဇူးများဖြစ်သည်သာမက၊ ကိုယ်တော်သည် ကျွန်ုပ် တို့အား အကျိုးရလဒ်များဖြင့်အစဉ်ပံ့ပိုးပြီး၊ ကျွန်ုပ်တို့၏အစွမ်းများကိုအသုံးပြု နိုင်ရန် ခွန်အားပေးတော်မူသည်။ . . ကိုယ်တော်သည် “ထိုသူကိုလက်ခံ သမျှသောသူတည်းဟူသော ကိုယ်တော်ကိုယုံကြည်သောသူတို့အား၊ ဘုရားသခင် ၏သားဖြစ်ရသောအခွင့်ကိုပေးတော်မူ၏။

ဘုရားသခင်၏သားတို့သည် အကျင့်စာရိတ္တ၌ ခရစ်တော်ကိုဖော်ပြ လိမ့်မည်။ . . စိတ်နှင့်ကိုယ်ခန္ဓာသည် သန့်ရှင်းသောဝိညာဉ်တော်၏သွေးဆောင် မှုနောက်သို့လိုက်ပါလေ၊ ကိုယ်တော်ထံကျွန်ုပ်တို့ပူဇော်သကာ၏မွှေးရနံ့သည် သာ၍ကြီးမားလေဖြစ်မည်။ (7BC, p. 909).

–o–

သြဂုတ် (၁၁)

## “ကိုယ်တော်၏ပညတ်တရားနှင့်အညီ”

**“ဉာဏ်ကိုပေးတော်မူပါ။ တရားတော်ကိုစောင့်ပါမည်။ စိတ်နှလုံး အကြွင်းမဲ့စောင့်ပါမည်” (ဆာလံ ၁၁၉း၃၄)။**

အသစ်မွေးဖွားရာတွင် စိတ်နှလုံးသည် ဘုရားသခင်နှင့်အတူညီညွတ်မှုရှိလာ၍၊ ကိုယ်တော်၏ပညတ်တော်နှင့်လည်း သဟဇာတရှိသည်။ ဤအားကြီးသောပြောင်းလဲမှုသည် အပြစ်သား၌ဖြစ်ပျက်လာသောအခါ သူသည် သေခြင်းမှအသက်သို့လည်းကောင်း၊ အပြစ်မှသန့်ရှင်းခြင်းသို့လည်းကောင်း၊ ကျူးလွန်ခြင်းနှင့်ပုန်ကန်ခြင်းမှ နားထောင်ခြင်းနှင့်သစ္စာစောင့်ခြင်းသို့လည်းကောင်း ကူးပြောင်းသွားသည်။

ဘုရားပညတ်တော်ကိုလျစ်လျူရှု၊ ငြင်းပယ်ခြင်းမှပေါက်ပွားလာသည့် မှားယွင်းသောသန့်ရှင်းစင်ကြယ်ခြင်းအကြောင်းအယူအဆများသည် ယနေ့ဘာသာရေးလှုပ်ရှားမှုများတွင် ထင်ရှားသောနေရာကို ရယူထားလျက်ရှိသည်။ ဤထင်မြင်ချက်များသည် ယုံကြည်ချက်အရမှားယွင်းပြီး၊ လက်တွေ့ရလဒ်ပိုင်းတွင် အန္တရာယ်ရှိသည်။ ၎င်းထင်မြင်ချက်များကို လူအများကနှစ်သက်ကြကာ၊ ဤအချက်အပေါ်သမ္မာကျမ်းစာ၏သွန်သင်ချက်ကို နားလည်မှုနှစ်မျိုးဖြစ်ပေါ်စေသည်။

စစ်မှန်သောသန့်ရှင်းစင်ကြယ်ခြင်းသည် သမ္မာကျမ်းစာ၏သွန်သင်ချက်ဖြစ်သည်။ တမန်တော်ပေါလုသည် သက်သာလောနိတ်အသင်းတော်ကို စာရေးရာတွင် “ဘုရားသခင်၏အလိုတော်ဟူမူကား၊ သင်တို့သည် သန့်ရှင်းစေခြင်း” ဖြစ်သည်ဟုဖော်ပြပြီး “ငြိမ်သက်ခြင်း၏အရှင် ဘုရားသခင်ကိုယ်တော်



တိုင်လည်း၊ သင်တို့ကိုအကုန်အစင်သန့်ရှင်းစေတော်မူပါစေသော” ဟုဆုတောင်းပေးသည်။ (၁သက်သာ ၄း၃။ ၅း၂၃)။ သန့်ရှင်းစင်ကြယ်ခြင်းသည် မည်သည့်အရာဖြစ်ကြောင်းနှင့် ၎င်းကိုမည်သို့ရရှိမည်ကို သမ္မာကျမ်းစာသည် ရှင်းလင်းစွာသွန်သင်သည်။ ကယ်တင်ရှင်သည် မိမိတပည့်တော်များအတွက် “ကိုယ်တော်၏သမ္မာတရားအားဖြင့် သူတို့ကိုသန့်ရှင်းစေတော်မူပါ။ ကိုယ်တော်၏နှုတ်ကပတ်တော်သည် သမ္မာတရားဖြစ်ပါ၏” (ယောဟန် ၁၇း၁၇) ဟုဆုတောင်းတော်မူခဲ့သည်။ ထိုနောက် ယုံကြည်သူတို့သည် “သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် သန့်ရှင်းစေရ” မည်ဖြစ်ကြောင်း ပေါလုသွန်သင်သည်။ (ရောမ ၁၅း၁၆)။ သန့်ရှင်းသောဝိညာဉ်တော်၏အလုပ်ကားအဘယ်နည်း။ ယေရှုသည် သူ့တပည့်တော်တို့ကို “သမ္မာတရားနှင့်ပြည့်စုံသော ထိုဝိညာဉ်တော်သည် ရောက်လာသောအခါ၊ သမ္မာတရားကို သင်တို့အားအကြွင်းမဲ့သွန်သင်ပြသလိမ့်မည်” (ယောဟန် ၁၆း၁၃) ဟုမိန့်တော်မူသည်။ ဆာလံဆရာကလည်း “ကိုယ်တော်၏ပညတ်တရားသည် သမ္မာတရားဖြစ်ပါ၏” (NIV) ဟုဆိုထားသည်။ နှုတ်ကပတ်တော်နှင့်သမ္မာတရားအားဖြင့် ကိုယ်တော်၏ပညတ်တရား၌ပုံဖော်ထားသော ဖြောင့်မတ်ခြင်း၏မဟာအခြေခံသဘောတရားကို လူတို့အားဖွင့်ပြလျက်ရှိသည်။ ဘုရားသခင်၏ပညတ်တရားသည် “သန့်ရှင်းခြင်း၊ ဖြောင့်မတ်ခြင်း၊ ကောင်းမြတ်ခြင်း” ရှိသည်ဖြစ်၍၊ ဘုရား၏ပြည့်စုံခြင်း၏မှတ်တမ်းဖြစ်ကာ၊ ထိုပညတ်တရားကိုနားထောင်ခြင်းဖြင့် ပုံသွင်းသောအကျင့်စာရိတ္တသည်လည်း သန့်ရှင်းလိမ့်မည်။ ထိုသို့သောအကျင့်စာရိတ္တအတွက် ခရစ်တော်သည် ပြီးပြည့်စုံသောပုံနမူနာဖြစ်သည်။ ကိုယ်တော်က “ငါသည် ခမည်းတော်၏ပညတ်တို့ကိုစောင့်ရှောက်၍” “နှစ်သက်တော်မူသောအမှုကို အစဉ်မပြတ်ငါပြုပြီ” ဟုမိန့်တော်မူသည်။ (ယောဟန် ၁၅း၁၀။ ၈း၂၉)။ ဘုရားသခင်၏ကျေးဇူးတော်အားဖြင့် ကိုယ်တော်၏သန့်ရှင်းသောပညတ်တရားနှင့်အညီ ပုံသွင်းသောအကျင့်စာရိတ္တအားဖြင့် ခရစ်တော်၏နောက်လိုက်

များသည် သူနှင့်တူလာရမည်။ ဤအရာသည် သမ္မာကျမ်းစာသွန်သင်သော သန့်ရှင်းစင်ကြယ်ခြင်းဖြစ်သည်။

ဤသန့်ရှင်းစင်ကြယ်ခြင်းအလုပ်ကို ဘုရားသခင်၏ဝိညာဉ်တော်ကိန်းအောင်းခြင်းတန်ခိုးအားဖြင့် ခရစ်တော်ကိုယုံကြည်ခြင်းအားဖြင့်သာ ပြီးမြောက်နိုင်သည်။ (RB, pp. 13,14).

–ဝ–



သြဂုတ် (၁၂)

## "သန့်ရှင်းစင်ကြယ်ခြင်းအတုအယောင်"

**"ထိုသခင်ကိုကိုယ်တိုင်သိကျွမ်းသည်ကို အဘယ်သို့သိရသနည်းဟူမူကား၊ ပညတ်တော်တို့ကိုစောင့်ရှောက်လျှင် သိရသတည်း။ ထိုသခင်ကိုငါသိ၏ဟု ပညတ်တော်တို့ကိုမစောင့်ဘဲလျက်ဆိုသောသူသည် မုသားကိုသုံးသောသူဖြစ်၍ ထိုသူ၌သစ္စာမရှိ" (၁ယောဟန် ၂း၃၊၄)။**

ဘာသာရေးလောကတွင် ယခုထင်ရှားလာသောသန့်ရှင်းစင်ကြယ်ခြင်းတွင် မိမိကိုယ်ကိုချီးမြှောက်သောစိတ်နှလုံးနှင့် သမ္မာကျမ်းစာသွန်သင်သည့်ဘာသာရေးမဟုတ်သော အမှတ်လက္ခဏာဖြစ်သည့် ဘုရားသခင်၏ပညတ်တော်ကို အလေးမထားမှုတို့ပါဝင်လျက်ရှိသည်။ ၎င်းကိုထောက်ခံသူများက သန့်ရှင်းစင်ကြယ်ခြင်းအသက်တာကို ယုံကြည်ခြင်းအားဖြင့်ချက်ချင်းရရှိကာ၊ သူတို့သည် ပြည့်စုံသောသန့်ရှင်းခြင်းကို ကြိုးပမ်းရရှိသည်ဟုသွန်သင်ကြသည်။ သူတို့က "ယုံကြည်လိုက်ပါ။ ထိုနောက် ကောင်းချီးမင်္ဂလာသည် သင့်ဥစ္စာဖြစ်သည်" ဟုဆိုကြသည်။ ၎င်းကိုရရှိပြီးသောသူတို့အတွက် နောက်ထပ်ကြိုးပမ်းမှုများကို မတောင်းဆိုတော့ချေ။ တစ်ချိန်တည်းတွင် ဘုရားသခင်၏ပညတ်တော်ကိုငြင်းပယ်ကြကာ၊ ဘုရားသခင်၏ပညတ်ချက်များကိုစောင့်သည့်တာဝန်မှလွတ်ပြီဟုဆိုကြသည်။ သို့ရာတွင် ဘုရားသခင်၏သဘောသဘာဝနှင့်အလိုဆန္ဒကိုဖော်ပြသော စည်းမျဉ်းများနှင့်ညီညွတ်မှုမရှိဘဲ၊ လူသည်သန့်ရှင်းရန်၊ ဘုရားသခင်၏အလိုတော်နှင့်ဂုဏ်တော်နှင့်အညီရှိနေရန် ဖြစ်နိုင်ပါသလား။. . .

ကြိုးစားအားထုတ်မှု၊ မိမိကိုယ်ကိုငြင်းပယ်ခြင်း၊ လောက၏မိုက်မဲမှုများနှင့်ကင်းကွာခြင်း စသည်တို့ကိုမတောင်းဆိုသော အလွယ်လမ်းဘာသာရေး

ကိုလိုလားခြင်းသည် ယုံကြည်ခြင်း၊ ယုံကြည်ခြင်းတစ်ခုတည်းသာဟူသော ယုံကြည်ချက်ကို ပေါ့ပြက်စေသည်။ သို့ရာတွင် ဘုရားသခင်၏နှုတ်ကပတ်တော်၌ မည်သို့ရေးသားသနည်း။ တမန်တော်ယာကုပ်က "ငါသည်ယုံကြည်ခြင်းရှိ၏ဟုပြောလျက်၊ အကျင့်ကိုမကျင့်ဘဲနေလျှင် အဘယ်အကျိုးရှိသနည်း။ ထိုယုံကြည်ခြင်းသည် ထိုသူကိုကယ်နိုင်သလော။ . . . အကျင့်နှင့်ကင်းသော ယုံကြည်ခြင်းသည် တစ်ပါးတည်းရှိသောကြောင့်အသေဖြစ်၏" ဟုဆိုသည်။

ဘုရားသခင့်နှုတ်ကပတ်တော်၏သက်သေခံချက်သည် ဤအကျင့်မပါသောယုံကြည်ခြင်းနှင့်ဆန့်ကျင်နေသည်။ သနားခြင်းကရုဏာကိုရရှိနိုင်မည့်အခြေအနေများကိုလိုက်နာမှုမရှိဘဲ ဘုရားသခင်၏မျက်နှာသာကိုတောင်းဆိုခြင်းသည် ယုံကြည်ခြင်းမဟုတ်ချေ။ ၎င်းမှာမှန်သည်ဟုမှတ်ယူခြင်းသာဖြစ်သည်။ အကြောင်းမှာ စစ်မှန်သောယုံကြည်ခြင်းသည် သမ္မာကျမ်းစာ၏ကတိတော်များနှင့်ထောက်ပံ့မှုများအပေါ်မှာ အခြေပြုလျက်ရှိသည်။

ဘုရားသခင်၏တောင်းဆိုချက်များမှတစ်ခုကို တမင်ကျူးလွန်နေစဉ် မိမိတို့သည် သန့်ရှင်းလာနိုင်သည်ဟူသောယုံကြည်ချက်ဖြင့် မည်သူမျှမိမိတို့ကိုယ်ကိုမလှည့်စားကြနှင့်။ သိရှိထားသောအပြစ်ကိုကျူးလွန်ခြင်းသည် ဝိညာဉ်တော်၏သက်သေခံသောအသံကို တိတ်ဆိတ်သွားစေ၍၊ အသက်ဝိညာဉ်ကို ဘုရားသခင်နှင့်ခွဲခွာစေသည်။ . . . "ထိုသခင်ကို ကိုယ်တိုင်သိကျွမ်းသည်ကို အဘယ်သို့သိရသနည်းဟူမူကား၊ ပညတ်တော်တို့ကိုစောင့်ရှောက်လျှင်သိရသတည်း။ ထိုသခင်ကိုငါသိ၏ဟု ပညတ်တော်တို့ကိုမစောင့်ဘဲလျက်ဆိုသော သူသည် မုသားကိုသုံးသောသူဖြစ်၍ ထိုသူ၌သစ္စာမရှိ" (၁ယော ၂း၃၊၄)။ (RB, pp. 15-17).

–၀–



ဩဂုတ် (၁၃)

## "ယူဆချက်၊ ခံစားမှုနှင့်ဆေးဝါးများ"

**"ကိုယ်တော်၏ဥပဒေသများအားဖြင့် အကျွန်ုပ်သည် ဉာဏ်တိုးပွား၍၊ မိစ္ဆာလမ်းရှိသမျှတို့ကိုမုန်းပါ၏" (ဆာလံ ၁၁၉း၁၀၄)။**

စည်းမျဉ်းများနှင့်စည်းစနစ်တကျရှိမှုတို့ကိုမလိုက်နာမည့် အငြိမ်မနေနိုင်သောသူများစွာရှိသည်။ သူတို့၏ကိုယ်ပိုင်ဝေဖန်ပိုင်းခြားနိုင်စွမ်းအတိုင်းမနေဘဲ၊ သာ၍အတွေ့အကြုံရှိသောသူတို့ကိုဆည်းကပ်ခြင်းသည် သူတို့၏လွတ်လပ်မှုကို တိုတောင်းစေသည်ဟုယူဆကြသည်။ အမိန့်နာခံမှုနှင့် သူတို့၏အစည်းအဝေးများမှ ကျိုးကြောင်းဆင်ခြင်မှုမရှိသော တစ်ယူသန်မှုကိုထုတ်ပယ်ခြင်းစသည်တို့မရှိသည့် ဘုရားသခင်၏အမှုတော်သည် တိုးတက်လိမ့်မည်မဟုတ်ချေ။

ထင်မြင်ယူဆမှုနှင့်စိတ်ခံစားမှုတို့သည် လူတစ်ဦးကိုဘုရားသခင်ပို့ဆောင်သည်ဟူသော အထောက်အထားမဟုတ်ချေ။ အကယ်၍ စာတန်ကိုသံသယမဝင်မိသော်၊ သူသည် ထင်မြင်ယူဆမှုများနှင့်စိတ်ခံစားမှုများကိုပေးလိမ့်မည်။ ဤအရာများသည် စိတ်ချရသောလမ်းပြများမဟုတ်ချေ။ လူအားလုံးသည် မိမိတို့ယုံကြည်သည့်အရာကို နောကျေနေရမည်။ ကောင်းမွန်စွာလေ့လာခြင်းသည် မိမိတို့၏ယုံကြည်ခြင်းကိုတန်ဆာဆင်ခြင်းနှင့် ဘုရားသခင်၏ဘုန်းတော်ကိုထင်ရှားစေခြင်းဖြစ်သည်။

[Battle Creek ဆေးပေးခန်းမှလူနာတစ်ဦးသည်] တစ်ခါတစ်ခါ အသစ်သောအလင်းတရားရရှိသည်ဟု ထင်မြင်ခဲ့သည်။ သူသည် ရောဂါပြင်းထန်၍ မကြာမီသေရတော့မည်။ . . . သူ၏အမြင်ကိုသူပြောပြသောသူတို့သည် စိတ်ပါလက်ပါနားထောင်ပြီး၊ တချို့က ဝိညာဉ်တော်မှုတ်သွင်းသည်ဟု ထင်ခဲ့ကြသည်။ . . . များစွာသောသူတို့အတွက် သူ့အကျိုးသင့်

အကြောင်းသင့်စဉ်းစားတွေးခေါ်မှုသည် ခြောက်ပစ်ကင်းဟန်ရှိသည်။ သူ၏ဖျားနာဆောင်မှ အားကြီးသောတိုက်တွန်းချက်များကိုပြောပြကြသည်။ သူသည်အံ့ဖွယ်ရာဆင်ခြင်သုံးသပ်ချက်များကိုတင်ပြသည်။ သို့သော် သူ၏အမြင်များ၏အရင်းအမြစ်ကား အဘယ်နည်း။ သူသောက်သောအကိုက်အခဲပျောက်ဆေးသာဖြစ်နေသည်။ (RB, pp. 52-54).

ဆေးဝါးများ၌ပါရှိသောအဆိပ်များသည် စိတ်ဝိညာဉ်နှင့်ကိုယ်ခန္ဓာကိုဖျက်ဆီးသောအကျင့်များနှင့် ခံတွင်းတောင့်တမှုကိုဖြစ်စေသည်။ ရောင်းချလျက်ရှိသည့် များစွာသောဆေးဝါးများ၊ ဆရာဝန်များကညွှန်းသော ဆေးဝါးတချို့ပင်လျှင် လူ့အဖွဲ့အစည်းကိုဆိုးဝါးစွာအမင်္ဂလာဖြစ်စေသော အရက်သောက်သောအကျင့်၊ မူးယစ်ဆေးသုံးသောအကျင့်နှင့်အကိုက်အခဲပျောက်ဆေးစွဲသောအကျင့် စသည့်အကျင့်များကိုဖန်တီးပေးသည်။ (MH, p. 127).

သန့်ရှင်းစင်ကြယ်ပြီဟုဆိုသောသူတို့သည် စိတ်ခံစားမှုနောက်သို့လိုက်၍၊ ဘုရားသခင်ဖော်ပြသည့်အလိုတော်ကိုသိရှိနိုင်ရန် သမ္မာကျမ်းစာကိုလေ့လာစရာမလိုဟု သူတို့သည်ဆိုကြလျှင်၊ ကောင်းချီးမင်္ဂလာဟုယူဆသောအရာသည်အတုပင်ဖြစ်လိမ့်မည်။ အကြောင်းမှာ ထိုသို့ယူဆသူတို့သည် မိမိတို့၏မစင်ကြယ်သောခံစားမှုများနှင့်စိတ်ကူးယဉ်များကို တန်ဖိုးထားကြပြီး၊ ကိုယ်တော်၏နှုတ်ကပတ်တော်ထဲက ဘုရားသခင်၏အသံတော်ကိုမကြားလိုဘဲဖြစ်သွားရကြသည်။ (RB, p. 55).

–၀–

ဩဂုတ် (၁၄)

## "ဒရမ် (drum)၊ ကခုန်ခြင်းနှင့်ဆူညံသံ"

**"ခပ်သိမ်းသောအမှုကို တင့်တယ်လျောက်ပတ်စွာအစဉ်အတိုင်းစီရင်ကြလော့" (၁ကောရိန်သု ၁၄း၄၀)။**

ကရုဏာတံခါးမပိတ်မီအချိန်ကလေးတွင် ဖြစ်ပျက်မည့်အရာများကိုထာဝရဘုရားသည် ကျွန်ုပ်အားပြတော်မူသည်။ မတင့်တယ်မလျောက်ပတ်သောအရာများပေါ်လာလိမ့်မည်။ ဒရမ်များ၊ တေးဂီတနှင့်ကခုန်ခြင်းနှင့်အတူအော်ဟစ်ခြင်းများရှိလာမည်။ တွေးခေါ်တတ်သောလူတို့၏အာရုံများသည်မှန်ကန်သောဆုံးဖြတ်ချက်များမချမှတ်နိုင်လောက်အောင်ပင် ရှုပ်ထွေးကုန်လိမ့်မည်။ ဤအရာကို သန့်ရှင်းသောဝိညာဉ်တော်၏လှုပ်ရှားမှုဟုခေါ်ကြသည်။

သန့်ရှင်းသောဝိညာဉ်တော်သည် ထိုသို့သောနည်းလမ်းများ၊ ဗလောင်ဆန်အောင်ဆူညံသောနေရာများ၌ မိမိကိုယ်ကိုဖော်ပြတော်မမူချေ။ ဤအရာမှာ ယခုချိန်အတွက် စင်ကြယ်၊ ရိုးသား၊ မြင့်မြတ်ပြီး သန့်ရှင်းသောသမ္မာတရားသည် အကျိုးသက်ရောက်မှုမရှိစေရန် မိမိ၏ထက်မြက်သောနည်းလမ်းများကိုဖုံးကွယ်ရန် စာတန်၏ဖန်တီးမှုများဖြစ်သည်။. . . ဗလောင်ဆန်အောင်ဆူညံမှုသည် အသိအာရုံများကိုအပြင်းအထန်ထိမိ၍၊ မှန်ကန်စွာပြုလျှင်ကောင်းချီးမင်္ဂလာဖြစ်မည့်အရာကို လမ်းလွဲစေသည်။ ဘာသာရေးကခုန်ပွဲများဖန်တီးရန် စာတန်ကိုယ်စားလှယ်များ၏တန်ခိုးများနှင့်ဆူညံသံများရောယှက်ကာ၊ ၎င်းကိုသန့်ရှင်းသောဝိညာဉ်တော်၏လုပ်ဆောင်မှုဟု သမုတ်ကြသည်။ . . . နိုးကြားခြင်းဟုယူဆရသည့်ပွဲများတွင် ပါဝင်သောသူတို့သည် သူတို့ကိုလွှင့်မျောစေသောအယူအဆများကိုရရှိကြသည်။ သမ္မာကျမ်းစာ၏အခြေခံ

စည်းမျဉ်းများနှင့်ပတ်သက်၍ ယခင်ကသိခဲ့သောအရာကို သူတို့မပြောပြနိုင်ကြချေ။

ဤကဲ့သို့သောဝတ်ပြုကိုးကွယ်ခြင်းများကို အားမပေးရချေ။ ၁၈၄၄ ခုနှစ်နောက်ပိုင်းတွင် အလားတူအရှိန်ဩဇာများရှိနေခဲ့သည်။ အလားတူ သရုပ်ဆောင်မှုများကို ကျင်းပခဲ့ကြသည်။ လူတို့သည် စိတ်လှုပ်ရှားလာကာ၊ ဘုရားသခင်၏တန်ခိုးဟုယူဆရသောတန်ခိုးဖြင့် လုပ်ဆောင်ခဲ့ကြသည်။. .

သန့်ရှင်းသောဝိညာဉ်တော်၏လမ်းပြမှုကိုခံယူရမည့် ယောက်ျားမိန်းမတို့သည် အဝတ်ဗလာဖြင့်တက်ရသောအစည်းအဝေးများကို ကျင်းပခဲ့ကြသည်။ သန့်ရှင်းသောသွေးသားအကြောင်းကို ပြောဆိုကြသည်။ စုံစမ်းခြင်း၏တစ်ဖက်ကမ်းသို့ သူတို့ရောက်ရှိကြပြီဟုဆိုကြသည်။ ပြီးနောက်သူတို့သည် သီချင်းဆို၊ အော်ဟစ်လျက်၊ ဆူညံမှုပုံစံမျိုးစုံကိုပြုလုပ်ကြသည်။. . . စာတန်သည် ဤအမှုကိုပုံသွင်းပေးကာ၊ တဏှာစိတ်များကိုနှိုးဆွပေးသည်။ ဘုရားသခင်၏အမှုတော်ကိုရှုတ်ချကြသည်။ မွန်မြတ်သောသမ္မာတရားကို မြေပေါ်သို့လူသားကိုယ်စားလှယ်များအားဖြင့် ချလိုက်ကြသည်။. . .

ဤတစ်ယူသန်လှုပ်ရှားမှုများ၊ ဆူဆူညံညံအသံများသည် ဖြစ်နိုင်လျှင် ရွေးချယ်သောသူကိုပင်လျှင် လှည့်ဖြားရန်နိမိတ်လက္ခဏာများပြုလုပ်သော စာတန်၏ဝိညာဉ်အားဖြင့်နှိုးဆော်ခြင်းဖြစ်ကြောင်း ကျွန်ုပ်ကြေညာသက်သေခံသည်။

စာတန်၏လှည့်စားခြင်းအားဖြင့် လှည့်ဖြားခြင်းမခံရမည်အကြောင်း သတိရှိရန်နှင့် ခရစ်တော်နှင့်နီးကပ်စွာဆက်ဆံမှုကို ထိန်းသိမ်းရန်လိုအပ်သည်။ ထာဝရဘုရားသည် မိမိအမှုတော်အတွက် စိတ်လှုပ်ရှားမှုနှင့်ရှုပ်ထွေးမှုများကို အလိုမရှိဘဲ၊ စည်းစနစ်တကျရှိမှုကို အလိုရှိတော်မူသည်။ (RB, pp. 50-52).

–၀–



ဩဂုတ် (၁၅)

## "ဝါကြွားစရာအကြောင်းမရှိ"

**"ငါကလည်း၊ ငါ၌အမင်္ဂလာရှိ၏။ ငါအကျိုးနည်းရှိပြီ။ အကြောင်းမူကား၊ ငါသည် ညစ်ညူးသောနှုတ်ခမ်းရှိလျက်၊ ညစ်ညူးသောနှုတ်ခမ်းရှိသောလူမျိုးတွင်နေလျက်နှင့် ကောင်းကင်ဗိုလ်ခြေအရှင်ထာဝရဘုရားတည်းဟူသောရှင်ဘုရင်ကို ကိုယ်မျက်စိနှင့်မြင်လေပြီတကားဟုဆို၏" (ဟေရှာယ ၆:၅)။**

သမ္မာကျမ်းစာတွင်ဖော်ပြသော သန့်ရှင်းစင်ကြယ်သောအသက်တာမျိုးပိုင်ဆိုင်သူတို့သည် စိတ်နှလုံးနှိမ့်ချမှုကိုပေါ်လွင်စေရမည်။ မောရှေကဲ့သို့ ကိုယ်တော်၏ဘုန်းကြီးသောသန့်ရှင်းခြင်းကို ရှုမြင်ခဲ့ကြပြီးဖြစ်၍၊ အတိုင်းအဆမရှိသောသူ၏စင်ကြယ်မြင့်မြတ်သော ပြည့်စုံတော်မူခြင်းနှင့်နှိုင်းယှဉ်ကာ၊ မိမိတို့၏မထိုက်တန်မှုကိုမြင်ကြသည်။

ပုရောဖက်ဒံယေလသည် စစ်မှန်သည့်သန့်ရှင်းစင်ကြယ်သောအသက်တာ၏စံနမူနာဖြစ်သည်။ သူ၏ကြာရှည်သောအသက်တာတွင် မိမိအရှင်သခင်၏အမှုတော်ကို ဆောင်ရွက်ခဲ့သည်။ သူသည် ကောင်းကင်ဘုံ၏ "အလွန်ချစ်အပ်သောသူ" (ဒံယေလ ၁၀:၁၁) ဖြစ်၏။ သို့ရာတွင် ဤသန့်ရှင်းစင်ကြယ်ခြင်းကိုပြောဆိုမည့်အစား၊ ဤဂုဏ်ပြုခြင်းခံရသောပုရောဖက်သည် မိမိလူတို့၏ကိုယ်စား ဘုရားသခင်ကိုအသနားခံရာတွင် အပြစ်ရှိသောဣသရေလများနှင့်အတူ မိမိကိုယ်ကိုထပ်တူထားခဲ့သည်။ "အကျွန်ုပ်တို့သည် ကိုယ်ကုသိုလ်ကိုအမှီမပြု၊ မဟာကရုဏာတော်ကိုသာအမှီပြု၍ ပတ္ထနာစကားကို ရှေ့တော်၌ဆက်ကပ်ပါ၏။" "အကျွန်ုပ်တို့သည်ပြစ်မှားမိပါပြီ။ မတရားသဖြင့်ပြုမိပါပြီ။" "ထိုသို့ဆုတောင်းပတ္ထနာပြု၍၊ ကိုယ်အပြစ်ကိုလည်းကောင်း၊ အမျိုးသားချင်း

ကြွသရေလလူတို့၏အပြစ်ကိုလည်းကောင်း ဖော်ပြ၍တောင်းပန်၏" (ဒံယေလ ၉း၁၈၊၁၅၊၂၀)။

ယောဘသည် လေပွေထဲက ထာဝရဘုရား၏အသံတော်ကိုကြားသောအခါ၊ "အကျွန်ုပ်သည် ကိုယ်ကိုရွံရှာပါ၏။ မြေမှုန့်နှင့်မီးဖိုပြာ၌ထိုင်၍ နောင်တရပါ၏ဟုလျှောက်လေ၏" (ယောဘ ၄၂း၆)။ ဟေရှာယသည် ထာဝရဘုရား၏ဘုန်းတော်ကိုမြင်၍၊ ကောင်းကင်တမန်သရပ်တို့က "ကောင်းကင်ဗိုလ်ခြေထာဝရဘုရားသည် သန့်ရှင်းတော်မူ၏။ သန့်ရှင်းတော်မူ၏။ သန့်ရှင်းတော်မူ၏" ဟုမြွက်ဆိုသံကိုကြားသောအခါ၊ "ငါ၌အမင်္ဂလာရှိ၏။ ငါအကျိုးနည်းရှိပြီ" ဟုဆိုခဲ့သည် (ဟေရှာယ ၆း၃၊၅)။ ပေါလုသည် ရူပါရုံ၌ တတိယကောင်းကင်သို့ချီဆောင်ခံရပြီး၊ လူတို့မပြောအပ်မပြောပြနိုင်သောစကားကိုကြားရပြီးနောက် မိမိကိုယ်ကို "သန့်ရှင်းသူအပေါင်းတို့တွင် အငယ်ဆုံးသောသူထက်သာ၍ငယ်သောငါ" ဟုဆိုခဲ့သည်။ (၂ကော ၁၂း၂–၄။ ဧဖက် ၃း၈)။ ကောင်းကင်တမန်၏ခြေရင်းတွင်လဲကျသောသူမှာ ယေရှု၏ရင်ခွင်တွင်မှီ၍ ကိုယ်တော်၏ဘုန်းတော်ကိုမြင်တွေ့ခဲ့သည့် ချစ်သောယောဟန်ပင်ဖြစ်သည်။ (ဗျာဒိတ် ၁း၁၇)။

ကရာနီကုန်းမှ လက်ဝါးကပ်တိုင်တော်၏အရိပ်တွင်လျှောက်လှမ်းသောသူတို့အဖို့ မိမိကိုယ်ကိုချီးမြှောက်ရန်အကြောင်းမရှိ၊ အပြစ်မှလွတ်ပြီဟု ဝါကြွားစရာအကြောင်းလည်းမရှိချေ။ မိမိတို့၏အပြစ်ကြောင့် ဘုရားသခင့်သားတော်၏စိတ်နှလုံးသည် ဝမ်းနည်းကြေကွဲရကြောင်း သူတို့ခံစားကြသည်။ ဤအတွေးသည် မိမိကိုယ်ကိုနှိမ့်ချခြင်းသို့ပို့ဆောင်ပေးသည်။ ယေရှုနှင့်အနီးကပ်ဆုံးနေထိုင်သူတို့သည် လူသားတို့၏အားနည်းခြင်းနှင့်အပြစ်ရှိခြင်းကို အရှင်းလင်းဆုံးသိရှိကြသည်။ ပြီးနောက် သူတို့၏တစ်ခုတည်းသောမျှော်လင့်ချက်မှာ သေခြင်းမှထမြောက်သော ကယ်တင်ရှင်၏ကောင်းမှု၌သာရှိသည်။ (RB, pp. 14, 15).

–০–



## ဩဂုတ် (၁၆)

## "နေ့စဉ်ကယ်တင်ခြင်း"

**"အကြင်သူသည် မိမိတည်ကြည်လျက်နေသည်ဟု မိမိထင်မှတ်၏။ ထိုသူသည်မလဲခြင်းငှာသတိပြုစေ" (၁ကောရိန်သု ၁၀း၁၂)။**

ပေတရု၏ကျဆုံးခြင်းသည် ချက်ချင်းဖြစ်သောအရာမဟုတ်ဘဲ ဖြည်းဖြည်းချင်းဖြစ်သောအရာဖြစ်သည်။ မိမိကိုယ်ကိုယုံကြည်စိတ်ချမှုသည် သူ့အားကယ်တင်ခြင်းသို့ရောက်ပြီဟူသော ယုံကြည်ခြင်းသို့ပို့ဆောင်ပြီး၊ တစ်လှမ်းချင်းနိမ့်ရာသို့လှမ်းကာ အဆုံးတွင်သူ့သခင်ဘုရားကိုငြင်းပယ်ခဲ့သည်။ ကောင်းကင်သို့မရောက်မီ စုံစမ်းခြင်းအတွက်လုံခြုံပြီဟု မိမိကိုယ်ကိုဘယ်သောအခါမျှယုံကြည်စိတ်မချပါနှင့်။ ကယ်တင်ရှင်ကိုလက်ခံသောသူတို့သည် မိမိတို့၏ပြောင်းလဲခြင်းသည် မည်မျှပင်မှန်ကန်မှုရှိစေကာမူ၊ ကယ်တင်ခြင်းသို့ရောက်ပြီဟူ၍ ဘယ်ခါမျှမပြော၊ မတွေးပါစေနှင့်။ ဤအရာသည် အထင်အမြင်မှားစေသည်။ လူတိုင်းအား မျှော်လင့်ခြင်းနှင့်ယုံကြည်ခြင်းကိုခင်တွယ်ရန်သွန်သင်ရမည်။ သို့ရာတွင် ကျွန်ုပ်တို့သည် မိမိတို့ကိုယ်ကိုခရစ်တော်ထံပေးအပ်၍၊ သူသည် ကျွန်ုပ်တို့ကိုလက်ခံကြောင်းသိနေသော်လည်း ကျွန်ုပ်တို့သည် စုံစမ်းခြင်း၏တစ်ဖက်ကမ်းသို့မရောက်ရှိကြသေးပေ။ . . စုံစမ်းခြင်းကိုအောင်သောသူသာ အသက်သရဖူကိုရရှိလိမ့်မည်။ (ယာကုပ် ၁း၁၂)။

ခရစ်တော်ကိုလက်ခံ၍၊ ကျွန်ုပ်သည် ကယ်တင်ခြင်းသို့ရောက်ပြီဟု ဆိုကြသောသူတို့သည် မိမိတို့ကိုယ်ကိုယုံကြည်ကိုးစားသောအန္တရာယ်ရှိနေကြသည်။ . . "အကြင်သူသည် မိမိတည်ကြည်လျက်နေသည်ဟု မိမိထင်မှတ်၏၊ ထိုသူသည် မလဲခြင်းငှာသတိပြုစေ" (၁ကော ၁၀း၁၂) ဟုနှိုးဆော်

ထားသည်။ ကျွန်ုပ်တို့၏တစ်ခုတည်းသောလုံခြုံမှုသည် မိမိကိုယ်ကိုမကိုးစားဘဲ၊ ခရစ်တော်အပေါ်တွင်မှီခိုခြင်းဖြစ်သည်။

ခရစ်တော်ကိုယုံကြည်သော်လည်း ရင့်ကျက်သောခရစ်ယာန်မဖြစ်လာသောသူများစွာရှိသည်။ လူသည် အပြစ်သားဖြစ်ကြောင်း၊ သူ၏အစွမ်းသည် ချည့်နဲ့နေကြောင်း၊ ကိုယ်ကျင့်တရား၏စံချိန်မမီကြောင်းကို သူတို့ဝန်ခံသော်လည်း၊ ခရစ်တော်သည် သူတို့၏ဝန်ထုပ်အားလုံး၊ ဝေဒနာအားလုံး၊ ကိုယ်ကျိုးစွန့်မှုအားလုံးကို ခရစ်တော်သည်သယ်ဆောင်ပြီဟုဆိုကာ ၎င်းတို့ကိုကိုယ်တော်အားထမ်းစေရန် လိုလားကြသည်။ သူတို့အတွက်ဘာမျှလုပ်စရာမလိုဘဲ၊ ယုံကြည်ရန်သာဖြစ်ကြောင်း သူတို့ပြောဆိုကြသည်။ သို့ရာတွင် ခရစ်တော်က "ငါ၌ဆည်းကပ်လိုသောသူဖြစ်လျှင် ကိုယ်ကိုကိုယ်ငြင်းပယ်ရမည်။ ကိုယ်လက်ဝါးကပ်တိုင်ကိုထမ်း၍ ငါ့နောက်သို့လိုက်ရမည်" (မဿဲ ၁၆း၂၄) ဟု မိန့်တော်မူသည်။ . . .

ကျွန်ုပ်တို့သည် ဘယ်သောအခါမျှစိတ်ကျေနပ်သည့်အခြေအနေ၌ မရပ်တန့်၊ "ကျွန်ုပ်ကယ်တင်ခြင်းရပြီ" ဟုဆိုကာ တိုးတက်အောင်မလုပ်ဘဲ မနေရချေ။ ဤအယူအဆကိုမွေးမြူထားလျှင် စောင့်မျှော်ရန်၊ ဆုတောင်းရန်နှင့်သာ၍မြင့်သောအရပ်သို့ ရှေ့တိုးလိုသော၊ အားထုတ်လိုသောစိတ်တို့သည် ပျောက်ဆုံးသွားသည်။ ခရစ်တော်ကြွလာတော်မူ၍ ဘုရားသခင်၏မြို့တော်ဂိတ်တံခါးသို့ဝင်သည့်တိုင်အောင် မည်သည့်စင်ကြယ်သောနှုတ်ကမျှ ထိုသို့မမြွက်ဆိုပါစေနှင့်။ ထိုအခါ ကျွန်ုပ်တို့အစွမ်းရှိသမျှဖြင့် ကျွန်ုပ်တို့သည် ထာဝရကယ်တင်ခြင်းအတွက် ဘုရားသခင်နှင့်သိုးသငယ်တို့၏ဘုန်းတော်ကို ထင်ရှားစေနိုင်မည်။ (RB, pp. 42,43).

–ဝ–



သြဂုတ် (၁၇)

## "ပြောင်းလဲခြင်း၏အဓိပ္ပါယ်"

**"လူမည်သည်ကား၊ ခရစ်တော်၌ရှိလျှင် အသစ်ပြုပြင်သောသတ္တဝါဖြစ်၏။ ဟောင်းသောအရာတို့သည်ပြောင်းလဲ၍၊ ခပ်သိမ်းသောအရာတို့သည် အသစ်ဖြစ်ကြပြီ" (၂ကောရိန်သု ၅း၁၇)။**

အသွေးအသားလိုအင်ဆန္ဒများနှင့်လူဟောင်းသည် ဘုရားသခင်၏နိုင်ငံတော်ကိုအမွေမခံနိုင်ရာ။ အကျင့်ဟောင်းများ၊ မွေးရာပါစိတ်ထားများ၊ ယခင်ဓလေ့များကိုစွန့်လွှတ်ရမည်။ အကြောင်းမှာ ကျေးဇူးတော်ကိုအမွေဆက်ခံ၍မရချေ။ အသစ်မွေးဖွားခြင်းတွင် ရည်ရွယ်ချက်အသစ်များ၊ အတွေ့အကြုံသစ်များကို ပိုင်ဆိုင်ခြင်းပါဝင်သည်။ သန့်ရှင်းသောဝိညာဉ်တော်၏အသစ်မွေးဖွားခြင်းကိုခံရသောသူတို့သည် ဘုရား၏သဘောသဘာဝကိုသက်ဝင်သူများဖြစ်လာကြကာ သူတို့၏ပြုမူကျင့်ကြံမှုအားလုံးတွင် ခရစ်တော်နှင့်သူတို့၏ဆက်ဆံရေးကို ပေါ်လွင်စေကြမည်။ ခရစ်ယာန်များဟုဝန်ခံသောသူတို့သည် မိမိတို့၏သဘာဝချို့တဲ့သောအကျင့်စာရိတ္တနှင့်ပင်ကိုယ်စိတ်အားလုံးကို ဆက်ထိန်းသိမ်းထားသော်၊ သူတို့၏ရပ်တည်မှုသည် လောကီအရာနှင့်မည်ကဲ့သို့ခြားနားမည်နည်း။ သူတို့သည် သမ္မာတရားကိုစင်ကြယ်၊ သန့်စင်စေသောအရာကဲ့သို့ တန်ဖိုးမထားကြချေ။ သူတို့သည် အသစ်မွေးဖွားခြင်းကိုမခံရသေးချေ။ . . .

စစ်မှန်သောပြောင်းလဲခြင်းသည် မျိုးရိုးလိုက်သောအရာများနှင့် အမှားဘက်သို့ယိမ်းနေသောစိတ်ကို ပြောင်းလဲပေးသည်။ ဘုရားသခင်၏ဘာသာရေးသည် မရေတွက်နိုင်သောချည်မျှင်များဖြင့် လိမ္မာပါးနပ်စွာရက်လုပ်သည့်ခိုင်ခံ့သောအထည်သားဖြစ်သည်။ ဘုရားသခင်ထံမှလာသောပညာကသာလျှင်

ဤအထည်သားကိုပြည့်စုံအောင်ရက်လုပ်နိုင်သည်။ ပထမအမြင်တွင်ကောင်းသော်လည်း၊ စမ်းသပ်မှုကိုမခံနိုင်သောအထည်အမျိုးအစားများစွာရှိသည်။ ၎င်းတို့သည် အရောင်ကျွတ်သွားကြသည်။ ဆေးသားသည်ခိုင်မာမှုမရှိချေ။ နေရောင်ခြည်အောက်တွင် အရောင်များပြယ်၍၊ ပျောက်လွင့်သွားသည်။ ထိုပိတ်သည် ကြမ်းတမ်းစွာကိုင်တွယ်မှုကိုမခံနိုင်ချေ။

များစွာသောသူတို့၏ဘာသာရေးသည် ထိုနည်းနှင်နှင်ပင်ဖြစ်သည်။ တန်ဖိုးမဲ့သောအရာများဖြင့်ရက်လုပ်သောအထည်ကဲ့သို့ ပုံပန်းပျက်နေသောအကျင့်စာရိတ္တသည် စုံစမ်းစစ်ဆေးမှုကိုခံရပ်နိုင်မည်မဟုတ်ချေ။ အဝတ်ဟောင်းကို ပိတ်စသစ်ဖြင့်ဖာထေးခြင်းသည် ကောင်းသောအခြေအနေကိုမဖန်တီးနိုင်ချေ။ အကြောင်းမှာ ဟောင်းနွမ်းဆွေးမြေ့သောအဝတ်သည် ဖာထေးသောအသစ်မှစုတ်ပြဲကာ၊ ယခင်ထက်သာ၍ပင်အပေါက်အပြဲကြီးမားလိမ့်မည်။ ဖာထေးခြင်းသည် အလုပ်မဖြစ်ပေ။ တစ်ခုတည်းသောနည်းလမ်းမှာ အဝတ်ဟောင်းတစ်ခုလုံးကိုစွန့်ပစ်၍ အသစ်တစ်ထည်ကိုရယူရန်ဖြစ်သည်။

ခရစ်တော်၏အကြံအစည်သည်သာ လုံခြုံမှုရှိသည်။ ကိုယ်တော်က "ငါသည်ခပ်သိမ်းသောအရာတို့ကို အသစ်ဖန်ဆင်းသည်ဟုမိန့်တော်မူ၏။" "လူမည်သည်ကား၊ ခရစ်တော်၌ရှိလျှင် အသစ်ပြုပြင်သောသတ္တဝါဖြစ်၏။" . . . ဖာထေးထားသောဘာသာရေးသည် ဘုရားသခင်အတွက်တန်ဖိုးမရှိချေ။ ကိုယ်တော်သည် စိတ်နှလုံးတစ်ခုလုံးကိုတောင်းဆိုတော်မူသည်။ (6BC, p. 1101).

ယေရှုသည် မိမိအသက်တော်ကိုကျွန်ုပ်တို့အားပေးတော်မူခဲ့ပြီ. . . ကျွန်ုပ်တို့၏အကောင်းဆုံးသောချစ်ခြင်း၊ အသန့်ရှင်းဆုံးသောပြင်းပြသောဆန္ဒ၊ အပြည့်ဝဆုံးသောဝန်ဆောင်မှုတို့ကို ကိုယ်တော်အားကျွန်ုပ်တို့မပေးဘဲနေကြမည်လား။ (1HP, 350).

–o–



ဩဂုတ် (၁၈)

## "သန့်ရှင်းစင်ကြယ်ခြင်းသည်ဥပုသ်စောင့်သူတို့အတွက်ဖြစ်သည်"

**"ဥပုသ်နေ့ကိုသန့်ရှင်းစေခြင်းငှါ ထိုနေ့ရက်ကိုအောက်မေ့လော့။. . . သတ္တမနေ့ရက်သည် သင်၏ဘုရားသခင်ထာဝရဘုရား၏ဥပုသ်နေ့ဖြစ်၏" (ထွက်မြောက်ရာ ၂၀း၈–၁၀)။**

သတ္တမနေ့ရက်သည် ဘုရားသခင်နှင့်သူ၏ရွေးချယ်သောလူတို့အကြားတွင် အမှတ်လက္ခဏာ၊ သူတို့၏သစ္စာရှိခြင်းလက္ခဏာဖြစ်ကြောင်း ကိုယ်တော်သည် သူ၏နှုတ်ကပတ်တော်တွင်ကြေညာပြီးဖြစ်သည်။. . .

သတ္တမနေ့ရက်သည် ဘုရားသခင်ရွေးချယ်သောနေ့ဖြစ်သည်။ ဤကိစ္စကို ယဇ်ပုရောဟိတ်များ သို့မဟုတ် အုပ်ချုပ်သူများကပြောင်းလဲရန်ထားတော်မမူခဲ့ပါ။ ဤအရာမှာ လူသားများစီရင်ဆုံးဖြတ်ရန်မဖြစ်နိုင်၊ အလွန်အရေးကြီးလှသည်။ လူတို့သည် မိမိတို့အဆင်ပြေသလိုလေ့လာ၍၊ ဘုရား၏အခွင့်အာဏာမရှိဘဲ မိမိတို့၏အလိုဆန္ဒအတိုင်း အသင့်လျော်ဆုံးသောနေ့ကိုရွေးချယ်ကြမည်အကြောင်း ဘုရားသခင်သိတော်မူခဲ့သည်။ ထို့ကြောင့် ရိုးရှင်းစွာသတ္တမနေ့ရက်သည် ထာဝရဘုရား၏ဥပုသ်နေ့ဖြစ်သည်ဟုမိန့်တော်မူသည်။

ဘုရားသခင်၏လောကကမ္ဘာ၌ရှိသောလူတိုင်းသည် သူ့အစိုးရ၏ပညတ်ချက်များအောက်တွင် ရှိနေကြသည်။ ဘုရားသခင်သည် ဥပုသ်နေ့ကိုပညတ်တော်၏အလယ်ဗဟိုတွင်ထားရှိပြီး၊ နားထောင်ခြင်းကိုတိုင်းတာသည့်ပေတံအဖြစ် ထားတော်မူသည်။ ၎င်းအားဖြင့် ကိုယ်တော်၏အလုပ်နှင့်နှုတ်ကပတ်တွင်ဖော်ပြသော ကိုယ်တော်၏တန်ခိုးကိုလေ့လာနိုင်ကြသည်။...

သန့်ရှင်းခြင်းအထောက်အထားမရှိ၊ ကိုယ်တော်ကိုဝတ်ပြုကိုးကွယ်ရမည်ဟုလည်း မဖော်ပြသောနေ့ရက်ကိုမြှင့်တင်ခြင်းထက် ဘုရားသခင်၏အလုပ်

နှင့်ပညတ်တော်ကို သာ၍ပြတ်သားစွာဆန့်ကျင်ခြင်းမရှိနိုင်ရာ။ ဘုရားသခင်၏သန့်ရှင်းသောဥပုသ်နေ့ကို မှားယွင်းသောဥပုသ်နှင့်အစားထိုးခြင်းဖြင့် ပညတ်တော်ကိုပျက်စီးစေသောသူတို့နှင့် ဤမှားယွင်းသောဥပုသ်နေ့ကို အတင်းအကျပ်စောင့်စေသောသူတို့သည် မိမိတို့ကိုယ်ကိုဘုရားသခင်၏အထက်၌ချီးမြှောက်ကာ၊ အစစ်အမှန်ထက် အတုအယောင်ကိုဂုဏ်ပြုသူများဖြစ်ကြသည်။

အတုအယောင်ဥပုသ်နေ့အတွက် ဘုရားသခင်၏သန့်ရှင်းသောနားသည့်နေ့ကို လျစ်လျူရှုသောခရစ်ယာန်အမည်ခံတို့သည် သန့်ရှင်းစင်ကြယ်ခြင်းရှိသည်ဟုဆိုကြသည်။ သို့ရာတွင် ကိုယ်တော်ထံမှလာသော သန့်ရှင်းစင်ကြယ်ခြင်းကို ကိုယ်တော်၏ပညတ်ချက်များကိုနားထောင်ခြင်းဖြင့် ကိုယ်တော်ကိုဂုဏ်ပြုသောသူတို့၌သာ အပ်နှင်းပေးကြောင်း ဘုရားသခင်မိန့်တော်မူသည်။ ဆက်လက်ကျူးလွန်သောသူတို့ပြောသော သန့်ရှင်းစင်ကြယ်ခြင်းသည် အတုအယောင်သာဖြစ်သည်။ ထို့ကြောင့် ဘာသာရေးလောကသည် ဘုရားသခင်နှင့်လူတို့၏ရန်သူ၏လှည့်စားခြင်းကိုခံနေရသည်။. . .

လူတို့သည် များစွာသောဖန်တီးမှုပြုလုပ်ခဲ့ကြပြီ။ သူတို့သည် ဘုရားသခင်သန့်ရှင်းစေတော်မမူသောနေ့ရက်ကိုသတ်မှတ်၍၊ ၎င်းနေ့ရက်အပေါ် အထူးလုပ်ပိုင်ခွင့်အာဏာရှိနေကြသည်။ ထိုနေ့ကိုသန့်ရှင်းသောနေ့အဖြစ်ကြေညာကြသည်။ သို့ရာတွင် သန့်ရှင်းခြင်းအထောက်အထားကို မပေးနိုင်ကြချေ။ လူသားတို့၏ဖန်တီးမှုကို လက်ခံခြင်းဖြင့်လည်းကောင်း၊ ထိုနေ့ကိုစောင့်ရန် “ထာဝရဘုရားမိန့်တော်မူသည်ကား” ဟူသော အခွင့်အာဏာမရှိသည့်နေ့ကို ခရစ်ယာန်များ၏ဥပုသ်နေ့အဖြစ် ကမ္ဘာသို့တင်ဆက်ခြင်းဖြင့် ထိုသူတို့သည် ဘုရားသခင်ကိုရှုတ်ချကြပြီ။ (ST, March 31, 1898).

–၀–



ဩဂုတ် (၁၉)

## “သတိပေးပါ”

**“သွားလေရာရာ၌ ထာဝရဘုရားကို မျက်မှောက်ပြုလော့။ သို့ပြုလျှင် သင်၏လမ်းခရီးတို့ကိုပဲ့ပြင်တော်မူမည်” (သုတ္တံ ၃း၆)။**

ကျွန်ုပ်တို့သွားလေရာရာ၌ ဘုရားသခင်ကိုအသိအမှတ်ပြုရမည်။ သို့ပြုလျှင် ကိုယ်တော်သည် ကျွန်ုပ်တို့၏လမ်းခရီးကိုပြတော်မူမည်။ ကျွန်ုပ်တို့သည် ကိုယ်တော်၏နှုတ်ကပတ်တော်ကို နှိမ့်ချသောစိတ်ဖြင့်လေ့လာ၍၊ ကိုယ်တော်၏အကြံတော်ကိုတောင်းဆိုကာ၊ ကိုယ်တော်ထံသို့ကျွန်ုပ်တို့၏အလိုဆန္ဒများကိုပေးအပ်ရမည်။ ကျွန်ုပ်တို့သည် ဘုရားသခင်မပါလျှင် ဘာမျှမလုပ်နိုင်ချေ။

စစ်မှန်သောဥပုသ်နေ့ကိုတန်ဖိုးထား၍ ၎င်းကိုကာကွယ်ရန်ရပ်တည်ခြင်းအတွက် အကောင်းဆုံးသောအကြောင်းရင်းရှိသည်။ အကြောင်းမှာ၎င်းသည် ဘုရားသခင်၏လူတို့ကို လောကမှခွဲခြားသည့်အမှတ်လက္ခဏာဖြစ်သောကြောင့်တည်း။ လောကီသားများပျက်ပြယ်စေသောပညတ်ချက်ကို ဤအကြောင်းကြောင့်ပင် ဘုရားသခင်၏လူတို့သည် သာ၍အလေးထားကြရမည်။ မယုံကြည်သူတို့သည် ဘုရားသခင်၏နှုတ်ကပတ်တော်ကို မထီလေးစားပြုသောကြောင့် ကာလက်ကဲ့သို့သော သစ္စာရှိသည့်လူများလိုအပ်လျက်ရှိသည်။ ထိုအခါသူတို့သည် ကဲ့ရဲ့ခြင်းကြောင့် ရွေ့လျော့၊ ယိုင်လဲခြင်းမရှိဘဲ မိမိတို့ဝတ္တရား၌ မြဲမြံစွာရပ်တည်ကြလိမ့်မည်။ မယုံကြည်သောသူလျှိုတို့သည် ကာလက်ကိုသတ်ရန် အဆင်သင့်ရှိနေခဲ့ကြသည်။ သတင်းမှားပို့သောသူတို့၏လက်ထဲက ကျောက်တုံးများကိုသူမြင်သည်၊ သို့သော် ၎င်းသည် သူ့အားမဟန့်တားခဲ့ပါ။

သူ၌သတင်းစကားရှိသည်၊ ၎င်းကိုပြောရမည်။ အလားတူစိတ်ဓာတ်မျိုးသည် ယနေ့ဘုရားသခင်အပေါ်သစ္စာရှိသူတို့အားဖြင့် ထင်ရှားလိမ့်မည်။

ဆာလံဆရာက "အိုထာဝရဘုရား၊ စီရင်တော်မူချိန်ရောက်ပါပြီ။ သူတစ်ပါးများတို့သည် တရားတော်ကိုပယ်ကြပါ၏။ အကျွန်ုပ်မူကား၊ ပညတ်တော်တို့ကို ရွှေထက်မက၊ ရွှေစင်ထက်သာ၍နှစ်သက်ပါ၏" (ဆာလံ ၁၁၉း၁၂၆၊၁၂၇) ဟုဆိုထားသည်။ လူတို့သည် ခရစ်တော်ထံတော်သို့တိုးဝင်ချဉ်းကပ်၍၊ ခရစ်တော်သည် သူတို့စိတ်နှလုံးထဲ၌ ယုံကြည်ခြင်းအားဖြင့် ကိန်းဝပ်တော်မူသောအခါ၊ လောကသည် ဘုရားသခင်၏သန့်ရှင်းသောတရားတော်ကိုမထီမဲ့မြင်ပြုလေ၊ ဘုရားသခင်၏ပညတ်ချက်များကိုချစ်သောသူတို့၏အချစ်သည် ကြီးထွားခိုင်မာလေဖြစ်သည်။ စစ်မှန်သောဥပုသ်နေ့ကို လူတို့ရှေ့၌ရေးသား၊ ဟောပြောရမည့်အချိန်သည် ယခုပင်ဖြစ်သည်။ စတုတ္ထပညတ်နှင့်၎င်းကိုစောင့်သောသူတို့အား လျစ်လျူရှု၊ မထီမဲ့မြင်ပြုကြသောအခါ သစ္စာရှိသူတို့က ယခုအချိန်သည် မိမိတို့၏ယုံကြည်ခြင်းကို ဖုံးကွယ်ရမည့်အချိန်မဟုတ်ဘဲ၊ တတိယကောင်းကင်တမန်သတင်းစကား၊ ဘုရားသခင်၏ပညတ်ချက်များနှင့် ယေရှု၏ယုံကြည်ခြင်းတို့ကိုရေးမှတ်ထားသောအောင်လံကိုလွှင့်ခြင်းအားဖြင့် ယေဟောဝါ၏ပညတ်တော်ကို မြှင့်တင်ရမည့်အချိန်ဖြစ်သည်ကို သိရှိကြသည်။

ယေရှု၌ရှိသောသမ္မာတရားကိုပိုင်ဆိုင်သူတို့သည် တိတ်ဆိတ်စွာနေခြင်းဖြင့် အပြစ်တရား၏နက်နဲသောအလုပ်ကို ခွင့်မပြုမိပါစေနှင့်။ သူတို့သည် သတိပေးချက်ကိုလည်း ဘယ်ခါမျှမရပ်စဲကြပါစေနှင့်။ . . . သမ္မာတရားသည် ဖုံးကွယ်ရန်မဟုတ်၊ ပုံစံပြောင်းလဲရန်လည်းမဟုတ်ချေ။ ၎င်းကိုပွင့်လင်းစွာဝန်ခံလျက်၊ ရဲရင့်စွာဟောပြောရမည်။ (2SM, pp. 369, 370).

–ဝ–



ဩဂုတ် (၂၀)

## "သမ္မာတရား၏ဖြူစင်သောအမှတ်လက္ခဏာ"

**"ထာဝရဘုရားက၊ ယေရုရှလင်မြို့အလယ်၌လျှောက်သွားလော့။ မြို့ထဲ၌ပြုသမျှသော စက်ဆုပ်ရွံရှာဖွယ်အမှုတို့ကြောင့် ညည်းတွားငိုကြွေးသောသူတို့၏နဖူးကိုထိုးမှတ်လော့. . . . ဟုမိန့်တော်မူသည်" (ယေဇကျေလ ၉း၄)။**

သမ္မာတရား၏ဖြူစင်သောအမှတ်လက္ခဏာကိုရရှိ၍၊ သန့်ရှင်းသောဝိညာဉ်တော်၏တန်ခိုးအားဖြင့် သူတို့အထဲ၌အလုပ်လုပ်သူ၊ ပိတ်ချောဖြင့်ဆင်မြန်း၍ အမှတ်သညာပြုခြင်းခံရသောသူတို့သည် အသင်းတော်ထဲက "စက်ဆုပ်ရွံ့ရှာဖွယ်အမှုတို့ကြောင့် ညည်းတွားငိုကြွေးသောသူတို့" ဖြစ်ကြသည်။ (3T, p. 267).

မိမိတို့၏ဝိညာဉ်ရေးကျဆင်းခြင်း သို့မဟုတ် အခြားသူတို့၏အပြစ်ကြောင့် စိတ်မသာညည်းတွားခြင်းမရှိသောသူတို့သည် ဘုရားသခင်၏အမှတ်လက္ခဏာကိုမရရှိဘဲ ချန်လှပ်ခြင်းခံရကြမည်။ . . .

ဥပုသ်နေ့စောင့်သူတိုင်းသည် တံဆိပ်ခတ်ခြင်းခံရမည်မဟုတ်။ သူတစ်ပါးကိုသမ္မာတရားသွန်သင်သောသူများထဲကပင်လျှင် ဘုရားသခင်၏တံဆိပ်အမှတ်ကို မိမိတို့နဖူးတွင်မရရှိသောသူများရှိလိမ့်မည်။ သူတို့သည် သမ္မာတရား၏အလင်းရှိခဲ့ကြသည်။ မိမိတို့သခင်ဘုရား၏အလိုတော်ကိုလည်း သိကြသည်။ ယုံကြည်ခြင်းအချက်တိုင်းကိုလည်း နားလည်ကြသည်။ သို့သော် သူတို့သည် အမှုတော်နှင့်ကိုက်ညီအောင်မရှိကြချေ။ . . .

ကျွန်ုပ်တို့အကျင့်စာရိတ္တတွင်အစွန်းအထင်းရှိနေစဉ် မည်သူမျှ ဘုရားသခင်၏အမှတ်တံဆိပ်ကိုရရှိကြမည်မဟုတ်ချေ။ အကျင့်စာရိတ္တ၏

ချွတ်ယွင်းချက်ကိုကုစားရန်နှင့် စိတ်နှလုံးထဲကအညစ်အကြေးများကိုသန့်စင်စေရန်မှာ ကျွန်ုပ်တို့၏တာဝန်ဖြစ်သည်။ ထိုအခါ တပည့်တော်များအပေါ် အလျင်မိုးရွာသကဲ့သို့ ကျွန်ုပ်တို့အပေါ်နောက်မိုးရွာလိမ့်မည်။ . . .

မိတ်ဆွေတို့မဟာပြင်ဆင်ခြင်းလုပ်ငန်းတွင် သင်တို့သည် မည်သည့်အရာပြင်ဆင်ကြသနည်း။ လောကနှင့်ပေါင်းသင်းသူတို့သည် လောက၏ပုံသွင်းခြင်းခံရကာ၊ သားရဲ၏အမှတ်တံဆိပ်အတွက် ပြင်ဆင်နေကြသည်။ မိမိကိုယ်ကိုမကိုးစားသောသူ၊ ဘုရားသခင်ရှေ့တော်တွင် မိမိတို့ကိုယ်ကိုနှိမ့်ချသောသူ၊ သမ္မာတရားကိုလိုက်လျှောက်ခြင်းဖြင့် မိမိတို့စိတ်ဝိညာဉ်ကိုစင်ကြယ်စေသောသူတို့သည် ကောင်းကင်အရာနှင့်ပုံသွင်းခြင်းခံရကာ၊ ဘုရားသခင်၏အမှတ်တံဆိပ်ကို မိမိတို့နဖူးတွင်ရရှိရန်ပြင်ဆင်နေကြသည်။ အမိန့်ဒီဂရီထုတ်ပြန်၍၊ တံဆိပ်အမှတ်ရရှိပြီးသောအခါ ၎င်းတို့၏အကျင့်စာရိတ္တသည် ထာဝရကာလအတွက် ဖြူစင်၍အနာအဆာကင်းလျက်ရှိနေတော့မည်။

ယခုသည် ပြင်ဆင်ရမည့်အချိန်ဖြစ်သည်။ ဘုရားသခင်၏တံဆိပ်တော်ကို မစင်ကြယ်သောယောကျ်ားမိန်းမတို့နဖူးပေါ်တွင် ခတ်လိမ့်မည်မဟုတ်ချေ။ ဆန္ဒကြီးမား၍ လောကကိုချစ်သောယောကျ်ားမိန်းမတို့၏နဖူးပေါ်တွင် ဘယ်ခါမျှတံဆိပ်ခတ်မည်မဟုတ်။ မုသားပြောသူ၊ လှည့်ဖြားသောစိတ်နှလုံးရှိသော ယောကျ်ားမိန်းမတို့၏နဖူးတွင်လည်း ဘယ်သောအခါမျှတံဆိပ်ခတ်မည်မဟုတ်ချေ။ အမှတ်တံဆိပ်ကိုလက်ခံရရှိသောသူအားလုံးသည် ဘုရားသခင်ရှေ့တော်တွင် အစက်အပြောက်ကင်းစင်သူများဖြစ်ရမည်။ ၎င်းတို့သည် ကောင်းကင်အတွက်လျာထားသူများဖြစ်သည်။ (5T, pp. 211, 213-216).

–၀–



ဩဂုတ် (၂၁)

## "မည်သူတို့တံဆိပ်အမှတ်ကိုရရှိကြသနည်း"

**"အပြစ်နှင့်ကင်းလွတ်ကြသည်ဖြစ်၍ သူတို့နှုတ်၌မုသားမရှိ" (ဗျာဒိတ် ၁၄း၅)။**

အသက်ရှင်တော်မူသော ဘုရားသခင်၏တံဆိပ်အမှတ်ရရှိသောသူတို့သာလျှင် သန့်ရှင်းသောမြို့တော်၏ဂိတ်တံခါးမှ ဝင်ခွင့်ရရှိကြမည်။

အကျင့်စာရိတ္တတွင် ခရစ်တော်နှင့်တူသောသူတို့သာလျှင် အသက်ရှင်တော်မူသောဘုရားသခင်၏တံဆိပ်ကိုရရှိကြမည်။

ချိတ်ပေါ်တွင် တံဆိပ်အမှတ်စွဲထင်သကဲ့သို့ စိတ်ဝိညာဉ်တွင် ဘုရားသခင့်ဝိညာဉ်တော်၏တံဆိပ်ခတ်ခြင်းခံရကာ၊ ခရစ်တော်၏ပုံသဏ္ဍာန်တော်စွဲထင်စေလေသည်။

ကိုယ်တော်၏ပညတ်ချက်များကိုမစောင့်ခြင်းကြောင့် သို့တည်းမဟုတ် ဖြောင့်မတ်ခြင်းအသီးမသီးသောကြောင့် များစွာသောသူတို့သည် ဘုရားသခင်၏တံဆိပ်အမှတ်ကိုရရှိကြမည်မဟုတ်ချေ။

ဘုရားသခင်၏နေ့ရက်တွင် မြောက်မြားစွာသောသူတို့သည် ခါးသီးသောစိတ်ပျက်ခြင်းကိုရင်ဆိုင်ကြရမည်။ သူတို့၏နဖူးတွင် ဘုရားသခင်၏တံဆိပ်အမှတ်ကိုမခံရကြချေ။ နွေးရုံသာရှိ၍ စိတ်မပါသောသူတို့သည် မယုံကြည်သူများထက်သာ၍ ဘုရားသခင်ကိုရှုတ်ချကြသည်။ သူတို့သည် သမ္မာတရား၏နေ့ခင်းအလင်း၌၊ ဘယ်ခါမျှမမှားသောသူ၏လမ်းပြမှုအောက်၌ လျှောက်ရမည့်အချိန်တွင် အမှောင်ထဲမှာစမ်းတဝါးဝါးလျှောက်နေကြသည်။

အသက်စမ်းရေ၏ကမ်းနဖူးတွင် သိုးသငယ်ဦးဆောင်သောသူတို့၏မျက်စိမှမျက်ရည်အားလုံးကို ကိုယ်တော်သုတ်တော်မူမည်။ သူတို့သည် ယခု

အချိန်တွင် ဘုရားသခင်၏နှုတ်ကပတ်တော် သမ္မာကျမ်းစာ၌ဖော်ပြသောအရာကို သိရှိနားလည်ကြသူများဖြစ်ကြသည်။

ကျွန်ုပ်တို့သည် လူသားများကိုအတုခိုးရန်မဟုတ်ပါ။ ကျွန်ုပ်တို့စံထားလောက်သော ပညာရှိလူသားမရှိပါ။ ဖြောင့်မတ်ခြင်းနှင့်သန့်ရှင်းခြင်း၌ပြည့်စုံတော်မူသော လူသားယေရှုခရစ်တော်ကို ကျွန်ုပ်တို့ကြည့်ရမည်။ သူသည် ကျွန်ုပ်တို့၏ယုံကြည်ခြင်းကို အစပျိုးပေးသူနှင့်ပြည့်စုံစေသူဖြစ်တော်မူသည်။ သူသည် စံပြုထိုက်သောလူသားဖြစ်တော်မူသည်။ ကျွန်ုပ်တို့တွေ့ကြုံရမည့်အရာများကို သူ၏အတွေ့အကြုံဖြင့်တိုင်းတာရမည်။ သူ၏အကျင့်စာရိတ္တတော်သည် ကျွန်ုပ်တို့၏စံဖြစ်သည်။ ထို့ကြောင့် မျှော်ကြည့်ခြင်းအားဖြင့် ကိုယ်တော်နှင့်တူရန် ပြောင်းလဲနိုင်မည်အကြောင်း၊ ကျွန်ုပ်တို့စိတ်ထဲမှ ဤအသက်တာ၏အရှုပ်အထွေးများနှင့်အခက်အခဲများကိုဖယ်ထုတ်ကာ၊ ကိုယ်တော်ကိုမျှော်ကြည့်ကြပါစို့။ ကိုယ်တော်သည် ဉာဏ်ပညာနှင့်ပြည့်စုံသောကြောင့် ကိုယ်တော်ကိုမျှော်ကြည့်ရာတွင် လုံခြုံမှုရှိသည်။ ကိုယ်တော်ကိုကြည့်၍ သူ့အကြောင်းစဉ်းစားသောအခါ၊ ကျွန်ုပ်တို့အထဲတွင် ဘုန်းတန်ခိုးမျှော်လင့်ခြင်းကိုဖြစ်ပွားစေတော်မူမည်။

တစ်သိန်းလေးသောင်းလေးထောင်အထဲတွင်ပါဝင်နိုင်ရန် ဘုရားသခင်ပေးတော်မူသောအစွမ်းအားလုံးဖြင့် ကြိုးစားကြပါစို့။ (7BC, p. 970).

–၀–





ဩဂုတ် (၂၂)

## "တံဆိပ်ခတ်ချိန်မကြာမီလွန်သွားမည်"

**"ငါ့ကိုစေလွှတ်တော်မူသောသူ၏အမှုကို နေ့အချိန်ရှိစဉ်တွင် ငါပြုရမည်။ အဘယ်သူမျှအမှုမပြုနိုင်သောအချိန်တည်းဟူသော ညဥ့်အချိန်လာသေး၏" (ယောဟန် ၉း၄)။**

တံဆိပ်ခတ်ချိန်သည် အလွန်တိုတောင်းပြီး၊ မကြာမီပြီးဆုံးသွားမည်။ ယခုအချိန် ကောင်းကင်တမန်လေးပါးသည် မြေ၏လေးမျက်နှာလေကိုကိုင်ထားစဉ်တွင် ကျွန်ုပ်တို့အားခေါ်တော်မူခြင်းနှင့်ရွေးနုတ်ခြင်းတို့ကို သေချာစေရမည်။ (EW, p. 58).

တတိယကောင်းကင်တမန်၏သတင်းစကားပိတ်သိမ်းသည့်အချိန်ထိတိုင် ကျွန်ုပ်ကိုပြသတော်မူသည်။ ဘုရားသခင်၏တန်ခိုးသည် မိမိလူတို့အပေါ်တွင်တည်နေသည်။ သူတို့သည် မိမိတို့၏အလုပ်ကို ပြီးစီးအောင်ဆောင်ရွက်ကြကာ၊ လာမည့်စမ်းသပ်ခြင်းကာလအတွက် ပြင်ဆင်ကြသည်။

သူတို့သည် နောက်မိုး သို့မဟုတ် ထာဝရဘုရားထံတော်မှအားသစ်လောင်းခြင်းကိုရရှိကြကာ၊ သူတို့၏သက်ရှိသက်သေခံချက်များသည် ထင်ထင်ရှားရှားရှိသည်။ နောက်ဆုံးကြီးမားသောသတိပေးချက်ကို နေရာတကာပေး၍၊ ၎င်းသည် ထိုသတင်းစကားကိုလက်မခံသော မြေကြီးသားတို့ကိုနှိုးဆော်၍ ဒေါသထွက်စေသည်။

ကောင်းကင်တမန်များသည် ကောင်းကင်တွင် သုတ်သုတ်သွားလာကြသည်ကို ကျွန်ုပ်မြင်ခဲ့သည်။ စာရေးဆရာ၏မင်အိုးကိုကိုင်သော ကောင်းကင်တမန်တစ်ပါးသည် မြေကြီးမှတက်လာ၍၊ မိမိ၏အလုပ်ပြီးစီး၍ သန့်ရှင်းသူတို့ကို ရေတွက်တံဆိပ်ခတ်ပြီးပြီဖြစ်ကြောင်း ယေရှုကိုသတင်းပို့သည်။ ထိုအခါ

ယေရှုသည် လင်ပန်းကိုအောက်သို့ချလိုက်သည်ကို ကျွန်ုပ်မြင်ခဲ့သည်။ ကိုယ်တော်သည် မိမိလက်ကိုမြှောက်၍ ကြီးသောအသံဖြင့် 'အမှုပြီးပြီ' ဟု မိန့်တော်မူသည်။ (EW, p. 279).

ဒုက္ခဆင်းရဲကာလတစ်လျှောက် ဗိမာန်တော်ထဲတွင် ယဇ်ပုရောဟိတ်မင်းမရှိဘဲ ထာဝရဘုရားရှေ့တော်တွင်နေထိုင်ရမည့်အဖြစ်ကို သဘောမပေါက်သူများစွာရှိသည်ကိုလည်း ကျွန်ုပ်မြင်တွေ့ခဲ့သည်။ အသက်ရှင်တော်မူသော ဘုရားသခင်၏တံဆိပ်အမှတ်ကိုလက်ခံရရှိ၍၊ ဒုက္ခဆင်းရဲကာလတွင် ကာကွယ်ခြင်းခံရသောသူတို့သည် ယေရှု၏ပုံသဏ္ဌာန်တော်ကို အပြည့်အဝရောင်ပြန်ဟပ်ကြရမည်။

အလွန်လိုအပ်သောပြင်ဆင်ခြင်းကိုလျစ်လျူရှု၍၊ ထာဝရဘုရား၏နေ့ရက်တွင်ရပ်တည်နိုင်ရန်နှင့် ကိုယ်တော်ရှေ့တွင်အသက်ရှင်နိုင်ရန်အတွက် သင့်လျော်မှုရှိစေရန် "အားသစ်လောင်းခြင်း" နှင့် "နောက်မိုး" ရွာမည့်အချိန်ကို စောင့်မျှော်သူများစွာရှိသည်ကို ကျွန်ုပ်မြင်ခဲ့သည်။ အို၊ ဒုက္ခဆင်းရဲကာလတွင် အကာအကွယ်မဲ့သူများစွာရှိနေကြသည်တကား။ (EW, p. 71).

ယေရှုသည် ဗိမာန်တော်မှထွက်လာချိန်တွင် သန့်ရှင်းသူ၊ ဖြောင့်မတ်သူတို့သည် သန့်ရှင်း၊ ဖြောင့်မတ်လျက်ရှိနေကြတော့မည်။ အကြောင်းမှာ သူတို့၏အပြစ်များအားလုံးကိုချေဖျက်ကာ၊ အသက်ရှင်တော်မူသောဘုရားသခင်၏တံဆိပ်တော်ခတ်ခြင်းခံရကြမည်။ သို့ရာတွင် မတရားသောသူနှင့်ညစ်ညူးသူတို့သည် ဆက်လက်၍မတရား၊ ညစ်ညူးနေကြတော့မည်။ အကြောင်းမှာ သူတို့၏ဆက်ကပ်ခြင်း၊ ဝန်ချခြင်းနှင့်ဆုတောင်းခြင်းတို့ကို ဘုရားသခင်၏ ရာဇပလ္လင်တော်ရှေ့တွင် တောင်းပန်ပေးမည့်ယဇ်ပုရောဟိတ်သည် ဗိမာန်တော်တွင်မရှိတော့ချေ။ (EW, p. 48).

–၀–



သြဂုတ် (၂၃)

## "ဘုရားသခင်၏အမှတ်အသားကိုကောင်းကင်တမန်များဖတ်နိုင်သည်"

**"အသက်ရှင်တော်မူသော ဘုရားသခင်၏တံဆိပ်ပါသော ကောင်းကင်တမန်တစ်ပါးသည် အရှေ့မျက်နှာကတက်လာသည်ကိုငါမြင်၏။ သူသည်လည်း မြေနှင့်ပင်လယ်ကိုညှဉ်းဆဲရသောအခွင့်ရှိသော ကောင်းကင်တမန်လေးပါးကိုအသံလွှင့်၍၊ ငါတို့ဘုရားသခင်၏ကျွန်တို့ကို နဖူး၌တံဆိပ်မခတ်မီတိုင်အောင် မြေ၊ ပင်လယ်၊ သစ်ပင်တို့ကိုမညှဉ်းဆဲပါနှင့်ဟု ကြီးသောအသံနှင့်ကြွေးကြော်လေ၏" (ဗျာဒိတ် ၇း၂၊၃)။**

ကမ္ဘာပေါ်ရှိအရာရာသည် နေသားမကျဖြစ်နေသည်။ တိုင်းနိုင်ငံတို့သည် အမျက်ထွက်၍ စစ်ပွဲအတွက်ကြီးမားသောပြင်ဆင်မှုများ ပြုလုပ်နေကြသည်။ လူမျိုးတစ်မျိုးနှင့်တစ်မျိုး လျှို့ဝှက်ကြံစည်၍၊ တစ်နိုင်ငံနှင့်တစ်နိုင်ငံ ရန်ဘက်ပြုကြသည်။ ဘုရားသခင်၏နေ့ရက်ကြီးသည် အလျင်အမြန်ချဉ်းကပ်လာနေသည်။ သို့သော် လူမျိုးတို့သည် တိုက်ပွဲနှင့်သွေးထွက်သံယိုမှုအတွက် စုစည်းအားခဲနေကြသော်လည်း ဘုရားသခင့်အစေခံတို့၏နဖူးတွင်တံဆိပ်မခတ်မီ လေလေးပါးကိုချုပ်ကိုင်သော ကောင်းကင်တမန်တို့သည် ဆက်လက်ကိုင်ထားကြဆဲဖြစ်သည်။ (7BC, p. 968).

ဘုရားသခင့်အစေခံတို့၏နဖူးပေါ်တွင် တံဆိတ်ခတ်ခြင်းမပြီးမီတိုင်အောင် လေလေးပါးကိုကိုင်ထားလျက်ရှိသည်။ ထိုအခါ လောကီတန်ခိုးရှင်တို့သည် မိမိတို့၏တပ်ဖွဲ့ကို နောက်ဆုံးသောမဟာတိုက်ပွဲအတွက် စနစ်တကျစုစည်းသည်။ ကျွန်ုပ်တို့၏အနည်းငယ်သာကျန်ရှိသော ကရုဏာကာလတွင် မည်မျှသတိကြီးစွာတိုးတက်အောင်ပြုရပါမည်နည်း။ (7BC, p. 968).

အတွေးများကိုလွှတ်ထားသောစိတ်သည် ပြောင်းလဲရန်လိုအပ်သည်။ . . . အတွေးများကို ဘုရားသခင်အပေါ်ဗဟိုပြုရမည်။ ဇာတိစိတ်သဘော၏သဘာဝအလျောက် အပြစ်ပြုလိုစိတ်ကိုအောင်နိုင်ရန် မဟာအားထုတ်ရမည့်အချိန်သည် ယခုပင်ဖြစ်သည်။ (FLB, p. 336).

[ဒုက္ခဆင်းရဲကာလ] မရောက်မီအချိန်ကလေးတွင် ကျွန်ုပ်တို့အားလုံး အသက်ရှင်တော်မူသော ဘုရားသခင်၏တံဆိပ်တော်ကိုရရှိကြမည်။ ထိုအခါ ကျွန်ုပ်သည် ကောင်းကင်တမန်လေးပါးက လေများလွှတ်လိုက်သည်ကို ကျွန်ုပ်မြင်ခဲ့သည်။ ပြီးနောက်ကျွန်ုပ်သည် အစာငတ်မွတ်ခြင်း၊ ကပ်ဘေးနှင့်ဓားဘေး၊ လူမျိုးတစ်မျိုးနှင့်တစ်မျိုးတိုက်ခိုက်ခြင်း၊ ကမ္ဘာကြီးတစ်ခုလုံးရှုပ်ထွေးနေသည်ကို မြင်တွေ့ခဲ့သည်။ (7BC, p. 968).

မိမိလူတို့၏နဖူးပေါ်တွင်ခတ်ထားသော၊ အသက်ရှင်တော်မူသော ဘုရားသခင်၏တံဆိပ်သည်အဘယ်နည်း။ ၎င်းသည် လူတို့မျက်စိဖြင့်မမြင်နိုင်သော်လည်း၊ ကောင်းကင်တမန်များဖတ်နိုင်သော အမှတ်လက္ခဏာဖြစ်သည်။ အကြောင်းမှာ ဖျက်ဆီးသောကောင်းကင်တမန်သည် ရွေးနုတ်ခံသူတို့၏အမှတ်အသားကို မြင်တွေ့ရမည်ဖြစ်သည်။ ဉာဏ်စွမ်းနှင့်ပြည့်စုံသော သူတို့သည် ထာဝရဘုရား၏မွေးစားသားသမီးတို့၌ ကရာနီလက်ဝါးကပ်တိုင်၏အမှတ်လက္ခဏာကိုမြင်တွေ့ခဲ့ကြပြီ။ ဘုရားသခင်၏ပညတ်တော်လွန်ကျူးသောအပြစ်ကို ဖယ်ရှားလိုက်ပြီဖြစ်သည်။ သူတို့သည် မင်္ဂလာဝတ်ရုံကိုဝတ်ဆင်ကြကာ၊ ဘုရားသခင်၏ပညတ်ချက်အားလုံးကို သစ္စာရှိစွာနားထောင်လိုက်လျှောက်ကြသည်။ (7BC, p. 968).

သမ္မာတရားကိုသိသောသူတို့သည် ကိုယ်တော်၏ပညတ်ချက်များကို နှုတ်နှင့်အလုပ်အားဖြင့်မလိုက်လျှောက်လျှင်၊ ထာဝရဘုရားသည် သူတို့ကို အပြစ်လွှတ်တော်မူမည်မဟုတ်ချေ။ (FLB, p. 336).

–၀–



ဩဂုတ် (၂၄)

## "ဘုရားသခင်၏လူတို့ကိုခွဲခြားသောအမှတ်"

**"ထိုမှတစ်ပါး၊ ငါထာဝရဘုရားသည် သူတို့ကိုသန့်ရှင်းစေသည်ဟု သူတို့သည်သိမည်အကြောင်း၊ ငါနှင့်သူတို့စပ်ကြားမှာလက္ခဏာသက်သေဖြစ်စေခြင်းငှာ၊ ငါ၏ဥပုသ်နေ့ကိုငါခန့်ထား၏" (ယေဇကျေလ ၂၀:၁၂)။**

အီဂျစ်ပြည်မှထွက်လာ၍ မြေကြီးခါနာန်ပြည်သို့ဝင်ချိန်တွင် ဣသရေလတို့ကိုခွဲခြားသိမြင်စေသောလက္ခဏာမှာ ဥပုသ်နေ့ဖြစ်သကဲ့သို့ ၎င်းသည် လောကမှထွက်၍ ကောင်းကင်နားနေခြင်းသို့ဝင်သောအချိန်တွင် ဘုရားသခင်၏လူတို့ကို ယခုခွဲခြားသိမြင်စေသောလက္ခဏာဖြစ်သည်။

ဥပုသ်နေ့စောင့်ခြင်းကို မိမိအားသိမှတ်ခြင်းကိုထိန်းသိမ်းရန်နှင့် မိမိ၏သစ္စာရှိသူတို့နှင့် မိမိ၏ပညတ်တော်ကျူးလွန်သူတို့အကြား ခွဲခြားသိမြင်နိုင်စေရန် ဘုရားသခင်ခွဲခန့်ထားတော်မူသည်။

ဥပုသ်နေ့သည် ဘုရားသခင်နှင့်သက်ဆိုင်သည်။. . . အရာခပ်သိမ်းကိုဖန်ဆင်းစကပင်၊ ဥပုသ်နေ့ကိုဖန်ဆင်းခဲ့သည်။ ကိုယ်တော်အားဖြင့် ၎င်းကိုဖန်ဆင်းခြင်းအထိန်းအမှတ်အဖြစ် သတ်မှတ်ထားသည်။ ၎င်းသည် ကိုယ်တော်အားဖန်ဆင်းရှင်နှင့်စင်ကြယ်စေသူအဖြစ် ညွှန်ပြပေးသည်။ ဥပုသ်နေ့သည် ကောင်းကင်နှင့်မြေကြီး၌ရှိသမျှကိုဖန်ဆင်းသူ၊ သူ့အားဖြင့်အရာခပ်သိမ်းကို ထိန်းချုပ်သောသူသည် အသင်းတော်၏ဦးခေါင်းဖြစ်ကြောင်းနှင့် ကိုယ်တော်၏တန်ခိုးအားဖြင့် ကျွန်ုပ်တို့သည် ဘုရားသခင်နှင့်သင့်မြတ်စေကြောင်းတို့ကို ဖော်ပြသည်။ ကိုယ်တော်သည် ဣသရေလတို့အား "ငါထာဝရဘုရားသည် သူတို့ကိုသန့်ရှင်းစေသည်ဟု သူတို့သည်သိမည်အကြောင်း ငါနှင့်သူတို့

စပ်ကြားမှာ လက္ခဏာသက်သေဖြစ်စေခြင်းငှာ၊ ငါ၏ဥပုသ်နေ့တို့ကို ငါခန့်ထား၏" ဟုမိန့်တော်မူသည်။ ထိုကြောင့် ဥပုသ်နေ့သည် ကျွန်ုပ်တို့ကိုသန့်ရှင်းစေသော ကိုယ်တော့်တန်ခိုး၏လက္ခဏာဖြစ်သည်။ မိမိ၏သန့်ရှင်းစေသော တန်ခိုးလက္ခဏာဖြစ်သကဲ့သို့၊ ခရစ်တော်အားဖြင့် ဘုရားသခင်၏ကြွသရေလ လူမျိုးဖြစ်လာသောသူအားလုံးထံသို့ ဥပုသ်နေ့ကိုပေးထားလျက်ရှိသည်။

ဥပုသ်နေ့ကို ခရစ်တော်၏ဖန်ဆင်းခြင်းနှင့်ရွေးနုတ်ခြင်းတန်ခိုး လက္ခဏာအဖြစ်ရရှိသောသူအားလုံးအတွက် ဥပုသ်နေ့သည် ပျော်ရွှင်ရာနေ့ ဖြစ်သည်။ ၎င်းအထဲ၌ ခရစ်တော်ကိုတွေ့မြင်ခြင်းဖြင့် သူတို့သည် ကိုယ်တော် ၌ဝမ်းမြောက်ကြသည်။ ဖန်ဆင်းခြင်းအလုပ်သည် ရွေးနုတ်ခြင်း၌ ကိုယ်တော့် တန်ခိုး၏လက္ခဏာအဖြစ် ဥပုသ်နေ့က သူတို့အားညွှန်ပြပေးသည်။ ၎င်းသည် ဧဒင်ဥယျာဉ်ပျောက်ဆုံးသွားသောငြိမ်သက်ခြင်းကို သတိရစေစဉ်မှာပင်၊ ကယ်တင်ရှင်အားဖြင့် ပြန်၍ပေးသောငြိမ်သက်ခြင်းကို ပြောပြလျက်ရှိသည်။ သဘာဝတရား၌ရှိသောအရာအားလုံးသည် "ဝန်လေး၍ပင်ပန်းသောသူအပေါင်းတို့ ငါ့ထံသို့လာကြလော့။ ငါသည်ချမ်းသာပေးမည်" (မဿဲ ၁၁း၂၈) ဟူသော ကိုယ်တော်၏စိန်ခေါ်သံကိုထပ်ဆိုကြသည်။

ဥပုသ်နေ့သည် ဘုရားသခင်နှင့်မိမိ၏လူတို့ကိုပေါင်းစည်းပေးသော ရွှေလက်ယှက်ခြင်းပင်ဖြစ်သည်။ (FLB, p. 33).

–၀–



ဩဂုတ် (၂၅)

## "ဥပုသ်နေ့၏အရေးကြီးခြင်းနှင့်ခမ်းနားထည်ဝါခြင်း"

**"မြေကြီးပေါ်မှာမြင့်သောအရပ်တို့ကိုငါစီးစေ၍၊ သင့်အဘ ယာကုပ်၏အမွေဥစ္စာနှင့်ငါကျွေးမည်ဟု ထာဝရဘုရား၏နှုတ်တော် ထွက်အမိန့်တော်ရှိ၏" (ဟေရှာယ ၅၈း၁၄)။**

ကျွန်ုပ်တို့၌ပျော်ရွှင်ဖွယ်၊ ဂုဏ်ကျက်သရေရှိသောအချိန် ဥပုသ်နေ့ရှိသည်။ . . . ကျွန်ုပ်တို့အပေါ် ကိုယ်တော်၏များစွာသောကောင်းမြတ်ခြင်း အတွက် ဝမ်းမြောက်ရန်နှင့် ဘုရားသခင်၏ဘုန်းတော်ကိုထင်ရှားစေရန် ကျွန်ုပ်တို့အားဖန်ဆင်းထားသည်။

ကျွန်ုပ်တို့သည် သဘောပေါက်သိရှိရဦးမည့် ဥပုသ်နေ့၏အရေးကြီးခြင်းနှင့်ခမ်းနားထည်ဝါမှုကို ကျွန်ုပ်တို့သည် အနည်းငယ်သာခံစားသဘောပေါက်ကြောင်းကို ကျွန်ုပ်မြင်ခဲ့သည်။ မြေကြီးပေါ်မှာမြင့်သောအရပ်၌စီးခြင်းနှင့် ယာကုပ်၏အမွေဖြင့်ကျွေးမွေးခြင်းခံရမည့်အဖြစ်ကိုလည်း ကျွန်ုပ်တို့မသိရှိချေ။ သို့ရာတွင် ထာဝရဘုရားရှေ့တော်နှင့်ကိုယ်တော်တန်ခိုးဘုန်းအာနုဘော်မှဆင်းလာသော အားသစ်လောင်းသည့်နောက်မိုးရောက်ရှိလာသောအခါ၊ ကျွန်ုပ်တို့သည် ယာကုပ်၏အမွေဖြင့်ကျွေးမွေးခြင်းနှင့် မြင့်သောအရပ်မှာစီးခြင်းတို့သည် မည်သည့်အရာဖြစ်သည်ကိုသိကြလိမ့်မည်။ ထိုအခါကျွန်ုပ်တို့သည် ဥပုသ်နေ့၏သာ၍အရေးကြီးခြင်းနှင့်ခမ်းနားမှုကို သိမြင်ကြလိမ့်မည်။ သို့သော် ၎င်း၏အရေးကြီးခြင်းနှင့်ထည်ဝါခြင်းအားလုံးကိုမူ ဘုရားသခင်၏သံတော်ဖြင့် ကျွန်ုပ်တို့နှင့်ငြိမ်သက်ခြင်းပဋိညာဉ်ပြုသောအချိန်နှင့် ယေရုရှလင်မြို့သစ်၏ပုလဲတံခါးတို့သည် ၎င်းတို့၏တဖိတ်ဖိတ်တောက်နေသောပတ်တာများပေါ်တွင်မှီ၍ ပွင့်နေကာ၊ ၎င်းအထဲသို့ဝင်ရန် လူသားများကြားရသောတေးသံသာထက်

သာ၍ချိုသာသော ယေရှု၏အသံတော်မကြားမီတိုင်အောင်သိမြင်ရကြမည်မဟုတ်။ ကျွန်ုပ်တို့သည် ဘုရားသခင်၏ပညတ်ချက်တို့ကိုစောင့်ရှောက်သောကြောင့် ထိုမြို့တော်နှင့်ထိုက်တန်မှုရှိကာ၊ ပျော်ရွှင်ဖွယ်ကောင်းကင်နိုင်ငံသည် ကျွန်ုပ်တို့၏အိမ်တော်ဖြစ်လေပြီ။ (Letter, p. 3, 1851).

[ကျောက်ပြား] ပေါ်မှာ ဘုရားသခင်၏လက်ညှိုးတော်ဖြင့်ရေးသားထားသော ပညတ်တော် (၁၀) ပါးကိုကျွန်ုပ်မြင်ခဲ့သည်။ ကျောက်ပြားတစ်ခုပေါ်တွင်လေးချက်ပါရှိ၍၊ ကျန်တစ်ပြားပေါ်တွင် ခြောက်ချက်ပါရှိသည်။ ပထမကျောက်ပြားပေါ်မှလေးချက်တို့သည် အခြားခြောက်ချက်ထက် သာ၍တောက်ပသည်။ သို့ရာတွင် စတုတ္ထမြောက်ဥပုသ်နေ့ပညတ်သည် အားလုံးထက်သာ၍တောက်ပလျက်ရှိသည်။ အကြောင်းမှာ ဥပုသ်နေ့ကိုဘုရားသခင်၏သန့်ရှင်းသောနာမတော်ကိုဂုဏ်ပြုရန် သီးသန့်ဖယ်ထားသောကြောင့်ဖြစ်သည်။ သန့်ရှင်းသောဥပုသ်နေ့သည် ခမ်းနားထည်ဝါခြင်းရှိကာ ဘုန်းရောင်ခြည်စက်ဝန်းက ဝိုင်းထားလျက်ရှိသည်။ ဥပုသ်နေ့ပညတ်ချက်သည် လက်ဝါးကပ်တိုင်တွင်ရိုက်ထားခြင်းမခံရသည်ကိုလည်း ကျွန်ုပ်မြင်ခဲ့သည်။ အကယ်၍ ၎င်းသည် ထိုသို့ရိုက်ထားခြင်းခံရသော် အခြားကိုးချက်သည်လည်း ထိုသို့ပင်ဖြစ်လိမ့်မည်။ ထိုအခါကျွန်ုပ်တို့သည် ကျန်ကိုးချက်နှင့်စတုတ္ထပညတ်တို့ကို ချိုးဖျက်နိုင်သောလွတ်လပ်ခြင်းရှိကြပေလိမ့်မည်။. . .

သန့်ရှင်းသောဥပုသ်နေ့သည် စစ်မှန်သောဘုရားသခင်၏ဣသရေလလူတို့နှင့်မယုံကြည်သောသူတို့အကြား ခွဲခြားသောတံတိုင်းဖြစ်၍၊ ဆက်လက်ဖြစ်မည်ဖြစ်ကြောင်းနှင့် စောင့်မျှော်လျက်ရှိသောသန့်ရှင်းသူ၊ ဘုရားချစ်သောသူတို့၏စိတ်နှလုံးတို့ကိုပေါင်းစည်းစေသောအရာသည် ဥပုသ်နေ့ဖြစ်ကြောင်းတို့ကို ကျွန်ုပ်မြင်တွေ့ခဲ့သည်။ (EW, pp. 32, 33).

–၀–



ဩဂုတ် (၂၆)

## "ဥပုသ်နေ့သည်ဘုရားသခင်၏အမှတ်လက္ခဏာဖြစ်သည်"

**"ငါ၏ဥပုသ်နေ့တို့ကိုလည်းသန့်ရှင်းစေကြလော့။ ငါသည်သင်တို့၏ဘုရားသခင်ထာဝရဘုရားဖြစ်သည်ဟု သင်တို့သည်သိမည်အကြောင်း၊ ထိုဥပုသ်နေ့တို့ကို ငါနှင့်သင်တို့၏စပ်ကြားမှာ လက္ခဏာသက်သေဖြစ်စေကြလော့ဟုငါဆို၏" (ယေဇကျေလ ၂၀း၂၀)။**

သူတို့သည် ဘုရားသခင်၏ဥစ္စာဖြစ်ကြောင်းကိုပြသရန်၊ ဣသရေလတို့သည် မိမိတို့၏တံခါးများတွင်သွေးသုတ်လိမ်းခဲ့ကြသည်။ ထိုနည်းတူ ယခုခေတ်၌ ဘုရားသခင်၏သားသမီးတို့သည် ဘုရားသခင်သတ်မှတ်သည့်အမှတ်တံဆိပ်ကို ခံယူကြလိမ့်မည်။ သူတို့သည် မိမိတို့ကိုယ်ကို ဘုရားသခင်၏သန့်ရှင်းသောပညတ်တော်နှင့်ကိုက်ညီအောင်ထားရှိကြမည်။ ကြီးမားသောပျက်စီးခြင်းမှ လူတို့အားထိန်းသိမ်းရန် ဟေဗြဲလူတို့နေထိုင်ရာတံခါးများပေါ်တွင် အမှတ်အသားထားရှိသည့်အတိုင်းပင် ဘုရားသခင်၏လူတစ်ဦးချင်းစီ၏အပေါ်တွင် အမှတ်အသားထားရှိလျက်ရှိသည်။ "ငါထာဝရဘုရားသည်သူတို့ကိုသန့်ရှင်းစေသည်ဟု သူတို့သည် သိမှတ်မည်အကြောင်း ငါနှင့်သူတို့စပ်ကြားမှာ လက္ခဏာသက်သေဖြစ်စေခြင်းငှာ ငါ၏ဥပုသ်နေ့တို့ကို ငါခန့်ထား၏" ဟု ဘုရားသခင်မိန့်တော်မူသည်။

ဖန်ဆင်းခြင်းအားဖြင့်လည်းကောင်း၊ ရွေးနုတ်ခြင်းအားဖြင့်လည်းကောင်း ကျွန်ုပ်တို့ကမ္ဘာပေါ်ရှိလူတိုင်းသည် ထာဝရဘုရား၏ဥစ္စာဖြစ်သည်။ တစ်ဦးတစ်ယောက်စီသည် မိမိအသက်တာအတွက် စမ်းသပ်စစ်ဆေးခြင်းခံရသည်။ သူသည် ကိုယ်တော်နှင့်ဆိုင်သောအရာကိုပေးအပ်ပြီလား။ သူသည် ကိုယ်တော့်ဥစ္စာနှင့် ကိုယ်တော်ဝယ်ယူသည့်အရာအားလုံးကိုအပ်နှံပြီလား။

ထာဝရဘုရားကို ဤအသက်တာ၌ သူတို့၏အစိတ်အပိုင်းအဖြစ် ရင်ဝယ်ပိုက်ထားသောသူအားလုံးသည် ကိုယ်တော်၏ထိန်းချုပ်မှုအောက်၌ရှိနေကာ၊ သူတို့သည် ဘုရားသခင်၏အထူးပိုင်သည့်သူများဖြစ်ကြောင်းပြသသော ဘုရားသခင်၏အမှတ်လက္ခဏာကိုရရှိကြမည်။ ခရစ်တော်၏ဖြောင့်မတ်ခြင်းသည် သူတို့ရှေ့၌ကြွသွား၍၊ ထာဝရဘုရား၏ဘုန်းတော်သည် သူတို့၏ဆုလာဘ်ဖြစ်လိမ့်မည်။ မိမိ၏အမှတ်လက္ခဏာရှိသောလူသားအားလုံးကို ထာဝရဘုရားကာကွယ်တော်မူသည်။

"တစ်ဖန်ထာဝရဘုရားက၊ သင်သည် ဣသရေလအမျိုးသားတို့အားဆင့်ဆိုရမည်မှာ၊ ငါသည် သင်တို့ကိုသန့်ရှင်းစေသောထာဝရဘုရားဖြစ်ကြောင်းကို သင်တို့သိစေခြင်းငှာ၊ ငါနှင့်သင်တို့၏သားစဉ်မြေးဆက်စပ်ကြား၌ လက္ခဏာသက်သေဖြစ်ဖို့ရာ ငါ့ဥပုသ်နေ့ကိုစင်စစ်စောင့်ရကြမည်။ . . ခြောက်ရက်ပတ်လုံးအလုပ်လုပ်ရမည်။ သတ္တမနေ့သည် ထာဝရဘုရားအားသန့်ရှင်း၍ငြိမ်ဝပ်စွာနေရသောဥပုသ်နေ့ဖြစ်၏။ ဥပုသ်နေ့၌အလုပ်လုပ်သောသူမည်သည်ကား၊ ဧကန်အမှန်သေရမည်။ သို့ဖြစ်၍ ဣသရေအမျိုးသားအစဉ်အဆက်တို့သည် ထာဝရပဋိညာဉ်ဖြစ်စေခြင်းငှာ ဥပုသ်နေ့ရက်အစဉ်အတိုင်း ဥပုသ်စောင့်ရကြမည်။ ထိုသို့စောင့်လျှင် ငါနှင့်ဣသရေလအမျိုးသားစပ်ကြား၌ ထာဝရလက္ခဏာသက်သေဖြစ်လိမ့်မည်။ အကြောင်းမူကား၊ ထာဝရဘုရားသည် မိုးကောင်းကင်နှင့်မြေကြီးကို ခြောက်ရက်တွင်ဖန်ဆင်း၍၊ သတ္တမနေ့ရက်၌ငြိမ်ဝပ်စွာနေလျက် အားဖြည့်တော်မူသည်ဟု မောရှေအားမိန့်တော်မူ၏။"

ဘုရားသခင်ကို ဤသို့အသိအမှတ်ပြုခြင်းသည် လူသားအားလုံးအတွက် တန်ဖိုးအကြီးမားဆုံးဖြစ်သည်။ ကိုယ်တော်ကိုချစ်၍၊ အမှုဆောင်သောသူအားလုံးသည် ကိုယ်တော့်အမြင်တွင် အလွန်တန်ဖိုးရှိသည်။ (7BC, p. 969).

–ဝ–



# ဩဂုတ် (၂၇)

## "တဲတော်အကြောင်းလေ့လာပါ"

**"ယခင်ပြောသောသူက၊ ရက်ပေါင်းနှစ်ထောင့်သုံးရာတိုင်တိုင်တည်လိမ့်မည်။ ထိုနောက် သန့်ရှင်းရာဌာနကို တစ်ဖန်ဆေးကြောသုတ်သင်ကြလိမ့်မည်ဟု ပြန်၍ပြောဆို၏" (ဒံယေလ ၈း၁၄)။**

ကျွန်ုပ်တို့သည် အနာဂတ်ဟောပြောချက်များကို စိတ်ပါလက်ပါလေ့လာကြရမည်။ ဒံယေလနှင့်ယောဟန်တို့၏ရူပါရုံတွင် ဖော်ပြသောတဲတော်အကြောင်းကို နားမလည်မချင်းလေ့လာကြရမည်။ ဤအကြောင်းအရာသည် ကျွန်ုပ်တို့၏လက်ရှိရပ်တည်မှုနှင့် အလုပ်ကိုမီးမောင်းထိုးပြကာ၊ လွန်ခဲ့သောအချိန်များ၌ ဘုရားသခင်သည်ပို့ဆောင်တော်မူကြောင်း မမှားနိုင်သည့်သက်သေကိုလည်းပြသလျက်ရှိသည်။ ၎င်းသည် ၁၈၄၄ ခုနှစ်က ကျွန်ုပ်တို့၏စိတ်ပျက်ခြင်း၊ သန့်ရှင်းရာဌာနကိုဆေးကြောမည်ဟူသောအရာသည် ကျွန်ုပ်တို့ထင်ထားသကဲ့သို့ မြေကြီးမှတဲတော်မဟုတ်ဘဲ၊ ခရစ်တော်သည် ကောင်းကင်ဗိမာန်တော်၏အသန့်ရှင်းဆုံးသောအခန်းထဲသို့ဝင်၍ ပုရောဖက်ဒံယေလထံကောင်းကင်တမန်ပြောသောစကားပြည့်စုံမည်အကြောင်း ယဇ်ပုရောဟိတ်မင်း၏နောက်ဆုံးပိုင်းအလုပ်ကိုထမ်းဆောင်နေခြင်းဖြစ်ကြောင်း ရှင်းပြလျက်ရှိသည်။

ရက်ပေါင်းနှစ်ထောင့်သုံးရာသည် အာတဇေရဇ်မင်းကြီးက တစ်ဖန်ယေရုရှလင်မြို့ပြန်လည်တည်ဆောက်ရန်အမိန့်ပေးပြီး စတင်အကျိုးသက်ရောက်သည့် ၄၅၇ ဘီစီ၊ ဆောင်းဦးရာသီတွင်အစပြုခဲ့သည်။ ဤခုနှစ်ကိုအစပြုသည့်မှတ်တိုင်အဖြစ်မှတ်ယူရာတွင် ဒံယေလ ၉း၂၅–၂၇ မှကြိုတင်ဟောကြားချက်ကိုရှင်းပြသည့် အဖြစ်အပျက်အားလုံးနှင့်ကိုက်ညီသည်။ . . အပတ်ပေါင်းခုနှစ်ဆယ် သို့မဟုတ် နှစ်ပေါင်း ၄၉၀ သည် အထူးသဖြင့် ယုဒလူ

တို့နှင့်သက်ဆိုင်သည်။ ဤအချိန်ကာလကုန်ဆုံးချိန်ကို ယုဒလူတို့သည် ကိုယ်တော်၏တပည့်တော်တို့ကိုညှဥ်းပန်းခြင်းဖြင့် ခရစ်တော်ကိုငြင်းပယ်ပြီးတစ်ခန်းရပ်ကာ၊ ပြီးနောက် တမန်တော်တို့သည် A.D. ၃၄ တွင် တစ်ပါးအမျိုးသားများထံသို့ဦးလှည့်သွားကြသည်။ ထိုအခါ နှစ်ပေါင်း ၂၃၀၀ ၏ အစပိုင်းနှစ်ပေါင်း ၄၉၀ သည် ကုန်ဆုံးသွားကာ၊ နှစ်ပေါင်း ၁၈၁၀ ကျန်ရှိနေသေးသည်။ A.D. ၃၄ မှရေတွက်သော် နှစ်ပေါင်း ၁၈၁၀ သည် ၁၈၄၄ ခုနှစ်အထိရောက်ရှိသွားသည်။ "ထိုနောက် သန့်ရှင်းရာဌာနကို တစ်ဖန်ဆေးကြောသုတ်သင်ကြလိမ့်မည်" ဟုကောင်းကင်တမန်ဆို၏။

ပထမ၊ ဒုတိယနှင့်တတိယကောင်းကင်တမန်တို့၏သတင်းစကားများနှင့်ပတ်သက်၍ ကျွန်ုပ်တို့၏ယုံကြည်ချက်သည်မှန်ကန်သည်။ ကျွန်ုပ်တို့ဖြတ်ကျော်လာခဲ့သော လမ်းညွှန်မှတ်တိုင်များသည် မရွေ့သွားနိုင်ချေ။ နတ်ဆိုးအပေါင်းတို့သည် ဤမှတ်ကျောက်များကို အမြစ်မှဆွဲနုတ်ပစ်ရန်ကြိုးစားပြီး၊ အောင်နိုင်လိမ့်မည်ဟုထင်မြင်ကြသော်လည်း၊ သူတို့သည် မအောင်နိုင်ကြချေ။ ဤသမ္မာတရားမှတ်ကျောက်များသည် တောင်များကဲ့သို့မားမားမတ်မတ်ရပ်တည်ကာ၊ စာတန်နှင့်သူ၏အပေါင်းအပါများနှင့်အတူ လူတို့သည် ပူးပေါင်းကြိုးစားကြစေကာမူ၊ မရွေ့သွားစေနိုင်ပေ။ ဤအရာတို့သည် ထိုသို့ခိုင်မာမှုရှိနေသောကြောင့် သမ္မာကျမ်းစာကိုအစဉ်လေ့လာရှာဖွေရမည်။ (FLB, p. 208).

–o–



**သြဂုတ် (၂၈)**

## "ဗိမာန်တော်ဆေးကြောခြင်း"

**"ထိုညဥ့်အခါ ငါသည်အာရုံပြု၍၊ လူသားနှင့်တူသောသူတစ်ဦးသည် မိုးတိမ်ကိုစီးလျက်၊ အသက်ကြီးသောသူ၏အထံတော်သို့ရောက်လာ၏။ ထိုသူကိုအထံတော်ပါးသို့သွင်းကြ၏" (ဒံယေလ ၇း၁၃)။**

ကောင်းကင်သို့တက်ကြွပြီးနောက်၊ ကျွန်ုပ်တို့၏ကယ်တင်ရှင်သည် ကျွန်ုပ်တို့၏ယဇ်ပုရောဟိတ်မင်းအဖြစ် မိမိ၏အမှုတော်ကိုစတင်တော်မူခဲ့သည်။ "ထိုသို့နှင့်အညီ၊ မှန်သောသန့်ရှင်းရာဌာနတို့၏ပုံဖြစ်သော၊ လူတို့လက်ဖြင့်လုပ်သော သန့်ရှင်းရာဌာနထဲသို့ ခရစ်တော်သည်မဝင်ဘဲ၊ ငါတို့အတွက်ကြောင့် ယခုဘုရားသခင်၏ရှေ့တော်၌ ကိုယ်ကိုပြခြင်းငှာ၊ ကောင်းကင်ကိုယ်ထဲသို့ဝင်တော်မူပြီ" (ဟေဗြဲ ၉း၂၄)။ . . .

ရာစုနှစ်ပေါင်းတစ်ဆယ့်ရှစ်လုံးလုံး ဤအမှုကိုတဲတော်၏ပထမအခန်းတွင် ဆောင်ရွက်ခဲ့သည်။ နောင်တရသောယုံကြည်သူတို့၏ကိုယ်စား တောင်းပန်ပေးသောခရစ်တော်၏အသွေးတော်သည် ဘုရားသခင်၏အပြစ်လွှတ်ခြင်းနှင့်လက်ခံခြင်းအတွက် စိတ်ချရသည်။ သို့သော်လည်း သူတို့၏အပြစ်များသည် စာစောင်တွင်ရေးမှတ်ထားလျက်ရှိနေသည်။ ဤပုံဆောင်သည့်အမှုတွင် ကြားဖျန်ဖြေခြင်းလုပ်ငန်းကို နှစ်အဆုံးတွင်ကျင်းပခဲ့ကြသည်။ ထိုနည်းတူ ခရစ်တော်၏လူသားများအတွက် ရွေးနုတ်ခြင်းအမှုမပြီးဆုံးမီ၊ ဗိမာန်တော်မှ အပြစ်များဖယ်ထုတ်ပစ်သည့် ကြားဖျန်ဖြေခြင်းလုပ်ငန်းရှိသည်။ ဤလုပ်ငန်းကို ရက်ပေါင်း ၂၃၀၀ ကုန်ဆုံးချိန်မှစတင်ဆောင်ရွက်ခဲ့သည်။ . . . ထိုအချိန်တွင် ကျွန်ုပ်တို့၏ယဇ်ပုရောဟိတ်မင်းကြီးသည် ဗိမာန်တော်သန့်ရှင်းစေခြင်း

အမှု၊ မိမိ၏နောက်ဆုံးလေးနက်သောအမှုကိုထမ်းဆောင်ရန် အသန့်ရှင်းဆုံးသောအခန်းကို ဝင်တော်မူခဲ့သည်။. . .

ဗိမာန်တော်ကိုဆေးကြောရန် ခရစ်တော်သည် ကျွန်ုပ်တို့၏ယဇ်ပုရောဟိတ်အနေဖြင့် အသန့်ရှင်းဆုံးသောအခန်းကိုလာခြင်းကို ဒံယေလ ၈း၁၄ တွင်မြင်နိုင်ကာ၊ ၎င်းကို ဒံယေလ ၇း၁၃ တွင် လူသားသည် အသက်ကြီးသောသူ၏အထံတော်သို့လာသည့်ပုံဖြင့် ဖော်ပြထားသည်။ မာလခိကြိုတင်ဟောကြားသကဲ့သို့ သခင်ဘုရား၏ဗိမာန်တော်သို့ကြွလာခြင်းကို အလားတူဖြစ်ရပ်ကဲ့သို့ဖော်ပြသည်။ ဤဖြစ်ရပ်ကို ရှင်မဿဲခရစ်ဝင် ၂၅ တွင်၊ အပျိုကညာတစ်ဆယ်ဦးပုံပမာ၌ ခရစ်တော်ဖော်ပြသကဲ့သို့၊ သတို့သားသည် လက်ထပ်မင်္ဂလာပွဲသို့ကြွလာခြင်းနှင့်ခိုင်းနှိုင်းထားသည်။

ဗိမာန်တော်ဆေးကြောခြင်းတွင် စုံစမ်းစစ်ဆေးခြင်းအလုပ်လည်းပါဝင်သည်။ ဤအမှုကိုခရစ်တော်သည် မိမိလူတို့ကိုရွေးနုတ်ရန်မကြွလာမီ ထမ်းဆောင်ရမည်ဖြစ်သည်။ အကြောင်းမှာ ကိုယ်တော်ကြွလာတော်မူသောအခါ လူတိုင်းမိမိတို့၏လုပ်ဆောင်မှုအတိုင်းပေးရန် သူနှင့်အတူဆုလာဘ်များယူဆောင်တော်မူမည်။

ဤနောက်ဆုံးစုံစမ်းစစ်ဆေးရာကာလတွင် ရာထူး၊ အဆင့်အတန်းသို့မဟုတ် ကြွယ်ဝမှုတို့သည် မည်သူတစ်ဦးတစ်ယောက်မျှ၏အမှုကိစ္စကို တစိုးတစိမျှ ပြောင်းလဲစေမည်မဟုတ်ချေ။ အရာခပ်သိမ်းကိုမြင်တော်မူသောဘုရားသခင်သည် လူတို့အား သူတို့၏ခရစ်တော်အတွက်စင်ကြယ်ခြင်း၊ မြင့်မြတ်ခြင်းနှင့်ချစ်ခြင်းအားဖြင့် တရားစီရင်တော်မူမည်။ (FLB, p. 207).

–ဝ–



ဩဂုတ် (၂၉)

## "ကောင်းကင်ဗိမာန်တော်မှညွှန်ကြားချက်"

**"ငါတို့သည် သစ္စာနှင့်ပြည့်စုံသောသဘောရှိ၍၊ ဝိစိကိစ္ဆာနှင့်ကင်းသောယုံကြည်ခြင်း၌တည်လျက်၊ စိတ်နှလုံးကို သံဝေဂတရားနှင့်လွတ်အောင်ဖျန်းခြင်း၊ ကိုယ်ကာယကိုလည်း ကြည်သာရေဖြင့်ဆေးကြောခြင်းရှိပြီးမှ အထံတော်သို့တိုးဝင်ချဉ်းကပ်ကြကုန်အံ့" (ဟေဗြဲ ၁ဝး၂၂)။**

"ထိုအခါ ငါသည်အာရုံပြု၍၊ လူသားနှင့်တူသောသူတစ်ဦးသည် မိုးတိမ်ကိုစီးလျက်၊ အသက်ကြီးသောသူ၏အထံတော်သို့ရောက်လာ၏။ ထိုသူကိုအထံတော်ပါးသို့သွင်းကြ၏" (ဒံယေလ ၇း၁၃). . . ဤနေရာ၌ဖော်ပြသော ခရစ်တော်၏ကြွလာခြင်းသည် မြေကြီးပေါ်သို့ဒုတိယအကြိမ်ကြွလာခြင်းကိုမဆိုလိုချေ။ ကိုယ်တော်သည် ကြားဖျန်ဖြေသူအဖြစ် မိမိ၏အမှုတော်ပြီးဆုံးချိန်တွင် သူ့အားပေးမည့်အုပ်စိုးခြင်း၊ ဘုန်းတန်ခိုးနှင့် နိုင်ငံတော်ကိုရယူရန် ကောင်းကင်မှအသက်ကြီးသောသူ၏အထံတော်သို့ ကြွလာတော်မူသည်။ မြေကြီးပေါ်သို့ ဒုတိယအကြိမ်ကြွလာခြင်းမဟုတ်ဘဲ၊ ဤကြွလာခြင်းသည် ရက်ပေါင်း ၂၃ဝဝ အဆုံး၊ ၁၈၄၄ ခုနှစ်တွင်ဖြစ်ပျက်ရန် အနာဂတ်ဟောကြားချက်ပင်ဖြစ်သည်။ ကောင်းကင်တမန်များခြံရံလျက်၊ ကျွန်ုပ်တို့၏ကြီးမြတ်သောယဇ်ပုရောဟိတ်မင်းသည် အသန့်ရှင်းဆုံးသောအခန်းထဲသို့ဝင်ကာ၊ ဘုရားသခင်၏ရှေ့တော်မှောက်တွင် စုံစမ်းစစ်ဆေးခြင်းအမှုကိုထမ်းဆောင်ရန်နှင့် ၎င်းအမှုတွင်အကျိုးခံစားရကြမည့်သူအားလုံးအတွက် ကြားဖျန်ဖြေခြင်းအမှုကိုပြုရန် ရောက်ရှိလာတော်မူသည်။ (FLB, p. 209).

အသက်စမ်းရေကိုသောက်ရန်လိုအပ်ကြောင်းကို ထာဝရဘုရားသည် ကျွန်ုပ်တို့အားမြင်စေတော်မူပါစေ။ ၎င်း၏စင်ကြယ်သောစမ်းချောင်းသည်

ကျွန်ုပ်တို့အား အားသစ်လောင်း၍ အနာရောဂါပျောက်ကင်းစေကာ၊ ကျွန်ုပ်တို့နှင့်ဆက်စပ်သောအရာအားလုံးကို လန်းဆန်းစေလိမ့်မည်။ စိတ်နှလုံးများကို သန့်ရှင်းသောဝိညာဉ်တော်၏အုပ်စိုးမှုအောက်သို့ ရောက်စေချင်လှသည်တကား။ မျက်လုံးများသည် ဘုရားသခင်၏ဘုန်းတော်ကိုသာကြည့်လျှင်၊ ကောင်းကင်အလင်းတော်သည် စိတ်ဝိညာဉ်ထဲသို့အလုံးအရင်းဖြင့်စီးဝင်လာပေမည်။ လူကဲ့သို့ဘယ်ခါမျှမိန့်တော်မမူသောသူသည် မြေကြီးပေါ်တွင်ပညာပေးသူဖြစ်တော်မူသည်။ မိမိထမြောက်တော်မူပြီးနောက် ကိုယ်တော်သည် ဧမောက်မြို့သို့ခရီးသွားသော အထီးကျန်၊ စိတ်ပျက်နေသောတပည့်တော်တို့နှင့် အထက်ခန်းတွင်စုဝေးနေကြသောသူတို့ကို ပညာပေးခဲ့သူဖြစ်တော်မူသည်။ ကိုယ်တော်သည် မိမိအကြောင်းကို သမ္မာကျမ်းစာမှသူတို့ကိုပြောပြ၍၊ သူတို့၏နှလုံးကိုသန့်ရှင်း၍ မွန်မြတ်သောမျှော်လင့်ခြင်းနှင့်ပျော်ရွှင်မှုအသစ်ဖြင့် ရင်ခုန်စေသည်။

(ဗိမာန်တော်) အသန့်ရှင်းဆုံးအခန်းမှ ကြီးကျယ်ခမ်းနားသောညွှန်ကြားခြင်းအမှုကိုပေးလျက်ရှိသည်။ ဘုရားသခင်၏ကောင်းကင်တမန်တို့သည် လူတို့ကိုဆက်သွယ်နေသည်။ ခရစ်တော်သည် ဗိမာန်တော်တွင်အမှုထမ်းတော်မူသည်။ ခရစ်တော်နှင့်ကောင်းကင်တမန်တို့သည် လူတို့၏စိတ်နှလုံးထဲတွင် အလုပ်လုပ်နေကြသည်။ အထက်၌ရှိသောအသင်းတော်သည် အောက်၌ရှိသောအသင်းတော်နှင့်ပူးပေါင်းကာ၊ မြေကြီးပေါ်တွင် ကောင်းသောတိုက်လှန်ခြင်းကိုဆင်နွှဲလျက်ရှိသည်။ ကောင်းကင်မှဗိမာန်တော်ကို ခရစ်တော်သည် ဆေးကြောသန့်စင်သည်နည်းတူ၊ ဤကမ္ဘာတွင် ကျွန်ုပ်တို့၏စိတ်ဝိညာဉ်သည်လည်း စင်ကြယ်ရမည်။ (Letter, p. 37, 1887).

ဘုရားသခင်၏လူတို့သည် မိမိလူတို့အတွက် ယဇ်ပုရောဟိတ်မင်းသည် ကြားဖျန်ဖြေပေးသောကောင်းကင်ဗိမာန်တော်ကို မျှော်ကြည့်နေကြရမည်။ (FLB, p. 209).

–၀–





ဩဂုတ် (၃၀)

## "အသက်ရှင်နေသူတို့၏အမှုကိုစီရင်ခြင်း"

**"ထိုကြောင့် သင်သည်ခံယူ၍ နားထောင်ပြီးသည့်အရာကို အောက်မေ့၍စောင့်ရှောက်လော့။ နောင်တရလော့။ စောင့်၍မနေလျှင်၊ သူခိုးကဲ့သို့သင်ရှိရာသို့ငါလာမည်။ လာမည့်အချိန်နာရီကိုလည်း သင်မသိရ" (ဗျာဒိတ် ၃း၃)။**

တရားစီရင်ခြင်းအတွက် သတ်မှတ်သောအချိန်ရက်ပေါင်း ၂၃၀၀ ၏အဆုံး၊ ၁၈၄၄ ခုနှစ်တွင် စုံစမ်းစစ်ဆေးခြင်းနှင့်အပြစ်များကိုချေဖျက်ခြင်းအမှုကိုစတင်ခဲ့သည်။ ခရစ်တော်၏နာမတော်ကို ခံယူသောသူအားလုံးသည် စေ့စေ့စပ်စပ်စိစစ်ခြင်းကို ဖြတ်ကျော်ကြရမည်။ အသက်ရှင်သောသူတို့နှင့် သေလွန်ပြီးသောသူတို့သည် "မိမိတို့အကျင့်အတိုင်း၊ စာစောင်တို့၌ရေးသားချက်များနှင့်အညီ တရားစီရင်ခြင်းကိုခံရကြ၏" (ဗျာဒိတ် ၂၀း၁၂)။

တရားသူကြီးက "လူအားလုံးသည် မိမိတို့၏ယုံကြည်ခြင်းအတိုင်း ဖြောင့်မတ်ခြင်းသို့ရောက်ရှိ၍၊ မိမိတို့အကျင့်အတိုင်း တရားစီရင်ခြင်းခံရမည်" ဟု စီရင်ချက်ချတော်မူသည်။

နောင်တမရ၊ စွန့်လွှတ်ခြင်းမရှိသောအပြစ်များကို ခွင့်မလွှတ်၊ စာစောင်မှတ်တမ်းများကိုလည်း ဖျက်ပစ်မည်မဟုတ်ဘဲ၊ ဘုရားသခင်၏နေ့ရက်တွင် ၎င်းအပြစ်တို့သည် သူတို့တစ်ဖက်၌သက်သေခံလိမ့်မည်။. . .

စိုးမိုးရန်ကြိုးပမ်းနေသော မကောင်းမှုစိတ်သဘောကို ချိုးနှိမ်သူအားလုံးရှေ့၌ လေးနက်သည့်တိုက်ပွဲရှိနေသည်။ ပြင်ဆင်ခြင်းအလုပ်သည် လူတစ်ဦးချင်းစီ၏အလုပ်ဖြစ်သည်။ ကျွန်ုပ်တို့သည် အစုအဖွဲ့လိုက်ကယ်တင်ခြင်းမခံရကြချေ။ လူတစ်ဦး၏ဖြူစင်ခြင်းနှင့်ဆက်ကပ်ခြင်းသည် အခြားလူ

တစ်ဦး၏လိုအပ်သောအရည်အချင်းများကို မဖြည့်စွက်ပေးနိုင်ချေ။ လူမျိုးအားလုံးသည် ဘုရားသခင်၏ရှေ့တော်တွင် တရားစီရင်ခြင်းခံကြရမည်ဖြစ်သော်လည်း၊ ကိုယ်တော်သည် လူတစ်ဦးချင်းစီကို စေ့စပ်သေချာစွာစစ်ဆေးတော်မူမည်။ လူတိုင်းသည် စစ်ဆေးခြင်းခံရမည်ဖြစ်ပြီး အနာအဆာ၊ အစွန်းအထင်း သို့မဟုတ် ထိုသို့သောအရာများနှင့်ကင်းလွတ်ကြရမည်။

တရားစီရင်ခြင်းကို အထက်ဗိမာန်တော်တွင် ယခုဆောင်ရွက်လျက်ရှိသည်။ နှစ်ပေါင်းများစွာ ဤအမှုကိုတောက်လျှောက်ဆောင်ရွက်လျက်ရှိနေသည်။ မည်မျှစောမည်ကိုမသိနိုင်သော မကြာမီတွင်အသက်ရှင်သောသူတို့၏အမှုကို စီရင်ပြီးလိမ့်မည်။ ကြောက်မက်ဖွယ်ဘုရားသခင်၏ရှေ့တော်တွင် ကျွန်ုပ်တို့၏အသက်တာများကို စိစစ်လိမ့်မည်။ ယခုအချိန်တွင် လူတိုင်းသည် အရာအားလုံးထက်၊ ကယ်တင်ရှင်၏ “ထိုအချိန်ကာလသည် အဘယ်အခါ၌ရောက်မည်ကို သင်တို့မသိသောကြောင့် သတိပြု၍ဆုတောင်းလျက်စောင့်နေကြလော့” (မာကု ၁၃း၃၃) ဟူသောအကြံပြုချက်ကို သတိမူရမည်။ “စောင့်၍မနေလျှင်၊ သူခိုးကဲ့သို့ သင်ရှိရာသို့ငါလာမည်။ လာမည့်အချိန်နာရီကိုလည်း သင်မသိရ” (ဗျာဒိတ် ၃း၃)။ (FLB, p. 211).

–ဝ–



ဩဂုတ် (၃၁)

## “စုံစမ်းစစ်ဆေးခြင်း”

**“အချို့သောသူတို့၏ဒုစရိုက်သည် ရှေးမဆွကထင်ရှား၍၊ အပြစ်စီရင်ခြင်းသို့အလျင်အဦးသွားတတ်၏။ အချို့သောသူတို့၏ ဒုစရိုက်သည် နောက်သို့လိုက်တတ်၏” (၁တိမောသေ ၅း၂၄)။**

စုံစမ်းစစ်ဆေးခြင်းအမှုနှင့်အပြစ်ဆေးကြောခြင်းတို့ကို သခင်ဘုရားဒုတိယအကြိမ်မကြွလာမီ ပြီးစီးအောင်ဆောင်ရွက်ရပါမည်။ သေသောသူတို့ကို စာစောင်တွင်ရေးမှတ်ထားသည့်အတိုင်း တရားစီရင်မည်ဖြစ်ပါသောကြောင့် လူတို့၏အပြစ်များကို သူတို့၏အမှုအားလုံးစီရင်ပြီးမှ ချေဖျက်ရန်မှာမဖြစ်နိုင်ချေ။ . . စုံစမ်းစစ်ဆေးခြင်းအမှုပြီးဆုံးသွားသောအခါ ခရစ်တော်သည် ကြွလာမည်ဖြစ်ကာ၊ လူတိုင်းအား မိမိတို့အကျင့်အတိုင်းပေးရန် ဆုလာဘ်များ ယူဆောင်လာတော်မူမည်။

လူအားလုံးကိုစာစောင်၌ရေးမှတ်ထားသည်အတိုင်း တရားစီရင်မည်ဖြစ်ကာ၊ သူတို့၏အကျင့်အတိုင်း ဆုလာဘ်များချပေးတော်မူမည်။ ဤတရားစီရင်ခြင်းသည် သေပြီးမှစီရင်ခြင်းမဟုတ်ချေ။

တဲတော်၌ပုံဆောင်ခြင်းအမှုတွင် ယဇ်ပုရောဟိတ်မင်းသည် ဣသရေလလူတို့အတွက် အပြစ်ဖြေခြင်းအမှုကိုပြုပြီးသောအခါထွက်လာ၍၊ လူထုကြီးကို ကောင်းချီးပေးခဲ့သည်။ ထိုသို့ပင်ခရစ်တော်သည် မိမိ၏ကြားဖျန်ဖြေခြင်းအမှုပြီးဆုံးသွားသောအခါ၊ မိမိ၏စောင့်မျှော်နေသောလူတို့ကို ထာဝရအသက် ကောင်းချီးပေးရန်၊ “ကယ်တင်ခြင်းအလိုငှာ၊ အပြစ်နှင့်မဆိုင်ဘဲ” ပေါ်ထွန်းတော်မူမည်။ ယဇ်ပုရောဟိတ်သည် တဲတော်ထဲမှအပြစ်များကိုဖယ်ရှား၍ အပြစ်တင်ဆောင်မည့်ဆိတ်ခေါင်းပေါ်သို့တင်သကဲ့သို့၊ ခရစ်တော်သည်

ဤအပြစ်အားလုံးကို အပြစ်စတင်ခဲ့သောစာတန်ပေါ်သို့ တင်တော်မူမည်။ ဣသရေလလူတို့၏အပြစ်များကိုတင်ဆောင်သော ဆိတ်အပေါ်တင်၍ "တောထဲ၌လွှတ်လပ်လဟာ" သို့လွှတ်သကဲ့သို့၊ စာတန်အပေါ်ဘုရားသခင်၏ လူတို့အား ကျူးလွန်စေသောအပြစ်အားလုံးကို သူ့အပေါ်တင်လျက်၊ လူသူကင်းမဲ့သောကမ္ဘာပေါ်တွင် သူ့ကိုနှစ်ပေါင်းတစ်ထောင်ချုပ်ထားမည်ဖြစ်ကာ၊ အပြစ်သားများကိုဖျက်ဆီးမည့်မီးအိုင်ထဲတွင် အပြစ်၏ပြစ်ဒဏ်အပြည့်အဝကို နောက်ဆုံးအချိန်ထိခံသွားရလိမ့်မည်။

ကမ္ဘာပေါ်နေထိုင်သူမြောက်မြားစွာထဲက အနည်းငယ်သောလူစုတို့သည် ကယ်တင်ခြင်းခံရကာ၊ ထာဝရအသက်ရရှိမည်ဖြစ်ပြီး၊ တစ်ချိန်တည်းတွင် သမ္မာတရားအားဖြင့် မိမိတို့၏စိတ်ဝိညာဉ်ကိုပြည့်စုံစေခြင်းမရှိသည့် များစွာသောလူတို့သည် ဒုတိယသေခြင်းကိုရင်ဆိုင်ကြရမည်။

နောင်တရသောယုံကြည်သူတို့၏အပြစ်များကို ဗိမာန်တော်ထဲမှဖယ်ရှားနေစဉ်၊ ကမ္ဘာပေါ်ရှိဘုရားသခင်၏လူတို့အကြားတွင် သန့်ရှင်းစင်ကြယ်ခြင်းနှင့် အပြစ်များဆေးကြောခြင်းအထူးလုပ်ငန်းကို ဆောင်ရွက်ကြရမည်ဖြစ်သည်။ (FLB, p. 213).

–ဝ–



စက်တင်ဘာ (၁)

## "တရားရုံးများနှင့်အစည်းအဝေးများရှေ့၌ရပ်ခြင်း"

**"သက်သေခံတော်မူချက်တို့ကို မင်းများထံမှာပြန်ပြော၍၊ ရှက်ကြောက်ခြင်းနှင့်ကင်းလွတ်ပါလိမ့်မည်" (ဆာလံကျမ်း ၁၁၉း၄၆)။**

အမှုတော်ပြီးဆုံးလုအချိန်တွင် ကျွန်ုပ်တို့သည် မည်သို့ကိုင်တွယ်ရမည်ကိုမသိသောရှုပ်ထွေးမှုများကို တွေ့ကြုံရကြမည်။ သို့ရာတွင် ကောင်းကင်မှမဟာတန်ခိုးကြီးသုံးပါးသည် အလုပ်လုပ်နေကြကြောင်း၊ ဘုရားသခင်၏လက်သည် ထိန်းချုပ်တော်မူကြောင်း၊ ဘုရားသခင်သည် မိမိ၏ရည်ရွယ်ချက်များကို ပြီးစီးအောင်ဆောင်ရွက်မည်ဖြစ်ကြောင်း စသည်တို့ကိုမမေ့အပ်ပေ။ (Ev, p. 65).

ကျွန်ုပ်တို့အား ဒေသန္တရအုပ်ချုပ်ရေးအဖွဲ့ရှေ့၊ ထောင်ပေါင်းများစွာတို့၏ရှေ့တွင် ကိုယ်တော်၏နာမတော်ကြောင့် ခေါ်ဆောင်မည့်အချိန်ရောက်လာလိမ့်မည်ဖြစ်၍၊ လူတစ်ဦးချင်းစီသည် မိမိတို့၏ယုံကြည်ခြင်းအကြောင်းကိုပြောကြရမည်။ (RH, Dec. 18, 1888).

ကျွန်ုပ်တို့လူတို့၏သမ္မာတရားနှင့်ဆိုင်သော ရပ်တည်ချက်တိုင်းသည် ပညာရှင်ကြီးများ၏ဝေဖန်ခြင်းကိုခံရမည်။ လောက၏ပညာရှင်ကြီးများသည် သမ္မာတရားနှင့်ထိတွေ့မှုရှိလာလိမ့်မည်။ ထို့ကြောင့် ကျွန်ုပ်တို့၏ရပ်တည်ချက်တိုင်းကို သမ္မာကျမ်းစာအားဖြင့် စေ့စပ်သေချာစွာလေ့လာသုံးသပ်ရမည်။ ယခုတွင်ကျွန်ုပ်တို့သည် သတိထားမိဟန်မရှိသော်လည်း၊ ဤသို့အမြဲရှိနေမည်မဟုတ်ချေ။

ကျွန်ုပ်တို့အား အများရှေ့တွင်ခေါ်ဆောင်မည့်လှုပ်ရှားမှုများ စတင်လျက်ရှိကာ၊ သမ္မာတရားနှင့်ဆိုင်သော ကျွန်ုပ်တို့၏အယူအဆများကို သမိုင်း

ဆရာများနှင့်လောက၏ပညာရှင်ကြီးတို့သည် တစ်စစီဖျက်ဆီးနိုင်လျှင် ပြီးဆုံးသွားပေလိမ့်မည်။ Ev, p. 69).

သခင်ယေရှုသည် တပည့်တော်တို့အား သူတို့၏ရန်သူများမှမဟုတ်ကြောင်း ငြင်းပယ်ရန် သို့မဟုတ် ခုခံရန် မတတ်စွမ်းနိုင်သည့်ဘာသာစကားနှင့်ပညာကို ပေးတော်မူမည်။ စာတန်၏လှည့်ဖြားခြင်းကို အကျိုးအကြောင်းပြခြင်းဖြင့်မအောင်နိုင်သောသူတို့သည် ပညာတတ်ကြီးများကို ဟုတ်မှန်သောသက်သေခံချက်များဖြင့် စိတ်ရှုပ်ထွေးစေကြမည်။ ပညာမတတ်သောသူတို့၏နှုတ်မှထွက်လာသောစကားသည် သမ္မာတရားဦ့ပြောင်းလဲစေသော သိမ်းသွင်းစည်းရုံးသောတန်ခိုးနှင့်ပညာပါရှိလိမ့်မည်။ သူတို့၏သက်သေခံချက်အားဖြင့်ထောင်ပေါင်းများစွာတို့သည် ပြောင်းလဲကြလိမ့်မည်။

အဘယ်ကြောင့်ပညာတတ်တို့သည် ဤတန်ခိုးမရရှိဘဲ၊ ပညာမတတ်သောသူတို့သည် ရရှိရကြမည်နည်း။ ပညာမတတ်သူသည် ခရစ်တော်ကိုယုံကြည်ခြင်းအားဖြင့် စင်ကြယ်ရှင်းလင်းသောသမ္မာတရားထဲသို့ရောက်ရှိလာချိန်တွင် ပညာတတ်တို့သည် သမ္မာတရားမှလမ်းလွဲသွားကြသည်။ ဆင်းရဲသူသည် ခရစ်တော်၏သက်သေခံဖြစ်လာသည်။ သူသည် သမိုင်းရာဇဝင်များနှင့်သိပ္ပံအတတ်ကိုမသိသော်လည်း ဘုရားသခင်၏နှုတ်ကပတ်တော်မှတန်ခိုးပါသော သက်သေအထောက်အထားများကိုစုစည်းသည်။ ဝိညာဉ်တော်၏မှုတ်သွင်းခြင်းအောက်မှ သူပြောသောသမ္မာတရားသည် အလွန်သန့်ရှင်း၊ ပြောင်မြောက်ကာ၊ မငြင်းနိုင်အောင်တန်ခိုးပါရှိသောကြောင့် သူ၏သက်သေခံချက်ကိုမဟုတ်ကြောင်း ငြင်းပယ်၍မရဖြစ်သည်။ (MS, p. 53, 1905).

–o–



စက်တင်ဘာ (၂)

## “လောကီပညာရှင်များရှေ့၌သက်သေခံခြင်း”

**“ထိုသူတို့မှစ၍ တစ်ပါးအမျိုးသားတို့အားသက်သေဖြစ်စေခြင်းငှာ မြို့ဝန်မင်း၊ ရှင်ဘုရင်ထံသို့ ငါ့ကြောင့်သင်တို့ကိုပို့ဆောင်ကြလိမ့်မည်” (မဿဲ ၁၀း၁၈)။**

လောကီအုပ်ချုပ်သူများ၏ရှေ့တွင် မိမိတို့၏သက်သေခံချက်ကိုပေးရန် ဘုရားသခင်၏လူတို့အားဆင့်ခေါ်မည့်အချိန်သည် မလှမ်းတော့ပြီ။ ကျွန်ုပ်တို့အချိန်တွင် ကြီးမားသောဘေးဒုက္ခသည် လျင်မြန်သောခြေလှမ်းများဖြင့်ချဉ်းကပ်လာသည်ကို လူအယောက်နှစ်ဆယ်တွင် တစ်ယောက်ကပင်သဘောမပေါက်ချေ။ . . . ပကာသန၊ သေးနုတ်သောအရာ၊ အရေးမကြီးသောအရာများအပေါ် အာရုံပြုရန်အချိန်မရှိတော့ပြီ။ (RH, Apr. 26, 1892).

ရှင်ဘုရင်များ၊ အစိုးရမင်းများ၊ ပညာရှိကြီးများထံတွင် သင်တို့ကိုရန်ပြုသောသူတို့သည် သင်တို့ကိုတိုင်ကြလိမ့်မည်။ သင်တို့၏ယုံကြည်ခြင်းနှင့်အကျင့်များကို မမှန်မကန်တိုင်တောကြမည်။ သို့ရာတွင် မှားယွင်းစွာစွပ်စွဲခံရသောသူတို့သည် မိမိတို့အားစွပ်စွဲသူတို့ရှေ့တွင် ချေပရမည့်အခွင့်အရေးရကြမည်။ သူတို့သည် လောကီပညာရှင်ကြီးများရှေ့တွင် အလင်းတရားကိုယူဆောင်လာရသောအခွင့်ရရှိကြမည်။ ထိုအခါသင်သည် ကျမ်းစာကိုလေ့လာထားပြီး၊ သင့်၌ရှိသောမျှော်လင့်ခြင်းကို မေးမြန်းသောသူတိုင်းအား သိမ်မွေ့ခြင်းနှင့်ကြောက်ရွံ့ခြင်းဖြင့်ဖြေကြားရန် အဆင်သင့်ရှိနေလျှင်၊ သင့်ရန်သူတို့သည် သင်၏ပညာကိုချေပနိုင်ကြမည်မဟုတ်။

သင်သည် ဘုရားသခင်၏နှုတ်ကပတ်တော်လေ့လာခြင်းဖြင့် အကြီးမားဆုံးသောဉာဏ်ပညာရရှိနိုင်မည့်အခွင့်အရေးယခုရှိနေသည်။ သို့ရာတွင် သင်သည်

ပျင်းရိ၍၊ သမ္မာတရားရတနာတွင်းကို နက်နက်နဲနဲမတူးဆွလျှင်၊ ကျွန်ုပ်တို့ထံတွင် မကြာမီကျရောက်မည့်ဘေးဒုက္ခအတွက် အဆင်သင့်ရှိနေမည်မဟုတ်ချေ။ အချိန်တိုင်းသည်တန်ဖိုးရှိကြောင်း သင့်အားသဘောပေါက်စေချင်စမ်းပါဘိ။ ဘုရားသခင်၏နှုတ်ထွက်စကားတော်အတိုင်း သင်အသက်ရှင်နေလျှင်၊ သင်သည် ပြင်ဆင်မှုမရှိသည့်အနေအထားဖြင့်ရှိနေမည်မဟုတ်ချေ။ (RH, Apr. 26, 1892).

သင့်၏သမ္မာတရားသက်သေခံချက်အတွက် သင့်အားမည်သည့်နေရာတွင်ဆင့်ခေါ်မည်ကို သင်မသိချေ။ များစွာသောသူတို့သည် တရားရုံးရှေ့တွင်ရပ်ရကြလိမ့်မည်။ တချို့မှုကား၊ မိမိတို့၏ယုံကြည်ခြင်းအတွက် ရှင်ဘုရင်များ၊ လောကီပညာတတ်များရှေ့တွင်ရပ်ရကြမည်။ သမ္မာတရားကိုအပေါ်ယံသာနားလည်သောသူတို့သည် သမ္မာကျမ်းစာကိုရှင်းလင်းစွာမရှင်းပြတတ်ဘဲ၊ မိမိတို့၏ယုံကြည်ခြင်းအတွက် တိကျသောအကြောင်းပြချက်ကိုပေးနိုင်မည်မဟုတ်ချေ။ သူတို့သည် စိတ်ရှုပ်ထွေးလာကာ၊ အရှက်ရကြလိမ့်မည်။ မွန်မြတ်သောပလ္လင်တွင်တရားဟောရမည်မဟုတ်သောကြောင့် လေ့လာရန်မလိုဟု မည်သူမျှမတွေးမိပါစေနှင့်။ ဘုရားသခင်သည် သင့်အားမည်သည့်အရာတောင်းဆိုမည်ကို သင်မသိနိုင်ချေ။ (FE, p. 217).

–o–



စက်တင်ဘာ (၃)

## “သင်၏ဘုရားသခင်နှင့်တွေ့ခြင်းငှာပြင်ဆင်လော့”

**“သို့ဖြစ်၍ အိုဣသရေလအမျိုး၊ အထက်ကပြုသကဲ့သို့ သင်တို့၌ငါပြုဦးမည်။ ထိုသို့ပြုမည်ဖြစ်သောကြောင့် အိုဣသရေလအမျိုး၊ သင်၏ဘုရားသခင်နှင့်တွေ့ခြင်းငှာ ကိုယ်ကိုပြင်ဆင်လော့” (အာမုတ် ၄း၁၂)။**

ဒုက္ခဆင်းရဲကာလတစ်လျှောက်ဗိမာန်တော်တွင် ကြားဖျန်ဖြေသူမဲ့လျက်ဘုရားသခင်၏ရှေ့တော်၌ အသက်ရှင်ရမည်အဖြစ်ကို များစွာသောသူတို့သည်သဘောမပေါက်ကြချေ။ အသက်ရှင်တော်မူသော ဘုရားသခင်၏အမှတ်တံဆိပ်ကိုရရှိ၍၊ ဒုက္ခဆင်းရဲကာလတွင် အကာအကွယ်ရရှိသောသူတို့သည်ယေရှု၏ပုံသဏ္ဌာန်တော်ကို အပြည့်အဝရောင်ပြန်ဟပ်ကြရမည်။ (EW, p. 71).

သူတို့၏ဝတ်လုံသည် အစွန်းအကွက်မရှိ၊ သူတို့၏အကျင့်စာရိတ္တသည်လည်း အသွေးတော်ဖျန်းခြင်းဖြင့် အပြစ်မှစင်ကြယ်နေရမည်။ ဘုရားသခင်၏ကျေးဇူးတော်နှင့် သူတို့၏ကိုယ်ပိုင်အားထုတ်ကြိုးစားခြင်းအားဖြင့် သူတို့သည် မကောင်းမှုနှင့်တိုက်ပွဲတွင်အောင်မြင်သူများဖြစ်ကြရမည်။ စုံစမ်းစစ်ဆေးခြင်းကို ကောင်းကင်၌စီရင်နေစဉ်၊ နောင်တရသောယုံကြည်သူတို့၏အပြစ်များကို ဗိမာန်တော်မှဖယ်ထုတ်ချိန်တွင် ကမ္ဘာပေါ်ရှိ ဘုရားသခင်၏လူတို့အကြားတွင် သန့်စင်စင်ကြယ်စေခြင်းနှင့်အပြစ်များကိုဖယ်ရှားခြင်း အထူးအလုပ်သည်ရှိနေသည်။ (GC, p. 425).

ထာဝရဘုရား၏နေ့ရက်၌ရပ်တည်ရန်နှင့် ကိုယ်တော်ရှေ့၌အသက်ရှင်နိုင်ရန် များစွာသောသူတို့သည် အလွန်လိုအပ်သောပြင်ဆင်မှုကို လျစ်လျူရှုလျက်၊

"အားသစ်လောင်း" မည့်အချိန်နှင့် "နောက်မိုး" ကိုမျှော်နေကြသည်ကို ကျွန်ုပ်မြင်ခဲ့သည်။ ဒုက္ခဆင်းရဲကာလတွင် အကာအကွယ်မဲ့များစွာတို့ကိုလည်း ကျွန်ုပ်မြင်ခဲ့သည်။ သူတို့သည် လိုအပ်သောပြင်ဆင်မှုကိုလျစ်လျူရှုခဲ့ကြသည်။ ထို့ကြောင့် သူတို့သည် သန့်ရှင်းတော်မူသော ဘုရားသခင်၏ရှေ့တော်၌ နေနိုင်ရန် သင့်လျော်မှုရှိစေမည့်အားသစ်လောင်းခြင်းကို မရရှိကြချေ။ (EW, p. 71).

ပုရောဖက်များ၏ပြုပြင်ခြင်းကိုငြင်းပယ်၍၊ သမ္မာတရားကိုလိုက်နာခြင်းဖြင့် မိမိစိတ်ဝိညာဉ်ကိုစင်ကြယ်စေခြင်းမရှိ၊ မိမိတို့၏အခြေအနေသည် အမှန်တကယ်ဖြစ်နေသည်ထက် သာ၍ကောင်းသည်ဟုယုံကြည်သူတို့သည် ဘေးဒဏ်များကျရောက်သောအချိန်တွင်ပေါ်လာကြ၍၊ အဆောက်အဦအတွက် မိမိတို့သည် ခုတ်ထွင်ခြင်းလိုအပ်ကြောင်းသိမြင်လာကြမည်။ . . .

သူတို့သည် ပတ်လည်ဝိုင်းသောအရာများ၊ မာန်မာန၊ တစ်ကိုယ်ကောင်းဆန်ခြင်း၊ လောကကိုချစ်ခြင်းနှင့်မှားယွင်းသောစကားများနှင့်အပြုအမူများအပေါ်အောင်နိုင်ခြင်းမရှိလျှင် "အားသစ်လောင်းခြင်း" ကိုခံရကြမည်မဟုတ်ချေ။ ထို့ကြောင့် ကျွန်ုပ်တို့သည် ထာဝရဘုရားနှင့်နီးသထက်နီးအောင်ချဉ်းကပ်၍၊ ထာဝရဘုရား၏နေ့ရက်၌ တိုက်ပွဲတွင်ရပ်တည်နိုင်ရန် လိုအပ်သောပြင်ဆင်မှုကို ကြိုးစားအားထုတ်ရမည်။ ဘုရားသခင်သည် သန့်ရှင်းတော်မူကြောင်းနှင့် ကိုယ်တော်၏ရှေ့မှောက်တွင် သန့်ရှင်းသူတို့မှတစ်ပါး မည်သူမျှရှိမနေနိုင်ကြောင်းကို ကျွန်ုပ်တို့အားလုံးသတိရကြပါစို့။ (EW, p. 71).

–၀–



**စက်တင်ဘာ (၄)**

## "ဘုရားသခင်၏အကူအညီအတွက်ကတိတော်"

**"သင်တို့ကိုအပ်နှံသောအခါ အဘယ်သို့ပြောရမည်ကိုမစိုးရိမ်ကြနှင့်။ ပြောရသောစကားကို ထိုခဏချင်းတွင် သင်တို့ရကြလိမ့်မည်" (မဿဲ ၁၀း၁၉)။**

ခရစ်တော်၏အစေခံတို့သည် မိမိတို့၏ယုံကြည်ခြင်းအတွက်စစ်ဆေးရန် ခေါ်ဆောင်သောအချိန်တွင်ပြောရမည့်စကားအတွက် ပြင်ဆင်ရန်မလိုအပ်ပါ။ သူတို့၏ပြင်ဆင်မှုမှာ နေ့စဉ်သူတို့၏စိတ်နှလုံးထဲတွင် ဘုရားသခင်၏နှုတ်ကပတ်တော်မှအဖိုးတန်သောသမ္မာတရားများကိုသိုမှီးခြင်း၊ ခရစ်တော်၏သွန်သင်ချက်များအပေါ်ဖြည့်သွင်းခြင်းနှင့်ဆုတောင်းခြင်းဖြင့် မိမိတို့၏ယုံကြည်ခြင်းကို ခိုင်မာစေခြင်းဖြစ်ရမည်။ ထိုအခါစစ်ဆေးရန်ခေါ်ဆောင်ခြင်းခံရသောအခါ၊ သူတို့ပြောစကားကိုနားထောင်ရန်လာကြသော သူတို့၏စိတ်နှလုံးကို ထိထိမိမိရောက်ရှိမည့်သမ္မာတရားများကို သန့်ရှင်းသောဝိညာဉ်တော်သည် သူတို့ကိုသတိရစေတော်မူမည်။ သမ္မာကျမ်းစာကိုကြိုးစားရှာဖွေခြင်းဖြင့် သူတို့ရရှိခဲ့သောအရာများကို ဘုရားသခင်သည် အလိုအပ်ဆုံးသောအချိန်တွင် သူတို့အားပြန်လည်အမှတ်ရစေတော်မူမည်။ (CSW, pp. 40, 41).

သင်သည် စစ်ဆေးရာကာလအတွက် ယခုအဆင်သင့်ရှိနေရမည်။ သင်၏ခြေသည် ထာဝရကျောက်တော်ပေါ်၌စိုက်ထားခြင်းရှိမရှိ ယခုသင်သိနေရမည်။ သင်သည် မိမိ၏အလင်းတရားအတွက် သူများအပေါ်မမှီခိုဘဲ၊ ကိုယ်ပိုင်အတွေ့အကြုံပိုင်ဆိုင်ရမည်။ သင့်အားစစ်ဆေးရန်ခေါ်ဆောင်လာသောအခါ၊ သင့်ဘေး၌မိတ်ဆွေများမရှိသော်လည်း သင်တစ်ယောက်တည်းမဟုတ်သည်ကို သင်မည်ကဲ့သို့သိရသနည်း။ ထိုအခါခရစ်တော်သည် သင့်ကိုထောက်မ

သူဖြစ်ကြောင်း သင်သိနိုင်မည်လား။ "ငါသည်လည်း ကပ်ကမ္ဘာကုန်သည်တိုင်အောင် သင်တို့နှင့်အတူအစဉ်မပြတ်ရှိသည်။" သင့်ကိုဖျက်ဆီးရန် သင့်ပတ်လည်၌မမြင်နိုင်သောသူအများရှိနေကြမည်။ စာတန်နှင့်သူ၏ ကိုယ်စားလှယ်တို့သည် ဘုရားသခင်နှင့်ကိုယ်တော်၏သမ္မာတရား၌ သင်၏ စွဲမြဲခိုင်မာမှုကို ယိမ်းယိုင်စေရန်နည်းလမ်းအမျိုးစုံရှာဖွေလိမ့်မည်။ သို့ရာတွင် သင်သည် ကိုယ်တော်၏ဘုန်းတော်ကိုသာကြည့်နေလျှင်၊ ကိုယ်တော်၏သမ္မာတရားအတွက် မည်သို့သက်သေခံရမည်ကို တွေးတောရန်မလိုအပ်ချေ။ (RH, Apr. 26, 1892).

လူငယ်ယောကျ်ား၊ မိန်းမတို့၊ အကျပ်အတည်းကာလရောက်သောအခါ သင်တို့ခွန်အား၏အရင်းအမြစ်ဖြစ်တော်မူသောသူထံမှမခွဲခွာနိုင်မည်အကြောင်း ခရစ်တော်၌ရင့်ကျက်သောယောကျ်ားမိန်းမအဖြစ်သို့ ကြီးထွားကြသလား။ သင်တို့သည် စစ်ဆေးရာကာလတွင်ရပ်တည်နေနိုင်စေရန်၊ ယခုအေးချမ်းနေချိန်တွင် ဘုရားသခင်နှင့်ဆိုင်သောအရာများ၌ အသက်ရှင်သောအတွေ့အကြုံရှိကြရမည်။ ဘုရားသခင့်ဝိညာဉ်တော်၏နက်နဲသောလုပ်ရှားမှုများသည် မည်သည့်အရာဖြစ်သည်ကိုနားလည်ရန် ယခုသင်ယူကြရမည်။ ခရစ်တော်သည် ကျွန်ုပ်တို့၏အရာခပ်သိမ်း၊ ကျွန်ုပ်တို့၏အစနှင့်အဆုံးလည်းဖြစ်ရမည်။ (RH, May 3, 1892).

–o–



စက်တင်ဘာ (၅)

## "အခြားသောပင်တေကုတ္တေနေ့ရောက်လာမည်"

**"သူတို့ကိုလည်းကောင်း၊ ငါ၏တောင်ပတ်လည်၌ရှိသောအရပ်တို့ကိုလည်းကောင်း ငါကောင်းချီးပေး၍၊ အချိန်တန်လျှင် မိုးကိုရွာစေသဖြင့် ကောင်းချီးမိုးရေကျရလိမ့်မည်" (ယေဇကျေလ ၃၄း၂၆)။**

အရှေ့အလယ်ပိုင်းနိုင်ငံများ၌ မျိုးစေ့ကြဲချိန်နှင့်ရိတ်သိမ်းချိန်တွင် ကျသောအလျင်မိုးနှင့်နောက်မိုးကိုပုံပမာပြု၍၊ ဓမ္မဟောင်းမှပုရောဖက်တို့သည် ဘုရားသခင်၏အသင်းတော်အပေါ်တွင် သမားရိုးကျအတိုင်းအတာဖြင့်မဟုတ်ဘဲ၊ ဝိညာဉ်ရေးကရုဏာတော်သွန်းလောင်းခြင်းကို ကြိုတင်ဟောကြားခဲ့ကြသည်။ တမန်တော်များအချိန်၌ ဝိညာဉ်တော်သွန်းလောင်းခြင်းသည် အလျင်မိုး၏အစပြုခြင်းဖြစ်ကာ၊ ရလဒ်မှာ လွန်စွာကြီးကျယ်ခမ်းနားလှသည်။. . . သို့ရာတွင် ကမ္ဘာ၏ရိတ်သိမ်းချိန်အဆုံးနီးလာချိန်တွင် လူသားကြွလာခြင်းအတွက် အသင်းတော်သည်ပြင်ဆင်နိုင်ရန် ဝိညာဉ်တော်ကျေးဇူးအထူးပေးအပ်ခြင်းကတိတော်ရှိနေသည်။ ဤဝိညာဉ်တော်သွန်းလောင်းခြင်းကို နောက်မိုးရွာခြင်းနှင့်ခိုင်းနှိုင်းထားသည်။ (AA, pp. 54, 55).

ကြီးမားသောဧဝံဂေလိအမှုတော်သည် ၎င်း၏အစပျိုးခြင်းထက်အဆုံးကို ဘုရားသခင်၏တန်ခိုးတော်ကို သာ၍နည်းစွာဖော်ပြခြင်းဖြင့် အဆုံးသတ်မည်မဟုတ်ချေ။ ဧဝံဂေလိတရား၏အဖွင့်ကို အလျင်မိုးရွာသွန်းခြင်းဖြင့် ကြိုတင်ဟောကြားချက်ပြည့်စုံသကဲ့သို့ ဧဝံဂေလိအပိတ်ပိုင်းတွင်လည်း နောက်မိုးရွာသွန်းခြင်းဖြင့် ပြည့်စုံလိမ့်မည်။. . .

ဘုရားသခင်၏အစေခံတို့သည် မျက်နှာတောက်ပ၍ "သန့်ရှင်းသောဆက်ကပ်မှုမျက်နှာထားဝင်းပလျက်၊ ကောင်းကင်မှသတင်းစကားကို

ဟောပြောရန် တစ်နေရာမှတစ်နေရာသို့ လျင်မြန်စွာသွားကြလိမ့်မည်။ ထောင်ပေါင်းများစွာတို့၏အသံဖြင့် တစ်ကမ္ဘာလုံးကိုသတိပေးကြမည်။ အံ့ဖွယ်နိမိတ်များပြု၍၊ ရောဂါများပျောက်ကင်းစေကာ၊ နိမိတ်အံ့ဖွယ်ရာများကို ယုံကြည်သူများပြုကြလိမ့်မည်။ စာတန်သည်လည်း လိမ်လည်သောအံ့ဖွယ်ရာများကိုပြု၍ လူတို့ရှေ့တွင် ကောင်းကင်မှမီးကိုပင်ကျစေလိမ့်မည်။ ဗျာဒိတ် ၁၃း၁၃။ ထိုကြောင့် ကမ္ဘာပေါ်နေထိုင်သူအပေါင်းတို့သည် မိမိတို့၏ရပ်တည်ချက်ကို သိရှိကြလိမ့်မည်။

သတင်းစကားကို ဘုရားသခင့်ဝိညာဉ်တော်၏နက်နဲသောစီရင်ခြင်းအားဖြင့်ကဲ့သို့၊ အငြင်းအခုံအားဖြင့်သယ်ဆောင်ကြမည်မဟုတ်ချေ။ ငြင်းခုံချက်များစွာရှိခဲ့ပြီးဖြစ်သည်။ မျိုးစေ့ကိုစိုက်ပြီးဖြစ်၍၊ ယခုအချိန်သည် အပင်ပေါက်၍ သီးရမည့်အချိန်ဖြစ်သည်။ . . ယခုတွင် အလင်းတရားရောင်ခြည်သည် နေရာတကာကိုထိုးဖောက်၍၊ သမ္မာတရားကိုရှင်းလင်းစွာမြင်နေရကာ ဘုရားသခင်၏ရိုးသားသောသားသမီးတို့သည် သူတို့အားချုပ်ထားသောစည်းတို့ကို ဖြတ်လိုက်ကြသည်။ မိသားစုအနှောင်အဖွဲ့၊ အသင်းတော်ဆက်ဆံခြင်းတို့သည် ယခုသူတို့ကိုမထိန်းချုပ်နိုင်တော့ချေ။ သမ္မာတရားသည် အခြားအရာအားလုံးထက် သာ၍တန်ဖိုးရှိသည်။ သမ္မာတရားကိုဆန့်ကျင်သောသူများစွာရှိနေလင့်ကစား၊ များစွာသောသူတို့သည် ထာဝရဘုရားဘက်၌ရပ်တည်ရန်ရွေးချယ်ကြသည်။ (GC, pp. 611, 612).

–o–



**စက်တင်ဘာ (၆)**

## **"အာမဂေဒုန်တိုက်ပွဲဆင်နွှဲခြင်း"**

**"သူတို့သည် သိုးသငယ်ကိုစစ်တိုက်၍ သိုးသငယ်သည်နိုင်တော်မူမည်။ အကြောင်းမူကား၊ သိုးသငယ်သည် သခင်တို့၏သခင်၊ ဘုရင်တို့၏ဘုရင်ဖြစ်တော်မူ၏။ ကိုယ်တော်နှင့်အတူရှိသောသူတို့သည်လည်း ခေါ်တော်မူသောသူ၊ ရွေးချယ်တော်မူသောသူ၊ သစ္စာရှိသောသူဖြစ်ကြ၏" (ဗျာဒိတ် ၁၇း၁၄)။**

ကျွန်ုပ်တို့သည် သတ္တမဘေးဒဏ်သွန်းလောင်းခြင်းကို လေ့လာရန်လိုအပ်သည်။ မကောင်းမှု၏တန်ခိုးများသည် တိုက်ပွဲမဝင်ဘဲအရှုံးပေးကြမည်မဟုတ်ချေ။ သို့ရာတွင် ဘုရားသခင်၏စောင်မမှုသည် အာမဂေဒုန်တိုက်ပွဲတွင် ပါဝင်လာလိမ့်မည်။ ဗျာဒိတ် (၁၈) မှ ကောင်းကင်တမန်၏တန်ခိုးတော်အားဖြင့် ကမ္ဘာမြေပေါ်ထွန်းလင်းလာသောအခါ၊ ဘာသာတရားနှင့်ဆိုင်သော အကောင်းနှင့်အဆိုးတို့သည် အိပ်ပျော်ရာမှနိုးထလာကြကာ၊ အသက်ရှင်တော်မူသောဘုရားသခင်၏စစ်တပ်ကြီးသည် စစ်မျက်နှာဖွင့်လိမ့်မည်။ (7BC, p. 983).

ခွန်အားကြီးသောကောင်းကင်တမန်လေးပါးသည် ဘုရားသခင်၏အစေခံများကို သူတို့၏နဖူး၌တံဆိပ်မခတ်မီတိုင်အောင် ဤလောက၏တန်ခိုးများကို ထိန်းထားကြသည်။ လောက၏လူမျိုးအပေါင်းတို့သည် တိုက်ပွဲအတွက်တက်ကြွလျက်ရှိကြသည်။ သို့ရာတွင် သူတို့ကိုကောင်းကင်တမန်များမှဆွဲထားသည်။ ဤထိန်းချုပ်သောတန်ခိုးကိုဖယ်ရှားသောအခါ၊ ဒုက္ခဆင်းရဲကာလရောက်လာလိမ့်မည်။ ကြောက်မက်ဖွယ်စစ်လက်နက်များကိုတီထွင်ကြမည်။ ကုန်အပြည့်နှင့်သင်္ဘောကြီးများသည် ပင်လယ်နက်ထဲသို့ဆင်းသွားရကြမည်။

သမ္မာတရား၏စိတ်သဘောကိုမပိုင်ဆိုင်သောသူအားလုံးသည် စာတန်၏ ကိုယ်စားလှယ်များခေါင်းဆောင်မှုအောက်သို့ ရောက်သွားကြမည်။ သို့ရာတွင် သူတို့သည် ကြီးမားသောအာမဂေဒုန်တိုက်ပွဲအချိန်ရောက်လာသည်အထိ ထိုသို့ထိန်းသိမ်းခံရကြမည်။ (7BC, p. 967).

မကောင်းမှုမျိုးစုံသည် ပြင်းထန်တက်ကြွစွာထွက်ပေါ်လာလိမ့်မည်။ မကောင်းသောကောင်းကင်တမန်တို့သည် မိမိတို့၏တန်ခိုးကို လူဆိုးတို့နှင့် ပေါင်းစည်းကာ၊ သူတို့သည် စဉ်ဆက်တိုက်ပွဲဝင်၍ အကောင်းဆုံးသော လှည့်ဖြားခြင်းနှင့် တိုက်ပွဲများတွင်အတွေ့အကြုံရရှိပြီး၊ ရာစုနှစ်များစွာအင်အား ခိုင်ခံ့စေသောကြောင့် ရမ်းကားကြမ်းတမ်းသောတိုက်ပွဲမဝင်ဘဲ နောက်ဆုံးသော ကြီးမားသည့်တိုက်ပွဲကို အရှုံးပေးကြမည်မဟုတ်ချေ။ တစ်လောကလုံးသည် တစ်ဖက်တွင် သို့မဟုတ် အခြားတစ်ဖက်တွင်ရှိနေကြမည်။ အာမဂေဒုန်စစ်ပွဲ ကိုတိုက်ကြမည်ဖြစ်ကာ၊ ကျွန်ုပ်တို့တစ်စုံတစ်ဦးမျှအိပ်နေကြမည်မဟုတ်ချေ။ ပညာရှိအပျိုကညာကဲ့သို့ မီးခွက်တွင်ဆီပါလျက် နိုးနေကြရမည်။ . . .

သန့်ရှင်းသောဝိညာဉ်တော်၏တန်ခိုးသည် ကျွန်ုပ်တို့အပေါ်သို့ကျရောက်ကာ၊ ထာဝရဘုရားစစ်တပ်၏စစ်ဗိုလ်ချုပ်သည် ကောင်းကင်တမန်အပေါင်း၏ ရှေ့တွင်ရပ်ကာ၊ တိုက်ပွဲတွင်ဦးဆောင်လိမ့်မည်။ လေးနက်သောဖြစ်ရပ်များ သည် ကျွန်ုပ်တို့ရှေ့တွင်ဖြစ်ပျက်လာဦးမည်။ တံပိုးကိုတစ်ခုပြီးတစ်ခုမှုတ်၍ ဘေးဒဏ်သည်လည်း တစ်ခုပြီးတစ်ခု ကမ္ဘာ့လူသားများအပေါ်သို့ကျရောက် လိမ့်မည်။ ကြောက်ခမန်းလိလိအဖြစ်အပျက်များသည် ကျွန်ုပ်တို့ရှေ့၌တင်ရှိ နေသည်။ (7BC, p.982).

–o–





စက်တင်ဘာ (၇)

## "အနာဂတ်ဖြစ်ရပ်များအစဉ်အတိုင်းဖြစ်ပျက်လာ"

**"သို့သော်လည်း ညီအစ်ကိုတို့၊ ထိုနေ့ရက်သည် သူခိုးကဲ့သို့ သင်တို့အပေါ်သို့ရောက်လာမည်အကြောင်း သင်တို့သည် မှောင်မိုက်၌ နေကြသည်မဟုတ်" (၁သက်သာလောနိတ် ၅း၄)။**

ကယ်တင်ခြင်း သို့မဟုတ် ဖျက်ဆီးခြင်းအတွက် လူတိုင်း၏အမှုကို စီရင်ဆုံးဖြတ်ခြင်းမပြီးမီတိုင်အောင် ယေရှုသည် အသန့်ရှင်းဆုံးအခန်းထဲက ထွက်တော်မမူသည်ကို ကျွန်ုပ်မြင်ခဲ့သည်။ ယေရှုသည် အသန့်ရှင်းဆုံးအခန်း ထဲကအမှုကိုအဆုံးသတ်၍၊ ယဇ်ပုရောဟိတ်မင်း၏ဝတ်လုံးကိုချွတ်ကာ၊ လက်စားချေသည့်ဝတ်လုံကိုမဆင်မြန်းမီတိုင်အောင်၊ ဘုရားသခင်၏အမျက် တော်သည် ရောက်လာမည်မဟုတ်ချေ။ ထိုအခါယေရှုသည် ခမည်းတော်နှင့် လူတို့ကြားမှလှမ်းထွက်လာတော်မူသည်။ ထိုနောက်ဘုရားသခင်သည် တိတ်ဆိတ်စွာနေတော်မမူတော့ဘဲ၊ မိမိ၏အမျက်တော်ကို မိမိ၏သမ္မာတရား ကိုငြင်းပယ်ခဲ့သောသူတို့အပေါ်သို့ လောင်းတော်မူမည်။ လူမျိုးအပေါင်းတို့၏ ဒေါသ၊ ဘုရားသခင်၏အမျက်တော်၊ သေလွန်သောသူတို့အား တရားစီရင် ချိန်တို့သည် မတူကွဲပြားလျက်ရှိကာ၊ တစ်ခုနောက်တစ်ခုဖြစ်ပျက်သည်ကို ကျွန်ုပ်မြင်ခဲ့သည်။ မိက္ခေလသည်မပေါ်လာသေး၊ မဖြစ်စဖူးသောဒုက္ခဆင်းရဲ ကာလသည်လည်း အစပြုခြင်းမရှိသေးချေ။ လူမျိုးတကာတို့သည် ယခုဒေါသ ထွက်လာကြသည်။ သို့ရာတွင် ကျွန်ုပ်တို့၏ယဇ်ပုရောဟိတ်မင်းကြီးသည် ဗိမာန်တော်တွင်မိမိအမှုကိုပြီးစီး၍၊ ရပ်တော်မူကာ၊ ကလဲ့စားချေသည့်ဝတ်လုံ ကိုဆင်မြန်းတော်မူသောအခါ၊ နောက်ဆုံးသောဘေးဒဏ်ခုနစ်ပါးကို သွန်းလောင်းလိမ့်မည်။

ဗိမာန်တော်တွင် ယေရှု၏အမှုတော်မပြီးမချင်း ကောင်းကင်တမန်လေးပါးသည် လေတို့ကိုကိုင်ထားကြကာ၊ အမှုပြီးမှနောက်ဆုံးသောဘေးဒဏ်ခုနစ်ပါးကျလာသည်ကို ကျွန်ုပ်မြင်ခဲ့သည်။ ဤဘေးဒဏ်များသည် ဆိုးယုတ်သောသူတို့အား ဖြောင့်မတ်သောသူတို့အပေါ်အမျက်ထွက်စေသည်။ ကျွန်ုပ်တို့ကြောင့် သူတို့အပေါ်ဘုရားသခင်၏တရားစီရင်ခြင်းကျရောက်သည်ဟု ထင်ကြသည်။ ထိုကြောင့် အကယ်၍ကျွန်ုပ်တို့ကို ကမ္ဘာပေါ်မှဖယ်ရှားနိုင်လျှင် ဘေးဒဏ်များသည်လည်း ရပ်တန့်သွားမည်ဟုတွေးကြသည်။ သူတော်စင်တို့ကိုသတ်ရန်အမိန့်ဒီဂရီထွက်လာ၍၊ သူတို့သည် ရွေးနုတ်ခြင်းအတွက် နေ့ညမပြတ်အော်ဟစ်ဆုတောင်းကြသည်။ ဤအရာသည် ယာကုပ်၏ဒုက္ခဆင်းရဲကာလဖြစ်သည်။ ထိုအခါ သူတော်စင်အားလုံးသည် စိတ်ဝေဒနာခံစားလျက်ဆုတောင်းကြပြီး၊ ဘုရားသခင်၏အသံတော်အားဖြင့် ကယ်မခြင်းခံရကြသည်။ (EW, pp. 36, 37).

မိမိသည် အသေသတ်ခြင်းကိုခံရ၍၊ သင်္ချိုင်းမှတစ်ဖန်ထမြောက်တော်မူမည်အကြောင်းကို ကယ်တင်ရှင်သည် ကပ်တိုင်တင်သတ်ခြင်းမခံမီ မိမိ၏တပည့်တော်တို့အားမိန့်တော်မူခဲ့သည်။. . . သို့ရာတွင် တပည့်တော်တို့သည် ရောမထမ်းပိုးအောက်မှ ယာယီကယ်လွှတ်ခြင်းကိုမျှော်နေကြကာ၊ သူတို့၏မျှော်လင့်ချက်တည်ရာကိုယ်တော်သည် ရက်ဖွယ်လိလိအသေခံရမည်ကို မတွေးရဲကြချေ။. . . ခရစ်တော်သည် တပည့်တော်တို့အား အနာဂတ်ကိုရှင်းပြသကဲ့သို့ ပုရောဖက်ပြုဟောပြောချက်များသည် ကျွန်ုပ်တို့ရှေ့တွင်ရှင်းလင်းစွာရှိနေသည်။. . . သို့ရာတွင် များစွာသောသူတို့သည် သူတို့အားဘယ်ခါမျှမဖော်ပြသည့်အလား ဤအရေးကြီးသောသမ္မာတရားကို နားမလည်ကြတော့ချေ။ (GC, p. 594).

–ဝ–



စက်တင်ဘာ (၈)

# "စာတောင်ငြိမ်းသက်ခြင်း"

**"ငြိမ်ဝပ်ခြင်းရှိ၏၊ ဘေးအန္တရာယ်နှင့်ကင်းလွတ်၏ဟုဆိုစဉ်တွင် ကိုယ်ဝန်ဆောင်သောမိန်းမ၌ သားဖွားခြင်းဝေဒနာရောက်သကဲ့သို့ သူတို့အပေါ်၌လျင်မြန်စွာသောပျက်စီးခြင်းရောက်၍ လွတ်ခြင်းအခွင့်မရှိရကြ" (၁သက်သာလောနိတ် ၅း၃)။**

ကယ်တင်ခြင်းလုပ်ငန်းအဆုံးသတ်နေစဉ်၊ ကမ္ဘာပေါ်တွင်ဒုက္ခများရောက်လာ၍ လူမျိုးများတို့သည် ဒေါသထွက်ကြသော်လည်း၊ တတိယကောင်းကင်တမန်၏အမှုကို မနှောင့်ယှက်စေရန် သူတို့ကိုထိန်းထားလျက်ရှိသည်။ "နောက်မိုး" သို့မဟုတ် ဘုရားသခင်ထံတော်မှ ချမ်းအေးသောအချိန်သည်ရောက်လာ၍ တတိယကောင်းကင်တမန်၏ကျယ်လောင်သောကြွေးကြော်သံကိုတန်ခိုးပေးကာ၊ နောက်ဆုံးသောဘေးဒဏ်ခုနစ်ပါးသွန်းလောင်းချိန်တွင် သန့်ရှင်းသူများရပ်တည်နိုင်ရန် ပြင်ဆင်ပေးလိမ့်မည်။ (EW, pp. 85, 86).

ကမ္ဘာပေါ်နေထိုင်သူတို့သည် အရှုပ်ထွေးဆုံးသောအချိန်ကိုရောက်ရှိလာကြသည်ကို ကျွန်ုပ်အားပြတော်မူခဲ့သည်။ စစ်ပွဲ၊ သွေးထွက်သံယိုခြင်း၊ စားဝတ်နေရေးဆင်းရဲခြင်း၊ လိုအပ်ချက်၊ အစာခေါင်းပါးခြင်း၊ ကာလနာများသည် မြေတစ်ပြင်လုံး၌ပွားများလျက်ရှိသည်။ ဤအရာတို့သည် ဘုရားသခင်၏လူတို့ကို ပတ်လည်ဝိုင်းလျက်ရှိသောကြောင့် သူတို့သည် အတူတကွမိမိတို့၏သေးငယ်သောအခက်အခဲများကို စတင်ဖယ်ထုတ်လိုက်ကြသည်။ ကိုယ်ပိုင်သိက္ခာကိုလည်း မထိန်းချုပ်နိုင်တော့ဘဲ၊ ကြီးစွာအရှက်ကွဲရလေပြီ။ ဝေဒနာခံစားခြင်း၊ ရှုပ်ထွေးခြင်းနှင့်စားဝတ်နေရေးဆင်းရဲခြင်းတို့သည် အသိဉာဏ်

ကိုမိမိ၏ရာဇပလ္လင်ပြန်ယူစေ၍၊ ရမ္မက်ကြီးသူတို့နှင့်ဆင်ခြင်တုံတရားမရှိသူတို့သည်လည်း ပုံမှန်စိတ်ထားရှိလာကာ၊ လိမ္မာပါးနပ်စွာပြုမူလာကြသည်။

ကျွန်ုပ်အား အခြားဖြစ်ရပ်ကိုပြတော်မူသည်။ ခဏတာငြိမ်သက်ခြင်းရှိနေဟန်ရှိသည်။ တစ်ဖန် ကမ္ဘာပေါ်နေထိုင်သူတို့ကို ကျွန်ုပ်အားပြတော်မူကာ၊ တစ်ဖန်အရာရာသည် ရှုပ်ထွေးမှုဖြစ်နေသည်။ ပဋိပက္ခ၊ စစ်ပွဲ၊ သွေးထွက်သံယိုမှု၊ အစာငတ်ဘေး၊ ကပ်ဘေး စသည်တို့သည် နေရာတကာတွင်ပြင်းထန်လျက်ရှိသည်။ အခြားလူမျိုးအပေါင်းတို့သည် ဤစစ်ပွဲနှင့်ရှုပ်ထွေးမှုများတွင်ပါဝင်နေကြသည်။ စစ်ပွဲသည် အစာငတ်ဘေးကိုဖြစ်စေသည်။ လိုအပ်မှုနှင့် သွေးထွက်သံယိုမှုသည် ကပ်ဘေးကိုဖြစ်စေသည်။ "မြေကြီးပေါ်မှာဖြစ်လတ္တံ့သောဘေးများကို မျှော်၍ကြောက်လန့်ကြသဖြင့် လူများတို့၏အသက်ဆုံးခြင်းအမှုအရာတို့သည် ဖြစ်ကြလိမ့်မည်။" (1T, p. 268).

လာမည့်ကြမ္မာဆိုးအတွက် ကမ္ဘာကိုသတိမပေးမီတိုင်အောင် ကောင်းကင်တမန်တို့သည် လေတို့ကိုချုပ်ထားလျက်ရှိသည်။ သို့ရာတွင် မုန်တိုင်းသည် ကမ္ဘာကိုတိုက်ခတ်ရန် အဆင်သင့်ရှိနေပြီ။ ဘုရားသခင်သည် ကောင်းကင်တမန်တို့အား လေကိုလွှတ်ရန်မိန့်တော်မူသောအခါ၊ ပုံဖော်ခြယ်သ၍ပင်မရနိုင်သည့် ပဋိပက္ခဖြစ်ရပ်သည် ပေါ်လာလိမ့်မည်။. . .

ခေတ္တနားနေရသောအခွင့်ကို ဘုရားသခင်သည် ကျွန်ုပ်တို့အားပေးသနားတော်မူသည်။ မသိနားမလည်ခြင်းကြောင့် ပျက်စီးမည့်သူများအတွက် ဘုရားသခင်သည် ကျွန်ုပ်တို့အားခန့်ထားတော်မူသောအမှုတော်တွင် ဘုရားပေးသောအစွမ်းအားလုံးကို အသုံးပြုရမည်။ (Ev, p. 704).

–ဝ–



**စက်တင်ဘာ (၉)**

## "ငြိမ်သက်ခြင်းနှင့်လုံခြုံမှုအော်သံ"

**"ချမ်းသာမရှိသောအခါ ချမ်းသာ၊ ချမ်းသာဟုပြောဆိုလျက်၊ ငါ၏လူမျိုးသတို့သမီးအနာကို ပေါ့လျော့စွာကုကြ၏" (ယေရမိ ၆း၁၄)။**

ရဟန်းမင်း၏နောက်လိုက်များ၊ ပရိတက်စတန့်များနှင့်လောကီသားတို့သည် ဤမဟာမိတ်ကို လောကကြီးပြောင်းလဲရန်အတွက်နှင့် ကာလကြာမြင့်စွာမျှော်လင့်ခဲ့သော နှစ်ပေါင်းတစ်ထောင်အစတို့အတွက် မဟာလှုပ်ရှားမှုအဖြစ်ရှုမြင်ကြသည်။ (GC, pp. 588, 589).

"သူခိုးသည် ညဥ့်အခါလာသကဲ့သို့၊ ထာဝရဘုရား၏နေ့ရက်သည် လာလိမ့်မည်။ ထိုနေ့၌မိုးကောင်းကင်သည် ကြီးစွာသောအသံနှင့်တကွ ပျောက်သွားလိမ့်မည်။ လောကဓာတ်တို့သည်ပူအားကြီး၍ ပျက်ကြလိမ့်မည်။ မြေကြီးကိုယ်မှစ၍၊ မြေကြီးပေါ်မှာပြုလုပ်သမျှသောအရာတို့သည် ကျွမ်းလောင်ကြလိမ့်မည်" (၂ပေတရု ၃း၁၀)။ အတွေးအခေါ်ပညာ၏ဆင်ခြင်သုံးသပ်မှုသည် ဘုရားသခင်၏တရားစီရင်ခြင်းကိုမကြောက်ရွံ့သောအချိန်၊ ဘာသာရေးဆရာတို့သည် ကြာရှည်သောငြိမ်သက်ခြင်းနှင့်ကြွယ်ဝခြင်းကိုညွှန်ပြနေချိန်၊ လောကီသားတို့သည် စီးပွားရေးနှင့်အပျော်အပါး၊ စိုက်ပျိုးခြင်းနှင့်တည်ဆောက်ခြင်း၊ ပွဲခံခြင်းနှင့်ပျော်ပါးခြင်း၊ ဘုရားသခင်၏သတိပေးချက်ကိုငြင်းပယ်ခြင်းနှင့် ကိုယ်တော်၏စေတမန်တို့ကို ပြက်ရယ်ပြုချိန်တွင် သူတို့အပေါ်၌ပျက်စီးခြင်းသည် ရုတ်တရက်ကျလာကာ၊ သူတို့သည် လွတ်ခြင်းအခွင့်ရကြမည်မဟုတ်ချေ။ ၁သက်သာလောနိတ် ၅း၃။ (PP, p. 104).

စိဒ္ဒိမ်ချိုင့်၌နေထိုင်သောသူတို့ကဲ့သို့ လူတို့သည် ကြွယ်ဝခြင်းနှင့် ငြိမ်သက်ခြင်းကို အိပ်မက်မက်နေကြသည်။ "သင်သည် အသက်ချမ်းသာရခြင်းငှာပြေးလော့" ဟူသည်မှာ ဘုရားသခင့်ကောင်းကင်တမန်များ၏သတိပေးစကားဖြစ်သည်။ သို့ရာတွင် "စိတ်မလှုပ်ရှားနှင့်။ အလန့်တကြားဖြစ်ရန်အကြောင်းမရှိပါ" ဟူသော အခြားအသံများလည်းကြားနေရသည်။ ကျူးလွန်သောသူတို့အပေါ်သို့ ပျက်စီးခြင်းသည် အလျင်အမြန်ရောက်လာမည်ဟု ကောင်းကင်ကကြွေးကြော်နေစဉ်၊ လူထုကြီးက "ငြိမ်ဝပ်ခြင်းရှိ၏။ ဘေးအန္တရာယ်နှင့်ကင်းလွတ်၏" ဟုအော်ဟစ်ကြသည်။ သူတို့၏ပျက်စီးခြင်းမတိုင်မီညတွင် စိဒ္ဒိမ်လွင်ပြင်၌ရှိသောမြို့များတွင် ပျော်ရွှင်မြူးထူးကြလျက်၊ ဘုရားသခင့်စေတမန်တို့၏သတိပေးချက်များကို ပြက်ရယ်ပြုခဲ့ကြသည်။ သို့သော် ထိုလှောင်ပြောင်သူတို့သည် မီးလျှံထဲ၌ပျက်စီးကာ၊ ထိုည၌ပင် သောဒုံမြို့၌နေထိုင်သောဆိုးယုတ်ပြီးသတိမဲ့သူတို့အတွက် ကရုဏာတံခါးသည် ထာဝရပိတ်သွားခဲ့ရသည်။ ဘုရားသခင်သည် ပြက်ရယ်ပြုခြင်းကို အမြဲခံတော်မမူချေ။ "ထိုပြည်ကိုဖျက်ဆီး၍၊ အပြစ်ကြီးသောပြည်သူပြည်သားတို့ကို သုတ်သင်ပယ်ရှင်းခြင်းငှာ၊ ထာဝရဘုရား၏ကြမ်းကြုတ်သောနေ့ရက်သည် ပြင်းထန်သောဒေါသအမျက်ထွက်လျက်လာလိမ့်မည်" ဟေရှာယ ၁၃း၉။ လောကသားအများသည် ဘုရားသခင်၏သနားခြင်းကရုဏာကိုငြင်းပယ်ကြမည်ဖြစ်၍၊ အဖတ်ဆယ်မရသည့်ပျက်စီးခြင်းသည် သူတို့ကိုအလျင်အမြန်လွှမ်းမိုးလိမ့်မည်။ သို့ရာတွင် သတိပေးချက်ကိုအာရုံပြုသောသူတို့မူကား၊ "အမြင့်ဆုံးသောဘုရား၏ကွယ်ကာရာဌာနတော်၌. . . အနန္တတန်ခိုးရှင်၏အရိပ်ကိုခိုရလိမ့်မည်။" သစ္စာတော်သည်လည်း သင်၏ဒိုင်းလွှားဖြစ်လိမ့်မည်။ (PP, p. 167).

–o–



စက်တင်ဘာ (၁၀)

# "ဘုရားသခင်၏အမှုတော်ပြီးပြီ"

**"လူမျိုးအပေါင်းတို့အား သက်သေဖြစ်မည်အကြောင်း နိုင်ငံတော်နှင့်ယှဉ်သောဧဝံဂေလိတရားကို လောကီနိုင်ငံအရပ်ရပ်ရှိသမျှတို့၌ ဟောရလိမ့်မည်။ သို့ပြီးမှအဆုံးသည်ဖြစ်လတ္တံ့" (မဿဲ ၂၄း၁၄)။**

လေးနက်မွန်မြတ်သောသတိပေးစကားကို အခက်ခဲဆုံးသောနယ်မြေနှင့်အပြစ်အများဆုံးသောမြို့များ၊ ကောင်းကင်တမန်သုံးပါးသတင်းစကားမရောက်ရှိသေးသောနေရာတိုင်းတွင် ဟောပြောရမည်။ လူတိုင်းသည် သိုးသငယ်၏မင်္ဂလာပွဲညစာသို့ ခေါ်ဖိတ်သံကိုကြားရကြမည်။ တစ်ရွာပြီးတစ်ရွာ၊ တစ်မြို့ဝင်တစ်မြို့ထွက်၊ တိုင်းနိုင်ငံတစ်ခုပြီးတစ်ခု၊ လက်ရှိသမ္မာတရား၏သတင်းစကားကို အပေါ်ယံအားဖြင့်မဟုတ်ဘဲ၊ ဝိညာဉ်တော်၏တန်ခိုးဖြင့်ဟောပြောရမည်။ (GW, p. 27).

ဘုရားသခင့်ကျေးဇူးတော်၏အသစ်ပြုပြင်သောတန်ခိုးနှင့်ဆိုင်သောသတင်းစကားကို သမ္မာတရားသည် ကမ္ဘာကိုပတ်သည့်တိုင်အောင် တိုင်းနိုင်ငံတိုင်းနှင့်နေရာအရပ်ရပ်သို့ သယ်ဆောင်သွားရမည်။ တံဆိပ်ခတ်ခြင်းခံရမည့်သူတို့မှာ အသီးအသီးဘာသာစကားကိုပြောသော အမျိုးအနွယ်ခပ်သိမ်းမှလာသောသူတို့ဖြစ်ကြသည်။ တိုင်းနိုင်ငံတိုင်းမှယောကျ်ားမိန်းမတို့သည် ဘုရားသခင်၏ပလ္လင်တော်နှင့်သိုးသငယ်ရှေ့တွင်စုရုံးကြကာ "ပလ္လင်ပေါ်မှာထိုင်တော်မူသောငါတို့၏ဘုရားသခင်နှင့်သိုးသငယ်သည် ကယ်တင်တော်မူခြင်းချမ်းသာရှိတော်မူစေသတည်းဟု ကြီးသောအသံနှင့်ကြွေးကြော်ကြ၏" ဗျာဒိတ် ၇း၁၀။ (CT, p. 532).

ကမ္ဘာမြေတစ်ခွင်လုံးသည် ဘုရားသခင့်သမ္မာတရား၏ဘုန်းတော်ဖြင့် ထွန်းလင်းရမည်။ အလင်းတရားသည် နိုင်ငံတိုင်းနှင့်လူအားလုံးထံလင်းစေရမည်။ အလင်းတရားကိုရရှိသောသူတို့သည် အလင်းတရားကိုလင်းစေရမည်။ မိုးသောက်ကြယ်သည် ကျွန်ုပ်တို့ထံပေါ်ထွန်းပြီးဖြစ်၍၊ ကျွန်ုပ်တို့သည် ထိုအလင်းကို မှောင်မိုက်လမ်းထဲ၌ရှိနေသောသူတို့ထံသို့လင်းစေရမည်။

အကျပ်အတည်းကာလသည် ကျွန်ုပ်တို့ရှေ့၌ရောက်နေပေပြီ။ ကျွန်ုပ်တို့သည် ယခုသန့်ရှင်းသောဝိညာဉ်တော်၏တန်ခိုးအားဖြင့် ဤနောက်ဆုံးသောနေ့အတွက် ကြီးမြတ်သောသမ္မာတရားကိုဟောရမည်။ လူတိုင်းသည် သတိပေးစကားကိုကြား၍၊ ဆုံးဖြတ်ချက်ပြုမည့်အချိန်ကာလသည် ကြာရှည်လိမ့်မည်မဟုတ်ချေ။ ထိုအခါအဆုံးသည် ရောက်လာလိမ့်မည်။ (6T, p. 24).

ပထမ၊ ဒုတိယနှင့်တတိယကောင်းကင်တမန်တို့၏သတင်းစကားတွင်ပါရှိသော သမ္မာတရားကို ဘာသာစကားအသီးအသီးပြောသော လူမျိုးခပ်သိမ်းထံသို့ရောက်ရှိရမည်။ ၎င်းသည် တိုက်ကြီးများ၏အမှောင်ထုကိုလင်းစေလျက်ပင်လယ်ရှိကျွန်းအားလုံးထံသို့ ဆန့်ထုတ်ရမည်။ ဤအမှုတွင်နှောင့်နှေးခြင်းမရှိရပါ။

ကျွန်ုပ်တို့၏ဆောင်ပုဒ်မှာ "ရှေ့သို့သာ၊ အမြဲရှေ့သို့သာ" ဖြစ်ရပါမည်။ ကောင်းကင်တမန်တို့သည် လမ်းခရီးကိုပြင်ဆင်ရန် ကျွန်ုပ်တို့ရှေ့၌ဦးဆောင်သွားကြမည်။ ကမ္ဘာမြေတစ်ခွင်လုံးသည် ထာဝရဘုရား၏ဘုန်းတော်နှင့်မထွန်းလင်းမီတိုင်အောင် နိုင်ငံတော်အတွက် ကျွန်ုပ်တို့၏ဝန်ထုပ်ကိုချ၍မရချေ။ (GW, p. 470).

–ဝ–



စက်တင်ဘာ (၁၁)

## "ဘုရားသခင်သည်မိမိလူတို့ကိုယ်စားကြားဝင်တော်မူသည်"

**"အိုလူများအပေါင်းတို့၊ ကြားကြလော့။ အိုပြည်နှင့်ပြည်သားအပေါင်းတို့၊ နားထောင်ကြလော့။ အရှင်ထာဝရဘုရားတည်းဟူသော သန့်ရှင်းသောဗိမာန်တော်ထဲက ဘုရားရှင်သည် သင်တို့တစ်ဖက်၌ သက်သေခံတော်မူမည်။ ထာဝရဘုရားသည် ကိန်းဝပ်တော်မူရာအရပ်ဌာနတော်ထဲက ထွက်ကြွဆင်းသက်၍၊ မြင့်သောမြေအရပ်တို့ကိုနင်းတော်မူမည်" (မိက္ခာ ၁း၂၊၃)။**

အကျပ်အတည်းအချိန်တွင် အကျင့်စာရိတ္တမှန်ပေါ်လာစမြဲဖြစ်သည်။ . . . ကြီးမားသောနောက်ဆုံးစမ်းသပ်မှုသည် လူသားတို့၏ကရုဏာတံခါးပိတ်ချိန်တွင်ကျရောက်လာ၍၊ အသက်ဝိညာဉ်၏လိုအပ်ချက်ကိုထောက်ပံ့ရန်မှာ အလွန်နောက်ကျသွားပေပြီ။ (COL, p. 412).

ဘုရားသခင်သည် လူမျိုးအပေါင်းတို့အား တွက်ချက်တော်မူလျက်ရှိသည်။ ဤကမ္ဘာ့သမိုင်း၏ရာစုနှစ်တိုင်းတစ်လျှောက်၊ မကောင်းမှုကိုလုပ်ဆောင်သောသူတို့သည် အမျက်တော်ကို အမျက်တော်နေ့အတွက်သိုထားကြသည်။ အပြစ်တရားသည် ဘုရားသခင်၏သနားခြင်းကရုဏာဘောင်ကိုအပြည့်အဝရောက်ရှိလာသောအခါ၊ ကိုယ်တော်၏သည်းခံတော်မူခြင်းသည်ပြီးဆုံးသွားပေလိမ့်မည်။ ကောင်းကင်မှတ်တမ်းစာအုပ်တွင်စုနေသောသူတို့သည် ကျူးလွန်ခြင်းရေချိန်အမှတ်ရောက်ရှိလာချိန်တွင် ကရုဏာနှင့်မရောနှောသည့်အမျက်တော်သည်ရောက်လာ၍၊ ဘုရားရှင်၏သည်းခံခြင်းကုန်ဆုံးခြင်းသည်မည်မျှကြီးမားကြောင်းကိုမြင်ရမည်။ ဤသို့သောအကျပ်အတည်းအချိန်ကို

လူမျိုးအပေါင်းတို့သည် ဘုရားသခင်၏ပညတ်တော်ကိုပယ်ရှားသောအချိန်တွင် ရောက်ရှိလိမ့်မည်။

အပြစ်တရားပွားများခြင်းကြောင့် ဖြောင့်မတ်သောသူတို့သည် ဘုရားသခင်အတွက် စိတ်နိုးကြားထကြွမည့်နေ့ရက်များရောက်လာမည်။ စာတန်နှင့်လူဆိုးတို့ပေါင်းစည်းခြင်း၏မောက်မာမှုကို ဘုရားတန်ခိုးတော်မှလွဲ၍ မည်သူကမျှမတားဆီးနိုင်ချေ။ သို့ရာတွင် အသင်းတော်၏အကြီးမားဆုံးသော အန္တရာယ်ကျရောက်ချိန်တွင် ကျန်ကြွင်းသောသစ္စာရှိသူတို့သည် အသင်းတော်ကိုယ်စား စိတ်ရောကိုယ်ပါဆုတောင်းကြ၍၊ ကျူးလွန်သူတို့၏အပြစ်သည် ၎င်း၏အမြင့်ဆုံးရေချိန်ကိုရောက်ရှိချိန်တွင် ဘုရားသခင်သည် သူတို့၏ဆုတောင်းသံကိုကြား၍၊ ထူးတော်မူမည်။ "ဘုရားသခင်ရွေးကောက်တော်မူသောသူတို့သည် ညနေ့မပြတ်အော်ဟစ်၍တောင်းလျှောက်လျှင်၊ ဘုရားသခင်သည် သူတို့ဘက်၌တရားမစီရင်ဘဲနေတော်မူမည်လော။ ကြာမြင့်စွာသည်းခံတော်မူမည်လော။" (5T, p. 254).

အမှန်တရားကို အမှားဖြင့်အစားထိုးခြင်းသည် ပြဇာတ်၏နောက်ဆုံးဇာတ်ဝင်ခန်းပင်ဖြစ်သည်။ ဤအစားထိုးမှုသည် တစ်ကမ္ဘာလုံးနှံ့လာသောအခါ ဘုရားသခင်သည် မိမိကိုယ်ကိုဖော်ပြတော်မူမည်။ လူတို့၏ဥပဒေသများကို ဘုရားသခင်၏ပညတ်ချက်များအထက်တွင်ချီးမြှောက်၍၊ လောကီအာဏာပိုင်တို့သည် ရက်သတ္တပတ်၏ပထမနေ့ကို လူတို့အားအတင်းအဓမ္မစောင့်စေလာသောအခါ၊ ဘုရားသခင်လုပ်ဆောင်တော်မူမည့်အချိန်ကျရောက်ပြီဖြစ်ကြောင်း သိထားပါ။ ကိုယ်တော်သည် မိမိဘုန်းအာနုဘော်ဖြင့်ပေါ်ထွန်းလာသောအခါ ကမ္ဘာမြေသည် ကြောက်မက်ဖွယ်တုန်လှုပ်လိမ့်မည်။ လောကသားတို့အား သူတို့၏အပြစ်အတွက်ပြစ်ဒဏ်ပေးရန် ကိုယ်တော်သည် မိမိနေရာမှထွက်လာတော်မူမည်။ မြေကြီးသည် ၎င်း၏အသွေးများကိုဖွင့်ထုတ်၍ ၎င်း၏သတ်ဖြတ်မှုများကို ဖုံးအုပ်တော့မည်မဟုတ်ချေ။ (RH, Apr. 23, 1901).

–ဝ–



စက်တင်ဘာ (၁၂)

## "လူတို့၏ကရုဏာတံခါးပိတ်ပြီ"

**"မတရားသောသူသည် မတရားသဖြင့်ပြုစေဦး။ ညစ်ညူးသောသူသည် ညစ်ညူးစေဦး။ ဖြောင့်မတ်သောသူသည် ဖြောင့်မတ်စေဦး။ သန့်ရှင်းသောသူသည် သန့်ရှင်းစေဦး" (ဗျာဒိတ် ၂၂း၁၁)။**

စုံစမ်းစစ်ဆေးခြင်းအမှုပြီးဆုံးချိန်တွင် လူတိုင်းအတွက်အသက်ရှင်ခြင်းနှင့်သေခြင်းခရီးဆုံးကို ဆုံးဖြတ်ပြီးဖြစ်သည်။ ကရုဏာအချိန်သည် မိုးတိမ်များဖြင့် သခင်ဘုရားမကြွလာမီအချိန်ကလေးတွင် ပြီးဆုံးသွားပြီဖြစ်သည်။ (RH, Nov. 9, 1905).

ပြောင်လှောင်သူတို့သည် မပြောင်းလဲသောရာသီဥတုဖြစ်စဉ်များ၊ တစ်ခါမျှမိုးမရွာချသောကောင်းကင်ပြာ၊ ညဘက်၌ကျသောနှင်းနှများဖြင့် လန်းဆန်းပြီးစိမ်းလန်းသောလယ်ကွင်းပြင်များ စသည့်သဘာဝတရားများကို လက်ညိုးထိုးလျက်၊ သူတို့က "ဤသူသည် ပုံပမာကိုသာဆောင်၍ဟောပြောတတ်သည်မဟုတ်လော" ဟုဆိုကြသည်။ အထင်သေးစွာဖြင့် ဖြောင့်မတ်ခြင်းတရားဟောဆရာကို အဓိပ္ပါယ်မဲ့စိတ်အားထက်သန်သူဟုဆိုကြသည်။ သူတို့သည် အလျင်ကထက်သာ၍အပျော်အပါးကို သာ၍လိုက်စားပြီး၊ မိမိတို့၏မကောင်းသောလမ်း၌လည်း သာ၍အားကြီးကြသည်။ သို့ရာတွင် သူတို့၏မယုံကြည်မှုသည် ကြိုတင်ဟောကြားသည့်ဖြစ်ရပ်ကို မတားဆီးနိုင်ခဲ့ချေ။ ဘုရားသခင်သည် သူတို့၏ဆိုးယုတ်မှုကိုကြာရှည်စွာသည်းခံ၍၊ နောင်တတရားအတွက် လုံလောက်သောအခွင့်အရေးကို သူတို့အားပေးတော်မူခဲ့သည်။ သို့ရာတွင် သတ်မှတ်ချိန်စေ့သောအခါ ကိုယ်တော်၏တရားစီရင်ခြင်းသည် မိမိ၏သနားခြင်းကရုဏာကို ငြင်းပယ်သူတို့အပေါ်သို့ကျရောက်ခဲ့သည်။

မိမိ၏ဒုတိယအကြိမ်ကြွလာခြင်းနှင့်ပတ်သက်၍ အလားတူမယုံကြည်မှုရှိလိမ့်မည်ဟု ခရစ်တော်မိန့်တော်မူခဲ့သည်။ "ရေလွှမ်းမိုးခြင်းရောက်သဖြင့်လူခပ်သိမ်းတို့ကိုသုတ်သင်ပယ်ရှင်းသည့်တိုင်အောင် သတိမဲ့နေကြသည်နည်းတူ၊ လူသားကြွလာသောအခါ၌ဖြစ်လိမ့်မည်" မဿဲ ၂၄း၃၉။ ဘုရားသခင်ကိုယုံကြည်သူတို့သည် လောကီသားတို့နှင့်ပေါင်း၍၊ သူတို့ကဲ့သို့နေထိုင်လျက်တားမြစ်ထားသောအပျော်အပါး၌ သူတို့နှင့်ပေါင်းသင်းသောအခါ လောက၏စည်းစိမ်သည် အသင်းတော်၏စည်းစိမ်ဖြစ်လာသောအခါ လက်ထပ်ခေါင်းလောင်းသံများထိုး၍၊ နှစ်ပေါင်းများစွာ လောကီကြွယ်ဝမှုကိုခံစားရန်လှမ်းမျှော်သောအချိန်၊ ထိုအချိန်တွင် ကောင်းကင်မှလျှပ်စစ်လက်သကဲ့သို့သူတို့၏တောက်ပသောရူပါရုံများနှင့် လှည့်ဖြားသောမျှော်လင့်ချက်များသည်ရုတ်တရက်ဆုံးခန်းတိုင်လိမ့်မည်။ (GC, pp. 338, 339).

ကရုဏာတံခါးပိတ်ချိန်နှင့် ဒုက္ခဆင်းရဲကာလအတွက်ပြင်ဆင်ခြင်းအလုပ်တို့ကို ဆက်သွယ်သောဖြစ်ရပ်များကို ရှင်းလင်းစွာတင်ပြထားသည်။ သို့ရာတွင် များစွာသောသူတို့သည် သူတို့အားဘယ်အခါမျှမဖော်ပြဘူးသကဲ့သို့ ဤအရေးကြီးသောသမ္မာတရားများကို နားမလည်နိုင်တော့ချေ။ သူတို့အားကယ်တင်ခြင်းအလိုငှာ ပညာကိုပေးနိုင်သောသဘောထားအားလုံးကိုနုတ်ယူရန် စာတန်သည်စောင့်နေကာ၊ ဒုက္ခဆင်းရဲကာလရောက်လာသောအခါ သူတို့သည် အဆင်သင့်မရှိဖြစ်နေကြမည်။ (GC, p. 594).

–၀–



စက်တင်ဘာ (၁၃)

## "သတိမမူမိဘဲကရုဏာတံခါးပိတ်သွားမည်"

**"ညီအစ်ကိုတို့၊ ကပ်ကာလအချိန်များကို သင်တို့အားရေး၍ပေးလိုက်စရာအကြောင်းမရှိ၊ အဘယ်ကြောင့်နည်းဟူမူကား၊ သူခိုးသည် ညဉ့်အခါလာသကဲ့သို့ သခင်ဘုရား၏နေ့ရက်သည်လာလိမ့်မည်ကို သင်တို့သည် သေချာစွာသိကြ၏" (၁သက်သာလောနိတ် ၅း၁၊၂)။**

ဖြောင့်မတ်သောသူတို့နှင့်ဆိုးယုတ်သောသူတို့သည် မိမိတို့၏သေနိုင်သည့်အဖြစ်ဖြင့် မြေကြီးပေါ်တွင်နေထိုင်ကြဦးမည်ဖြစ်ကာ၊ နောက်ဆုံးသောမပြောင်းလဲနိုင်သည့်ဆုံးဖြတ်ချက်ကို အထက်ဗိမာန်တော်၌ကြေညာပြီးသည်ကိုသတိမပြုမိဘဲ လူတို့သည် စိုက်ပျိုး၊ အိမ်ဆောက်နေကြ၊ စားသောက်နေကြမြဲဖြစ်လိမ့်မည်။ ရေမလွှမ်းမိုးမီ၊ နောဧသည်လည်း သင်္ဘောထဲဝင်ပြီးနောက်ဘုရားသခင်သည် သူ့ကိုအထဲ၌တံခါးပိတ်လျက်၊ ဘုရားတရားမရှိသောသူတို့သည် အပြင်၌ရှိနေခဲ့ကြသည်။ သို့ရာတွင် ခုနစ်ရက်ပတ်လုံးလူတို့သည်မိမိတို့က မိမိတို့၏ပျက်စီးခြင်းသည် ချိန်းချက်ပြီးဖြစ်ကြောင်းကိုမသိဘဲ၊ မိမိတို့၏အရေးမထားမှု၊ အပျော်အပါးမက်သောအသက်တာ၊ ဖြစ်အံ့သောတရားစီရင်ခြင်းကို ပြက်ရယ်ပြုခြင်းတို့ကို ဆက်လက်လုပ်ဆောင်နေခဲ့ကြသည်။ ကယ်တင်ရှင်မိန့်တော်မူသည်ကား "ထိုနည်းတူ၊ လူသားကြွလာသောအခါ၌ဖြစ်လိမ့်မည်" ဟူ၍ဖြစ်သည်။ သန်းခေါင်ယံသူခိုးသည် တိတ်တဆိတ်၊ အမှတ်တမဲ့လာသကဲ့သို့ လူတိုင်း၏ကံကြမ္မာကိုအဆုံးအဖြတ်ပြုသည့်အချိန်နာရီ၊ လူတို့အပြစ်အတွက်ကမ်းလှမ်းသော သနားခြင်းကရုဏာကို နောက်ဆုံးရုပ်သိမ်းချိန်သည် ရောက်လာလိမ့်မည်။ (RH, Nov. 9, 1905).

လူတို့သည် သေစေလောက်သည့်လုံခြုံမှု၌ အခိုင်အမာနှစ်သိမ့်နေကြကာ၊ ဘုရားသခင်၏အမျက်တော်သွန်းလောင်းခြင်းကသာ သူတို့ကိုလှုံ့နိုးနိုင်တော့မည်။ (ST, Dec. 8, 1909).

ကရုဏာတံခါးပိတ်ချိန်တွင် ထာဝရဘုရား၏တရားစီရင်ခြင်းသည် မြေတစ်ပြင်လုံး၌လျှောက်သွားကာ၊ ကြောက်မက်ဖွယ်ဘေးဒဏ်များ စတင်ကျရောက်လိမ့်မည်။ ထိုအခါ ဘုရားသခင်၏နှုတ်ထွက်စကားကိုအထင်သေး၍ အနည်းငယ်သာတန်ဖိုးထားသူတို့သည် ပင်လယ်ပြင်နှင့်မြေတစ်ပြင်လုံးတွင် သွားလာ၍၊ ထာဝရဘုရား၏နှုတ်ကပတ်တော်ကို ကြိုးစားရှာရန်သွားလာကြသော်လည်း တွေ့ကြလိမ့်မည်မဟုတ်ချေ။ . . ဘုရားသခင်၏တရားဟောဆရာတို့သည် မိမိတို့၏နောက်ဆုံးအလုပ်ကိုပြီးစီးပြီး၊ နောက်ဆုံးသောဆုတောင်းချက်ကိုလည်းတောင်းပြီးဖြစ်ကာ၊ ပုန်ကန်သောအသင်းတော်နှင့် ဘုရားတရားမရှိသောသူတို့အတွက် သူတို့၏ခါးသီးသောမျက်ရည်လည်းကျခဲ့ပြီဖြစ်သည်။ (MS, p. 1, 1857).

ခေတ်အဆက်ဆက်ကိုကြည့်နေသော ယေရှု၏မျက်လုံးသည် "သင်၏ငြိမ်သက်ခြင်းနှင့်စပ်ဆိုင်သောအရာတို့ကို သင်၏လက်ထက်ယခုကာလ၌ပင် သင်သည်သိရလျှင်" ဟူ၍မိန့်တော်မူသော ကျွန်ုပ်တို့၏အချိန်ကိုကြည့်နေတော်မူသည်။ ဘုရားသခင်၏ပညတ်တော်ကိုပိုင်ဆိုင်သော ဘုရားသခင်၏အသင်းတော်၊ ယနေ့သည် သင့်၏နေ့ရက်ဖြစ်နေသေးသည်။ ယနေ့ယုံကြည်ကိုးစားခြင်းနှင့်ကရုဏာနေ့သည် ပိတ်ပါတော့မည်။ နေသည်ဝင်လုပြီ။ နေဝင်၍၊ "ငြိမ်သက်ခြင်းနှင့်ဆိုင်သောအရာတို့ကို" မသိလိုက်ရဘဲဖြစ်နေမည်လော။ "ထိုအရာတို့ကို သင်၏မျက်စိရှေ့မှာမထင်မရှားစေခြင်းငှာ ဝှက်ထားလျက်ရှိ" နေပါသလား။ လုကာ ၁၉း၄၂။ (Letter, p. 58, 1887).

–ဝ–





## "မကြုံစဖူးသောဒုက္ခဆင်းရဲကာလ"

**"ထိုကာလ၌ သင့်အမျိုးသားချင်းတို့၏အမှုကိုစောင့်သောအရှင်ကြီးမိက္ခေလသည် ပေါ်လာလိမ့်မည်။ လူမျိုးတစ်စုံတစ်မျိုးမျှဖြစ်သည်ကာလမှစ၍ ထိုကာလတိုင်အောင်မဖြစ်စဖူးသော ဆင်းရဲဒုက္ခကပ်ကာလသည် ရောက်လိမ့်မည်။ ထိုကာလအခါ စာစောင်၌စာရင်းဝင်သမျှသော သင်၏အမျိုးသားချင်းတို့သည် ကယ်လွှတ်ခြင်းသို့ရောက်ကြလိမ့်မည်" (ဒံယေလ ၁၂း၁)။**

တတိယကောင်းကင်တမန်၏သတင်းစကားပိတ်သိမ်းချိန်တွင် မြေပေါ်တွင်နေထိုင်သောသူတို့၏အပြစ်အတွက် တောင်းပန်ပေးသောသနားခြင်းကရုဏာမရှိတော့ပြီ။ ဘုရားသခင့်လူတို့၏အလုပ်သည်လည်း ပြီးဆုံးပြီဖြစ်သည်။ သူတို့သည် "နောက်မိုး" "ထာဝရဘုရားထံတော်မှ ချမ်းအေးသောအချိန်ကာလ" ကိုရောက်ရှိလာပြီဖြစ်၍၊ သူတို့ရှေ့က စမ်းသပ်ခြင်းကာလအတွက် ပြင်ဆင်နှင့်ကြပြီ။ ကောင်းကင်တမန်တို့သည် ကောင်းကင်၌ ဥဒဟိုသွားလာနေကြသည်။ မြေကြီးမှတက်လာသောကောင်းကင်တမန်တစ်ပါးသည် မိမိ၏အမှုပြီးဆုံးကြောင်းကြေညာသည်။ ကမ္ဘာပေါ်တွင် နောက်ဆုံးသောစစ်ဆေးခြင်းအမှုပြီးဆုံး၍၊ ဘုရားပညတ်ချက်များအပေါ်သစ္စာရှိသောသူတို့သည် "အသက်ရှင်တော်မူသောဘုရားသခင်၏တံဆိပ်" ကိုလည်း ရရှိကြပြီဖြစ်သည်။ ထိုအခါယေရှုသည် အထက်ဗိမာန်တော်ထဲက ကြားဖျန်ဖြေခြင်းကိုအဆုံးသတ်တော်မူသည်။ သူသည် မိမိလက်တော်ကိုမြှောက်၍ ကြီးသောအသံဖြင့် "အမှုပြီးပြီ" ဟုကြွေးကြော်တော်မူသည်။ . .

ကိုယ်တော်သည် ဗိမာန်တော်ထဲကထွက်လာသောအခါ၊ အမှောင်ထုသည် မြေကြီးပေါ်၌နေထိုင်သောသူတို့ကိုဖုံးလွှမ်းလေသည်။ ထိုသို့ကြောက်မက်ဖွယ်အချိန်တွင် ဖြောင့်မတ်သောသူတို့သည် ဘုရားသခင်၏ရှေ့တော်၌ ကြားဖျန်ဖြေသူမရှိဘဲနေနေကြရသည်။ လူဆိုးတို့အပေါ်ထိန်းချုပ်သောအရာကိုဖယ်ရှားလိုက်သောအခါ စာတန်သည် နောက်ဆုံးနောင်တမရသောသူအားလုံးကို ထိန်းချုပ်လိုက်သည်။ ဘုရားသခင်၏သည်းခံခြင်းသည် အဆုံးသတ်သွားပြီ။ လောကသားတို့သည် ကိုယ်တော်၏ကရုဏာကိုငြင်းပယ်၍၊ ကိုယ်တော်၏မေတ္တာကိုအထင်သေးကာ၊ ကိုယ်တော်၏ပညတ်တော်ကိုနင်းချေခဲ့ကြသည်။ လူဆိုးတို့သည် မိမိတို့၏ကရုဏာဘောင်ကိုကျော်လွန်သွားခဲ့ကြပြီ။ အစဉ်ခုခံခဲ့သော ဘုရားသခင်၏ဝိညာဉ်တော်ကိုလည်း နောက်ဆုံးရုပ်သိမ်းလေပြီ။ ဘုရားသခင်ကျေးဇူးတော်၏အကာအကွယ်မပါဘဲ၊ သူတို့သည် လူဆိုးတို့ထံမှအကာအကွယ်မဲ့နေကြသည်။ ထိုအခါစာတန်သည် မြေကြီးပေါ်နေထိုင်သောသူတို့၌ ကြီးမားသောနောက်ဆုံးဘေးဒုက္ခကိုကျရောက်စေမည်။ ဘုရားသခင်၏ကောင်းကင်တမန်တို့သည် လူသားတို့အပေါ်ကြမ်းတမ်းသောလေတို့ကိုလွှတ်လိုက်သောအခါ၊ ပဋိပက္ခအပေါင်းသည် ပေါ်ပေါက်လာမည်။ ရှေးဟောင်းယေရုရှလင်မြို့၌ကျရောက်သည်ထက် သာ၍ကြောက်မက်ဖွယ်ကောင်းသောပျက်စီးခြင်းထဲ၌ တစ်လောကလုံးသည်ပါဝင်လာမည်။ (GC, pp. 613, 614).

သန့်ရှင်းသောလက်နှင့်ဖြူစင်သောစိတ်နှလုံးရှိသောသူတို့သာလျှင် ထိုစုံစမ်းစစ်ဆေးခြင်းအချိန်တွင် ရပ်တည်နိုင်ကြမည်။ . . . ယခုအချိန်၊ ကောင်းကင်တမန်လေးပါးသည် လေးမျက်နှာလေတို့ကိုထိန်းချုပ်ထားချိန်သည် ကျွန်ုပ်တို့အားခေါ်တော်မူခြင်းနှင့်ရွေးကောက်တော်မူခြင်းကို သေချာစေရမည့်အချိန်ဖြစ်သည်။ (EW, p. 58).

–o–



F - 11

စက်တင်ဘာ (၁၅)

## "လေးမျက်နှာလေတို့ကိုလွှတ်ပြီ"

**"ငါတို့ဘုရားသခင်၏ကျွန်တို့ကို နဖူး၌တံဆိပ်မခတ်မီတိုင်အောင် မြေ၊ ပင်လယ်၊ သစ်ပင်တို့ကိုမညှဉ်းဆဲပါနှင့်ဟု ကြီးသောအသံနှင့်ကြွေးကြော်လေ၏" (ဗျာဒိတ် ၇း၃)။**

လူအမြောက်အမြားကို မိမိနောက်လိုက်ဖြစ်စေခြင်းဖြင့် စာတန်၏အမြင့်ဆုံးနေရာတောင်းဆိုထားခြင်းကိုငြင်းဆန်လျက် ကောင်းကင်တမန်တို့သည် ကမ္ဘာကိုဝန်းရံပတ်ထားကြသည်။ ကျွန်ုပ်တို့သည် ကောင်းကင်တမန်တို့၏အသံများကိုမကြားရ၊ သူတို့၏အလုပ်ကိုလည်း သာမန်မျက်စိဖြင့်မမြင်ရချေ။ သို့ရာတွင် သူတို့သည် ကမ္ဘာတစ်ပတ်လက်ချင်းဆက်ကာ၊ ဘုရားသခင်၏လူတို့ကိုတံဆိပ်ခတ်ခြင်းမပြီးဆုံးမီတိုင်အောင် စာတန်၏စစ်တပ်ကြီးကိုမအိပ်ဘဲ၊ သတိဝီရိယဖြင့်ချောင်ပိတ်ထားလိုက်ကြသည်။ (7BC, p. 967).

ယောဟန်သည် သဘာဝတရားများဖြစ်သော မြေငလျင်၊ လှိုင်းတံပိုးနှင့်နိုင်ငံရေးပဋိပက္ခတို့ကို ကောင်းကင်တမန်လေးပါးက ချုပ်ထိန်းထားသည်ကိုမြင်သည်။ ဘုရားသခင်သည် အမိန့်မပေးမီတိုင်အောင် ဤလေများကိုထိန်းချုပ်ထားသည်။ ဘုရားသခင်၏အသင်းတော်အတွက် လုံခြုံမှုရှိသည်။ ဘုရားသခင်၏အစေခံတို့ကို သူတို့၏နဖူး၌တံဆိပ်မခတ်မီတိုင်အောင် မြေ၊ ပင်လယ်၊ သစ်ပင်တို့အပေါ် လေတို့သည်မတိုက်ခတ်စေမည်အကြောင်း ဘုရားသခင်၏တောင်းဆိုချက်ကို ကောင်းကင်တမန်တို့သည် လေတို့ကိုထိန်းချုပ်ထားကြသည်။ (TM, p. 444).

ယခုအချိန်သည် အသက်ရှင်သောသူအားလုံးအတွက် စိတ်ဝင်တစားရှိရမည့်အချိန်ဖြစ်သည်။ အုပ်ချုပ်သူများနှင့်နိုင်ငံရေးခေါင်းဆောင်များ၊ ရာထူး

အာဏာရှိသူများ၊ လူအလွှာစုံမှတွေးခေါ်တတ်သော ယောကျာ်းမိန်းမများတို့သည် ကျွန်ုပ်တို့ပတ်လည်၌ရှိသောဖြစ်ရပ်များအပေါ် အာရုံစိုက်နေကြသည်။ လူအမျိုးမျိုးတို့အကြားရှိ အနာအဆာရှိနေသောဆက်ဆံရေးကို စောင့်ကြည့်နေကြသည်။ သူတို့သည် လောကီရေးရာဖြစ်ရပ်များ၏အတိမ်အနက်ကိုစောင့်ကြည့်၍၊ ကြီးမားပြတ်သားသည့်အရာဖြစ်ပျက်ပြီး၊ ကမ္ဘာသည်ကြောက်ခမန်းလိလိကပ်ဘေးရောက်လုသည်ကို သဘောပေါက်ကြသည်။

ကမ္ဘာကြီးအားကျရောက်မည့်ကြမ္မာဆိုးကို သတိမပေးမီတိုင်အောင်၊ ကောင်းကင်တမန်တို့သည် ယခုတွင် ပဋိပက္ခလေများကိုထိန်းထားလျက်ရှိသည်။ သို့ရာတွင် မုန်တိုင်းသည်အစပျိုးလျက်ရှိကာ၊ မြေကြီးပေါ်ပေါက်ကွဲရန်အဆင်သင့်ရှိနေပေပြီ။ ဘုရားသခင်သည် မိမိ၏ကောင်းကင်တမန်တို့အားလေများကိုလွှတ်ရန်မိန့်တော်မူသောအခါ၊ ပုံဖော်၍ပင်မရနိုင်သော ပဋိပက္ခဖြစ်ရပ်ဖြစ်ပေါ်လာမည်။. . .

ခေတ္တနားနေရသောအခွင့်ကို ဘုရားသခင်သည် ကျွန်ုပ်တို့အားကရုဏာသက်စွာဖြင့်ပေးတော်မူသည်။ သတိမဲ့လျက်ပျက်စီးမည့်သူများအတွက်ထာဝရဘုရားသည် ကျွန်ုပ်တို့ကိုခန့်ထားသောအလုပ်ကိုဆောင်ရွက်ရန် ဘုရားရှင်ပေးတော်မူသောစွမ်းအားအလုံးစုံကို အသုံးပြုရမည်။ သတိပေးသတင်းစကားကို ကမ္ဘာအနှံ့ဟောပြောရမည်။. . . ကြီးမားသောအမှုကိုဆောင်ရွက်ရမည်။ ဤအမှုကိုယခုအချိန်အတွက် သမ္မာတရားကိုသိသောသူတို့ထံ၌ ပေးအပ်ထားလျက်ရှိသည်။ (RH, Nov. 23, 1905).

–၀–



စက်တင်ဘာ (၁၆)

## "နောက်ဆုံးဘေးဒဏ်ခုနစ်ပါးစတင်ကျရောက်မည်"

**"ဗိမာန်တော်ထဲကကြီးသောအသံကား၊ သွားကြလော့။ ဘုရားသခင်၏အမျက်တော်ဖလားခုနစ်လုံးကို မြေကြီးပေါ်သို့သွန်းလောင်းကြလော့ဟု ကောင်းကင်တမန်ခုနစ်ပါးတို့အား ပြောဆိုသည်ကိုငါကြား၏" (ဗျာဒိတ် ၁၆း၁)။**

ခရစ်တော်သည် ဗိမာန်တော်၌ မိမိ၏ကြားဖျန်ဖြေခြင်းအမှုအဆုံးသတ်ချိန်တွင် ရောနှောခြင်းမရှိသောအမျက်တော်ကို သားရဲနှင့်သူ၏ရုပ်တုကိုကိုးကွယ်၍၊ ၎င်း၏တံဆိပ်အမှတ်ကိုရရှိသော (ဗျာဒိတ် ၁၄း၉၊၁၀) သူတို့အပေါ်သို့ သွန်းလောင်းလိမ့်မည်။ ဘုရားသခင်သည် ဣသရေလတို့အားကယ်နုတ်တော်မူချိန်က အီဂျစ်အပေါ်ကျသောဘေးဒဏ်နှင့်လက္ခဏာတူသော်လည်း၊ ဘုရားသခင်၏လူတို့အား နောက်ဆုံးမကယ်နုတ်မီအချိန်ကလေးတွင် ကမ္ဘာပေါ်သို့ကျသောတရားစီရင်ခြင်းသည် သာ၍ကြောက်ဖွယ်ကောင်းပြီး၊ ပြင်းထန်သည်။ ဗျာဒိတ်ရေးသားသူသည် ကြောက်မက်ဖွယ်ဘေးဒဏ်ကို ဤသို့ဖော်ပြသည်။ "သားရဲ၏တံဆိပ်လက်မှတ်ကိုခံ၍ သူ၏ရုပ်တုကိုကိုးကွယ်သောလူတို့၌ အလွန်ဆိုးရွားသောအနာစိမ်းပေါက်လေ၏။. . . ပင်လယ်သည်လူသေ၏အသွေးကဲ့သို့သော အသွေးဖြစ်၏။" "ပင်လယ်၌အသက်ရှင်သောသတ္တဝါအပေါင်းတို့သည် သေကြ၏။ မြစ်နှင့်စမ်းရေတွင်းတို့သည် အသွေးဖြစ်ကြ၏။" ဤဒဏ်ပေးခြင်းသည် အလွန်ကြောက်မက်ဖွယ်ဖြစ်ကာ၊ ဘုရားသခင်၏တရားမျှတမှုသည် သက်သေထူလေပြီ။ "ကိုယ်တော်သည် ဤသို့တရားစီရင်တော်မူသည့်အမှုမှာ ဖြောင့်မတ်တော်မူ၏။ ထိုသူတို့သည် သန့်ရှင်းသူတို့၏အသွေး၊ ပရောဖက်တို့၏အသွေးကို သွန်းလောင်းကြသည်

ဖြစ်၍၊ သူတို့အားအသွေးကိုတိုက်တော်မူပြီ။ သူတို့လည်းခံထိုက်ကြပါ၏" ဗျာဒိတ် ၁၆း၂-၆။ ဘုရားသခင်၏လူတို့ကိုသေဒဏ်ပေးရန် အပြစ်တင်ကြသောကြောင့် သူတို့၏လက်ဖြင့်အသွေးသွန်းသည့်အလား သူတို့၌အသွေးသွန်းသည့်အပြစ်သက်ရောက်လျက်ရှိသည်။. . .

နောက်၌လိုက်ပါလာသောဘေးဒဏ်၌ "နေသည်လူတို့ကိုမီးလောင်ရသောအခွင့်ကိုရ၏။ ပူအားကြီးသောအရှိန်ဖြင့် လူတို့သည် လောင်ခြင်းကိုခံရ" ကြ၏။ အခန်းငယ် ၈၊၉။. . .

ဤဘေးဒဏ်တို့သည် တစ်ကမ္ဘာလုံးမနှံ့ဘဲ၊ ကမ္ဘာပေါ်ရှိလူအားလုံးသည်လည်း သေကျေကြမည်မဟုတ်ချေ။ သို့ရာတွင် သူတို့သည် လူသားများခံစားဖူးသည်ထက် ကြောက်မက်ဖွယ်ကပ်ဆိုက်လိမ့်မည်။ ကရုဏာတံခါးမပိတ်မီ ကျရောက်သောတရားစီရင်ခြင်းသည် သနားခြင်းကရုဏာနှင့်ရောနှောလျက်ရှိနေသေးသည်။ အပြစ်သားတို့သည် မိမိတို့အပြစ်၏အဆုံးစွန်ပြစ်ဒဏ်ကိုခံခြင်းမှ ခရစ်တော်၏အသွေးတော်သည် အကာအကွယ်ပေးနေသည်။ သို့ရာတွင် နောက်ဆုံးတရားစီရင်ခြင်း၌မူ ကရုဏာနှင့်မရောနှောသောအမျက်တော်ကို သွန်းလောင်းမည်။ (GC, pp. 627-629).

ဘုရားသခင်၏အမျက်တော်မိုးကြိုးသည် မကြာမီပစ်တော့မည်။ ကိုယ်တော်သည် ကျူးလွန်သူတို့အားစတင်အပြစ်ပေးချိန်တွင် အဆုံးတိုင်အောင်နားနေရသောအခွင့်ရှိတော့မည်မဟုတ်ချေ။ ဘုရားသခင်၏အမျက်တော်မုန်တိုင်းသည် စတင်လျက်ရှိကာ၊ ဘုရားသခင်၏မေတ္တာ၌ သမ္မာတရားအားဖြင့်စင်ကြယ်သောသူတို့သာလျှင် ရပ်တည်နိုင်ကြမည်။ အဖော်မဲ့သည့်ဒုက္ခကျော်လွန်သွားချိန်တိုင်အောင် သူတို့သည် ဘုရားသခင်၌ခရစ်တော်နှင့်အတူဝှက်ထားခြင်းခံရကြမည်။ (TM, p. 182).

–ဝ–



**စက်တင်ဘာ (၁၇)**

## "သေမိန့်ထုတ်ပြန်ခြင်း"

**"မိမိကိုမကိုးကွယ်သောသူရှိသမျှတို့ကို သတ်ခြင်းငှာပြုနိုင်မည်အကြောင်း၊ ရုပ်တု၌အသက်ကိုသွင်းပေးရသောအခွင့်ကိုလည်းရ၏" (ဗျာဒိတ် ၁၃း၁၅)။**

ယေရှုသည် အသန့်ရှင်းဆုံးအခန်းမှထွက်လာသောအခါ၊ မိမိ၏ထိန်းချုပ်သောဝိညာဉ်တော်ကိုအုပ်ချုပ်သူများနှင့် လူတို့ထံမှရုပ်သိမ်းတော်မူမည်။ သူတို့သည် ဆိုးသောကောင်းကင်တမန်တို့၏ထိန်းချုပ်မှုအောက်တွင်ချန်ထားခြင်းခံရကြသည်။ ထိုအခါစာတန်၏အကြံဉာဏ်နှင့်ညွှန်ကြားခြင်းအားဖြင့် ထိုသို့သောဥပဒေများကိုထုတ်၍၊ အချိန်ကာလကိုမတိုတောင်းစေလျှင်မည်သည့်လူသားမျှခံနိုင်မည်မဟုတ်ချေ။ (1T, p. 204).

ဗိမာန်တော်ထဲတွင် ယေရှု၏အမှုတော်မပြီးမီတိုင်အောင် ကောင်းကင်တမန်လေးပါးသည် လေးမျက်နှာလေကိုကိုင်ထားလျက်ရှိကာ၊ ပြီးနောက်နောက်ဆုံးသောဘေးဒဏ်ခုနစ်ပါးကျလာသည်ကို ကျွန်ုပ်မြင်ခဲ့သည်။ ဤဘေးဒဏ်များကြောင့် လူဆိုးတို့သည် ဖြောင့်မတ်သောသူတို့အပေါ် ဒေါသအမျက်ထွက်ကြသည်။ ကျွန်ုပ်တို့သည် သူတို့အပေါ်သို့ ဘုရားသခင်၏တရားစီရင်ခြင်းကျရောက်စေကာ၊ အကယ်၍သူတို့သည် ကျွန်ုပ်တို့အားမြေကြီးပေါ်မှဖယ်ရှားနိုင်လျှင် ဘေးဒဏ်များသည်ရပ်သွားလိမ့်မည်ဟုတွေးထင်ကြသည်။ သန့်ရှင်းသူတို့ကိုသတ်ရန် အမိန့်ဒီဂရီထုတ်ပြန်ကြကာ၊ သူတို့သည် ကယ်လွှတ်ခြင်းအတွက် နေ့ညမပြတ်ဆုတောင်းအော်ဟစ်ကြသည်။ ဤအရာသည် ယာကုပ်၏ဒုက္ခဆင်းရဲကာလပင်ဖြစ်သည်။ (EW, pp. 36, 37).

မြေပေါ်ရှိခေါင်းဆောင်တို့သည် အတူတကွတိုင်ပင်ကြကာ၊ စာတန်နှင့်သူ၏စေတမန်တို့သည် သူတို့ပတ်လည်၌အလုပ်များနေကြသည်ကို ကျွန်ုပ်

မြင်ခဲ့သည်။ သန့်ရှင်းသူတို့သည် မိမိတို့၏တစ်မူထူးခြားသောယုံကြည်ခြင်းကို အလျှော့ပေး၍၊ ဥပုသ်နေ့ကိုစွန့်လွှတ်ကာ၊ ရက်သတ္တပတ်၏ပထမနေ့ကို စောင့်ထိန်းခြင်းမရှိလျှင်၊ လူတို့သည် သူတို့အားအချိန်အတိုင်းအတာတစ်ခု နောက်ပိုင်းတွင် သတ်နိုင်သောအမိန့်ပေးသည့်စာများ တိုင်းနိုင်ငံအရပ်ရပ်၌ ပျံ့နှံ့နေသည်ကိုလည်း ကျွန်ုပ်မြင်ခဲ့သည်။ (EW, pp. 282, 283).

ပညတ်တော်ကိုစောင့်သောသူတို့အားသတ်နိုင်မည့်အချိန်ကို အကြမ်းဖျင်း သတ်မှတ်ထားသော်လည်း၊ သူတို့၏ရန်သူတို့သည် သတ်မှတ်ထားသည့် အချိန်အတိအကျမတိုင်မီ သူတို့၏အသက်ကိုလုယူရန် ကြိုးပမ်းကြမည်။ သို့ရာတွင် သစ္စာရှိသောအသက်ဝိညာဉ်တို့၏ပတ်လည်၌ တပ်ချသောအားကြီးသည့်အစောင့်များကို မည်သူမျှဖြတ်ကျော်နိုင်မည်မဟုတ်ချေ။ လူတချို့သည် မြို့ကြီးများမှရွာများသို့ထွက်ပြေးချိန်တွင် ပြင်းထန်စွာရန်ပြုခြင်းခံရကြသည်။ သို့ရာတွင် သူတို့ကိုခုတ်ရန်မြှောက်လိုက်သည့်ဓားရှည်သည် ကျိုးကျကာ၊ ကောက်ရိုးကဲ့သို့ တန်ခိုးမဲ့နေမည်။ အခြားသူတို့ကိုမူ စစ်ပွဲဝင်သောလူများ အသွင်ဖြင့် ကောင်းကင်တမန်များက ကာကွယ်လိမ့်မည်။ (GC, p. 631).

လူတို့သည် ကောင်းကင်အမြင်အာရုံဖြင့်မြင်နိုင်မည်ဆိုလျှင်၊ ခရစ်တော်၏သည်းခံခြင်းနှုတ်ထွက်စကားကို စောင့်ထိန်းသောသူတို့ပတ်လည်၌တပ်ချထားသည့် ခွန်အားအလွန်ကြီးမားသောကောင်းကင်တမန်အပေါင်းကို မြင်ရကြမည်။ သနားခြင်းကရုဏာဖြင့် ကောင်းကင်တမန်တို့သည် သူတို့၏သောကကိုမြင်၍၊ သူတို့၏ဆုတောင်းချက်ကိုနားညောင်းကြသည်။ သန့်ရှင်းသောသူတို့အား ပျက်စီးခြင်းမှဆွဲနုတ်ရန် သူတို့၏စစ်ဗိုလ်ချုပ်ကြီး၏အမိန့်တော်ကိုစောင့်နေကြသည်။ သို့ရာတွင် သူတို့သည် ခဏတာစောင့်ရဦးမည်။ ဘုရားသခင်၏လူတို့မှာ ခွက်ဖလားကိုသောက်၍ နှစ်ခြင်းခံယူရဦးမည်ဖြစ်သည်။ (GC, pp. 630, 631).

–o–



စက်တင်ဘာ (၁၈)

## “အသေသတ်ရန်သတ်မှတ်ခြင်း”

**“တစ်နေ့ချင်းတွင် ယုဒလူအကြီးအငယ်၊ မိန်းမ၊ ကလေးရှိရှိ သမျှတို့ကို သတ်ဖြတ်သုတ်သင်ပယ်ရှင်း၍ သူတို့ဥစ္စာကိုလုယူသိမ်းရုံး စေခြင်းငှာ၊ အမိန့်တော်စာကို စာပို့လုလင်တို့ဖြင့် နိုင်ငံတော်အပြည်ပြည် သို့ပေးလိုက်လေ၏” (ဧသတာ ၃း၁၃)။**

ဘုရားသခင်၏ကျန်ကြွင်းသောလူတို့အပေါ် နောက်ဆုံးထုတ်ပြန်မည့် အမိန့်ဒီဂရီသည် ရှင်ဘုရင်အာရွှေရုမှ ယုဒလူတို့အပေါ်ထုတ်ပြန်ချက်နှင့် အလွန်အလားသဏ္ဌာန်တူသည်။ (PK, p. 605).

ဘုရားသခင်၏ပညတ်တော်ကိုလေးစားသောသူတို့ထံမှ လူ့ဥပဒေ၏ ကာကွယ်မှုကိုရုပ်သိမ်းသောအခါ၊ တိုင်းနိုင်ငံအသီးအသီး၌ သူတို့ကိုဖျက်ဆီးရန်အတွက် ဆက်တိုက်လှုပ်ရှားမှုများရှိလာလိမ့်မည်။ အမိန့်ဒီဂရီမှသတ်မှတ်ချိန်နီးလာသောအခါ၊ လူတို့သည် သူတို့မုန်းသောလူစုကိုအမြစ်ဖြုတ်ရန် လျှို့ဝှက်ပူးပေါင်းကြံစည်ကြမည်။ တစ်ညချင်းတွင် သဘောထားကွဲလွဲ၍၊ ပြစ်တင်ကန့်သတ်သည့်အသံသည် လုံးလုံးတိတ်ဆိတ်သွားစေရန် ယတိပြတ်စိတ်ပိုင်းဖြတ်ထားကြသည်။ (GC, p. 635).

သူတို့သည် သတ္တမပညတ်ချက်ဥပုသ်နေ့ကို ဥပေက္ခာပြု၍၊ ပထမနေ့ကိုဂုဏ်ပြုရမည်၊ သို့တည်းမဟုတ် သူတို့၏အသက်ကိုဆုံးရှုံးရမည်အကြောင်း အမိန့်ထွက်လာလိမ့်မည်။ သို့ရာတွင်သူတို့သည် အလျှော့မပေး၊ ထာဝရဘုရား၏ဥပုသ်နေ့ကိုခြေဖြင့်မနင်း၊ ရဟန်းမင်းတည်ထောင်သောအရာကို ဂုဏ်မပြုကြချေ။ စာတန်၏အပေါင်းအပါတို့နှင့်လူဆိုးတို့သည် သူတို့ကိုဝိုင်းထားကာ၊ သူတို့အပေါ်ဝမ်းမြောက်လျက်ရှိနေကြမည်။ အကြောင်းမှာ သူတို့အတွက် လွတ်မြောက်ရာလမ်းမရှိသကဲ့သို့ဖြစ်မည်။ (1T, pp. 353, 354).

ဤဒုက္ခဆင်းရဲရောက်လာသောအချိန်တွင် ကိစ္စအားလုံးဆုံးဖြတ်ပြီး ဖြစ်သည်။ ကရုဏာအချိန်မရှိတော့ချေ။ နောင်တမရသူများအတွက် သနားခြင်းကရုဏာမရှိတော့ပြီ။ အသက်ရှင်တော်မူသော ဘုရားသခင်၏တံဆိပ်ကို ကိုယ်တော်၏လူတို့၌ခတ်ပြီးဖြစ်သည်။ နဂါး၏အပေါင်းအပါများဖြင့် ချီတက်လျက်ရှိသော မြေပေါ်ရှိတန်ခိုးရှင်များနှင့် အသေအကျေတိုက်ခိုက်ရာတွင် မိမိတို့ကိုယ်ကိုမကာကွယ်နိုင်သည့် ဤကျန်ကြွင်းသောလူနည်းစုသည် ဘုရားသခင်ကို မိမိတို့၏အကာအကွယ်ဖြစ်စေကြသည်။ သူတို့သည် သားရဲကိုကိုးကွယ်၍ ညှဉ်းဆဲခြင်းနှင့်သေခြင်းအောက်မှ သူ၏တံဆိပ်အမှတ်ကိုရရှိမည်အကြောင်း အမြင့်ဆုံးသောလောကီအာဏာပိုင်တို့သည် အမိန့်ဒီဂရီကိုထုတ်ပြန်လိမ့်မည်။ (5T, p. 213).

သန့်ရှင်းသူတို့သည် စိတ်သောကအကြီးအကျယ်ရောက်နေကြသည်ကို ကျွန်ုပ်မြင်ခဲ့သည်။ ဆိုးယုတ်သောသူတို့သည် သူတို့အားဝန်းရံနေဟန်ရှိသည်။ အရာရာသည် သူတို့ကိုဆန့်ကျင်နေသကဲ့သို့ဖြစ်နေသည်။ လူတချို့သည် ဘုရားသခင်ကသူတို့အား လူဆိုးတို့၏လက်ဖြင့်ပျက်စီးရန်ချန်ထားပြီဟု စတင်ကြောက်ရွံ့လာကြသည်။ . . .

အချိန်ကာလသည် သန့်ရှင်းသူတို့အတွက် ကြောက်မက်ဖွယ်စိတ်ဝေဒနာပြင်းစွာခံစားချိန်ဖြစ်သည်။ ကယ်တင်ရန်အတွက်သူတို့သည် နေ့ညမပြတ်ဘုရားသခင်ကိုအော်ဟစ်ကြသည်။ အပြင်ပန်းအားဖြင့် သူတို့၌ထွက်မြောက်ရာလမ်းမရှိသကဲ့သို့ဖြစ်သည်။ လူဆိုးတို့သည် စတင်အောင်ပွဲခံရန် စတင်၍၊ "ဘာကြောင့်မင်းတို့ဘုရားက မင်းတို့ကိုငါတို့လက်ထဲကမကယ်တာလဲ။ ဘာကြောင့်အရှုံးပေးပြီး မင်းတို့အသက်ကိုမကယ်ကြတာလဲ" ဟုသရော်ကြသည်။ သို့ရာတွင် သန့်ရှင်းသူတို့သည် သူတို့ကိုအရေးမစိုက်ကြချေ။ (EW, p. 283).

–ဝ–



စက်တင်ဘာ (၁၉)

## "ဒုက္ခဆင်းရဲကာလ၌ကောင်းကင်တမန်တို့၏အကာအကွယ်"

**"ငါ၏လူတို့၊ လာကြ။ အတွင်းအခန်းထဲသို့ဝင်၍၊ သင်တို့ကိုကွယ်ကာသောတံခါးများကိုပိတ်ထားကြ။ အမျက်ကာလလွန်သည်တိုင်အောင် ခဏသာပုန်းရှောင်၍နေကြလော့" (ဟေရှာယ ၂၆း၂၀)။**

ခက်ထန်သောစစ်ဆေးရာနေ့ရက်တွင် ခရစ်တော်သည် "ငါ၏လူတို့၊ လာကြ။ အတွင်းအခန်းထဲသို့ဝင်၍၊ သင်တို့ကိုကွယ်ကာသောတံခါးများကိုပိတ်ထားကြ။ အမျက်ကာလလွန်သည်တိုင်အောင် ခဏသာပုန်းရှောင်၍နေကြလော့" ဟုမိန့်တော်မူမည်။ သူတို့ပုန်းရှောင်ရမည့်အခန်းများသည် အဘယ်နည်း။ ၎င်းတို့မှာ ခရစ်တော်နှင့်သန့်ရှင်းသောကောင်းကင်တမန်တို့၏အကာအကွယ်ပင်ဖြစ်သည်။ ဘုရားသခင်၏လူတို့သည် ဤအချိန်တွင် တစ်နေရာတည်း၌စုမနေကြချေ။ သူတို့သည် အဖွဲ့လိုက်ဖြင့် မြေတစ်ပြင်လုံး၌ပျံ့နှံ့နေကြသည်။ (HS, p. 158).

သန့်ရှင်းသူတို့သည် မြို့များနှင့်ရွာတို့ကိုစွန့်ခွာ၍၊ အဖွဲ့လိုက်စုကြကာ၊ ချောင်အကျဆုံးသောနေရာတွင် နေထိုင်ကြသည်။ လူဆိုးတို့သည် ဆာလောင်မွတ်သိပ်ခြင်းကိုခံစားနေကြစဉ်၊ ကောင်းကင်တမန်တို့သည် သူတို့အားအစာနှင့်ရေပြင်ဆင်ပေးလိမ့်မည်။ (EW, p. 282).

ညအချိန်တွင် အလွန်စွဲမက်ဖွယ်ရူပါရုံကျွန်ုပ်မြင်ခဲ့သည်။ စစ်တပ်ကြီးသည်ရှုပ်ထွေးလျက် တိုက်ခိုက်နေကြဟန်ရှိသည်။ ထာဝရဘုရားထံတော်မှစေတမန်သည် ကျွန်ုပ်ရှေ့၌ရပ်လျက် "သင့်အိမ်သားများကိုခေါ်ပါ။ သင်တို့ကိုငါပို့မယ်၊ ငါ့နောက်လိုက်ကြ" ဟုပြောဆိုခဲ့သည်။ သူသည်ကျွန်ုပ်အားမှောင်နေသောလမ်းကြောင်းတွင် တောနက်ကြီးတစ်လျှောက်၊ ပြီးနောက်

တောင်နှင့်ချောက်ကမ်းပါးတစ်လျှောက်ခေါ်ဆောင်ကာ၊ “ဒီနေရာမှာသင့်အတွက် လုံခြုံတယ်” ဟုဆိုခဲ့သည်။ ဤလမ်းတစ်လျှောက် အခြားသောသူတို့ကိုလည်း ခေါ်ဆောင်ပြီးဖြစ်သည်။ ကောင်းကင်စေတမန်က “ဘုရားသခင်က သင့်ကို သတိပေးသကဲ့သို့၊ ဒုက္ခဆင်းရဲကာလဟာ သူခိုးလိုညအချိန်မှာလာမယ်” ဟုဆိုသည်။ (MS, p. 153, 1905).

ခရစ်တော်မကြွလာမီအချိန်လေး ဒုက္ခဆင်းရဲကာလတွင် ဖြောင့်မတ်သောသူတို့သည် ကောင်းကင်တမန်တို့၏ကာကွယ်စောင့်ရှောက်ခြင်းခံရသည်။ သို့ရာတွင် ဘုရားသခင်၏ပညတ်တော်ကိုကျူးလွန်သူတို့အတွက်မူ လုံခြုံမှုရှိမည်မဟုတ်ချေ။ ဘုရားပညတ်ချက်များကိုမလေးစားသူတို့ကိုမူ ကောင်းကင်တမန်များမကာကွယ်နိုင်ချေ။ (PP, p. 256).

ကမ္ဘာ့နောက်ဆုံးကာလတွင် ထာဝရဘုရားသည် အမှန်တရားအတွက် မားမားမတ်မတ်ရပ်တည်သူတို့ကိုယ်စား အားကြီးစွာလုပ်ဆောင်တော်မူမည်။ . . . တစ်ခါမျှမဖြစ်ဖူးသေးသော ဒုက္ခဆင်းရဲကာလအလယ်တွင် ကိုယ်တော်၏ရွေးချယ်ခံသူတို့သည် မတုန်မလှုပ်ရပ်တည်နေကြမည်။ စာတန်နှင့်မကောင်းမှု၏အပေါင်းအပါတို့သည် အားအနည်းဆုံးသောဘုရားသခင်၏သန့်ရှင်းသူကိုပင် မဖျက်ဆီးနိုင်ချေ။ သာ၍အားကြီးသောကောင်းကင်တမန်တို့သည် သူတို့ကိုကာကွယ်လိမ့်မည်။ ထိုနောက် သူတို့၏ကိုယ်စား မိမိကိုယုံကြည်ကိုးစားသောသူကိုကယ်တင်နိုင်သော “ဘုရားတကာတို့၏ဘုရား” အဖြစ် ယေဟောဝါသည် မိမိကိုယ်ကိုဖော်ပြလိမ့်မည်။ (PK, p. 513).

–၀–



**စက်တင်ဘာ (၂၀)**

## “ဘေးဒဏ်ကာလအတွင်းလူဆိုးများ”

**“အရှင်ထာဝရဘုရားမိန့်တော်မူသည်ကား၊ မွတ်သိပ်ခြင်းဘေးကို တစ်ပြည်လုံး၌ငါဖြစ်စေသောကာလရောက်လိမ့်မည်။ အစာခေါင်းပါး၍ မွတ်သိပ်ခြင်းဘေးမဟုတ်၊ ရေငတ်ခြင်းဘေးလည်းမဟုတ်၊ ထာဝရဘုရား၏အမိန့်တော်ကိုမကြားရသော မွတ်သိပ်ခြင်းဘေးဖြစ်လိမ့်မည်။ လူတို့သည် ထာဝရဘုရား၏အမိန့်တော်ကိုရှာလျက်၊ ပင်လယ်တစ်ပါးမှသည် ပင်လယ်တစ်ပါးတိုင်အောင်လှည့်လည်၍၊ တောင်မြောက်ပြေးသွားသော်လည်း မတွေ့ရကြ” (အာမုတ် ၈း၁၁၊၁၂)။**

ကရုဏာ၏ချိုသာသောအသံသည် ပျောက်ကွယ်သွားသောအခါ ကြောက်ရွံ့၊ ထိတ်လန့်ခြင်းသည် ဆိုးယုတ်သောသူတို့အား ဖမ်းဆုပ်လိမ့်မည်။ ကြောက်မက်ဖွယ်ရှင်းလင်းသောအသံဖြင့် “နောက်ကျလွန်းပြီ၊ နောက်ကျလွန်းပြီ” ဟူသောအသံကိုကြားကြသည်။ (EW, p. 281).

အပြစ်သားတို့သည် သူတို့အပေါ်ဘုရားသခင်၏အမျက်တော်သွန်းလောင်းခြင်းဘေးဒဏ်ကိုခံစားရသကဲ့သို့ ခရစ်တော်သည် လက်ဝါးကပ်တိုင်တွင်ခံစားတော်မူခဲ့သည်။ ကြီးစွာသောစိတ်ပျက်ခြင်းသည် ခေါင်းတလားဖုံးသောပိတ်ကဲ့သို့ သူတို့၏အပြစ်ပြုသောစိတ်ဝိညာဉ်ကို ရစ်ပတ်လျက်ရှိသည်။ ထိုအခါသူတို့သည် အပြစ်တရား၏ဆိုးယုတ်မှုအဆုံးစွန်ကို သဘောပေါက်ကြလိမ့်မည်။ (ST, Feb. 15, 1883).

ဘုရားသခင်၏နှုတ်ကပတ်တော်ကို တန်ဖိုးမထားသောသူတို့သည် ဟိုဟိုဒီဒီပြေးလျက်၊ ထာဝရဘုရား၏နှုတ်ကပတ်တော်ကိုရှာဖွေရန် ပင်လယ်တစ်ပါးမှတစ်ပါး၊ အရပ်လေးမျက်နှာတွင်လှည့်လည်သွားကြမည်။ ကောင်းကင်တမန်က “သူတို့သည်မတွေ့ရကြ။ တစ်ပြည်လုံး၌ မွတ်သိပ်ခြင်း

ဘေးဖြစ်လိမ့်မည်။ အစာခေါင်းပါးခြင်းဘေးမဟုတ်၊ ရေငတ်ခြင်းဘေးလည်း မဟုတ်။ ထာဝရဘုရား၏အမိန့်တော်ကိုမကြားရသောဘေးဖြစ်လိမ့်မည်။ သူတို့သည် ဘုရားသခင်ထံမှ ထောက်ခံသည့်စကားတစ်လုံးမျှရရှိကြမည်မဟုတ်ချေ။. . .

များစွာသောလူဆိုးတို့သည် ဘေးဒဏ်များကိုခံစားရသောအခါ ကြီးစွာဒေါသထွက်ကြသည်။ ကြောက်မက်ဖွယ်ပြင်းစွာဝေဒနာခံစားခြင်းမြင်ကွင်းပင်ဖြစ်ချေသည်။ မိဘများသည် မိမိတို့၏သားသမီးများအပေါ်၊ သားသမီးတို့သည် မိဘတို့အပေါ်၊ အစ်ကိုတို့သည် မိမိတို့၏နှမများအပေါ်၊ နှမတို့သည်လည်း အစ်ကိုတို့အပေါ် ခါးသီးစွာအပြစ်တင်ကြသည်။. . . လူတို့သည် မိမိတို့၏တရားဟောဆရာများအပေါ်လှည့်၍၊ ခါးသီးသောအမုန်းတရားနှင့်ပြစ်တင်ခြင်းတို့ဖြင့် သူတို့အား "ဆရာတို့က ကျွန်တော်တို့ကိုသတိမပေးခဲ့ဘူး။ ကမ္ဘာကြီးတစ်ခုလုံးပြောင်းလဲလာမယ်လို့ ကျွန်တော်တို့ကိုပြောပြခဲ့တယ်၊ ရောက်လာမယ့်အကြောက်တရားတွေကိုငြိမ်သွားအောင် ငြိမ်းချမ်းရေး၊ ငြိမ်းချမ်းရေးလို့ဟစ်ကြွေးကြတယ်။ ဒီလိုအချိန်ခါမျိုးကိုမပြောပြခဲ့ဘူး။ ကျွန်တော်တို့ကိုသတိပေးတဲ့သူတွေကိုလည်း တစ်ယူသန်သူလူဆိုးတွေ၊ ငါတို့ကိုဖျက်ဆီးမယ့်လူတွေလို့ပြောကြတယ်" ဟုပြောကြလိမ့်မည်။ သို့ရာတွင် တရားဟောဆရာတို့သည် ဘုရားသခင်၏အမျက်တော်မှမလွတ်မြောက်ကြသည်ကို ကျွန်ုပ်မြင်ခဲ့သည်။ သူတို့၏ဝေဒနာသည် သူတို့လူများ၏ဝေဒနာထက် အဆတစ်ဆယ်မျှကြီးမားသည်။ (EW, pp. 681, 282).

ဘုရားသခင်၏တရားစီရင်ခြင်းသည် ကရုဏာမရောနှောဘဲကျရောက်သောအချိန်တွင် "အမြင့်ဆုံးသောကွယ်ကာရာဌာနတော်" ဖြစ်သော ထာဝရဘုရားသည် မိမိကိုချစ်၍ မိမိ၏ပညတ်ချက်များကိုစောင့်ရှောက်သောသူအားလုံးကို ဝှက်ထားရာအရပ်၌ နေသောသူတို့၏အခြေအနေကို လူဆိုးတို့သည် မည်မျှပင်သဝန်တိုကြလိမ့်မည်နည်း။ (3BC, p. 1150).

–o–



စက်တင်ဘာ (၂၁)

## "ယာကုပ်၏ဒုက္ခဆင်းရဲကာလ"

**"အလိုလေး၊ ထိုနေ့ရက်ကားခိုင်းနှိုင်းစရာမရှိ။ ကြီးသောနေ့ရက်ဖြစ်၏။ ယာကုပ်အမျိုး၌ အမှုရောက်သောနေ့ရက်ဖြစ်၏။ သို့ရာတွင် သူတို့သည် ကယ်တင်ခြင်းသို့ရောက်ကြလိမ့်မည်" (ယေရမိ ၃၀း၇)။**

ဗိမာန်တော်ထဲတွင် ယေရှု၏အမှုတော်မပြီးမီတိုင်အောင် ကောင်းကင်တမန်လေးပါးသည် လေးမျက်နှာလေကိုကိုင်ထားလျက်ရှိကာ၊ ပြီးနောက်နောက်ဆုံးသောဘေးဒဏ်ခုနစ်ပါးကျရောက်သည်ကို ကျွန်ုပ်မြင်ခဲ့သည်။ ဤဘေးဒဏ်များကြောင့် လူဆိုးတို့သည် ဖြောင့်မတ်သောသူတို့အပေါ် အမျက်ဒေါသထွက်ကြသည်။ ကျွန်ုပ်တို့သည် သူတို့အပေါ်သို့ ဘုရားသခင်၏တရားစီရင်ခြင်းကျရောက်စေကာ၊ အကယ်၍သူတို့သည် ကျွန်ုပ်တို့အားမြေကြီးပေါ်မှဖယ်ရှားနိုင်လျှင် ဘေးဒဏ်များသည်ရပ်သွားလိမ့်မည်ဟုတွေးထင်ကြသည်။ သန့်ရှင်းသူတို့ကိုသတ်ရန် အမိန့်ဒီဂရီကိုထုတ်ပြန်ကြကာ၊ သူတို့သည် ကယ်လွှတ်ခြင်းအတွက် နေ့ညမပြတ်အော်ဟစ်ဆုတောင်းကြသည်။ ဤအရာသည် ယာကုပ်၏ဒုက္ခဆင်းရဲကာလပင်ဖြစ်သည်။ (EW, pp. 36, 37).

စာတန်သည်ဧသောအား ယာကုပ်ကိုစစ်ချီကြိုဆိုရန် သြဇာလွှမ်းမိုးခဲ့သကဲ့သို့၊ ဒုက္ခဆင်းရဲကာလတွင် ဘုရားသခင်၏လူတို့ကိုဖျက်ဆီးရန် သူသည်လူဆိုးတို့အားနှိုးဆွလိမ့်မည်။ ပြီးနောက်သူသည် ယာကုပ်ကိုစွပ်စွဲသကဲ့သို့ ဘုရားသခင်၏လူတို့ကို အပြစ်တင်စွပ်စွဲလိမ့်မည်။ သို့ရာတွင် ဘုရားသခင်၏ပညတ်ချက်များကိုစောင့်ရှောက်သောလူအနည်းစုသည် သူ၏ကြီးစိုးမှုကိုခုခံနေကြသည်။ အကယ်၍သူသည် ထိုသူတို့အား မြေပေါ်မှရှင်းထုတ်နိုင်လျှင်

သူ၏အောင်မြင်ခြင်းသည် ပြည့်စုံလိမ့်မည်။ ကောင်းကင်တမန်တို့သည် ထိုသူတို့အားစောင့်ရှောက်နေကြသည်ကို သူမြင်နေကာ၊ သူတို့၏အပြစ်များသည်လည်း ဖြေလွှတ်ခြင်းခံရပြီးဖြစ်ကြောင်း သူကောက်ချက်ချသည်။ သို့ရာတွင် ထိုသူတို့၏အမှုကိစ္စသည် ကောင်းကင်ဗိမာန်တော်၌စီရင်ဆုံးဖြတ်ပြီးစီးကြောင်းကိုမူ သူမသိချေ။ သူတို့ကျူးလွန်ရန် သူစုံစမ်းခဲ့သောအပြစ်များကို သူသည် အတိအကျသိနေသည်။ သူသည် ထိုအပြစ်များကို ဘုရားသခင်ရှေ့တော်တွင် အချဲ့ကားနိုင်ဆုံးသောရှင်းလင်းချက်ဖြင့် ဤလူတို့သည် သူ့ကဲ့သို့ဘုရားသခင်မျက်နှာသာပေးမှုမှချန်လှပ်ထားရန်ထိုက်တန်သည်ဟု တင်ပြလျက်ရှိသည်။ ထာဝရဘုရားသည် တရားသဖြင့်သူတို့၏အပြစ်များကိုလွှတ်၍၊ သူနှင့်သူ၏ကောင်းကင်တမန်များကိုမူ ဖျက်ဆီးရန်မှာမဖြစ်နိုင်ကြောင်းသူကြွေးကြော်သည်။ သူတို့သည် သူ၏သားကောင်များဖြစ်သည်ဟုဆိုလျက် သူ့လက်ဖြင့်သူတို့ကိုဖျက်ဆီးရန်အတွက်တောင်းဆိုသည်။

စာတန်သည် ဘုရားသခင်၏လူတို့အား သူတို့၏အပြစ်အတွက် စွပ်စွဲနေချိန်တွင်၊ ဘုရားသခင်သည် သူတို့အားအဆုံးစွန်ထိစစ်ဆေးရန် သူ့အားခွင့်ပြုတော်မူသည်။ ဘုရားသခင်အပေါ် သူတို့၏ယုံကြည်ကိုးစားမှု၊ သူတို့၏ယုံကြည်ခြင်းနှင့်မြဲမြံခြင်းတို့သည် ပြင်းထန်စွာစမ်းသပ်ခြင်းခံရမည်။ သူတို့သည် အတိတ်ကိုပြန်လည်ဆန်းစစ်ရာတွင် မျှော်လင့်ခြင်းများစိမ့်ဝင်သွားသည်။ အကြောင်းမှာ သူတို့၏အသက်တာတစ်ခုလုံးတွင် ကောင်းမှုအနည်းငယ်သာ တွေ့ရှိကြသည်။ မိမိတို့၏အားနည်းချက်နှင့်မထိုက်တန်မှုကို အပြည့်အဝ သဘောပေါက်ကြသည်။ သူတို့၏အရေးကိစ္စသည် မျှော်လင့်ချက်မဲ့ကြောင်း၊ သူတို့၏ညစ်ညူးသောအစွန်းကို ဘယ်ခါမျှဆေးကြောမရနိုင်ကြောင်း စသည့်အတွေးများဖြင့် သူတို့ကိုခြောက်လှန့်ရန် စာတန်သည် ကြိုးပမ်းလျက်ရှိသည်။ (GC, pp. 618, 619).

–၀–



စက်တင်ဘာ (၂၂)

## "အဘယ်ကြောင့်ဒုက္ခဆင်းရဲကာလရှိရမည်နည်း"

**"ဘုရားသခင်သည် ငါတို့ခိုလှုံရာဖြစ်၍ ခွန်အားကိုပေးတော်မူ၏။ ဘေးရောက်သည်ကာလ အထူးသဖြင့်ကူမတော်မူကြောင်း ထင်ရှားလျက်ရှိ၏" (ဆာလံ ၄၆း၁)။**

ဘုရားသခင်၏လူတို့သည် သူတို့ကိုဖျက်ဆီးမည့်ရန်သူတို့ဖြင့် ဝန်းရံခြင်းခံရသော်လည်း၊ သူတို့၏စိတ်သောကမှာ သမ္မာတရားကြောင့်ညှဥ်းဆဲခြင်းကိုကြောက်ရွံ့ခြင်းမဟုတ်ချေ။ အပြစ်အားလုံးတွင် နောင်တမရမိသောအပြစ်ရှိနေနိုင်ကြောင်း၊ သူတို့အထဲ၌ရှိသောအမှားတချို့ကြောင့် "လောကီနိုင်ငံအရပ်ရပ်တို့ကို နှံ့ပြားလတ္တံ့သောစုံစမ်းရာကာလတွင် သင့်ကိုငါစောင့်ရှောက်မည်" (ဗျာဒိတ် ၃း၁၀) ဟူသော ကယ်တင်ရှင်၏ကတိတော်ပြည့်စုံခြင်းကို သူတို့သည် သဘောမပေါက်လိုက်ရဘဲရှိနေနိုင်ကြောင်း စသည်တို့ကိုစိုးရိမ်ကြသည်။ သူတို့သည် အပြစ်လွှတ်ခြင်းအာမခံချက်ကိုရရှိနိုင်လျှင်၊ ညှဥ်းဆဲခြင်းနှင့်သေခြင်းတို့မှ တွန့်ဆုတ်ကြမည်မဟုတ်ချေ။ သို့ရာတွင်သူတို့သည် ထိုက်တန်မှုမရှိ၍၊ သူတို့အကျင့်စာရိတ္တချို့ယွင်းမှုကြောင့် သူတို့၏အသက်ဆုံးရှုံးလျှင် ဘုရားသခင်၏သန့်ရှင်းသောနာမတော်သည် အပြစ်တင်ခံရမည်ကိုကြောက်ရွံ့စိုးရိမ်နေကြသည်။

နေရာတကာတွင် သစ္စာဖောက်လုပ်ကြံခြင်းနှင့်တက်ကြွသောပုန်ကန်ထကြွခြင်းတို့ကို သူတို့ကြားနေရသည်။ ဤကြီးမားသောဖောက်ပြန်မှုသည် အဆုံးသတ်၍၊ လူဆိုးတို့၏ဆိုးသွမ်းမှုသည် အပြီးသတ်မည်အကြောင်း သူတို့၏စိတ်ထဲတွင် ဆန္ဒပြင်းပြလျက်ရှိသည်။ သို့ရာတွင် ပုန်ကန်ထကြွမှုရပ်တန့်သွားရန် ဘုရားသခင်ကိုသူတို့တောင်းလျှောက်စဥ်၊ မကောင်းမှု၏အားကြီး

သောလှိုင်းလုံးများကိုပြန်လည်ခုခံရန် သူတို့ကိုယ်တိုင်မစွမ်းဆောင်နိုင်ကြတော့ကြောင်း မိမိကိုယ်ကိုအပြစ်တင်ကြသည်။ ခရစ်တော်၏အမှုတော်တွင် မိမိတို့၏အစွမ်းအားလုံးကို သူတို့သည် အမြဲတမ်းအသုံးပြုခဲ့လျှင် ခွန်အားများတိုး၍ရရှိကာ သူတို့ကိုအောင်နိုင်ရန် စာတန်၏စွမ်းအားသည် သာ၍တန်ခိုးလျော့သွားမည်ဟု သူတို့ခံစားကြသည်။

ဘုရားသခင်၏ရှေ့တွင် သူတို့၏စိတ်ဝိညာဉ်သည် ညှိုးငယ်လျက်ရှိကာ၊ လွန်ခဲ့သောအချိန်ကအပြစ်အတွက် နောင်တရခဲ့သည်ကိုညွှန်ပြလျက်၊ "ငါ၏အစွမ်းသတ္တိကိုကိုးစား၍၊ ငါနှင့်မိတ်သဟာယဖွဲ့ကြစေ။ ငါနှင့်မိတ်သဟာယဖွဲ့ကြစေသော" (ဟေရှာယ ၂၇း၅) ဟူသော ကယ်တင်ရှင်၏ကတိတော်ကိုတောင်းဆိုကြသည်။ သူတို့၏ဆုတောင်းသံများကို ချက်ချင်းအဖြေမပေးသောကြောင့် သူတို့၏ယုံကြည်ခြင်းမကျရှုံးခဲ့ချေ။ အပြင်းထန်ဆုံးသောသောက၊ ကြောက်ရွံ့မှုနှင့်စိတ်ပျက်ခြင်းတို့ကိုခံစားကြရသော်လည်း၊ သူတို့၏ဆုတောင်းခြင်းကိုမရပ်ဆိုင်းလိုက်ကြချေ။ ယာကုပ်သည် ကောင်းကင်တမန်ကိုကိုင်ဆွဲထားသကဲ့သို့ သူတို့သည် ဘုရားသခင်၏ခွန်အားကိုဆွဲကိုင်ကြသည်။ သူတို့စိတ်ထဲ၌ပြောဆိုကြသည်မှာ "ကိုယ်တော်သည် အကျွန်ုပ်ကိုကောင်းချီးမပေးလျှင်မသွားရ" ဟူ၍ဖြစ်သည်။ (GC, pp. 619, 620).

ခရစ်တော်နှင့်တူသောအကျင့်စာရိတ္တမွေးထုတ်ရန် ဒုက္ခဆင်းရဲကာလတွင် ပြင်းပြင်းထန်ထန်စမ်းသပ်မှုခံရမည်။ ဘုရားသခင်၏လူတို့သည် စာတန်နှင့်သူ၏စုံစမ်းခြင်းများကိုစွန့်လွှတ်နိုင်ရန် ဒုက္ခဆင်းရဲကာလကို စီစဉ်ရေးဆွဲခြင်းဖြစ်သည်။ (RH, Aug. 12, 1884).

–ဝ–





စက်တင်ဘာ (၂၃)

## "ဘုရားသခင်သည်မိမိလူတို့ကိုကြည့်တော်မူသည်"

**"ဘုရားသခင်ရွေးကောက်တော်မူသောသူတို့သည် ညဉ့်နေ့မပြတ်အော်ဟစ်၍တောင်းလျှောက်လျှင်၊ ဘုရားသခင်သည် သူတို့ဘက်၌တရားမစီရင်ဘဲနေတော်မူမည်လော။ ကြာမြင့်စွာသည်းခံတော်မူမည်လော။ ငါဆိုသည်ကား၊ သူတို့ဘက်၌ အလျင်အမြန်တရားစီရင်တော်မူမည်" (လုကာ ၁၈း၇၊၈)။**

ဒုက္ခဆင်းရဲကာလတွင်၊ အကယ်၍ဘုရားသခင်၏လူတို့သည် ကြောက်ရွံ့ခြင်းနှင့်ပြင်းထန်သောဝေဒနာများဖြင့်ညှဉ်းဆဲခြင်းခံရစဉ်တွင် မတောင်းပန်ခဲ့သောအပြစ်များရှိခဲ့မည်ဆိုလျှင် စိတ်ထိခိုက်ကြလိမ့်မည်။ စိတ်ပျက်ခြင်းသည် သူတို့၏ယုံကြည်ခြင်းကိုဖြတ်တောက်၍ ကယ်နုတ်ခြင်းအတွက် ဘုရားသခင်ကိုတောင်းဆိုရန် ယုံကြည်စိတ်ချမှုမရှိနိုင်ကြချေ။ သို့ရာတွင် မိမိတို့၏မထိုက်တန်မှုကို ကောင်းစွာသဘောပေါက်စဉ်၊ သူတို့၌ဖုံးကွယ်စရာအမှားများမရှိကြတော့ချေ။ သူတို့၏အပြစ်များသည် တရားစီရင်ခြင်းကိုဖြတ်သန်းပြီးဖြစ်၍၊ ချေဖျက်ပြီးဖြစ်သောကြောင့် သူတို့သည် အပြစ်များကိုပြန်၍သတိမရနိုင်ကြတော့ချေ။. . .

ထိုနောက်ဆုံးကြောက်မက်ဖွယ်တိုက်လှန်ခြင်းကို မပြင်မဆင်ဘဲရောက်လာသောယုံကြည်သူခရစ်ယာန်တို့သည် သူတို့၏သောကအပေါ် လူဆိုးများပျော်မြူးချိန်တွင် စိတ်ပျက်လျက် သူတို့၏အပြစ်များကိုတောင်းပန်ကြသည်။...

စုံစမ်းလှည့်ဖြားခြင်းခံရ၍၊ အပြစ်ထဲ၌ကျရောက်ခဲ့သော်လည်း စစ်မှန်သောနောင်တဖြင့် ကိုယ်တော်ထံသို့ပြန်လှည့်လာသောသူကို ဘုရားသခင်သည် မငြင်းပယ်ကြောင်း ယာကုပ်၏ဖြစ်ရပ်သည် အာမခံချက်တစ်ခုဖြစ်သည်။

စာတန်သည် ဤလူစုကိုဖျက်ဆီးရန်ကြိုးပမ်းနေစဉ်၊ ပျက်စီးခြင်းကာလ၌ သူတို့ကိုနှစ်သိမ့်ကာကွယ်ရန် ဘုရားသခင်သည် ကောင်းကင်တမန်တို့ကိုစေလွှတ်တော်မူမည်။ စာတန်၏တိုက်ခိုက်မှုများသည် ပြင်းထန်ပြီး၊ ပြတ်သားကာ၊ သူ၏လှည့်ဖြားမှုသည် ကြောက်မက်ဖွယ်ကောင်းသည်။ သို့ရာတွင် ဘုရားသခင်သည် မိမိလူတို့ကိုကြည့်နေကာ၊ သူတို့၏အော်ဟစ်သံများကိုနားညောင်းတော်မူသည်။ သူတို့၏ဒုက္ခသည် ကြီးမားသည်။ မီးဖိုမှမီးလျှံများသည် သူတို့ကိုဝါးမြိုမတတ်ရှိသည်။ သို့ရာတွင် မီးဖြင့်စစ်သူသည် မီး၌ရွှေကိုစစ်သကဲ့သို့ သူတို့ကိုကယ်ထုတ်တော်မူမည်။ အပြင်းထန်ဆုံးသောစုံစမ်းခြင်းကာလအတွင်း မိမိ၏သားသမီးများအပေါ် ဘုရားသခင်၏မေတ္တာသည် သူတို့၏အကြွယ်ဝအတောက်ပဆုံးသောနေ့ရက်များအချိန်ကကဲ့သို့ပင် ခိုင်မာပြီးသိမ်မွေ့လျက်ရှိသည်။ သို့ရာတွင် သူတို့ကိုမီးဖြင့်စစ်ကြောရန်လိုအပ်သည်။ ခရစ်တော်၏ပုံသဏ္ဍာန်တော်သည် ပြည့်စုံစွာထင်ဟပ်စေခြင်းငှာ သူတို့၏လောကီဆန်မှုများသည် လောင်ကျွမ်းရပါမည်။

ကျွန်ုပ်တို့ရှေ့၌ရှိသော စိတ်သောကဝေဒနာကာလသည် ပင်ပန်းခြင်း၊ နှောက်ကျခြင်း၊ ဆာလောင်ခြင်းတို့ကိုခံနိုင်သော ယုံကြည်ခြင်းဟူသော ပြင်းထန်စွာစုံစမ်းသော်လည်း မေးမှိန်မသွားသည့်ယုံကြည်ခြင်းလိုအပ်သည်။ ထိုအချိန်အတွက်ပြင်ဆင်ရန် လူအားလုံးကိုကရုဏာအချိန်ပေးထားသည်။. . . ယာကုပ်ကဲ့သို့ ဘုရားသခင်၏ကတိတော်များကိုဆွဲကိုင်၍၊ သူ့ကဲ့သို့အားကြီး၍ သည်းခံသောသူအားလုံးသည် သူအောင်မြင်ခဲ့သကဲ့သို့အောင်မြင်ကြလိမ့်မည်။ (GC, pp. 620, 621).

–၀–



စက်တင်ဘာ (၂၄)

## "ကြီးမားသောဒုက္ခဆင်းရဲကာလ"

**"ဘုရားသခင်ဖန်ဆင်းတော်မူသော ကမ္ဘာဦးမှစ၍၊ ယခုတိုင်အောင်မဖြစ်စဖူး၊ နောက်၌လည်းမဖြစ်လတ္တံ့သောဒုက္ခသည် ထိုနေ့ရက်ကာလ၌ဖြစ်လိမ့်မည်" (မာကု ၁၃း၁၉)။**

ဘယ်ခါမျှမဖြစ်စဖူးသောဒုက္ခဆင်းရဲကာလသည် ကျွန်ုပ်တို့ရှေ့တွင် မကြာမီပေါ်လာမည်ဖြစ်ကာ၊ များစွာသောသူတို့သည် ရယူရန်ပျင်းရိပြီး၊ ကျွန်ုပ်တို့ယခုမပိုင်ဆိုင်ရသေးသောအတွေ့အကြုံမျိုးလိုအပ်သည်။ ဘေးဒုက္ခသည် အမှန်တကယ်ဖြစ်သည်ထက် ကြိုတင်မျှော်မှန်းရာတွင် သာ၍ကြီးမားနေတတ်သည်။ သို့ရာတွင် ကျွန်ုပ်တို့ရှေ့၌ရှိနေသောအကျပ်အတည်းကမူ ထိုသို့မဟုတ်ချေ။ အထင်ရှားဆုံးတင်ပြချက်သည် တုန်လှုပ်ဖွယ်အတွေ့အကြုံ၏ပမာဏကိုမမီနိုင်ချေ။ ယခုအဖိုးထိုက်သောကယ်တင်ရှင်သည် ကျွန်ုပ်တို့အတွက် အပြစ်ဖြေခြင်းကိုပြုတော်မူနေစဉ်၊ ခရစ်တော်၌ပြည့်စုံသူဖြစ်လာရန် ကြိုးစားကြရမည်။ ဘုရားသခင်၏စောင်မခြင်းသည် ယေရှု၏သိမ်မွေ့နှိမ့်ချခြင်းကို ကျွန်ုပ်တို့သင်ယူနေသောကျောင်းပင်ဖြစ်သည်။ ထာဝရဘုရားသည် ကျွန်ုပ်တို့ရှေ့၌ အမြဲချထားတော်မူသောအရာမှာ ကျွန်ုပ်တို့မရွေးချယ်ရမည့် သာ၍လွယ်ကူ၊ ပျော်ရွှင်ဖွယ်ကောင်းသောလမ်းမဟုတ်ဘဲ၊ အသက်တာ၏စစ်မှန်သောရည်မှန်းချက်များပင်ဖြစ်သည်။ မိမိတို့အသက်ဝိညာဉ်အတွက် ကြောက်မက်ဖွယ်အကောင်းဆုံးသောပျက်စီးခြင်းကို မည်သူမျှလျစ်လျူရှု၍မရပါ။

တမန်တော်ယောဟန်သည် ရူပါရုံတွင်၊ ကောင်းကင်မှကြီးသောအသံဖြင့် "မြေကြီးနှင့်ပင်လယ်သည် အမင်္ဂလာရှိ၏။ အကြောင်းမူကား၊ မာရ်နတ်သည် မိမိကာလတစ်ခဏသာရှိသည်ကိုသိ၍၊ ပြင်းစွာသောအမျက်နှင့်တကွ

သင်တို့ရှိရာသို့ဆင်းလေပြီဆိုကြသည်ကို” ကြားခဲ့ရသည်။ ကောင်းကင်မှအသံဖြင့်ကြွေးကြော်သော ဤဖြစ်ရပ်များသည် ကြောက်မက်ဖွယ်ကောင်းလှသည်။ မိမိ၏အချိန်တိုတောင်းလာသည်နှင့်အမျှ စာတန်သည် သာ၍အမျက်ထွက်လာကာ၊ သူ၏လှည့်ဖြားခြင်းနှင့်ဖျက်ဆီးခြင်းသည် ဒုက္ခဆင်းရဲကာလတွင် အထွတ်အထိပ်သို့ရောက်ရှိသွားသည်။ ဘုရားသခင်၏သည်းခံမှုသည်လည်း ဆုံးခန်းတိုင်ခဲ့ပြီ။ လောကသားတို့သည် သူ၏ကရုဏာကိုငြင်းပယ်၍၊ သူ့၏မေတ္တာကိုအလေးမထားဘဲ၊ သူ့ပညတ်တော်ကိုနင်းချေကြသည်။ လူဆိုးတို့သည် မိမိတို့၏နယ်နိမိတ်ကိုဖြတ်ကျော်ကြ၍၊ ထာဝရဘုရားသည် မိမိ၏အကွယ်အကာကိုရုပ်သိမ်းကာ၊ သူတို့ရွေးချယ်သောခေါင်းဆောင်၏သနားခြင်းအောက်၌ ချန်ထားတော်မူသည်။ မိမိ၏ထိန်းချုပ်မှုအောက်သို့ မိမိတို့ကိုယ်ကိုအပ်နှံသောသူတို့အပေါ် စာတန်သည် တန်ခိုးရှိမည်ဖြစ်၍၊ မြေကြီးပေါ်နေထိုင်သောသူတို့ကို ကြီးမားသောနောက်ဆုံးဒုက္ခဆင်းရဲထဲသို့ဆွဲနစ်လိမ့်မည်။ ဘုရားသခင်၏ကောင်းကင်တမန်တို့သည် လူသားရမ္မက်၏ပြင်းထန်သောလေကိုလွှတ်လိုက်ချိန်တွင် ပဋိပက္ခအပေါင်းသည် ပေါ်ပေါက်လိမ့်မည်။ ရှေးယေရုရှလင်မြို့၌ကျရောက်ခဲ့သည်ထက် သာ၍ကြောက်မက်ဖွယ်ပျက်စီးခြင်း၌ ကမ္ဘာကြီးတစ်ခုလုံးပါဝင်လိမ့်မည်။ (4SP, pp. 440, 441).

ဘယ်အခါမျှမဖြစ်စဖူးသောဒုက္ခဆင်းရဲကာလတွင် ဘုရားသခင်ရွေးချယ်သောသူတို့သည် မတွေ့ဘဲလျက်ရပ်နေကြမည်။ စာတန်နှင့်ဆိုးသောကောင်းကင်တမန်အပေါင်းတို့သည် အားအနည်းဆုံးသောဘုရားသခင်၏သန့်ရှင်းသူတို့ကို မဖျက်ဆီးနိုင်ကြချေ။ (PK, p. 513).

–၀–



စက်တင်ဘာ (၂၅)

## “လှည့်ဖြားခြင်းအထွတ်အထိပ်”

**“သင်သည် ငါ၏သည်းခံခြင်းနှင့်စပ်ဆိုင်သော နှုတ်ကပတ်တရားကိုစောင့်ရှောက်သောကြောင့်၊ မြေကြီးအပေါ်၌နေသောသူတို့ကို စုံစမ်းစေခြင်းငှာ၊ လောကီနိုင်ငံအရပ်ရပ်တို့ကိုနှံ့ပြားလတ္တံ့သော စုံစမ်းရာကာလတွင် သင့်ကိုငါစောင့်ရှောက်မည်” (ဗျာဒိတ် ၃း၁၀)။**

ကျွန်ုပ်တို့၏သခင်ယေရှုခရစ်တော်၏ဒုတိယအကြိမ်ပေါ်ထွန်းခြင်းသည် နီးလာသည်နှင့်အမျှ၊ စာတန်၏ကိုယ်စားလှယ်များသည်လည်း မြေကြီးပေါ်တွင်လှုပ်ရှားနေကြသည်။ စာတန်သည် လူသားကဲ့သို့ကိုယ်ယောင်ထင်ရားသည်သာမက၊ ယေရှုခရစ်တော်အသွင်ဆောင်ကာ သမ္မာတရားကိုငြင်းပယ်ခဲ့သောတစ်ကမ္ဘာလုံးသည် သူ့အားအရှင်တကာတို့၏အရှင်၊ ဘုရင်တကာတို့၏ဘုရင်အဖြစ် လက်ခံကြလိမ့်မည်။ (5BC, pp. 1105, 1106).

သူ၏အချိန်သည် တိုတောင်းလာသည်နှင့်အမျှ စာတန်၏အမျက်ဒေါသသည်တိုးလာပြီး၊ သူ၏လိမ်လည်ခြင်းနှင့်ဖျက်ဆီးခြင်းအလုပ်သည် ဒုက္ခဆင်းရဲကာလတွင် အထွတ်အထိပ်သို့ရောက်လိမ့်မည်။. . .

မဟာလိမ်လည်မှုပြဇာတ်၌ ဇာတ်ရှိန်မြင့်သရုပ်ဆောင်မှုမှာ စာတန်ကိုယ်တိုင် ခရစ်တော်အဖြစ်သရုပ်ဆောင်လိမ့်မည်။ အသင်းတော်သည် ၎င်း၏မျှော်လင့်ချက်များပြည့်စုံခြင်းအဖြစ် ကယ်တင်ရှင်၏ကြွလာခြင်းကို ကြာမြင့်စွာကပင်စောင့်မျှော်နေခဲ့သည်။ ယခုအခါ မဟာလှည့်ဖြားသူသည် ခရစ်တော်ကြွလာပြီးသကဲ့သို့ထင်မှတ်စေမည်။ ကမ္ဘာ့နေရာတချို့တွင် စာတန်သည် ဗျာဒိတ်ကျမ်းတွင် (ဗျာဒိတ် ၁း၁၃–၁၅)၊ “ယောဟန်သည် ဘုရားသခင်၏သားတော်ကိုရုပ်လုံးဖော်သည်နှင့်တူအောင်၊ မျက်လုံးပြာလောက်အောင်တောက်ပ

သောတန်ခိုးကြီးသူကဲ့သို့ လူတို့ကြားတွင် မိမိကိုယ်ကို ကိုယ်ရောင်ထင်ရှားလိမ့်မည်။" သူ့ကိုဝန်းရံသောဘုန်းရောင်သည် လူသားများမြင်ဖူးသမျှတွင် ပြိုင်၍မရနိုင်ချေ။ "ခရစ်တော်ကြွလာပြီ၊ ခရစ်တော်ကြွလာပြီ" ဟု အောင်မြင်သောကြွေးကြော်သံဖြင့်အော်လိမ့်မည်။ လူတို့သည် သူ့အားအရှိအသေပြုလျက်ရှိခိုးကြချိန်တွင် သူသည် မိမိလက်ကိုမြှောက်လျက် ခရစ်တော်သည် လောက၌ရှိစဉ် မိမိ၏တပည့်တော်များကိုကောင်းချီးပေးသကဲ့သို့၊ သူတို့ကိုကောင်းချီးပေးသည်။ သူ့အသံသည် ညင်သာပြီးချိုသာလှသည်။ သိမ်မွေ့ကြင်နာသောအသံဖြင့် ခရစ်တော်မိန့်တော်မူခဲ့သော အလားတူသမ္မာတရားများကိုဟောပြောသည်။ လူတို့၏ရောဂါများကိုငြိမ်းစေကာ၊ ပြီးနောက် ခရစ်တော်၏ဂုဏ်တော်ကိုပုံဖမ်း၍၊ ဥပုသ်နေ့ကိုပထမနေ့သို့ပြောင်းလဲပြီးကြောင်းကိုပြောဆိုကာ၊ သူကောင်းချီးပေးသောနေ့ကို လူအားလုံးသန့်ရှင်းစေရန်အမိန့်ပေးသည်။ သတ္တမနေ့ကိုဆက်လက်၍ သန့်ရှင်းစွာစောင့်ထိန်းသူတို့သည်အလင်းတရားနှင့်သမ္မာတရားကိုပေးပို့သောသူ၏ကောင်းကင်တမန်တို့ကိုငြင်းပယ်ခြင်းဖြင့် သူ၏နာမကိုရှုတ်ချသည်ဟု ကြေညာသည်။ ဤအရာသည် အားကြီးပြီးအနိုင်ရရပမတတ်သော လှည့်ဖြားမှုဖြစ်သည်။ ရှိမုန်၏လှည့်ဖြားခြင်းကိုခံရသော ရှမာရိတို့ကဲ့သို့၊ များစွာသောသူတို့သည် အငယ်ဆုံးမှအကြီးဆုံးတိုင်အောင် ဤနတ်ဝိဇ္ဇာအတတ်ကိုအလေးပေးကြကာ၊ ဤအရာသည် ဘုရားသခင်၏မဟာတန်ခိုးတော်ဖြစ်သည်" ဟုဆိုကြသည်။ (တမန်တော် ၈း၁၀)။

သို့ရာတွင် ဘုရားသခင်၏လူတို့သည် လှည့်စားခြင်းခံရကြမည်မဟုတ်ချေ။ ဤမှားယွင်းသောခရစ်၏သွန်သင်ချက်များသည် သမ္မာကျမ်းစာနှင့်ကိုက်ညီမှုမရှိချေ။ (GC, pp. 623-625).

–ဝ–



စက်တင်ဘာ (၂၆)

## "ကရုဏာတံခါးပိတ်ပြီးနောက်မာတုရသေသူမရှိ"

**"သူသည်ငါ့ကိုခေါ်သောအခါငါထူးမည်။ ဒုက္ခခံရသောအခါသူ့ဘက်မှာငါနေ၍ချမ်းသာပေးမည်။ သူ၏ဘုန်းကိုလည်းထင်ရှားစေမည်" (ဆာလံ ၉၁း၁၅)။**

ဘုရားသခင်၏လူတို့သည် ဝေဒနာခံစားခြင်းမှလွတ်ကြမည်မဟုတ်ချေ။ သို့ရာတွင် ညှဉ်းပန်းခြင်းနှင့်ဘေးရောက်ချိန်၊ စားဝတ်နေရေးဆင်းရဲ၍အစာငတ်နေကြစဉ်၊ သူတို့ကိုပျက်စီးရန်ထားခဲ့မည်မဟုတ်ချေ။ . . .

သို့ရာတွင် လူ့အမြင်၌မူ ဘုရားသခင်၏လူတို့သည် သူတို့ရှေ့ကမာတုရများကဲ့သို့ သူတို့၏သက်သေခံချက်ကို သူတို့၏အသွေးဖြင့်တံဆိပ်ခတ်မည်ဟုထင်ရသည်။ သူတို့၏ရန်သူများလက်ဖြင့်ကျဆုံးရန် ထာဝရဘုရားသည် သူတို့အားထားခဲ့မည်ကို သူတို့ကိုယ်တိုင်စတင်ကြောက်ရွံ့လာကြသည်။ ဤအချိန်သည် ကြောက်မက်ဖွယ်ပူပန်သောကရောက်ချိန်ဖြစ်သည်။ နေ့ရောညပါသူတို့သည် ဘုရားသခင်ထံကယ်နုတ်ခြင်းအတွက် အော်ဟစ်တောင်းဆိုကြသည်။ . . .

ခေတ်အဆက်ဆက်ကြည့်တော်မူသော ဘုရားသခင်၏မျက်လုံးတော်သည် လောကီတန်ခိုးများက မိမိလူတို့ကိုခင်းကျင်းနေချိန်တွင် သူတို့ကြုံတွေ့မည့်ဘေးဒဏ်ကို စိုက်ကြည့်တော်မူသည်။ ဖမ်းဆီးပြည်နှင်ဒဏ်ခံရသူများကဲ့သို့ အငတ်ဘေး သို့မဟုတ် အကြမ်းဖက်မှုဖြင့်သေရမည်ကို ကြောက်ရွံ့ကြသည်။ သို့ရာတွင် ဣသရေလတို့ရှေ့၌ ပင်လယ်နီကိုနှစ်ခြမ်းခွဲသောသန့်ရှင်းတော်မူသောသူသည် မိမိ၏အားကြီးသောတန်ခိုးကိုထင်ရှားစေ၍၊ သူတို့၏အချုပ်အနှောင်ကိုရုပ်တန့်စေတော်မူမည်။ "ထိုသူတို့သည် ငါစီရင်

သောနေ့ရက်၌ ငါပိုင်ထိုက်သောဘဏ္ဍာတော်ဖြစ်ကြလိမ့်မည်။ အဘ၏အမှုကို ဆောင်သောသားကို အဘနှမြောသကဲ့သို့ ထိုသူတို့ကိုငါနှမြောမည်ဟု ကောင်းကင်ဗိုလ်ခြေအရှင်ထာဝရဘုရားမိန့်တော်မူ၏" (မာလခိ ၃း၁၇)။ အကယ်၍ ခရစ်တော်၏သစ္စာရှိသော သက်သေခံတို့၏ယခုသွန်းသောအသွေးသည် မာတုရသေသူတို့၏အသွေးကဲ့သို့ ဘုရားသခင်အတွက်ရိတ်သိမ်းရမည့် မျိုးစေ့ကိုကြဲခြင်းမဟုတ်ချေ။ သူတို့၏သစ္စာစောင့်ခြင်းသည် အခြားသူတို့အား သမ္မာတရား၌သွေးဆောင်ရန် သက်သေခံချက်မဟုတ်တော့ချေ။ အကြောင်းမှာ နောက်ကြောင်းပြန်မလှည့်နိုင်သည်တိုင်အောင် ခိုင်မာသောစိတ်နှလုံးသည် ကရုဏာကိုငြင်းပယ်ပြီ။ အကယ်၍ ဖြောင့်မတ်သောသူတို့အား သူတို့၏ရန်သူများ၏သားကောင်များအဖြစ် ယခုထားခဲ့မည်ဆိုလျှင်၊ မှောင်မိုက်မင်းအတွက် အောင်မြင်မှုဖြစ်လိမ့်မည်။ ဆာလံဆရာက "ဘေးအန္တရာယ်ရောက်သည်ကာလ၊ တဲတော်တွင်ငါ့ကိုကွယ်ကာတော်မူမည်။ ဗိမာန်တော်အတွင်းအရပ်၌ ငါ့ကို ဝှက်ထားတော်မူမည်" (ဆာလံ ၂၇း၅) ဆိုထားသည်။ ခရစ်တော်သည် "ငါ၏လူတို့၊ လာကြ။ အတွင်းအခန်းထဲသို့ဝင်၍ သင်တို့ကိုကွယ်ကာသော တံခါးများကိုပိတ်ထားကြ။ အမျက်ကာလလွန်သည်တိုင်အောင် ခဏသာ ပုန်းရှောင်၍နေကြလော့။ အကြောင်းမူကား၊ ထာဝရဘုရားသည် မြေကြီးသားတို့ကို သူတို့ဒုစရိုက်ကြောင့်အပြစ်ပေးလိုသောငှာ မိမိအရပ်၌ာနထဲကထွက်တော်မူ၏" (ဟေရှာယ ၂၆း၂၀၊၂၁) ဟုမိန့်တော်မူသည်။ ကိုယ်တော်ကြွလာခြင်းကို စိတ်ရှည်စွာစောင့်မျှော်သူတို့နှင့် အသက်စာစောင်တွင်နာမည်ရေးမှတ်ခြင်းခံရသောသူတို့၏ကယ်လွှတ်ခြင်းသည် အလွန်ကြီးကျယ်ခမ်းနားပေလိမ့်မည်။ (GC, pp. 629, 630, 634).

–၀–



စက်တင်ဘာ (၂၇)

## "ဘုရားသခင်၏လူများကယ်တင်ခြင်းခံရပြီ"

**"ထာဝရဘုရားမိန့်တော်မူသည်ကား၊ အကယ်စင်စစ် အားကြီးသောသူ သိမ်းသွားသောလူတို့ကိုယူရမည်။ ကြောက်မက်ဖွယ်သောသူ လုယူရာဥစ္စာကိုနုတ်ရလိမ့်မည်။ အကြောင်းမူကား၊ သင်နှင့်ရန်တွေ့သောသူကို ငါသည်ရန်တွေ့၍ သင်၏သားတို့ကိုကယ်တင်မည်" (ဟေရှာယ ၄၉း၂၅)။**

အကာအကွယ်ပေးသောလူတို့၏ဥပဒေများကို ဘုရားသခင်၏ပညတ်တော်ကိုလေးစားသောသူတို့မှရုပ်သိမ်းသောအခါ၊ နေရာတချို့တွင် သူတို့ကိုဖျက်ဆီးရန်အတွက် ဆက်တိုက်လှုပ်ရှားမှုများဖြစ်ပေါ်လိမ့်မည်။ အမိန့်ဒီဂရီတွင် သတ်မှတ်သောအချိန်နီးလာသည်နှင့်အမျှ လူတို့သည် သူတို့မုန်းသောအသင်းအဖွဲ့ကိုအမြစ်လှန်ရန် လျှို့ဝှက်ပူးပေါင်းကြံစည်ကြမည်။ တစ်ညချင်းတွင် သဘောထားကွဲလွဲ၍၊ ပြစ်တင်ကန့်ကွက်သည့်အသံသည် လုံးလုံးတိတ်ဆိတ်သွားစေရန် ယတိပြတ်စိတ်ပိုင်းဖြတ်ထားကြသည်။

ဘုရားသခင်၏လူတချို့သည် ထောင်ထဲ၌လည်းကောင်း၊ အခြားသူတို့သည် ဝေးလံသောတော၊ တောင်တို့၌ပုန်းကွယ်၍လည်းကောင်း၊ နေရာတိုင်းတွင်လက်နက်ကိုင်ဆောင်ကြသောလူစုသည် ဆိုးသောကောင်းကင်တမန်များတိုက်တွန်းခြင်းဖြင့် အသေသတ်ရန်ပြင်ဆင်နေကြစဉ်တွင်၊ ဘုရားသခင်၏အကာအကွယ်အတွက် ဆုတောင်းနေကြသေးသည်။ ယခုအချိန်၊ အဆုံးစွန်ရောက်သည့်အချိန်၌ပင် ဣသရေလတို့၏ဘုရားသခင်သည် မိမိရွေးချယ်သောသူတို့ကိုကယ်လွှတ်ရန်အတွက် ကြားဖြတ်ဝင်လာတော်မူမည်။. . .

အောင်မြင်ခြင်း၊ လှောင်ပြောင်ခြင်းနှင့်ကျိန်ဆဲခြင်းအော်သံများနှင့် လူဆိုးတို့သည်စုပြုံ၍ မိမိတို့၏သားကောင်များအပေါ် ပြေးသွားမည့်အချိန် ဆဲဆဲတွင် ကြည့်ရှုလော့၊ ညအမှောင်ထက်သာ၍နက်သောအမှောင်ထုသည် မြေကြီးပေါ်သို့ကျရောက်လာသည်။ ထိုအခါဘုရားသခင်၏ပလ္လင်တော်မှဘုန်း ရောင်ခြည်ဖြင့် တောက်ပသောသက်တံရောင်သည် ကောင်းကင်၌ပေါ်လာ၍၊ ဆုတောင်းနေသောလူစုတစ်ခုချင်းစီကို ဝန်းရံထားဟန်ရှိသည်။ ဒေါသထွက် နေသောလူထုကြီးသည် ရုတ်တရက်ရပ်တန့်သွားခဲ့သည်။ သူတို့၏လှောင်ပြောင် သံသည်လည်း ဆိတ်သုဉ်းသွားရသည်။ သူတို့သတ်ရန်ဒေါသကိုလည်းမေ့ သွားကြသည်။ ကြောက်မက်ဖွယ်စိတ်ထင့်ခြင်းဖြင့် သူတို့သည် ဘုရားသခင် ၏ပဋိညာဉ်အမှတ်အသားကိုပြေးကြည့်နေကြကာ၊ ၎င်း၏ပြင်းထန်လွန်းသော တောက်ပမှုမှ အကာအကွယ်လိုလားကြသည်။

ဘုရားသခင်၏လူတို့ကမူ ရှင်းလင်းသာယာသောအသံဖြင့် "အထက် သို့ကြည့်ပါ" ဟူသောပြောဆိုသံကိုကြား၍၊ မိမိတို့၏မျက်စိဖြင့် ကောင်းကင် သို့ကြည့်သောအခါ၊ သူတို့သည် ကတိတော်သက်တံကိုရှုမြင်ခဲ့ကြသည်။ ကောင်းကင်ကိုဖုံးအုပ်သော အငြိုးကြီးသောမိုးတိမ်မည်းကြီးသည်ခွာ၍၊ သူတို့ သည် သတေဖန်ကဲ့သို့ မြဲမြံစွာကောင်းကင်ကိုကြည့်လျက် ဘုရားသခင်၏ ဘုန်းတော်နှင့်လူသားသည် မိမိပလ္လင်ပေါ်တွင်ထိုင်တော်မူသည်ကို မြင်ကြရ သည်။ (GC, pp. 635, 636).

ကမ္ဘာတစ်ခုလုံးကို မှောင်မိုက်သည်ဖုံးလွှမ်းနေစဉ်၊ သန့်ရှင်းသူများ နေထိုင်သည့်နေရာတိုင်းတွင် အလင်းရှိနေမည်။ ကိုယ်တော်ဒုတိယအကြိမ် ပေါ်ထွန်းတော်မူခြင်း၏အလင်းရောင်ခြည်ကို သူတို့သည် အလျင်ဦးဆုံးမြင် ရကြမည်။ (PK, p. 720).

–ဝ–



စက်တင်ဘာ (၂၈)

## "သန်းခေါင်ယံကယ်လွှတ်ခြင်း"

**"တစ်ခဏချင်းတွင် သတ္တဝါတို့သည် သေတတ်ကြ၏။ သန်းခေါင် အချိန်၌ လူမျိုးတစ်စုံတစ်မျိုးတုန်လှုပ်ကွယ်ပျောက်၍၊ အားကြီးသောသူ သော်လည်း အဘယ်သူမျှမပြုဘဲ သုတ်သင်ပယ်ရှင်းခြင်းသို့ရောက်တတ် ၏" (ယောဘ ၃၄း၂၀)။**

မိမိ၏တန်ခိုးထင်ရှားစေရန်အတွက် စာတန်၏လုပ်ဆောင်မှုများမှ ကယ်လွှတ်ရန်အတွက် အခွင့်အရေးမရှိသကဲ့သို့ဖြစ်နေချိန် အဆုံးအစွန်အခြေ အနေမျိုးကို အမြဲရွေးချယ်တော်မူလေ့ရှိသည်။ (5T, p. 714).

မိမိ၏လူတို့ကိုကယ်လွှတ်ရန်အတွက် ဘုရားသခင်သည် မိမိတန်ခိုး ကိုဖော်ပြသည်မှာ ညသန်းခေါင်ယံဖြစ်သည်။ နေသည် ၎င်း၏အားအင်အပြည့် ဖြင့် တောက်ပပေါ်လာသည်။ အံ့ဖွယ်နိမိတ်များတစ်ခုပြီးတစ်ခုလိုက်လာသည်။ ဖြောင့်မတ်သောသူတို့သည် တည်ကြည်သောဝမ်းမြောက်ခြင်းဖြင့် မိမိတို့အား ကယ်လွှတ်ခြင်းအထိမ်းအမှတ်ကိုကြည့်နေကြစဉ်၊ လူဆိုးတို့မှာမူ ကြောက်ရွံ့ အံ့သြလျက် ထိုဖြစ်ရပ်များကိုကြည့်နေကြသည်။ သဘာဝတရားများသည် ပြောင်းပြန်ဆန်ခတ်ဖြစ်နေကြသည်။ စမ်းချောင်းများလည်းမစီးဆင်းတော့ပြီ။ မိုးတိမ်တိုက်များသည်ပေါ်လာ၍ တစ်ခုနှင့်တစ်ခုတိုက်နေကြသည်။ အငြိုး ကြီးသောကောင်းကင်အလယ်၌ မဖော်ပြနိုင်သောဘုန်းတော်ပေါ်ထွန်းသည့် ရှင်းလင်းသောနေရာလပ်ပေါ်လာကာ၊ ထိုအရပ်မှ ဘုရားသခင်၏အသံတော် သည် ရေများစီးသည့်အသံကဲ့သို့ "ပြီးပြီ" (ဗျာဒိတ် ၁၆း၁၇) ဟုမိန့်တော် မူသည်။ (GC, p. 636).

ကောင်းကင်တန်ခိုးတို့သည် ဘုရားသခင်၏အသံတော်ကြောင့် တုန်လှုပ်လိမ့်မည်။ ထိုအခါ နေ၊ လ၊ ကြယ်တို့သည် မိမိတို့နေရာမှရွေ့သွား

ကြလိမ့်မည်။ ၎င်းတို့သည် ပျောက်ကွယ်သွားကြမည်မဟုတ်ဘဲ ဘုရားသခင်၏အသံတော်အားဖြင့် တုန်လှုပ်ကြလိမ့်မည်။

မိုးတိမ်တိုက်များသည်ပေါ်လာ၍ တစ်ခုနှင့်တစ်ခုတိုက်ကြသည်။ လေထုကြီးသည်လွင့်သွား၍ ပြန်လိုမ့်လာသည်။ ထိုအခါ ဘုရားသခင်၏အသံတော်ထွက်လာသော (Orion) ကြယ်စုမှလွတ်နေသောနေရာကို ကျွန်ုပ်တို့မော့ကြည့်ကြသည်။ (EW, p. 41).

ယခုလူသားကြွလာခြင်းအရေးနှင့်ပတ်သက်၍ ကြီးမားသောမြေလျင်အပြီး၊ လူတို့သည် ဘုရားသခင်၏အသံတော်ကိုမကြားမီတိုင်အောင် ဤအရာသည်ဖြစ်ပျက်လိမ့်မည်မဟုတ်ချေ။ လူမျိုးတစ်မျိုးပေါ်လာပြီးနောက်ပိုင်း မဖြစ်စဖူးသောစိတ်ပျက်ခြင်းနှင့်ဒုက္ခကို သူတို့ခံရကြ၍၊ ဘုရားသခင်၏လူတို့သည် တိုက်ခိုက်ခြင်းခံရကြမည်။ မိုးတိမ်တို့သည်တိုက်ကြ၍၊ မှောင်မိုက်သည်ကျရောက်လိမ့်မည်။ ထိုအခါကောင်းကင်မှအသံပေါ်လာ၍၊ တိမ်တို့သည် စာလိပ်ကဲ့သို့လိပ်သွားကြကာ၊ လူသား၏ရှင်းလင်းတောက်ပသောလက္ခဏာပေါ်လာသည်။ ဘုရားသခင်၏သားသမီးတို့က ထိုမိုးတိမ်သည် မည်သည့်အရာဆိုလိုသည်ကို သိရှိကြသည်။ (MS, p. 81, 1886).

၁၄၄,၀၀၀ တို့သည် အောင်မြင်ခဲ့ကြပြီ။ သူတို့၏မျက်နှာသည် ဘုရားသခင်၏ဘုန်းရောင်ခြည်ဖြင့် တောက်ပလျက်ရှိသည်။ (EW, p. 37).

ဘုရားသခင်၏အသံတော်သည် မိမိလူတို့ကိုအဖမ်းအဆီးမှလွတ်ချိန်တွင် ကြီးမားသောအသက်တာတိုက်လှန်ပွဲ၌ အရာရာကိုဆုံးရှုံးသောသူတို့၏ ကြောက်မက်ဖွယ်အသက်တာမှ အလွန့်အလွန်နိုးကြားခြင်းရှိသည်။ (GC, p. 654).

ဘုရားသခင်၏ရန်သူတို့အတွက် အမျက်ဒေါသနေ့ရက်သည် မိမိအသင်းတော်အတွက် နောက်ဆုံးကယ်လွှတ်ခြင်းနေ့ရက်ပင်ဖြစ်ချေသည်။ (PK, p. 727).

–၀–



**စက်တင်ဘာ (၂၉)**

## "ဘုရားသခင်သည်သဘာဝတရားကိုဖမှောက်လှန်သည်"

**"သတ္တမကောင်းကင်တမန်သည် မိမိဖလားကို အာကာသကောင်းကင်ပေါ်သို့သွန်းလောင်းလျှင်၊ ပြီးပြီဟုကြီးသောအသံသည် ကောင်းကင်ဗိမာန်တော်၌ရှိသော ပလ္လင်တော်ထဲကထွက်၏။ လျှပ်စစ်ပြက်ခြင်း၊ အသံမြည်ခြင်း၊ မိုးချုန်းခြင်း၊ ကြီးစွာသောမြေလှုပ်ခြင်းဖြစ်ကြ၏။ မြေကြီးအပေါ်မှာ လူတို့ဖြစ်သည့်ကာလမှစ၍ ထိုသို့သောလက္ခဏာနှင့် ထိုမျှလောက်ပြင်းထန်စွာသောမြေလှုပ်ခြင်းသည်မဖြစ်စဖူး" (ဗျာဒိတ် ၁၆:၁၇၊၁၈)။**

ကျွန်ုပ်တို့သည် သတ္တမဘေးဒဏ်သွန်းလောင်းခြင်းကိုလေ့လာရန် လိုအပ်သည်။ မကောင်းမှု၏တန်ခိုးများသည် မတိုက်ခိုက်ဘဲ တိုက်လှန်ပွဲကို အလျှော့ပေးကြလိမ့်မည်မဟုတ်ချေ။ (7BC, p. 983).

အငြိုးကြီးသောကောင်းကင်အလယ်၌ မဖော်ပြနိုင်သောဘုန်းတော်ပေါ်ထွန်းသည့် ရှင်းလင်းသောနေရာလပ်ပေါ်လာကာ၊ ထိုအရပ်မှဘုရားသခင်၏အသံတော်သည် ရေများစီဆင်းသည့်အသံကဲ့သို့ "ပြီးပြီ" (ဗျာဒိတ် ၁၆:၁၇) ဟုမိန့်တော်မူသည်။

ထိုအသံတော်သည် ကောင်းကင်နှင့်မြေကြီးကိုလှုပ်ခါစေသည်။ "မြေကြီးအပေါ်မှာ လူတို့ဖြစ်သည့်ကာလမှစ၍. . . ထိုမျှလောက်ပြင်းစွာသောမြေလှုပ်ခြင်းသည် မဖြစ်စဖူး" (အခန်းငယ် ၁၇၊၁၈)။ မိုးမျက်နှာကြက်သည် ဖွင့်ချေ၊ ပိတ်ချေဖြစ်နေသည်။ ဘုရားသခင်၏ပလ္လင်မှဘုန်းတော်သည် ပြိုးပြက်လင်းလက်နေသည်။ တောင်တို့သည် လေတိုက်ရာယိမ်းသောကျူပင်ကဲ့သို့လှုပ်၍၊ ကျောက်ဆောင်တို့သည်ကွဲလျက် နေရာအနှံ့လွင့်စင်ကုန်သည်။ လှိုင်းလုံးကြီး

များလည်း မြည်ဟိန်းနေသည်။ ပင်လယ်သည် ဒေါသူပုန်ထလျက်ရိုက်ခတ်နေသည်။ ဖျက်ဆီးနေသောနတ်ဆိုးတို့၏အသံကဲ့သို့ မုန်တိုင်းသည် ကျယ်လောင်စွာအော်မြည်နေသည်။ မြေတစ်ပြင်လုံးသည် လှိုင်းလုံးကဲ့သို့ကြွတက်ကုန်သည်။ မြေပြင်များလည်းကွဲအက်ကုန်ပြီ။ မြေကြီး၏အုတ်မြစ်ပင်ရွေ့သွားသည့်သဏ္ဍာန်ရှိသည်။ တောင်တို့သည်နစ်ဝင်သွားသည်။ လူနေထိုင်သောကျွန်းတို့လည်း ကွယ်ပျောက်သွားကြသည်။ သောဒုံမြို့ကဲ့သို့ ဆိုးသွမ်းမှုကိုဖြစ်စေသောဆိပ်ကမ်းတို့သည် အငြိုးကြီးသောလှိုင်းလုံးများက ဝါးမြိုကုန်ပြီ၊ "ဘုရားသခင်သည် ပြင်းစွာသောဒေါသအမျက်တော်၏စပျစ်ရည်ဖလားကိုတိုက်ခြင်းငှာ၊ ဗာဗုလုန်မြို့ကြီးကိုသတိရတော်မူ၏။ အချိန်အခွက်တစ်ဆယ်ရှိသောမိုးသီးသည် ကောင်းကင်ကလူတို့အပေါ်သို့ကျလေ၏" (အခန်းငယ် ၁၉၊၂၀)။ မြေကြီးပေါ်ရှိမောက်မာသောမြို့ကြီးတို့သည် ပြားပြားဝပ်ကြရသည်။ လောကီ၏ကြီးမြတ်သောသူတို့သည် မိမိတို့ကိုယ်ကိုချီးမြှောက်ရန် မိမိတို့၏ချမ်းသာကြွယ်ဝမှုကို အလျှံပယ်ခံစားသည့် ဝင့်ဝါသောနန်းတော်တို့သည် မိမိတို့၏မျက်စိရှေ့၌ပင် တစ်စစီပျက်စီးသွားရလေသည်။ ထောင်တံခါးတို့သည်လည်း ပွင့်ထွက်၍၊ မိမိတို့၏ယုံကြည်ခြင်းအတွက် ချုပ်ထားခြင်းခံရသောသူတို့သည် လွတ်မြောက်သွားကြသည်။ (GC, pp. 636, 637).

–ဝ–



## စက်တင်ဘာ (၃၀)

## "အထူးထမြောက်ခြင်း"

**"ထိုကာလအခါ၊ မြေမှုန့်၌အိပ်ပျော်သောသူများတို့သည် နိုးကြလိမ့်မည်။ အချို့တို့ကား၊ ထာဝရအသက်ရှင်ခြင်းနှင့်လည်းကောင်း၊ အချို့တို့ကား ရှက်ကြောက်ခြင်း၊ ထာဝရအသရေပျက်ခြင်းနှင့်လည်းကောင်း နိုးကြလိမ့်မည်" (ဒံယေလ ၁၂း၂)။**

မိမိလူတို့ကိုကယ်လွှတ်ရန် ဘုရားသခင်ရွေးချယ်တော်မူသည်မှာ ညသန်းခေါင်ယံချိန်ဖြစ်သည်။ လူဆိုးတို့သည် သူတို့ပတ်လည်၌လှောင်ပြောင်ချိန်တွင်၊ နေသည် မိမိ၏အားကြီးသောအလင်းရောင်ဖြင့် ရုတ်တရက်ပေါ်လာ၍၊ လသည် ရပ်တန့်နေခဲ့သည်။ . . မိုးတိမ်တိုက်ကြီးများပေါ်လာ၍၊ တစ်ခုနှင့်တစ်ခုတိုက်ခတ်နေကြသည်။ သို့ရာတွင် ကောင်းကင်နှင့်မြေကြီးကို တုန်လှုပ်စေသည့်ရေများကဲ့သို့သော ဘုရားသခင်၏အသံတော်ထွက်လာရာ ဘုန်းတော်ထင်ရှားသည့် ရှင်းလင်းသောနေရာတစ်ခုရှိနေသည်။ ကြီးမားသောမြေကြီးလှုပ်ခြင်းရှိသည်။ သင်္ချိုင်းများပွင့်၍၊ ဥပုသ်နေ့ကိုစောင့်၍၊ တတိယကောင်းကင်တမန်၏သတင်းစကားကိုယုံကြည်၍ သေလွန်ပြီးသောသူတို့သည် သူတို့၏ဖုန်ထူသောအိပ်ရာများမှထွက်လာကာ၊ ဘုရားသခင်သည် မိမိ၏ပညတ်တော်ကိုစောင့်သောသူတို့နှင့် ပြုတော်မူမည့်ငြိမ်သက်ခြင်းပဋိညာဉ်ကိုကြားနာရန် ဘုန်းတော်ဖြင့်ထမြောက်လာကြသည်။ (EW, p. 285).

ယေရှု၌အိပ်ပျော်သောသူတို့အား သူတို့၏အကျဉ်းထောင်များမှဘုန်းတော်ဝင်စားရန်ခေါ်တော်မူခြင်းခံရကြမည်။ . . . ချစ်သောမိတ်ဆွေတို့၊ ကိုယ်တော်သည် ထမြောက်တော်မူပြီ။ သင့်မျှော်လင့်ချက်ကုန်ဆုံးနေချိန်တွင်

သင့်အားငြိမ်သက်ခြင်းပေးရန် ယေရှုသည် သင့်နံဘေး၌ရှိကြောင်း သင်သိနိုင်လိမ့်မည်။

ကျွန်ုပ်ပြောနေသည့်အရာကို ကျွန်ုပ်သိသည်။ လှိုင်းလုံးကြီးများသည် ကျွန်ုပ်ဦးခေါင်းပေါ်၌လွှမ်းသွားမည်ဟူသောအတွေးမျိုးကြုံသည့်အချိန်အခါရှိသည်။ ထိုသို့သောအချိန်တွင် ကျွန်ုပ်၏ကယ်တင်ရှင်သည် ကျွန်ုပ်အတွက် အဖိုးထိုက်လှသည်။ ကျွန်ုပ်၏သားကြီးဆုံးသွားချိန်တွင် ကြီးစွာဝမ်းနည်းခဲ့ရသည်။ သို့ရာတွင်ယေရှုသည် ကျွန်ုပ်နံဘေးတွင်သူလာ၍၊ သူ၏ငြိမ်သက်ခြင်းကို ကျွန်ုပ်စိတ်ထဲ၌ခံစားရသည်။ နှစ်သိမ့်ခြင်းခွက်ဖလားကို ကျွန်ုပ်အားတိုက်တော်မူသည်။

ပြီးနောက် ကျွန်ုပ်၏နံဘေးတွင်နှစ်ပေါင်း ၃၆ နှစ်ရှိနေခဲ့သောသူသည်လည်း ဆုံးသွားခဲ့သည်။ သာသနာတွင်ဘေးချင်းယှဉ်လျက် အတူတကွကျွန်ုပ်တို့လုပ်ဆောင်ခဲ့ကြသည်။ သို့ရာတွင် သူ့ရဲကိုလက်ပိုက်စေလျက်၊ တိတ်ဆိတ်သောသင်္ချိုင်းတွင်နားနေရန် မြေချခဲ့ရသည်။ တစ်ဖန်ကျွန်ုပ်၏ဝမ်းနည်းခြင်းသည် အလွန်ကြီးမားသည်။ သို့ရာတွင် အဆုံး၌နှစ်သိမ့်ခြင်းခွက်ဖလားရောက်ရှိလာသည်။ . . ယေရှုသည် ကျွန်ုပ်အတွက်အဖိုးထိုက်လှသည်။ ကိုယ်တော်သည် ကျွန်ုပ်နံဘေး၌လျှောက်တော်မူ၍. . . သင့်နံဘေး၌လည်းလျှောက်တော်မူမည်။ ကျွန်ုပ်တို့၏မိတ်ဆွေများ သင်္ချိုင်းသို့ဆင်းသွားကြချိန်တွင် သူတို့သည်လှုပ်နေကြသည်။ ကျွန်ုပ်တို့သင်္ဂြိုဟ်သောသူမှာ အဖေ သို့မဟုတ် အမေဖြစ်နိုင်သည်။ သူတို့ထမြောက်လာသောအချိန်တွင် တွန့်နေခဲ့သောအသားအရေများ ပျောက်သွားမည်ဖြစ်သော်လည်း၊ သူတို့ရုပ်ရည်သည်ရှိနေပြီး သူတို့ကိုကျွန်ုပ်တို့သိနေမည်။ . .

ထမြောက်ခြင်းနံနက်တွင် ထမြောက်လာသောချစ်မိတ်ဆွေများနှင့် တွေ့ဆုံရန် ကျွန်ုပ်တို့ပြင်ဆင်လိုကြသည်။ . . ကိုယ်တော်ကိုဖူးမြင်ရန် ကျွန်ုပ်တို့သည် ကိုယ်တော်နှင့်တူမည်ဟူသော ဇဝ်ဂေလိသတင်း၌ပါသော မျှော်လင့်ချက်ကို ကျွန်ုပ်တို့စွဲကိုင်ကြပါစို့လား။ (1HP, p. 353).

–o–





အောက်တိုဘာ (၁)

## "မတရားသောသူတို့၏အထူးထမြောက်ခြင်း"

**"ကြည့်ရှုလော့။ မိုးတိမ်နှင့်တကွကြွလာတော်မူသည်ဖြစ်၍၊ ကိုယ်တော်ကိုထိုးဖောက်သောသူတို့နှင့် ရှိသမျှသောသူတို့သည် ကိုယ်တော်ကိုရှုမြင်ရကြလိမ့်မည်။ မြေကြီးသားအမျိုးမျိုးရှိသမျှတို့သည် ကိုယ်တော်ကြောင့် ငိုကြွေးမြည်တမ်းရကြလိမ့်မည်" (ဗျာဒိတ် ၁း၇)။**

"ကိုယ်တော်ကိုထိုးဖောက်သောသူတို့" (ဗျာဒိတ် ၁း၇)၊ ခရစ်တော်၏သေလုသောဝေဒနာခံစားခြင်းကို လှောင်ပြောင်ပြက်ရယ်ပြုသောသူတို့နှင့် ကိုယ်တော်၏သမ္မာတရားနှင့် ကိုယ်တော်၏လူတို့ကိုအပြင်းထန်ဆုံးဆန့်ကျင်သူတို့သည် ကိုယ်တော်၏ဘုန်းတော်ကိုရှုမြင်ရန်နှင့် သစ္စာရှိပြီးနာခံသောသူတို့အပေါ်ဂုဏ်ပြုခြင်းတို့ကိုမြင်စေရန် ထမြောက်ကြလိမ့်မည်။ (GC, p. 637).

အမှုစစ်ဆေးရာတွင် ယဇ်ပုရောဟိတ်မင်းကယာဖသည် မိမိလက်ယာလက်ကို အထက်သို့မြှောက်လျက် "သင်သည် ခရစ်တော်တည်းဟူသော ဘုရားသခင်၏သားတော်မှန်သည်မမှန်သည်ကို ငါတို့အားပြောပါ" ဟု ဘုရားသခင်ကိုတိုင်တည်၍ ယေရှုကိုကျိန်ဆိုစေခဲ့သည်။ . .

ကိုယ်တော်က "သင်ဆိုသည်အတိုင်းမှန်၏" ဟူသောဖြေကြားချက်ကို လူတိုင်းနားထောင်၍ကြည့်နေခဲ့ကြသည်။ "ထိုမှစ၍ ငါဆိုသည်ကား၊ နောင်ကာလ၌ လူသားသည် တန်ခိုးတော်၏လက်ယာဘက်၌ထိုင်လျက် မိုးတိမ်ကိုစီး၍ကြွလာသည်ကို သင်တို့မြင်ရကြလတ္တံ့" ဟု ထပ်မံမိန့်တော်မူစဉ်တွင် ကိုယ်တော်၏ဖြူဖပ်ဖြူရော်ဖြစ်နေသောမျက်နှာတော်၌ ကောင်းကင်အလင်းတောက်ပလျက်ရှိသည်။

တဒင်္ဂအတွင်း ကိုယ်တော်၏လူသားဇာတိအဖြစ်၌ ခရစ်တော်၏ဘုရားဇာတိသည် လျှပ်တစ်ပြက်တောက်ပခဲ့သည်။ ကယ်တင်ရှင်၏စူးရှထိုးဖောက်သောမျက်လုံးရှေ့တွင် ယဇ်ပုရောဟိတ်မင်းသည် တုန်လှုပ်ခဲ့ရသည်။. . . တဒင်္ဂအတွင်းအရာရာကိုမြင်၍ မိမိ၏စိတ်နှလုံးကိုဖတ်ကာ၊ လျှို့ဝှက်ချက်အားလုံးကိုဖော်ထုတ်သော ထာဝရတရားသူကြီးရှေ့တော်၌ရပ်နေသည့်အလား ခံစားခဲ့ရသည်။

ယဇ်ပုရောဟိတ်သည် ထိုသို့ခံစားခဲ့ရသည်။ . . . မိမိအဝတ်ကိုဆုတ်၍ အကျဉ်းသားအား ဘုရားသခင်ကိုလွန်ကျူးခြင်းအတွက် အပြစ်ပေးရန်တောင်းဆိုခဲ့သည်။ "အဘယ်သက်သေလိုသေးသနည်း။ ဘုရားကိုလွန်ကျူး၍ပြောသောစကားကို ယခုပင်သင်တို့ကြားရပြီ။ အဘယ်သို့ထင်မှတ်ကြသနည်း" ဟု လူထုအားမေးခဲ့သည်။ ထိုသူတို့ကလည်း ကိုယ်တော်သည် အသေခံထိုက်သည်ဟု ပြန်၍ပြောခဲ့ကြသည်။ (DA, pp. 706-708).

ထိုသို့ဖြင့်ယုဒခေါင်းဆောင်တို့သည် မိမိတို့၏ရွေးချယ်မှုကိုပြုခဲ့ကြသည်။ သူတို့၏ဆုံးဖြတ်ချက်ကို ယောဟန်မြင်ခဲ့သည့် ပလ္လင်ပေါ်၌ထိုင်တော်မူသောသူ၏လက်ထဲက မည်သူမျှမဖွင့်နိုင်သောစာစောင်တွင် ရေးမှတ်ထားလျက်ရှိသည်။ ယုဒအမျိုးခြင်္သေ့တည်းဟူသော ဒါဝိဒ်၏အမြစ်သည် ထိုစာစောင်ကိုဖွင့်သောနေ့တွင် သူတို့၏ဆုံးဖြတ်ချက်သည် သူတို့၏တစ်ဖက်၌သက်သေခံလိမ့်မည်။ (COL, p. 294).

ခရစ်တော်ဒုတိယအကြိမ်ကြွလာသောအခါ၊ အကျဉ်းသားအား ဝရန်းသုန်းကားဝန်းရံမထားသည်ကို သူတို့မြင်ရကြမည်။ ကိုယ်တော်ကို ကောင်းကင်ဘုရင်ကဲ့သို့ သူတို့မြင်ရကြမည်။ ထိုအခါ ယဇ်ပုရောဟိတ်များနှင့်အုပ်ချုပ်သူတို့သည် တရားရုံးခန်းမထဲကဖြစ်ရပ်ကို ရှင်းလင်းစွာသတိရနေကြမည်။ အခြေအနေအားလုံးသည် မီးဖြင့်ရေးသောစာကဲ့သို့ သူတို့ရှေ့၌ထင်ရှားလိမ့် မည်။ (ST, Jan. 17, 1900).

–o–



**အောက်တိုဘာ (၂)**

## "လောကဓာတ်များသည်ပူအားကြီး၍အရည်ပျော်မည်"

**"သူခိုးသည် ညဥ့်အခါလာသကဲ့သို့ ထာဝရဘုရား၏နေ့ရက်သည် လာလိမ့်မည်။ ထိုနေ့၌မိုးကောင်းကင်သည် ကြီးစွာသောအသံနှင့်တကွ ပျောက်သွားလိမ့်မည်။ လောကဓာတ်တို့သည်ပူအားကြီး၍ ပျက်ကြလိမ့်မည်။ မြေကြီးကိုယ်မှစ၍ မြေကြီးပေါ်မှာပြုလုပ်သမျှသော အရာတို့သည် ကျွမ်းလောင်ကြလိမ့်မည်" (၂ပေတရု ၃း၁၀)။**

ခရစ်တော်မကြွလာမီကလေး၊ ထာဝရဘုရား၏နေ့ရက်တွင် ဘုရားသခင်သည် အမျက်ထွက်လျက် ကောင်းကင်မှလျှပ်စီးကိုလွှတ်တော်မူမည်ဖြစ်ကာ၊ ၎င်းသည်လောကဓာတ်များကို အရည်ပျော်စေလိမ့်မည်။ တောင်တို့သည် မီးဖိုကဲ့သို့လောင်ကျွမ်း၍ ကြောက်မက်ဖွယ်ချော်ရည်များကိုမှုတ်ထုတ်ကာ ဥယျာဉ်ခြံနှင့်လယ်များ၊ ကျေးရွာများနှင့်မြို့ကြီးများကို ဖျက်ဆီးလိမ့်မည်။ အရည်ပျော်သောသတ္တုများ၊ ကျောက်များနှင့် ပူပြင်းသောရွှံ့ရည်တို့သည် မြစ်ထဲသို့စီးဝင်၍၊ ၎င်းမြစ်ရည်များကို ဆူပွက်စေမည်။ ကျောက်ဆောင်ကြီးများသည်ကွဲပွဲ၍၊ အပိုင်းအစများပျံ့နှံ့လွင့်စဉ်ကာ မဖော်ပြနိုင်လောက်အောင် ကြမ်းတမ်းလိမ့်မည်။ မြစ်များလည်းခြောက်သွားပေမည်။ ကမ္ဘာမြေသည် အပြင်းအထန်လှုပ်ခါ၍ နေရာအနှံ့တွင် ကြောက်မက်ဖွယ်ပေါက်ကွဲခြင်းများနှင့် မြေငလျင်များဖြစ်ပေါ်လိမ့်မည်။ ဆိုးယုတ်သောမြေကြီးသားအပေါင်းတို့သည် ကမ္ဘာပေါ်မှပျက်စီးသည့်တိုင်အောင် ဘုရားသခင်သည် ကပ်ဆိုးဆိုက်စေတော်မူမည်။ (3SG, pp. 82, 83).

ကမ္ဘာမြေသည် အမူးသမားကဲ့သို့ ဒယိမ်းဒယိုင်ဖြစ်လျက်၊ အိမ်ကဲ့သို့ရွေ့သွားလိမ့်မည်။ လောကဓာတ်တို့သည် မီးတောက်လောင်ပြီး၊ ကောင်းကင်သည်လည်း စာလိပ်ကဲ့သို့လွင့်သွားလိမ့်မည်။ (5BC, p. 1110).

မြေကြီးထဲတွင်ဖုံးကွယ်နေသောလောကဓာတ်တို့သည် ပေါက်ထွက်လာခြင်းအားဖြင့် ကမ္ဘာ့မြေအပေါ်ယံလွှာသည် ကွဲအက်ကုန်သည်။ တစ်ချိန်က လျှော့ရဲရဲဖြစ်နေသောလောကဓာတ်တို့သည် မိမိတို့၏လုပ်သားများကို ခေါင်းပုံဖြတ်ပြီးစုဆောင်းသောပိုင်ဆိုင်မှုများဖြင့် မိမိတို့၏ကြွယ်ဝချမ်းသာမှုကို တိုးပွားစေသာသူတို့၏ဘဏ္ဍာများကို တိုက်စားသွားလိမ့်မည်။ (MS, p. 24, 1891).

အသက်တာတွင်သုံးဖြုန်းခဲ့သောလုပ်အားတို့သည် နေ့ချင်းညချင်း ပျောက်ကွယ်သွားမည့် မဟာမီးကြီးစွာလောင်ခြင်းသည် မကြာမီရောက်လာမည်။ (4T, p. 49).

လူတို့၏အသက်ကို မဟာဖျက်ဆီးခြင်းရောက်လာမည်။ သို့ရာတွင် ရေလွှမ်းမိုးချိန်တွင် ဘုရားသခင်ပြင်ဆင်ထားသောသင်္ဘောတွင် နောဧကို ထိန်းသိမ်းထားသကဲ့သို့ ကိုယ်တော်ကိုယုံကြည်သူများအတွက် ဘုရားသခင်သည် ကွယ်ကာရာဖြစ်လိမ့်မည်။ "အမြင့်ဆုံးသောဘုရား၌နေရာကျသောကြောင့် သင်၌မကောင်းသောအနိဋ္ဌရုပ်မကပ်မရောက်။ သင့်နေရာသို့ဘေးဥပဒ်မချဉ်းရ။ သွားလေရာရာ၌သင့်ကိုစောင့်ရှောက်စေခြင်းငှာ ကောင်းကင်တမန်တို့အား သင့်အဖို့မှာထားတော်မူသည်။" "ဘေးအန္တရာယ်ရောက်သည်ကာလ၊ တဲတော်တွင်ငါ့ကိုကွယ်ကာတော်မူမည်။" (Letter, p. 258, 1907).

မိမိကိုချစ်သောသူတို့အတွက် ခရစ်တော်သည် သွား၍ပြင်ဆင်တော်မူသောအိမ်တော်အတွက် ကျွန်ုပ်တို့ပြင်ဆင်ကြရမည်။ ထိုနေရာတွင် ကမ္ဘာ့ပဋိပက္ခများမှနားနေရမည်။ (RH, Oct. 19, 1897).

–o–



အောက်တိုဘာ (၃)

## "သတ္တမဘေးဒဏ်ကိုပိပြင်စွာပုံဖော်ခြင်း"

**"ဘေးရောက်ရာအချိန်ကာလနှင့် စစ်ပြိုင်၍တိုက်ရာအချိန်ကာလဖို့၊ ငါသိုထားသောမိုးသီးဘဏ္ဍာများကိုမြင်ဘူးသလော" (ယောဘ ၃၈း၂၃)။**

ဘိုင်ရွင်ဘဲဒင် (Byron Belden)၊ စာရာဘဲဒင် (Sarah Belden) နှင့် ညီမမေလာစီ (May Lacey) တို့သည် ကျွန်ုပ်တာဝန်ကျရာ (ဩစတြေးလျ) ပရိုစ်ပက် (Prospect) မြို့သို့ လိုက်ပါလာခဲ့ကြသည်။ အစည်းအဝေးခန်းမမှထွက်လာချိန်တွင် မုန်တိုင်းလာနေသည်ကိုမြင်သောအခါ. . . အလွန်ကြောက်သောကြောင့် မြင်းလှည်းကိုမြန်နိုင်သမျှမြန်အောင် မောင်းနှင်ခဲ့သည်။ အိမ်ရောက်လုနီးအချိန်တွင် အငြိုးကြီးသောမုန်တိုင်းတိုက်ပါတော့သည်။ ကြက်ဥတမျှကြီးသောမိုးသီးများ စတင်ကျလာခဲ့သည်။ ၎င်းတို့သည် မြင်းအပေါ်ကျသောကြောင့် မြင်းသည် ကြောက်ရွံ့လျက်ရှိသည်။

ကျွန်ုပ်က "ဘိုင်ရွင်၊ ချက်ချင်းအောက်ကိုဆင်း၊ မြင်းရဲ့ရှေ့ကိုသွားပြီးစကားပြောပေးပါ။ သူတို့ကိုရိုက်နေတာမင်းမဟုတ်ဘူးဆိုတာ မြင်းတွေကိုသွားပြီးသိစေပါ" ဟုပြောခဲ့သည်။ အကြံပြုသည့်အတိုင်း သူခုန်ဆင်းခဲ့သည်။ ဆက်ပြီး "မေလာစီနှင့်စာရာတို့လည်းဆင်းကြ" ဟုပြောခဲ့သည်။ သူတို့လည်း ဆင်းသွားကြသည်။ ပြီးနောက် သူတို့အကူအညီဖြင့် ကျွန်ုပ်လည်းဆင်းခဲ့သည်။ လေသည် အလွန်ပြင်းထန်သောကြောင့် ဦးထုပ်များလွင့်ပြီး မြင်းလှည်းမှကူရှင်များလည်းလွင့်ကုန်သည်။ လေးလံသောမြင်းလှည်းကူရှင်၊ ထီးများ၊ လေးလံသောမြင်းလှည်းပိတ်အမိုးတို့သည် လယ်ပြင်သို့လွင့်သွားကာ နေရာအနှံ့လွင့်ပျံ့နေကြသည်။. . .

ထိတ်လန့်ဖွယ်မြင်ကွင်းပါတကား။ ညီမဘဲဒင်၊ မေလာစီနှင့်ကျွန်ုပ်တို့သည် ဦးထုပ်မပါဘဲ အိမ်ထဲသို့ရောက်ရှိသွားကြသည်။ ဘိုင်ရှင်မှာမူ ကြောက်လန့်နေသောမြင်းနှင့်ရှိနေခဲ့သည်။ ကျွန်ုပ်တို့သည် ကိုယ်တော်ထံ အကူအညီတောင်းရုံမျှသာလုပ်နိုင်ကြသည်။ . . .

ဤဖြစ်ရပ်မှာ မုန်တိုင်းကြားမြင်းလှည်းစီးသော ကြောက်စရာအကောင်းဆုံးသောအတွေ့အကြုံပင်ဖြစ်သည်။ ဘုရားသခင်၏တရားစီရင်ခြင်းသည် ကမ္ဘာပေါ်ကျရောက်၍ အမွေးဖြင့်ရက်လုပ်သောအဝတ်ကြမ်းကဲ့သို့ ကြောက်မက်ဖွယ်အမှောင်ထုသည် ကောင်းကင်ကိုလွှမ်းခြုံမည့်နေ့ရက်ကို အတွေးရောက်သွားစေသည်။ . . "သွားကြလော့။ ဘုရားသခင်၏အမျက်တော်ဖလားခုနစ်လုံးကို မြေကြီးပေါ်သို့သွန်းလောင်းကြလော့" ဟု ထာဝရဘုရား၏ကြီးမားသောအသံတော်သည် သူ၏ကောင်းကင်တမန်တို့အား မိန့်တော်မူသည့်အချိန်ကာလကိုလည်း ကျွန်ုပ်တွေးနေမိခဲ့သည်။ . . .

ဗျာဒိတ်ကျမ်း ၆ နှင့် ၇ တို့သည် အဓိပ္ပါယ်နှင့်ပြည့်စုံသည်။ ဘုရားသခင်၏တရားစီရင်ခြင်းကို ကြောက်မက်ဖွယ်ဖော်ပြထားသည်။ ကောင်းကင်တမန်ခုနစ်ပါးသည် ဘုရားသခင်၏ရှေ့တော်တွင်ရပ်လျက် အမိန့်တော်ကိုစောင့်နေကြသည်။ သူတို့အားတံပိုးခုနစ်လုံးပေးထားသည်။ ထာဝရဘုရားသည် မြေကြီးသားတို့ကိုအပြစ်ပေးတော့မည်ဖြစ်သည်။ . . .

ဘုရားသခင်၏ဘေးဒဏ်တို့သည် မြေကြီးပေါ်ကျလာသောအခါ၊ အခွက်တစ်ဆယ်မျှလေးသောမိုးသီးတို့သည် ဆိုးယုတ်သောသူတို့အပေါ်တွင် ကျလိမ့်မည်။ (MS, p. 59, 1895).

–o–





## "ကမ္ဘာမြေသည်မိမိပန်ဆင်းရှင်ထံမှပြေးလေပြီ"

**"သို့ဖြစ်၍ ကောင်းကင်ဗိုလ်ခြေအရှင်ထာဝရဘုရား၏ဒေါသအမျက်တော်ပြင်းစွာထွက်သောနေ့ရက်၌၊ မိုးကောင်းကင်ကိုငါလှုပ်ရှားမည်။ မြေကြီးလည်း မိမိနေရာမှရွေ့ရလိမ့်မည်။ ပြည်သားတို့သည် ကြောက်၍ပြေးသောဒရယ်မ၊ ထိန်းသိမ်းသူမရှိသောသိုးများကဲ့သို့ဖြစ်၍၊ အသီးအသီးမိမိအမျိုးသားချင်းတို့ကိုမျက်နှာပြု၍ အသီးအသီးမိမိပြည်သို့ပြေးကြလိမ့်မည်" (ဟေရှာယ ၁၃း၁၃၊၁၄)။**

ထူထပ်သောတိမ်ထုကြီးသည် ကောင်းကင်ကိုဖုံးအုပ်ဆဲရှိနေသေးသည်။ သို့ရာတွင် နေမင်းသည် လက်စားချေသည့်ဘုရားသခင်၏မျက်စိအလားတစ်ချက်တစ်ချက်ထွက်ပေါ်လာသည်။ ပြင်းထန်သောလျှပ်စီးများသည် ကောင်းကင်မှပစ်လျက်၊ မြေကြီးကိုမီးလောင်ပြင်ဖြစ်သွားစေသည်။ ကြောက်မက်ဖွယ်မိုးကြိုးများကြားမှ နက်နဲပြီးကြောက်ရွံ့ဖွယ်ကောင်းသောအသံသည် လူဆိုးတို့၏ပျက်စီးခြင်းကိုကြေညာလေသည်။ ပြောစကားကိုလူတိုင်းနားမလည်ချေ။ သို့ရာတွင် မှားယွင်းသောဆရာတို့သည် သဲကွဲစွာနားလည်ကြသည်။ ဤအချိန်မတိုင်မီက အဆင်အခြင်မဲ့သူများ၊ အလွန်ကြွားဝါ၍အာခံသူများ၊ ဘုရားသခင်၏ပညတ်ချက်များကိုစောင့်သောသူတို့အပေါ် ရက်စက်သူတို့သည် ယခုတွင် အံ့သြတုန်လှုပ်လျက်ကြောက်ရွံ့ခြင်းသည် လွှမ်းမိုးလျက်ရှိသည်။ သူတို့၏မြည်တမ်းခြင်းအသံသည် အသံဗလံအားလုံးထက်ကျယ်လောင်သည်။ နတ်ဆိုးတို့သည် ခရစ်တော်၏ဘုရားဇာတိကိုအသိအမှတ်ပြု၍ ကိုယ်တော့်တန်ခိုးရှေ့တွင်တုန်လှုပ်ကြကာ၊ လူတို့သည်လည်း ကရုဏာတရားကိုတောင်းခံရင်းကမ်းကုန်ကြောက်ရွံ့ပြီး ခယဝပ်တွားကြသည်။ . . .

တိမ်တိုက်များကြားမှ ကြယ်တစ်စင်းသည် လေးဆမျှလင်းလျက် အမှောင်ထုကြီးကိုခွင်း၍ ထိုးဖောက်လျက်ရှိသည်။ ၎င်းသည် သစ္စာရှိသူတို့အတွက် မျှော်လင့်ခြင်းနှင့်ပျော်ရွှင်မှုကိုပေးကာ၊ ဘုရားသခင်၏ပညတ်တော်ကိုကျူးလွန်သူတို့အတွက်မူ ပြင်းထန်သောဒေါသကိုဖြစ်စေသည်။ ခရစ်တော်အတွက် အရာရာကိုစွန့်လွှတ်သူတို့သည် ယခုတွင် လုံခြုံလျက်ရှိကာ၊ ထာဝရဘုရား၏တဲတော်တွင် ဝှက်ထားလျက်ရှိနေကြသည်။ သူတို့သည် စမ်းသပ်ခြင်းခံရပြီးဖြစ်၍၊ လောကသားများနှင့်သမ္မာတရားကိုမထီမဲ့မြင်ပြုသောသူတို့ရှေ့တွင် သူတို့အတွက်အသေခံတော်မူသောသူအပေါ် သစ္စာစောင့်သိကြောင်းကို သက်သေထူကြပြီးဖြစ်သည်။ သေခြင်းကိုရင်ဆိုင်စဉ်မှာပင် သစ္စာမြဲမြံသူတို့၌ အံ့သြဖွယ်ပြောင်းလဲမှုဖြစ်ပေါ်လာသည်။ သူတို့သည် အမှောင်ထုနှင့်နတ်ဆိုးများကဲ့သို့ပြောင်းလဲသွားသော ကြောက်မက်ဖွယ်နိုင်လိုမင်းထက်ပြုသောလူတို့လက်မှ ရုတ်တရက်ကယ်တင်ခြင်းခံရကြသည်။ ယခင်ကဖြူဖပ်ဖြူရော်ဖြစ်၍၊ စိုးရွံ့ကာ မျက်တွင်းချောင်နေသောသူတို့၏မျက်နှာသည် အံ့သြခြင်း၊ ယုံကြည်ခြင်းနှင့်ချစ်ခြင်းဖြင့် ယခုတွင်တောက်ပလာသည်။ သူတို့၏အောင်ပွဲခံသီချင်းမှာ "ဘုရားသခင်သည် ငါတို့ခိုလှုံရာဖြစ်၍၊ ခွန်အားကိုပေးတော်မူ၏။ ဘေးရောက်သည်ကာလ အထူးသဖြင့်ကူမတော်မူကြောင်း ထင်ရှားလျက်ရှိ၏။ ထို့ကြောင့်ပထဝီမြေကြီးသည်ရွေ့သွား၍ တောင်များတုန်လှုပ်လျက် သမုဒ္ဒရာသို့ကျသော်လည်း ငါတို့သည် ကြောက်လန့်ခြင်းမရှိ။ သမုဒ္ဒရာရေသည်ဟုန်းဟုန်းမြည်၍မွှေနှောက်ပါလေစေ၊ လှိုင်းတံပိုးထသဖြင့် တောင်များတုန်လှုပ်ပါလေစေ" (ဆာလံ ၄၆း၁–၃) ဟူ၍ဖြစ်သည်။ (GC, p. 637-639).

–၀–



**အောက်တိုဘာ (၅)**

## "ဘုရားသခင်၏ပညတ်တော်ကောင်းကင်၌ပေါ်လာ"

**"ဘုရားသခင်သည် ကိုယ်တော်တိုင်တရားဆုံးဖြတ်တော်မူသည်ဖြစ်၍၊ ဖြောင့်မတ်တော်မူခြင်းအကြောင်းကို ကောင်းကင်တို့သည် ထင်ရှားစွာပြကြလိမ့်မည်" (ဆာလံ ၅၀း၆)။**

မိုးတိမ်တိုက်များရွေ့သွား၍၊ တစ်ဖက်တစ်ချက်စီ၌ရှိနေသောမှောင်မည်းပြီးအငြိုးကြီးသောမိုးမျက်နှာကြက်အလယ်တွင် ကြယ်တာရာများနှင့်တောက်ပနေသောကောင်းကင်၏ဘုန်းရောင်ခြည်မှာ မဖော်ပြနိုင်အောင်ပင်ရှိနေသည်။ အာကာသရှိမြို့တော်၏ဘုန်းရောင်ခြည်သည် ပွင့်ဟနေသောတံခါးအကြားမှဖြာထွက်လာသည်။ (GC, p. 639).

ဗိမာန်တော်ထဲတွင် ပဋိညာဉ်သေတ္တာထဲ၌ရှိသော ဘုရားသခင်၏ပညတ်တရားများရေးသားထားသော ကျောက်နှစ်ပြားကိုမြင်ရမည်။ ဤကျောက်နှစ်ပြားကိုဝှက်ထားရာမှထုတ်ဖော်ကာ၊ ဘုရားသခင်၏လက်ညှိုးတော်ဖြင့်ရေးသားထားသော ပညတ်တော် (၁၀) ပါးကိုမြင်ရမည်။ ယခုပဋိညာဉ်သေတ္တာ၌ရှိသောကျောက်နှစ်ပြားသည် သမ္မာတရားအတွက် ယုံကြည်လောက်သည့်သက်သေခံချက်ဖြစ်လာကာ၊ ဘုရားသခင်၏ပညတ်ချက်များကို ဖော်ပြလိမ့်မည်။ (7BC, p. 972).

ဘာသာရေးဆိုင်ရာဉာဏ်ကြီးရှင်တို့သည် အချိန်နှင့်ယေဟောဝါဘုရား၏ပညတ်တော်တို့ကို ပြောင်းလဲနိုင်သောစွမ်းအားရှိသည်ဟု တွေးထင်မှတ်ကြသည်။ သို့ရာတွင် ကောင်းကင်မော်ကွန်းတိုက်ရှိ ဘုရားသခင်၏သေတ္တာတော်တွင် မူလပညတ်ချက်များရေးထားသည့်ကျောက်ပြားနှစ်ခုရှိနေသည်။

ကရုဏာပလ္လင်အောက်၌ဝှက်ထားသော ထိုကျောက်ပြားများကိုဆွဲထုတ်နိုင်ရန် မည်သည့်လောကစွမ်းအားကမျှ မစွမ်းဆောင်နိုင်ချေ။ (7BC, p. 972).

ကောင်းကင်တွင် ကျောက်နှစ်ပြားကိုကိုင်ဆောင်သောလက်ပေါ်လာသည်။ ပုရောဖက်ကဟောခဲ့သည်မှာ "ဘုရားသခင်သည် ကိုယ်တော်တိုင်တရားဆုံးဖြတ်တော်မူသည်ဖြစ်၍ ဖြောင့်မတ်တော်မူခြင်းအကြောင်းကို ကောင်းကင်တို့သည် ထင်ရှားစွာပြကြလိမ့်မည်" (ဆာလံ ၅၀း၆) ဟူ၍ဖြစ်သည်။ အသက်တာကိုလမ်းပြရန် သိနာတောင်ပေါ်တွင် မိုးကြိုးသံနှင့်မီးလျှံများကြားမှ ကြေညာတော်မူခဲ့သော ဘုရားသခင်၏ဖြောင့်မတ်ခြင်းဖြစ်သည့် သန့်ရှင်းသောပညတ်တော်သည် ယခုတွင်လူတို့အားတရားစီရင်ရာတွင် ထွက်ပေါ်လာခဲ့သည်။ လက်တော်သည် ကျောက်ပြားကိုဖွင့်ချလိုက်ရာ မီးကလောင်ဖြင့်ရေးထားသည့်ပညတ်ချက်များကိုမြင်ရသည်။ စာသားတို့သည် ရိုးရှင်းသောကြောင့် လူတိုင်းဖတ်နိုင်သည်။ မှတ်ဉာဏ်များပြန်နိုးထလာ၍၊ အယူသီးခြင်းနှင့်ဖောက်ပြန်ခြင်းအမှောင်ထုကြီးသည် လူတိုင်း၏စိတ်ထဲမှလွင့်သွားကာ၊ လိုရင်းတိုရှင်းပြီး နားလည်သဘောပေါက်နိုင်သောဩဇာရှိသည့် ဘုရားသခင်၏ ပညတ်ချက် (၁၀) ပါးကို မြေကြီးသားအပေါင်း၏ရှေ့မှောက်တွင် တင်ပြလျက်ရှိသည်။

ဘုရားသခင်၏သန့်ရှင်းသောပညတ်ချက်များကို နင်းခြေချပစ်သော သူတို့၏ကြောက်ရွံ့ထိတ်လန့်ခြင်းနှင့်စိတ်ပျက်ခြင်းတို့မှာ ဖော်ပြ၍ပင်မရချေ။

တရားဟောဆရာများမှစ၍ သူတို့အထဲမှအငယ်ဆုံးသောသူအထိပင် ဘုရားသခင်၏ပညတ်တော်၏ရန်သူတို့သည် သမ္မာတရားနှင့်ဝတ္တရားနှင့်ဆိုင်သောအယူအဆအသစ်ကို ရရှိကြသည်။ စတုတ္ထပညတ်၏ဥပုသ်နေ့သည် အသက်ရှင်တော်မူသောဘုရားသခင်၏အမှတ်တံဆိပ်ဖြစ်ကြောင်း သူတို့သိရှိသည်မှာ အလွန်နောက်ကျသွားပေပြီ။ (GC, pp. 639, 640).

–၀–



**အောက်တိုဘာ (၆)**

## "ခရစ်တော်ကြွလာမည့်အချိန်နာရီကိုကြေညာလေပြီ"

**"ထိုအချိန်နာရီကိုကား၊ အဘယ်သူမျှမသိ။ ကောင်းကင်တမန်မသိ။ ငါ့ခမည်းတော်တစ်ပါးတည်းသာသိတော်မူ၏" (မဿဲ ၂၄း၃၆)။**

ယေရှုကြွလာမည့်အချိန်နာရီကြေညာခြင်းနှင့် မိမိလူတို့နှင့်ထာဝရပဋိညာဉ်ကိုပြုသော ဘုရားသခင်၏အသံတော်ကို ကောင်းကင်မှကြားရသည်။ အကျယ်လောင်ဆုံးသော တအုန်းအုန်းမိုးချုန်းသံကဲ့သို့ ကိုယ်တော်၏စကားသံကို မြေပေါ်အနှံ့ကြားရသည်။ (GC, p. 640).

ကိုယ်တော်သည် စာတစ်ကြောင်းမိန့်တော်မူပြီး၊ ထိုစကားတော်သည် မြေတစ်ပြင်လုံးသို့ပျံ့နှံ့နေစဉ် ခေတ္တနားတော်မူသည်။ ယေဟောဝါဘုရားနှုတ်တော်မှထွက်လာသောစကားသည် မိုးချုန်းသံကဲ့သို့ မြေကြီးပေါ်ကျရောက်ချိန်တွင် ဘုရားသခင်၏ဣသရေလလူတို့သည် အထက်ကိုမျှော်ကြည့်ရင်း နားထောင်နေကြသည်။ ၎င်းစကားသံမှာ အလွန်တည်ကြည်လျက်ရှိသည်။ စာတစ်ကြောင်းပြီးတစ်ကြောင်းမိန့်မြွက်တော်မူတိုင်း သန့်ရှင်းသူတို့သည် "ဘုန်းကြီးပါစေ၊ ဟာလေလုယာ" ဟုကြွေးကြော်ကြသည်။ (EW, p. 285, 286).

အသက်ရှင်လျက်ရှိသောသန့်ရှင်းသူ၊ အရေအတွက်အားဖြင့် ၁၄၄,၀၀၀ တို့သည် ထိုအသံတော်ကိုသိရှိနားလည်သော်လည်း ဆိုးယုတ်သောသူတို့ကမူ မိုးချုန်းသံ၊ ငလျင်လှုပ်သံဟုထင်မှတ်ကြသည်။ (EW, p. 15).

ဘုရားသခင်၏ဣသရေလတို့သည် မတ်တတ်ရပ်လျက်နားထောင်ရင်း အထက်သို့မော့ကြည့်ကြသည်။ သူတို့၏မျက်နှာသည် ကိုယ်တော်၏ဘုန်းတော်ဖြင့်တောက်ပကာ၊ သိနာတောင်ပေါ်မှဆင်းလာချိန်က မောရှေ၏မျက်နှာကဲ့သို့လင်းလျက်ရှိသည်။ လူဆိုးတို့သည် သူတို့ကိုမကြည့်နိုင်ကြ

တော့ချေ။ ကိုယ်တော်၏ဥပုသ်နေ့ကို သန့်ရှင်းစွာစောင့်ခြင်းဖြင့် ဘုရားသခင်ကိုဂုဏ်ပြုသောသူတို့အပေါ် ကောင်းချီးမင်္ဂလာကိုကြေညာသောအခါ၊ ကြီးစွာသောအောင်ပွဲခံသည့်အော်သံကိုကြားရသည်။ (GC, p. 640).

ထိုအခါ ကမ္ဘာမြေကိုအနားပေးသည့် ဂျူဗလီကိုစတင်လိုက်သည်။ (EW, p. 35).

ဘုန်းရောင်ခြည်သည် သန့်ရှင်းသူတို့အပေါ်၌ ထွန်းလင်းလျက်ရှိသည်။ ထိုအခါသူတို့သည် အလွန်တင့်တယ်လှသည်တကား။ စိုးရိမ်ကြောင့်ကြခြင်းအမှတ်လက္ခဏာများအားလုံးပျောက်သွား၍၊ သူတို့၏မျက်နှာတွင် ကျန်းမာခြင်းနှင့်တင့်တယ်ခြင်းများကို မြင်တွေ့ရသည်။ သူတို့ပတ်လည်၌ရှိသော မယုံကြည်သူရန်သူတို့သည် လူသေကဲ့သို့လဲကျကုန်သည်။ ရွေးနုတ်ခံသန့်ရှင်းသူတို့၏အပေါ် ထွန်းတောက်သောအလင်းရောင်ကို မခံရပ်နိုင်ကြချေ။ သူတို့အပေါ်တည်သောအလင်းနှင့်ဘုန်းရောင်ခြည်သည် ကောင်းကင်၌ယေရှုကိုမြင်ရသည့်အချိန်ထိ ထွန်းတောက်လျက်ရှိသည်။ (EW, pp. 272, 273).

ထိုအခါ ယေရှုရပ်နေသောနေရာမှ မီးလျှံမိုးတိမ်ကိုကျွန်ုပ်မြင်ခဲ့သည်။ ထိုနောက် သန့်ရှင်းသူတို့ထံပေါ်ထွန်းသော လူသား၏အမှတ်လက္ခဏာတိမ်မည်းမည်းလေးရှိရာအရှေ့မျက်နှာဘက်သို့ ရွေ့သွားသောထိုမိုးတိမ်ပေါ်တွင် ယေရှုသည် နေရာယူတော်မူသည်။ ထိုမိုးတိမ်သည် အသန့်ရှင်းဆုံးအခန်းမှအရှေ့မျက်နှာသို့ရက်ပေါင်းအတန်ကြာဖြတ်သွားချိန်တွင် စာတန်၏အပေါင်းအပါတို့သည် သန့်ရှင်းသူတို့၏ခြေရင်းတွင် ပျပ်ဝပ်လျက်နေကြသည်။ (To the Little Remnant Scattered Abroad (Broadside) April. 6, 1846).

–၀–



အောက်တိုဘာ (၇)

## "မင်္ဂလာနံနက်၏လင်းရောင်ခြည်"

**"လျှပ်စစ်သည် အရှေ့မှပြက်၍ အနောက်တိုင်အောင်ထွန်းလင်းသကဲ့သို့၊ လူသားသည် ကြွလာတော်မူလတ္တံ့။" (မဿဲ ၂၄း၂၇)။**

ကမ္ဘာကြီးတစ်ခုလုံးကို အမှောင်ထုဖုံးလွှမ်းနေစဉ် သန့်ရှင်းသူများနေထိုင်သည့်နေရာတိုင်းတွင် အလင်းရောင်ရှိနေလိမ့်မည်။ သူတို့သည် ကိုယ်တော်ပေါ်ထွန်းတော်မူခြင်း၏ပထမလင်းရောင်ခြင်းကို အလျင်ဦးဆုံးရရှိကြလိမ့်မည်။ (PK, p. 720).

လူတို့၏လက်သီးအရွယ်မျှသာရှိသော တိမ်မည်းမည်းလေးသည် မကြာမီအရှေ့မျက်နှာဘက်မှပေါ်လာသည်။ ၎င်းမှာ ကယ်တင်ရှင်ကိုပတ်လည်ဝန်းရံထားသည့်မိုးတိမ်ဖြစ်ပြီး၊ အမှောင်ထုက ကာဆီးထားသကဲ့သို့ အဝေးမှမြင်ရသည်။ ဤအရာမှာ လူသား၏အမှတ်လက္ခဏာဖြစ်ကြောင်းကို ဘုရားသခင်၏လူများသိရှိကြသည်။ ၎င်းသည် ကမ္ဘာနှင့်သာ၍နီးကပ်လာလေ၊ သာ၍တောက်ပလာပြီး ကြီးကျယ်ခမ်းနားလာကာ၊ ၎င်း၏အောက်ခြေမြစ်မှာ တောက်လောင်သောမီးကဲ့သို့သောဘုန်းတော်ဖြစ်၍ ၎င်းအပေါ်တွင် ပဋိညာဉ်သက်တံရှိနေသည်ကို မြင်ရသည်အထိ သန့်ရှင်းသူတို့သည် တည်ငြိမ်စွာကြည့်နေကြသည်။ ယေရှုသည် အားကြီးသောအောင်နိုင်သူကဲ့သို့ မိုးတိမ်ကိုစီးလျက်နေတော်မူသည်။ ယခုတွင်မူ ရှက်ကြောက်ခြင်းနှင့်ဝမ်းနည်းခြင်း ခါးသီးသောခွက်ဖလားကိုသောက်သည့် "ဝမ်းနည်းသောလူသား" ကဲ့သို့မဟုတ်တော့ဘဲ၊ ကောင်းကင်နှင့်မြေကြီးကိုအောင်နိုင်သူအဖြစ် အသက်ရှင်သောသူတို့နှင့်သေလွန်ပြီးသောသူတို့ကို တရားစီရင်ရန် ကိုယ်တော်ကြွလာတော်မူသည်။ "သစ္စာဟူသောအမည်၊ သမ္မာဟူသောအမည်ရှိ၊ . . သူသည် တရားသဖြင့်စီရင်

တတ်၏။ တရားသဖြင့်စစ်တိုက်တတ်၏။" "ကောင်းကင်ဗိုလ်ခြေတို့သည် . . . နောက်တော်သို့လိုက်ကြ၏" (ဗျာဒိတ် ၁၉း၁၁၊၁၄)။ မရေတွက်နိုင်သည့် သန့်ရှင်းသောကောင်းကင်တမန်အပေါင်းတို့သည် ကောင်းကင်အောင်ပွဲသီချင်းဆိုလျက် ခရီးစဉ်၌လိုက်ပါသွားကြသည်။ မိုးမျက်နှာကြက်တစ်ပြင်လုံးသည် ဝင်းပနေသော "ကုဋေသချေ်မက အတိုင်းမသိများစွာသောကောင်းကင်တမန်တို့" ဖြင့်ပြည့်လျက်နေသည်။ မည်သူကမျှ ဤမြင်ကွင်းကို ပုံဖော်ရေးဆွဲရန်မစွမ်းနိုင်ချေ။ ၎င်း၏သားနားထည်ဝါမှုကို မည်သူကမျှအပြည့်အစုံစိတ်ကူး၍မရနိုင်ချေ။ "ဘုန်းတော်သည် မိုးကောင်းကင်ကိုဖုံးအုပ်လျက်၊ မြေကြီးသည် ဂုဏ်အသရေတော်နှင့်ပြည့်စုံလျက်ရှိ၏။ အဆင်းအရောင်တော်သည် နေရောင်ကဲ့သို့ဖြစ်၏။ ရွေ့လျားနေသောမိုးတိမ်သည် နီးသထက်နီးလာရာ လူတိုင်းသည် အသက်သခင်အရှင်ကိုကြည့်နေကြသည်။ မွန်မြတ်သောဦးခေါင်းတော်ကို မည်သည့်ဆူးရစ်သရဖူကမျှ ရုပ်ပျက်စေခြင်းမရှိတော့ဘဲ၊ ကိုယ်တော်၏သန့်ရှင်းသောနဖူးပေါ်တွင် ဘုန်းတော်နှင့်ပြီးသောသရဖူသည် နေရာယူထားလေပြီ။ ကိုယ်တော်၏မျက်နှာတော်သည် မွန်းတည့်နေထက်သာ၍တောက်ပလျက်ရှိသည်။ "ဘုရင်တို့၏ဘုရင်၊ သခင်တို့၏သခင်ဟု ဘွဲ့နာမတော်သည် အဝတ်တော်၌လည်းကောင်း၊ ပေါင်တော်၌လည်းကောင်း ရေးထားလျက်ရှိ၏" (ဗျာဒိတ် ၁၉း၁၆)။ (GC, pp. 640, 641).

သူတို့အပေါ် ဖြောင့်မတ်ခြင်းနေမင်းသည် ရောင်ခြည်ထွန်းတောက်လျက်၊ ဦးခေါင်းများကိုမော့ကာ သူတို့၏ရွေးနုတ်ခြင်းသည် နီးကပ်လာသောကြောင့် ဝမ်းမြောက်စွာဖြင့် အသက်ရှင်လျက်ရှိသောသန့်ရှင်းသူတို့သည် သတို့သားကိုကြိုဆိုခြင်းငှာထွက်သွားပြီး "ကြည့်ရှုလော့။ ဤအရှင်ကား၊ ငါတို့မျှော်လင့်သော ငါတို့၏ဘုရားသခင်တည်း။ ငါတို့ကိုကယ်တင်တော်မူလိမ့်မည်" (ဟေရှာယ ၂၅း၉) ဟုပြောဆိုကြသည်။ (HC, p. 367).

–ဝ–



အောက်တိုဘာ (၈)

## "ခရစ်တော်၏ဒုတိယအကြိမ်ကြွလာခြင်း"

**"ငါတို့၏ဘုရားသခင်ကြွလာတော်မူ၏။ တိတ်ဆိတ်စွာနေတော်မမူ။ ရှေ့တော်၌မီးလောင်လျက် ပတ်ဝန်းကျင်၌ မိုးသက်မုန်တိုင်းပြင်းပြလျက်ရှိ၏။ မိမိလူတို့ကိုစစ်ကြောစီရင်ခြင်းအလိုငှာ အထက်ကောင်းကင်ကိုလည်းကောင်း၊ မြေကြီးကိုလည်းကောင်း ခေါ်တော်မူ၏" (ဆာလံ ၅၀း၃၊၄)။**

မကြာမီ ကျွန်ုပ်တို့၏မျက်လုံးများသည် အရှေ့ဘက်မှတက်လာသောလက်သီးအရွယ်မျှသာရှိသည့် မိုးတိမ်မည်းမည်းလေးကိုကြည့်နေလျက်၊ ၎င်းသည် လူသား၏အမှတ်လက္ခဏာဖြစ်ကြောင်းကို ကျွန်ုပ်တို့သိရှိကြသည်။ ထိုတိမ်သည် နီးလာသည်နှင့်အမျှ သာ၍လင်းပြီး၊ ကြီးကျယ်ခမ်းနားလာကာ မိုးတိမ်ဖြူကြီးအဖြစ်မြင်ရသည်အထိ ကျွန်ုပ်တို့သည် တည်ကြည်တိတ်ဆိတ်စွာဖြင့် ငေးမောကြည့်နေကြသည်။ ၎င်း၏အောက်ခြေကို မီးလျှံကဲ့သို့မြင်ရသည်။ မိုးတိမ်အပေါ်၌ သက်တံသည်မိုးထားလျက်ရှိပြီး၊ ၎င်း၏ပတ်လည်တွင် ထောင်သောင်းများစွာသောကောင်းကင်တမန်တို့သည် အလွန်သာယာနာပျော်ဖွယ်သီချင်းကိုကျူးအေးကြကာ၊ ထိုမိုးတိမ်အပေါ်တွင် လူသားသည် ထိုင်တော်မူသည်။ (EW, pp. 15, 16).

၎င်းကိုအဝေးမှစတင်မြင်ရချိန်တွင် ထိုမိုးတိမ်သည် အလွန်သေးငယ်လှသည်။ ကောင်းကင်တမန်က၊ ၎င်းမှာလူသား၏အမှတ်လက္ခဏာဖြစ်ကြောင်းပြောပြသည်။ ၎င်းသည် ကမ္ဘာမြေနှင့်နီးလာလေ၊ အောင်ခြင်းငှာထွက်ခွာသောယေရှု၏ဘုန်းတော်နှင့် ခန့်ညားထည်ဝါသောဂုဏ်တော်ကို ကျွန်ုပ်တို့မြင်ရသည်။ (EW, p. 286).

ကိုယ်တော်၏ဆံတော်သည် ဖြူဖွေးလျက်ရှိပြီး၊ ပခုံးပေါ်တွင် တွန့်လိမ်ကျနေကာ၊ ခေါင်းတော်ပေါ်၌ သရဖူများစွာရှိသည်။ ခြေတော်သည် မီးကဲ့သို့ဖြစ်၍ ညာလက်တော်ဖြင့် ထက်မြက်သောတံစဉ်ကိုကိုင်တော်မူပြီး ဘယ်လက်တော်ဖြင့် တံပိုးကိုကိုင်တော်မူသည်။ မျက်စိတော်သည် မီးလျှံကဲ့သို့ဖြစ်၍ မိမိ၏လူတို့ကို နေရာအနှံ့ရှာဖွေလျက်ရှိသည်။ ထိုအခါ မျက်နှာအားလုံးသည် ဖြူဖပ်ဖြူရော်ဖြစ်ကုန်ပြီး၊ ဘုရားသခင်ငြင်းပယ်တော်မူသောသူတို့၏မျက်နှာသည် မည်းကုန်လေပြီ။ ထိုအခါကျွန်ုပ်တို့အားလုံးသည် "အဘယ်သူခံရပ်နိုင်မည်နည်း။ ကျွန်ုပ်၏အဝတ်သည် အစွန်းအကွက်ကင်းပါသလား" ဟု အော်ဟစ်ကြသည်။ ထိုနောက် ကောင်းကင်တမန်တို့၏ကျူးအေးသံများလည်း ရပ်တန့်သွားပြီး၊ တစ်ခဏမျှကြောက်မက်ဖွယ်တိတ်ဆိတ်သွားတော့သည်။ ထိုအခါယေရှုက "သန့်ရှင်းသောလက်နှင့်ဖြူစင်သောနှလုံးရှိသောသူတို့သည် ရပ်နေနိုင်ကြမည်။ ငါ့ကျေးဇူးသည် သင့်အဖို့လောက်ပေ၏" ဟုမိန့်တော်မူခဲ့သည်။ ထိုစကားသံကြောင့် ကျွန်ုပ်တို့၏မျက်နှာများတောက်ပလာကာ၊ ကျွန်ုပ်တို့၏စိတ်နှလုံးသည် ပျော်ရွှင်ခြင်းနှင့်ပြည့်ဝလာသည်။ ထိုအခါ ကောင်းကင်တမန်တို့သည် အသံကိုထပ်မြင့်၍သီဆိုကြကာ၊ မိုးတိမ်သည်လည်း ကမ္ဘာမြေကြီးနှင့်နီးသထက်နီးလာနေသည်။ (EW, p. 16).

ကိုယ်တော်ရှေ့တော်တွင် မြေကြီးသည်လှုပ်ခါ၍၊ ကောင်းကင်သည် စာစောင်လိပ်ကဲ့သို့လွင့်ကာ တောင်များ၊ ကျွန်းများတို့သည် မိမိတို့နေရာမှ ရွေ့သွားကုန်ကြသည်။ "လောကီဘုရင်၊ မှူးမတ်၊ စစ်သူကြီး၊ သူဌေးသူကြွယ်၊ ခွန်အားကြီးသူမှစ၍ ကျွန်များ၊ လူလွတ်များအပေါင်းတို့သည် မြေတွင်း၌လည်းကောင်း၊ တောင်ပေါ်မှကျောက်များ၌လည်းကောင်း ပုန်းရှောင်လျက်နေကြ၏" (EW, pp. 286, 287).

–၀–







## "ကျောက်ဂူ၊ မြေတွင်းထဲ၌"

**"ထာဝရဘုရားသည် မြေကြီးကိုခြောက်လှန့်အံ့သောငှာ ထတော်မူသောအခါ၊ ထိုဘုရားကိုကြောက်ခြင်းအရှိန်၊ ဘုန်းတန်ခိုးအာနုဘော်တော်အရှိန်ကြောင့် လူတို့သည် ကျောက်တွင်း၊ မြေတွင်းထဲသို့ဝင်ကြလိမ့်မည်" (ဟေရှာယ ၂း၁၉)။**

ယေဟောဝါဘုရား၏ပညတ်တော်ကိုဆန့်ကျင်သော လူ့ရန်သူတို့ကြောင့် ပုန်းရှောင်သောသူတို့သည် ပြန့်ကျဲနေကြသည်။ သူတို့ကို လောကီအာဏာပိုင်များက ဖိနှိပ်ခဲ့ကြသည်။ ထိုသူတို့သည် ယေဟောဝါဘုရား၏ပညတ်တော်အပေါ် မှန်ကန်ပြီးလိုက်လျှောက်ကြသောကြောင့် သူတို့၏ရန်သူများသောင်းကျန်းခြင်းအားဖြင့် ကျောက်ဂူ၊ မြေတွင်းများ၌ ပုံ့နှံ့ကြကုန်သည်။ သို့ရာတွင် ဘုရားသခင်၏လူတို့အတွက် ရွေးနုတ်ကယ်တင်ခြင်းရောက်ရှိလာသည်။ ဘုရားသခင်သည် မိမိကိုယ်ကိုပြစ်ဒဏ်ခတ်သောဘုရားအဖြစ် သူတို့၏ရန်သူများထဲတွင် ပြသတော်မူမည်။. . .

ဘုရားသခင်၏လူများ လျှို့ဝှက်စွာပုန်းခိုရန် ကျောက်ဂူ၊ မြေတွင်းများမှ သူတို့သည် ကိုယ်တော်၏သက်သေခံများ၊ မှန်ကန်သစ္စာစောင့်သူများအဖြစ် ခေါ်ထုတ်ခြင်းခံရကြသည်။

မိမိတို့၏ပုန်ကန်ခြင်းကို ရဲဝံ့စွာလုပ်ဆောင်သောသူတို့သည် ဗျာဒိတ် ၆း၁၅–၁၇ တွင် ဖော်ပြချက်ကိုပြည့်စုံစေကြလိမ့်မည်။ ဤကျောက်ဂူနှင့်မြေတွင်းများ၌ပင် သူတို့တစ်ဖက်၌သက်သေခံသောသမ္မာတရားကို စာစောင်များနှင့် စာအုပ်များ၌တွေ့ရှိကြမည်။ သိုးများကိုလမ်းမှားသို့ပို့ဆောင်သောသိုးထိန်းတို့သည် သူတို့အား အပြစ်တင်သံများကိုကြားရကြမည်။ "သင်တို့သည် သမ္မာ

တရားအလင်းကို ဟောပြောခဲ့သူများဖြစ်သည်။ ဘုရားသခင်၏ပညတ်တော်သည် ပယ်ဖျက်ပြီဖြစ်ကြောင်း၊ ၎င်းသည် အချုပ်အနှောင်သာဖြစ်ကြောင်း ကျွန်ုပ်တို့အားဟောပြောသူမှာ သင်တို့ဖြစ်သည်။ သတ္တမနေ့မြော်လင့်ခြင်း အသင်းသားများထံ၌ သမ္မာတရားရှိသည်ဟု ကျွန်ုပ်ယုံကြည်နေစဉ် မှားသောယုံကြည်ချက်ကိုဟောသူမှာ သင်တို့ဖြစ်သည်။ ကျွန်ုပ်တို့၏အသွေးသည် သင်တို့ဝတ်လုံပေါ်၌တည်သည်။. . . ယခုကျွန်ုပ်၏ဝိညာဉ်အတွက် ပြန်ပေးငွေချေနိုင်မည်လား။ ကျွန်ုပ်လိုက်လျှောက်ခဲ့သော် ကယ်တင်ခြင်းရနိုင်မည့် သမ္မာတရားကို မုသားအဖြစ်ပြောင်းပစ်၍ သမ္မာကျမ်းစာကို အလွဲအမှားဟောပြောချက်ကိုနားထောင်သော ကျွန်ုပ်တို့သည် ဘာလုပ်ကြရမည်နည်း။”

ဘုရားသခင်၏ဥပုသ်နေ့အပေါ်နင်းချေရန်၊ ကိုယ်တော်၏အောက်မေ့ဖွယ်အရာကိုဖျက်ပစ်ရန်နှင့် ကိုယ်တော်၏စားကျက်ကို မိမိတို့၏ခြေဖြင့်ဆောင့်နင်းရန်၊ ပညာပေးလေ့ကျင့်ပေးသောသူတို့ကို ကလဲ့စားချေရန် ခရစ်တော်ကြွလာသောအခါ၊ သူတို့၏ဝမ်းနည်းငိုကြွေးခြင်းသည် အချည်းနှီးဖြစ်မည်။ မှားယွင်းသောသိုးထိန်းတို့ကို ယုံကြည်ကိုးစားခဲ့သောသူတို့သည် မိမိတို့ကိုယ်တိုင်ရှာဖွေနိုင်ရန် နှုတ်ကပတ်တော်ရှိခဲ့ကြသည်။ ပြီးနောက် သမ္မာတရားတွင် မိမိကိုယ်ကိုငြင်းပယ်ခြင်းနှင့် ကပ်တိုင်ထမ်းခြင်းများပါဝင်သောကြောင့် အလင်းတရားမှနောက်ကြောင်းပြန်သောသူတို့အား ဘုရားသခင်တရားစီရင်တော်မူမည်ဖြစ်ကြောင်းကို သူတို့သိခဲ့ကြသည်။ ပလ္လင်ပေါ်ထိုင်တော်မူသောသူ၏ဒေါသနှင့် သိုးသငယ်၏အမျက်တော်မှ သူတို့ကိုကျောက်ဆောင်များနှင့်တောင်များက မကာကွယ်နိုင်ချေ။ (Letter, p. 86, 1900).

–၀–



အောက်တိုဘာ (၁၀)

## “ဒုတိယအကြိမ်ကြွလာခြင်း၌ခရစ်တော်၏”

**“ကယ်တင်တော်မူသောအရှင်သခင်ယေရှုခရစ်သည် ကောင်းကင်ဘုံမှကြွလာတော်မူမည်ဟု ငါတို့သည် မျှော်လင့်လျက်နေကြ၏။ ထိုသခင်သည် ခပ်သိမ်းသောအရာကိုပင် မိမိအောက်၌နှိမ့်ချနိုင်တော်မူသော ပြုပြင်အားထုတ်ခြင်းအားဖြင့် ယုတ်ညံ့သောငါတို့၏ကိုယ်ခန္ဓာကိုပင် ဘုန်းအသရေနှင့်ပြည့်စုံသော ကိုယ်ခန္ဓာတော်၏နည်းတူဖြစ်စေခြင်းငှာ အသစ်ပြင်ဆင်တော်မူလတ္တံ့.” (ဖိလိပ္ပိ ၃း၂၀၊၂၁)။**

ခရစ်တော်သည် ကောင်းကင်သို့လူသားပုံသဏ္ဍာန်ဖြင့်တက်ကြွတော်မူခဲ့သည်။ မိုးတိမ်သည် ကိုယ်တော်အားချီဆောင်သွားသည်ကို တပည့်တော်များကြည့်နေခဲ့ကြသည်။ သူတို့နှင့်အတူလမ်းလျှောက်၊ စကားပြော၊ ဆုတောင်းခဲ့သောသူ၊ သူတို့နှင့်အတူမုန့်ကိုဖဲ့စားသောသူ၊ အိုင်ပေါ်၌သူတို့လှေပေါ်တွင် သူတို့နှင့်အတူရှိခဲ့သူ၊ ထိုနေ့၌ပင် သူတို့နှင့်အတူလုပ်ဆောင်၍ သံလွင်တောင်ပေါ်တက်သောသူ၊ ထိုယေရှုသည် ယခုတွင် မိမိဖခမည်းတော်နှင့်အတူရာဇပလ္လင်ပေါ်အတူထိုင်ရန် ကြွသွားတော်မူခဲ့ပြီ။ သူတို့ရှေ့၌ ကောင်းကင်သို့တက်ကြွသွားသည်နည်းတူ တစ်ဖန်ကြွလာတော်မူမည်ဖြစ်ကြောင်း ကောင်းကင်တမန်တို့သည် သူတို့အားအခိုင်အမာပြောခဲ့သည်။ (DA, p. 832).

ဤကမ္ဘာမြေပေါ်နေထိုင်စဉ်က ခရစ်တော်၏လူသားဇာတိဘုန်းတော်သည် မပေါ်လာခဲ့ချေ။ ယခုတွင်မူ ဤလူသားသည်ပင် ကောင်းကင်မှဆင်းကြွလာချိန်တွင် ဘုန်းတန်ခိုး၊ အောင်မြင်ခြင်းကိုဝတ်ဆင်လျက် ဂုဏ်အသရေနှင့်ပြည့်စုံလျက်ရှိသည်။ (1Hp, p. 358).

ခရစ်တော်သည် မိမိ၏ဘုန်းတော်၊ မိမိခမည်းတော်၏ဘုန်းအာနုဘော်တော်နှင့် သန့်ရှင်းသောကောင်းကင်တမန်တို့၏ဂုဏ်ကျက်သရေတို့ဖြင့် ကြွလာလိမ့်မည်။ လှပသည့်ဘုရားသခင်၏အောင်နိုင်သည့်သားများဖြစ်သော ကုဋေသန်းချီမက အတိုင်းမသိများစွာသောကောင်းကင်တမန်များသည် သာလွန်သောအလှအပနှင့်ဘုန်းကျက်သရေပြည့်စုံလျက် ကိုယ်တော်နှင့်အတူလိုက်ပါလာသည်။ ဆူးရစ်သရဖူအစား သရဖူအဆင့်ဆင့်ရှိသောဘုန်းတော်နှင့်ပြည့်သောသရဖူကို ကိုယ်တော်ဆောင်းတော်မူသည်။ ဟောင်းနွမ်းသည့် နီမောင်းသောဝတ်ရုံအစား "ဤမြေပေါ်၌အဘယ်ခဝါသည်မျှမတတ်နိုင်အောင် မိုးပွင့်ကဲ့သို့အလွန်ဖြူသော" (မာကု ၉း၃) ဝတ်ရုံကို ဝတ်ဆင်တော်မူမည်။ အဝတ်တော်နှင့်ပေါင်တော်ပေါ်တွင် "ဘုရင်တို့၏ဘုရင်၊ သခင်တို့၏သခင်" ဟူသောဘွဲ့နာမည်ရေးထားလျက်ရှိသည်။ (HC, p. 367).

သံလွင်တောင်ပေါ်မှ ကိုယ်တော်ရှင်တက်ကြွချိန်က ဂါလိလဲလူတို့ကဲ့သို့ စောင့်မျှော်နေသောသန့်ရှင်းသူတို့သည် ကိုယ်တော်ကောင်းကင်မှကြွလာသည်ကိုမျှော်ကြည့်နေကြစဉ် ကောင်းကင်တစ်ခုလုံးသည် ကောင်းကင်တမန်များမရှိဘဲ ဟင်းလင်းဖြစ်နေလိမ့်မည်။ ထိုအခါ သန့်ရှင်းသောသူ၊ သိမ်မွေ့တော်မူသောသူကို အပြည့်အဝလိုက်လျှောက်သောသူတို့သာလျှင် "ကြည့်ရှုလော့။ ဤအရှင်ကား၊ ငါတို့မျှော်လင့်သော ငါတို့၏ဘုရားသခင်တည်း။ ငါတို့ကိုကယ်တင်တော်မူလိမ့်မည်" ဟု ကိုယ်တော်ကိုမျှော်ကြည့်ရင်း ပျော်ရွှင်စွာကြွေးကြော်ကြလိမ့်မည်။ ပြီးနောက်သူတို့သည် အိပ်ပျော်လျက်ရှိသောသန့်ရှင်းသူတို့ကိုနိုးထစေသော "နောက်ဆုံးတံပိုးမှုတ်သောအခါ၊ တစ်ခဏချင်းတွင် မျက်စိတစ်မှိတ်၌" ပြောင်းလဲကြလိမ့်မည်။ သေလွန်သောသူတို့သည်လည်း ထမြောက်၍ ဘုန်းကြီးသောမသေနိုင်သောအဖြစ်ကိုဝတ်ဆင်လျက်၊ သေခြင်းနှင့်မရဏာကိုအောင်ပြီ၊ အောင်ပြီ" ဟုကြွေးကြော်ကြမည်။ (EW, p. 110).

–ဝ–





## "ဒုတိယအကြိမ်ကြွလာခြင်း၌တရားစီရင်ခြင်း"

**"ကိုယ်တော်တိုင်ပေါ်ထွန်း၍ နိုင်ငံတော်ထင်ရှားသောကာလ၊ အသက်ရှင်သောသူ၊ သေသောသူတို့ကို စစ်ကြောစီရင်တော်မူသော သခင်ယေရှုခရစ်ရှေ့မှာလည်းကောင်း၊ ဘုရားသခင့်ရှေ့မှာလည်းကောင်း ငါသည်သင့်ကိုသစ္စာပေးသည်" (၂တိမောသေ ၄း၁)။**

တရားစီရင်ခြင်းကို စကြဝဠာတစ်ခုလုံးရှေ့မှောက်တွင် ပြုလုပ်မည်ဖြစ်သည်။ အကြောင်းမှာ ဤတရားစီရင်ခြင်းတွင် ဘုရားသခင်၏အုပ်ချုပ်မှုပုံစံကို သက်သေထူရမည်ဖြစ်ပြီး ကိုယ်တော်၏ပညတ်တော်သည် "သန့်ရှင်းခြင်း၊ ဖြောင့်မတ်ခြင်း၊ ကောင်းမြတ်ခြင်းတို့နှင့်ပြည့်စုံကြောင်းကိုလည်း ပြသရပေမည်။ ထိုနောက် အမှုအားလုံးကိုစီရင်ချက်ချပြီး ပြစ်ဒဏ်ချမှတ်မည်။ ထိုအခါ အပြစ်တရားသည် ဆွဲဆောင်မှုမရှိတော့ဘဲ လွန်စွာအကျည်းတန်ကြောင်းကိုမြင်ရမည်။ (SD, p. 361).

မိုးတိမ်ဖြင့်လူသားသည် ဒုတိယအကြိမ်ကြွလာခြင်းမြင်ကွင်းကို လူသားတို့၏နှုတ်ဖြင့် ပုံဖော်၍မရနိုင်ချေ။ ကိုယ်တော်သည် မိမိ၏ဘုန်းတန်ခိုး၊ ခမည်းတော်နှင့်သန့်ရှင်းသောကောင်းကင်တမန်တို့၏ဘုန်းအာနုဘော်ဖြင့် ကြွလာတော်မူမည်။ ကိုယ်တော်သည် ထာဝရကာလအဆက်ဆက် ဝတ်ဆင်တော်မူသောအလင်းရောင်ဝတ်ရုံကို ဆင်မြန်းတော်မူမည်။ ကောင်းကင်တမန်များသည် လိုက်ပါလာကြမည်။ ကုဋေသန်းချီမက မရေမတွက်နိုင်သောကောင်းကင်တမန်တို့သည် ကိုယ်တော်၏လမ်းခရီး၌ပါလာကြလိမ့်မည်။ သင်္ချိုင်း၌အိပ်ပျော်သောသူတို့အား ခေါ်သောတံပိုးသံကိုကြားရမည်။ ခရစ်တော်၏အသံတော်သည် သင်္ချိုင်းဂူများကိုထွင်းဖောက်၍၊ သေသောသူတို့၏နားထဲသို့

ထိုးဖောက်ကာ၊ "သင်္ချိုင်းများမှာရှိသောသူအပေါင်းတို့သည်. . . ထမြောက်ကြလိမ့်မည်။

"ရှေ့တော်၌လူမျိုးအပေါင်းတို့ကိုစုဝေးစေမည်။" လူသားများအတွက် အသေခံတော်မူသောထိုသူသည် နောက်ဆုံးသောနေ့တွင် လူတို့အားတရားစီရင်တော်မူမည်။ အကြောင်းမှာ "တရားစီရင်ခြင်းအခွင့်ရှိသမျှကို သားတော်အားအပ်ပေးတော်မူ၏။. . . သားတော်သည် လူသားဖြစ်သောကြောင့် တရားစီရင်ခြင်းအခွင့်ကိုလည်း အပ်ပေးတော်မူ၏။" ခရစ်တော်ကိုငြင်းပယ်သောသူတို့သည် မိမိတို့၏အပြစ်များအားဖြင့် ထိုးဖောက်ခြင်းကိုခံတော်မူသောကိုယ်တော်ကိုဖူးမြော်ရမည့်နေ့ရက်သည် အဘယ်သို့ဖြစ်လိမ့်မည်နည်း။ (RH, Sept. 5, 1899).

ကိုယ်တော်၏ဒုတိယအကြိမ်ကြွလာခြင်း၌ လူတိုင်းတရားစီရင်ခြင်းခံရကြမည်။ ကိုယ်တော်ထံမှလှည့်ပြန်၍ သေးနုပ်သောလောကီအရာများကိုလိုက်သူများ၊ မိမိကိုယ်ကျိုးနှင့်လောကီဂုဏ်ကျက်သရေတို့ကို ရှာဖွေသူများတို့သည် ကိုယ်တော်ကြွလာတော်မူသောနေ့ရက်တွင် မိမိတို့၏အမှားများကိုသိမြင်ကြလိမ့်မည်။ ဤသူများမှာ ကိုယ်တော်က "မြေကြီးသားအပေါင်းတို့သည်. . . ငိုကြွေးမြည်တမ်းရကြလိမ့်မည်" ဟုမိန့်တော်မူသောသူများပင်ဖြစ်ကြသည်။. . .

"ကိုယ်တော်ကိုထိုးဖောက်သောသူတို့ . . . သည် ကိုယ်တော်ကိုရှုမြင်ရကြလိမ့်မည်။" ဤစကားသည် ကရာနိကုန်းတွင် လက်ဝါးကပ်တိုင်၌ကိုယ်တော်သည် ဆွဲထားခြင်းခံရစဉ်က ခရစ်တော်ကိုထိုးဖောက်သောသူတို့သာမက၊ ယနေ့ဝေဖန်ပြစ်တင်ခြင်းနှင့်မကောင်းမှုပြုခြင်းဖြင့် ကိုယ်တော်ကိုထိုးဖောက်သူများကိုလည်းဆိုလိုသည်။ (ST, Jan. 28, 1903).

–ဝ–





## "ကိုယ်တော်ကိုထိုးဖောက်သောသူများ"

**"နောင်ကာလ၌ လူသားသည် တန်ခိုးတော်၏လက်ယာဘက်၌ထိုင်လျက်၊ မိုးတိမ်ကိုစီး၍ကြွလာသည်ကို သင်တို့မြင်ရကြလတ္တံ့ဟုမိန့်တော်မူ၏" (မာကု ၁၄း၆၂)။**

ယုဒခေါင်းဆောင်တို့သည် ကိုယ်တော်၏ဘုန်းတော်ကိုကြည့်နေကြစဉ်၊ လူသားသည် လူ့အဝတ်အစားများဝတ်ဆင်ခဲ့သည်ကို သူတို့စိတ်ထဲ၌ပြန်လည်သတိရကြသည်။ သူတို့သည် ကိုယ်တော်ကိုမည်သို့ဆက်ဆံခဲ့ကြောင်း၊ မည်သို့ငြင်းပယ်ခဲ့ကြောင်း၊ မည်မျှကြီးမားစွာဖောက်ပြန်ခဲ့ကြကြောင်းကို ပြန်လည်သတိရကြသည်။ သူတို့၏ရှေ့တွင် ခရစ်တော်၏အသက်တာသည် ရှင်းလင်းစွာပေါ်လာသည်။ ကိုယ်တော်ပြုခဲ့သည့်အရာများ၊ မိန့်တော်မူခဲ့သောစကားများ၊ အပြစ်၏အစွန်းအထင်းမှကယ်တင်ရန် သူဆင်းကြွလာခဲ့သောသူတို့၏အရှက်ခွဲခြင်းများအားလုံးသည် သူတို့အားရှုတ်ချလျက်ရှိသည်။

ယေရုရှလင်မြို့ထဲ မြည်းလေးစီးပြီးဝင်ခဲ့သည်များ၊ မိမိ၏သတင်းစကားကိုလက်မခံဘဲ နောင်တမရသောထိုမြို့အတွက် မျက်ရည်စီးကျတော်မူခဲ့သည်များကို သူတို့မြင်ရသည်။ အဆိုးကိုရှောင်၍ အကောင်းကိုလိုလားသော သိမ်မွေ့သည့်ကိုယ်တော်၏တိုးလျှိုးတောင်းပန်သည့်စိန်ခေါ်သံကိုလည်းကြားကြရသည်။ ဂေသရေမန်ဥယျာဉ်ကမြင်ကွင်းသည် သူတို့ရှေ့၌ပေါ်လာ၍၊ "အကျွန်ုပ်၏အဖ၊ ဤခွက်သည် အကျွန်ုပ်ကိုလွန်သွားနိုင်လျှင်လွန်သွားပါစေသော" ဟူသော ကိုယ်တော်၏အံ့ဖွယ်ဆုတောင်းသံကိုလည်းကြားကြသည်။

တစ်ဖန်ပိလတ်မင်းက "ဤသူ၌အဘယ်အပြစ်ကိုမျှငါမတွေ့" ဟူသောပြောဆိုသံကို သူတို့ကြားကြရသည်။ ဗရဗ္ဗသည် ခရစ်တော်၏နံဘေးတွင်

ရပ်လျက်ရှိစဉ်၊ အပြစ်ကင်းမဲ့သောသူကိုရွေးချယ်ပိုင်ခွင့်ရှိနေခဲ့သော တရားစီရင်သည့်ခန်းမထဲက ရှက်ဖွယ်မြင်ကွင်းကိုမြင်ကြရသည်။ တစ်ဖန် ပိလတ်မင်း၏ "သင်တို့သည် အဘယ်သူကိုလွှတ်စေချင်သနည်း။ ဗရဗ္ဗကိုလွှတ်စေချင်သလော၊ ခရစ်ဟုခေါ်ဝေါ်သော ယေရှုကိုလွှတ်စေချင်သလော" ဟူသောစကားကိုကြားကြသည်။ "ထိုသူကိုထုတ်ပါလော့။ ကျွန်ုပ်တို့အားဗရဗ္ဗကိုလွှတ်ပါလော့" ဟူသော တုံ့ပြန်သံကိုလည်းကောင်း၊ ပိလတ်မင်း၏ "သို့ဖြစ်လျှင် ခရစ်ဟုခေါ်ဝေါ်သောယေရှုကို အဘယ်သို့ပြုရမည်နည်း" ဟူသောအမေးကို "လက်ဝါးကပ်တိုင်မှာရိုက်ထားခြင်းကိုခံပါလေစေ" ဟု ပြန်ဖြေကြသည်ကိုလည်းကောင်း သူတို့ကြားကြရသည်။

သူတို့ယဇ်ကောင်သည် လက်ဝါးကပ်တိုင်ပေါ် ပြင်းထန်စွာပြစ်တင်ရှုတ်ချခံရသည်ကို သူတို့မြင်ကြသည်။ "ဘုရားသခင်၏သားတော်မှန်လျှင် လက်ဝါးကပ်တိုင်မှဆင်းလော့။" "သူတစ်ပါးတို့ကိုကယ်တင်တတ်၏။ ကိုယ်ကိုမကယ်နိုင်ပါတကား" ဟူသော ကျယ်လောင်သည့်ကဲ့ရဲ့သံများကိုလည်း သူတို့ကြားကြသည်။

ယခုတွင်မူ ကိုယ်တော်သည် ဂေသရေမန်ဥယျာဉ်၌မဟုတ်၊ တရားစီရင်ခြင်းခန်းမထဲ၌မဟုတ်၊ ကရာနိကုန်းမှလက်ဝါးကပ်တိုင်ပေါ်၌လည်းမဟုတ်တော့သည်ကို သူတို့မြင်ကြရသည်။ အရှက်ရခြင်းအမှတ်လက္ခဏာများမရှိတော့ဘဲ သူတို့တံတွေးထွေးခဲ့သောမျက်နှာ၊ ယဇ်ပုရောဟိတ်များနှင့်ခေါင်းဆောင်များမှ မိမိတို့လက်ဖဝါးဖြင့်ရိုက်ခဲ့သောမျက်နှာ၊ ဘုရားသခင်၏မျက်နှာတော်ကို သူတို့မြင်ကြရသည်။ ယခုတွင် သမ္မာတရားသည် သူတို့အတွက်ထင်ရှားစွာပေါ်လာလေသည်။ (RH, Sept. 5, 1899).

–o–



## အောက်တိုဘာ (၁၃)

# "လူဆိုးများအချင်းချင်းသတ်ကြသည်"

**"အရှင်ထာဝရဘုရားမိန့်တော်မူသည်ကား၊ ငါ့တောင်များအရပ်ရပ်တို့တွင် သူတို့တစ်ဖက်၌ဓားကိုငါမှာလိုက်သဖြင့်၊ လူအပေါင်းတို့သည် တစ်ယောက်ကိုတစ်ယောက် ဓားနှင့်ခုတ်ကြလိမ့်မည်" (ယေဇကျေလ ၃၈း၂၁)။**

လူဆိုးတို့သည် မိမိတို့၏ဘုရားသခင်နှင့်လူသားအချင်းချင်းကိုလျစ်လျူရှုသည့်အပြစ်ကြောင့်မဟုတ်ဘဲ၊ ဘုရားသခင်သည် အောင်နိုင်ခဲ့သောကြောင့် နောင်တတကြီးရနေကြသည်။ ထွက်ရှိလာသောရလဒ်ကြောင့် ငိုကြွေးမြည်တမ်းကြသော်လည်း၊ မိမိတို့၏ဆိုးသွမ်းမှုကို နောင်တမရကြချေ။ သူတို့တတ်နိုင်ခဲ့မည်ဆိုလျှင် ရနိုင်သမျှနည်းလမ်းကို အသုံးပြုခဲ့ကြလိမ့်မည်။. . .

တရားဟောဆရာများနှင့်လူထုသည် ဘုရားသခင်နှင့်စစ်မှန်သောဆက်ဆံမှုမရှိခဲ့ကြချေ။ တရားမျှတပြီး ဖြောင့်မှန်သောပညတ်တော်ကိုပေးတော်မူသောသူကို သူတို့ပုန်ကန်ခဲ့ကြကြောင်း သိမြင်လာကြသည်။ ဘုရားသခင်၏ပညတ်ချက်များကို ဘေးဖယ်ခြင်းအားဖြင့် မကောင်းမှုများ၊ စိတ်ဝမ်းကွဲခြင်း၊ မုန်းတီးခြင်း၊ အပြစ်တရားများ လွန်စွာပွားများလာကာ ကမ္ဘာမြေသည် ရန်းရင်းဆန်ခတ်သည့်နေရာဖြစ်လာပြီး ပျက်စီးခြင်းထဲသို့နစ်သွားရသည်။ ဤအရာမှာ သမ္မာတရားကိုငြင်းပယ်၍ အမှားကိုစွဲလမ်းရန်ရွေးချယ်သူတို့အတွက်မြင်ရသောယခုမြင်ကွင်းပင်ဖြစ်သည်။ နားမထောင်သောသူ၊ သစ္စာမဲ့သောသူတို့၏ထာဝရအသက်လိုလားတောင့်တခြင်းကို မည်သည့်ဘာသာစကားဖြင့်မျှဖော်ပြ၍မရချေ။ မိမိတို့၏အစွမ်းအစနှင့်အပြောကောင်းခြင်းတို့ကြောင့် လူတို့၏ကိုးကွယ်ရာဖြစ်သောသူတို့သည် ဤအရာများကိုမှန်ကန်စွာသိမြင်လာ

ကြသည်။ ကျူးလွန်ခြင်းအားဖြင့် သူတို့လက်လွှတ်ရသည့်အရာများကို သဘောပေါက်လာကြသည်။ သစ္စာစောင့်ခြင်းကြောင့် သူတို့မထိမဲ့မြင်ပြု၍ လှောင်ပြောင်ခဲ့သောသူတို့၏ခြေရင်းတွင်ပျပ်ဝပ်ကာ၊ ဘုရားသခင်သည် သူတို့ကိုချစ်တော်မူခဲ့ကြောင်းဝန်ခံကြသည်။

သူတို့သည် လှည့်ဖြားခြင်းခံရပြီဖြစ်ကြောင်း လူတို့သိမြင်လာကြသည်။ ပျက်စီးခြင်းသို့ပို့ဆောင်သည်ဟု အချင်းချင်းအပြစ်ဖို့ကြသည်။ သို့ရာတွင် တရားဟောဆရာများအပေါ် အပြင်းထန်ဆုံးအပြစ်စွပ်စွဲရာတွင် ပေါင်းစည်းကြသည်။ သစ္စာမရှိသောတရားဟောဆရာတို့သည် ကောင်းသောအရာများကိုသာ ပုရောဖက်ပြုဟောကြသည်။ သူတို့၏တရားနာသူတို့အား ဘုရားသခင်၏ပညတ်တော်ကိုပယ်ဖျက်ရန်နှင့် ၎င်းကိုသန့်ရှင်းစွာစောင့်ထိန်းသောသူတို့အားညှဉ်းဆဲရန် ပို့ဆောင်ကြသည်။ ယခုတွင်မူ ဤဆရာများသည် စိတ်ပျက်စွာဖြင့် မိမိတို့၏လှည့်ဖြားခြင်းအမှုကို အများရှေ့တွင်ဝန်ခံကြသည်။ လူထုသည် ဒေါသနှင့်ပြည့်နှက်လာကြသည်။ “ငါတို့ပျောက်ဆုံးပြီ။ မင်းတို့ကြောင့် ငါတို့ပျက်စီးခြင်းရောက်တာ” ဟု သူတို့အော်ဟစ်ကြကာ၊ မှားယွင်းသောသိုးထိန်းတို့ထံသို့ ဦးလှည့်လာကြသည်။ ယခင်က သူတို့အားအကြည်ညိုဆုံးသောသူတို့သည် သူတို့အပေါ်ကြောက်မက်ဖွယ်အကောင်းဆုံးသောကျိန်ခြင်းဖြင့် ကျိန်ဆိုကြသည်။ ယခင်က သူတို့အားအောင်မြင်ခြင်းသရဖူကိုဆောင်းပေးသောလက်များသည် သူတို့အားပျက်စီးခြင်းသို့ပို့လိမ့်မည်။ ဘုရားသခင်၏လူတို့ကိုသတ်မည့်ဓားတို့သည် မိမိတို့၏ရန်သူကိုဖျက်ဆီးရန် အသုံးပြုကြသည်။ နေရာတိုင်းတွင် ရန်းရင်းဆန်ခတ်မှုနှင့်သွေးချောင်းစီးခြင်းများရှိနေသည်။ (GC, pp. 654-656).

–o–



## အောက်တိုဘာ (၁၄)

## “သိုးသငယ်၏အမျက်တော်”

**“လောကီဘုရင်၊ မှူးမတ်၊ စစ်သူကြီး၊ သူဌေးသူကြွယ်၊ ခွန်အားကြီးသောသူမှစ၍ ကျွန်များ၊ လူလွတ်များအပေါင်းတို့သည် မြေတွင်း၌လည်းကောင်း၊ တောင်ပေါ်မှာရှိသောကျောက်များ၌လည်းကောင်း ပုန်းရှောင်လျက်နေ၍ ထိုတောင်များ၊ ကျောက်များတို့ကိုခေါ်လျက် ငါတို့အပေါ်သို့ကျကြပါ။ ပလ္လင်ပေါ်မှာထိုင်တော်မူသောသူ၏မျက်နှာနှင့် သိုးသငယ်၏အမျက်တော်ကိုကွယ်ကာ၍ ငါတို့ကိုဖုံးအုပ်ကြပါ” (ဗျာဒိတ် ၆း၁၅၊၁၆)။**

ကပြက်ကချော်ပြောင်လှောင်မှုသည် ဆိတ်သုဉ်းသွားလေပြီ။ လိမ်လည်သောနှုတ်ခမ်းလည်း ငြိမ်သက်ရလေပြီ။ လက်နက်ချင်းထိခတ်သံ၊ တိုက်ပွဲများဆူညံသံ၊ “စစ်တိုက်သောသူရဲတို့၏ခြေစွပ်နှင့်အသွေးလူးသောအဝတ်တန်ဆာ” များလည်းရပ်တန့်လေပြီ။ ဆုတောင်းသည့်အသံနှင့် ငိုကြွေးမြည်တမ်းသောအသံမှလွဲ၍ မည်သည့်အသံမျှမကြားရတော့ချေ။ လှောင်ပြောင်သောသူတို့၏နှုတ်မှ “အမျက်တော်ထင်ရှားသောနေ့ကြီးရောက်ပါပြီတကား။ အဘယ်သူသည်ခံရပ်နိုင်မည်နည်း” ဟူ၍ထွက်လာသည်။ လူဆိုးတို့သည် သူတို့လှောင်ပြောင်၊ ငြင်းပယ်ခဲ့သော ကိုယ်တော်၏မျက်နှာကိုရင်ဆိုင်ခြင်းထက် ကျောက်များ၊ တောင်များအောက်၌ မြေမြှုပ်သင်္ဂြိုဟ်ခြင်းခံရန်ဆုတောင်းကြသည်။

သေသောသူတို့၏နားထဲသို့ဖောက်ဝင်သော ထိုအသံကိုသူတို့သိကြသည်။ ထိုဝမ်းနည်းသိမ်မွေ့သောအသံတော်သည် သူတို့အားနောင်တရရန် မကြာခဏဖိတ်ခေါ်ခဲ့သည်မဟုတ်ပါလော။ မိတ်ဆွေအားဖြင့်၊ ညီအစ်ကို

အားဖြင့်၊ ရွေးနုတ်ရှင်အားဖြင့် မကြာခဏတောင်းပန်တိုးလျှိုးသံကိုကြားခဲ့ကြသည်မဟုတ်လော။ ကိုယ်တော်ကျေးဇူးတော်ကိုငြင်းပယ်သောသူတို့သည် "သင်တို့လိုက်သောလမ်းဆိုးမှလွှဲကြလော့။ လွှဲကြလော့။ အဘယ်ကြောင့်အသေခံလိုကြသနည်း" (ယေဇကျေလ ၃၃း၁၁) ဟူသောအသနားခံသံကိုကြာမြင့်စွာကြားခဲ့ပြီးဖြစ်သောကြောင့် အပြစ်တင်စွပ်စွဲခြင်းအပြည့်နှင့် ဝန်လေးခြင်းသာရရှိပေတော့မည်။ ထိုအသနားခံသံသည် သူတို့အတွက် သူစိမ်းတစ်ဦး၏အသံဖြစ်စေချင်လှသည်။ ယေရှုက "ငါသည်ခေါ်၍ သင်တို့သည်ငြင်းပယ်သောကြောင့်လည်းကောင်း၊ ငါ့လက်ကိုဆန့်၍ အဘယ်သူမျှမမှတ်သောကြောင့်လည်းကောင်း ငါသတိပေးခြင်းရှိသမျှတို့ကို သင်တို့သည်ပယ်၍ ငါဆုံးမသောစကားတစ်ခွန်းကိုမျှ နာမခံဘဲနေ" (သုတ္တံ ၁း၂၃း၂၄) ကြသည်ဟုမိန့်တော်မူသည်။ မထီမဲ့မြင်ပြုခဲ့သောသတိပေးစကားများ၊ ငြင်းပယ်ခဲ့သောဖိတ်ခေါ်သံများ၊ ပေါ့ပေါ့တန်တန်ထားခဲ့သောအခွင့်အရေးများတို့ကို ထိုအသံတော်မှပြန်လည်သတိရစေသည်။. . .

သမ္မာတရားကိုငြင်းပယ်သောသူအားလုံး၏အသက်တာတွင် အသိတရားများနိုးထသည့်အချိန်အခိုက်အတန့်များ၊ အသိတရားသည် သူတော်ကောင်းဟန်ဆောင်သော အသက်တာ၏ညှဥ်းဆဲမှုနှင့် အချည်းနှီးသောနောင်တတရားဖြင့် စိတ်ဝိညာဉ်ကိုနှောင့်ယှက်သည့်အခိုက်အတန့်များရှိနေသည်။ သို့ရာတွင် "ပျက်စီးခြင်းအမှုသည် လေပြင်းမုန်တိုင်းကဲ့သို့ရောက်လာ" (သုတ္တံ ၁း၂၇) သည့်နေ့ရက်ကို နောင်တကြီးစွာရခြင်းနှင့် နှိုင်းယှဉ်၍ပင်မရချေ။ ခရစ်တော်နှင့်သူ၏သစ္စာရှိသောသူတို့ကို ဖျက်ဆီးသောသူတို့သည် ထိုသူတို့အပေါ်၌တည်သောဘုန်းတော်ကို ယခုမြင်ရကြသည်။ (GC, pp. 642, 644).

–o–



အောက်တိုဘာ (၁၅)

## "အာမဂေဒုန်စစ်ပွဲတွင်ဘုရားသခင်ပါဝင်လာခြင်း"

**"မြေကြီးစွန်းတိုင်အောင် အသံနှံ့ပြားလိမ့်မည်။ ထာဝရဘုရားသည် လူအမျိုးမျိုးတို့နှင့်တရားတွေ့စရာအကြောင်းရှိ၍ ခပ်သိမ်းသောသတ္တဝါတို့ကို အမှုလုပ်တော်မူမည်။ ဆိုးသောသူတို့ကို ဓားနှင့်ကွပ်မျက်စေခြင်းငှာ အပ်တော်မူမည်ဟု ထာဝရဘုရားမိန့်တော်မူ၏" (ယေရမိ ၂၅း၃၁)။**

နှစ်ပေါင်းခြောက်ထောင်လုံးလုံး မဟာတိုက်လှန်ပွဲသည် ဆက်လက်ဖြစ်ပွားနေသည်။ လူသားတို့အားသတိပေးရန်၊ အလင်းပေးရန်နှင့်ကယ်တင်ရန် ဘုရားသခင်၏သားတော်နှင့်ကောင်းကင်တမန်တို့သည် စာတန်နှင့်ဆက်လက်ပဋိပက္ခဖြစ်ပွားလျက်ရှိသည်။ ယခုအချိန်အမှုကိစ္စအားလုံးကိုဆုံးဖြတ်ပြီးဖြစ်၍၊ ဆိုးသောသူတို့သည် ဘုရားသခင်ကိုတိုက်ခိုက်ရန် စာတန်နှင့်လုံးလုံးလျားလျားပေါင်းစည်းလိုက်ကြသည်။ နင်းပြားခြင်းခံရသော မိမိပညတ်တော်၏အခွင့်အာဏာကိုသက်သေထူရန် ဘုရားသခင်အတွက်အချိန်ကျရောက်လေပြီ။ ယခုအချိန်တွင် တိုက်လှန်ပွဲမှာ စာတန်နှင့်သာမဟုတ်တော့ဘဲ လူတို့ပါ ပါဝင်လာသည်။ "ထာဝရဘုရားသည် လူအမျိုးမျိုးတို့နှင့်တရားတွေ့စရာအကြောင်းရှိ၍။. . . ဆိုးသောသူတို့ကို ဓားနှင့်ကွပ်မျက်စေခြင်းငှာ အပ်တော်မူမည်။"

"စက်ဆုပ်ရွံရှာဖွယ်အမှုတို့ကြောင့် ညည်းတွားငိုကြွေးသောသူတို့" အပေါ်တွင် ရွေးနုတ်ခြင်းအမှတ်လက္ခဏာကိုထိုးမှတ်ထားပြီးဖြစ်သည်။ "အသက်ကြီးသောသူ၊ အသက်ငယ်သောသူ၊ အပျိုမ၊ သူငယ်၊ မိန်းမတို့ကို ရှင်းရှင်းသတ်ကြလော့။ သို့ရာတွင် အမှတ်ပါသောသူကို မချဉ်းကပ်ကြနှင့်။

ငါ၏သန့်ရှင်းရာဌာနနှ၌ အဦးပြုကြလော့” ဟု ယေဇကျေလရူပါရုံမှအမိန့်ပေး ခံရသည့် သတ်ဖြတ်သောလက်နက်များကို ကိုင်ဆောင်သောလူတို့ကိုပုံဆောင် လျက် သေမင်းကောင်းကင်တမန်သည် ထွက်လာလေပြီ။ ပုရောဖက်ဟော သည်မှာ “သူတို့သည်လည်း၊ အိမ်တော်ရှေ့မှာရှိသောအသက်ကြီးသူတို့ကို ရှေးဦးစွာသတ်ကြ၏” (ယေဇကျေလ ၉း၆) ဟူ၍ဖြစ်သည်။ ဖျက်ဆီးခြင်း အမှုကို လူတို့အား ဝိညာဉ်ရေးအုပ်ထိန်းသူတို့အထဲမှစတင်ပါသည်။ မှားယွင်း သောကင်းစောင့်တို့သည် အလျင်ကျဆုံးကြရမည်။ သနားညှာတာရမည့်သူ မရှိပါ။ ယောကျ်ား၊ မိန်းမ၊ ကျွန်မ၊ ကလေးသူငယ်များအားလုံး အတူတကွ ပျက်စီးကြရမည်။

“ထာဝရဘုရားသည် မြေကြီးသားအပေါင်းတို့ကို သူတို့ဒုစရိုက်ကြောင့် အပြစ်ပေးလိုသောငှာ၊ မိမိအရပ်ဌာနထဲကထွက်တော်မူ၏။ ထိုအခါ မြေကြီး သည် မိမိ၌ရှိသောအသွေးကို ဖော်ပြရလိမ့်မည်။ မိမိ၌အသေခံသောသူတို့ကို နောက်တစ်ဖန်ဝှက်မထားရ” (ဟေရှာယ ၂၆း၂၁)။ . . . မိမိတို့၏ကိုယ်ပိုင် ပြင်းထန်သောတပ်မက်ခြင်းအတွက် အရှုးအမူးကြိုးပမ်းရာ၌၊ ဘုရားသခင်၏ ကြောက်မက်ဖွယ်မည်သည့်အရာနှင့်မျှရောစပ်ခြင်းမရှိသော အမျက်တော် သွန်းလောင်းခြင်းကြောင့် ယဇ်ပုရောဟိတ်များ၊ ခေါင်းဆောင်များ၊ ဆင်းရဲ ချမ်းသာမရွေး၊ အနိမ့်အမြင့်ပါမကျန် ဆိုးယုတ်သောမြေကြီးသားတို့သည် ကျဆုံးကြသည်။ “ထိုအခါ ထာဝရဘုရားကွပ်မျက်တော်မူခြင်းကိုခံရသောသူ တို့သည် မြေကြီးတစ်ဖက်မှတစ်ဖက်တိုင်အောင် နှံ့ပြားကြလိမ့်မည်။ သူတို့ကို မမြည်တမ်းရ။ မစုမပုံရ။ မသင်္ဂြိုဟ်ရ။ မြေပေါ်မှာမစင်ကဲ့သို့ဖြစ်ကြလိမ့် မည်။” (GC, pp. 656, 657).

–၀–



**အောက်တိုဘာ (၁၆)**

## “နောက်ဆုံး၊ စစ်ပွဲ၏သဘောသဘာဝ”

**“ထာဝရဘုရားသည် လက်နက်စုံတိုက်တော်ကိုဖွင့်၍၊ အမျက် တော်လက်နက်တို့ကိုထုတ်တော်မူပြီ” (ယေရမိ ၅၀း၂၅)။**

မိမိ၏စိတ်တော်ရှိသည်အတိုင်း ဘုရားသခင်သည် သဘာဝစွမ်းအင် များဖြစ်သည့် “မိုးနှင့်မိုးသီး၊ မိုးပွင့်နှင့်အခိုးအငွေ့၊ အမိန့်တော်ကိုနားထောင် သောလေပြင်းမုန်တိုင်း” (ဆာလံ ၁၄၈း၈) တို့ကို မိမိရန်သူ၏စွမ်းအားကို ကျဆုံးစေရန် ဆင့်ခေါ်တော်မူသည်။ တစ်ပါးအမျိုးသားအာမောရိလူတို့သည် မိမိရည်ရွယ်ချက်ကိုခုခံရန်ပြင်ဆင်ကြသောအခါ၊ ဘုရားသခင်သည် ကြားဖြတ် ဝင်၍ ဣသရေလတို့၏ရန်သူတို့အပေါ်တွင် “မိုးကောင်းကင်မှကြီးသောမိုးသီး” ကိုရွာစေတော်မူခဲ့သည်။ ယေဟောဝါဘုရားသည် “လက်နက်စုံတိုက်တော်ကို ဖွင့်၍၊ အမျက်တော်လက်နက်တို့ကိုထုတ်တော်မူ” (ယေရမိ ၅၀း၂၅) မည့် ကမ္ဘာ့နောက်ဆုံးသောနေ့ရက်တွင် သာ၍ကြီးမားသောစစ်ပွဲဖြစ်ပျက်လိမ့်မည်။ ကိုယ်တော်သည် ယောဘအား “သင်သည် မိုးပွင့်ဘဏ္ဍာတိုက်ထဲသို့ဝင်ဖူး သလော။ ဘေးရောက်ရာအချိန်ကာလနှင့် စစ်ပြိုင်၍တိုက်ရာအချိန်ကာလဖို့ ငါသိုထားသောမိုးသီးဘဏ္ဍာများကိုမြင်ဖူးသလော” (ယောဘ ၃၈း၂၂၊၂၃) ဟုမေးတော်မူသည်။

“ပြီးပြီဟုကြီးသောအသံသည် ကောင်းကင်ဗိမာန်တော်၌ရှိသောပလ္လင် ထဲကထွက်” ချိန်တွင် ဖြစ်ပျက်မည့်ပျက်စီးခြင်းကို ဗျာဒိတ်ရေးသားသူက ဖော်ပြခဲ့သည်။ သူက “ထိုမိုးသီးဘေးဒဏ်အလွန်ကြီးသည်ဖြစ်၍၊ လူတို့သည် မိုးသီးဘေးဒဏ်ကြောင့် ဘုရားသခင်ကိုကျိန်ဆဲကြ၏” (ဗျာဒိတ် ၁၆း၁၇၊၂၁) ဟု ဖော်ပြထားသည်။ (PP, p. 509).

ကမ္ဘာ့သမိုင်း၏နောက်ဆုံးဖြစ်ရပ်တွင် တိုက်ပွဲများဖြစ်လိမ့်မည်။ (RH, Oct. 19, 1897).

မကောင်းမှု၏တန်ခိုးများသည် တိုက်ပွဲကိုလွယ်လွယ်အရှုံးပေးကြမည်မဟုတ်ချေ။ သို့သော်ဘုရားရှင်သည် အာမဂေဒုန်တိုက်ပွဲတွင် ပါဝင်တော်မူမည်။ (7BC, p. 983).

ထာဝရဘုရားစစ်တပ်၏စစ်ဗိုလ်ချုပ်သည် တိုက်ပွဲကိုညွှန်ကြားရန် ကောင်းကင်တမန်တို့၏ခေါင်းဆောင်အဖြစ် ရပ်တော်မူမည်။ (7BC, p. 982).

မိမိ၏အဝတ်တော်တွင် ဘုရင်တို့၏ဘုရင်၊ သခင်တို့၏သခင်ဟု ရေးသားသောသူသည် မြင်းဖြူကိုစီးလျက်၊ စင်ကြယ်သောပိတ်ချောဖြူကို ဝတ်ဆင်ကာ ကောင်းကင်တပ်မတော်ကြီးကို ဦးဆောင်တော်မူသည်။ (7BC, p. 982).

ကိုယ်တော်သည် ကမ္ဘာမြေသို့တစ်ဖန်ကြွလာသောအခါ "မြေကြီးနှင့်ကောင်းကင်ကိုလှုပ်ဦးမည်။" "ပြည်တော်သည် ယစ်မူးသောသူကဲ့သို့ တလူးလည်လည်ရှိ၏။ ပုခက်ကဲ့သို့လှုပ်ရှား၏။" "မိုးကောင်းကင်သည် စာလိပ်ကဲ့သို့လိပ်လျက်ရှိလိမ့်မည်။" "လောကဓာတ်တို့သည် ပူအားကြီး၍ပျက်ကြလိမ့်မည်။ မြေကြီးကိုယ်မှစ၍ မြေကြီးပေါ်မှာပြုလုပ်သမျှသောအရာတို့သည် ကျွမ်းလောင်ကြလိမ့်မည်။" "သို့ရာတွင်ထာဝရဘုရားသည် မိမိလူတို့၏ခိုလှုံရာ၊ ဣသရေလအမျိုးသားတို့၏အစွမ်းသတ္တိဖြစ်တော်မူလိမ့်မည်။" ဟေဗြဲ ၁၂း၂၆။ ဟေရှာယ ၂၄း၂၀။ ၃၄း၄။ ၂ပေတရု ၃း၁၀။ ယောလ ၃း၁၆။ (DA, p. 780).

–၀–







# "သင်တို့သည်အဆင်သင့်ရှိနေကြလော့"

**"သင်တို့သည်ပြင်ဆင်လျက်နေကြလော့။ အကြောင်းမူကား၊ သင်တို့မထင်မမှတ်သောအချိန်နာရီ၌ လူသားသည်ကြွလာလိမ့်မည်" (မဿဲ ၂၄း၄၄)။**

ယနေ့ခရစ်တော်သည် မိုးတိမ်ကိုစီးလျက်ကြွလာမည်ဆိုပါစို့။ . . ကိုယ်တော်အားတွေ့ခြင်းငှာ အဘယ်သူသည် အဆင်သင့်ရှိသနည်း။ ကျွန်ုပ်တို့ရှိသည်အတိုင်း ကောင်းကင်သို့ချီဆောင်ခြင်းခံရသည်ဆိုကြပါစို့။ ဘုရားသခင်၏သန့်ရှင်းသူများနှင့်ပူးပေါင်းရန်လည်းကောင်း၊ တော်ဝင်မိသားစုဝင်များဖြစ်သည့် ကောင်းကင်ဘုရင်မင်းကြီး၏သားများနှင့် စိတ်သဘောထားညီညွတ်လျက်နေထိုင်ရန်လည်းကောင်း ကျွန်ုပ်တို့သည် ပြင်ဆင်ထားပြီလား။ တရားစီရင်ခြင်းအတွက် မည်သည့်ပြင်ဆင်မှုကိုပြုလုပ်ပြီးခဲ့သနည်း။ ဘုရားသခင်နှင့်ငြိမ်းချမ်းမှုရယူပြီလား။ သင့်ဘေး၌ရှိသောသူများ၊ မိသားစုဝင်များ၊ အိမ်နီးချင်းများ၊ သင်နှင့်ထိတွေ့သည့် ဘုရားသခင်၏ပညတ်ချက်တို့ကိုမစောင့်ရှောက်သောသူများတို့အားကူညီရန် ကြိုးပမ်းပါသလား။ နေ့စဉ်အသက်တာတွင် လက်တွေ့လုပ်ဆောင်မှုမရှိသောယုံကြည်ခြင်းသည် တန်ဖိုးမဲ့ကြောင်းသတိရပါ။ ကျွန်ုပ်တို့သည် အမှန်တကယ်ကိုယ်တော်၏ပညတ်တော်ကို စောင့်ခြင်းရှိ၊ မရှိ ဘုရားသခင်သိတော်မူသည်။ ကျွန်ုပ်တို့လုပ်ဆောင်နေသောအရာ၊ စဉ်းစား၊ ပြောဆိုသောအရာ စသည်တို့ကို ကိုယ်တော်သည် အတိအကျသိတော်မူသည်။ ဘုရင်ကြီးကိုတွေ့ဆုံရန် ကျွန်ုပ်တို့အဆင်သင့်ရှိကြပြီလား။ တန်ခိုးနှင့်ကြီးမားသောဘုန်းတော်ဖြင့် မိုးတိမ်နှင့်ကြွလာတော်မူသောအခါ "ကြည့်ရှုလော့။ ဤအရှင်ကား၊ ငါတို့မျှော်လင့်သော ငါတို့၏ဘုရားသခင်တည်း၊ ငါတို့ကို

ကယ်တင်တော်မူလိမ့်မည်" (ဟေရှာယ ၂၅း၉) ဟု သင်ပြောနိုင်မည်လော။ ထိုသို့ပြောနိုင်သောသူတို့အား ခရစ်တော်က "အထက်ကိုတက်ခဲ့ပါ။ ဤလောကတွင် သင်သည်ငါ့ကိုချစ်ခဲ့ပြီ။ ငါ၏အလိုတော်လုပ်ဆောင်ခြင်းကိုလည်း သင်နှစ်သက်ခဲ့သည်။ ယခုသင်သည် သန့်ရှင်းသောမြို့ထဲသို့ဝင်ပြီး၊ ထာဝရအသက်သရဖူကိုရယူနိုင်ပြီ" ဟုမိန့်တော်မူလိမ့်မည်။

အကယ်၍ယခုရှိသည်အတိုင်း ကောင်းကင်သို့ဝင်နိုင်ခဲ့မည်ဆိုလျှင်၊ မည်မျှများသောသူတို့သည် ဘုရားသခင်ကိုကြည့်နိုင်ကြမည်နည်း။ မည်မျှများသောသူတို့သည် မင်္ဂလာဝတ်ရုံကို ဆင်မြန်းနိုင်မည်နည်း။ မည်သူတို့သည် အပြစ်ကင်းစင်ကြသနည်း။. . .

ယခုအချိန်သည် အဝတ်လျှော်၊ မီးပူတိုက်ရမည့်အချိန်– သိုးသငယ်၏အသွေးတော်ဖြင့် စာရိတ္တ၏ဝတ်လုံများကို စင်ကြယ်စေရမည့်အချိန်ဖြစ်သည်။ ယောဟန်က "လောက၏အပြစ်ကိုဆောင်သွားသော ဘုရားသခင်၏သိုးသငယ်ကိုကြည့်လော့" ဟုဆိုထားသည်။ ကျွန်ုပ်တို့၏အပြစ်များကိုစွန့်လွှတ်ကြပါစို့လား။. . .

ညီအစ်ကိုမောင်နှမတို့၊ ထာဝရအသက်သရဖူကို စိတ်ချစေရန်အတွက် လုပ်ဆောင်ကြရန် သင်တို့ကိုကျွန်ုပ်အနူးအညွတ်တောင်းပါ၏။ ဆုလာဘ်သည် တိုက်ပွဲဝင်ခြင်းနှင့်အားထုတ်ခြင်းအတွက် ထိုက်တန်ပေသည်။ ကျွန်ုပ်တို့ပါဝင်သောအပြေးပြိုင်ပွဲတွင် ထာဝရအသက်သရဖူဆုလာဘ်ကို လူတိုင်းရရှိနိုင်သည်။ ဤသရဖူကိုကျွန်ုပ်လိုချင်သည်။ ဘုရားသခင်၏အမအစဖြင့် ကျွန်ုပ်ရရှိနိုင်သည်။ ဘုရင်ကြီးကို သူ၏အလှအပဖြင့်ကျွန်ုပ်မြင်နိုင်သည်ဟူသောသမ္မာတရားကို ခိုင်မြဲစွာကျွန်ုပ်စွဲကိုင်နိုင်သည်။ (1HP, p. 356).

–၀–



**အောက်တိုဘာ (၁၈)**

## "ဖြောင့်မတ်သူများအားလုံးထမြောက်ခြင်း"

**"မြေမှုန့်၌နေသောသူတို့၊ နိုး၍သီချင်းဆိုကြလော့။ အကြောင်းမူကား၊ ကိုယ်တော်၏နှင်းသည် မြက်ပင်တို့ကိုပေါက်စေသောနှင်းကဲ့သို့ဖြစ်၍၊ မြေသည်လည်း မိမိသင်္ချိုင်းသားတို့ကို ထုတ်ဖော်ရပါလိမ့်မည်" (ဟေရှာယ ၂၆း၁၉)။**

ဘုရင်တို့၏ဘုရင်သည် မီးဖြင့်လွှမ်းခြုံထားသောမိုးတိမ်ကိုစီး၍ ဆင်းကြွလာတော်မူသည်။ မိုးကောင်းကင်သည် စာလိပ်ကဲ့သို့လွင့်၍၊ မြေကြီးသည် ကိုယ်တော်ရှေ့တွင်တုန်လှုပ်ကာ၊ တောင်များနှင့်ကျွန်းတို့သည် မိမိတို့နေရာမှရွေ့သွားကြသည်။. . .

ကမ္ဘာမြေလှုပ်ခတ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့်မိုးချုန်းသံများကြားမှ ဘုရားသခင့်သားတော်၏အိပ်ပျော်နေသောသန့်ရှင်းသူတို့အား ခေါ်တော်မူသံကိုကြားရသည်။ ကိုယ်တော်သည် ဖြောင့်မတ်သောသူတို့၏သင်္ချိုင်းကိုကြည့်လျက်၊ လက်တော်ကိုကောင်းကင်သို့မြှောက်ကာ၊ "ထလော့၊ ထကြလော့၊ ထကြလော့။ မြေမှုန့်၌အိပ်ပျော်သောသူတို့၊ ထကြလော့" ဟုမိန့်တော်မူသည်။ ကမ္ဘာမြေ၏အနံ့အလျားတစ်လျှောက်၊ သေသောသူတို့သည်ကြားကြကာ၊ ကြားသောသူတို့သည် အသက်ရှင်ပြန်ကြမည်။ ထိုအခါ ကမ္ဘာမြေတစ်ခုလုံးသည် များပြားစွာသောဘာသာစကားအမျိုးမျိုးကိုပြောသော လူမျိုးအပေါင်းတို့၏ခြေသံများဖြင့် မြည်ဟိန်းသွားသည်။ သေမင်း၏အကျဉ်းထောင်မှသူတို့ထွက်လာကြကာ၊ မသေနိုင်သောဘုန်းတော်ကိုဝင်စား၍၊ "အိုသေမင်း၊ သင်၏လက်နက်သည်အဘယ်မှာရှိသနည်း။ အိုမရဏာနိုင်ငံ၊ သင်၏အောင်ခြင်းသည်အဘယ်မှာရှိသနည်း" (၁ကော ၁၅း၅၅) ဟုကြွေးကြော်ကြသည်။ ထိုအခါ

အသက်ရှင်သောဖြောင့်မတ်သူတို့နှင့် ထမြောက်သောသန့်ရှင်းသူတို့သည် အတူတကွအောင်မြင်ခြင်းကြွေးကြော်သံကို အချိန်ကြာကြာ ဝမ်းမြောက်စွာဖြင့် ဆိုကြသည်။

သင်္ချိုင်းထဲသို့သူတို့ဝင်ခဲ့သည့်အချိန်ကကဲ့သို့ အလားတူအရပ်အမောင်းဖြင့် မိမိတို့သင်္ချိုင်းများမှ အားလုံးထမြောက်လာကြသည်။. . . သို့ရာတွင် သူတို့အားလုံးသည် လန်းဆန်းခြင်းနှင့်ထာဝရနုပျိုသည့်အားမာန်ဖြင့် ထမြောက်လာကြသည်။. . . ပျက်စီးနိုင်သောပုံသဏ္ဍာန်၊ လှပခြင်းအလျှင်းမရှိ၊ တစ်ချိန်က အပြစ်ဖြင့်ညစ်ညမ်းနေခဲ့သောသေမျိုးသည် ပြည့်စုံလှပ၍ မသေနိုင်သောအဖြစ်သို့ပြောင်းသွားလိမ့်မည်။ ပျက်စီးစေခြင်းနှင့်ကိုယ်အင်္ဂါချို့ယွင်းခြင်းအားလုံးတို့ကို သင်္ချိုင်းတွင်ထားရစ်ခဲ့ကြသည်။. . .

အသက်ရှင်လျက်ရှိသောဖြောင့်မတ်သူတို့သည် "တစ်ခဏချင်းတွင် မျက်စိတစ်မှိတ်၌" ပြောင်းလဲသွားကြသည်။ ဘုရားသခင်၏အသံတော်အားဖြင့် ဘုန်းဝင်စားကြသည်။ ယခုတွင် မသေနိုင်သောအဖြစ်ကိုဝတ်ဆင်ကာ၊ ထမြောက်သောသန့်ရှင်းသူတို့နှင့်အတူ အာကာသကောင်းကင်၌ မိမိတို့၏ သခင်ဘုရားကိုတွေ့ခြင်းငှာ ချီဆောင်ခြင်းခံရကြသည်။ ကောင်းကင်တမန်တို့သည် "ရွေးချယ်တော်မူသောသူတို့ကို အရပ်လေးမျက်နှာ၊ ကောင်းကင်အောက်၊ အထက်ဝန်းကျင်တို့မှခေါ်၍ စုရုံးကြလတ္တံ့" (GC, pp. 641, 642, 644, 645).

နို့စို့သူငယ်တို့သည် မိမိတို့၏ဖုန်ထူသောအိပ်ရာများမှ မသေနိုင်သောအဖြစ်ဖြင့် ထမြောက်လာကြသောအခါ၊ ချက်ချင်းပင်မိမိတို့၏မိခင်များ၏ လက်ပေါ်သို့ ပျံဝဲသွားကြသည်။ (2SM, p. 260).

သေခြင်းကြောင့် ကြာမြင့်စွာခွဲခွာခဲ့သောမိတ်ဆွေတို့သည် ဘယ်ခါမျှ ခွဲခွာခြင်းမရှိ၊ ပေါင်းစည်းကြကာ၊ ဝမ်းမြောက်ဖွယ်သီချင်းများကိုသီဆိုလျက် ဘုရားသခင်၏မြို့တော်သို့ အတူတကွတက်ကြွသွားကြသည်။ (GC, p. 645).

–o–



**အောက်တိုဘာ (၁၉)**

## "အိပ်ပျော်သောသန့်ရှင်းသူတို့၏အောင်မြင်ခြင်း"

**"ဤအမှုအရာကိုအံ့သြခြင်းမရှိကြနှင့်။ သင်္ချိုင်းများမှာရှိသောသူအပေါင်းတို့သည် သားတော်၏စကားသံကိုကြား၍၊ ထွက်ရမည့်အချိန်ကာလရောက်လတ္တံ့။ ကောင်းသောအကျင့်ကိုကျင့်သောသူတို့သည် အသက်ရှင်ရာထမြောက်ခြင်းသို့လည်းကောင်း၊ ဆိုးယုတ်သောအကျင့်ကိုကျင့်သောသူတို့သည် အပြစ်စီရင်ရာထမြောက်ခြင်းသို့လည်းကောင်း ထွက်ရကြလတ္တံ့." (ယောဟန် ၅း၂၈၊၂၉)။**

အသက်ပေးပိုင်သောအရှင်သည် မိမိဝယ်ယူခဲ့သောသူတို့အား ပထမထမြောက်ခြင်းတွင် ခေါ်ထုတ်တော်မူမည်။ နောက်ဆုံးတံပိုးမှုတ်၍ လူထုကြီးသည် ထာဝရအောင်မြင်ခြင်းသို့ ထမြောက်လာသောအချိန်၊ ထိုအောင်ပွဲခံခြင်းအချိန်နာရီတိုင်အောင် ဘုရားသခင်သည် အမည်နာမဖြင့်သိတော်မူသောအိပ်ပျော်နေသောသန့်ရှင်းသူအားလုံးကို အဖိုးတန်ကျောက်မြတ်ကဲ့သို့ လုံခြုံစွာစောင့်ရှောက်ခြင်းခံရကြမည်။ အသက်ရှင်စဉ်က သူတို့အထဲ၌ကိန်းဝပ်တော်မူသော ကယ်တင်ရှင်၏တန်ခိုးအားဖြင့်လည်းကောင်း၊ သူတို့သည် ဘုရားသခင်၏သဘောသဘာဝကို ယူတင်ဝတ်ဆင်သူများဖြစ်ကြခြင်းကြောင့်လည်းကောင်း သေခြင်းမှထမြောက်ကြသည်။

ခရစ်တော်က "သင်္ချိုင်းများမှရှိသောသူအပေါင်းတို့သည် သားတော်၏စကားသံကိုကြား၍ ထွက်ရမည့်အချိန်ကာလရောက်လတ္တံ့" ဟုမိန့်တော်မူခဲ့သည်။ ထိုအသံတော်သည် သေသောသူတို့၏သင်္ချိုင်းများတွင် ပဲ့တင်ထပ်လျက်ရှိသည်။ ထိုအခါ ယေရှု၌အိပ်ပျော်သော သန့်ရှင်းသူအားလုံးသည် ထမြောက်၍၊ မိမိတို့၏အကျဉ်းထောင်အိမ်များကိုစွန့်ခွာကြမည်။ ထိုနောက်

ခရစ်တော်၏ဖြောင့်မတ်ခြင်းမှ ကျွန်ုပ်တို့ရရှိသောအကျင့်သီလသည် အမြင့်ဆုံးသောစာရိတ္တ၏စစ်မှန်သောကြီးမြတ်ခြင်းနှင့်ဆက်နွှယ်ပေးလိမ့်မည်။

အိပ်ပျော်သောသန့်ရှင်းသူတို့၏အောင်ပွဲသည် ထမြောက်ရာနံနက်တွင် ကြီးကျယ်ခမ်းနားလိမ့်မည်။. . . အသက်ပေးပိုင်သောအရှင်သည် သင်္ချိုင်းမှထမြောက်သူအားလုံးကို မသေနိုင်သောအဖြစ်ကိုဆောင်းပေးလိမ့်မည်။

ထမြောက်သောလူထုကြီးသည် မတ်တတ်ရပ်နေကြသည်။ နောက်ဆုံးအတွေးမှာ သေခြင်းနှင့်၎င်း၏ဝေဒနာဖြစ်သည်။ သူတို့နောက်ဆုံးတွေးခဲ့သည်မှာ သင်္ချိုင်းနှင့်အုတ်ဂူများဖြစ်သော်လည်း၊ ယခုတွင်မူ သူတို့သည် "အိုသေမင်း၊ သင်၏လက်နက်သည်အဘယ်မှာရှိသနည်း။ အိုမရဏာနိုင်ငံ၊ သင်၏အောင်မြင်ခြင်းသည် အဘယ်မှာရှိသနည်း" ဟုကြွေးကြော်ကြသည်။ သူတို့သည်ရပ်လျက် မသေနိုင်သောအဖြစ်သို့ဝင်စားကာ၊ အာကာသကောင်းကင်၌ မိမိတို့၏သခင်ဘုရားနှင့်တွေ့ဆုံခြင်းငှာ ချီဆောင်ခြင်းခံရကြသည်။. . . တစ်ဖက်ချင်းစီတွင် ကောင်းကင်တမန်များတန်းစီနေကြသည်။ ထိုနောက် အောင်မြင်ခြင်းသီချင်းကို ကောင်းကင်တမန်များသံပြိုင်သီဆိုကြရာ၊ တန်းစီနေသောကောင်းကင်တမန်တို့လည်းသီဆို၍၊ ရွေးနုတ်ခြင်းခံရသောသူတို့သည် ကမ္ဘာမြေပေါ်တွင်သီဆိုဖူးခဲ့သည့်အလား ပူးပေါင်းသီဆိုကြသည်။ အိုမည်မျှလှပသောသံစဉ်ပါတကား။ အသံကြောင်ခြင်းလုံးဝမရှိချေ။ အသံတိုင်းက "အသေသတ်ခြင်းကိုခံခဲ့ပြီးသောသိုးသငယ်သည်. . . ထိုက်တော်မူ၏" ဟုပြောဆိုကြသည်။ ကိုယ်တော်သည် မိမိစိတ်ဝိညာဉ်ဝေဒနာ၏အသီးကိုမြင်တော်မူကာ၊ ကျေနပ်အားရလျက်ရှိတော်မူသည်။ (SD, p. 359).

–၀–





## "ထမြောက်ခြင်း၏ဆန်းကြယ်မှုများ"

**"ငါ့ကိုရွေးနုတ်သောသခင်သည် အသက်ရှင်၍၊ နောင်ကာလ၌ မြေမှုန့်အပေါ်မှာပေါ်လာတော်မူမည်ဟူ၍လည်းကောင်း၊ ငါ့အရေကုန်ပြီးမှ ဤကိုယ်ကိုပင်ဖျက်ဆီးသော်လည်း၊ ငါသည် ကိုယ်ခန္ဓာ၌ ဘုရားသခင်ကိုမြင်မည်ဟူ၍လည်းကောင်း ငါသိ၏။ ငါ့ဘက်၌နေတော်မူသော ဘုရားသခင်ကိုငါမြင်မည်။ သူတစ်ပါးမြင်သည်သာမက၊ ငါသည် ကိုယ်မျက်စိနှင့်ဖူးမြင်မည်။ ထိုသို့မျှော်လင့်၍ ငါ့ကျောက်ကပ်သည် ပျက်လျက်ရှိ၏" (ယောဘ ၁၉:၂၅–၂၇)။**

ကျွန်ုပ်တို့သေဆုံးချိန်က အလားတူရုပ်ဝတ္ထုဖြင့် ပြန်လည်မထမြောက်သော်လည်း၊ ကျွန်ုပ်တို့၏ကိုယ်ပိုင်လက္ခဏာများ မူလအတိုင်းရှိနေမည်။ ဘုရားသခင်၏အံ့ဖွယ်လုပ်ဆောင်မှုများကို လူသားများဉာဏ်မမှီနိုင်ချေ။ လူ၏စရိုက်တည်းဟူသော အသက်ဝိညာဉ်သည် ထိန်းသိမ်းထားနိုင်ရန် ဘုရားသခင်ထံတော်သို့ပြန်သွားသည်။ ထမြောက်ရာတွင် လူတိုင်းသည် မိမိတို့ကိုယ်ပိုင်စရိုက်များကို ပြန်လည်ရရှိကြမည်။ ဘုရားသခင်သည် မိမိသတ်မှတ်ချိန်တွင် သေလွန်သောသူတို့ကိုခေါ်၍ ဇီဝအသက်ကိုပြန်လည်မှုတ်တော်မူ၍၊ ခြောက်သွေ့သောအရိုးများကို အသက်ရှင်စေတော်မူမည်။ အလားတူ နဂိုပုံစံအတိုင်း ထမြောက်ကြမည်ဖြစ်သော်လည်း ရောဂါ၊ အနာအဆာများနှင့်ကင်းလွတ်လိမ့်မည်။ သူတို့သည် ပင်ကိုယ်လက္ခဏာအင်္ဂါရပ်များကို ဆောင်မည်ဖြစ်သောကြောင့် မိတ်ဆွေအချင်းချင်းမှတ်မိကြမည်။ မသေခင်က ကိုယ်ခန္ဓာကိုဖွဲ့စည်းသောအလားသဏ္ဌာန်တူသောရုပ်ဝတ္ထုများကို ဘုရားသခင်ကပြန်ပေးမည်ဖြစ်ကြောင်းပြသသည့် ဘုရားသခင်၏နိယာမသည် သဘာဝတရား၌မရှိချေ။

ဘုရားသခင်သည် သေလွန်သောဖြောင့်မတ်သူတို့အား မိမိကိုကျေနပ်စေသည့် ကိုယ်ခန္ဓာကိုပေးတော်မူမည်။

ပေါလုသည် ဤအကြောင်းအရာကို လယ်၌ကြဲသောစပါးမျိုးစေ့ဖြင့် သာဓကပြသည်။ စိုက်ပျိုးသောမျိုးစေ့သည် ပုပ်ဆွေးသွားသော်လည်း အသစ်သောအဆန်ထွက်လာသည်။ ဆွေးသွားသောအစေ့မှအရာများသည် ယခင်အတိုင်းပြန်လည်ထောင်တက်ခြင်းမရှိချေ။ သို့ရာတွင် ဘုရားသခင်သည် မိမိကိုကျေနပ်စေမည့် ကိုယ်ခန္ဓာကိုပေးတော်မူသည်။ များစွာသာ၍ကောင်းသောအရာဝတ္ထုများဖြင့် လူ့ကိုယ်ခန္ဓာကိုဖွဲ့စည်းတော်မူမည်။ အကြောင်းမှာ ၎င်းသည် အသစ်ဖန်ဆင်းခြင်း၊ အသစ်မွေးဖွားခြင်းပင်ဖြစ်သည်။ သဘာဝကိုယ်ခန္ဓာကို မြှုပ်နှံ၍ ဝိညာဉ်ခန္ဓာဖြင့်ထမြောက်လာသည်။ (6BC, p. 1093).

ခရစ်တော်ကဲ့သို့ ယုံကြည်သူသည်သေနိုင်သည်။ သို့ရာတွင် သူ့အထဲ၌ ကယ်တင်ရှင်၏အသက်ရှိနေသည်။ သူ့၏အသက်သည် ဘုရားသခင်၌ ခရစ်တော်နှင့်အတူဝှက်ထားခြင်းခံရသည်။ ယေရှုက "သိုးတို့သည် အသက်လွတ်ရုံမက အထူးသဖြင့် အသက်နှင့်ပြည့်စုံစေခြင်းငှာလာသတည်း" ဟုမိန့်တော်မူသည်။ ယုံကြည်သူတို့သည် လက်ရှိအသက်တာတွင် ကိုယ်တော်နှင့်တစ်လုံးတစ်ဝတည်းဖြစ်စေခြင်းအားဖြင့် ထာဝရကာလတစ်လျှောက်လုံး ကိုယ်တော်နှင့်တစ်လုံးတစ်ဝတည်းဖြစ်စေရန် ကိုယ်တော်သည် ကြီးမားသောလုပ်ငန်းစဉ်ကို ဆက်လက်လုပ်ဆောင်တော်မူသည်။. . .

နောက်ဆုံးသောနေ့ရက်တွင် သူတို့အား မိမိ၏အစိတ်အပိုင်းအဖြစ်ထမြောက်စေတော်မူမည်။. . . ကျွန်ုပ်တို့သည် ဘုရားဇာတိ၌ ကိုယ်တော်နှင့်အတူ တစ်လုံးတစ်ဝတည်းဖြစ်နိုင်မည်အကြောင်း ကိုယ်တော်သည် ကျွန်ုပ်တို့နှင့်အတူ တစ်လုံးတစ်ဝတည်းဖြစ်လာခဲ့သည်။ (RH, June 18, 1901).

–၀–



**အောက်တိုဘာ (၂၁)**

## "ထာဝရအသက်သည်ယခုစတင်သည်"

**"သက်သေခံတော်မူချက်ဟူမူကား၊ ဘုရားသခင်သည် ငါတို့အား ထာဝရအသက်ကိုပေးတော်မူ၍၊ ထိုအသက်သည်လည်း သားတော်၌ ပါ၏" (၁ယောဟန် ၅း၁၁)။**

ခရစ်တော်၏ထမြောက်ခြင်းသည် ကိုယ်တော်၌အိပ်ပျော်သောသူအားလုံး၏နောက်ဆုံးထမြောက်ခြင်း၏ပုံနမူနာဖြစ်သည်။ (ST, Sept. 26, 1878).

ခရစ်ယာန်တို့သည်သေနိုင်သည်။ သို့ရာတွင် ခရစ်တော်၏အသက်သည် သူတို့၌ရှိသည်။ ဖြောင့်မတ်သူတို့၏ရှင်ပြန်ထမြောက်ခြင်းတွင် အသစ်သောအသက်ဖြင့်ထမြောက်ကြမည်။ (RH, Oct. 1, 1901).

"ထိုနှုတ်ကပတ်တော်၌အသက်ရှိ၏။ ထိုအသက်သည်လည်း လူတို့၏အလင်းဖြစ်၏" ဤနေရာ၌ဖော်ပြသည့်အရာမှာ ကိုယ်ခန္ဓာနှင့်ဆိုင်သောအသက်မဟုတ်ဘဲ၊ ဘုရားသခင်ကသာ ပိုင်ဆိုင်တော်မူသောအသက်၊ ထာဝရအသက်ပင်ဖြစ်သည်။ ဘုရားသခင်နှင့်အတူရှိတော်မူသောနှုတ်ကပတ်တော်၊ ဘုရားသခင်ဖြစ်တော်မူသော ထိုနှုတ်ကပတ်တော်၌ ထိုအသက်ရှိသည်။ ကိုယ်ကာယအသက်မှာမူ လူတိုင်း၌ရှိသောအရာဖြစ်သည်။ ၎င်းသည် ထာဝရမတည်ချေ။ အသက်ပေးပိုင်ရှင်ဘုရားသခင်သည် ထိုအသက်ကိုရုပ်သိမ်းတော်မူသည်။ လူသည် မိမိအသက်ကိုချုပ်ထိန်းနိုင်စွမ်းမရှိချေ။ သို့ရာတွင် ခရစ်တော်၏အသက်မှာမူ ချေးငှားခြင်းမဟုတ်ပေ။ ဤအသက်ကို သူ့ထံမှ မည်သူမျှမလုယူနိုင်ချေ။ ကိုယ်တော်က "ကိုယ်အလိုအလျောက်စွန့်၏" ဟုမိန့်တော်မူခဲ့သည်။ ကိုယ်တော်၌မချေးငှား၊ မရယူသော မူလအသက်ရှိသည်။

ဤအသက်သည် လူတို့၌မွေးရာပါ ပါမလာချေ။ လူသည် ၎င်းကို ခရစ်တော်မှတစ်ဆင့်သာလျှင် ရရှိနိုင်သည်။ (ST, April 8, 1897).

လူသားသဘာဝကိုခံယူစဉ်၊ ခရစ်တော်သည် မိမိအသက်အတွက် ခမည်းတော်ထံ၌မှီခိုခဲ့ရသည်။ လူသားဘဝတွင် ဘုရားဇာတိကိုချန်ရစ်တော်မူခဲ့သည်။ ဤလူသားမျိုးနွယ်တိုင်းသည် ဤသို့လုပ်ဆောင်ရန် အခွင့်အရေးရှိကြသည်။. . .

အကယ်၍ကျွန်ုပ်တို့သည် ကျူးလွန်မှုများကိုနောင်တရ၍၊ ခရစ်တော်ကိုအသက်ပေးပိုင်ရှင်အဖြစ်လက်ခံလျှင် . . . ကျွန်ုပ်တို့သည် ကိုယ်တော်နှင့်တစ်လုံးတစ်ဝတည်းဖြစ်ကာ၊ ကျွန်ုပ်တို့၏လိုအင်များသည် ဘုရားဆန္ဒနှင့် ညီထွေမှုရှိလာမည်။ ကျွန်ုပ်တို့သည် ခရစ်တော်၏ထာဝရအသက်ကို မျှဝေခံစားသူများဖြစ်လာကြသည်။ ကျွန်ုပ်တို့သည် ခရစ်တော်၏အသက်ကိုရရှိခြင်းအားဖြင့် ဘုရားသခင်ထံမှထာဝရအသက်ကိုရရှိကြသည်။ အကြောင်းမှာ ခရစ်တော်၏အထဲ၌ သုံးပါးတစ်ဆူဘုရား၏ပြည့်စုံမှုအပေါင်းရှိနေသည်။ ဤအသက်မှာ ထူးခြားနက်နဲသောဘုရားသခင်နှင့် လူသားတို့ပေါင်းစပ်ခြင်းနှင့် အတူတကွလုပ်ဆောင်မှုပင်ဖြစ်သည်။ (ST, June 17, 1897).

ကျွန်ုပ်တို့သည် ကိုယ်တော်၏ဝိညာဉ်၌ တစ်လုံးတစ်ဝတည်းဖြစ်စေရန်အလို့ငှာ ခရစ်တော်သည် ကျွန်ုပ်တို့နှင့်ခန္ဓာကိုယ်၌ တစ်လုံးတစ်ဝတည်းဖြစ်လာတော်မူခဲ့သည်။. . . ခရစ်တော်အား သူ၏စစ်မှန်သောဂုဏ်တော်ဖြင့်မြင်တွေ့ပြီး၊ စိတ်နှလုံးထဲ၌လက်ခံသောသူတို့သည် ထာဝရအသက်ကိုရရှိကြသည်။ ခရစ်တော်သည် ကျွန်ုပ်တို့အထဲ၌ ဝိညာဉ်တော်အားဖြင့်ကိန်းဝပ်တော်မူပြီး၊ ဘုရားသခင်၏ဝိညာဉ်တော်ကို ယုံကြည်ခြင်းအားဖြင့်၊ စိတ်ထဲ၌လက်ခံခြင်းအားဖြင့် ထာဝရအသက်အစပျိုးခြင်းပင်ဖြစ်သည်။ (DA, p. 388).

–ဝ–





## "ကျွန်ုပ်တို့တစ်ယောက်ကိုတစ်ယောက်မှတ်မိကြမည်"

**"ထိုအခါမူကား၊ သူတစ်ပါးသည် ငါ့ကိုသိသကဲ့သို့ ငါသိရလိမ့်မည်" (၁ကော ၁၃း၁၂)။**

တပည့်တော်တို့သည်လည်း ယေရှုကိုသိသကဲ့သို့၊ ကျွန်ုပ်တို့၏မိတ်ဆွေများကို ကျွန်ုပ်တို့သိကြမည်။ သူတို့သည် ဤသေမျိုးဘဝတွင် ရောဂါများနှင့်ပုံပန်းပျက်ခဲ့ကြသော်လည်း၊ ကျန်းမာစွာနှင့်ကိုယ်ခန္ဓာအချိုးကျစွာဖြင့် ထမြောက်ကြမည်။ သို့ရာတွင် ဘုန်းဝင်စားသောကိုယ်ခန္ဓာတွင် ကိုယ်ပိုင်လက္ခဏာအစုံအလင်ရှိနေမည်။. . . ယေရှု၏မျက်နှာတော်မှ တောက်ပသောအလင်းရောင်ဖြင့်၊ အလင်းရောင်ဖြာထွက်နေသောမျက်နှာဖြင့် ကျွန်ုပ်တို့ချစ်သောသူတို့၏ဝိသေသလက္ခဏာကို ကျွန်ုပ်တို့မှတ်မိကြမည်။ (DA, p. 804).

ရွေးနုတ်ခြင်းခံရသောသူတို့သည် မိမိတို့အားချီးမြှောက်ခြင်းခံရသောယေရှုထံသို့ ပို့ဆောင်ပေးသောသူတို့နှင့်တွေ့ဆုံပြီး၊ မှတ်မိကြမည်။ ဤကယ်တင်ခြင်းခံရသောသူတို့နှင့် အပြန်အလှန်စကားပြောဆိုခြင်းသည် အလွန်မင်္ဂလာရှိလှသည်တကား။ တစ်စုံတစ်ဦးက "ကျွန်ုပ်သည် အပြစ်သားဖြစ်ခဲ့သည်။ လောကတွင် ဘုရားမဲ့၊ မျှော်လင့်ခြင်းလည်းကင်းမဲ့နေခဲ့သည်။ ထိုအခါသင်သည် ကျွန်ုပ်ဆီသို့လာ၍၊ ကျွန်ုပ်၏တစ်ခုတည်းသောမျှော်လင့်ချက်အဖြစ် အဖိုးထိုက်သောကယ်တင်ရှင်ထံသို့ ကျွန်ုပ်ကိုဆွဲယူခဲ့သည်" ဟုပြောဆိုသည်။ အခြားသူတို့သည်လည်း "ကျွန်ုပ်သည် တိုင်းတစ်ပါးတွင် တစ်ပါးအမျိုးသားဖြစ်ခဲ့သည်။ သင်သည် သင့်မိတ်ဆွေများ၊ သာယာသောအိမ်ကိုစွန့်ပြီး၊ ယေရှုကိုမည်သို့ရှာဖွေတွေ့နိုင်ရန်နှင့် ကိုယ်တော်ကိုတစ်ပါးတည်းသောဘုရားရှင်အဖြစ်

ယုံကြည်ရန်အလို့ငှာ သင်ပေးရန်လာခဲ့သည်။ ကျွန်ုပ်၏ရုပ်တုများကိုဖြိုဖျက်ပြီး ဘုရားသခင်ကိုကိုးကွယ်ခဲ့သည်။ ယခုတွင် ကိုယ်တော်အားမျက်နှာချင်းဆိုင်တွေ့ရပြီ။ ကျွန်ုပ်ချစ်သောကိုယ်တော်အား အမြဲထာဝရဖူးမြော်နိုင်ရန် ကျွန်ုပ်သည် ကယ်တင်ခြင်းခံရပြီ" ဟုပြောဆိုသည်။. . .

အခြားသူတို့သည် ဆာလောင်သောသူအားကျွေးမွေးသူတို့နှင့် အဝတ်မဲ့နေသူတို့အားအဝတ်အစားပေးကမ်းသူတို့ကို ကျေးဇူးတင်ကြောင်းပြောပြကြသည်။ သူတို့က "ကျွန်ုပ်၏စိတ်တွင် မယုံကြည်မှုနှင့်စိတ်အားငယ်နေချိန်တွင် မျှော်လင့်ခြင်းစကားများနှင့်နှစ်သိမ့်ရန် ထာဝရဘုရားသည် သင့်အားကျွန်ုပ်ထံသို့စေလွှတ်ခဲ့သည်။ သင်သည် ကျွန်ုပ်ကိုယ်ကာယလိုအပ်ချက်အတွက် အစားအစာများယူလာခဲ့သည်။ ပြီးနောက် သင်သည် ဘုရားသခင်၏နှုတ်ကပတ်တော်ကိုဖွင့်ပြပြီး၊ ကျွန်ုပ်၏ဝိညာဉ်ရေးလိုအပ်ချက်များကို သိစေခဲ့သည်။ သင်သည် ညီအစ်ကိုကဲ့သို့ ကျွန်ုပ်အားဆက်ဆံခဲ့သည်။ ကျွန်ုပ်ဝမ်းနည်းစဉ်တွင် သင်သည်သနား၍၊ အနာတရနှင့်ကျွန်ုပ်၏စိတ်ဝိညာဉ်ကို သက်သာစေခဲ့သည်။ ထိုကြောင့် ကျွန်ုပ်အားကယ်တင်ရန်လှမ်းသော ခရစ်တော်၏လက်ကိုဆွဲကိုင်နိုင်ခဲ့သည်။ ကျွန်ုပ်အရေးမစိုက်သော်လည်း၊ ကျွန်ုပ်ကိုဂရုစိုက်သောကောင်းကင်ဘုံ၌ရှိသောအဖမည်းတော်ကျွန်ုပ်၌ရှိကြောင်း စိတ်ရှည်စွာဖြင့်သင်ပေးခဲ့သည်။ ဘုရားသခင်၏နှုတ်ကပတ်တော်ထဲမှ မွန်မြတ်သောကတိတော်များကို ဖတ်ပြခဲ့သည်။ ကိုယ်တော်သည် ကျွန်ုပ်ကိုကယ်တင်မည်ဖြစ်ကြောင်း ယုံကြည်ခြင်းကိုလည်း သွတ်သွင်းပေးခဲ့သည်။ ကျွန်ုပ်အတွက် ခရစ်တော်၏ပေးဆပ်ခြင်းကို ကျွန်ုပ်စဉ်းစားသောအခါ၊ ကျွန်ုပ်စိတ်နှလုံးသည် ပျော့ပျောင်းလျက်၊ ကွဲကြေခဲ့ရသည်။. . . ယခုကျွန်ုပ်ထာဝရကယ်တင်ခြင်းခံရပြီ" ဟုပြောဆိုသည်။

ဤရွေးနုတ်ခြင်းခံရသောသူတို့သည် မိမိတို့ကိုယ်စား ဝန်ထုပ်ဝန်ပိုးရှိနေခဲ့ကြသောသူတို့နှင့် တွေ့ဆုံနှုတ်ဆက်ကြခြင်းသည် အလွန်ဝမ်းမြောက်ဖွယ်ရာဖြစ်သည်တကား။ ( MLT, p. 353).

–ဝ–



**အောက်တိုဘာ (၂၃)**

## "မင်္ဂလာရှိသောမျှော်လင့်ခြင်း"

**"မင်္ဂလာရှိသောမျှော်လင့်ရာ. . . ငါတို့ကိုကယ်တင်တော်မူသောအရှင်သခင်ယေရှုခရစ်တော်၏ဘုန်းအသရေတော်ထင်ရှားပေါ်ထွန်းခြင်းပေတည်း" (တိတု ၂း၁၃)။**

ကျွန်ုပ်တို့အတွက်နေစရာအရပ်ကိုပြင်ဆင်၍ ကိုယ်တော်ရှိရာအရပ်မှာ ကျွန်ုပ်တို့လည်းရှိစေခြင်းငှာသွားရမည်ဟု ယေရှုမိန့်တော်မူခဲ့သည်။ ကျွန်ုပ်တို့သည် အစဉ်နေ၍ ကိုယ်တော်မျက်နှာတော်အလင်း၌ သာယာကြည်နူးကြမည်။ ထိုပျော်ရွှင်ဖွယ်မျှော်လင့်ချက်ကြောင့် ကျွန်ုပ်ရင်ခုန်မိသည်။ ကျွန်ုပ်တို့သည် ပျော်ရွှင်ဖွယ်ကောင်းကင်အိမ်တော်သို့ရောက်လုပြီ။ ၎င်းမှာ ကျွန်ုပ်တို့၏ထာဝရနေအိမ်ဖြစ်သည်။ ယေရှုသည် အသက်ရှင်တော်မူသောကြောင့် အချိန်တိုင်းကျွန်ုပ်ပျော်ရသည်။ ကိုယ်တော်အသက်ရှင်တော်မူသောကြောင့် ကျွန်ုပ်တို့လည်းအသက်ရှင်ကြရမည်။ ကျွန်ုပ်၏စိတ်ဝိညာဉ်သည် ထာဝရဘုရားကိုချီးမွမ်းနေမိသည်။ ယေရှု၌လူအားလုံးအတွက် အထောက်အပံ့အပြည့်အဝရှိနေသောကြောင့် ကျွန်ုပ်တို့သည် တိုင်းတစ်ပါးတွင် အဘယ်ကြောင့်အစာငတ်မွတ်ပြီးသေရမည်နည်း။

ကယ်တင်ခြင်းအတွက်နှင့် ဘုရားသခင်၏အလိုတော်နှင့်လုံးလုံးလျားလျားကိုက်ညီမှုရှိရန်အတွက် ကျွန်ုပ်ဆာလောင်မွတ်သိပ်လျက်ရှိသည်။ ယေရှုအားဖြင့် ကျွန်ုပ်တို့၌ ကောင်းသောမျှော်လင့်ချက်ရှိသည်။ ၎င်းသည် သေချာပြီးတည်မြဲသည်။ ၎င်းသည် ဝေဒနာခံစားစဉ်တွင် နှစ်သိမ့်မှုကိုလည်းကောင်း၊ ဒုက္ခဆင်းရဲခြင်းအလယ်၌ ပျော်ရွှင်ခြင်းကိုလည်းကောင်းပေး၍၊ ကျွန်ုပ်တို့ပတ်လည်မှအမှောင်ထုကိုဖြိုခွင်း၍၊ ထာဝရအသက်ကိုလှမ်း၍ရှုမြင်

စေသည်။ လောကီဘဏ္ဍာများသည် ကျွန်ုပ်တို့အတွက် မက်လုံးများမဟုတ်တော့ပြီ။ အကြောင်းမှာ ကျွန်ုပ်တို့၌ ဤမျှော်လင့်ချက်ရှိနေစဉ်၊ ၎င်းသည် လောကီဘဏ္ဍာအထက်၌ရှိသော မပျက်စီး၊ မညစ်ညမ်း၊ မှိန်ခြင်းမရှိ ခံနိုင်ရည်ရှိသည့်ဘဏ္ဍာတည်းဟူသော ထာဝရအသက်ကိုလှမ်းဆွဲကိုင်စေသည်။...

ကျွန်ုပ်တို့၏သေမျိုးကိုယ်ခန္ဓာသည် သေ၍သင်္ချိုင်း၌မြုပ်ကြရသည်။ သို့ရာတွင် ဤမင်္ဂလာရှိသောမျှော်လင့်ခြင်းသည် မြေမှုန့်၌အိပ်ပျော်သောသူတို့အား ယေရှုကခေါ်ထုတ်သောထမြောက်ခြင်းတိုင်အောင် အသက်ရှင်လျက်ရှိသည်။ ထိုအခါ မင်္ဂလာရှိပြီးကြီးကျယ်ခမ်းနားသောမျှော်လင့်ချက်၌ ကျွန်ုပ်တို့သည် အပြည့်အဝပျော်နိုင်ကြမည်။ ကျွန်ုပ်တို့ယုံကြည်သောသူကို ကျွန်ုပ်တို့သိကြသည်။ ကျွန်ုပ်တို့သည် အချည်းနှီးပြေးလွှား၊ လုပ်ဆောင်ကြခြင်းမဟုတ်ချေ။ ကျွန်ုပ်တို့ရှေ့တွင် ကြွယ်ဝကြီးကျယ်သောဆုလာဘ်ရှိသည်။ ၎င်းမှာ ပြေးလွှားခြင်း၏ဆုလာဘ်ပင်ဖြစ်သည်။ ကျွန်ုပ်တို့သည် ရဲစွမ်းသတ္တိဖြင့် သည်းခံကြိုးပမ်းလျှင် ထိုဆုလာဘ်ကိုအသေအချာပင်ရရှိကြမည်။. . .

ကျွန်ုပ်တို့အတွက်ကယ်တင်ခြင်းရှိနေသည်။ အဘယ်ကြောင့်အသက်စမ်းရေနှင့်အဝေး၌နေကြသနည်း။ ကျွန်ုပ်တို့၏စိတ်ဝိညာဉ်သည် ဘုရားသခင်၌လန်းဆန်း၊ အားဖြည့်၍ ကြီးပွားစေခြင်းငှာ အဘယ်ကြောင့်သွား၍မသောက်ကြသနည်း။ အဘယ်ကြောင့် လောကကိုအလွန်တွယ်တာကြသနည်း။ လောကီအရာများထက် သာ၍ကောင်းသောအရာပြောဆိုစဉ်းစားရန်ရှိသည်။. . . ယေရှု၏ချစ်ဖွယ်၊ အပြစ်မဲ့သောဂုဏ်တော်ကို စဉ်းစားကြပါစို့။ ကိုယ်တော်ကိုကြည့်ခြင်းအားဖြင့် ကျွန်ုပ်တို့သည် အလားတူပုံသဏ္ဌာန်သို့ပြောင်းလဲကြမည်။ ရဲရင့်ခြင်းရှိကြလော့။ ဘုရားသခင်ကိုယုံကြည်ကြလော့။ (1HP, p. 352).

–ဝ–





## "ဖြောင့်မတ်သူများပြောင်းလဲခြင်း"

**"သခင်ဘုရားသည်ကြွေးကြော်ခြင်း၊ ကောင်းကင်တမန်မင်းအသံပေးခြင်း၊ ဘုရားသခင်၏တံပိုးတော်ကိုမှုတ်ခြင်းနှင့်တကွ၊ ကောင်းကင်ဘုံမှကိုယ်တိုင်ဆင်းသက်တော်မူ၍ ခရစ်တော်၌သေလွန်သောသူတို့သည် အဦးထမြောက်ကြလိမ့်မည်။ ထိုအခါအသက်ရှင်၍ကျန်ကြွင်းသောငါတို့သည် အာကာသကောင်းကင်၌ သခင်ဘုရားထံတော်သို့ရောက်စေခြင်းငှာ ထိုသူတို့နှင့်တကွ မိုးတိမ်ပေါ်သို့ချီဆောင်ခြင်းကိုခံရသောအားဖြင့် သခင်ဘုရားနှင့်အတူ အစဉ်မပြတ်နေရကြလိမ့်မည်" (၁သက်သာ ၄း၁၆၊၁၇)။**

မကြာမီ မဟာမိုးတိမ်ဖြူကြီးပေါ်လာသည်။ ၎င်းသည် သာ၍လှပလာနေသည်။ ထိုမိုးတိမ်ပေါ်တွင် လူသားထိုင်တော်မူသည်။ အစပိုင်းတွင် မိုးတိမ်ပေါ်ကယေရှုကို ကျွန်ုပ်တို့မမြင်ခဲ့သော်လည်း ကမ္ဘာမြေနှင့်နီးလာသောအခါ ချစ်ဖွယ်ကိုယ်တော်ကိုမြင်တွေ့ရသည်။. . . လူသား၏အသံတော်သည် အိပ်ပျော်သောသန့်ရှင်းသူတို့ကိုထမြောက်စေ၍၊ ဘုန်းထွန်းသောမသေနိုင်သည့်အဖြစ်ကို ဝင်စားကြသည်။ အသက်ရှင်လျက်ရှိသောသန့်ရှင်းသူတို့သည် တစ်ခဏအတွင်းပြောင်းလဲ၍၊ ထမြောက်သောသူတို့နှင့် မိုးတိမ်ရထားဖြင့်ချီဆောင်ခြင်းခံရကြသည်။ အထက်သို့တက်လေ အရာရာသည်ဘုန်းအသရေနှင့်ပြည့်စုံသည်။ ရထား၏တစ်ဖက်စီတွင် အတောင်ပံများရှိကာ၊ အောက်ပိုင်းတွင်ဘီးများပါရှိသည်။ ရထားသည်အထက်သို့ပျံတက်ရင်း၊ ၎င်း၏ဘီးတို့က "သန့်ရှင်းတော်မူ၏" ဟူ၍လည်းကောင်း၊ အတောင်ပံများကလည်း၊ ရပ်ခပ်ရင်း "သန့်ရှင်းတော်မူ၏" ဟူ၍လည်းကောင်း ကြွေးကြော်ကြကာ၊ ထိုမိုးတိမ်၏ပတ်လည်၌ရှိသည့် သန့်ရှင်းသောကောင်းကင်တမန်တို့ကလည်း "ထာဝရ

အရှင်ဘုရားသခင်သည် သန့်ရှင်းတော်မူ၏၊ သန့်ရှင်းတော်မူ၏၊ သန့်ရှင်းတော်မူ၏" ဟူ၍ ကြွေးကြော်ကြသည်။ ထိုအခါ မိုးတိမ်ကိုစီးနေကြသော သန့်ရှင်းသူတို့သည် "ဟာလေလုယာ၊ ဘုန်းအသရေရှိစေသတည်း" ဟူ၍ ကြွေးကြော်ကြသည်။ (EW, p. 35).

ကျွန်ုပ်တို့အားလုံးသည် မိုးတိမ်ကိုစီးလျက်၊ ဖန်ရေကန်ကိုတက်ကြရာ ခုနစ်ရက်ကြာခဲ့သည်။ ထိုအခါယေရှုသည် သရဖူများကိုယူဆောင်လာ၍၊ ကိုယ်တော်ကိုယ်တိုင် လက်ယာလက်ဖြင့်ကျွန်ုပ်တို့အား ဆောင်းပေးတော်မူသည်။ ကိုယ်တော်သည်ကျွန်ုပ်တို့အား ရွှေစောင်းကောက်များနှင့်အောင်မြင်ခြင်းစွန်ပလွံခက်တို့ကိုပေးတော်မူသည်။ ထိုဖန်ရေကန်ဘေးတွင် ၁၄၄,၀၀၀ တို့သည် စတုရန်းပုံစံဖြင့်မတ်တတ်ရပ်နေကြသည်။ သူတို့အထဲမှလူတချို့၏ သရဖူသည် အလွန်တောက်ပပြီး အခြားသူတို့မူကား၊ ထိုမျှလောက်တောက်ပခြင်းမရှိချေ။ အချို့သောသူတို့၏သရဖူသည် ကြယ်များဖြင့်လေးလံနေသော်လည်း၊ အခြားသူတို့ကမူ ကြယ်အနည်းငယ်သာရှိသည်။ လူအားလုံးသည် မိမိတို့သရဖူများဖြင့် အကျေနပ်ကြီးကျေနပ်နေကြသည်။ ထိုနောက်သူတို့သည် ပခုံးမှသည်ခြေဖျားတိုင်အောင် ထည်ဝါခမ်းနားသောဝတ်လုံဖြူကိုဝတ်ဆင်ကြသည်။ ကျွန်ုပ်တို့သည် ဖန်ရေကန်မှမြို့တော်တံခါးဆီသို့ချီတက်စဉ်တွင် ကောင်းကင်တမန်တို့သည် ကျွန်ုပ်တို့ဘေး၌ရှိနေကြသည်။ ယေရှုသည် တန်ခိုးကြီးသောလက်တော်ဖြင့် တဖိတ်ဖိတ်တောက်ပသောပတ်တာများဖြင့်ဆင်ထားသော ပုလဲတံခါးများကိုဆွဲဖွင့်၍ ကျွန်ုပ်တို့အား၊ "သင်တို့သည် ငါ၏အသွေးဖြင့် မိမိအဝတ်ကိုလျှော်ဖွပ်၍၊ ငါ၏သမ္မာတရားအတွက် မားမားရပ်ကြသောကြောင့် ဝင်ကြလော့" ဟုမိန့်တော်မူသည်။ (EW, pp. 16, 17).

လူသားများကြားဖူးသည့်တေးသံများထက် သာယာသောအသံသည် "ငါ့ခမည်းတော်ထံကောင်းချီးမင်္ဂလာကိုခံသောသူတို့၊ ကမ္ဘာဦးကပင် ပြင်ဆင်သောနိုင်ငံကို လာ၍အမွေခံကြလော့" ဟုမိန့်တော်မူသံကိုကြားရကြမည်။ (CS, p. 350).

–၀–





**အောက်တိုဘာ (၂၅)**

## "လူသူကင်းမဲ့သောကမ္ဘာ"

**"ငါသည် မြေကြီးကိုကြည့်ရှု၍ လွတ်လပ်လဟာဖြစ်၏။ မိုးကောင်းကင်ကိုလည်းငါကြည့်ရှု၍ အလင်းမရှိ။ တောင်တို့ကိုလည်း ငါကြည့်ရှု၍၊ သူတို့နှင့်တကွကုန်းရှိသမျှတို့သည် တုန်လှုပ်လျက်နေကြ၏။ ငါကြည့်ရှု၍လူမရှိ။ မိုးကောင်းကင်ငှက်အပေါင်းတို့သည် ပြေးကြပြီ" (ယေရမိ ၄း၂၃–၂၅)။**

ခရစ်တော်ကြွလာချိန်တွင် လူဆိုးတို့သည် ကိုယ်တော်၏နှုတ်တော်မှထွက်သောဝိညာဉ်ဖြင့်လောင်ကျွမ်း၍၊ ကိုယ်တော်၏ဘုန်းရောင်ခြည်ဖြင့် ပျက်စီးကြကာ၊ ကမ္ဘာမြေတစ်ခုလုံးမှပယ်ရှင်းလိမ့်မည်။ ခရစ်တော်သည် မိမိလူတို့ကို ဘုရားသခင်၏မြို့တော်သို့ခေါ်ဆောင်သွားရာ၊ ကမ္ဘာမြေသည် နေထိုင်သူကင်းမဲ့လျက်ရှိသည်။ "ကြည့်ရှုလော့။ ထာဝရဘုရားသည် ပြည်တော်ကို လွတ်လပ်စေ၍ ပယ်ရှင်းမှောက်ထားသဖြင့်၊ ပြည်သားတို့ကိုကွဲပြားစေတော်မူ၏။" "တစ်ပြည်လုံးလွတ်လပ်၍ ရှင်းရှင်းပျက်စီးရလိမ့်မည်ဟူသောအရာကို ထာဝရဘုရားမိန့်တော်မူ၏။" "ပြည်သားတို့သည် တရားတော်ကိုလွန်ကျူးခြင်း၊ အမိန့်တော်ကိုပြောင်းလဲခြင်း၊ ထာဝရသစ္စာတော်ကိုဖျက်ခြင်းအကြောင်းကြောင့်၊. . . ကျိန်တော်မူသောအကျိန်သည် ပြည်တော်ကိုလွှမ်းမိုးပြီ။ ပြည်သားတို့အပေါ်မှာ အပြစ်ရောက်လေပြီ။ ထိုကြောင့် ပြည်သားတို့သည် ပူလောင်ကြလေပြီ။" ဟေရှာယ ၄း၁၊၃၊၅၊၆။

ကမ္ဘာတစ်ခုလုံးသည် လူသူကင်းမဲ့သောကန္တာရကဲ့သို့ဖြစ်လေပြီ။ မြေငလျင်ကြောင့် ပျက်စီးသောမြို့ရွာများ၊ အမြစ်လုန်သောသစ်ပင်များ၊ ပင်လယ်နှင့်မြေကြီးမှလွင့်ထွက်လာသောကျောက်ခဲများတို့သည် မြေတစ်ပြင်လုံး၌

ဖြန့်ကြဲကာ၊ တောင်များမိမိတို့နေရာမှရွေ့သွားသောနေရာတွင် ဧရာမတွင်းနက်ကြီးများကျန်ရစ်ခဲ့သည်။

ယခုဖြစ်နေသောဖြစ်ရပ်ကို အပြစ်ဖြေရာနေ့တွင်ပြုသည့် လေးနက်သောအစီအစဉ်က နိမိတ်ပြသခဲ့သည်။ အသန့်ရှင်းဆုံးသောအခန်းတွင် လုပ်ဆောင်မှုပြီးဆုံးသွား၍၊ အပြစ်ဖြေရာယဇ်ကောင်၏အသွေးအားဖြင့် ဣသရေလလူတို့၏အပြစ်များကို ဗိမာန်တော်ထဲမှဖယ်ရှားပြီးနောက် ထာဝရဘုရား၏ရှေ့တော်တွင် အသက်ရှင်သောဆိတ်တစ်ကောင်ကိုယူလာခဲ့သည်။ ထိုအခါ လူထုရှေ့တွင် ယဇ်ပုရောဟိတ်မင်းသည် “ဣသရေလအမျိုးသားတို့၏ဒုစရိုက်မှစ၍၊ ပြစ်မှားသောအပြစ်အမျိုးမျိုးရှိသမျှတို့ကိုဖော်ပြ၍ ဆိတ်ခေါင်းပေါ်မှာတင်ထား၏” (ဝတ်ပြုရာကျမ်း ၁၆း၂၁)။ ထိုနည်းအတိုင်းပင် ကောင်းကင်ဗိမာန်တော်ထဲ၌ အပြစ်ဖြေခြင်းအမှုပြီးဆုံးသွားသောအခါ၊ ဘုရားသခင်ရှေ့၊ ကောင်းကင်တမန်များရှေ့နှင့် ရွေးနုတ်ခံသောလူအပေါင်းတို့၏ရှေ့တွင် ဘုရားသခင့်လူတို့၏အပြစ်များကို စာတန်၏အပေါ်တွင်တင်လိမ့်မည်။ စာတန်သည် သူတို့အားကျူးလွန်စေခဲ့သောမကောင်းမှုအားလုံးအတွက် သူ၌အပြစ်ရှိကြောင်း ကြေညာလိမ့်မည်။ (GC, pp. 657, 658).

–၀–





## “စာတန်အားချည်နှောင်ခြင်း”

**“တစ်ဖန်ကောင်းကင်တမန်သည် အနက်ဆုံးသောတွင်း၏သော့နှင့်သံကြိုးကြီးကိုကိုင်လျက် ကောင်းကင်ကဆင်းသက်သည်ကိုငါမြင်၏။ ရှေးမြွေဟောင်း၊ မာရ်နတ်စာတန်တည်းဟူသောနဂါးကိုကိုင်ဖမ်း၍၊ အနှစ်တစ်ထောင်ဖို့ချည်နှောင်လေ၏” (ဗျာဒိတ် ၂၀း၁၊၂)။**

ဗျာဒိတ်ကျမ်းရေးသားသူသည် စာတန်အားဒဏ်ခတ်ခြင်းနှင့် ကမ္ဘာမြေသည် ဖရိုဖရဲဖြင့်ပျက်စီးခြောက်ကပ်လျက်ရှိနေမည့်အခြေအနေကို ကြိုတင်ဟောပြောပြီး၊ ဤအခြေအနေသည် နှစ်ပေါင်းတစ်ထောင်ကြာမည်ဖြစ်ကြောင်းကိုလည်း ဟောကြားခဲ့သည်။ သခင်ဘုရားဒုတိယအကြိမ်ကြွလာခြင်းမြင်ကွင်းနှင့် ဆိုးယုတ်သောသူများပျက်စီးမည့်အကြောင်း တင်ဆက်ပြီးနောက်၊ အနာဂတ္တိကျမ်းကဆက်ဟောသည်မှာ “တစ်ဖန်ကောင်းကင်တမန်သည် အနက်ဆုံးသောတွင်း၏သော့နှင့်သံကြိုးကြီးကိုကိုင်လျက် ကောင်းကင်ကဆင်းသက်သည်ကိုငါမြင်၏။ ရှေးမြွေဟောင်း၊ မာရ်နတ်စာတန်တည်းဟူသော နဂါးကိုကိုင်ဖမ်း၍၊ အနှစ်တစ်ထောင်ဖို့ချည်နှောင်လေ၏။ အနှစ်တစ်ထောင်မကုန်မီတိုင်အောင် လူအမျိုးမျိုးတို့ကိုမလှည့်ဖြားရမည်အကြောင်း အနက်ဆုံးသောတွင်းထဲသို့ ချပစ်လှောင်ထား၍ တံဆိပ်ခတ်လေ၏။ အနှစ်တစ်ထောင်ကုန်ပြီးမှ တစ်ဖန်ခဏလွှတ်ရဦးမည်” ဗျာဒိတ်ကျမ်း ၂၀း၁–၃။

“အနက်ဆုံးသောတွင်း” ဟူသောဖော်ပြချက်မှာ ကမ္ဘာမြေ၏ရှုပ်ထွေးမှောင်မည်းသောအခြေအနေကိုပုံဆောင်ကြောင်း အခြားကျမ်းချက်များမှပေါ်လွင်ထင်ရှားသည်။ “အစအဦး၌” ကမ္ဘာမြေ၏အခြေအနေနှင့်ပတ်သက်၍ သမ္မာကျမ်းစာက “အဆင်းသဏ္ဌာန်မရှိ၊ လွတ်လပ်လဟာဖြစ်၏။ နက်နဲသောအရပ်

ကိုမှောင်မိုက်ဖုံးလွှမ်း၏" (ကမ္ဘာဦး ၁း၂) ဟုမှတ်တမ်းတင်ထားသည်။ ဤအခြေအနေမျိုးပြန်လည်ရောက်ရှိမည်ဖြစ်ကြောင်း "အနာဂတ်ဟောကြားချက်ကပြသလျက်ရှိသည်။ ထာဝရဘုရား၏နေ့ရက်ကြီးကိုမျှော်လင့်ရင်း၊ ယေရမိဟောကြားသည်မှာ "ငါသည်မြေကြီးကိုကြည့်ရှု၍ လွတ်လပ်လဟာဖြစ်၏။ မိုးကောင်းကင်ကိုလည်းငါကြည့်ရှု၍ အလင်းမရှိ။ တောင်တို့ကိုလည်းငါကြည့်ရှု၍၊ သူတို့နှင့်တကွ ကုန်းရှိသမျှတို့သည်တုန်လှုပ်လျက်နေကြ၏။ ငါကြည့်ရှု၍လူမရှိ။ မိုးကောင်းကင်ငှက်အပေါင်းတို့သည် ပြေးကြပြီ။ ငါကြည့်ရှု၍ ဝပြောသောပြည်သည် တောဖြစ်လေပြီ။ မြို့များတို့သည် ပြိုပျက်လျက်ရှိကြ၏။ ထာဝရဘုရားရှေ့၊ ပြင်းစွာသောအမျက်တော်ရှေ့၌ ထိုသို့သောအခြင်းအရာတို့သည် ဖြစ်ရကြ၏" ယေရမိ ၄း၂၃–၂၆။

ဤသို့သောနေရာသည် စာတန်နှင့်သူ၏ဆိုးသောတမန်တို့အတွက် အနှစ်တစ်ထောင်နေရမည့်နေရာပင်ဖြစ်သည်။ သူသည် ဤကမ္ဘာတွင်သာနေရ၍၊ အခြားသောကမ္ဘာများသို့မကျရှုံးသောသူတို့ကို စုံစမ်းနှောင့်ယှက်ရန်သွားနိုင်မည်မဟုတ်ချေ။ ဤသို့သောအခြေအနေကို သူ့အားချည်နှောင်သည်ဟု ဆိုလိုခြင်းဖြစ်သည်။ သူ၏တန်ခိုးအသုံးပြုနိုင်မည့်အရာတစ်ခုမျှမကျန်တော့ချေ။ သူသည် လှည့်ဖြားခြင်းအလုပ်မှ လုံးဝဖြုတ်တောက်ခြင်းခံရကာ၊ အပျက်အစီးများကြားတွင် ရာစုနှစ်များစွာနေရပါတော့မည်။ (GC, pp. 658, 659).

–၀–



အောက်တိုဘာ (၂၇)

## "မိသားစုများပြန်လည်ပေါင်းစည်းကြမည်"

**"ထာဝရဘုရားမိန့်တော်မူသည်ကား၊ သင်သည် ငိုကြွေးသံကိုချုပ်လော့၊ မျက်ရည်မကျစေနှင့်။ သင်သည် ကိုယ်ကျင့်သောအကျင့်၏အကျိုးကိုခံရလိမ့်မည်။ သင်၏သားတို့သည် ရန်သူပြည်မှပြန်လာကြလိမ့်မည်။ သင်၏အဆုံး၌ မျှော်လင့်စရာအကြောင်းရှိ၏။ သင်၏သားတို့သည် နေရင်းပြည်သို့ပြန်လာကြလိမ့်မည်ဟု ထာဝရဘုရားမိန့်တော်မူ၏" (ယေရမိ ၃၁း၁၆၊၁၇)။**

ခရစ်တော်သည် မိုးတိမ်နှင့်တကွ ကြီးမားသောဘုန်းအာနုဘော်ဖြင့်ကြွလာတော်မူမည်။ များစွာသောတောက်ပသည့်ကောင်းကင်တမန်များ ခြံရံလိမ့်မည်။ ကိုယ်တော်သည် သေသောသူတို့ကိုထမြောက်စေရန်နှင့် အသက်ရှင်သောသူတို့ကို ဘုန်းအသရေတိုးပွား၍ ပြောင်းလဲရန်ကြွလာတော်မူမည်။ မိမိကိုချစ်သောသူတို့နှင့် မိမိ၏ပညတ်ချက်များကိုစောင့်သောသူတို့အား ဂုဏ်ပြုရန်နှင့် မိမိထံတော်သို့သိမ်းယူရန် ကိုယ်တော်ကြွလာမည်။ ကိုယ်တော်သည် သူတို့ကိုလည်းကောင်း၊ မိမိ၏ကတိများကိုလည်းကောင်း မေ့တော်မမူချေ။ မိသားစုဝင်များပြန်လည်ဆုံစည်းကြမည်။ (DA, p. 632).

လောကကြီးသည် ဘုရားတရားရှိသောမိခင်တို့အား မည်မျှအကြွေးတင်ရှိကြောင်းကို ဘုရားသခင်၏နေ့ရက်သည် ဖော်ပြလိမ့်မည်။ . . .

တရားစီရင်ရာတွင် စာစောင်များကိုဖွင့်ထားလျက်ရှိသည်။ မဟာတရားသူကြီးမင်းသည် "သာဓု၊ သစ္စာရှိသောငယ်သားကောင်း" ဟုကြေညာ၍၊ အောင်မြင်သောသူ၏ခေါင်းပေါ်တွင် ထာဝရအသက်ဘုန်းသရဖူကိုဆောင်းပေးတော်မူသောအခါ၊ များစွာသောသူတို့သည် မိမိတို့သရဖူများကို စကြဝဠာ

တစ်ခုလုံးရှေ့တွင်မြှောက်၍၊ မိမိတို့မိခင်များကိုလက်ညှိုးထိုးလျက် “ဘုရားသခင်၏ကျေးဇူးတော်ကြောင့် အမေက ဤအရာအားလုံးကိုပြုပေးခဲ့တယ်။ သူမရဲ့ညွှန်ကြားချက်များ၊ ဆုတောင်းချက်များက ကျွန်ုပ်၏ကယ်တင်ခြင်းသို့ပို့ဆောင်ပေးခဲ့တယ်” ဟုဆိုကြသည်။ (ST, Oct. 11, 1910).

ပြောမထွက်နိုင်လောက်အောင်ဝမ်းမြောက်ခြင်းနှင့် မိဘတို့သည် မိမိတို့သားသမီးတို့အား သရဖူ၊ ဝတ်လုံနှင့်စောင်းကောက်များပေးသည်ကို မြင်ကြရသည်။ မျှော်လင့်ခဲ့သောနေ့ရက်၊ ကြောက်ရွံ့ခဲ့ရသောနေ့ရက်များ ကုန်ဆုံးသွားလေပြီ။ မျက်ရည်နှင့်ဆုတောင်းလျက်ကြဲခဲ့သောမျိုးစေ့များသည် အချည်းနှီးဖြစ်မည့်အလားအလာရှိခဲ့သော်လည်း နောက်ဆုံးတွင် ဝမ်းမြောက်ခြင်းနှင့်ရိတ်သိမ်းရလေပြီ။ သူတို့၏သားသမီးများသည် ရွေးနုတ်ခြင်းခံရကြပြီဖြစ်သည်။ (ST, July 1, 1886).

အချိန်ကြာမြင့်စွာကပင်ပြောဆိုခဲ့ကြ၊ မျှော်လင့်နေခဲ့ရ၊ စိတ်အားထက်သန်စွာမျှော်မှန်းစိတ်ကူးသော်လည်း အပြည့်အဝနားမလည်ခဲ့သော အံ့သြဖွယ်ရွေးနုတ်ခြင်းပါတကား။ (GC, p. 645).

မိမိ၏သစ္စာရှိသောနောက်လိုက်များအတွက် ခရစ်တော်သည် ရင်းနှီးသည့်နေ့စဉ်မိတ်ဆွေဖြစ်သည်။ သူတို့သည် ဘုရားသခင်နှင့်အတူ နီးကပ်စွာအမြဲအသက်ရှင်ခဲ့ကြသည်။ သူတို့အပေါ်တွင် ထာဝရဘုရား၏ဘုန်းတော်ထွန်းတောက်လျက်ရှိသည်။ . . ယခုတွင် သူတို့သည် ဘုန်းကြီးသောဘုရင်မင်းကြီး၏တောက်ပသောဘုန်းအာနုဘော်၌ ဝမ်းမြောက်လျက်ရှိနေကြသည်။ သူတို့စိတ်နှလုံးထဲတွင် ကောင်းကင်နိုင်ငံတည်နေသောကြောင့် သူတို့သည် ကောင်းကင်ဘုံတွေ့ဆုံပွဲအတွက် ပြင်ဆင်ပြီးဖြစ်ကြသည်။ (COL, p. 421).

–၀–



**အောက်တိုဘာ (၂၈)**

## “သစ္စာစောင့်သူတို့အတွက်သရဖူများပြင်ဆင်လျက်ရှိ”

**“ကောင်းစွာသောတိုက်လှန်ခြင်းကိုငါပြုပြီ။ ပြေးရသောလမ်းကိုအဆုံးတိုင်အောင်ပြေးပြီ။ ယုံကြည်ခြင်းတရားကိုစောင့်ရှောက်ပြီ။ ယခုမှစ၍ ဓမ္မသရဖူသည် ငါ့အဖို့သိုထားလျက်ရှိ၏။ ထိုနေ့ရက်၌ တရားသဖြင့်စီရင်သောသူတည်းဟူသော သခင်ဘုရားသည် ထိုသရဖူကိုငါ၌အပ်ပေးတော်မူမည်။ ထိုမျှမက၊ ပေါ်ထွန်းတော်မူခြင်းကိုတောင့်တသောသူအပေါင်းတို့၌လည်း အပ်ပေးတော်မူမည်” (၂တိမောသေ ၄း၇၊၈)။**

ထာဝရဘုရားသည် မိမိ၏အဖိုးထိုက်ကျောက်မျက်ရတနာများရွေးကောက်ပြီးချိန်တွင် မှန်ကန်၊ ပွင့်လင်း၊ ရိုးသားသောသူတို့သည် ကြည်နူးမှုဖြင့်အကြည့်ခံရကြသည်။ ကောင်းကင်တမန်တို့သည် ထိုသို့သောသူတို့အတွက် သရဖူများကိုပြုလုပ်ကြကာ၊ ကြယ်များဖြင့်စီခြယ်ထားသော ထိုသရဖူများသည် ဘုရားသခင်၏ပလ္လင်တော်မှဖြာထွက်သောအလင်းရောင်များကို ရောင်ပြန်ဟပ်လျက်ရှိသည်။ (5T, p. 96).

ကောင်းကင်နှင့်ဆိုင်သောအရာများကိုပြောဆိုကြပါ။ ယေရှုအကြောင်း၊ သူ၏လုပတင့်တယ်မှုနှင့်ဘုန်းတော်၊ သင့်အတွက်ကိုယ်တော်၏မဆုံးသောမေတ္တာတို့ကိုပြောဆိုကြကာ သင်တို့စိတ်နှလုံးထဲမှ သင်တို့ကိုကယ်တင်ရန်အသေခံတော်မူသောကိုယ်တော်ကိုချစ်၍ ကျေးဇူးတင်ပါ။ သင့်သခင်ဘုရားကိုငြိမ်းချမ်းစွာတွေ့ဆုံနိုင်ရန် အဆင်သင့်ပြင်ထားပါ။ အဆင်သင့်ရှိသောသူတို့သည် မမေးမှိန်သောအသက်သရဖူကိုရကြပြီး၊ ဘုရားသခင်၏နိုင်ငံတော်တွင် ခရစ်တော်နှင့်အတူ ကောင်းကင်တမန်များနှင့်တကွ၊ ခရစ်တော်၏အဖိုးထိုက်

သောအသွေးတော်ဖြင့် ရွေးနုတ်ခြင်းခံရသောသူတို့နှင့် အစဉ်ထာဝရနေထိုင်သွားကြမည်။ (SD, p. 362).

ကယ်တင်ရှင်ပေါ်ထွန်းလာခြင်းကိုစောင့်မျှော်၍ ချစ်သောကျွန်ုပ်တို့အတွက် ဘုန်းအသရေရှိသောသရဖူကို သိုထားလျက်ရှိသည်။

ဘုန်းအသရေ၊ ဂုဏ်သိက္ခာ၊ ထာဝရအသက်တို့ဖြင့် သရဖူကိုရရှိမည့်သူတို့မှာ စောင့်မျှော်သောသူများဖြစ်ကြသည်။ သင်တို့သည် လောက၏ဂုဏ်ကျက်သရေများ သို့တည်းမဟုတ် ကြီးမြတ်သောသူတို့၏ချီးမွမ်းခံရခြင်းအကြောင်းများကို ဆွေးနွေးပြောဆိုရန်မလိုအပ်ချေ။ ၎င်းတို့အားလုံးသည် အချည်းနှီးသာဖြစ်သည်။ ဘုရားသခင်၏လက်ညှိုးတော်သည် သူတို့ကိုတို့ထိ၍ မကြာမီမြေမှုန့်သို့သွားရကြမည်။ ထာဝရတည်မည့်ဂုဏ်ကျက်သရေ၊ မသေနိုင်၊ ဘယ်ခါမျှမပျက်စီးနိုင်သောဂုဏ်ကျက်သရေ၊ မည်သည့်ဘုရင်ခံ၏သရဖူထက် သာ၍ကြွယ်ဝသောသရဖူကို ကျွန်ုပ်လိုချင်သည်။ (RH, Aug. 17, 1869).

ထိုနေ့ရက်တွင်ရွေးနုတ်ခံသူတို့သည် အဖခမည်းတော်နှင့်သားတော်၏ဘုန်းတော်၌ တောက်ပကြလိမ့်မည်။ ကောင်းကင်တမန်တို့သည် မိမိတို့၏စောင်းကောက်များကိုကိုင်လျက်၊ ဘုရင်မင်းမြတ်ကြီးနှင့် ကိုယ်တော်၏အောင်ပွဲရအထိမ်းအမှတ်ဖြစ်သည့် သိုးသငယ်၏အသွေးတော်ဖြင့် မိမိတို့အဝတ်ကိုလျှော်ဖွပ်ဖြူစင်စေသောသူတို့ကို ကြိုဆိုကြလိမ့်မည်။ အောင်မြင်ခြင်းသီချင်းသံပေါ်ထွက်လာ၍၊ ကောင်းကင်တစ်ခုလုံးညံသွားလေသည်။ ခရစ်တော်သည် အောင်နိုင်တော်မူလေပြီ။ ကိုယ်တော်သည် သူ၏ဝေဒနာခံစားခြင်းနှင့်ဆက်ကပ်ခြင်းသာသနာသည် အချည်းနှီးမဟုတ်ကြောင်း သက်သေခံသော မိမိရွေးနုတ်သည့်သူများလိုက်ပါလျက် ကောင်းကင်ဘုံနန်းသို့ ဝင်တော်မူသည်။ (SD, p. 362).

–ο–





## “ဘုရားသခင်၏သားသမီးတိုင်းအတွက်သရဖူ”

**“စုံစမ်းနှောင့်ယှက်ခြင်းကိုသည်းခံသောသူသည် မင်္ဂလာရှိ၏။ အကြောင်းမူကား၊ စစ်ကြောစုံစမ်းခြင်းကိုခံပြီးမှ သခင်ဘုရားကိုချစ်သောသူတို့အား ကတိထားတော်မူသော အသက်သရဖူကိုရလိမ့်မည်” (ယာကုပ် ၁း၁၂)။**

များစွာသောကောင်းကင်တမန်တို့သည် သန့်ရှင်းသောသူတိုင်းအတွက် သူတို့နာမည်စီပြီးရေးထွင်းထားသည့် ဘုန်းကျက်သရေရှိသောသရဖူများကို မြို့တော်ထဲမှယူဆောင်လာကြသည်။ ယေရှုသည် သရဖူရယူရန်ခေါ်သောအခါ၊ ကောင်းကင်တမန်တို့သည် ကိုယ်တော်အားသရဖူများကိုယူဆောင်လာပေးကာ ချစ်ဖွယ်သောယေရှုသည် မိမိလက်ယာလက်ဖြင့် သန့်ရှင်းသူတို့၏ခေါင်းပေါ်တွင် သရဖူများကိုဆောင်းပေးတော်မူသည်။ ထိုနည်းတူပင် ကောင်းကင်တမန်တို့သည် စောင်းကောက်များကိုလည်းယူဆောင်လာပေး၍၊ ယေရှုသည် သန့်ရှင်းသူတို့အား ၎င်းတို့ကိုပေးတော်မူသည်။ ဦးဆောင်သောကောင်းကင်တမန်သည် သံစဉ်တစ်ခုကိုတီးခတ်လိုက်သည်။ ထိုအခါလူတိုင်းသည် ချီးမွမ်းခြင်းသီချင်းကိုသီဆိုကြကာ၊ လက်တိုင်းသည် စောင်းကြိုးများပေါ် ကျွမ်းကျင်စွာတီးခတ်၍၊ နာပျော်ဖွယ်တေးသံစဉ်ထွက်ပေါ်လာသည်။. . .

မြို့တော်ထဲတွင် အရာရာသည် မျက်စိအာရုံခံစရာချည်းနှင့်ပြည့်စုံသည်။ သူတို့ကြည့်ကြည့်သမျှသည် ဘုန်းအသရေရှိလှသည်။ ထိုနောက်ယေရှုသည် မိမိရွေးနုတ်သောသူတို့ကိုကြည့်တော်မူရာ သူတို့၏မျက်နှာသည် ဘုန်းကျက်သရေဖြင့်တောက်ပနေသည်။ ကိုယ်တော်သည် သူတို့အားစိုက်ကြည့်လျက်၊ တေးသံစဉ်ကဲ့သို့သောအသံတော်ဖြင့် “ငါ့ဝိညာဉ်ရဲ့ဒုက္ခသုက္ခကို

ငါကြည့်ရှု၊ ငါကျေနပ်ရပြီ။ ဤကြွယ်ဝသောဘုန်းကျက်သရေသည် သင်တို့၏ထာဝရပျော်မွေ့ရာဖြစ်သည်။ သင်တို့၏ဝမ်းနည်းခြင်းအဆုံးတိုင်ပြီ။ သေခြင်း၊ ဝမ်းနည်းခြင်း၊ ငိုကြွေးခြင်း၊ နာကျင်မှုတစ်စုံတစ်ရာလုံးဝမရှိတော့ပြီ" ဟု မိန့်တော်မူသည်။. . .

ထိုနောက် ယေရှုသည် မိမိလူတို့ကိုအသက်ပင်သို့ခေါ်ဆောင်တော်မူသည်ကို ကျွန်ုပ်မြင်ခဲ့သည်။ အသက်ပင်ပေါ်တွင် သန့်ရှင်းသောသူတို့ လွတ်လပ်စွာစားနိုင်သည့် အလွန်လှပသောအသီးများရှိသည်။ မြို့တော်ထဲတွင် ကြီးကျယ်ခမ်းနားဆုံးသောပလ္လင်တော်ရှိပြီး၊ ၎င်းမှကျောက်သလင်းကဲ့သို့ကြင်လင်သည့် အသက်ရေမြစ်စီးထွက်လာသည်။ ဤမြစ်ကမ်းတစ်ဖက်စီတွင် အသက်ပင်ရှိသည်။ ထိုနောက် မြစ်ကမ်းပါးများတွင်အသီးသီးသည့် လှပသောသစ်ပင်များလည်းရှိနေသည်။. . .

ကောင်းကင်နိုင်ငံ၏အလှကိုဖော်ပြရန်ကြိုးစားရာမှာ လူ့ဘာသာစကားသည် အားနည်းလွန်းလှသည်။ ကျွန်ုပ်ရှေ့တွင် ဤမြင်ကွင်းကိုမြင်ရသောအခါ၊ မယုံနိုင်လောက်အောင်အံ့အားသင့်ရသည်။ သာလွန်သောသားနားထည်ဝါမှုနှင့် ထူးကဲသောဘုန်းကျက်သရေတို့ကြောင့် အလွန်စိတ်လှုပ်ရှားလျက်၊ ကလောင်တံကိုချ၍" အိုအလွန်ကြီးမား၊ အံ့ဖွယ်သောချစ်ခြင်း—မေတ္တာပါတကား" ဟုကြွေးကြော်မိသည်။ ကောင်းကင်နိုင်ငံ၏ဘုန်းကျက်သရေသို့တည်းမဟုတ် အနှိုင်းမဲ့သောကယ်တင်ရှင်၏မေတ္တာတော်အနက်ကိုဖော်ပြရန် အမြင့်မြတ်ဆုံးသောလူ့ဘာသာစကားသည် မစွမ်းဆောင်နိုင်ချေ။ (SR, pp. 413, 414).

–ဝ–





## "ကျွန်ုပ်တို့၏ရွေးနှုတ်ခြင်းအချိန်နီးလာပြီ"

**"ထိုအမှုအရာတို့သည် ဖြစ်စရှိသောအခါ၊ သင်တို့ကိုရွေးနှုတ်သောအချိန်ကာလရောက်လုနီးသည်ကိုထောက်သဖြင့်၊ မျှော်ကြည့်၍ ခေါင်းကိုကြွကြလော့ဟု မိန့်တော်မူ၏" (လုကာ ၂၁း၂၈)။**

ခရစ်တော်ကြွလာခြင်းသည် ကျွန်ုပ်တို့စတင်ယုံကြည်သည့်အချိန်ကထက် သာ၍နီးကပ်လာသည်။ မဟာတိုက်လှန်ပွဲသည် ပြီးဆုံးတော့မည်။ ဘုရားသခင်၏တရားစီရင်မှုများသည် မြေကြီးပေါ်သို့ကျရောက်လျက်ရှိသည်။ ၎င်းတို့သည် လေးနက်သောသတိပေးချက်ပြောပြနေသည်။ "သင်တို့သည် ပြင်ဆင်လျက်နေကြလော့။ အကြောင်းမူကား၊ သင်တို့မထင်မမှတ်သောအချိန်နာရီ၌ လူသားသည်ကြွလာလိမ့်မည်" (မဿဲ ၂၄း၄၄)။

ကျွန်ုပ်တို့သည် ကမ္ဘာ့သမိုင်း၏နောက်ဆုံးပိုင်းတွင်နေထိုင်ကြသည်။ အနာဂတ်ဟောပြောချက်များ အလျင်အမြန်ပြည့်စုံနေသည်။ ကရုဏာအချိန်ကာလသည် အလျင်အမြန်ဖြတ်သွားနေသည်။ ကျွန်ုပ်တို့၌ဖြုန်းစရာအချိန်မရှိတော့ပြီ။ သတိလက်လွတ်အိပ်မနေသင့်တော့ပြီ။ မည်သူတစ်ဦးတစ်ယောက်မျှ "ငါ့အရှင်လာခဲလိမ့်မည်" ဟုမဆိုပါစေနှင့်။ ခရစ်တော်မကြာမီကြွလာမည့်သတင်းစကားကို အလေးအနက်သတိပေးစကားဖြင့်ပြောကြပါစို့။ နောင်တရရန်နှင့် လာမည့်အမျက်တော်မှထွက်ပြေးရန် နေရာတိုင်း၌ရှိသောယောကျ်ား၊ မိန်းမတို့အား သွေးဆောင်ကြပါစို့။. . .

သခင်ဘုရားသည် မကြာမီကြွလာမည်။ ကိုယ်တော်အားငြိမ်းချမ်းခြင်းနှင့်တွေ့ဆုံနိုင်ရန် ကျွန်ုပ်တို့ပြင်ဆင်ကြရမည်။ ကျွန်ုပ်တို့ပတ်လည်ရှိသူတို့အား အလင်းတရားကိုပေးရန် အစွမ်းကုန်လုပ်ဆောင်ရန် စိတ်ပိုင်းဖြတ်

ကြပါစို့။ ကျွန်ုပ်တို့သည် ဝမ်းနည်းနေရမည်မဟုတ်ဘဲ ရွှင်လန်းကြရမည်ဖြစ်ပြီး၊ သခင်ယေရှုကို ကျွန်ုပ်တို့၏ရှေ့တွင် အမြဲထားရှိရမည်။ သူသည် မကြာမီကြွလာတော့မည်။ ကိုယ်တော်ပေါ်ထွန်းခြင်းအတွက် အဆင်သင့်ရှိလျက် စောင့်မျှော်ရမည်။ ကိုယ်တော်အားဖူးတွေ့ရန်နှင့် ကိုယ်တော်၏ရွေးနုတ်သူများအဖြစ် ကြိုဆိုခံရမည်မှာ အဘယ်မျှပင်ဘုန်းကျက်သရေရှိလိမ့်မည်နည်း။ ကျွန်ုပ်တို့ကြာရှည်စွာစောင့်ခဲ့ရသော်လည်း၊ မျှော်လင့်ချက်မှေးမှိန်မသွားချေ။ ကျွန်ုပ်တို့သည် ဘုရင်မင်းမြတ်ကြီးအား သူ၏အလှအပဖြင့်ဖူးတွေ့ခွင့်ရသော်၊ ထာဝရကာလပတ်လုံး မင်္ဂလာရှိကြမည်။ "အိမ်ပြန်ပြီ" ဟုအော်လိုက်ချင်မိသည်။ ခရစ်တော်သည် မိမိရွေးနုတ်သောသူတို့အား သူတို့၏ထာဝရအိမ်တော်သို့ခေါ်ဆောင်ရန် ကြီးမားသောဘုန်းတန်ခိုးဖြင့်ကြွလာမည့်အချိန်သည် နီးကပ်လာသည်။. . .

ကျွန်ုပ်တို့၏ကယ်တင်ရှင်ပြန်လာရန်အတွက် ကျွန်ုပ်တို့ကြာရှည်စွာ စောင့်ခဲ့ကြသည်။ သို့သော် မည်သို့ပင်ဆိုစေ၊ ကတိတော်သည်သေချာသည်။ မကြာမီကျွန်ုပ်တို့သည် ကတိတော်အိမ်တော်သို့ရောက်သွားကြမည်။ ထိုနေရာတွင် ယေရှုသည်ကျွန်ုပ်တို့အား ဘုရားသခင်ပလ္လင်တော်မှစီးထွက်သော အသက်စမ်းရေချောင်းနံဘေးတွင်ပို့ဆောင်၍၊ ကျွန်ုပ်တို့၏စရိုက်များပြည့်စုံစေရန်အလို့ငှာ ဤကမ္ဘာအမှောင်ထုမှ မည်သို့ခေါ်ဆောင်လာသည်ကို ရှင်းပြတော်မူသည်။ ထိုနေရာတွင် ပြန်လည်ထူထောင်သော ဧဒင်ဥယျာဉ်၏အလှအပကို အရှင်းလင်းဆုံးမြင်ရကြမည်။ ကျွန်ုပ်တို့ဦးခေါင်းပေါ်တွင် ကိုယ်တော်ဆောင်းပေးသော သရဖူများကို ကိုယ်တော်၏ခြေရင်းတွင်ချထားကာ၊ ရွှေစောင်းကောက်များကို ကောက်ကိုင်၍၊ ပလ္လင်ပေါ်တွင်ထိုင်တော်မူသော ကိုယ်တော်ကိုချီးမွမ်းခြင်းနှင့် ကောင်းကင်တစ်ခုလုံးကိုပြည့်စေကြသည်။ (8T, pp. 252-254).

–o–



အောက်တိုဘာ (၃၁)

## "ဆုလာဘ်သည်ကိုယ်တော်၌ရှိသည်"

**"ငါသည်အလျင်အမြန်လာမည်။ ငါသည်အကျိုးအပြစ်ကိုဆောင်ခဲ့သည်ဖြစ်၍၊ လူအသီးအသီးတို့အား မိမိတို့အကျင့်အတိုင်းဆပ်ပေးမည်" (ဗျာဒိတ် ၂၂း၁၂)။**

ဤကမ္ဘာမြေပေါ် ကျွန်ုပ်တို့၏အလုပ်သည် မကြာမီပြီးဆုံး၍၊ လူတိုင်းသည် မိမိ၏လုပ်ဆောင်ချက်အတိုင်း ဆုလာဘ်ကိုရရှိကြမည်။ သန့်ရှင်းသူတို့၏ဆုလာဘ်အမွေဖြစ်သော ထာဝရအသက်ကို ကျွန်ုပ်အားပြသခဲ့ပြီး၊ သမ္မာတရားအတွက်ကြောင့် အများဆုံးသည်းခံခဲ့သောသူတို့သည် မိမိတို့သည် အခက်အခဲခံခဲ့ရသည်ကိုမစဉ်းစားဘဲ၊ ကောင်းကင်နိုင်ငံသည် ဈေးတော်သည်ဟုမှတ်ယူကြလိမ့်မည်။ (1T, p. 381).

နေ့ရက်တိုင်းသည် မပြည့်မစုံသောတာဝန်များ၊ လျစ်လျူရှုမှုများ၊ တစ်ကိုယ်ကောင်းဆန်ခြင်းများ၊ လှည့်ဖြားခြင်းများ၊ လိမ်လည်မှုများ၊ အကောက်ဉာဏ်ဖြင့်အသာစီးရယူခြင်း စသည့်မှတ်တမ်းများဖြင့်ဝန်ပိနေသည်။ နောက်ဆုံးတရားစီရင်ခြင်းအတွက် မကောင်းမှုအလုပ်များ မည်မျှပင်စုပုံနေလိမ့်မည်နည်း။ ခရစ်တော်ကြွလာသောအခါ၊ လူတိုင်းအား မိမိတို့၏အကျင့်အတိုင်းဆပ်းပေးရန် ကိုယ်တော်သည် "အကျိုးအပြစ်ကိုဆောင်ခဲ့သည်ဖြစ်၍၊" အရာရာကိုဖော်ထုတ်ပါလိမ့်မည်။ မှတ်တမ်းစာစောင်များတွင် မိမိတို့အသက်တာတွင် လုပ်ဆောင်မှုများဖော်ထုတ်သောအခါ အချို့သောသူတို့၏မျက်နှာတွင် ရှုပ်ထွေးမှုများပေါ်လွင်နေသည်။ (2T, p. 160).

ကောင်းသောလုပ်ဆောင်မှုနှင့် မကောင်းသောလုပ်ဆောင်မှုတိုင်းသည် ၎င်း၏သူတစ်ပါးအပေါ်သြဇာလွှမ်းမိုးမှုတို့ဖြင့် လျှို့ဝှက်သောအရာများကို

ဖော်ထုတ်သည့်စိတ်နှလုံးကို ရှာဖွေတော်မူသောသူသည် တစ်ခုချင်းလိုက်ရှာတော်မူသည်။ ထိုအခါ ဆုလာဘ်မှာ လုပ်ဆောင်ချက်များကိုလှုံ့ဆော်ပေးသည့် ရည်ရွယ်ချက်ရှိသည်အတိုင်းဖြစ်လိမ့်မည်။ (2T, p. 520).

ခရစ်တော်၏ကြွလာခြင်းသည် နီးကပ်လာ၍၊ အလွန်လျင်မြန်လျက်ရှိသည်။ လုပ်ဆောင်ရမည့်အချိန်သည် တိုတောင်းကာ၊ လူတို့သည်လည်း ပျက်စီးနေကြသည်။. . .

ပျက်စီးနေသောကမ္ဘာကြီး၏လိုအပ်ချက်များကို နားလည်မည်အကြောင်း၊ ဘုရားသခင်၏ပြောင်းလဲပေးသောတန်ခိုးကိုဆွဲကိုင်ရန်လိုအပ်သည်။ သင့်အတွက် ကျွန်ုပ်၏သတင်းစကားဝန်ထုပ်မှာ အဆင်သင့်ရှိပါ။ ထာဝရဘုရားနှင့်တွေ့ခြင်းငှာပြင်ဆင်ပါ။ သင်တို့၏မီးခွက်များကိုထွန်းလင်းလျက်၊ လမ်းဘေးအမှောင်များကိုလင်းစေပါ။ အရာရာ၏အဆုံးသည် ချဉ်းကပ်လာနေကြောင်း ကမ္ဘာကိုသတိပေးရန်ရှိသည်။. . .

အသစ်ပြောင်းလဲရန်ကြိုးပမ်းကြပါစို့။ ကျွန်ုပ်တို့၏စိတ်နှလုံးသည် ပျော့ပျောင်း၍၊ အမှုတော်တွင် ကြမ်းတမ်းသောစိတ်သဘောများမယူဆောင်လာစေရန် ဘုရားသခင့်သန့်ရှင်းသောဝိညာဉ်တော်၏ရှိနေခြင်းကို ကျွန်ုပ်တို့လိုအပ်သည်။ သန့်ရှင်းသောဝိညာဉ်တော်သည် ကျွန်ုပ်တို့၏စိတ်နှလုံးများကို အလုံးစုံသိမ်းပိုက်တော်မူမည်အကြောင်း ကျွန်ုပ်ဆုတောင်းသည်။ ရှိသည့်နေရာတိုင်းတွင် ကိုယ်တော်၏အစီအစဉ်များကိုဆောင်ရွက်ရန် အဆင်သင့်ရှိသည့် အကြံဉာဏ်အတွက် ကိုယ်တော်ကိုရှာဖွေသော ဘုရားသခင်၏သားသမီးများကဲ့သို့ ပြုမူကြပါစို့။ ထိုသို့သောသူတို့အားဖြင့် ဘုရားသခင်၏ဘုန်းတော်သည်ထင်ရှား၍၊ ကျွန်ုပ်တို့၏စိတ်အားထက်သန်မှုကို မြင်သောသူတို့သည် အာမင်၊ အာမင် ဟုဆိုကြလိမ့်မည်။ (9T, pp. 105-108).

–ဝ–



နိဝင်ဘာ (၁)

## "စာတန်နှင့်သူ့တမန်တို့ကိုအကျဉ်းချခြင်း"

**"မိမိတို့အခွင့်အရာကိုမစောင့်၊ မိမိတို့နေရာအရပ်ကိုစွန့်ပစ်သောကောင်းကင်တမန်တို့ကို ကြီးစွာသောနေ့၌ စစ်ကြောစီရင်ခြင်းအလိုငှာ၊ ထာဝရချည်နှောင်ခြင်းအားဖြင့် မှောင်မိုက်ထဲမှာချုပ်ထားတော်မူ၏" (ယုဒ ၆)။**

ကမ္ဘာမြေသည် လူသူကင်းမဲ့သောသဲကန္တာရနှင့်အလားသဏ္ဍာန်တူသည်။ မြေငလျင်လှုပ်ခြင်းကြောင့် မြို့များနှင့်ကျေးရွာတို့သည် အပျက်အစီးပုံကြီးဖြစ်သွားကြသည်။ တောင်တို့သည် မိမိတို့နေရာမှရွေ့သွားကာ၊ ချိုင့်ခွက်ကြီးများကျန်ရစ်ခဲ့သည်။ ပင်လယ်မှလည်းကောင်း၊ မြေကြီးမှလည်းကောင်း လွင့်ထွက်လာသောကျောက်ခဲတို့သည် မြေတစ်ပြင်လုံးပြန့်ကျဲလျက်ရှိသည်။ ကြီးမားသောသစ်ပင်တို့သည် အမြစ်မှလှန်၍ မြေပေါ်တွင်ပြန့်ကျဲနေကြသည်။ ဤနေရာမှာ စာတန်နှင့်သူ၏တမန်များ အနှစ်တစ်ထောင်နေကြရမည့်နေရာပင်ဖြစ်တော့သည်။

မျက်နှာပြင်ကွဲအက်ကုန်သော ကမ္ဘာမြေပေါ်စုန်ဆန်သွားလာ၍၊ ဘုရားသခင်၏ပညတ်တော်ကို မိမိပုန်ကန်ခြင်း၏အကျိုးဆက်ကိုမြင်စေခြင်းငှာ သူ့အားဤနေရာတွင်အကျဉ်းချထားသည်။ အနှစ်တစ်ထောင်ပတ်လုံး သူပြုခဲ့သောကျိန်ခြင်း၏အသီးကို ခံစားရမည်။ ဤကမ္ဘာမြေ၌သာ သူ့အားကန့်သတ်ထားရာ၊ မကျရှုံးသောသူတို့ကို စုံစမ်းနှောင့်ယှက်ရန် အခြားသောဂြိုဟ်များသို့သွားမည့်အခွင့်အရေးများ သူ၌ရှိမည်မဟုတ်ချေ။ ဤအချိန်အတောအတွင်း စာတန်သည် အကြီးအကျယ်ခံစားရသည်။ သူကျရှုံးချိန်ကတည်းက သူ၏ဆိုးယုတ်သောအမှုအကျင့်များကို အမြဲတမ်းကျင့်သုံးခဲ့သည်။ သို့ရာတွင်

သူ၏တန်ခိုးများပိတ်ပင်ခံရကာ၊ သူကျရှုံးပြီးချိန်မှစ၍ သူလုပ်ဆောင်ခဲ့သည့် အပိုင်းကို ပြန်လည်သုံးသပ်ရန်လည်းကောင်း၊ သူပြုလုပ်ခဲ့သောမကောင်းမှုများအတွက်ခံစားရန်နှင့် သူကျူးလွန်စေခဲ့သောအပြစ်များအားလုံးအတွက် အပြစ်ဒဏ်ခံရမည့်အနာဂတ်ကို ကြောက်ရွံ့တုန်လှုပ်လျက်စောင့်မျှော်စေရန် ထားရစ်ခြင်းခံရသည်။

သူတို့သည် စာတန်၏စုံစမ်းနှောင့်ယှက်ခြင်းကို မခံရတော့သည့်အတွက်ကြောင့်လည်းကောင်း၊ အခြားသောကမ္ဘာပေါ်နေထိုင်သူတို့သည် သူ၏ရှိနေခြင်းနှင့်စုံစမ်းခြင်းမှ ကင်းဝေးခွင့်ရသည့်အတွက်ကြောင့်လည်းကောင်း ထောင်သောင်းမက များပြားသောတူရိယာအသံကဲ့သို့သော ကောင်းကင်တမန်များနှင့်သန့်ရှင်းသောသူတို့၏အောင်ပွဲခံသည့်အသံကို ကျွန်ုပ်ကြားခဲ့သည်။ EW, p. 290).

ဘုရားသခင်၏လူတို့အတွက် စာတန်ကိုချုပ်နှောင်ခြင်းသည် ဝမ်းမြောက်ပျော်ရွှင်စရာဖြစ်သည်။ ပုရောဖက်ဟောကြားသည်မှာ "ထိုအခါထာဝရဘုရားသည် သင့်ကိုငြိုငြင်ခြင်း၊ စိုးရိမ်ခြင်း၊ သူတစ်ပါးစေစား၍ ဆင်းရဲစွာအစေကျွန်ခံရခြင်းထဲကနုတ်၍ ချမ်းသာပေးတော်မူလျှင်၊ သင်သည် ဗာဗုလုန်ရှင်ဘုရင် (စာတန်ကိုပုံဆောင်သည်) ကိုရည်ဆောင်၍၊ ပုံစကားကို ဤသို့မြွက်ဆိုလိမ့်မည်။ အစိုးတရပြုသောသူသည် ဆုံးလေပြီတကား။. . . လူသတ္တဝါတို့ကို အမျက်ထွက်၍ အစဉ်မပြတ်ရိုက်ခြင်း၊ အတိုင်းတိုင်းအပြည်ပြည်တို့ကို မာနစိတ်နှင့်အုပ်စိုး၍၊ အစဉ်မပြတ်ညှဉ်းဆဲခြင်းကိုပြုသော အဓမ္မလူတို့၏တောင်ဝှေးကိုလည်းကောင်း၊ ထိုသို့အစိုးရသောသူတို့၏ရာဇလှံတံကိုလည်းကောင်း ထာဝရဘုရားချိုးတော်မူပြီ" ဟူ၍ဖြစ်သည်။ ဟေရှာယ ၁၄း၃–၆။ (GC, p. 660).

–၀–



F - 17

နိဝင်ဘာ (၂)

## "ကျွန်ုပ်တို့၏အထိန်းကောင်းကင်တမန်များနှင့်တွေ့ဆုံမည်"

**"သွားလေရာရာ၌ သင့်ကိုစောင့်ရှောက်စေခြင်းငှာ၊ ကောင်းကင်တမန်တို့အား သင့်အဖို့မှာထားတော်မူသည်" (ဆာလံ ၉၁း၁၁)။**

ဘုရားသခင်၏စောင်မခြင်းကို ထာဝရအလင်းရှုထောင့်မှမမြင်တွေ့မချင်း၊ ကောင်းကင်တမန်များ၏စောင့်ရှောက်ပြုစုခြင်းနှင့် ကြားဝင်ပေးခြင်းများအတွက် မည်မျှပင်အကြွေးတင်ရှိကြောင်းကို ကျွန်ုပ်တို့နားလည်နိုင်မည်မဟုတ်ချေ။ ကောင်းကင်သားတို့သည် လူတို့၏အရေးတွင် တက်ကြွစွာပါဝင်ကြသည်။ သူတို့ကိုလျှပ်စစ်ကဲ့သို့တောက်ပသော ဝတ်လုံများနှင့်မြင်ရသည်။ ခြေကျင်သွားခရီးသည်ကဲ့သို့ဝတ်ဆင်၍လည်း လူတို့ထံသို့လာတတ်ကြသည်။ လူတို့၏ဧည့်ဝတ်ပြုခြင်းကိုလက်ခံခဲ့ကြသည်။ လမ်းခရီးမသိသောခရီးသွားတို့အား လမ်းပြများအဖြစ်လည်း လုပ်ဆောင်ခဲ့ကြသည်။ သူတို့သည် ဖျက်ဆီးသောသူတို့၏ရည်ရွယ်ချက်ကိုဖျက်ဆီးပြီး၊ သူတို့၏ရိုက်ချက်များကို သူတို့ဘက်သို့လှည့်ပေးကြသည်။

လောကီခေါင်းဆောင်တို့သည် မသိရှိလိုက်သော်လည်း၊ မကြာခဏဆိုသလို သူတို့၏အစည်းအဝေးများတွင် ကောင်းကင်တမန်တို့သည် ပြောရေးဆိုခွင့်ရှိသူများဖြစ်ခဲ့သည်များလည်းရှိသည်။ လူသားမျက်လုံးဖြင့် သူတို့ကိုကြည့်ကြသည်။ လူသားနားဖြင့် သူတို့၏အသနားခံသံကိုနားထောင်ကြသည်။ အစည်းအဝေးခန်းမနှင့်တရားရုံးများတွင် ကောင်းကင်တမန်တို့သည် ညှဉ်းဆဲခံရသောသူတို့နှင့်ဖိနှိပ်ခံရသောသူတို့အတွက် တောင်းပန်ပေးကြသည်။ သူတို့သည် ရည်ရွယ်ချက်များကိုရှုံးစေ၍၊ ဘုရားသခင်၏သားသမီးများထံဝေဒနာပေးသည့်အမှားများကို ယူဆောင်လာသောလူဆိုးတို့ကို ဖမ်းဆီးပေးသည်။

ကောင်းကင်နိုင်ငံသို့ရောက်ရှိသောအခါ ဤအရာအားလုံးကိုဖွင့်ပြတော်မူလိမ့်မည်။

ရွေးနုတ်ခြင်းခံရသူတိုင်းသည် မိမိတို့အသက်တာ၌ ကောင်းကင်တမန်များ၏လုပ်ဆောင်မှုများကို နားလည်ကြလိမ့်မည်။ သူ၏အစောဆုံးပိုင်းအချိန်မှစ၍ စောင့်ရှောက်သောကောင်းကင်တမန်၊ သူ၏ခြေလှမ်းများကိုစောင်မ၍ ဒုက္ခရောက်စဉ်တွင်ကာကွယ်ပေးသောကောင်းကင်တမန်၊ သေမင်း၏ချိုင့်ထဲ၌ လျှောက်သွားစဉ် သူနှင့်အတူရှိသောသူ၊ သူနားရမည့်နေရာကိုသတ်မှတ်ပေးသူ၊ ထမြောက်ခြင်းနံနက်တွင် သူ့အားအလျင်ဦးဆုံးနှုတ်ဆက်သူကောင်းကင်တမန် ထံမှ တစ်ဦးချင်းစီ၏အသက်တာတွင် ဘုရားသခင်၏ကြားဝင်စောင်မခြင်းနှင့် လူသားတို့၏လုပ်ဆောင်မှုများတွင် ပူးပေါင်းပါဝင်ခြင်းအကြောင်းများကိုသင်ယူ၍၊ သူနှင့်အတူမိတ်ဆုံစကားပြောလိုလှသည်တကား။ (Ed, pp. 304, 305).

လူသားတိုင်းသည် ဘုရားသခင်၏နှုတ်ကပတ်တော်ကိုကိုင်စွဲလျက်၊ အသက်တာ၌ ဒေါင်ကျကျပြားကျကျ၊ မိမိ၏ရွေးချယ်မှုဖြင့် ထိုသို့သောအဖော်မွန်ရရှိနိုင်သည်။ ကျမ်းစာကိုဖတ်ခြင်းဖြင့် လူသားမျိုးနွယ်၌ အမြင့်မြတ်ဆုံးသောသူ၊ အကောင်းဆုံးသောသူတို့နှင့်စကားပြောနိုင်ပြီး၊ ကိုယ်တော်သည် လူတို့နှင့်စကားပြောနေသကဲ့သို့ ထာဝရအရှင်၏အသံကိုလည်း နားထောင်နိုင်သည်။ “ကောင်းကင်တမန်တို့သည် စေ့စေ့ကြည့်ရှုစဉ်းစားချင်သော” (၁ပေတရု ၁း၁၂) ဘုရားသခင်၏နှုတ်ထွက်စကားကို လေ့လာအာရုံပြုခြင်းအားဖြင့် လူသည် ကောင်းကင်တမန်တို့၏အဖော်ပြုခြင်းကိုရရှိနိုင်သည်။ (Ed, p. 127).

–o–



**နိဝင်ဘာ (၃)**

## “ဘုရားသခင်၏မြို့တော်မှကြိုဆိုခြင်း”

**“အရှင်က၊ သာခုသစ္စာရှိသောငယ်သားကောင်း၊ သင်သည် အမှုငယ်၌သစ္စာစောင့်လေပြီ။ များစွာသောအမှုအခွင့်ကို သင်၌ငါအပ်ပေးမည်။ သင်၏သခင်နှင့်အတူ စည်းစိမ်ကိုဝင်စားလော့ဟု မိန့်တော်မူ၏” (မဿဲ ၂၅း၂၃)။**

ပြောမပြနိုင်သည့်မေတ္တာဖြင့် ယေရှုသည် မိမိ၏သစ္စာရှိသောသူတို့ကို ထာဝရဘုရား၏ဝမ်းမြောက်ခြင်းထဲသို့ လိုက်လှဲစွာကြိုဆိုတော်မူသည်။ ကယ်တင်ရှင်၏ဝမ်းသာခြင်းမှာ ဘုန်းတော်ထွန်းတောက်သောနိုင်ငံတော်တွင် မိမိ၏ဝေဒနာခံစားခြင်းနှင့် အရှက်တကွဲဖြစ်ခြင်းအားဖြင့် ကယ်တင်ခြင်းခံရသောဝိညာဉ်များကို မြင်ခြင်းပင်ဖြစ်သည်။ ရွေးနုတ်ခံသူတို့သည် မင်္ဂလာရှိသောသူတို့အကြားတွင် မိမိ၏ဆုတောင်းခြင်း၊ ကြိုးပမ်းခြင်းနှင့် မေတ္တာဖြင့်ပေးဆပ်ခြင်းတို့မှတစ်ဆင့် ခရစ်တော်ထံပို့ဆောင်ခဲ့သောသူတို့ကိုကြည့်သောအခါ၊ ကိုယ်တော်၏ဝမ်းမြောက်ခြင်းကို မျှဝေခံစားကြသည်။ ဖြူသောပလ္လင်ကြီးပတ်လည်တွင် သူတို့သည်စုရုံးစဉ်တွင် ခရစ်တော်အတွက် သူတို့ခေါ်ဆောင်သောသူတို့သည် အခြားသူတို့ကိုရရှိ၍၊ ဤသူတို့ကလည်း အခြားသောသူတို့ကိုထပ်၍ရရှိသည်ကိုမြင်သောအခါ သူတို့၏စိတ်နှလုံးသည် ပြောမပြနိုင်အောင်ပင် ဝမ်းမြောက်ခြင်းနှင့်ပြည့်လေသည်။ သူတို့အားလုံးသည် ကောင်းကင်ဘုံဆိပ်ကမ်းသို့ခေါ်ဆောင်ခြင်းခံရကာ၊ ထိုနေရာတွင် သူတို့သည် မိမိတို့၏သရဖူများကို ယေရှု၏ခြေတော်ရင်းတွင်ချထား၍၊ ထာဝရကာလအဆက်ဆက် ကိုယ်တော်ကိုချီးမွမ်းကြသည်။

ရွေးနုတ်ခံသူတို့အား ဘုရားသခင်၏မြို့တော်မှကြိုဆိုစဉ်တွင် ကြင်နာမြတ်နိုးမှုဖြင့် မြူးထူးပျော်ရွှင်ဖွယ်အသံသည် လေထဲတွင်လွင့်လာသည်။ အာဒံနှစ်ဦးတို့သည် ဆုံစည်းကြတော့မည်။ ကယ်တင်ရှင်၏ကိုယ်ပေါ်တွင် ကပ်တိုင်တင်သတ်ခြင်းအမာရွတ်များတင်ကျန်စေသောအပြစ်ကိုပြုသူ၊ မိမိ၏ဖန်ဆင်းရှင်ကိုပြစ်မှားသောသူ၊ ကိုယ်တော်ဖန်ဆင်းသော ကျွန်ုပ်တို့လူသားမျိုးနွယ်၏ဖခင်ကိုလက်ခံရန် ဘုရားသခင်၏သားတော်သည် လက်တော်ကိုဆန့်တန်းလျက် ရပ်နေတော်မူသည်။ ရက်စက်သောသံမှိုရိုက်ရာများကို အာဒံမြင်သောအခါ၊ သူ့သခင်၏ရင်ခွင်တော်သို့ပြေးမဝင်ဘဲ၊ ခြေတော်ရင်းတွင် နှိမ့်ချစွာပျပ်ဝပ်လျက် "အသေသတ်ခြင်းကိုခံခဲ့ပြီးသောသိုးသငယ်သည် ထိုက်တန်တော်မူ၏" ဟုကြွေးကြော်လေသည်။ ကယ်တင်ရှင်သည် သူ့အားကြင်နာစွာထူမ၍ ကြာမြင့်စွာက သူနှင်ထုတ်ခံခဲ့ရသောဒေင်ဥယျာဉ်ကို တစ်ဖန်ပြန်ကြည့်စေတော်မူသည်။

ဒေင်ဥယျာဉ်မှနှင်ထုတ်ခြင်းခံရပြီးနောက်၊ ဤမြေကြီးပေါ် အာဒံ၏အသက်တာသည် ဝမ်းနည်းခြင်းများနှင့်ပြည့်နေခဲ့သည်။ ကြွေလွင့်သောသစ်ရွက်များ၊ အပူဇော်ခံယဇ်ကောင်များ၊ သဘာဝမြေမျက်နှာပေါ်မှအနာအဆာများ၊ လူ့သန့်ရှင်းမှုအပေါ်အစွန်းများ စသည်တို့မှာ သူ၏အပြစ်ကိုအမြဲသတိရစေသောအရာများဖြစ်ခဲ့သည်။ သည်းခံနိုင်ချစွာဖြင့် ကျူးလွန်ခြင်း၏ရလဒ်ကို အနှစ်တစ်ထောင်နီးပါးမျှ ခါးစည်းခံခဲ့သည်။ သစ္စာရှိရှိဖြင့် မိမိအပြစ်ကိုနောင်တရလျက်၊ ကတိထားသောကယ်တင်ရှင်၏ကောင်းမှုကို ယုံကြည်ကိုးစားခဲ့ပြီး၊ ပြန်လည်ထမြောက်ခြင်းကိုမျှော်လင့်ခြင်း၌ သူသေသွားခဲ့သည်။ ဘုရားသခင်၏သားတော်သည် လူသား၏ဆုံးရှုံးခြင်းနှင့်ကျဆုံးခြင်းကို ရွေးတော်မူခဲ့သည်။ ယခုတွင် အပြစ်ဖြေခြင်းလုပ်ဆောင်မှုအားဖြင့် အာဒံသည် မိမိ၏အလျင်အုပ်စိုးခြင်းအခွင့်ကို ပြန်လည်ခန့်အပ်ခြင်းခံရသည်။ (GC, pp. 647, 648).

–ο–



**နိဝင်ဘာ (၄)**

## "ပြောမပြနိုင်သည့်ဝမ်းမြောက်ခြင်း"

**"ထိုသခင်သည် မိမိရှေ့၌ထားသောဝမ်းမြောက်ခြင်းအကြောင်းကြောင့်၊ ရှက်ကြောက်သောအရာကိုမမှတ်ဘဲ လက်ဝါးကပ်တိုင်၌ခံပြီးမှ ဘုရားသခင်၏ပလ္လင်တော်လက်ယာဘက်၌ ထိုင်နေတော်မူ၏" (ဟေဗြဲ ၁၂း၂)။**

ယေရှုက "သင်တို့၌ငါ၏ဝမ်းမြောက်စရာအကြောင်းတည်စေခြင်းငှာလည်းကောင်း၊ သင်တို့ဝမ်းမြောက်စရာအကြောင်းစုံလင်စေခြင်းငှာလည်းကောင်း ဤစကားကို သင်တို့အားငါဟောပြော၏" (ယောဟန် ၁၅း၁၁) ဟုမိန့်တော်မူခဲ့သည်။

ရှေးမဆွကပင် ခရစ်တော်သည် မိမိသာသနာ၏ရလဒ်ကို မြင်တော်မူခဲ့သည်။ ပင်ပန်းခြင်းနှင့်ကိုယ်ကျိုးစွန့်ခြင်းနှင့်ပြည့်သော ကိုယ်တော်၏အသက်တာသည် ဤဒုက္ခသုက္ခအားလုံးသည် အချည်းနှီးမဖြစ်ဟူသောအတွေးဖြင့် ကြည်နူးခဲ့ရသည်။ လူတို့အသက်အတွက် မိမိအသက်ကိုပေးဆပ်ခြင်းဖြင့်၊ ဘုရားသခင်၏ပုံသဏ္ဍာန်တော်ကို လူတို့တွင်ပြန်လည်ပေးအပ်တော်မူမည်။ ကိုယ်တော်သည် ကျွန်ုပ်တို့အား မြေမှုန့်မှမချီ၍၊ မိမိကိုယ်ပိုင်ဂုဏ်တော်ပုံစံအတိုင်း စာရိတ္တကိုပြန်၍ပုံဖော်ကာ၊ မိမိဘုန်းအသရေဖြင့် ၎င်းကိုလှပစေတော်မူသည်။

ခရစ်တော်သည် မိမိဝိညာဉ်၏ဒုက္ခကိုမြင်၍ ကျေနပ်တော်မူသည်။ ကိုယ်တော်သည် ထာဝရကာလကိုကြည့်ရှု၍၊ မိမိ၏အရှက်ရခြင်းမှ အပြစ်လွှတ်ခြင်းနှင့် ထာဝရအသက်ကိုရရှိသောသူတို့၏ဝမ်းမြောက်ခြင်းကို မြင်တော်မူခဲ့သည်။ ကိုယ်တော်သည် သူတို့၏ကျူးလွန်ခြင်းအားဖြင့် ဒဏ်ချက်များ

ရရှိ၍၊ သူတို့၏အပြစ်များအတွက် ပွန်းပဲ့ခဲ့ရသည်။ သူတို့၏ငြိမ်သက်ခြင်းဖြစ်စေသောဆုံးမခြင်းသည် ကိုယ်တော်အပေါ်သို့ရောက်၍ သူခံရသောဒဏ်ချက်အားဖြင့် သူတို့သည် အနာပျောက်လျက်ရှိသည်။ ကိုယ်တော်သည် ရွေးနုတ်ခံသူတို့၏အော်ဟစ်သံကို ကြားတော်မူခဲ့သည်။ ရွေးနုတ်ခံသူများ မောရှေနှင့်သိုးသငယ်သီချင်းဆိုသံကို ကိုယ်တော်ကြားတော်မူခဲ့သည်။ အသွေးဖြင့်နှစ်ခြင်းကိုအလျင်ခံရမည်အဖြစ်သော်လည်းကောင်း၊ လောကသားတို့၏အပြစ်များသည် အပြစ်ကင်းစင်သောကိုယ်တော်၏ဝိညာဉ်အပေါ်ကျရောက်မည်အဖြစ်သော်လည်းကောင်း၊ ပြောမပြနိုင်သောပူဆွေးခြင်းအရိပ်သည် သူ့အပေါ်ကျရောက်သော်လည်းကောင်း မိမိရှေ့၌ရှိသောပျော်ရွှင်မှုအတွက်ကြောင့် ကိုယ်တော်သည် လက်ဝါးကပ်တိုင်နှင့်မထီမဲ့မြင်ပြုသောရှက်ကြောက်ခြင်းကိုခံရန် ရွေးချယ်တော်မူခဲ့သည်။

ဤပျော်ရွှင်မှုကို ကိုယ်တော်၏နောက်လိုက်များအားလုံး မျှဝေခံစားကြမည်။ နောက်ရမည့်ဆုလာဘ်သည် မည်မျှပင်ကြီးမားခမ်းနားပါစေ၊ နောက်ဆုံးကယ်နုတ်ခြင်းအတွက်သာ ရာထားခြင်းမဟုတ်ပေ။ ဤမြေကြီး၌ပင်လျှင် ကျွန်ုပ်တို့သည် ယုံကြည်ခြင်းအားဖြင့် ကယ်တင်ရှင်၏ဝမ်းမြောက်ခြင်းထံသို့ ဝင်စားနိုင်သည်။ (MH, p. 504).

ကိုယ်တော်ကိုရရှိသောသူတို့အား၊ ထာဝရကာလပတ်လုံး ကိုယ်တော်နှင့်အတူနေရန် ဘုရားသခင်သည် မိမိဥစ္စာအဖြစ် နောက်ဆုံး၌သိမ်းပိုက်မည်အကြောင်း ဘုရားသခင်၏သားသမီးများဖြစ်လာရန် ကိုယ်တော်သည် တန်ခိုးကိုပေးတော်မူသည်။ အကယ်၍ ဤအသက်တာတွင် သူတို့သည် ဘုရားသခင်ထံသစ္စာရှိကြလျှင်၊ သူတို့သည်နောက်ဆုံးတွင် "မျက်နှာတော်ကိုမြင်ရ၍၊ သူတို့နဖူး၌လည်း နာမတော်ရေးထားလျက်ရှိလိမ့်မည်" ဗျာဒိတ် ၂၂း၄။ (8T, pp. 267, 268).

–o–



နိဝင်ဘာ (၅)

# "ရွေးနုတ်ခံသူတို့၏ကျေးဇူးတင်ခြင်း"

**"မင်းကြီးက ငါအမှန်ဆိုသည်ကား၊ သင်တို့သည် ဤသူတည်းဟူသောငါ့ညီတို့တွင် အငယ်ဆုံးသောသူတစ်ယောက်အားပြုကြသမျှတို့ကို ငါ့အားပြုကြပြီဟု ပြန်၍မိန့်တော်မူလတ္တံ့" (မဿဲ ၂၅း၄၀)။**

ဘုရားသခင်၏လူတို့အားမိတ်ဖွဲ့ရာတွင် ကျွန်ုပ်တို့၏လုပ်ဆောင်လေသမျှကို ကိုယ်တော်အားပြုသကဲ့သို့ ဆုချခြင်းခံရမည်။ (MLT, p. 364).

"ငါ့ခမည်းတော်ထံကောင်းချီးမင်္ဂလာကိုခံသောသူတို့၊ ကမ္ဘာဦးကပင်သင်တို့အဖို့ပြင်ဆင်သောနိုင်ငံကိုလာ၍အမွေခံကြလော့။" "သင်၏သခင်နှင့်အတူ စည်းစိမ်ကိုဝင်စားလော့" ဟု ရှင်းလင်းသာယာသောအသံဖြင့် ယေရှု၏မိန့်တော်မူသံကိုကြားသောအခါ ရိတ်သိမ်းသူတိုင်းသည် ကျေနပ်ကြီးကျေနပ်နေကြသည်။

မိမိ၏အသေခံခြင်းသည် အချည်းနှီးမဟုတ်သောကြောင့် ရွေးနုတ်ရှင်သည် ဘုန်းတော်ထင်ရှားတော်မူသည်။ ဝမ်းမြောက်ပျော်ရွှင်သောစိတ်နှလုံးဖြင့် ဘုရားသခင်နှင့်အတူလုပ်ဆောင်သောသူတို့သည် ပျက်စီးသေဆုံးနေသောအပြစ်သားများအတွက် မိမိတို့၏ဒုက္ခသုက္ခကိုမြင်သောအခါ ကျေနပ်နေကြသည်။ စိုးရိမ်ခြင်းဖြင့် ကုန်လွန်ခဲ့သောအချိန်နာရီများ၊ တွေ့ဆုံခဲ့သောရှုပ်ထွေးသည့်အခြေအနေများ၊ မိမိတို့အား ငြိမ်သက်ခြင်းဖြစ်စေသောအရာများကိုမြင်တွေ့လက်ခံရန် ငြင်းပယ်သောလူတချို့ကြောင့် ဝမ်းနည်းခဲ့ရသည်များကို မေ့ပစ်လိုက်ကြသည်။ အမှုတော်ကိုထောက်ပံ့စေလိုခြင်းဖြင့် ကိုယ်ကျိုးစွန့်ခဲ့ရသည်များကိုလည်း သတိမရကြတော့ချေ။ ယေရှုထံသို့ခေါ်ဆောင်လာသောဝိညာဉ်များကိုကြည့်၍၊ ဘုရားသခင်၏သနားခြင်းနှင့် ရွေးနုတ်ရှင်မေတ္တာ၏

မော်ကွန်းအထိမ်းအမှတ်ဖြစ်သောသူတို့သည် ထာဝရကယ်တင်ခြင်းခံရသည်ကို သူတို့ကြည့်နေစဉ်တွင် ကောင်းကင်၌ချီးမွမ်းခြင်းနှင့်ကျေးဇူးတင်ခြင်းကြွေးကြော်သံများ ပေါ်ထွက်လာသည်။ (RH, Oct. 10, 1907).

ကျွန်ုပ်တို့ရှေ့တွင် ကောင်းကင်နိုင်ငံတော်ရှိနေပြီး ကောင်းကင်နိုင်ငံသို့ရောက်ရှိသွားသောသူတို့အကြားတွင် ပဋိပက္ခများမရှိတော့ပြီ။

သန့်ရှင်းသောရွေးနုတ်ခံမိသားစုဝင်များကို ကျွန်ုပ်တို့နှုတ်ဆက်ကြမည်။ ထိုအခါ "ငါ့ခမည်းတော်ထံကောင်းချီးမင်္ဂလာကိုခံသောသူတို့၊ ကမ္ဘာဦးကပင် သင်တို့အဖို့ပြင်ဆင်သောနိုင်ငံကို လာ၍အမွေခံကြလော့" ဟူသောခရစ်တော်၏စကားကိုကြားရကြမည်။ ကျွန်ုပ်တို့သည် မိမိတို့၏ရွှေစောင်းကောက်များကိုတီးခတ်သောအခါ၊ ကောင်းကင်သည် သာယာသောတေးသံသာဖြင့်ပြည့်သွားမည်။ ကျွန်ုပ်တို့သည် ကိုယ်တော်၏ခြေတော်ရင်းတွင် မိမိတို့၏တဖိတ်ဖိတ်တောက်နေသောသရဖူများကိုချထားကာ၊ ကျွန်ုပ်တို့ကိုယ်စားအောင်နိုင်တော်မူသော ကိုယ်တော်၏ဘုန်းတော်ကိုချီးမွမ်းကြသည်။

ဤလောကတွင် ကျွန်ုပ်တို့နားမလည်နိုင်သောအရာတချို့ရှိနေနိုင်သည်။ သမ္မာကျမ်းစာထဲကအကြောင်းအရာတချို့သည် ကျွန်ုပ်တို့အတွက် နားလည်ရန်ခက်ခဲပေမည်။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်တို့နားလည်နိုင်စွမ်း၏တစ်ဖက်ကမ်းတွင်ရှိနေသည်။ သို့ရာတွင် ကျွန်ုပ်တို့၏ကယ်တင်ရှင်သည် အသက်စမ်းရေနံ့ဘေးတွင် ကျွန်ုပ်တို့ကိုပို့ဆောင်သောအခါ၊ ယခင်ကရှင်းလင်းစွာနားမလည်ခဲ့သောအရာများကို ကိုယ်တော်သည် ရှင်းပြလိမ့်မည်။ (RH, Aug. 8, 1907).

–၀–



နိဝင်ဘာ (၆)

## "ကောင်းကင်နိုင်ငံသည်အလွန်တန်ဖိုးပေသည်"

**"အမျိုးအနွယ်တော်ကိုမြင်ရလိမ့်မည်။ အသက်တော်လည်းရှည်လိမ့်မည်။ ထာဝရဘုရား၏အကြံတော်သည်လည်း သူ၏လက်၌ပြည့်စုံခြင်းသို့ရောက်လိမ့်မည်။ မိမိစိတ်ဝိညာဉ်ခံရသောဝေဒနာ၏အကျိုးကို မိမိမြင်၍အားရလိမ့်မည်" (ဟေရှာယ ၅၃း၁၀၊၁၁)။**

ဘုရားသခင်၏ချစ်ခြင်းမေတ္တာသည် အနှိုင်းမဲ့မေတ္တာ၊ အနန္တမေတ္တာဖြစ်သည်။ ခရစ်တော်၏ဂုဏ်တော်နှင့်ဘုန်းတော်ကိုဆင်ခြင်သော်၊ ပျောက်ဆုံးနေသောကမ္ဘာကိုကယ်တင်ရန်အတွက် ကရာနိကုန်းပေါ်မှ လက်ဝါးကပ်တိုင်ပေါ် ယဇ်ကောင်အဖြစ်အပူဇော်ခံစေသော ထိုမေတ္တာကိုကျွန်ုပ်တို့မြင်နိုင်သည်။ ဤအာဘော်သည် ကာလအဆက်ဆက်သန့်ရှင်းသောသူတို့အား အံ့သြခြင်းနှင့်ပြည့်စေလိမ့်မည်။ ထိုကြောင့် ကျွန်ုပ်တို့သည် အဘယ်ကြောင့်ဤကမ္ဘာပေါ်တွင် ထိုမေတ္တာကိုအာရုံမပြုဘဲနေကြမည်နည်း။ . . .

အို၊ ထိုလျှို့ဝှက်ဆန်းကြယ်သောဘုရားသည် လူ့ဇာတိဖြင့်ဖော်ပြပေးပါသည်တကား။ ဤအရာကိုနားလည်ရန်ကြိုးစားလေ၊ သာ၍ပဟေဠိဆန်လျက်ရှိသည်။ ၎င်းကိုနားမလည်နိုင်ချေ။ လူသားတို့အတွက် ယေရှုနှင့်သူ၏အနှိုင်းမဲ့မေတ္တာကို ရေးရေးသာမြင်နေရသည်ကိုပင်ဟန့်တားရန် လူတို့သည် လောကီအရာများကိုခွင့်ပြုနေကြသည်။ . . အဘယ်သို့ဖြင့်ကျွန်ုပ်တို့သည် လောကီအရာများ၌စိတ်အားထက်သန်ပြီး၊ ဘုရားသခင်၏ချစ်သောသားတော်၏ကရာနိကုန်းပေါ် လက်ဝါးကပ်တိုင်၌အသေခံခြင်းဖြင့် ဖော်ပြသောထိုမေတ္တာကြောင့်နိုးကြွခြင်းမရှိနိုင်ကြသနည်း။ . . .

လေလွင့်သူ၊ အပြစ်ရှိသူ၊ ကျေးဇူးမဲ့သူတို့အား အဖခမည်းတော်၏ အိမ်တော်သို့ ပြန်လည်ခေါ်ယူရန် ဤအရှက်တရားနှင့်ဝေဒနာကို ခံတော်မူခဲ့သည်။ အို၊ မင်္ဂလာရှိသူတို့၏အိမ်တော်၊ အကျွန်ုပ်ဘယ်သို့မျှအရှုံးမခံနိုင်ပါ။ ဘုရားသခင်၏နိုင်ငံတော်တွင် ကျွန်ုပ်သည် ကယ်တင်ခြင်းရမည်ဆိုလျှင်၊ ကယ်တင်ခြင်းစီမံကိန်း၌ အသစ်သောနက်နဲမှုများကို အစဉ်တိုး၍နားလည်မည်။ ရွေးနုတ်ခံသန့်ရှင်းသူအားလုံးသည် ခမည်းတော်နှင့်သားတော်၏မေတ္တာကို အလျင်ကထက်သိမြင်လာ၍၊ ကျေးဇူးတင်လျက်တန်ဖိုးထားကြမည်။ ထိုအခါ မသေနိုင်သောနှုတ်ခမ်းတို့မှ ချီးမွမ်းခြင်းသီချင်းပွင့်ထွက်လာလိမ့်မည်။ ကိုယ်တော်သည် ကျွန်ုပ်တို့အားချစ်တော်မူခဲ့ကာ၊ အသက်ပေးတော်မူခဲ့သည်။ ဘုန်းဝင်စားသောကိုယ်ခန္ဓာများ၊ တိုးပွားလာသောစွမ်းရည်များ၊ သန့်ရှင်းစေသောစိတ်နှလုံးများ၊ မညစ်ညမ်းသောနှုတ်ခမ်းများ စသည်တို့ဖြင့် ကျွန်ုပ်တို့သည် ရွေးနုတ်သောချစ်ခြင်းမေတ္တာ၏ကြွယ်ဝမှုကို သီဆိုကြမည်။ ကောင်းကင်နိုင်ငံတွင် ဝေဒနာခံစားသောသူများ၊ ထာဝရအရာများကိုလက်ခံယုံကြည်စေရမည့် သံသယဝင်သူများ၊ အမြစ်မှဆွဲနုတ်ရမည့် ဘက်လိုက်သောအစွဲအလမ်းများမရှိတော့ဘဲ၊ လူအားလုံးသည် သိရှိပြီးသောထိုမေတ္တာကို ခံယူနိုင်ကြမည်။ ငြိမ်သက်စွာနေ၍၊ ဘုရားသခင်ကိုကျေးဇူးတင်ကြလော့။ ကျွန်ုပ်တို့ဘုရားသခင်၏မြို့တော်ကို ဝမ်းမြောက်စေသောအသက်စမ်းချောင်းနံဘေးရှိ၊ ခရစ်တော်သည် ရွေးနုတ်ခံသူတို့အားပို့ဆောင်မည့် စိမ်းလန်းသောစားကျက်တွင် ဘုရားသခင်၏လူတို့အတွက် နားနေရသောအခွင့်ရှိသည်။ "အကျွန်ုပ်ရှိရာအရပ်၌ အကျွန်ုပ်နှင့်အတူရှိနေစေခြင်းငှာ အကျွန်ုပ်အလိုရှိပါ၏" ဟူသောယေရှု၏အဖခမည်းတော်ထံတောင်းလျှောက်ခြင်းသည် ပြည့်စုံလိမ့်မည်။ (KH, p. 371).

–o–



**နိဝင်ဘာ (၇)**

## "နောက်ဆုံးတော့အိမ်တော်ရောက်ပြီ"

**"သာဓုသစ္စာရှိသောငယ်သားကောင်း၊––– သင်၏သခင်နှင့် အတူ စည်းစိမ်ကိုဝင်စားလော့" (မဿဲ ၂၅း၂၁)။**

လောက၏ဆွဲဆောင်မှုရှိသောအလှအပများ၌ သင့်အာရုံများကြည်နူးလျှင်၊ အပြစ်နှင့်သေခြင်းကို ဘယ်ခါမျှမရှိသောနေရာ၊ သဘာဝတရား၌ ကျိန်ခြင်း၏အရိပ်အရောင်မရှိသောနေရာ၊ နောက်လာမည့်ကမ္ဘာကိုစဉ်းစားပါ။ ကယ်တင်ခြင်းခံရသောသူတို့၏အိမ်တော်ကိုတွေးကြည့်ပါ။ သင့်အထက်မြက်ဆုံးသောအတွေးက ပုံဖော်နိုင်သည်ထက် သာ၍ကြီးကျယ်ခမ်းနားလိမ့်မည်။ သဘာဝတရား၌ ဘုရားသခင်ပေးတော်မူသောဆုလာဘ်အထွေထွေတွင် ကိုယ်တော်၏ဘုန်းတော်ကို ရေးရေးမျှသာမြင်ရသည်။ "ကျမ်းစာလာသည်နှင့်အညီ၊ ဘုရားသခင်ကိုချစ်သောသူတို့အဖို့အလိုငှာ၊ ဘုရားသခင်ပြင်ဆင်တော်မူသောအရာတို့ကို လူမျက်စိဖြင့်မမြင်၊ နားဖြင့်မကြား၊ စိတ်နှလုံးဖြင့်မကြံစည်သေး" ၁ကော ၂း၉။ (SC, pp. 86, 87).

ဘုရားသခင်၏သားသမီးများဝင်နိုင်စေရန် ကောင်းကင်တံခါးများ တဖြည်းဖြည်းချင်းပွင့်လာသည်။ ထိုအခါ ဘုန်းကြီးသောအရှင်မင်းကြီး၏နှုတ်တော်မှ "ငါ့ခမည်းတော်ထံကောင်းချီးမင်္ဂလာကိုခံသောသူတို့၊ ကမ္ဘာဦးကပင် သင်တို့အဖို့ပြင်ဆင်သောနိုင်ငံကို လာ၍အမွေခံကြလော့" (မဿဲ ၂၅း၃၄) ဟူသောသာယာနာပျော်ဖွယ်အသံကို သူတို့ကြားရကြမည်။ ထို့နောက် ရွေးနုတ်ခံသူတို့သည် သူတို့အတွက်ယေရှုပြင်ဆင်တော်မူသောအိမ်တော်၌ ကြိုဆိုခြင်းခံရကြမည်။ (SC, pp. 125, 126).

ထိုအခါယေရှုသည် ရွေးနုတ်ခံသောလူစုကို မြို့တော်ဂိတ်တံခါးသို့ ပို့ဆောင်တော်မူသည်ကို ကျွန်ုပ်မြင်ခဲ့သည်။ ကိုယ်တော်သည် တဖိတ်ဖိတ်တောက်နေသောပတ်တာဖြင့်ဆင်ထားသည့်တံခါးကိုဖွင့်လျက်၊ သမ္မာတရားကိုစောင့်ထိန်းသောသူတို့အား ဝင်စေတော်မူသည်။ မြို့ထဲရှိရှိသမျှအရာအားလုံးသည် မျက်စိအစာကျွေးစရာချည်းဖြစ်သည်။ နေရာတကာတွင် အလွန်ကြီးကျယ်ခမ်းနားလှသောအရာကို သူတို့မြင်ကြသည်။ ထိုအခါယေရှုသည် မိမိရွေးနုတ်သောသန့်ရှင်းသူတို့ကိုကြည့်တော်မူရာ၊ သူတို့၏မျက်နှာသည် ဘုန်းရောင်ဖြင့်တောက်ပလျက်ရှိသည်။ ကိုယ်တော်သည် သူတို့ကိုကြည့်ရင်း သာယာနာပျော်ဖွယ်မိန့်တော်မူသည်ကား၊ "ငါ့ဝိညာဉ်၏ဒုက္ခသုက္ခကိုငါကြည့်ရာ၊ ငါကျေနပ်ပြီ။ ဤကြွယ်ဝသောဘုန်းတော်သည် သင်တို့ထာဝရသာယာကြည်နူးစရာဖြစ်၏။ သင်တို့၏ဝမ်းနည်းခြင်းများပြီးဆုံးလေပြီ။ သေခြင်း၊ ဝမ်းနည်းခြင်း၊ ငိုကြွေးခြင်း၊ နာကျင်မှုများလည်းမရှိတော့ပြီ" ဟူ၍ဖြစ်သည်။. . .

ကောင်းကင်နိုင်ငံ၏အလှကိုဖော်ပြရန်ကြိုးစားရာမှာ လူ့ဘာသာစကားသည် အားနည်းလွန်းလှသည်။ ကျွန်ုပ်ရှေ့တွင် ဤမြင်ကွင်းကိုမြင်ရသောအခါ၊ မယုံနိုင်လောက်အောင်အံ့အားသင့်ရသည်။ သာလွန်သောသားနားထည်ဝါမှုနှင့် ထူးကဲသောဘုန်းကျက်သရေတို့ကြောင့် အလွန်စိတ်လှုပ်ရှားလျက် ကလောင်တံကိုချ၍၊ "အိုအလွန်ကြီးမားအံ့ဖွယ်သောချစ်ခြင်းမေတ္တာပါတကား" ဟုကြွေးကြော်မိသည်။ ကောင်းကင်နိုင်ငံ၏ဘုန်းကျက်သရေသို့တည်းမဟုတ် အနှိုင်းမဲ့သောကယ်တင်ရှင်၏မေတ္တာတော်နက်နဲမှုကိုဖော်ပြရန် အမြင့်မြတ်ဆုံးသောလူ့ဘာသာစကားသည် မစွမ်းဆောင်နိုင်ချေ။ (EW, pp. 288, 289).

–o–





## "ကျွန်ုပ်တို့ကောင်းကင်ဘုံသို့ရောက်သောအခါအံ့သြရမည်"

**"ထာဝရဘုရားသည် လူမြင်သကဲ့သို့မြင်တော်မူသည်မဟုတ်။ လူသည် အဆင်းသဏ္ဍာန်ကိုကြည့်ရှုတတ်၏။ ထာဝရဘုရားမူကား၊ နှလုံးကိုကြည့်ရှုတတ်သည်" (ဓမ္မရာဇဝင်ပထမစောင် ၁၆း၇)။**

ခရစ်တော်ကိုယ်တော်တိုင် မိမိထံတော်သို့ဆွဲယူသောသူများသည် မျှော်လင့်စရာမရှိသောသူများကဲ့သို့ မကြာခဏကျွန်ုပ်တို့မှတ်ယူကြသည်။... ကောင်းကင်နိုင်ငံသို့ ဘယ်ခါမျှရောက်မည်ဟုမယူဆသောသူများစွာသည် ထိုနေရာတွင်ရောက်ရှိကြမည်။ လူသည် အပြင်ပန်းကိုကြည့်၍၊ ဘုရားသခင်သည် စိတ်နှလုံးကိုဖတ်တော်မူသည်။ (COL, pp. 71, 72).

ရွေးနုတ်ခံသူတို့အထဲမှလူတချို့သည် ဘဝနေဝင်ချိန်လေးတွင် ခရစ်တော်ကိုစွဲကိုင်သူများဖြစ်ကြသည်။ ထိုသူတို့သည် မိမိတို့သေဆုံးချိန်ကကယ်တင်ခြင်းစီမံကိန်းကိုအပြည့်အစုံနားမလည်သောကြောင့် ထိုသူတို့သည် သင်ကြားပို့ချမှုခံယူရဦးမည်။ (5BC, p. 1124).

လက်ဝါးကပ်တိုင်အပေါ်ဝေဒနာခံစားစဉ် ယေရှုအတွက်နှစ်သိမ့်ခြင်းရောင်ခြည်သမ်းခဲ့သည်။ ၎င်းမှာ နောင်တရသောသူခိုး၏တောင်းဆိုချက်ပင်ဖြစ်သည်။. . . သူသည် ပွန်းပဲ့ဒဏ်ရာဖြင့် လက်ဝါးကပ်တိုင်ပေါ်တွင် လှောင်ပြောင်ခံရသောယေရှု၌ လောက၏အပြစ်ကိုသယ်ဆောင်သွားသောဘုရားသခင်၏သိုးသငယ်ကိုမြင်တွေ့ရသည်။ သေလုဆဲကယ်တင်ရှင်ထံ၌ အကူအညီမဲ့၊ သေလုဆဲဖြစ်နေလျက်ပင် မိမိကိုယ်ကိုအပ်နှံ၍ မျှော်လင့်ချက်ဖြင့် "သခင်၊ ကိုယ်တော်သည် နိုင်ငံတော်တည်လျက်ကြွလာတော်မူသောအခါ၊ အကျွန်ုပ်ကိုအောက်မေ့တော်မူပါ" ဟုလျှောက်ရာ၊ ယေရှုကချက်ချင်းပင်

"ယနေ့တွင် သင့်အားငါအမှန်ဆိုသည်ကား၊ ငါနှင့်အတူ ပါရဒိသုဘုံ၌ရှိလိမ့်မည်ဟုမိန့်တော်မူ၏။" (DA, pp. 749, 750).

ထိုသို့သောယုံကြည်ခြင်းသည် တစ်နေ့လုံးအမှုဝန်ကိုထမ်းသောသူတို့ ရရှိသောဆုလာဘ်ကဲ့သို့ပင် ဆယ့်တစ်နာရီတွင်အလုပ်ဆင်းသောသူတို့ရရှိသည်ကိုပုံဆောင်သည်။ ထိုသူခိုးသည် ယုံကြည်ခြင်းနှင့်နောင်တရသောစိတ်ဖြင့် တောင်းလျှောက်ခဲ့သည်။ ယေရှုသည် မိမိကိုယ်ကယ်တင်နိုင်ကြောင်း အပြည့်အဝနားလည်သည့်အလား စိတ်အားထက်သန်စွာတောင်းလျှောက်ခဲ့သည်။ (5BC, p. 1125).

တရားစီရင်ချိန်၌ ခရစ်တော်ကိုချီးကျူးသောသူတချို့သည် ဘုရားတရားအနည်းငယ်သာရှိနေနိုင်သော်လည်း၊ သူတို့သည် ကိုယ်တော်၏နည်းဥပဒေသများကို ချစ်ခင်မြတ်နိုးကြသည်။. . . တစ်ပါးအမျိုးသားများထဲတွင် မသိဘဲလျက် ဘုရားသခင်ကို ကိုးကွယ်သူများရှိသည်။ လူတို့သည် သူတို့ထံသို့ အလင်းတရားများမယူဆောင်သွားကြသော်လည်း၊ သူတို့သည် ပျက်စီးကြမည်မဟုတ်ချေ။ ရေးသားထားသည့် ဘုရားသခင်၏ပညတ်တော်ကိုမသိကြသော်လည်း၊ သဘာဝတရား၌ ကိုယ်တော်၏အသံတော်ကိုကြား၍၊ ပညတ်တော်၏တောင်းဆိုချက်များကို လိုက်လျှောက်ကြသည်။ သန့်ရှင်းသောဝိညာဉ်တော်သည် သူတို့စိတ်နှလုံးကိုတို့ထိတော်မူကြောင်း သူတို့အလုပ်၌ထင်ရှားလျက်ရှိကာ၊ သူတို့သည် ဘုရားသခင်၏သားသမီးကဲ့သို့ အသိအမှတ်ပြုခြင်းခံရကြသည်။

ကယ်တင်ရှင်က "သင်တို့သည် ဤသူတည်းဟူသောငါ့ညီတို့တွင် အငယ်ဆုံးသောသူတစ်ယောက်အားပြုသမျှကို ငါ့အားပြုကြပြီ" ဟုမိန့်တော်မူသံကို တစ်ပါးအမျိုးသားတို့သည်ကြားရသောအခါ မည်မျှဝမ်းမြောက်ကြလိမ့်မည်နည်း။ (DA, p. 638).

–ဝ–



နိဝင်ဘာ (၉)

## "စိတ်ကျေနပ်ဖွယ်အဖြေများ"

**"မိုးကောင်းကင်သည် မြေကြီးထက်သာ၍မြင့်သကဲ့သို့၊ ငါ၏အကျင့်သည် သင်တို့၏အကျင့်ထက်လည်းကောင်း၊ ငါ၏အကြံအစည်သည် သင်တို့၏အကြံအစည်ထက်လည်းကောင်း သာ၍မြင့်၏" (ဟေရှာယ ၅၅:၉)။**

ကျွန်ုပ်တို့၏အစီအစဉ်များသည် အမြဲတမ်းဘုရားသခင်၏အစီအစဉ်ဖြစ်မနေတတ်ချေ။. . .

ကျွန်ုပ်တို့အား မေတ္တာဖြင့်ဂရုစိုက်လျက် စိတ်ဝင်စားတော်မူသူ၊ ကျွန်ုပ်တို့နားလည်သည်ထက် သာ၍နားလည်သောသူသည် ကျွန်ုပ်တို့၏တစ်ကိုယ်ကောင်းဆန်သောရည်မှန်းချက်များ အထမမြောက်စေရန် မကြာခဏခွင့်ပြုတော်မမူချေ။. . . ကျွန်ုပ်တို့အတွက် ဘုရားသခင်၏အစီအစဉ်အောင်မြင်စေရန် မကြာခဏကျွန်ုပ်တို့၏အစီအစဉ်များ ပျက်သွားတတ်သည်။. . .

နောင်လာမည့်အသက်တာတွင် ကျွန်ုပ်တို့အားစိတ်အနှောင့်အယှက်ပေးပြီး၊ စိတ်ဓာတ်ကျစေသော နက်နဲသောအရာများသည် ရှင်းလင်းသွားလိမ့်မည်။ နားမသြောင်းခဲ့ဟုယူဆသောဆုတောင်းချက်များနှင့် စိတ်ပျက်ခဲ့ရသည့် မျှော်လင့်ချက်များသည် အကြီးမားဆုံးသောကောင်းချီးမင်္ဂလာများဖြစ်ကြောင်းကို ကျွန်ုပ်တို့မြင်တွေ့ရကြမည်။ (MH, pp. 473, 474).

ကျွန်ုပ်တို့သည် ယခုအချိန်တွင် ဘုရားသခင်၏နက်နဲသောအရာများကိုနားလည်ရန် ဝိညာဉ်ရေးအောင်မြင်မှုများမရရှိသေးချေ။ သို့ရာတွင် ကျွန်ုပ်တို့သည် ကောင်းကင်မိသားစုနှင့်ပူးပေါင်းသောအခါ၊ ဤနက်နဲသောအရာများသည် ရှင်းလင်းသွားလိမ့်မည်။. . .

ထာဝရနှင့်ဆိုင်သည့် နက်နဲသောအရာများကို ခံယူနိုင်ချေမရှိသေးသောကြောင့် ဘုရားသခင်ဖော်ပြတော်မမူသောအရာများကို ရှင်းလင်းဖော်ပြလိမ့်မည်။ ဘုရားသခင်စောင်မတော်မူသည့်နည်းလမ်းများလည်း ရှင်းလင်းသွားမည်။ ကျေးဇူးတော်၏နက်နဲမှုများကို ခရစ်တော်အားဖြင့်ဖော်ထုတ်လိမ့်မည်။ နားလည်ရန်ခက်ခဲပြီး ယခုနားမလည်နိုင်သောအရာများကို ရှင်းပြမည်။ ရှင်းပြရန်မဖြစ်နိုင်ဟုယူဆသောအရာများ၌ စည်းစနစ်များ၊ အရာရာ၌ဝှက်ထားသောနက်နဲမှုများ၊ ပေးတော်မူသောအရာခပ်သိမ်း၌ ကောင်းမြတ်ခြင်းနှင့်ကြင်နာသောကရုဏာများကို မြင်တွေ့ရမည်။ သမ္မာတရားကိုဖုံးဖိခြင်းမရှိဘဲ၊ အရိုးရှင်းဆုံးဖြင့်ဖော်ထုတ်မည်ဖြစ်ကာ၊ ၎င်း၏အဖြစ်မှန်ကို ကျွန်ုပ်တို့လက်ခံနိုင်ကြမည်။ စိတ်နှလုံးသည် ဝမ်းမြောက်လျက်သီဆိုလိမ့်မည်။ အငြင်းအခုံများလည်း ထာဝရဆုံးခန်းတိုင်၍ ခက်ခဲမှုအားလုံးကို ဖြေရှင်းလိမ့်မည်။ (6BC, p. 1091).

ဘုရားသခင်၏စောင်မမှု၌ ကျွန်ုပ်တို့အားစိတ်ရှုပ်စေသောအရာအားလုံးသည် နောင်လာမည့်ကမ္ဘာတွင် ရှင်းသွားလိမ့်မည်။ နားလည်ရန်ခက်ခဲသောအရာများ၏ရှင်းလင်းချက်များကိုလည်း ရရှိလိမ့်မည်။ ကျေးဇူးတော်၏နက်နဲမှုများကိုလည်း ဖော်ထုတ်လိမ့်မည်။ အကန့်အသတ်ရှိသော ကျွန်ုပ်တို့၏စိတ်သည် ရှုပ်ထွေးမှုများနှင့်ကတိပျက်ခဲ့သည်များကိုသာ မြင်ရသည့်နေရာတွင် အပြည့်စုံဆုံးနှင့်အလှပဆုံးသောစည်းဝါးကိုက်ညီမှုရှိသည်ကို မြင်ရကြမည်။ အခက်ခဲဆုံးအရာဟု ယူဆရသောအတွေ့အကြုံများကို အနန္တမေတ္တာတော်သည် စီစဉ်ထားသည်ကို ကျွန်ုပ်တို့သိရှိရကြမည်။ ကျွန်ုပ်တို့ကောင်းစားရေးအတွက် အရာရာကိုပြုပြင်တော်မူသော သူ၏အကြင်နာဂရုစိုက်မှုကို ကျွန်ုပ်တို့သဘောပေါက်သောအခါ၊ နှုတ်ဖြင့်မဖော်ပြနိုင်သောပျော်ရွှင်မှုနှင့် ဂုဏ်ကျက်သရေအစုံအလင်ဖြင့် ဝမ်းမြောက်ကြလိမ့်မည်။ (9T, p. 286).

–ဝ–





**နိဝင်ဘာ (၁၀)**

## "အထက်အရာတို့ကိုစွဲလမ်းပါ"

**"မြေကြီးပေါ်မှာရှိသောအရာတို့ကို စွဲလမ်းသောစိတ်မရှိကြနှင့်။ အထက်အရာတို့ကိုသာ စိတ်စွဲလမ်းခြင်းရှိကြလော့" (ကောလောသဲ ၃း၂)။**

ဘုရားသခင်၏လူတို့သည် မိမိတို့၏မျက်စိကို လောကီအရာများမှ ခွာ၍ ကောင်းကင်၊ ကောင်းကင်နှင့်ဆိုင်သောအရာများ၌စွဲလမ်းသောအခါ၊ သူတို့သည် "ပိုင်ထိုက်သော" လူမျိုးများဖြစ်ကြလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် လူသားများအပေါ် ဘုရားသခင်ပြသတော်မူသော သနားခြင်း၊ ကောင်းမြတ်ခြင်း၊ အကြင်နာမေတ္တာကို မြင်ရကြလိမ့်မည်။ ကိုယ်တော်၏မေတ္တာတော်သည် ထိုအရာများကိုတုံ့ပြန်ရန် သူတို့ကိုခေါ်တော်မူပြီး၊ သူတို့အား ဘုရားသခင်၏ဝိညာဉ်တော်သည်ထိန်းချုပ်ကြောင်းနှင့် သူတို့သည် လောကီအရာများမဟုတ်ဘဲ၊ အထက်အရာတို့ကိုသာစွဲလမ်းကြောင်းကို မိမိတို့ပတ်လည်ရှိလူတို့အား မိမိတို့အသက်တာဖြင့်ပြကြလိမ့်မည်။

ကောင်းကင်ကိုစဉ်းစားရာတွင် ကျွန်ုပ်တို့၏အတွေးကို အဝေးဆုံးသို့လွင့်၍၊ ကျွန်ုပ်တို့စဉ်းစား၍ရနိုင်သည့် အမြင့်ဆုံးသောအတွေးအခေါ်များကို စဉ်းစားပါ။ ထိုအခါ ကျွန်ုပ်တို့၏စိတ်သည် ဤအကြောင်းအရာ၏အနိမ့်အမြင့်ကို နားလည်ရန်ကြိုးစားရာတွင် မောပန်းလာလိမ့်မည်။ ကျွန်ုပ်တို့၏စိတ်သည် ထာဝရတည်သော ကြီးမားသည့်အရာကိုစဉ်းစား၍မရနိုင်ချေ။ ကောင်းသောအကျင့်စာရိတ္တပျိုးထောင်ရန်ကြိုးစားမှုနှင့် ကျွန်ုပ်တို့၏စိတ်ဓာတ်ကို မြှင့်တင်ပေးခြင်းမရှိဘဲလျက် ဤအရာများကိုနားလည်ရန်ကြိုးစားခြင်းမှာ မဖြစ်နိုင်ချေ။ ကျရှုံးသောလူသားများအတွက် အသေခံရန်ခရစ်တော်သည်

ဤလောကသို့မည်သို့ကြွလာသည်ကို ကျွန်ုပ်တို့စဉ်းစားသောအခါ၊ ကျွန်ုပ်တို့၏ကယ်တင်ခြင်းအတွက် ပေးဆပ်သောအဖိုးအခကိုနားလည်နိုင်ပြီး၊ ဘုရားသခင်ထံတော်မှလွဲ၍ စစ်မှန်သောကောင်းမြတ်ခြင်း၊ သို့တည်းမဟုတ်ကြီးမြတ်ခြင်းမရှိကြောင်းကိုသဘောပေါက်နိုင်သည်။

ကရာနိကုန်းပေါ်ရှိ လက်ဝါးကပ်တိုင်မှထွန်းလင်းသောအလင်းရောင်အားဖြင့်သာလျှင်၊ အပြစ်တရား၏နက်ရှိုင်းမှုနှင့် အပြစ်အားဖြင့် လူသားမျိုးနွယ်၏ကျရှုံးခြင်း၏အရှက်ရစေခြင်းတို့ကို ကျွန်ုပ်တို့သိနိုင်သည်။ ကျွန်ုပ်တို့အားဆွဲတင်၍ ကောင်းကင်မှချပေးသော သံကြိုး၏အရှည်အားဖြင့်သာလျှင် ကျွန်ုပ်တို့သည် မည်မျှနက်ရှိုင်းစွာနစ်ဝင်နေကြောင်းကိုသိနိုင်သည်။ မမြင်နိုင်သောအမှန်တရားများကို မျက်မြင်ရာ၌ထားရှိမှသာလျှင် ကယ်တင်ခြင်း၏ အံ့ဖွယ်သောအရာတို့ကို ကျွန်ုပ်တို့နားလည်နိုင်သည်။ (1HP, p. 368).

ကျွန်ုပ်တို့သည် အိမ်တော်သို့ရောက်လုပြီ။ "သင်တို့၏တိုက်ပွဲသည်ပြီးမြောက်လေပြီ။ သင်၏သခင်နှင့်အတူ စည်းစိမ်ဝင်စားလော့" ဟူသောကယ်တင်ရှင်၏တေးသံထက် သာယာသောအသံကို မကြာမီကျွန်ုပ်တို့ကြားရမည်။ မင်္ဂလာရှိသောကောင်းချီးပေးသံကို ကိုယ်တော်၏နှုတ်တော်မှ ကျွန်ုပ်ကြားချင်လှပြီ။ ကိုယ်တော်ကိုချီးမွမ်းချင်လှပါဘိ။ ပလ္လင်ပေါ်ထိုင်တော်မူသောသူကို ဂုဏ်ပြုချင်စမ်းပါဘိ။ ကျွန်ုပ်၏အသံကို ကောင်းကင်ဘုံ၌ထပ်ခါထပ်ခါပဲ့တင်ထပ်စေချင်လှပါပြီ။ ထိုနေရာတွင် သင်ရှိနေမည်လား။ . . ဘုရားသခင်သည် ကျွန်ုပ်တို့အားမစ၍၊ ပြည့်စုံခြင်းနှင့်တန်ခိုးအလုံးစုံဖြင့် ပြည့်စုံပါစေသော်။ ထိုအခါကျွန်ုပ်တို့သည် နောင်လာမည့်ကမ္ဘာ၏ပျော်ရွှင်မှုကို မြည်းစမ်းနိုင်ကြမည်။ (1HP, p. 368).

–o–



**နိဝင်ဘာ (၁၁)**

## "ကယ်တင်ခြင်းခံသောသူတို့၏ဆုလာဘ်"

**"အကြင်သူ၏အလုပ်သည်မြဲ၏။ ထိုသူသည် အကျိုးကိုခံရလိမ့်မည်" (၁ကောရိန်သု ၃း၁၄)။**

ဘုရားသခင်နှင့်သိုးသငယ်၏ပလ္လင်ပတ်လည်တွင် သစ္စာရှိသောသူများစုရုံးချိန်တွင် အပ်နှင်းမည့်ဆုလာဘ်မှာ ကြီးကျယ်ခမ်းနားပေလိမ့်မည်။ ယောဟန်သည် လူသားအခြေအနေဖြင့် ဘုရားသခင်၏ဘုန်းတော်ကိုမြင်တွေ့သောအခါ၊ သေသောသူကဲ့သို့လဲကျခဲ့ကာ ထိုမြင်ကွင်းကို သူမခံရပ်နိုင်ခဲ့ချေ။ သို့ရာတွင် ဘုရားသခင်၏သားသမီးတို့သည် မသေနိုင်သောအဖြစ်ကိုဝတ်ဆင်သောအခါ၊ သူတို့သည် "ကိုယ်တော်ဖြစ်တော်မူသည်အတိုင်း" (၁ယောဟန် ၃း၂) မြင်ရကြမည်။ သူတို့သည် ပလ္လင်တော်ရှေ့တွင်ရပ်ကြကာ၊ ကိုယ်တော်သည် သူတို့ကိုလက်ခံတော်မူမည်။ သူတို့၏အပြစ်များကိုချေဖျက်ပြီးဖြစ်၍ ကျူးလွန်မှုအပေါင်းကိုဆောင်သွားတော်မူခဲ့ပြီ။ ယခုတွင်မူသူတို့သည် ဘုရားသခင့်ပလ္လင်၏မှုန်ဝါးခြင်းမရှိသောဘုန်းတော်ကို ကြည့်ရှုနိုင်ကြသည်။ သူတို့သည် ခရစ်တော်ကဲ့သို့ ဝေဒနာများခံစားခဲ့ကြပြီး၊ ကယ်တင်ခြင်းစီမံကိန်းတွင် ကိုယ်တော်နှင့်အတူလုပ်ဆောင်ခဲ့ကြကာ၊ ဘုရားသခင်အားအမြဲထာဝရချီးမွမ်းမည့် ကောင်းကင်နိုင်ငံတွင်ကယ်တင်ခြင်းခံရသောသူတို့ကိုကြည့်၍ ကိုယ်တော်နှင့်အတူ ပျော်ရွှင်ကြသည်။ (9T, p. 285).

ထိုနေ့ရက်တွင်ရွေးနုတ်ခံသူတို့သည် ခမည်းတော်နှင့်သားတော်၏ဘုန်းတော်၌ ထွန်းလင်းကြလိမ့်မည်။ ကောင်းကင်တမန်တို့သည် မိမိတို့၏ရွှေစောင်းကောက်များကိုကိုင်၍၊ ဘုရင်မင်းကြီးနှင့်သူ၏အောင်မြင်ခြင်းအထိမ်းအမှတ်ဖြစ်သော ရွေးနုတ်ခံသူတို့ကိုကြိုဆိုကြမည်။ . . အောင်ပွဲခံသီချင်းသံ

ထွက်ပေါ်လာ၍၊ ကောင်းကင်တစ်ခုလုံးပြည့်သွားလိမ့်မည်။ ခရစ်တော်သည် အောင်နိုင်ခဲ့ပြီ။ ကိုယ်တော်သည် မိမိ၏ဝေဒနာခံခြင်းနှင့်ဆက်ကပ်ခြင်း သာသနာသည် အချည်းနှီးမဟုတ်ကြောင်း သက်သေခံသောရွေးနုတ်ခံသူတို့ လိုက်ပါလျက် ကောင်းကင်နိုင်ငံတော်သို့ဝင်တော်မူသည်။. . .

လောကခရီးသည်များအတွက် အိမ်တော်များရှိနေသည်။ ထိုနေရာတွင် ဖြောင့်မတ်သောသူတို့အတွက် ဝတ်လုံနှင့်တကွ ဘုန်းသရဖူနှင့်အောင်မြင်ခြင်းသံလွင်ခက်များရှိနေသည်။ ဘုရားသခင်၏စောင်မမှု၌ ကျွန်ုပ်တို့အား စိတ်ရှုပ်ထွေးစေခဲ့သောအရာများသည် ရှင်းလင်းသွားလိမ့်မည်။ နားလည်ရန်ခက်ခဲသောအရာများ၏ရှင်းလင်းချက်များကိုလည်း ရရှိလိမ့်မည်။ ကျေးဇူးတော်၏နက်နဲမှုကိုလည်း ဖော်ထုတ်လိမ့်မည်။ အကန့်အသတ်ရှိသော ကျွန်ုပ်တို့၏စိတ်သည် ရှုပ်ထွေးမှုများနှင့်ကတိပျက်ခဲ့သည်များကိုသာမြင်ရသည့်နေရာတွင် အပြည့်စုံဆုံးနှင့်အလှပဆုံးသောစည်းဝါးကို ကိုက်ညီမှုရှိသည်ကိုမြင်ရကြမည်။ အခက်ခဲဆုံးအရာဟု ယူဆရသောအတွေ့အကြုံများကို အနန္တမေတ္တာတော်သည် စီစဉ်ထားသည်ကို ကျွန်ုပ်တို့သိရှိရကြမည်။ ကျွန်ုပ်တို့ကောင်းစားရေးအတွက် အရာရာကိုပြုပြင်တော်မူသောသူ၏အကြင်နာဂရုစိုက်မှုကို ကျွန်ုပ်တို့သဘောပေါက်သောအခါ၊ နှုတ်ဖြင့်မဖော်ပြနိုင်သောပျော်ရွှင်မှုနှင့် ဂုဏ်ကျက်သရေအစုံအလင်ဖြင့် ဝမ်းမြောက်ကြလိမ့်မည်။ (9T, pp. 285, 286).

မိုးတိမ်များ၌ ခရစ်တော်ကြွလာခြင်းအတွက်ပြင်ဆင်ကြရန် သင်တို့အားကျွန်ုပ်တိုက်တွန်းပါသည်။. . . ခရစ်တော်သည်ကြွလာ၍ ယုံကြည်သူတို့အားချီးမွမ်းချိန်တွင် သင်သည် ကိုယ်တော်အားငြိမ်းချမ်းစွာတွေ့ဆုံသောသူတို့အထဲတွင် ပါဝင်နိုင်မည်အကြောင်း၊ တရားစီရင်ခြင်းအတွက်ပြင်ဆင်ပါ။ (9T, p. 285).

–၀–



**နိဝင်ဘာ (၁၂)**

## "မျက်စိဖြင့်မမြင်၊ နားဖြင့်မကြားသေး"

**"ဘုရားသခင်ကိုချစ်သောသူတို့အဖို့အလိုငှာ၊ ဘုရားသခင်ပြင်ဆင်တော်မူသောအရာတို့ကို လူမျက်စိဖြင့်မမြင်၊ နားဖြင့်မကြား၊ စိတ်နှလုံးဖြင့်မကြံစည်သေး" (၁ကောရိန်သု ၂း၉)။**

ဘုရားသခင်ကိုအမှန်တကယ်ချစ်သောသူတို့က မိမိတို့သည် သူတစ်ပါးအတွက်ကောင်းချီးဖြစ်မည်အကြောင်း၊ ဘုရားပေးအစွမ်းအစများကို တိုးတက်စေလိုကြသည်။ ထိုအခါ သူတို့ဝင်နိုင်ရန် ကောင်းကင်ဂိတ်တံခါးများတဖြည်းဖြည်းပွင့်လာပြီး၊ ဘုန်းကြီးသောအရှင်မင်းကြီး၏နှုတ်တော်မှ အသာယာဆုံးသောအသံတော်ဖြင့် "ငါ့ခမည်းတော်ထံကောင်းချီးမင်္ဂလာကိုခံသောသူတို့၊ ကမ္ဘာဦးကပင် သင်တို့အဖို့ပြင်ဆင်သောနိုင်ငံကို လာ၍အမွေခံကြလော့" (မဿဲ ၂၅း၃၄) ဟူသော ကောင်းချီးပေးသံကိုကြားကြမည်။ ထိုသို့ဖြင့် ရွေးနုတ်ခံသူတို့သည် သူတို့အတွက်ယေရှုပြင်ဆင်တော်မူသောအိမ်တော်တွင် ကြိုဆိုခြင်းခံရကြသည်။ ထိုနေရာတွင် သူတို့၏မိတ်ဆွေများမှာ လောကမှ ယုတ်မာသူများမဟုတ်ဘဲ၊ ဘုရားသခင်၏အကူအညီဖြင့် စုံလင်သောအကျင့်စာရိတ္တကို တည်ဆောက်သူများဖြစ်ကြမည်။ အပြစ်သို့တိမ်းညွတ်သောအရာ၊ မပြည့်စုံသောအရာအားလုံးကို ခရစ်တော်၏အသွေးတော်ဖြင့် ဖယ်ရှားပြီးဖြစ်ကာ၊ နေမင်း၏အပြင်းဆုံးသောရောင်ခြည်ထက် သာလွန်သည့်တောက်ပခြင်းဖြင့် အလွန်ကောင်းမွန်တောက်ပသော ကိုယ်တော်၏ဘုန်းရောင်ခြည်ကို သူတို့အားပေးတော်မူသည်။ ကိုယ်တော်၏ဂုဏ်တော်၏လှပမှုနှင့်ပြည့်စုံခြင်းသည် အပြင်ပန်းထည်ဝါမှုထက် သူတို့အားဖြင့်သာလွန်၍တောက်ပလျက်ရှိသည်။

သူတို့သည် ပလ္လင်ဖြူကြီးရှေ့တွင် အပြစ်မရှိကြဘဲ၊ ကောင်းကင်တမန်တို့၏ ဂုဏ်သိက္ခာနှင့်အခွင့်အရေးများကို မျှဝေခံစားရကြသည်။

"ဘုရားသခင်ကိုချစ်သောသူတို့အဖို့အလိုငှာ၊ ဘုရားသခင်ပြင်ဆင်တော်မူသောအရာတို့ကို လူမျက်စိဖြင့်မမြင်၊ နားဖြင့်မကြား၊ စိတ်နှလုံးဖြင့် မကြံစည်သေး။" ဤကြီးကျယ်ခမ်းနားသောအမွေဥစ္စာသည် မိမိအတွက်ဖြစ်သော် "မိမိအသက်ဝိညာဉ်ကို အဘယ်ဥစ္စာနှင့်လဲလှယ်နိုင်သနည်း" (မဿဲ ၁၆း၂၆)။ လူသည် ဆင်းရဲလျက်ရှိနေနိုင်သည်။ သို့သော်သူသည် မိမိအထဲ၌ ကမ္ဘာက ဘယ်ခါမျှမပေးစွမ်းနိုင်သော ကြွယ်ဝချမ်းသာမှုနှင့်ဂုဏ်သိက္ခာပိုင်ဆိုင်ထားသည်။ အပြစ်မှရွေးနုတ်ပြီး သန့်စင်စေပြီးသောအသက်ဝိညာဉ်နှင့် ဘုရားသခင်၏အမှုတော်အတွက် ဆက်ကပ်သောမွန်မြတ်သည့်တန်ခိုးတို့သည် သာ၍တန်ဖိုးကြီးလှပေသည်။ (1HP, p. 367).

မင်္ဂလာရှိသောသူတို့၏အိမ်တော်တွင် အမြဲနေထိုင်ရန်မှာ၊ ကိုယ်စိတ်ဝိညာဉ်တို့တွင် အပြစ်တရားနှင့်ကျိန်ခြင်း၏အစွန်းအထင်းမရှိဘဲ၊ ကျွန်ုပ်တို့ဖန်ဆင်းရှင်၏စုံလင်သောပုံသဏ္ဌာန်ကိုယူဆောင်လျက်၊ ကာလအဆက်ဆက် ဉာဏ်ပညာနှင့်သန့်ရှင်းခြင်း၌ အစဉ်တိုးတက်ပြီး၊ အတွေးအခေါ်အသစ်များ ရှာဖွေရင်း အသစ်အသစ်သောအံ့ဖွယ်ရာများနှင့် ခမ်းနားကြီးကျယ်မှုကို ရှာဖွေတွေ့ရှိရင်းဖြင့် ခရစ်ယာန်တို့၏မျှော်လင့်သည့်အရာဖြစ်သော သိကျွမ်းခြင်း၊ ပျော်ရွှင်ခြင်း၊ ချစ်ခြင်းတို့နှင့် ကျွန်ုပ်တို့၏တစ်ဖက်ကမ်းတွင် ပျော်ရွှင်ခြင်း၊ ချစ်ခြင်းနှင့် အဆုံးမဲ့ပညာများရှိနေသေးကြောင်းသိရှိခြင်း၌ တိုးပွားကြရမည်။ (CT, p. 55).

–o–



နိဝင်ဘာ (၁၃)

## "အသက်ပေးသောအသီး"

**"မြို့လမ်းမအလယ်၌လည်းကောင်း၊ ထိုမြစ်နှစ်ဖက်၌လည်းကောင်း အသက်ပင်ရှိ၏။ ထိုအသက်ပင်သည် အသီးတစ်ဆယ့်နှစ်မျိုးကိုသီးတတ်၏။ မိမိအသီးကိုလည်း လတိုင်းပေးတတ်၏။ အရွက်သည်လည်း လူအမျိုးမျိုးတို့၏အနာရောဂါငြိမ်းစရာဖို့ဖြစ်၏" (ဗျာဒိတ် ၂၂း၂)။**

ဧဒင်ဥယျာဉ်၌ရှိသော အသက်ပင်၏အသီးသည် သဘာဝလွန်ဓာတ်များပိုင်ဆိုင်သည်။ ၎င်းကိုစားလျှင် ထာဝရအသက်ရှိမည်။ ၎င်း၏အသီးသည် သေခြင်း၏ဖြေဆေးဖြစ်သည်။ . . .

အပြစ်ဝင်လာပြီးနောက် ကောင်းကင်ဥယျာဉ်ပိုင်ရှင်သည် အသက်ပင်ကို အထက်ပါရဒိသုဘုံ၌ ရွှေ့စိုက်တော်မူသည်။ (8T, p. 288).

"ဘုရားသခင်ကိုချစ်၍ ပညတ်ချက်တို့ကိုစောင့်ရှောက်သော ရွေးနုတ်ခံသန့်ရှင်းသူတို့သည် မြို့၏ဂိတ်တံခါးမှဝင်၍ အသက်ပင်၏အသီးကိုစားခွင့်ရှိသည်။ ကျွန်ုပ်တို့၏မိဦးဖဦးတို့သည် မကျရှုံးမီက စားခွင့်ရှိသကဲ့သို့ပင် သူတို့သည် ထိုအသီးကိုလွတ်လပ်စွာစားရကြမည်။ ၎င်းအပင်၏မညှိုးနွမ်းသောအရွက်သည် လူအမျိုးမျိုးအဖို့ အနာရောဂါငြိမ်းစရာဖြစ်လိမ့်မည်။ ထိုအခါ သူတို့၏ဝမ်းနည်းခြင်းများပျောက်သွားလိမ့်မည်။ အသက်ပင်၏အရွက်သည် သူတို့အားရောဂါငြိမ်းစေသောကြောင့် ဖျားနာခြင်း၊ ဝမ်းနည်းခြင်း၊ သေခြင်းများမခံရတော့ပြီ။ ဝမ်းနည်းခြင်း၊ ပင်ပန်းခြင်း ဘေးဒုက္ခတို့ကြောင့် ကျိန်ခြင်းအောက်၌ညည်းတွားခဲ့ကြသော ရွေးနုတ်ခံသူတို့သည် ဘုရားသခင်၏မိန့်မှာချက်ကိုကျူးလွန်ခြင်းအားဖြင့် ကျွန်ုပ်တို့၏မိဦးဖဦးတို့ လက်လွှတ်အဆုံးရှုံးခံ

ရသည့် မသေနိုင်သောအသီးကိုစားရန် အသက်ပင်၏အနားတွင်စုရုံးလာကြသောအခါ ယေရှုသည် မိမိဝိညာဉ်၏ဒုက္ခတို့ကိုမြင်၍ ကျေနပ်တော်မူမည်။ အသက်ပင်ကိုဆုံးရှုံးရမည့်အန္တရာယ်မရှိတော့ပါ။ အကြောင်းမှာ ကျွန်ုပ်တို့၏ မိဦးဖဦးတို့ကို အပြစ်ထဲသို့သွေးဆောင်ခဲ့သောသူသည် ဒုတိယသေခြင်း၌ ဖျက်ဆီးခြင်းခံရမည်ဖြစ်သောကြောင့်တည်း။ (MLT, p. 355).

ဘုရားသခင်၏ပညတ်ချက်အားလုံးကို လိုက်လျှောက်ခြင်းသည် အသက်ပင်၏အသီးကိုစားရမည့်အခွင့်ပင်ဖြစ်သည်။ အာဒံသည် နားထောင်မှုမရှိခြင်းကြောင့် ကျရှုံးခဲ့သည်။ . . .

ယေရှုခရစ်အားဖြင့်နားထောင်ခြင်းသည် လူတို့အတွက် စာရိတ္တစုံလင်ခြင်းနှင့် အသက်ပင်၏အသီးကိုစားရသောအခွင့်ပေးသည်။ ယောဟန်ထံသို့ ယေရှု၏သက်သေခံခြင်း၌ အသက်ပင်၏အသီးကိုစားနိုင်သည့်အခြေအနေကို ရှင်းလင်းစွာဖော်ပြထားသည်။ "အသက်ပင်နှင့်ဆိုင်၍၊ မြို့တံခါးအတွင်းသို့ ဝင်အံ့သောငှာ ပညတ်တော်တို့ကိုကျင့်သောသူတို့သည် မင်္ဂလာရှိကြ၏။" (1BC, p. 1086).

ပြန်လည်ပေးသော ကြာမြင့်စွာကပျောက်ဆုံးခဲ့သည့် ဧဒင်ဥယျာဉ်မှ အသက်ပင်၏အသီးကိုစားသောကြောင့် ရွေးနုတ်ခံသူတို့သည် ကမ္ဘာဦးက လူသားအရွယ်အစားအတိုင်း "ကြီးထွား" ကြလိမ့်မည်။ အပြစ်တရား၏ကျိန်ခြင်းအမှတ်လက္ခဏာများဖယ်ရှားကာ၊ ခရစ်တော်၏သစ္စာစောင့်သူတို့၌ "အကျွန်ုပ်တို့၏ဘုရားသခင်ထာဝရဘုရား၏တင့်တယ်ခြင်းသည် သက်ရောက်ကာ၊ ကိုယ်စိတ်ဝိညာဉ်တို့၌ ကျွန်ုပ်တို့ထာဝရဘုရား၏စုံလင်သောပုံသဏ္ဍာန်သည် ထင်ဟပ်လိမ့်မည်။ ကြာမြင့်စွာကပြောဆိုခဲ့ကြ၊ မျှော်လင့်ခဲ့ရ၊ မျှော်လင့်တကြီးဖြင့်အာရုံပြုခဲ့ကြသော်လည်း ဘယ်ခါမျှအစုံအလင်နားမလည်ခဲ့သော အို၊ အံ့ဖွယ်ရွေးနုတ်ခြင်းပါတကား။" (GC, p. 645).

–၀–



နိဝင်ဘာ (၁၄)

## "သက်တံလွှမ်းခြုံသောပလ္လင်"

**"ကောင်းကင်ဘုံ၌ ပလ္လင်တစ်ခုတည်လျက်ရှိ၏။ ပလ္လင်ပေါ်မှာ ထိုင်သောသူလည်းရှိ၏။ ထိုသူ၏အဆင်းအရောင်သည် နဂါးသွဲ့ကျောက်၊ ပတ္တမြားကျောက်နှင့်တူ၏။ ပလ္လင်၏ပတ်ဝန်းကျင်၌ကား၊ မြကျောက်အဆင်းအရောင်နှင့်တူသောသက်တံရှိ၏" (ဗျာဒိတ် ၄း၂၊၃)။**

ပလ္လင်ပေါ်တည်နေသောသက်တံမှာ "ဘုရားသခင်၏သားတော်ကို ယုံကြည်သောသူအပေါင်းတို့သည် ပျက်စီးခြင်းသို့မရောက်၊ ထာဝရအသက်ကိုရစေခြင်းငှာ၊ ဘုရားသခင်သည် မိမိ၌တစ်ပါးတည်းသောသားတော်ကိုစွန့်တော်မူသည်တိုင်အောင် လောကီသားတို့ကိုချစ်တော်မူ၏" ဟူသော ထာဝရသက်သေခံချက်ပင်ဖြစ်သည်။. . .

သက်တံရောင်ခြည်သည် နေရောင်ခြည်နှင့်ရေမှုန်များပေါင်းစပ်ခြင်းဖြင့် ဖြစ်ပေါ်လာသကဲ့သို့၊ ပလ္လင်ကိုဝန်းရံသောသက်တံမှာ ကရုဏာနှင့်တရားမျှတခြင်းပေါင်းစပ်သည့်တန်ခိုးကိုပုံဆောင်သည်။ တရားမျှတခြင်းတစ်ခုတည်းကိုသာ ထိန်းသိမ်းရန်မဟုတ်ပါ။ အကြောင်းမှာ ၎င်းသည် ပလ္လင်ပေါ်က ကတိတော်သက်တံ၏ဘုန်းရောင်ကို မှေးမှိန်သွားစေလိမ့်မည်။ လူတို့သည် ပညတ်တော်၏ပြစ်ဒဏ်ကိုသာ မြင်နိုင်ကြလိမ့်မည်။ တရားမျှတခြင်းကင်းမဲ့ပြီး ပြစ်ဒဏ်မရှိခဲ့ပါသော် ဘုရားသခင်၏အုပ်စိုးမှုတွင် တည်ငြိမ်မှုရှိမည်မဟုတ်ချေ။ တရားမျှတခြင်းနှင့်ကရုဏာတရားတို့ပေါင်းစပ်မှသာလျှင် ကယ်တင်ခြင်းသည် ပြည့်စုံပေလိမ့်မည်။. . .

ကရုဏာတရားသည် ကျွန်ုပ်တို့အား ဘုရားသခင်၏မြို့တော်ထဲသို့ ဝင်ရန်ဖိတ်ခေါ်ပြီး၊ တရားမျှတခြင်းမှာမူ နားထောင်ခြင်းရှိသူအပေါင်းတို့အား

ကောင်းကင်ဘုရင်၏သားတော်အဖြစ် တော်ဝင်မိသားစုဝင်ဖြစ်ရသောအခွင့်ကို ပေးသည်။ အကယ်၍ ကျွန်ုပ်တို့သည် အကျင့်စာရိတ္တချွတ်ယွင်းနေလျှင်၊ ကရုဏာတရားမှနားထောင်ခြင်းရှိသူတို့အား ဖွင့်ပေးသောတံခါးတွင် ဖြတ်ဝင်ခွင့်မရချေ။ အကြောင်းမှာ တရားမျှတခြင်းသည် အဝင်ဝ၌ရပ်နေ၍၊ ဘုရားသခင်ကိုဖူးတွေ့မည့်သူအားလုံးအား သန့်ရှင်းမှုကိုတောင်းဆိုသောကြောင့်ဖြစ်သည်။

တရားမျှတခြင်းသည်ပျက်သုဉ်း၍၊ ဘုရားသခင်၏ကရုဏာတော်သည် မည်သည့်စာရိတ္တပင်ရှိနေပါစေ၊ လူသားမျိုးနွယ်အားလုံးကို တံခါးဝ၌ဝင်ခွင့်ပြုခဲ့သော် စာတန်အားမနှင်ထုတ်မီအချိန်ကထက် ကောင်းကင်တွင်သာ၍ဆိုးသောမကျေနပ်မှုနှင့် ပုန်ကန်ခြင်းရှိလိမ့်မည်။ ကောင်းကင်ကငြိမ်သက်ခြင်း၊ ပျော်ရွှင်ခြင်းနှင့်ညီညွတ်မှုတို့သည် ပျက်စီးသွားလိမ့်မည်။ မြေကြီးမှကောင်းကင်သို့ခေါ်ဆောင်ခြင်းသည် လူ့အကျင့်စာရိတ္တကို ပြောင်းလဲမည်မဟုတ်ချေ။ ကောင်းကင်၌ရွေးနုတ်ခံသူတို့၏ပျော်ရွှင်မှုမှာ ယခုအသက်တာတွင် ခရစ်တော်၏ပုံသဏ္ဍာန်အတိုင်း စာရိတ္တကိုတည်ဆောက်ခြင်းဖြစ်သည်။ ကောင်းကင်၌ရှိသောသန့်ရှင်းသူတို့သည် ဤကမ္ဘာတွင် သန့်ရှင်းသူများအလျင်ဖြစ်ရကြမည်။

လူသားတို့ကယ်တင်ခြင်းအတွက် ခရစ်တော်၏အပူဇော်ခံခြင်းသည် သာလျှင် တန်ဖိုးရှိသည်။ အကြောင်းမှာ အပြစ်တရားမှကယ်တင်သောအရာမှာ ထိုအရာပင်ဖြစ်သည်။. . . ထိုကြောင့် ဧဝံဂေလိတရားအားဖြင့် ဘုရားသခင်၏ပညတ်တော်သည် အားနည်းသွားခြင်းမဟုတ်ဘဲ၊ အပြစ်တရား၏တန်ခိုးကျိုးပဲ့ခြင်းဖြစ်ကာ ထိုသို့ဖြင့်နောင်တရသောအပြစ်သားကို ကရုဏာတရား၏လုံတံတော်ကို ကမ်းပေးလျက်ရှိသည်။ (RH, Dec. 13, 1892).

–o–





## "ရှင်ဘုရင်ကိုမြင်ရမည်"

**"သင်သည် ရှင်ဘုရင်၏တင့်တယ်ခြင်းအသရေတော်ကို ကိုယ်မျက်စိနှင့်မြင်ရ၍၊ ဝေးလှသောပြည်ကိုလည်း ကြည့်မြင်ရလိမ့်မည်" (ဟေရှာယ ၃၃း၁၇)။**

အကယ်၍ ကျွန်ုပ်တို့သည် ရှင်ဘုရင်၏တင့်တယ်ခြင်းအသရေတော်ကိုမြင်ချင်လျှင် ထိုက်တန်စွာပြုမူကြရမည်။ ရန်စခြင်းခံရသောအခါ နှုတ်ပိတ်ကြပါစို့။ နှုတ်ဆိတ်ခြင်းသည် စကားပြောကောင်းခြင်းဖြစ်သည့်အချိန်အခါများလည်းရှိသည်။ ဘုရားသခင်၏သားသမီးများဟု အခေါ်ခံထိုက်စေရန်၊ ကျွန်ုပ်တို့သည် ကြင်နာခြင်း၊ စိတ်ရှည်သည်းခံခြင်းကို ပြသကြရမည်။ ကျွန်ုပ်တို့သည် ကိုယ်တော်ကို ကိုးစားရမည်၊ ယုံကြည်ရမည်၊ မှီခိုရမည်။ ကျွန်ုပ်တို့သည် ခရစ်တော်၏ခြေတော်ရာကိုလိုက်ကြရမည်။ ကိုယ်တော်က "ငါ့၌ဆည်းကပ်လိုသောသူဖြစ်လျှင် ကိုယ်ကိုကိုယ်ငြင်းပယ်ရမည်။ ကိုယ်လက်ဝါးကပ်တိုင်ကိုနေ့တိုင်းထမ်း၍ ငါ့နောက်သို့လိုက်ရမည်" (လုကာ ၉း၂၃) ဟုမိန့်တော်မူသည်။. . . နှုတ်ဆိတ်နေရမည့်အချိန်တွင် တိတ်ဆိတ်ခြင်းသည် သင့်အတွက်လေးလံသောလက်ဝါးကပ်တိုင်ဖြစ်နေနိုင်သည်။ ဤအရာသည် နာကျင်သောစည်းမျဉ်းလည်းဖြစ်နိုင်သည်။ သို့ရာတွင် ဒေါသူပုန်ထ၍ပြောသောစကားထက် တိတ်ဆိတ်စွာနေခြင်းသည် မကောင်းမှုကိုသာ၍များစွာအောင်နိုင်သည်။

ကောင်းကင်ဘုံ၌နေစရာရရှိနိုင်ရန်အလို့ငှာ၊ ဤကမ္ဘာတွင်ကျွန်ုပ်တို့သင်ယူရမည်။ ဤနေရာတွင် ကျွန်ုပ်တို့နားမလည်သောအရာများစွာကိုရှင်းပြရန် အသက်မြစ်ရေကမ်းပါး၌ ကယ်တင်ရှင်သည် ကျွန်ုပ်တို့အားပို့ဆောင်

တော်မူမည့် အထက်ကောင်းကင်ရှိ သာ၍မြင့်သောကျောင်းတွင်တက်နိုင်ရန် ကျွန်ုပ်တို့ပြင်ဆင်ရာတွင် ခရစ်တော်သည် ကျွန်ုပ်တို့အားသင်ပေးချင်သော သင်ခန်းစာများကို သင်ယူကြရမည်။. . . ထိုနေရာတွင် ကျွန်ုပ်တို့ဘယ်ခါ မျှမမြင်ဘူးသော ဘုရားသခင်၏ဘုန်းတော်ကိုမြင်ကြရမည်။ ယခုတွင် ကျွန်ုပ် တို့သည် ဘုရားသခင်၏ဘုန်းတော်ကို ရေးရေးမျှသာဖြစ်ကြရသည်။ အကြောင်း မှာ ကျွန်ုပ်တို့သည် ထာဝရဘုရားအားသိကျွမ်းရန် လမ်းမလိုက်ကြချေ။ (1HP, p. 365).

ဤကမ္ဘာပေါ်ရှိကျောင်းများတွင် သင်ယူသောမှန်ကန်သည့်စည်းမျဉ်း များနှင့် သမ္မာတရားအားလုံးသည် ကောင်းကင်ကျောင်းအတွက် တိုးတက် စေလိမ့်မည်။ ဤကမ္ဘာမြေတွင်သာသနာပြုစဉ် ခရစ်တော်သည် မိမိတပည့် တော်တို့နှင့်အတူ စကားပြော၊ လမ်းလျှောက်ခဲ့ကြသကဲ့သို့ ကိုယ်တော်သည် အထက်အရပ်ရှိကျောင်းတွင် ကျွန်ုပ်တို့အားအသက်စမ်းရေမြစ်ကမ်းနံဘေး၌ ပို့ဆောင်၍ အပြစ်တရားကြောင့် နားမလည်နိုင်ခဲ့သောသမ္မာတရားများကို ဖော်ပြတော်မူမည်။ ကောင်းကင်ကျောင်းတော်၌ အမြင့်ဆုံးသောသင်ယူခြင်းကို တစ်ဆင့်ပြီးတစ်ဆင့် သင်ယူရရှိနိုင်မည့်အခွင့်အရေးရရှိကြမည်။ ထိုနေရာတွင် ကောင်းကင်ရှင်ဘုရင်၏သားသမီးများအဖြစ် ကျွန်ုပ်တို့သည် တော်ဝင်မိသားစုဝင် များနှင့်အတူ အစဉ်နေရကြမည်။ ထိုနေရာတွင် ရှင်ဘုရင်၏တင့်တယ်ခြင်း အသရေတော်နှင့် အနှိုင်းမဲ့ကျက်သရေကို မြင်ရကြမည်။ (CT, pp. 208, 209).

ကျွန်ုပ်တို့သည် ကြာရှည်စွာစောင့်ခဲ့ရသော်လည်း ကျွန်ုပ်တို့၏မျှော်လင့် ချက်သည် မေးမှိန်မသွားချေ။ ကျွန်ုပ်တို့သည် ရှင်ဘုရင်၏တင့်တယ်ခြင်း အသရေကိုမြင်ရလျှင်၊ ထာဝရမင်္ဂလာရှိသူများဖြစ်ကြမည်။ (8T, p. 253).

–o–



**နိဝင်ဘာ (၁၆)**

## “တစ်သိန်းလေးသောင်းလေးထောင်”

**“ထိုနောက်မှငါကြည့်လျှင်၊ သိုးသငယ်သည် ဇိအုန်တောင်ပေါ် မှာရပ်နေ၏။ သူ၏နာမနှင့်ခမည်းတော်၏နာမကို နဖူး၌အက္ခရာတင် သောသူ တစ်သိန်းလေးသောင်းလေးထောင်လည်း သူနှင့်အတူရှိကြ ၏” (ဗျာဒိတ် ၁၄း၁)။**

ပလ္လင်တော်ရှေ့၌ကျောက်သလင်းနှင့်တူသော ဖန်ရေကန်ရှိသည်။ ၎င်းသည် မီးနှင့်ရောထားသည့်အလား၊ ဘုရားသခင်၏ဘုန်းတော်ဖြင့် အရောင် အဝါတောက်ပလျက်ရှိကာ၊ “သားရဲနှင့်လည်းကောင်း၊ သူ၏ရုပ်တုနှင့်လည်း ကောင်း၊ သူ၏နာမအရေအတွက်နှင့်လည်းကောင်း လွတ်၍အောင်မြင်သော သူတို့သည်. . . ဖန်ရေကန်နားမှာရပ်နေကြသည်။ ဇိအုန်တောင်ပေါ်မှ သိုးသငယ်နှင့်အတူ “ဘုရားသခင်၏စောင်းတော်တို့ကိုကိုင်လျက်၊” လူတို့ အထဲမှရွေးနုတ်တော်မူသော ၁၄၄,၀၀၀ တို့သည် ရပ်နေကြသည်။ ထိုအခါ သမုဒ္ဒရာရေသံ၊ ကြီးစွာသောမိုးကြိုးသံကဲ့သို့ “စောင်းသမားများစောင်းတီး သောအသံကို” ကြားရသည်။ ထိုနောက်သူတို့သည် ပလ္လင်တော်ရှေ့တွင် “အသစ်သောသီချင်း၊” ၁၄၄,၀၀၀ တို့ကသာ သီဆိုနိုင်သောသီချင်းကိုဆို ကြသည်။ ထိုသီချင်းမှာ မောရှေနှင့်သိုးသငယ်၏သီချင်း၊ ရွေးနုတ်သော သီချင်းဖြစ်သည်။

၁၄၄,၀၀၀ တို့မှလွဲ၍ ထိုသီချင်းကိုမဆိုနိုင်ကြချေ။ အကြောင်းမှာ အခြားသူများမကြုံဘူးသော သူတို့၏အတွေ့အကြုံကိုစပ်ဆိုသောသီချင်းဖြစ် သည်။ “ထိုသူတို့သည်. . . သိုးသငယ်သွားလေရာရာအရပ်သို့ နောက်တော် ၌လိုက်သောသူဖြစ်ကြ၏။” ဤသူတို့သည် ကမ္ဘာမြေ၌ပင် အသက်ရှင်လျက်

ပြောင်းလဲသောသူများဖြစ်ကြကာ၊ “ဘုရားသခင်နှင့်သိုးသငယ်အဖို့ အဦးသီးသောအသီးဖြစ်ကြ၏” (ဗျာဒိတ် ၁၅း၂၊၃။ ၁၄း ၁–၅)။ “ဤသူတို့သည် ကြီးစွာသောဆင်းရဲဒုက္ခအထဲကထွက်မြောက်. . . သောသူများဖြစ်ကြသည်။” လူသားမျိုးနွယ်စတင်ချိန်မှစ၍ မဖြစ်စဖူးသောဆင်းရဲဒုက္ခကာလကို သူတို့ဖြတ်ကျော်လာခဲ့ပြီ။ ယာကုပ်ဒုက္ခဆင်းရဲကာလ၏ဝေဒနာကို ခံခဲ့ကြပြီ။ နောက်ဆုံးသောဘုရားသခင်၏တရားစီရင်ခြင်း သွန်းလောင်းစဉ်ကာလတစ်လျှောက် ကြားဖျန်ဖြေသူမရှိဘဲ ရပ်တည်ခဲ့ကြပြီ။ သို့ရာတွင်သူတို့သည် ကယ်တင်ခြင်းခံရကြသည်အကြောင်းမှာ သူတို့သည် “မိမိတို့ဝတ်လုံကို သိုးသငယ်၏အသွေး၌လျှော်၍ ဖြူစင်စေသောသူဖြစ်ကြသတည်း။” ဘုရားသခင်၏ရှေ့တော်၌ “အပြစ်နှင့်ကင်းလွတ်ကြသည်ဖြစ်၍ သူတို့နှုတ်၌မုသားမရှိ။” “ထိုကြောင့် ဘုရားသခင်၏ပလ္လင်တော်ရှေ့မှာနေရာရ၍၊ ဗိမာန်တော်၌ ဘုရားဝတ်ကိုနေ့ညမပြတ်ပြုရကြ၏။ ပလ္လင်ပေါ်မှာထိုင်တော်မူသောသူသည် သူတို့တွင်ကိန်းဝပ်တော်မူမည်။”

အစာငတ်မွတ်ခြင်းနှင့်ကပ်ဘေးများဖြင့် ပျက်စီးနေသောမြေကြီး၊ အားကြီးသောအပူဒဏ်ဖြင့် လူတို့အားလောင်ကျွမ်းစေနိုင်လောက်သောတန်ခိုးရှိသည့်နေမင်းတို့ကို သူတို့မြင်ခဲ့ကြပြီ။ သူတို့ကိုယ်တိုင် ဝေဒနာများ၊ ဆာလောင်ငတ်မွတ်ခြင်းတို့ကို ခံခဲ့ကြပြီးဖြစ်သည်။ သို့ရာတွင် “သူတို့သည် နောက်တစ်ဖန် ရေစာကိုမငတ်မမွတ်ရကြ။ နေရောင်ခြည်အလျှင်းမထိရ။ အဘယ်အပူကိုမျှမခံရကြ” ဗျာဒိတ် ၇း၁၄–၁၆။ (GC, pp. 648, 649).

–၀–





## “မြောက်မြားစွာသောရွေးနှုတ်ခံသူများ”

**“ထိုနောက်မှငါကြည့်လျှင်၊ အသီးအသီးဘာသာစကားကိုပြောသော လူအမျိုးအနွယ်ခပ်သိမ်းတို့အထဲမှထွက်၍၊ အဘယ်သူမျှမရေတွက်နိုင်သောလူများအပေါင်းတို့သည် ဖြူသောဝတ်လုံကိုဝတ်ဆင်လျက်၊ စွန်ပလွံခက်ကိုကိုင်လျက် ပလ္လင်တော်ရှေ့၊ သိုးသငယ်ရှေ့မှာရပ်နေကြ၏” (ဗျာဒိတ် ၇း၉)။**

ဘာသာစကားအမျိုးမျိုးပြောသော လူအမျိုးမျိုးတို့သည် ဘုရားသခင်နှင့်သိုးသငယ်၏ပလ္လင်တော်ရှေ့တွင် အစွန်းအထင်းမရှိသောဝတ်လုံနှင့် ကျောက်မျက်စီခြယ်ထားသောသရဖူများနှင့်အတူ ရပ်နေကြသည်။ ကောင်းကင်တမန်က၊ သူတို့သည် ကြီးစွာသောဆင်းရဲဒုက္ခထဲကထွက်လာသူများဖြစ်၍ မိမိတို့အဝတ်ကို လျှော်ဖွပ်ဖြူစင်စေသူများဖြစ်ကြသည်။ သို့သော် ဘုရားသခင်ကိုချစ်သည်ထက် အပျော်အပါးကိုနှစ်သက်သူ၊ မိမိအလိုလိုက်၍ နားထောင်ခြင်းမရှိသောသူတို့သည် ကမ္ဘာမြေနှင့်ကောင်းကင်ဘုံကို ဆုံးရှုံးခဲ့ကြသည်။ သူတို့သည် ဤအသက်တာနှင့် ထာဝရအသက်မရရှိကြချေဟုပြောဆိုခဲ့သည်။

သရဖူ၊ စောင်းတို့နှင့်တကွ အောင်ပွဲခံသီချင်းကိုသီဆိုကာ အောင်မြင်သောလူအုပ်ကြီးသည် မီးဖိုကဲ့သို့ ပူပြင်းသောလောက၏ဆင်းရဲဒုက္ခကို ဖြတ်ကျော်ခဲ့ကြသည်။ သူတို့သည် ခိုကိုးရာမဲ့ခြင်း၊ ဆာလောင်ခြင်း၊ ညှဉ်းဆဲခြင်း၊ မိမိကိုယ်ကိုငြင်းပယ်ခြင်း၊ ခါးသီးသောစိတ်ပျက်ခြင်းတို့မှထွက်လာကြသည်။ ယခုတွင်မူ သူတို့သည် အောင်နိုင်သူများအဖြစ် ဆင်းရဲခြင်း၊ ဝမ်းနည်းခြင်း၊ ခရစ်တော်အတွက်နှိပ်စက်ခြင်းနှင့်မုန်းတီးခြင်းများ လုံးဝမရှိတော့ပြီ။ ကြည့်ရှုလော့၊ သူတို့၏ကောင်းကင်ဝတ်လုံသည် ဖြူဖွေးတောက်ပပြီး၊

လောကီဘုရင်များ၏ဝတ်လုံထက် သာ၍ကြွယ်ဝလျက်ရှိသည်။ ယုံကြည်ခြင်းဖြင့် သူတို့၏ကျောက်မျက်စီခြယ်ထားသော သရဖူများကိုကြည့်ပါ။ လောကီဘုရင်တို့သည် ထိုသို့သောသရဖူမျိုးကို ဘယ်ခါမျှမဆောင်းခဲ့ကြဖူးချေ။

အောင်မြင်ခြင်းစွန်ပလွံခက်များကိုဝှေ့ယမ်း၍ ကျယ်လောင်စွာ ဟောရှဏ္ဏာဟုသီဆိုသောသူတို့၏အသံကိုနားထောင်ပါ။ "အသေသတ်ခြင်းကိုခံ၍ ထာဝရအတွက်ထမြောက်တော်မူသောသိုးသငယ်သည် ထိုက်တန်ပေ၏။ ဘုရားသခင်နှင့်သိုးသငယ်သည် ကယ်တင်တော်မူခြင်းချမ်းသာရှိတော်မူစေသတည်း" ဟုသီဆိုသည့် သာယာသောသီချင်းသည် ကောင်းကင်တစ်ခုလုံးညံသွားလေသည်။ ထိုအခါ ကောင်းကင်တမန်များနှင့်ကောင်းကင်တမန်မင်းများ၊ လွှမ်းမိုးသောခေရုဗိမ်နှင့်ဘုန်းကြီးသောကောင်းကင်တမန်သရပ်အပေါင်းတို့သည် ထိုဝမ်းမြောက်ဖွယ်အောင်ပွဲသီချင်းကို "အာမင်။ ငါတို့၏ဘုရားသခင်သည် ကမ္ဘာအဆက်ဆက်ကောင်းချီးမင်္ဂလာ၊ ဘုန်း၊ ပညာနှင့်တကွ ကျေးဇူးချီးမွမ်းခြင်း၊ ဂုဏ်အသရေ၊ တန်ခိုးသတ္တိရှိတော်မူစေသတည်း" (ဗျာဒိတ် ၇း၁၂) ဟုပြန်၍သီဆိုကြသည်။

ထိုနေ့ရက်တွင် အပြစ်ရှိသောသူတို့နှင့် နားမထောင်သောသူတို့သည် လူမိုက်များအဖြစ်မြင်တွေ့ရစဉ်၊ ဖြောင့်မတ်သောသူတို့မူကား ပညာရှိသောသူများအဖြစ်တွေ့ရမည်။. . . ရှက်ကြောက်ခြင်းနှင့်အစဉ်အထင်အမြင်သေးခြင်းသည် အပြစ်သားများ၏ဝေစုဖြစ်ပေမည်။ ခရစ်တော်အတွက် အတူတကွလုပ်ဆောင်သောသူတို့မူကား၊ ဘုရားသခင်၏ပလ္လင်တော်အနီးတွင်ရှိနေကြကာ သန့်ရှင်းခြင်းနှင့်ထာဝရဖြောင့်မတ်ခြင်းဝတ်လုံကို ဆင်မြန်းကြမည်။ (1HP, p. 371).

–ဝ–





**နိဝင်ဘာ (၁၈)**

## "ဝိညာဉ်ရှေသောသူ၏ဆုလာဘ်"

**"ပညာရှိသောသူတို့သည်လည်း၊ ကောင်းကင်မျက်နှာကြက်၏အရောင်အဝါကဲ့သို့လည်းကောင်း၊ လူအများတို့ကို ဖြောင့်မတ်ခြင်းတရားလမ်းထဲသို့သွင်းသောသူတို့သည်လည်း ကြယ်များကဲ့သို့လည်းကောင်း အစဉ်အမြဲထွန်းလင်းကြလိမ့်မည်" (ဒံယေလ ၁၂း၃)။**

"ပညာရှိသောသူတို့သည်လည်း ကောင်းကင်မျက်နှာကြက်၏အရောင်အဝါကဲ့သို့လည်းကောင်း၊ လူအများတို့ကို ဖြောင့်မတ်ခြင်းတရားလမ်းထဲသို့သွင်းသောသူတို့သည်လည်း ကြယ်များကဲ့သို့လည်းကောင်း အစဉ်အမြဲထွန်းလင်းကြလိမ့်မည်" ဟူသော ဒံယေလ၏စကားကို ကျွန်ုပ်စဉ်းစားမိသောအခါ၊ ညအချိန်နိုးသောအချိန်တွင် ၎င်းကိုထပ်ခါထပ်ခါရွတ်မိသည်။ ကောင်းကင်၌စနစ်တကျစီထားသော နေနှင့်ကြယ်များကိုကြည့်ပါ။ ၎င်းတို့အား ကိုယ်စီနာမည်ပေးထားသည်။ ထာဝရဘုရားမိန့်တော်မူသည်မှာ လူအများတို့ကိုဖြောင့်မတ်ခြင်းတရားလမ်းထဲသို့သွင်းသောသူတို့သည် ကြယ်များကဲ့သို့ အစဉ်အမြဲထွန်းလင်းကြမည်ဟူ၍ဖြစ်သည်။ (1HP, p. 364).

အမှားထဲမှသမ္မာတရားသို့ ဝိညာဉ်ပြောင်းလဲခြင်းသည် မည်မျှအရေးကြီးကြောင်းကိုသိရှိနိုင်ရန် ထာဝရအသက်သည် မည်မျှတန်ဖိုးရှိကြောင်းကိုလည်းကောင်း၊ ဒုတိယသေခြင်း၏နာကျင်မှုသည် မည်မျှဆိုးဝါးကြောင်းကိုလည်းကောင်း၊ ရွေးနုတ်ခံသူတို့စောင့်နေသော ဂုဏ်ပြုခြင်းနှင့်ဘုန်းကျက်သရေကိုလည်းကောင်း၊ လူတို့အားမြှင့်တင်ဂုဏ်တက်စေရန် အသေခံတော်မူသောသူ၏ရှေ့တော်တွင် နေထိုင်ရမည်ကိုလည်းကောင်း၊ အောင်မြင်သောသူတို့အား ရာဇသရဖူကိုပေးမည်ကိုလည်းကောင်း နားလည်သဘောပေါက်ရမည်။

ဝိညာဉ်တစ်လုံး၏တန်ဖိုးကို လူ့စိတ်ဖြင့်အတိအကျခန့်မှန်း၍မရနိုင်ချေ။ ဘုန်းဝင်စားသောရွေးနုတ်ခံသူတို့သည် မိမိတို့၏ကယ်တင်ခြင်းအတွက် အသုံးတော်ခံခဲ့သောသူတို့၏ကျေးဇူးကြီးလှပါတကား။ ထိုအခါ မည်သူမျှ မိမိ၏ကိုယ်ကျိုးစွန့်ကြိုးစားမှုနှင့် ဖွဲလုံ့လဖြင့်လုပ်ဆောင်မှုအတွက်လည်းကောင်း၊ မိမိ၏စိတ်ရှည်သည်းခံခြင်းအတွက်လည်းကောင်း၊ မိမိ၏တာဝန်ကိုလျစ်လျူရှုပါက ဆုံးရှုံးသွားမည့်ဝိညာဉ်များအတွက် စိတ်ဆန္ဒပြင်းပြမှုအတွက်လည်းကောင်း နောင်တရကြမည်မဟုတ်ချေ။

ယခုတွင် ဤဝတ်လုံဖြူဝတ်ဆင်သောသူတို့သည် မဟာသိုးထိန်း၏ သိုးခြံထဲတွင် စုရုံးနေကြသည်။ သစ္စာရှိစွာလုပ်ဆောင်သူများနှင့် သူတို့၏ လုပ်ဆောင်မှုဖြင့် ကယ်တင်ခြင်းခံရသောဝိညာဉ်များကို သိုးသငယ်သည် နှုတ်ခွန်းဆက်တော်မူ၍၊ အသက်ပင်ရှိရာနှင့်အသက်စမ်းရေရှိရာတို့၌ ပို့ဆောင်တော်မူသည်။ ခရစ်တော်၏အစေခံတို့သည် ရွေးနုတ်ရှင်၏ဘုန်းတော်ကို မျှဝေခံစားကြသော ရွေးနုတ်ခံသူတို့အားကြည့်ရာ၊ သူတို့၏ဝမ်းမြောက်ခြင်းသည် ကြီးမားလှပေသည်။ ဝိညာဉ်ကယ်တင်ရေးအမှုတော်တွင် သစ္စာရှိစွာပါဝင်သောသူတို့သည် ကောင်းကင်နိုင်ငံတွင် မည်မျှသာ၍အဖိုးထိုက်ပါမည်နည်း။ “ပညာရှိသောသူတို့သည်လည်း ကောင်းကင်မျက်နှာကြက်၏အရောင်အဝါကဲ့သို့လည်းကောင်း၊ လူအများတို့ကို ဖြောင့်မတ်ခြင်းတရားလမ်းထဲသို့သွင်းသောသူတို့သည်လည်း ကြယ်များကဲ့သို့လည်းကောင်း အစဉ်အမြဲထွန်းလင်းကြလိမ့်မည်။” (5T, pp. 620, 621).

ဘုရားသခင်နှင့်အတူ လူတို့သည်ပူးပေါင်း၍လုပ်ဆောင်သောအလုပ်သည် ဘယ်ခါမျှမပျက်စီးဘဲ၊ ထာဝရကာလအဆက်ဆက်တည်လိမ့်မည်။ (FE, p. 199).

–ဝ–



နိဝင်ဘာ (၁၉)

## “ကောင်းကင်နှင့်ဆိုင်သောအရာများကိုစဉ်းစားပါ”

**“ဤသူတို့သည် ကြီးစွာသောဆင်းရဲဒုက္ခအထဲကထွက်မြောက်၍၊ မိမိတို့ဝတ်လုံကို သိုးသငယ်၏အသွေး၌လျှော်၍ ဖြူစေသောသူဖြစ်ကြသတည်း” (ဗျာဒိတ် ၇း၁၄)။**

ယောဟန်သည် ရူပါရုံထဲတွင် ဝတ်လုံဖြူဝတ်သောလူတစ်စုကိုမြင်ခဲ့သည်။. . . ထိုသူတို့သည် ဘုရားသခင်၏ဗိမာန်တော်ထဲတွင်ရှိနေကြသည်။ ဤအရာမှာ ခရစ်တော်၏ကောင်းမှုကိုစွဲကိုင်၍၊ မိမိတို့ဝတ်လုံကို အသွေးတော်ဖြင့်လျှော်သောသူတို့၏ဆုလာဘ်ဖြစ်လိမ့်မည်။ အရာရာကိုပြင်ဆင်ပြီးဖြစ်သောကြောင့် ကျွန်ုပ်တို့သည် ခရစ်တော်နှင့်အတူ ပလ္လင်ပေါ်ထိုင်နိုင်ကြသော်လည်း၊ ကျွန်ုပ်တို့သည် ဘုရားသခင်၏ပညတ်တော်နှင့်ကိုက်ညီမှုရှိရမည်။. . .

ကျွန်ုပ်တို့သည် ကောင်းကင်နိုင်ငံကိုအရှုံးမခံနိုင်ပါ။ ကျွန်ုပ်တို့သည် ကောင်းကင်နှင့်ဆိုင်သောအရာများကို ပြောဆိုကြရမည်။ ထိုနေရာတွင် သေခြင်း၊ နာခြင်းမရှိချေ။ ကျွန်ုပ်တို့သည် ဤအရာများကိုပြောဆိုရန် အဘယ်ကြောင့်စိတ်မပါကြသနည်း။ တမန်တော်သည် ကျွန်ုပ်တို့အား ကောင်းကင်ဘုံနှင့်ဆိုင်သောအရာကိုပြောကြရန် တိုက်တွန်းလျက်ရှိသည်။ “ငါတို့ကျင့်သောအကျင့်မူကား၊ ကောင်းကင်ဘုံနှင့်စပ်ဆိုင်လျက်ရှိ၏။ ကယ်တင်တော်မူသောအရှင်သခင်ယေရှုခရစ်သည် ကောင်းကင်ဘုံမှကြွလာတော်မူမည်” (ဖိလိပ္ပိ ၃း၂၀)။ ခရစ်တော်သည် ပြင်ဆင်သောသူတို့အားစုသိမ်း၍၊ ခမ်းနားသောနေရာ၌ ယူဆောင်ရန် မကြာမီကြွလာလိမ့်မည်။ “ခရစ်တော်သည် လူများအပြစ်တို့ကို ခံခြင်းငှာ တစ်ခါတည်းကိုယ်ကိုပူဇော်ပြီးမှ နောက်တစ်ဖန်ထိုသခင်ကိုမျှော်လင့်

လျက်နေသောသူတို့ကို ကယ်တင်ခြင်းအလိုငှာ၊ အပြစ်နှင့်မဆိုင်ဘဲပေါ်ထွန်းတော်မူလတ္တံ့” (ဟေဗြဲ ၉း၂၈)။

ကျွန်ုပ်တို့သည် ဤအရာများကိုစဉ်းစားရန်နှစ်သက်ပါသလား၊ သို့တည်းမဟုတ် မေ့ပစ်လိုက်ချင်ကြပါသလား။. . . ကျွန်ုပ်တို့သည် ယေရှုအကြောင်းကိုများများပြောလေ၊ ကိုယ်တော်၏ဘုရားဇာတိကို သာ၍ထင်ဟပ်စေလေဖြစ်မည်။ ကြည့်ခြင်းဖြင့်ကျွန်ုပ်တို့ပြောင်းလဲလာမည်။ ကျွန်ုပ်တို့၏ဘာသာရေးလုပ်ငန်းထဲတွင် ခရစ်တော်ကိုဆွဲထည့်ရန်လိုအပ်သည်။ သင်တို့စုရုံးကြသည့်အခါများတွင် ခရစ်တော်နှင့်သူ၏ကယ်တင်ခြင်းများကို ပြောဆိုကြပါ။. . . ကျွန်ုပ်တို့သည် ယေရှုအကြောင်းကိုများများပြောလေ၊ ကိုယ်တော်၏အနှိုင်းမဲ့သောတင့်တယ်မှုကိုမြင်ရလေဖြစ်မည်။

ဤအသက်တာတွင် ဘုရားသခင်၏အကြောင်းကို စဉ်းစားပြောဆိုရန် မနှစ်သက်သောသူတို့သည် ဘုရားသခင်သည် မိမိလူတို့နှင့်အတူ အစဉ်အမြဲရှိနေမည့်ကောင်းကင်ဘုံတွင် ပျော်ရွှင်နိုင်ကြမည်မဟုတ်ချေ။ သို့ရာတွင် ဘုရားသခင်အကြောင်းတွေးတောခြင်းကိုနှစ်သက်သောသူတို့မူကား၊ ကောင်းကင်နိုင်ငံ၏လေထုရှူရှိုက်ခြင်းကို နှစ်သက်ကြမည်။ ဤကမ္ဘာတွင် ကောင်းကင်နိုင်ငံအကြောင်းဆင်ခြင်တွေးတောခြင်းကို နှစ်သက်သောသူတို့သည် ၎င်း၏သန့်ရှင်းသောအသင်းအဖွဲ့များနှင့်သာယာမှုများ၌ ပျော်ရွှင်ကြလိမ့်မည်။ “နောက်တစ်ဖန်ကျိန်ခြင်းဘေးတစ်စုံတစ်ခုမျှမရှိ။ ထိုမြို့၌ဘုရားသခင်နှင့်သိုးသငယ်၏ပလ္လင်တော်ရှိ၍၊ ဘုရားသခင်၏ကျွန်တို့သည် ဘုရားဝတ်ကိုပြုကြလိမ့်မည်။ မျက်နှာတော်ကိုမြင်ရ၍၊ သူတို့နဖူး၌လည်း နာမတော်ရေးထားလျက်ရှိလိမ့်မည်” ဗျာဒိတ် ၂၂း၃၊၄။ (1HP, p. 370).

–ဝ–

နိဝင်ဘာ (၂၀)

## “ကောင်းကင်နိုင်ငံ၏ဘုန်းကျက်သရေ”

**“ကိုယ်တော်ကိုမျှော်လင့်သောသူတို့အဖို့အလိုငှာ ကျေးဇူးပြုတော်မူသောဘုရား၊ ကိုယ်တော်မှတစ်ပါး အခြားသောဘုရားသခင်ကို ကမ္ဘာဦးမှစ၍ အဘယ်သူမျှမကြားမသိပါ။ နားဖြင့်မကြား၊ မျက်စိဖြင့်မမြင်စဖူးပါ” (ဟေရှာယ ၆၄း၄)။**

များစွာသောသူတို့သည် နောင်လာမည့်ကမ္ဘာ၏ဘုန်းကျက်သရေကိုထိုးဖောက်၍၊ ထာဝရနက်နဲမှုများ၏လျှို့ဝှက်ချက်များကို သိမြင်ချင်ကြသော်လည်း၊ သူတို့သည် အချည်းနှီးလုပ်ဆောင်ကြသည်။ ဖော်ပြသောအရာများမှာ ကျွန်ုပ်တို့နှင့်ကျွန်ုပ်တို့၏သားသမီးများအတွက်ဖြစ်သည်။. . . ကျွန်ုပ်တို့သည် ကောင်းကင်နိုင်ငံ၏ဆွဲဆောင်မှုကို နားလည်စေရန်လည်းကောင်း၊ ရရှိမည့်ဆုလာဘ်ကိုအလေးထားစေခြင်းငှာ၊ လိုအပ်သည့်အရာများစွာကို နားလည်နိုင်ရန်မဟာဖော်ပြသူအရှင်သည် ဖွင့်ပေးတော်မူလျက်ရှိသည်။....

ကောင်းကင်နှင့်ဆိုင်၍ ယေရှုဖွင့်ချပေးတော်မူသောအရာများကိုဝိညာဉ်ရေးစိတ်နှလုံးအားဖြင့်သာလျှင် တန်ဖိုးထားကျေးဇူးတင်နိုင်သည်။ ကောင်းကင်နိုင်ငံပုံရိပ်ကို စိတ်နှလုံးဖြင့်အဆုံးအစွန် စိတ်ကူးပုံဖော်နိုင်သော်လည်း၊ “ဘုရားသခင်ကိုချစ်သောသူတို့အဖို့အလိုငှာ၊ ဘုရားသခင်ပြင်ဆင်တော်မူသောအရာတို့ကို လူမျက်စိဖြင့်မမြင်၊ နားဖြင့်မကြား၊ စိတ်နှလုံးဖြင့်မကြံစည်သေး” (၁ကော ၂း၉)။ ကောင်းကင်သားတို့သည် ကျွန်ုပ်တို့ပတ်လည်၌ရှိနေကြသည်။. . . လင်းသောကောင်းကင်တမန်တို့သည် စိတ်ဝိညာဉ်ထဲတွင် ကောင်းကင်နိုင်ငံ၏အငွေ့အသက်ကိုဖန်တီးပေး၍ မမြင်သေးသောအရာ၊ ထာဝရနှင့်ဆိုင်သောအရာရှိရာသို့ ကျွန်ုပ်တို့အားမြှောက်တင်ပေးသည်။ သူတို့၏

ပုံသဏ္ဍာန်ကို ကျွန်ုပ်တို့၏သာမန်မျက်စိဖြင့်မမြင်နိုင်ပါ။ ဝိညာဉ်ရေးအာရုံဖြင့် သာလျှင် ကောင်းကင်နှင့်ဆိုင်သောအရာများကို သိမြင်နိုင်သည်။ ကျွန်ုပ်တို့ လူသားများ၏တန်ခိုးများသည် ဖော်ပြ၍မရနိုင်သည့် လင်းသောကောင်းကင် တမန်များ၏ဘုန်းတန်ခိုးအားဖြင့် ငြိမ်းသွားလိမ့်မည်။ ဝိညာဉ်ရေးနားအား ဖြင့်သာလျှင် ကောင်းကင်နိုင်ငံ၏တေးသံသာများကို ကြားသိနိုင်သည်။ လွန်စွာ တောက်ပသောသရုပ်ဖော်ချက်အားဖြင့် စိတ်ခံစားမှုကိုလှုပ်ရှားစေရန်မှာ ခရစ်တော်၏အစီအစဉ်မဟုတ်ချေ။ ကယ်တင်ခြင်းကိုရရှိနိုင်သည့် တစ်ခုတည်း သောနည်းလမ်းအဖြစ်၊ ကိုယ်တော်သည် မိမိကိုယ်ကိုလမ်းခရီး၊ သမ္မာတရား နှင့်အသက်ဖြစ်တော်မူကြောင်း ရှင်းလင်းစွာဖော်ပြတော်မူပြီးဖြစ်သည်။ ဤ အခြင်းအရာထက်သာ၍အမှန်တကယ်မလိုအပ်တော့ချေ။

ကိုယ်တော်သည် လူတို့အား ကောင်းကင်တံခါးဝသို့ခေါ်၍၊ ပွင့်နေ သောတံခါးမှ ဘုန်းတော်ပြည့်နေသောကောင်းကင်ဗိမာန်တော်နှင့် ၎င်း၏ မှန်ဝမှလင်းလက်သောအရောင်အဝါကို ပြသနိုင်သည်။ သို့ရာတွင် ကျွန်ုပ် တို့သည် သာမန်မျက်စိဖြင့်မဟုတ်ဘဲ၊ ယုံကြည်ခြင်းအားဖြင့်ကြည့်ရမည်။ ကျွန်ုပ်တို့သည် မိမိ၏လူသားကိုယ်စားလှယ်များဖြစ်၍၊ ကျိန်ခြင်းဖြင့် လောင်မြိုက်ရပ်ပျက်နေသောကမ္ဘာတွင် ဘုရားသခင်၏အမှုတော်ကိုလုပ်ဆောင် သူများဖြစ်ကြောင်း ကိုယ်တော်သည် မေ့တော်မမူချေ။ ခေါင်းတလားကို ဖုံးအုပ်သောပိတ်ကဲ့သို့ မှောင်မိုက်သောကိုယ်ကျင့်တရားဖြင့်ဖုံးအုပ်သောကမ္ဘာ၊ မှောင်မိုက်သည် မြေကြီးနှင့်လူတို့ကိုဖုံးလွှမ်းသောနေရာတွင် ကျွန်ုပ်တို့သည် ကောင်းကင်၏အလင်း၌လျှောက်လှမ်းကြရမည်။ (1HP, p. 366).

–ဝ–



**နိုဝင်ဘာ (၂၁)**

## "အမြဲတည်သောအရာများကိုကြည့်မှတ်လော့"

**"မျက်မှောက်၌ထင်ရှားသောအရာတို့သည် ခဏသာတည်၍၊ မထင်ရှားသောအရာတို့သည် အစဉ်အမြဲတည်ကြောင်းကို ငါတို့သည် ထောက်လျက်၊ ထင်ရှားသောအရာတို့ကိုမကြည့်မမှတ်ဘဲ၊ မထင်ရှား သောအရာတို့ကိုကြည့်မှတ်ကြလော့" (၂ကော ၄း၁၈)။**

အကယ်၍အသင်းတော်သည် ခရစ်တော်၏ဖြောင့်မတ်ခြင်းဝတ်လုံ ကိုဝတ်ဆင်၍၊ လောကကိုသစ္စာခံမှုမှနုတ်ထွက်ခဲ့လျှင်၊ ၎င်း၏ရှေ့၌ ဘုန်းရောင်ခြည်ဖြင့်တောက်ပသောအရုဏ်ဦးရှိနေသည်။ အသင်းတော်ကိုပေး ထားသော ဘုရားသခင်၏ကတိတော်သည် အစဉ်တည်လိမ့်မည်။ . . . မထီမဲ့မြင်ပြု၍ ငြင်းပယ်သောသူများကျော်သွားသောသမ္မာတရားသည် အောင်ပွဲ ခံလိမ့်မည်။ တစ်ခါတစ်ရံနှောင့်နှေးသည်ဟုထင်မှတ်ရသော်လည်း၊ ၎င်း၏ တိုးတက်မှုသည် ဘယ်ခါမျှထိန်းထား၍မရချေ။ . . . ဘုရားပေးအင်အား ဖြင့် ၎င်းသည် အခိုင်ခံ့ဆုံးသောအတားအဆီးများကိုဖြတ်၍ အဟန့်အတား အားလုံးကိုအောင်မြင်သွားလိမ့်မည်။

ပင်ပန်းခြင်းနှင့်ပေးဆပ်ခြင်းအသက်တာ၌ ဘုရားသခင်၏သားတော် ကို မည်သည့်အရာက အားဖြစ်ခဲ့သနည်း။ ကိုယ်တော်သည် မိမိဝိညာဉ်၏ ဒုက္ခသုက္ခကိုမြင်၍ ကျေနပ်တော်မူခဲ့သည်။ ကိုယ်တော်သည် ထာဝရကာလ ကိုကြည့်တော်မူသည်။ မိမိ၏အရှက်ရခြင်းအားဖြင့် အပြစ်လွတ်ခြင်းနှင့်ထာဝရ အသက်ကိုရရှိသောသူတို့၏ဝမ်းမြောက်ခြင်းကို ကိုယ်တော်မြင်တော်မူခဲ့သည်။ ရွေးနုတ်ခံသူတို့၏ဟစ်ကြွေးသံကို ကြားတော်မူခဲ့သည်။ ရွေးနုတ်ခံသူများသည် မောရှေနှင့်သိုးသငယ်သီချင်းဆိုသံကိုလည်း ကြားတော်မူခဲ့သည်။

ကောင်းကင်နိုင်ငံ၏ပျော်ရွှင်မှုကို ကြိုတင်၍မြင်ယောင်နိုင်သည်။ သမ္မာကျမ်းစာတွင် အနာဂတ်၏ဘုန်းကျက်သရေကိုလည်းကောင်း၊ ဘုရားသခင်လက်ရာပန်းချီကိုလည်းကောင်း၊ ဤအရာများသည် ကိုယ်တော်၏အသင်းတော်အတွက် တန်ဖိုးရှိကြောင်းကိုလည်းကောင်း ကြိုတင်ဖော်ပြထားသည်။ ယုံကြည်ခြင်းအားဖြင့် ကျွန်ုပ်တို့သည် ထာဝရမြို့တော်၏တံခါးဝ၌ရပ်လျက်၊ မိမိအတွက်ကြောင့် ဝေဒနာခံစားသောသူတို့အား ဂုဏ်ပြုသည့်အနေဖြင့်၊ ဤအသက်တာတွင် ခရစ်တော်နှင့်အတူပူးပေါင်းလုပ်ဆောင်သောသူတို့အား ပျူငှာစွာကြိုဆိုသည့်အသံတော်ကိုကြားနိုင်သည်။ "ငါ့ခမည်းတော်ထံကောင်းချီးမင်္ဂလာကိုခံသောသူတို့၊ လာကြ" ဟူ၍မိန့်တော်မူသောအခါ၊ သူတို့သည် မိမိတို့၏သရဖူများကို ရွေးနုတ်ရှင်၏ခြေတော်ရင်းတွင်ချထားလိုက်ကြကာ၊ "အသေသတ်ခြင်းကိုခံခဲ့ပြီးသောသိုးသငယ်သည် တန်ခိုး၊ စည်းစိမ်၊ ပညာ အစွမ်းသတ္တိ၊ ဂုဏ်အသရေ၊ ဘုန်းအာနုဘော်၊ ကောင်းချီးမင်္ဂလာကို ခံထိုက်တော်မူ၏။ . . ပလ္လင်တော်ပေါ်မှာထိုင်တော်မူသောသူနှင့်သိုးသငယ်သည် ကမ္ဘာအဆက်ဆက် ကောင်းချီးမင်္ဂလာ၊ ဂုဏ်အသရေ၊ ဘုန်းအာနုဘော်၊ အစွမ်းသတ္တိရှိတော်မူစေသတည်းဟု ပြောဆိုကြသည်။" မဿဲ ၂၅း၃၄။ ဗျာဒိတ် ၅း၁၂၊၁၃။

ထိုနေရာတွင်ရွေးနုတ်ခံသူတို့သည် မိမိတို့အား ကယ်တင်ရှင်ထံတော်သို့ပို့ဆောင်သောသူတို့ကိုနှုတ်ဆက်ကြကာ၊ ဘုရားသခင်ကဲ့သို့ ထာဝရအသက်ကို လူသားများရစေခြင်းငှာ အသေခံတော်မူသောသူကို အားလုံးအတူတကွ ချီးမွမ်းကြသည်။ တိုက်လှန်ပွဲသည်ပြီးဆုံးခဲ့ပြီ။ ဆင်းရဲဒုက္ခနှင့်ရုန်းရင်းဆန်ခတ်ခြင်းလည်း ဆုံးခန်းတိုင်လေပြီ။ ရွေးနုတ်ခံသူတို့က အသေသတ်ခြင်းခံ၍၊ ရှင်ပြန်ထမြောက်ပြီး အောင်တော်မူသောသိုးသငယ်သည် ထိုက်တန်ပေသည်ဟူ၍ ပျော်ရွှင်စွာသံပြိုင်သီဆိုသံသည် ကောင်းကင်တစ်ခုလုံး၌ညံသွားလေသည်။ (AA, pp. 601, 602).

–ဝ–



## နိဝင်ဘာ (၂၂)

## "မိမိအဝတ်ကိုလျှော်သောသူတို့သည်မင်္ဂလာရှိကြသည်"

**"အသက်ပင်နှင့်ဆိုင်၍၊ မြို့တံခါးအတွင်းသို့ဝင်အံ့သောငှာ၊ မိမိဝတ်လုံကိုလျှော်သောသူတို့သည် မင်္ဂလာရှိကြ၏" (ဗျာဒိတ် ၂၂း၁၄)** (RV).

အဆုံးတွင် ကောင်းကင်ဘုံသို့ဝင်စား၍၊ ကောင်းကင်တေးသံစုံကျူးအဖွဲ့တွင်ပါဝင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသလား။ ကိုယ်ကျင့်စာရိတ္တအပေါ်မူတည်၍ သင်္ချိုင်းထဲသို့ဝင်ခဲ့သကဲ့သို့ပင် ကျွန်ုပ်တို့ထမြောက်လာကြမည်။... ယခုအချိန်သည် အဝတ်လျှော်၊ မီးပူတိုက်ရမည့်အချိန်ဖြစ်သည်။

ယောဟန်သည် ဘုရားသခင်၏ပလ္လင်တော်ပတ်လည်တွင်ရှိသောလူတစ်စုကို ရူပါရုံ၌မြင်ခဲ့ပြီး၊ ဤသူတို့သည် အဘယ်သူနည်းဟုမေးမြန်းခဲ့သည်။ အဖြေမှာ "ဤသူတို့သည်. . . မိမိတို့ဝတ်လုံကို သိုးသငယ်၏အသွေး၌လျှော်၍၊ ဖြူစေသောသူဖြစ်ကြသတည်း" (ဗျာဒိတ် ၇း၁၄) ဟူ၍ဖြစ်သည်။ ခရစ်တော်သည် သူတို့အားအသက်စမ်းရေသို့ပို့ဆောင်တော်မူပြီး၊ ထိုနေရာတွင် အသက်ပင်နှင့်အဖိုးထိုက်သောကယ်တင်ရှင်ရှိနေသည်။ ဤအရပ်တွင် ဘုရားသခင်၏အသက်နှင့်အမျှဖြစ်သော ထာဝရအသက်ကို ကျွန်ုပ်တို့အားပေးတော်မူသည်။ ထိုနေရာတွင် နာကျင်ခြင်း၊ ဝမ်းနည်းခြင်း၊ ဖျားနာခြင်း၊ သေခြင်းမရှိတော့ပြီ။ အရာရာသည် ငြိမ်သက်ခြင်းရှိပြီး၊ သဘောထားချင်းညီညွတ်ကာ၊ ချစ်ခြင်းမေတ္တာနှင့်ပြီးလျက်ရှိသည်။

ယခုအချိန်သည် ထာဝရအသက်အတွက် စာရိတ္တကိုကျွန်ုပ်တို့ကြိုးစားတည်ဆောက်နိုင်ရန် ကျေးဇူးတော်၊ အစွမ်းနှင့်တန်ခိုးကို ရရှိရမည့်အချိန်ဖြစ်သည်။ ကျွန်ုပ်တို့သည် ဤအခြင်းအရာကိုလုပ်ဆောင်သောအခါ၊ ဘုရားသခင်၏

ကောင်းကင်တမန်တို့သည် ကျွန်ုပ်တို့အားအလုပ်အကျွေးပြုသည်ကို တွေ့ရကြမည်။ ထိုအခါကျွန်ုပ်တို့သည် ဘုရားသခင်၏အမွေခံများဖြစ်ကာ၊ ယေရှုခရစ်တော်နှင့်အတူတကွ အမွေခံများဖြစ်ကြမည်။ နောက်ဆုံးသောတံပိုးမှုတ်၍၊ သေသောသူတို့အား ယင်းတို့၏အကျဉ်းထောင်များမှခေါ်ထုတ်ပြီး၊ တစ်ခဏတာ၊ မျက်စိတစ်မှိတ်အတွင်း ပြောင်းလဲကြသောအခါ ထာဝရဘုန်းကျက်သရေနှင့်ပြည့်သောသရဖူကို အောင်မြင်သောသူတို့ခေါင်းပေါ်တွင် ဆောင်းပေးလိမ့်မည်။ သမ္မာတရားကိုစောင့်ထိန်းသောသူတို့အတွက် ပုလဲတံခါးများပွင့်လာကာ၊ သူတို့သည် ဝင်သွားကြမည်။ တိုက်လှန်ပွဲသည်ပြီးဆုံးလေပြီ။

"ငါ့ခမည်းတော်ထံကောင်းချီးမင်္ဂလာကိုခံသောသူတို့၊ ကမ္ဘာဦးစကပင်သင်တို့အဖို့ပြင်ဆင်သောနိုင်ငံကို လာ၍အမွေခံကြလော့" (မဿဲ ၂၅း၃၄)။ ဤကောင်းချီးပေးခြင်းကို ကျွန်ုပ်တို့လိုချင်ပါသလား။ ကျွန်ုပ်လိုချင်ပါသည်။ သင်လည်းလိုချင်မည်ဟုယုံကြည်ပါသည်။ ဤအသက်တာ၏တိုက်ပွဲကိုဆင်နွှဲရာ၌၊ နေ့စဉ်အောင်မြင်ခြင်းကိုဆွတ်ခူးပြီး အဆုံးတွင် မိမိတို့၏သရဖူများကိုယေရှု၏ခြေတော်ရင်းတွင်ချလျက်၊ ရွှေစောင်းများကိုကိုင်ကာ ကောင်းကင်တစ်ခုလုံးကို သာယာသောတေးသံဖြင့်ပြည့်စေသောသူများအထဲတွင် ပါဝင်နိုင်မည်အကြောင်း ဘုရားသခင်သည် သင့်အားမစပါစေသော။ ယေရှုကိုချစ်စေချင်သည်။. . . ကိုယ်တော်သည် သင့်အတွက်တန်ဖိုးမဖြတ်နိုင်သောအဖိုးကို ပေးဆပ်တော်မူပြီးဖြစ်သောကြောင့် ကျွန်ုပ်၏ကယ်တင်ရှင်ကိုမငြင်းပယ်ပါနှင့်။ ယေရှု၌ကျွန်ုပ်မြင်ရသော အနှိုင်းမဲ့ကျက်သရေကို သင့်အားလည်းကျွန်ုပ်မြင်စေချင်သည်။ (1HP, p. 369).

–၀–



## နိ၀င်ဘာ (၂၃)

## "အနှစ်တစ်ထောင်တရားစီရင်ခြင်း"

**"ငါတို့သည် ကောင်းကင်တမန်တို့ကို တရားစီရင်မည်ဟုမသိကြသလော။ သို့ဖြစ်၍ လောကီအမှုကိုစီရင်ထိုက်သည်မဟုတ်လော" (၁ကောရိန်သု ၆း၃)။**

ပထမထမြောက်ခြင်းနှင့်ဒုတိယထမြောက်ခြင်းအကြား၊ အနှစ်တစ်ထောင်အတွင်း လူဆိုးတို့အား တရားစီရင်မည်ဖြစ်သည်။ တမန်တော်ပေါလုက ဤတရားစီရင်ခြင်းသည် ဒုတိယအကြိမ်ကြွလာခြင်းနောက်၌ဖြစ်သော ဖြစ်ရပ်အဖြစ်ဖော်ပြထားသည်။ "မှောင်မိုက်၌ဝှက်ထားသောအရာတို့ကိုပွင့်လင်းစေ၍၊ စိတ်နှလုံးအကြံအစည်များကို ထင်ရှားစေလတ္တံ့သော သခင်ဘုရားကြွလာတော်မမူမီတိုင်အောင် အဘယ်အမှုကိုမျှအဆုံးအဖြတ်မစီရင်ကြနှင့်" (၁ကောရိန်သု ၄း၅)။ ဒံယေလက "အသက်ကြီးသောသူသည်ရောက်လာလျှင်၊ အမြင့်ဆုံးသောဘုရား၏သန့်ရှင်းသူတို့အား စီရင်ရသောအခွင့်ကိုပေး" တော်မူမည်ဟုဆိုထားသည်။ ဒံယေလ ၇း၂၂။ ဤအချိန်တွင် သန့်ရှင်းသူတို့သည် ဘုရားသခင်အတွက် ရှင်ဘုရင်များ၊ ယဇ်ပုရောဟိတ်များကဲ့သို့စိုးစံကြမည်။ ယောဟန်သည် ဗျာဒိတ်ကျမ်းထဲတွင် "ပလ္လင်များကိုလည်းငါမြင်၏။ ပလ္လင်ပေါ်မှာထိုင်သောသူတို့သည် တရားစီရင်ရသောအခွင့်ကိုရကြ၏။" သူတို့သည် "ဘုရားသခင်၏ယဇ်ပုရောဟိတ်၊ ခရစ်တော်၏ယဇ်ပုရောဟိတ်ဖြစ်၍၊ အနှစ်တစ်ထောင်ပတ်လုံး ခရစ်တော်နှင့်အတူစိုးစံရကြလိမ့်မည်" (ဗျာဒိတ် ၂၀း၄၊၆) ဟုဖော်ပြသည်။ ပေါလုကြိုတင်ဟောပြောသကဲ့သို့ ဤအချိန်တွင် "သန့်ရှင်းသောသူတို့သည် လောကီနိုင်ငံကိုတရားစီရင်ရမည်" (၁ကောရိန်သု ၆း၂)။ ခရစ်တော်နှင့်အတူပူးပေါင်း၍ သူတို့သည်

လူဆိုးတို့အားတရားစီရင်ကာ၊ သူတို့၏အပြုအမူများကို ဥပဒေစာအုပ်ဖြစ်သည့် သမ္မာကျမ်းစာနှင့်နှိုင်းယှဉ်ကြည့်၍၊ အမှုအားလုံးကို အကျင့်အတိုင်းစီရင်ဆုံးဖြတ်ကြမည်။ ထိုအခါ လူဆိုးတို့အား မိမိတို့၏အကျင့်အတိုင်းခံစားရမည့်အပိုင်းကို စီရင်ချက်ချကြသည်။ ထိုနောက် သူတို့၏နာမည်များကို သေခြင်းစာစောင်တွင်ရေးမှတ်ကြသည်။

စာတန်နှင့်ဆိုးသောကောင်းကင်တမန်တို့ကိုလည်း ခရစ်တော်နှင့်သူ၏လူတို့အားဖြင့် တရားစီရင်ခြင်းခံရကြသည်။ ပေါလုက "ငါတို့သည် ကောင်းကင်တမန်တို့ကိုတရားစီရင်မည်ဟု မသိကြသလော" (၁ကော ၆း၃) ဟုဆိုထားသည်။ ယုဒသည်လည်း "မိမိတို့အခွင့်အရာကိုမစောင့်၊ မိမိတို့နေရာအရပ်ကိုစွန့်ပစ်သော ကောင်းကင်တမန်တို့ကို ကြီးစွာသောနေ့၌ စစ်ကြောစီရင်ခြင်းအလိုငှာ၊ ထာဝရချည်နှောင်ခြင်းအားဖြင့် မှောင်မိုက်ထဲမှာချုပ်ထားတော်မူ၏" (ယုဒ ၆) ဟုရေးသားထားပြန်သည်။

အနှစ်တစ်ထောင်အဆုံးတွင် ဒုတိယထမြောက်ခြင်းရှိလိမ့်မည်။ ထိုအခါ လူဆိုးတို့သည်ထမြောက်လာ၍၊ "တရားအတိုင်းအပြစ်" ခံစေခြင်းငှာ ဘုရားသခင်၏ရှေ့တော်တွင် ပေါ်လာကြမည်။ ထို့ကြောင့်ယောဟန်သည် ဖြောင့်မတ်သူတို့၏ထမြောက်ခြင်းအကြောင်းကိုဖော်ပြပြီးနောက်၊ "ကြွင်းသောလူသေတို့သည် ထိုအနှစ်တစ်ထောင်မကုန်မီ အသက်မရှင်ရကြ" (ဗျာဒိတ် ၂၀း၅) ဟုဆိုသည်။ ဟေရှာယသည်လည်း လူဆိုးတို့နှင့်သက်ဆိုင်၍၊ "သူတို့သည် တွင်းထဲမှာ တစ်စုတည်းစုဝေး၍ ချည်နှောင်ခြင်း၊ ထောင်ထဲမှာချုပ်ထားခြင်းကို ခံလျက်နေကြလိမ့်မည်။ များစွာသောနေ့ရက်ကာလလွန်ပြီးမှ၊ စစ်ကြောခြင်းကိုခံရကြလိမ့်မည်" (ဟေရှာယ ၂၄း၂၂) ဟုရေးသားထားသည်။ (GC, pp. 660, 661).

–၀–





## "ခရစ်တော်တစ်ဖန်မြေကြီးပေါ်သို့ပြန်ကြွလာခြင်း"

**"အာဒံမှဆင်းသက်၍ ခုနစ်ဆက်မြောက်သောသူဧနောက်က၊ ထာဝရဘုရားသည် ခပ်သိမ်းသောသူတို့ကို တရားစီရင်တော်မူ...... ခြင်းငှာ၊ အတိုင်းမသိများစွာသော မိမိသန့်ရှင်းသူတို့နှင့်တကွ ကြွလာတော်မူလိမ့်မည်ဟု ပုရောဖက်ပြု၍ဟောပြောလေ၏" (ယုဒ ၁၄၊၁၅)။**

အနှစ်တစ်ထောင်အဆုံးတွင် ခရစ်တော်သည် မြေကြီးပေါ်သို့တစ်ဖန်ပြန်ကြွလာတော်မူမည်။ ကိုယ်တော်ကိုရွေးနုတ်ခံသူအပေါင်းတို့နှင့် ကောင်းကင်တမန်နောက်တော်အဖွဲ့တို့မှ လိုက်ပါလာကြသည်။ ကိုယ်တော်သည် ကြောက်မက်ဖွယ်ဘုန်းတန်ခိုးဖြင့်ကြွလာရာ၊ လူဆိုးတို့အား မိမိတို့၏ကြမ္မာဆိုးကိုခံယူရန် သေသောလူဆိုးတို့အား ထမြောက်စေတော်မူသည်။ ပင်လယ်သဲလုံးနှင့်အမျှ၊ မရေမတွက်နိုင်အောင်များသောသူတို့သည် ထမြောက်လာကြသည်။ ပထမထမြောက်ခြင်း၌ ထမြောက်သောသူတို့နှင့်ခြားနားလှသည်တကား။ ဖြောင့်မတ်သူတို့သည် မအိုနိုင်သောနုပျိုခြင်းနှင့်တင့်တယ်ခြင်းကို ဆင်မြန်းကြသည်။ လူဆိုးတို့မူကား၊ ရောဂါဘယနှင့်သေခြင်း၏လက္ခဏာများကို သယ်ဆောင်ကြသည်။

ထိုလူအုပ်ကြီးထဲမှမျက်စိတိုင်းသည် ဘုရားသခင့်သားတော်၏ဘုန်းအာနုဘော်ကို လှည့်၍ကြည့်ကြသည်။ လူဆိုးလူအုပ်ကြီးသည် တစ်သံတည်းဖြင့်၊ "ထာဝရဘုရား၏အခွင့်နှင့်ကြွလာသောသူသည် မင်္ဂလာရှိစေသော" ဟုကြွေးကြော်ကြသည်။ ယေရှုကိုချစ်သောစိတ်က ထိုသို့ကြွေးကြော်ရန် နှိုးဆော်ခြင်းမဟုတ်ချေ။ သမ္မာတရား၏စွမ်းအားသည် စိတ်မပါသောနှုတ်ခမ်းများမှ ထိုသို့ကြွေးကြော်ရန် တွန်းအားပေးခြင်းဖြစ်သည်။ လူဆိုးတို့သည် သေသည့်

အချိန်ကအတိုင်း၊ အလားတူခရစ်တော်ကိုရန်ဘက်ပြုခြင်းနှင့် အလားတူပုန်ကန်သောစိတ်ဓာတ်များဖြင့် ထမြောက်လာကြသည်။ မိမိတို့၏ယခင်အသက်တာမှ အပြစ်အနာအဆာများကိုကုစားရန် အသစ်သောကရုဏာကို ရရှိကြမည်မဟုတ်ချေ။ ဤထမြောက်ခြင်း၌ မည်သည့်အရာကိုမျှရရှိကြလိမ့်မည်မဟုတ်။ တစ်သက်လုံးကျူးလွန်ခဲ့ခြင်းသည် သူတို့၏စိတ်နှလုံးကို ပျော့မသွားစေနိုင်ပေ။ သူတို့အား ဒုတိယအခွင့်အရေးပေးခဲ့ပါသော်လည်း၊ ယခင်ကကဲ့သို့ ဘုရားသခင်၏ပညတ်ချက်များကိုရှောင်ဖယ်ခြင်းနှင့် ကိုယ်တော်အားပုန်ကန်ခြင်းတို့ကသာ သူတို့ကိုသိမ်းပိုက်လိမ့်မည်။

မိမိထမြောက်တော်မူပြီးနောက် တက်ကြွခဲ့သည့်အရပ်၊ မိမိ၏ပြန်ကြွလာခြင်းကတိတော်ကို ကောင်းကင်တမန်များပြန်ပြောသည့်နေရာဖြစ်သော သံလွင်တောင်ပေါ်တွင် ခရစ်တော်သည် ဆင်းကြွတော်မူသည်။ ပုရောဖက်ဟောထားသည်မှာ “ငါ၏ဘုရားသခင်ထာဝရဘုရားကြွလာတော်မူ၍၊ မိမိသန့်ရှင်းသူအပေါင်းတို့သည် ပါကြလိမ့်မည်။” “ထိုနေ့ရက်၌ ခြေတော်သည် ယေရုရှလင်မြို့အရှေ့၊ သံလွင်တောင်ပေါ်မှာရပ်၍၊ သံလွင်တောင်သည် အရှေ့ဘက်မှအနောက်ဘက်တိုင်အောင် အလယ်၌ကွဲသဖြင့်၊ အလွန်ကြီးသောချိုင့်ဖြစ်လိမ့်မည်။” “ထာဝရဘုရားသည် တစ်ပြည်လုံးတွင် ရှင်ဘုရင်ဖြစ်တော်မူမည်။ ထိုနေ့ရက်၌ ထာဝရတစ်ပါးတည်း၊ နာမတော်တစ်ပါးတည်းဖြစ်တော်မူမည်” (ဇာခရိ ၁၄း၅၊၄၊၉) ဟူ၍ဖြစ်သည်။ ယေရုရှလင်မြို့သစ်သည် မိမိ၏စူးရှသောထည်ဝါမှုဖြင့် ကောင်းကင်မှဆင်းလာကာ၊ ၎င်းအတွင်း သန့်စင်ပြီးအသင့်ပြင်ထားသောအရပ်တွင် တည်လိမ့်မည်။ ထိုအခါခရစ်တော်သည် မိမိလူများ၊ ကောင်းကင်တမန်များနှင့်တကွ သန့်ရှင်းသောမြို့တော်ထဲသို့ဝင်တော်မူသည်။ (GC, pp. 662, 663).

–၀–





## “စာတန်ကိုထောင်မှလွှတ်ခြင်း”

**“ထိုအနှစ်တစ်ထောင်ကုန်ပြီးမှ စာတန်သည် ထောင်ထဲကလွတ်သောအခွင့်ကိုရ၍၊ အရေအတွက်အားဖြင့် သမုဒ္ဒရာသဲလုံးနှင့်အမျှများသော. . . မြေကြီးလေးမျက်နှာပေါ်မှာနေသော လူအမျိုးမျိုးတို့ကိုလှည့်ဖြားအံ့သောငှာလည်းကောင်း၊ စစ်တိုက်ဖို့စည်းဝေးစေခြင်းငှာလည်းကောင်း တက်လိမ့်မည်” (ဗျာဒိတ် ၂၀း၇၊၈)။**

အနှစ်တစ်ထောင်အဆုံးတွင် ဒုတိယထမြောက်ခြင်းရှိလိမ့်မည်။ ထိုအခါလူဆိုးတို့သည် ထမြောက်လာ၍ “တရားအတိုင်းအပြစ်” ခံစေခြင်းငှာ၊ ဘုရားသခင်၏ရှေ့တော်တွင်ပေါ်လာကြမည်။ ထို့ကြောင့် ယောဟန်သည် ဖြောင့်မတ်သူတို့၏ထမြောက်ခြင်းအကြောင်းကိုဖော်ပြပြီးနောက် “ကြွင်းသောလူသေတို့သည် ထိုအနှစ်တစ်ထောင်မကုန်မီ အသက်မရှင်ရကြ” (ဗျာဒိတ် ၂၀း၅) ဟုဆိုသည်။ ဟေရှာယသည်လည်း လူဆိုးတို့နှင့်ပတ်သက်၍၊ “သူတို့သည် တွင်းထဲမှာတစ်စုတည်းစုဝေး၍ ချည်နှောင်ခြင်း၊ ထောင်ထဲမှာချုပ်ထားခြင်းကိုခံလျက်နေရကြလိမ့်မည်။ များစွာသောနေ့ရက်ကာလလွန်ပြီးမှ စစ်ကြောခြင်းကိုခံရကြလိမ့်မည်” (ဟေရှာယ ၂၄း၂၂) ဟုရေးသားထားသည်။ (GC, p. 661).

ယခုတွင်စာတန်သည် အထွတ်အထိပ်ရောက်ရှိနိုင်ရန် နောက်ဆုံးသောကြီးမားသည့်တိုက်ပွဲအတွက် ပြင်ဆင်လျက်ရှိသည်။ မိမိတန်ခိုးပိတ်ပင်ခံရ၍၊ မိမိ၏လှည့်ဖြားခြင်းအလုပ်ဖြတ်တောက်ခြင်းခံရစဉ် မကောင်းမှု၏အရှင်သည် အလွန်စိတ်ပျက်ပြီး၊ စိတ်ဓာတ်ကျနေခဲ့သည်။ သို့သော် သေသောလူဆိုးတို့သည်ထမြောက်၍၊ ထိုလူအုပ်သည် မိမိဘက်၌ပါသည်ကိုမြင်သော

အခါ၊ သူ၏မျှော်လင့်ချက်သည် ပြန်လည်ဆန်းသစ်လာ၍ မဟာတိုက်လှန်ပွဲကို အရှုံးမပေးရန်စိတ်ပိုင်းဖြတ်လိုက်သည်။ သူသည် ကယ်တင်ခြင်းမရသောစစ်တပ်ကြီးကို မိမိအလံအောက်၌စီလျက်၊ သူတို့အားဖြင့် မိမိ၏အကြံအစည်များကိုဆောင်ရွက်ရန် ကြိုးပမ်းလိမ့်မည်။ လူဆိုးများသည် စာတန်၏အချုပ်သားများဖြစ်နေကြသည်။ ခရစ်တော်ကိုငြင်းပယ်ပြီး ပုန်ကန်သောခေါင်းဆောင်၏အုပ်ချုပ်မှုကို ခံယူကြသည်။ သူ၏အဆိုပြုချက်များကိုလက်ခံပြီး၊ သူ၏တောင်းဆိုချက်ကိုလုပ်ဆောင်ရန် သူတို့အဆင်သင့်ရှိနေကြသည်။ သို့ရာတွင် ယခင်ကလိမ္မာပါးနပ်သကဲ့သို့ မိမိကိုယ်ကိုစာတန်အဖြစ်မပေါ်လွင်စေချေ။ မိမိသည် ဤလောကကိုရပိုင်ခွင့်ရှိသောအရှင်ဖြစ်ပြီး၊ မိမိ၏အမွေကို မတရားသဖြင့်လုယူခံရသည်ဟု စာတန်ပြောဆိုသည်။ မိမိလှည့်ဖြားသောသူတို့အား မိမိကိုယ်ကိုကယ်တင်ရှင်အဖြစ်သရုပ်ဖော်ကာ၊ မိမိ၏တန်ခိုးသည် သူတို့အားသင်္ချိုင်းမှခေါ်ထုတ်ကြောင်းနှင့် အရက်စက်ဆုံးသောနိုင်လိုမင်းထက်ပြုခြင်းမှ သူတို့ကိုသူကယ်တင်မည်ဖြစ်ကြောင်း၊ သူအခိုင်အမာပြောဆိုသည်။ ခရစ်တော်၏ရှိနေခြင်းကို ဖယ်ရှားပြီးဖြစ်သောကြောင့် စာတန်သည် မိမိ၏ပြောဆိုမှုများကို အထောက်အပံ့ပေးမည့် အံ့ဖွယ်ရာများကိုပြုလုပ်သည်။ သူသည် အားနည်းသူတို့ကိုသန်စွမ်းစေ၍၊ မိမိကိုယ်ပိုင်ဝိညာဉ်နှင့်စွမ်းအားဖြင့် လူအားလုံးကိုနှိုးဆွပေးသည်။ သန့်ရှင်းသူတို့၏နေရပ်သို့စစ်ချီပြီး၊ ဘုရားသခင်၏မြို့တော်ကိုသိမ်းပိုက်ရန်အဆိုပြုသည်။ ပညာသားပါသောပီတိအဟုန်ဖြင့် သူသည် သေခြင်းမှထမြောက်သည့် မရေတွက်နိုင်အောင်များသောသူတို့ကိုညွှန်ပြလျက်၊ မိမိသည် သူတို့၏ခေါင်းဆောင်အနေဖြင့် ထိုမြို့တော်ကိုကျရှုံးစေနိုင်ကြောင်း၊ မိမိ၏ပလ္လင်နှင့်နိုင်ငံကိုပြန်ရနိုင်ကြောင်း သူအလေးအနက်ပြောဆိုသည်။ (GC, p. 663).

–၀–





**နိဝင်ဘာ (၂၆)**

## "ယေရှုရှလင်မြို့သစ်ကိုတိုက်ရန်လူဆိုးများပြင်ဆင်ခြင်း"

**"စာတန်သည် ထောင်ထဲကလွတ်သောအခွင့်ကိုရ၍၊ . . . မြေကြီးလေးမျက်နှာပေါ်မှာနေသော လူအမျိုးမျိုးတို့ကိုလှည့်ဖြားအံ့သောငှာလည်းကောင်း၊ စစ်တိုက်ဖို့စည်းဝေးစေခြင်းငှာလည်းကောင်း တက်လိမ့်မည်" (ဗျာဒိတ် ၂၀း၇၊၈)။**

ထိုလူအုပ်ကြီးထဲတွင် ရေမလွှမ်းမိုးမီက ကြာရှည်စွာအသက်ရှည်ခဲ့သူများပါဝင်သည်။ ထိုသူတို့မှာ ကျရှုံးသောကောင်းကင်တမန်တို့၏ထိန်းချုပ်ခြင်းကိုခံရ၍၊ မိမိတို့ကိုယ်ကိုချီးမြှောက်ရန် မိမိတို့၏ဉာဏ်အစွမ်းများကိုဆက်ကပ်ခဲ့သောလူသန်လူထွားကြီးများ၊ ကမ္ဘာက သူတို့၏အံ့ဖွယ်အနုပညာလက်ရာများကြောင့် မြတ်နိုးကိုးကွယ်သော်လည်း၊ ယင်းတို့၏ရက်စက်သည့်ဆိုးယုတ်သောတီထွင်မှုများသည် ကမ္ဘာမြေကိုညစ်ညမ်းစေ၍ ဘုရားသခင်၏ပုံသဏ္ဌာန်တော်ကို အလှပျက်စေသောကြောင့် ကမ္ဘာပေါ်မှဘုရားသခင်ရှင်းထုတ်ခဲ့သူများဖြစ်ကြသည်။ ထို့ပြင် တိုင်းနိုင်ငံများကိုအောင်နိုင်ခဲ့သော ရှင်ဘုရင်များနှင့်စစ်ဗိုလ်ချုပ်များ၊ ဘယ်ခါမျှတိုက်ပွဲမရှုံးခဲ့သောသူရဲကောင်းများ ယင်းတို့ချဉ်းကပ်လာခြင်းကြောင့် နိုင်ငံများတုန်လှုပ်စေခဲ့သော မောက်မာသည့်စစ်သူရဲများပါဝင်ကြသည်။ ထိုသူတို့သေဆုံးချိန်က အတွေ့အကြုံများမပြောင်းလဲခဲ့ချေ။ သူတို့သည် သင်္ချိုင်းမှထမြောက်လာကြသောအခါ၊ သူတို့သေချိန်က အတွေးများကိုပင် ပြန်တွေးကြသည်။ သူတို့သေချိန်က အလားတူလိုအင်ဆန္ဒများနှင့်ထမြောက်လာကြသည်။

စာတန်သည် မိမိ၏တမန်များနှင့်တိုင်ပင်ပြီးနောက် ဤရှင်ဘုရင်များ၊ စစ်အောင်နိုင်သူများ၊ ခွန်အားကြီးသောသူများတို့နှင့်တိုင်ပင်သည်။ သူတို့သည်

မိမိတို့ဘက်၌ရှိသောအင်အားနှင့်အရေအတွက်ကိုမှတ်၍ မြို့တော်ထဲ၌ရှိသော သူတို့သည် သူတို့ထက်များစွာနည်းနေသောကြောင့် မြို့တော်ကိုအောင်နိုင်လိမ့်မည်ဟုဆိုကြသည်။ သူတို့သည် ယေရုရှလင်မြို့သစ်၏ကြွယ်ဝမှုနှင့် ဘုန်းကျက်သရေကိုသိမ်းယူရန် အကြံအစည်များထုတ်ကြသည်။ နှောင့်နှေးခြင်းမရှိဘဲ စစ်ပွဲအတွက်စတင်ပြင်ဆင်ကြသည်။ လက်မှုပညာကျွမ်းကျင်သူတို့သည် စစ်ပွဲအတွက်ကိရိယာတန်ဆာပလာများကို တည်ဆောက်ကြသည်။ အောင်မြင်မှုဖြင့်ကျော်ကြားသော စစ်ခေါင်းဆောင်များသည် လူထုကြီးကို အစုအဖွဲ့လိုက်ခွဲ၍ စနစ်တကျစုစည်းကြသည်။

နောက်ဆုံးတွင် စစ်ချီရန်အမိန့်ရသည်နှင့် မြေကြီးပေါ်စစ်ပွဲစတင်ဖြစ်ချိန်မှစ၍ ခေတ်အဆက်ဆက်၌ ဘယ်ခါမျှမရှိဘူးသေးသောအင်အားစုများဖြင့်ဖွဲ့စည်းထားသည့် မရေမတွက်နိုင်သောထိုဗိုလ်ခြေထုကြီးမှာ ရှေ့သို့စစ်ချီပါတော့သည်။ ခွန်အားအကြီးဆုံးသောစစ်သည်စာတန်သည် တပ်ဦးကိုဦးဆောင်၍၊ သူ၏တမန်တို့သည် နောက်ဆုံးသောတိုက်ပွဲအတွက် မိမိတို့၏အင်အားများကို စုစည်းလိုက်ကြသည်။ ရှင်ဘုရင်များနှင့်စစ်သူရဲတို့သည်စီတန်းလျက်၊ လူအုပ်ကြီးသည်လည်း အစုလိုက်ခေါင်းဆောင်အသီးအသီး၏အောက်၌ရှိနေကြသည်။ စစ်တပ်၏စနစ်ကျသောစည်းစနစ်များနှင့်အညီ ဗိုလ်ခြေအဆင့်ဆင့်သည် ကွဲအက်နေသောမြေကြီးကိုဖြတ်၍ ဘုရားသခင်၏မြို့တော်ဆီသို့ ချီတက်ကြသည်။ ယေရှု၏အမိန့်တော်ဖြင့် ယေရုရှလင်မြို့သစ်၏တံခါးများကိုပိတ်လိုက်ကြကာ၊ စာတန်၏စစ်တပ်ကြီးသည် မြို့တော်ကိုဝိုင်းပြီး၊ တိုက်ခိုက်ရန်အဆင်သင့်ရှိနေကြသည်။ (GC, p. 664).

–၀–



နိဝင်ဘာ (၂၇)

## **"နောက်ဆုံးတရားစီရင်ခြင်း"**

**"သေလွန်သောသူအကြီးအငယ်တို့သည် ပလ္လင်တော်ရှေ့မှာ ရပ်နေကြသည်ကိုငါမြင်၏။ စာစောင်များကိုဖွင့်ထား၏။. . . သေလွန်သောသူတို့သည် မိမိတို့အကျင့်အတိုင်း၊ စာစောင်တို့၌ရေးထားချက်များနှင့်အညီ တရားစီရင်ခြင်းကိုခံရကြ၏" (ဗျာဒိတ် ၂၀း၁၂)။**

ယခုတွင်ခရစ်တော်သည် မိမိရန်သူများရှေ့တွင်ပေါ်လာတော်မူသည်။ ရွှေစင်ဖြင့်အုတ်မြစ်ချထားသည့် မြို့တော်၏အထက်၊ အလွန်မြင့်မားသောနေရာတွင် ပလ္လင်တော်တစ်ခုမြှောက်ထားလျက်ရှိသည်။ ထိုပလ္လင်တော်ပေါ်တွင် ဘုရားသခင်၏သားတော်ထိုင်တော်မူလျက်၊ ပတ်လည်တွင် ကောင်းကင်သားများခစားနေကြသည်။ ခရစ်တော်၏တန်ခိုးနှင့်ဘုန်းတော်ကို နှုတ်ဖြင့်သော်လည်းကောင်း၊ စာဖြင့်သော်လည်းကောင်း ဖော်ပြ၍မရချေ။ ထာဝရခမည်းတော်၏ဘုန်းတော်သည် မိမိ၏သားတော်ကိုရစ်ပတ်ထားလျက်ရှိသည်။ ကိုယ်တော်၏ဘုန်းတော်သည် ဘုရားသခင်၏မြို့တော်တွင်ပြည့်လျှံလျက်၊ မြို့တံခါးများမှ ၎င်း၏ရောင်ခြည်ဖြင့် ကမ္ဘာတစ်ခုလုံးတွင်ထွန်းလင်းနေသည်။

ပလ္လင်တော်နှင့်အနီးဆုံးနေရာတွင် ခစားနေကြသူများမှာ တစ်ချိန်က စာတန်အတွက်စိတ်အားထက်သန်စွာအမှုထမ်းခဲ့သော်လည်း အလုံးစုံဆက်ကပ်လျက်၊ ခရစ်တော်နောက်တော်သို့လိုက်ခဲ့ကြသူများဖြစ်သည်။ ၎င်းတို့၏နောက်နားတွင် ခစားနေကြသူများမှာ လှည့်ဖြားမှုများနှင့် ဘုရားတရားမဲ့မှုများအကြားတွင် မိမိတို့၏စာရိတ္တကိုစုံလင်စေခဲ့သူများ၊ ပညတ်တော်ပယ်ဖျက်ပြီဟု ကမ္ဘာကကြွေးကြော်နေချိန်တွင် ဘုရားသခင်၏ပညတ်တော်ကို လေးစားလိုက်နာသူများ၊ ခေတ်အဆက်ဆက်ယုံကြည်ခြင်းအတွက် အသက်စွန့်သူများ

တို့ဖြစ်ကြသည်။ သူတို့၏နောက်နားမှနေ၍ ခစားသူများမှာ "အသီးအသီး ဘာသာစကားကိုပြောသော လူအမျိုးအနွယ်ခပ်သိမ်းတို့အထဲမှထွက်၍၊ အဘယ်သူမျှမရေတွက်နိုင်သော. . . ဖြူသောဝတ်လုံကိုဝတ်လျက်၊ စွန်ပလွံခက်ကို ကိုင်လျက်" (ဗျာဒိတ် ၇း၉) နေကြသူများဖြစ်သည်။. . .

ကောင်းကင်တစ်ခွင်တွင် ဆင့်ကာဆင့်ကာပဲ့တင်ထပ်လျက်၊ ရွေးနုတ်ခံသူတို့၏ချီးမွမ်းခြင်းသီချင်းမှာ "ပလ္လင်ပေါ်မှာထိုင်တော်မူသော ငါတို့၏ဘုရားသခင်နှင့်သိုးသငယ်သည် ကယ်တင်တော်မူခြင်းချမ်းသာရှိစေတော်မူစေသတည်း" (အခန်းငယ် ၁၀) ဟူ၍ဖြစ်သည်။ ထိုအခါ ကောင်းကင်တမန်များတို့သည်လည်း ပါဝင်ချီးမွမ်းကြသည်။. . .

စုရုံးနေကြသောမြေကြီးသားများနှင့်ကောင်းကင်သားများရှေ့တွင် ဘုရားသခင်၏သားတော်၏ဘိသိက်မင်္ဂလာကိုကျင်းပသည်။ ယခုတွင် အထွတ်အထိပ်ဘုရင့်ဘုန်းတန်ခိုးအပ်နှင်းခံရသော ဘုရင်တကာတို့၏ဘုရင်သည် မိမိ၏အုပ်စိုးမှုကို ပုန်ကန်သူတို့အပေါ်စီရင်၍၊ မိမိ၏ပညတ်တော်နှင့်လူတို့အပေါ် ကျူးလွန်ခဲ့ကြသောသူတို့အပေါ် မျှတသည့်ပြစ်ဒဏ်ချမှတ်တော်မူသည်။......

စာစောင်များကိုဖွင့်လိုက်သည်နှင့် ယေရှု၏မျက်ဝန်းတော်သည် ဆိုးယုတ်သောသူတို့အပေါ်သို့ကြည့်တော်မူစဉ်၊ ထိုသူများသည် မိမိတို့ကျူးလွန်ခဲ့သမျှအပြစ်များကို ပြန်လည်သတိရကြသည်။ (GC, pp. 665, 666).

–o–



နိဝင်ဘာ (၂၈)

## "အလုံးစုံသောအမှုကိုစီရင်ခြင်း"

**"ဘုရားသခင်သည် ခပ်သိမ်းသောဝှက်ထားခြင်းမှစ၍ အလုံးစုံသောအမှု၊ ကောင်းမကောင်းရှိသမျှတို့ကိုစစ်ကြော၍ တရားသဖြင့်စီရင်တော်မူလတ္တံ့သတည်း" (ဒေသနာ ၁၂း၁၄)။**

လူတစ်ဦးချင်းစီ၏အမှုကိစ္စကို စနစ်တကျရေးမှတ်ရာတွင် ပန်းချီဆရာ၏လက်ရာမွန်ထက်ပင်သာလွန်၍ အံ့ဩစရာကောင်းသည်။ ဓာတ်ဆရာ၏ပညာမှာ ရုပ်ပုံကိုပျက်စီးနိုင်သောအရာပေါ်တွင် စွဲထင်စေခြင်းသာဖြစ်သည်။ သို့ရာတွင် အသက်တာမှတ်တမ်းစာစောင်၌မူ အကျင့်စာရိတ္တကို တိကျမှန်ကန်စွာ အသေးစိတ်ချပြထားသည်။ ဤမှတ်တမ်းသည် မည်မျှပင်ညိုမည်းပါသော်လည်း၊ ခရစ်တော်၏အပြစ်ဖြေသောအသွေးတော်မှလွဲ၍ မည်သည့်အရာကမျှ ပွတ်တိုက်၍မဖျက်နိုင်ချေ။ (RH, Nov. 4, 1884).

ပန်းချီဆရာသည် လူ့မျက်နှာအသွင်အပြင်ကို ဆင်တူရေးဆွဲသကဲ့သို့ ဘုရားသခင်၏ကောင်းကင်တမန်တို့သည် အကျင့်စာရိတ္တကိုမှတ်တမ်းယူကာ၊ . . . . ထိုမှတ်တမ်းအားဖြင့် ကျွန်ုပ်တို့ကိုတရားစီရင်သည်။ (RH, Feb. 2, 1886).

တရားစီရင်၍ စာစောင်များကိုဖွင့်လိုက်သောအခါ၊ အံ့အားသင့်ဖွယ်ထုတ်ဖော်ချက်များစွာတွေ့ရလိမ့်မည်။ ၎င်းတို့သည် လူသားတို့၏အမြင်နှင့်ဝေဖန်ပိုင်းခြားသကဲ့သို့ ပေါ်လာကြမည်မဟုတ်ချေ။ ထိုအခါ လျှို့ဝှက်အပြစ်များကို လူအားလုံးအရှေ့တွင်ထုတ်ဖော်လိမ့်မည်။ စိတ်နှလုံး၏အမှောင်ခန်းထဲတွင် ဝှက်ထားသည့်ရည်ရွယ်ချက်များကိုလည်း ဖော်ထုတ်လိမ့်မည်။ (RH, Jan. 1, 1884).

အပြစ်အားလုံးသည် ရုပ်ရှင်ကဲ့သို့ပေါ်လာလိမ့်မည်။ (RH, Jan. 13, 1891).

ထိုလေးနက်ကြောက်ရွံ့ဖွယ်ကောင်းသောအချိန်တွင် ယောက်ျား၏ သစ္စာဖောက်ခြင်းကို ဇနီးသည်အားလည်းကောင်း၊ ဇနီးသည်၏သစ္စာမဲ့ခြင်းကို လင်ယောက်ျားအားလည်းကောင်း ဖွင့်ပြလိမ့်မည်။ ထိုအခါမိဘတို့သည် မိမိတို့သားသမီးများ၏အကျင့်စာရိတ္တအမှန်ကို ပထမဆုံးအကြိမ်သိရှိကြရမည်။ သားသမီးတို့သည်လည်း မိမိတို့မိဘများ၏အသက်တာမှ အမှားများကိုမြင်ကြရမည်။ လူသည် လိမ်လည်လှည့်ဖြားခြင်းဖြင့် မိမိအိမ်နီးချင်းကိုလုယက်သူသည် မိမိ၏လုယက်မှုမှလွတ်မြောက်မည်မဟုတ်ချေ။ မမျှတသောငွေစာရင်းနှင့် မတရားသောစီးပွားမှန်သမျှကို အတိအကျမှတ်တမ်းတင်ထားသည့်စာစောင် ဘုရားသခင်၌ရှိတော်မူသည်။ (RH, March 27, 1888).

ထိုနေ့၌ ချိန်ခွင်လျှာသည် လျော့နေသောသူတို့အား စီရင်ချက်ချရာတွင် အပြစ်များကိုအမှန်အတိုင်း ထင်ထင်ရှားရှားမှတ်မိနေလိမ့်မည်။ လွန်ခဲ့သောအချိန်ကအတွေးများနှင့် အပြုအမူအားလုံးကို စိတ်ထဲတွင်မှတ်မိနေမည်။ အသက်တာတစ်ခုလုံးသည် ဇာတ်လမ်းပြကွက်ကဲ့သို့ မြင်ကွင်းကျယ်ပေါ်လာလိမ့်မည်။ (RH, Nov. 4, 1884).

–ဝ–



နိဝင်ဘာ (၂၉)

## “တရားသူကြီးခရစ်တော်”

**“ခမည်းတော်သည် အဘယ်သူကိုမျှတရားစီရင်တော်မမူ။ တရားစီရင်ခြင်းအခွင့်ရှိသမျှကို သားတော်အားပေးတော်မူ၏” (ယောဟန် ၅း၂၃)။**

မိမိ၏သွန်သင်ချက်များတွင် ခရစ်တော်က လာမည့်တရားစီရင်ခြင်းသည်သေချာကြောင်းနှင့် ၎င်းကိုလူအများသိရမည်ဖြစ်ကြောင်းကို လူတို့အားစွဲမှတ်စေတော်မူခဲ့သည်။ ဤအရာမှာ အနည်းငယ်သောလူတချို့ သို့တည်းမဟုတ် လူတစ်မျိုးကိုစီရင်ခြင်းမဟုတ်ဘဲ၊ လူသားမျိုးနွယ်အားလုံးကို စီရင်ခြင်းဖြစ်သည်။ လူတို့၏ဘုရားသခင်အတွက် ချစ်ခြင်း၊ ရိုးသားခြင်း၊ ဝန်ဆောင်မှုပေးခြင်းတို့ကို အမြင့်မားဆုံးဂုဏ်ပြုနိုင်စေရန် အခြားသောကမ္ဘာများရှေ့တွင် စီရင်လိမ့်မည်။ ခမ်းနားထည်ဝါပြီး ဂုဏ်သရေရှိလိမ့်မည်။. . . ဘုရားသခင်၏ပညတ်တော်ကို ခံ့ညားထည်ဝါမှုဖြင့်ဖော်ပြလိမ့်မည်။ သန့်ရှင်းသောပညတ်ချက်များကို ပြောင်ပြောင်တင်းတင်းဆန့်ကျင်ခဲ့သူတို့သည် သူတို့စွန့်ပစ်၊ မထီမဲ့မြင်ပြုပြီး၊ နင်းချေခဲ့သောပညတ်တော်မှာ အကျင့်စာရိတ္တအတွက် ဘုရားသခင်၏စံချိန်ဖြစ်ကြောင်းကို နားလည်လာကြလိမ့်မည်။. . .

မြေကြီးသားတို့အတွက် တန်ဖိုးမဖြတ်နိုင်သောအဖိုးကို ယေရှုသည် ပေးဆပ်တော်မူခဲ့သောကြောင့် စကြဝဠာတစ်ခုလုံးသည် ဤကမ္ဘာငယ်ကလေးကို အလွန်စိတ်ဝင်စားကြသည်။. . .

ဘုရားသခင်သည် တရားစီရင်ခြင်းအခွင့်ရှိသမျှကို သားတော်အားပေးတော်မူသည်အရာမှာ အငြင်းပွားဖွယ်မရှိ၊ ကိုယ်တော်သည် လူသားဇာတိကိုခံယူသော ဘုရားသခင်ဖြစ်တော်မူကြောင်းဖော်ပြသည်။

လူသားဇာတိဖြင့် ဝေဒနာခံတော်မူသောသူအား တစ်ကမ္ဘာလုံး၏ တရားသူကြီးအဖြစ် ဘုရားသခင်ခန့်ထားတော်မူသည်။ ထာဝရသေခြင်းမှ လူတို့အားကယ်တင်ရန် ကောင်းကင်မှဆင်းကြွလာသောသူ၊ . . . လောကီ တရားရုံးရှေ့တွင် ရုံးတင်စစ်ဆေးခြင်းခံရသူ၊ လက်ဝါးကပ်တိုင်ပေါ်တွင် ရှက်ဖွယ်လိလိသေခြင်းကိုခံသောသူ၊ ကိုယ်တော်တစ်ပါးတည်းသာလျှင် ဆုလာဘ်နှင့်အပြစ်ဒဏ်ကို စီရင်ပိုင်ခွင့်ရှိတော်မူသည်။ လက်ဝါးကပ်တိုင် ပေါ်တွင် ဝေဒနာခံခြင်းနှင့်အရှက်ရခြင်းကိုခံတော်မူသောသူသည် ကောင်းကင် နိုင်ငံတွင် ၎င်းအတွက်လျော်ကြေးအပြည့်အဝရရှိလျက်၊ သန့်ရှင်းသူတို့၏ ရှင်ဘုရင်အဖြစ် ကောင်းကင်သားအားလုံး၏အသိအမှတ်ဖြင့် ပလ္လင်ပေါ်တွင် ထိုင်ရသောအခွင့်ရှိတော်မူသည်။ ကိုယ်တော်သည် ကယ်တင်ခြင်းလုပ်ငန်းကို တာဝန်ယူတော်မူခဲ့ပြီး၊ မိမိထမ်းဆောင်ခဲ့သောအမှုကို ပြီးမြောက်စေနိုင်တော် မူခဲ့ကြောင်းကို မကျရှုံးသောကမ္ဘာများနှင့်ကောင်းကင်သားအားလုံးကို ပြသ တော်မူခဲ့သည်။ . . .

နောက်ဆုံးသောပြစ်ဒဏ်နှင့်ဆုလာဘ်ကိုပေးသောနေ့တွင်၊ သန့်ရှင်း သူများနှင့်အပြစ်သားတို့သည် အသေသတ်ခြင်းကိုခံတော်မူခဲ့သောကိုယ်တော် သည် လူသားအားလုံး၏တရားသူကြီးဖြစ်သည်ကို သိလာကြမည်။ . . . နောက်ဆုံးစီရင်ဆုံးဖြတ်ရာနေ့သည် အလွန်လေးနက်လိမ့်မည်။ . . . ကျွန်ုပ်တို့ကိုခေါ်တော်မူခြင်းနှင့်ရွေးကောက်တော်မူခြင်းကိုသေချာစေရန် ကျွန်ုပ်တို့အား ကရုဏာအချိန်ကာလနှင့် အခွင့်ထူးများကိုပေးခဲ့ပြီဖြစ်သည်။ ကျွန်ုပ်တို့သည် သစ္စာရှိသောဘဏ္ဍာစိုးများဖြစ်နိုင်မည်အကြောင်း၊ ဤ အဖိုးထိုက်သောအချိန်ကိုတန်ဖိုးထား၍ ဘုရားသခင်ပေးသနားတော်မူသော အစွမ်းအစများကို တိုးတက်စေရမည်။ (RH, Nov. 22, 1898).

–ဝ–



နိဝင်ဘာ (၃၀)

## “ဆုလာဘ်များနှင့်ပြစ်ဒဏ်များ”

**“ထိုအခါ လက်ယာတော်ဘက်၌ရှိသောသူတို့အား မင်းကြီးက၊ ငါ့ခမည်းတော်ထံကောင်းချီးမင်္ဂလာကိုခံသောသူတို့၊ ကမ္ဘာဦးကပင် သင်တို့အဖို့ပြင်ဆင်သောနိုင်ငံကို လာ၍အမွေခံကြလော့” (မဿဲ ၂၅:၃၄)။**

ကယ်တင်ရှင်သည် မိမိလက်ယာဘက်၌ရှိသောသူတို့အား ဆုလာဘ် ကိုလည်းကောင်း၊ လက်ဝဲဘက်၌ရှိသောသူတို့အား အပြစ်ဒဏ်စီရင်ခြင်းကို လည်းကောင်း ပေးသောနောက်ဆုံးတရားစီရင်ခြင်းကို ကျွန်ုပ်တို့အားဖော်ပြ တော်မူသည်။ ဖြောင့်မတ်သောသူတို့သည် မိမိတို့အားရက်ရက်ရောရောဆုလာဘ် ချပေးသည်ကို အံ့သြနေကြကြောင်းဖော်ပြသည်။ သူတို့၏စိတ်နှလုံးထဲတွင် ခရစ်တော်ကိန်းဝပ်လျက်ရှိသည်။ သူတို့သည် ဝိညာဉ်တော်နှင့်ပြည့်ဝလျက် ရှိသောကြောင့် မိမိတို့ဘက်၌လုပ်ဆောင်မှုများကို သတိမထားမိခဲ့ကြချေ။ သူတို့ သည် ကိုယ်တော်၏သန့်ရှင်းသူတို့ကိုအလုပ်အကျွေးပြုခြင်းမှာ ခရစ်တော်၌ ပြုသကဲ့သို့ဖြစ်ပြီး၊ ထိုသို့အားဖြင့် ဆုလာဘ်ကိုရရှိခဲ့ကြသည်။ သို့ရာတွင်သူတို့ သည် ဆုလာဘ်ကိုရရှိရန်လုပ်ဆောင်ကြခြင်းမဟုတ်ပေ။ သူတို့လုပ်ဆောင်မှု ၏ရည်ရွယ်ချက်၌လည်း ဆုလာဘ်ကိုမျှော်ကိုးခြင်းမပါရှိချေ။ သူတို့လုပ်ဆောင် ခဲ့သည်မှာ ခရစ်တော်နှင့်မိမိတို့လူသားချင်းကိုချစ်ခြင်းကြောင့်ဖြစ်သည်။ ခရစ်တော်သည် မိမိကိုယ်ကိုဝေဒနာခံရသောလူသားကဲ့သို့ကိုယ်စားပြုပြီး၊ လူတို့ အပေါ်၌သနားခြင်း၊ ကရုဏာ၊ မေတ္တာဖြင့်ပြုသောအရာကို မိမိအားပြုသကဲ့သို့ မှတ်တော်မူသည်။ . . .

နှိမ့်ချခြင်းဖြင့်ရရှိမည့်ဆုလာဘ်ကို ကျွန်ုပ်တို့အလေးထားရမည်။ သို့ရာတွင် ကျွန်ုပ်တို့သည် ကောင်းချီးမင်္ဂလာကတိအတွက် ကျေးဇူးတင်လျက်ရှိနေစဉ်၊ ကိုယ်တော်သည် တရားမျှတစွာပြု၍ ကျွန်ုပ်တို့၏အကျင့်အတိုင်း ဆုလာဘ်ကိုပေးတော်မူမည်ဖြစ်ကြောင်း၊ ကျွန်ုပ်တို့သည် ယေရှုခရစ်၌အပြည့်အဝ ယုံကြည်စိတ်ချရမည်။ ဘုရားသခင်၏ဆုကျေးဇူးသည် ထာဝရအသက်ဖြစ်သည်။ သို့သော် ယေရှုသည် ကျွန်ုပ်တို့အား ဆုလာဘ်အတွက်မစိုးရိမ်စေလိုချေ။ ကျွန်ုပ်တို့သည် ဆုလာဘ်ကိုမျှော်ကိုး၍မဟုတ်ဘဲ၊ ဘုရားသခင်၏ အလိုတော်သည် လုပ်သင့်လုပ်ထိုက်သောအရာဖြစ်နေသောကြောင့် လုပ်ဆောင်ခြင်းသာဖြစ်ရမည်။. . .

ဆုလာဘ်အများဆုံးရရှိသောသူတို့မှာ ဆင်းရဲသားများ၊ မိဘမဲ့များ၊ အဖိနှိပ်ခံသူများနှင့်ဒုက္ခရောက်သူများအတွက် စိတ်အားထက်သန်စွာလုပ်ဆောင်သူများဖြစ်ကြသည်။ ကျွန်ုပ်တို့၏ပတ်လည်တွင် ခရစ်တော်၏စိတ်သဘောကဲ့သို့ နူးညံ့သိမ်မွေ့နှိမ့်ချသောစိတ်သဘောရှိသူများရှိကြသည်။ သူတို့သည် မိမိတို့ပတ်ဝန်းကျင်ရှိလူတို့အားကူညီရန် သေးငယ်သောအမှုများစွာပြုခဲ့ကြကာ၊ ထိုအမှုများကိုဆောင်ရွက်သည်ဟုပင် မစဉ်းစားမိကြချေ။ သူတို့သည် ကိုယ်ကျိုးစွန့်၍ စိတ်ပျက်အားလျော့နေသောသူတို့အား အကြင်နာစကားပြောခဲ့သည်များနှင့် ဆင်းရဲသောသူများသက်သာစေရန် သေးငယ်သောလက်ဆောင်များပေးကမ်းခြင်းတို့ကို ခရစ်တော်သည် သတိပြုမိကြောင်းသိရှိသောအခါ အံ့အားသင့်ကြလိမ့်မည်။ ထာဝရဘုရားသည် စိတ်နှလုံးကိုအကဲဖြတ်၍၊ ၎င်းနှင့်လျော်ညီစွာ ဆုလာဘ်ပေးတော်မူသည်။ ဖြူစင်၊ နှိမ့်ချ၊ ကလေးကဲ့သို့သောချစ်ခြင်းစိတ်သဘောထားတို့သည် ကိုယ်တော်၏ရှေ့တော်တွင် အဖိုးထိုက်သောယဇ်ပင်ဖြစ်သည်။ (RH, July 3, 1894).

–ဝ–



ဒီဇင်ဘာ (၁)

## "သန့်ရှင်းသောမြို့အထက်ကမြင်ကွင်းကျယ်ရှုပ်ရှင်"

**"ငါတို့ရှိသမျှသည် ကိုယ်ခန္ဓာ၌ကျင့်သောအကျင့်၊ ကောင်းမကောင်းရှိသည်အတိုင်း အကျိုးအပြစ်ကိုအသီးအသီးခံခြင်းငှာ ခရစ်တော်၏ တရားပလ္လင်ရှေ့၌ပေါ်လာရကြမည်" (၂ကောရိန်သု ၅း၁၀)။**

ပလ္လင်တော်၏အထက်တွင် ကပ်တိုင်တော်ကိုမြင်ရသည်။ အာဒံကျဆုံးသည့်မြင်ကွင်းမှအစ ကယ်တင်ခြင်းစီမံကိန်းဝင်အဆင့်ဆင့်အကောင်အထည်ဖော်ပုံများကို မြင်ကွင်းကျယ်ရုပ်ရှင်အလား ပေါ်လာသည်။ ကယ်တင်ရှင်၏နှိမ့်ကျသောမွေးဖွားခြင်း၊ ကိုယ်တော်၏ရိုးစင်းသောအသက်တာနှင့်နားထောင်ခြင်း၊ ယော်ဒန်မြစ်တွင်နှစ်ခြင်းခံခြင်း၊ တောထဲတွင်အစာရှောင်ခြင်းနှင့်စုံစမ်းမှုခံရခြင်း၊ ဘုရား၏အဖိုးထိုက်ဆုံးသောကောင်းချီးကို လူတို့အားဖော်ပြခြင်းဖြစ်သည့် လူထုအကြားသာသနာပြုခြင်း၊ နေ့အချိန်တွင် မေတ္တာကရုဏာဖြင့်ဆောင်ရွက်မှုများနှင့် ညဉ့်အချိန်တွင် ဆိတ်ငြိမ်ရာတောင်ပေါ်တွင်ဆုတောင်းစောင့်နေခြင်း၊ မိမိ၏ကျေးဇူးများကို မနာလို၊ မုန်းတီး၊ ရန်ညှိုးစိတ်ဖြင့်ပူးပေါင်းကြံစည်ခံရခြင်း၊ ဂေသရေမန်ဥယျာဉ်တွင် ကမ္ဘာ့ဝန်ထုပ်ရှိသဖြင့်ကြောက်မက်ဖွယ်ရာဝေဒနာခံစားခြင်း၊ သွေးဆာနေသောလူထုကြီး၏လက်ထဲသို့အပ်နှံခံရခြင်း၊ မခုခံသောအကျဉ်းသားဖြစ်ရသည့်ည၊ မိမိအချစ်ဆုံးသောတပည့်တော်များကစွန့်ပစ်ခဲ့သောည၊ ယေရုရှလင်မြို့လမ်းမပေါ်တွင် ကြမ်းတမ်းစွာအမောင်းခံရသည့်ည စသည့်အဖြစ်အပျက်များနှင့်ကြောက်မက်ဖွယ်ည၊ ယဇ်ပုရောဟိတ်မင်း၏နေအိမ်တွင် ရုံးတင်စစ်ဆေးခံရပုံ၊ ပိလတ်မင်းရုံးတွင် အစစ်ဆေးခံရပုံ၊ သူရဲဘောကြောင်သောဟေရုဒ်မင်းရှေ့တွင် အစော်ကား

အနှိပ်စက်အသေသတ်ခံခဲ့ရပုံများသည် ထိုသူတို့ရှေ့တွင် ထင်ထင်ရှားရှား ပေါ်လာသည်။

ယခုတွင်မူ လှုပ်ရှားနေသောလူထုအား ကရာနိလမ်းကိုလျှောက်နေသည့် သည်းခံတော်မူသောဝေဒနာအရှင်၊ ကပ်တိုင်ပေါ်ဆွဲထားခြင်းခံရသော ကောင်းကင်အရှင်၊ ကိုယ်တော်ရှင်ဝေဒနာခံစားသည်ကိုကြည့်ကာ ယဇ်ပုရောဟိတ်များနှင့်ကျမ်းတတ်ဆရာများ၊ သမားရိုးမဟုတ်သော မှောင်မိုက်၊ လောက၏ ရွေးနုတ်ရှင်သည် မိမိအသက်ကိုစွန့်ချိန်တွင် မြေလှုပ်ခြင်း၊ ကျောက်ဆောင်များကွဲအက်ခြင်း၊ သင်္ချိုင်းဂူများပွင့်ထွက်ခြင်း စသည့်နောက်ဆုံးမြင်ကွင်းများကိုဖော်ပြသည်။

ကြောက်စရာမြင်ကွင်းသည် အရှိအတိုင်းပေါ်လာသည်။ စာတန်၊ သူ၏တမန်များနှင့်သူ၏ငယ်သားတို့သည် မိမိတို့၏ကိုယ်ပိုင်အကျင့်ကိုဖော်ပြသောမြင်ကွင်းမှာ မျက်နှာလွှာ၍မရနိုင်ကြချေ။ လူတစ်ဦးစီ မိမိတို့လုပ်ဆောင်ခဲ့သည့်အရာများကို ပြန်လည်သတိရကြသည်။ . . လူအားလုံးသည် မိမိတို့အပြစ်၏ဆိုးသွမ်းယုတ်မာမှုကိုကြည့်နေကြသည်။ ရွေးနုတ်ခံသူတို့သည် မိမိတို့သရဖူများကို ကယ်တင်ရှင်၏ခြေတော်ရင်းတွင်ချလိုက်ကြပြီး၊ "ကိုယ်တော်သည် ကျွန်ုပ်အတွက်အသေခံတော်မူခဲ့ပြီ" ဟုကြွေးကြော်နေကြစဉ်တွင်၊ ထိုသူတို့သည် နေမင်း၏ရောင်ခြည်ထက်သာ၍လင်းသော ကိုယ်တော့်မျက်နှာတော်မှ ဘုရားဘုန်းအသရေမှပုန်းရှောင်ရန် အချည်းနှီးကြိုးစားကြသည်။ (GC, pp. 666, 667).

–၀–



ဒီဇင်ဘာ (၂)

## "သမိုင်းမှပုဂ္ဂိုလ်ကြီးများကိုတရားစီရင်ခြင်း"

**"ငါ့ရှေ့၌လူတိုင်းဒူးထောက်ရမည်၊ လူတိုင်းမိမိနှုတ်နှင့်သစ္စာခံရမည်ဟု ကိုယ်ကိုကိုယ်တိုင်တည်၍ ငါကျိန်ဆိုသောတရားစကားသည် ငါ့နှုတ်မှထွက်သည်ဖြစ်၍ မပြည့်စုံဘဲမနေရ။ . . ကိုယ်တော်ကို မနာလိုသောသူအပေါင်းတို့သည် အထံတော်သို့လာ၍၊ ရှက်ကြောက်ခြင်းသို့ရောက်ရကြလိမ့်မည်" (ဟေရှာယ ၄၅း၂၃၊၂၄)။**

ရွေးနုတ်ခံလူအုပ်ကြီးထဲတွင် ခရစ်တော်၏တမန်တော်များဖြစ်ကြသော သူရဲကောင်းပေါလု၊ အလွန်တက်ကြွသောပေတရု၊ ချစ်တော်မူသောယောဟန်နှင့် သူတို့၏မိတ်ဆွေညီအစ်ကိုများ၊ ထိုနောက် ယုံကြည်ခြင်းအတွက် အသေသတ်ခြင်းခံရသောသူများရှိနေကြသည်။ ထိုအချိန်တွင် မြို့အပြင်ဘက်တွင် သူတို့ကိုညှဉ်းပန်း၊ အကျဉ်းချ၊ သတ်ဖြတ်သောသူတို့သည် စက်ဆုပ်ဖွယ်ကောင်းသော မသတီစရာများနှင့်အတူရှိနေသည်။ လူများကိုညှဉ်းဆဲရခြင်းဖြင့် ဂုဏ်ယူဝမ်းမြောက်ပြီး၊ ထိုသူများအကြီးအကျယ်ဝေဒနာခံရသည်ကို ပျော်ပျော်ကြီးကြည့်နေခဲ့သည့် ရက်စက်ယုတ်မာသော လူ့ဘီလူးနီရိုးမင်းလည်း ရှိနေသည်။ ထိုနေရာတွင် သူ၏မိခင်သည်လည်း မိမိ၏လုပ်ရပ်များကိုမြင်တွေ့ရန်လည်းကောင်း၊ မိမိ၏မကောင်းသောအကျင့်စာရိတ္တသည် မိမိသားပေါ်တွင် မည်သို့ကူးစက်၍၊ သူမ၏ဩဇာသက်ရောက်မှုနှင့်ပုံနမူနာအားဖြင့်လည်းကောင်း အကျင့်ကိုအားပေး၍ကြီးထွားလာကာ ကမ္ဘာကိုသိမ့်သိမ့်တုန်စေခဲ့သော ရာဇဝတ်မှုများပေါက်ဖွားလာသည်ကို မြင်တွေ့ရန်ရှိနေသည်။ (GC, pp. 667, 668).

မိမိစစ်ချီခြင်းကြောင့် တိုင်းနိုင်ငံများကိုတုန်လှုပ်စေသည့် မောက်မာပြီးရည်မှန်းချက်ကြီးသော နပိုလျံလည်းရှိနေသည်။ (EW, p. 293).

ခရစ်တော်၏ သံတမန်များအဖြစ် မိမိတို့ကိုယ်ကိုခေါ်ဆိုကြသော်လည်း ကိုယ်တော်၏ လူတို့၏ဩတ္တပ္ပစိတ်ကိုထိန်းချုပ်ရန် ညှဥ်းပန်းနှိပ်စက်သည့်စင်များ၊ မြေအောက်အကျဉ်းခန်းများ၊ မြေစိုက်ငုတ်ချွန်များကိုအသုံးပြုခဲ့ကြသော ရဟန်းမင်း၏ ယဇ်ပုရောဟိတ်များနှင့် သာသနာပိုင်ဂိုဏ်းချုပ်များလည်းရှိသည်။ မိမိတို့ကိုယ်ကို ဘုရားသခင်၏ အထက်တွင်ချီးမြှောက်ပြီး၊ အမြင့်ဆုံးသော သူ၏ ပညတ်တော်ကိုပြောင်းခဲ့သည့် မောက်မာသောရဟန်းမင်းများလည်းရှိသည်။ အသင်းတော်၏ ခေါင်းဆောင်အဖြစ် ဟန်ဆောင်သူများရှိနေကြသည်။ ဘုရားသခင်သည် မိမိပညတ်တော်အပေါ် သဝန်တိုကြောင်းနှင့် အပြစ်များကို ရှင်းလင်းပစ်တော်မူသည်ဖြစ်ကြောင်းကို ထိုသူများမြင်ရကြသည်မှာ အလွန်နောက်ကျနေပေပြီ။ ခရစ်တော်သည် ဝေဒနာခံရသော မိမိလူတို့အပေါ် စိတ်ဝင်စားတော်မူကြောင်းကို ယခုသူတို့သိလာကြသည်။ “သင်တို့သည် ဤသူတည်းဟူသော ငါ့ညီတို့တွင် အငယ်ဆုံးသောသူတစ်ယောက်အားပြုသမျှတို့ကို ငါ့အားပြုကြပြီ” (မဿဲ ၂၅း ၄၀) ဟု ကိုယ်တော့်စကား၏ ခွန်အားကို သူတို့ခံစားကြရသည်။

ထိုလူယုတ်မာအားလုံးသည် ကောင်းကင်အုပ်ချုပ်ရေးကို သစ္စာဖောက်မှုဖြင့် တရားရင်ဆိုင်ကြရသည်။ လျှောက်လဲချက်တင်စရာမရှိသကဲ့သို့ ဆင်ခြေတက်စရာအကြောင်းလည်းမရှိချေ။ ထာဝရသေဒဏ်ခံစေဟု သူတို့အားအမိန့်ချလိုက်သည်။ (GC, p. 668).

–၀–



ဒီဇင်ဘာ (၃)

## “လူဆိုးများသည်ဘုရားသခင်၏တရားမျှတမှုကိုအသိအမှတ်ပြုခြင်း”

**“ငါတို့ရှိသမျှသည် ခရစ်တော်၏ တရားပလ္လင်တော်ရှေ့သို့ ရောက်ရကြမည်။ ကျမ်းစာလာသည်ကား၊ ငါအသက်ရှင်တော်မူသည် ဖြစ်၍၊ ငါ့ရှေ့၌လူတိုင်းဒူးထောက်ရမည်။ ဘုရားသခင်အား လူတိုင်း မိမိနှုတ်နှင့်သစ္စာခံရမည်ဟု ထာဝရဘုရားမိန့်တော်မူ၏” (ရောမ ၁၄း၁၀၊၁၁)။**

ထိုလူယုတ်မာတို့သည် ခရစ်တော်ဘိသိက်ခံနေသည်ကိုကြည့်ရင်းမှင်သက်မိသလိုဖြစ်နေကြသည်။ ကိုယ်တော်၏ လက်ထဲတွင် သူတို့အထင်သေး၊ ကျူးလွန်ခဲ့သော ဘုရားပညတ်တော် (၁၀) ပါးကျောက်ပြားနှစ်ချပ်ကို ကိုင်ထားတော်မူသည်ကို သူတို့မြင်ကြရသည်။ ကယ်တင်ခြင်းခံရသူများ၏ ချီးမွမ်းထောမနာသံများ ပေါက်ကွဲလာသည်ကိုလည်း သူတို့ကြားရသည်။ ထိုတေးသံသည် မြို့အပြင်တွင်ရှိသောလူထုကြီးထံအထိရောက်သွားရာ၊ သူတို့အားလုံးက “ကိုယ်တော်၏ အပြုအမူတို့သည် ကောင်းမြတ်၍အံ့ဩဖွယ်ဖြစ်ပါ၏။ လူမျိုးတို့၏ ဘုရင်၊ ကိုယ်တော်၏ အကျင့်ဓလေ့တို့သည် ဖြောင့်မတ်ဟုတ်မှန်ကြပါ၏” (ဗျာဒိတ် ၁၅း၃) ဟုကြွေးကြော်ကာ၊ အသက်အရှင်သခင်၏ ရှေ့တွင် ပျပ်ဝပ်ကာကိုးကွယ်ကြသည်။

စာတန်သည် ခရစ်တော်၏ ဘုန်းအာနုဘော်ကိုကြည့်ရာ လေဖြတ်သယောင်ဖြစ်သွားသည်။ တစ်ချိန်ကလွှမ်းမိုးသောခေရုဗိမ်တစ်ပါးဖြစ်ခဲ့သော စာတန်သည် မိမိကျဆင်းလာခဲ့သည့်နေရာကို သတိရမိနေသည်။ “နံနက်သားမိုးသောက်ကြယ်၊” တောက်ပသောကောင်းကင်တမန်သည် အလွန်ပြောင်းလဲနိမ့်ကျသွားပြီတကား။ မိမိအားဂုဏ်ပြုခဲ့သောကောင်စီမှလည်း၊ သူသည်

ရာသက်ပန်ထုတ်လိုက်ချေပြီ။ အဖခမည်းတော်၏အနီးတွင်ရပ်၍ ကိုယ်တော်၏ဘုန်းတော်ကိုလွှမ်းခြုံသော ကောင်းကင်တမန်ကိုလည်း သူယခုမြင်နေရသည်။ အလွန်မြင့်မားပြီးခန့်ညားထည်ဝါသော ကောင်းကင်တမန်သည် ခရစ်တော်၏ခေါင်းတော်ပေါ်တွင် သရဖူဆောင်းပေးသည်ကို သူမြင်ခဲ့ပြီးဖြစ်ရာ၊ ထိုကောင်းကင်တမန်၏အဆင့်ရာထူးမှာ သူ၏ရာထူးဖြစ်နေခဲ့မည်ကို သူသိနေသည်။

မိမိ၏အပြစ်ကင်းစင်ပြီး၊ ဖြူစင်သည့်ဘဝကို သူသည်ပြန်၍သတိရနေမိသည်။. . . စာတန်သည် မိမိနိုင်ငံကိုကြည့်ရာ၊ မိမိလုပ်ဆောင်မှု၏ရလဒ်ဖြစ်သော ကျရှုံးခြင်းနှင့်အပျက်အစီးများကိုသာသူမြင်ရသည်။

ပုန်ကန်ခြင်းကိုနောက်ဆုံးအနိုင်ယူရန်နှင့် စာတန်၏ရာဇဝင်နှင့်အကျင့်စာရိတ္တကိုဖွင့်ချရမည့်အချိန်သည် ယခုကျရောက်လာသည်။ ခရစ်တော်ကိုနန်းချရန်လည်းကောင်း၊ ကိုယ်တော်၏လူတို့ကိုဖျက်ဆီးရန်လည်းကောင်း၊ ဘုရားသခင်၏မြို့တော်ကိုသိမ်းယူရန်လည်းကောင်း သူ၏နောက်ဆုံးမဟာကြိုးပမ်းမှုတွင် လိမ်လည်ခြင်း၏ဖခင်သည် လုံးလုံးလျားလျားဓာတ်ရုပ်ထုတ်ဖော်ခြင်းခံရတော့သည်။ သူနှင့်ပူးပေါင်းသောသူတို့သည် သူ၏အမှုသည်လုံးဝဥဿုံကျရှုံးကြောင်း မြင်လိုက်ကြသည်။. . . သူသည် စကြဝဠာတစ်ခုလုံး၏ရှုံ့ချဖွယ်အဖြစ်သို့ ရောက်သွားရတော့သည်။

မိမိသဘောအတိုင်းပုန်ကန်ခဲ့ခြင်းကြောင့် ကောင်းကင်နှင့်မထိုက်တန်တော့ကြောင်းကို စာတန်မြင်သည်။ မိမိ၏တန်ခိုးများကို ဘုရားသခင်အားတိုက်ခိုက်ရန် သူအသုံးပြုခဲ့ပြီးဖြစ်သည်။ ကောင်းကင်နိုင်ငံ၏စင်ကြယ်ခြင်း၊ ငြိမ်သက်ခြင်း၊ ညီညွတ်ခြင်းတို့သည် သူ့အတွက်မဟာညှဉ်းဆဲခြင်းဖြစ်ပေလိမ့်မည်။ ဘုရားသခင်၏ကရုဏာနှင့်တရားမျှတမှုကို သူအပြစ်တင်စွပ်စွဲခြင်းသည် ယခုဆိတ်သုဉ်းသွားရလေပြီ။. . . ယခုတွင်မူ စာတန်သည်ခေါင်းငုပ်လျက်၊ မိမိအပေါ်တရားစီရင်ခြင်းသည် မျှတမှုရှိကြောင်းဝန်ခံရတော့သည်။ (GC, pp. 668-670).

–o–





**ဒီဇင်ဘာ (၄)**

## “ဘုရားသခင်၏ဂုဏ်တော်ကိုသက်သေထူခြင်း”

**“အနန္တတန်ခိုးနှင့်ပြည့်စုံတော်မူသော ထာဝရအရှင်ဘုရားသခင်၊ ကိုယ်တော်၏အပြုအမူတို့သည် ကောင်းမြတ်၍အံ့ဩဖွယ်ဖြစ်ကြပါ၏။ လူမျိုးတို့၏ဘုရင်၊ ကိုယ်တော်၏အကျင့်ဓလေ့တို့သည် ဖြောင့်မတ်ဟုတ်မှန်ကြပါ၏” (ဗျာဒိတ် ၁၅း၃)။**

ကြာမြင့်စွာဖြစ်ပွားသောတိုက်လှန်ပွဲတွင် သမ္မာတရားနှင့်အမှားနှင့်ပတ်သက်သောမေးခွန်းအသီးသီးတို့သည် ယခုတွင် ရှင်းသွားချေပြီ။ ပုန်ကန်ခြင်း၏ရလဒ်များ၊ ဘုရားသခင်၏ပညတ်ချက်များကိုဘေးဖယ်ခြင်း၏အကျိုးဆက်များတို့ကို ဖန်ဆင်းခံသတ္တဝါများရှေ့တွင် ဖွင့်ချလေပြီ။ စာတန်အုပ်ချုပ်ပုံလုပ်ဆောင်ချက်နှင့် ဘုရားသခင်၏အုပ်ချုပ်ပုံခြားနားချက်ကိုလည်း စကြဝဠာတစ်ခုလုံးရှေ့တွင်ဖော်ပြသည်။ စာတန်၏ကိုယ်တိုင်အလုပ်သည် သူ့ကိုပြန်၍အပြစ်ရှိကြောင်း ပေါ်လွင်စေသည်။ ဘုရားသခင်၏ဉာဏ်တော်၊ တရားမျှတမှုနှင့်ကောင်းမြတ်ခြင်းတို့သည် အပြည့်အဝသက်သေထူလျက်ရှိသည်။ မဟာတိုက်လှန်ပွဲတွင် မိမိလူတို့၏ထာဝရကောင်းစားရေးအတွက်နှင့် မိမိဖန်ဆင်းသောအရာများအားလုံး၏ကောင်းစားရေးအတွက် ကိုယ်တော်၏ကိုင်တွယ်စီမံမှုများကိုလည်းမြင်ရသည်။. . . ဘုရားသခင်၏ပညတ်တော်တည်ရှိခြင်းသည် ဝေနေယျသတ္တဝါများ၏ပျော်ရွှင်မှုကို ဖြည့်ဆည်းပေးကြောင်း၊ အပြစ်တရား၏သမိုင်းစဉ်က ထာဝရသက်သေတစ်ခုအဖြစ် ရပ်တည်နေလိမ့်မည်။ မဟာတိုက်လှန်ပွဲမှဖြစ်ရပ်မှန်အားလုံးကိုမြင်ရသောအချိန်တွင် သစ္စာရှိသူနှင့်ပုန်ကန်သူများပါဝင်သည့် စကြဝဠာတစ်ခုလုံးသည် တစ်သံတည်းဖြင့် “လူမျိုးတို့၏

ဘုရင်၊ ကိုယ်တော်၏အကျင့်ဓလေ့တို့သည် ဖြောင့်မတ်ဟုတ်မှန်ကြပါ၏" ဟုကြွေးကြော်ကြသည်။

စကြဝဠာရှေ့တွင် လူသားကိုယ်စား အဖခမည်းတော်နှင့်သားတော်၏မဟာဆက်ကပ်မှုကို ရှင်းလင်းစွာဖော်ပြပြီးဖြစ်သည်။ ခရစ်တော်သည် မိမိ၏ရာထူးအမှန်ကိုရယူ၍၊ အထွတ်အမြတ်အာဏာစက်များနှင့် နာမအပေါင်းတို့၏အထက်တွင် ဂုဏ်ပြုရန်အချိန်သည် ရောက်လာချေပြီ။ ကိုယ်တော်သည် သားသမီးများအား ဘုန်းဝင်စားဖို့ခေါ်ဆောင်နိုင်ခြင်းကြောင့် ခံစားရမည့်ပျော်ရွှင်ခြင်းအတွက် ကပ်တိုင်တွင်ရှက်ကြောက်ခြင်းဝေဒနာကို ခံတော်မူခဲ့သည်။ စိတ်ကူး၍ပင်မရနိုင်အောင် ကြီးမားသောဝမ်းနည်းခြင်းနှင့်ရှက်ကြောက်ခြင်းခံခဲ့ရသော်လည်း၊ ဝမ်းမြောက်ခြင်းနှင့်ဘုန်းကျက်သရေသည် သာ၍ပင်ကြီးမားနေသေးသည်။ မိမိပုံသဏ္ဌာန်တော်၌ အသစ်ပြုပြင်ခံရ၍၊ ထိုသဏ္ဌာန်တော်ကို စိတ်နှလုံးအသီးအသီးတွင်ခတ်နှိပ်ကာ၊ မိမိတို့အရှင်သခင်၏သဏ္ဌာန်တော်ကို မျက်နှာတိုင်းတွင်ထင်ဟပ်စေသော ရွေးနုတ်ခံသူတို့ကို ကိုယ်တော်ကြည့်တော်မူသည်။ မိမိခံစားခဲ့ရသော သုခဒုက္ခ၏အကျိုးရလဒ်များကို သူတို့၌ကြည့်ရာ၊ ကိုယ်တော်သည် ကျေနပ်အားရတော်မူသည်။ ထိုအခါ စုရုံးလျက်ရှိသောဖြောင့်မတ်သူတို့နှင့် ဆိုးယုတ်သောသူတို့အားလုံးကြားနိုင်သည့်အသံတော်ဖြင့် "ငါ့အသွေးဖြင့်ဝယ်ယူခဲ့သောသူတို့ကိုကြည့်ကြလော့။ သူတို့ငါနှင့်အတူ ထာဝရကာလရှိနေမည်အကြောင်း သူတို့အတွက်ငါဝေဒနာခံပြီး၊ အသေခံခဲ့သည်" ဟုမိန့်တော်မူသည်။ ထိုအခါ ပလ္လင်တော်ပတ်လည်၌ရှိသော ဝတ်လုံဖြူဝတ်ဆင်သောသူတို့ထံမှ "အသေသတ်ခြင်းကိုခံခဲ့ပြီးသောသိုးသငယ်သည် တန်ခိုး၊ စည်းစိမ်၊ ပညာ၊ အစွမ်းသတ္တိ၊ ဂုဏ်အသရေ၊ ဘုန်းအာနုဘော်၊ ကောင်းချီးမင်္ဂလာကိုခံထိုက်တော်မူ၏" (ဗျာဒိတ် ၅း၁၂) ဟုချီးမွမ်းသီချင်းကို ကြွေးကြော်ကြ၏။ (GC, pp. 670, 671).

–o–



ဒီဇင်ဘာ (၅)

## "အပြစ်တရားနှင့်အပြစ်သားများကိုဖျက်ဆီးခြင်း"

**"မီးဖို၌မီးလောင်သကဲ့သို့ လောင်သောနေ့ရက်ကာလသည် ရောက်လိမ့်မည်။ မာနကြီးသောသူနှင့် ဒုစရိုက်ကိုပြုသောသူအပေါင်းတို့သည် အမှိုက်ခြောက်ဖြစ်ကြလိမ့်မည်။ သူတို့အရင်းအဖျားမျှမကျန်ကြွင်းစေခြင်းငှာ ထိုနေ့ရက်သည်လောင်လိမ့်မည်ဟု ကောင်းကင်ဗိုလ်ခြေအရှင်ထာဝရဘုရားမိန့်တော်မူ၏" (မာလခိ ၄း၁)။**

စာတန်အား ဘုရားသခင်၏တရားမျှတမှုကိုအသိအမှတ်ပြုရန်နှင့် ခရစ်တော်၏ကြီးမြတ်ခြင်းကိုဦးညွှတ်ရန် စေခိုင်းသော်ငြားလည်း၊ သူ၏အကျင့်စာရိတ္တမှာ ပြောင်းလဲသွားခြင်းမရှိချေ။ ပုန်ကန်ခြင်းစိတ်သဘောသည် ပြင်းထန်သောရေအဟုန်ပမာ တစ်ဖန်ပေါ်ပေါက်လာပြန်သည်။ သွေးရူးသွေးတန်းဖြစ်နေကာ၊ မဟာတိုက်လှန်ပွဲကိုအရှုံးမပေးရန် စိတ်ပိုင်းဖြတ်ထားလိုက်သည်။ ကောင်းကင်ဗိုလ်ခြေကို နောက်ဆုံးဆန့်ကျင်တိုက်ခိုက်မည့်အချိန်ကျရောက်လာသည်။ သူသည် မိမိလူတို့အကြားထဲသို့ပြေးဝင်ကာ၊ မိမိ၏ဒေါသအဟုန်ဖြင့် သူတို့ကိုလှုံ့ဆော်ကာ ချက်ချင်းတိုက်ပွဲဝင်ရန် သူတို့အားနှိုးဆွပေးလိုက်သည်။ သို့ရာတွင် ပုန်ကန်ခြင်းထဲသို့သူဆွဲဆောင်ခဲ့သည့် မရေတွက်နိုင်လောက်သော လူသန်းပေါင်းများစွာတို့တွင် သူ၏ခေါင်းဆောင်မှုကို အသိအမှတ်ပြုမည့်သူ ယခုမရှိတော့ပြီ။ သူ၏တန်ခိုးသည် အဆုံးသတ်လေပြီ။ လူဆိုးတို့သည် စာတန်လှုံ့ဆော်ပေးသော ပုန်ကန်လိုသည့်စိတ်သဘောဖြင့်ပြည့်နေကြသည်။ သို့သော် ယေဟောဝါကိုမအောင်နိုင်သောကြောင့် သူတို့၏အရေးမှာမျှော်လင့်ချက်မရှိကြောင်း သူတို့မြင်လာကြသည်။ လိမ်လည်လှည့်ဖြား

ခြင်း၌ စာတန်၏ကိုယ်စားလှယ်များဖြစ်ခဲ့ကြသောသူတို့သည် ဒေါသအမျက်ခြောင်းခြောင်းထွက်လျက် စာတန်နှင့်သူ၏နတ်ဆိုးများဘက်လှည့်လာကြသည်။

"အရှင်ထာဝရဘုရားမိန့်တော်မူသည်ကား၊ သင်သည် ကိုယ်ကိုဘုရားသခင်ကဲ့သို့ထင်မှတ်သောကြောင့် ကြောက်မက်ဖွယ်သောတစ်ကျွန်းတစ်နိုင်ငံသားတို့ကို သင်တို့ရှိရာသို့ငါပို့ဆောင်သဖြင့် သူတို့သည် သင်၏ပညာဂုဏ်ကို ဓားနှင့်ခုတ်၍၊ သင်၏တင့်တယ်ခြင်းအသရေကို ရှုတ်ချကြလိမ့်မည်။ သင့်ကိုမြေတွင်းထဲသို့နှိမ့်ချ၍၊ ပင်လယ်အလယ်၌ဆုံးရှုံးသောသူကဲ့သို့ သင့်အသက်သည်ဆုံးရှုံးရလိမ့်မည်။" "အိုလွှမ်းမိုးသောခေရုဗိမ်၊ မီးတောက်သောကျောက်တို့အထဲက သင့်ကိုငါပယ်ရှင်းမည်။. . . ငါသည်သင့်ကိုမြေတိုင်အောင်နှိမ့်ချမည်။ ရှင်ဘုရင်တို့သည် သင့်ကိုကြည့်ရှု. . . မည်။. . . သင့်ကိုမြင်သောသူအပေါင်းတို့ရှေ့မှာ သင်၏ပြာကိုမြေပေါ်သို့ငါချထားမည်။. . . သင်သည် ကြောက်မက်ဖွယ်ဖြစ်လိမ့်မည်။ နောက်တစ်ဖန်မပေါ်လာရဟုမိန့်တော်မူ၏။" ယေဇကျေလ ၂၈း၆–၈၊၁၆–၁၉။

ဘုရားသခင်အထံတော်ကောင်းကင်မှမီးကျလာသည်။ မြေကြီးသည်ကွဲအက်ကုန်သည်။ နက်နဲရာအရပ်၌ဝှက်ထားသောလက်နက်တို့သည် ပေါ်ထွက်လာသည်။ ချိုင့်ဝှမ်းလျှိုမြောင်များထဲမှ လောင်မြိုက်သောမီးများထွက်လာကာကျောက်တောင်များပင်မီးလောင်ကုန်သည်။ မီးဖို၌မီးလောင်သကဲ့သို့လောင်သောနေ့ရက်ရောက်လာလေပြီ။ လောကဓာတ်တို့သည် ပူအားကြီး၍အရည်ပျော်ကြလေပြီ။ မြေကြီးကိုယ်မှစ၍ မြေကြီးပေါ်မှာပြုလုပ်သမျှသောအရာတို့သည် ကျွမ်းလောင်ကြလေ၏။ (GC, pp. 671, 672).

–○–



ဒီဇင်ဘာ (၆)

## "အပြစ်တရားကိုအမှတ်ရစေသည့်တစ်ခုတည်းသောအရာ"

**"ဖြောင့်မတ်သောသူသော်လည်း မြေကြီးပေါ်မှာအပြစ်ဒဏ်ကိုခံရ၏။ မတရားသောသူနှင့်အပြစ်ထင်ရှားသောသူကိုမူကား၊ အဘယ်ဆိုဖွယ်ရှိသနည်း" (သုတ္တံ ၁၁း၃၁)။**

ဆိုးသောသူတို့သည် မြေကြီးပေါ်တွင် မိမိတို့၏အပြစ်ဒဏ်ကိုခံရကြသည်။ သုတ္တံ ၁၁း၃၁။ သူတို့သည် "အမှိုက်ခြောက်ဖြစ်ကြလိမ့်မည်။ သူတို့အရင်းအဖျားမျှမကျန်ကြွင်းစေခြင်းငှာ၊ ထိုနေ့ရက်သည်လောင်လိမ့်မည်" (မာလခိ ၄း၁)။ လူတချို့သည် တစ်ခဏအတွင်းဖျက်ဆီးခြင်းခံရသော်လည်း၊ အခြားသူတို့မူကား ရက်ပေါင်းများစွာလောင်ကျွမ်းကြသည်။ လူအားလုံးသည် "မိမိတို့အကျင့်အတိုင်း" အပြစ်ဒဏ်ခံရကြသည်။ ဖြောင့်မတ်သောသူတို့၏အပြစ်များကို စာတန်အပေါ်သို့ပြောင်းလိုက်ပြီဖြစ်ရာ၊ သူ့အားမိမိကိုယ်ပိုင်ပုန်ကန်မှုအတွက်သာမက ဘုရားသခင်၏လူတို့အား ကျူးလွန်စေခဲ့သောအပြစ်များအတွက်လည်းခံစေသည်။ သူ၏ပြစ်ဒဏ်မှာ သူလှည့်ဖြားသောသူတို့၏ပြစ်ဒဏ်ထက် များစွာကြီးမားသည်။ သူလှည့်ဖြား၍ကျရှုံးခဲ့သောသူများအားလုံး ဖျက်ဆီးခြင်းခံရပြီးနောက်ပိုင်း၊ သူသည် ဆက်လက်အသက်ရှင်ကာဆက်လက်ခံစားနေရသည်။ စင်ကြယ်စေသောမီးသည် အရင်းဖြစ်သောစာတန်မှစ၍၊ အဖျားများဖြစ်သောသူ၏နောက်လိုက်များအားလုံးကို နောက်ဆုံးတွင်ဖျက်ဆီးလေပြီ။ (GC, p. 673).

စာတန်နှင့်သူ၏ပုန်ကန်ခြင်း၌ပါဝင်သောသူအားလုံးသည် ဖျက်ဆီးခြင်းခံရကြမည်။. . . ထိုနောက် "မတရားသောသူသည်မရှိရ။ သူ၏နေရာ

ကိုစေ့စေ့ရှာ၍မတွေ့ရ။” “မရှိဘူးသောသူကဲ့သို့ဖြစ်ရကြလိမ့်မည်” ဆာလံ ၃၇း၁၀။ ဩဗဒိ ၁၆။ (DA, p. 763).

ဘုရားသခင်၏တရားမျှတမှုသည် အားရကျေနပ်လေပြီ။ ထိုအခါ သန့်ရှင်းသူများနှင့်ကောင်းကင်တမန်အပေါင်းတို့သည် ကြီးသောအသံဖြင့် အာမင်ဟုဆိုကြသည်။

ကမ္ဘာကြီးသည် ဘုရားသခင်၏လက်စားချေခြင်းမီးဖြင့် တောက်လောင်နေစဉ်တွင် ဖြောင့်မတ်သူများမှာမူ သန့်ရှင်းသောမြို့တော်အတွင်း၌ ဘေးကင်းစွာနေထိုင်လျက်ရှိကြသည်။ ပထမထမြောက်ခြင်း၌ပါဝင်သောသူတို့ကို ဒုတိယသေခြင်းသည်မအောင်နိုင်ရာ။ (ဗျာဒိတ် ၂၀း၆)။ ဘုရားသခင်သည် ဆိုးယုတ်သောသူတို့အတွက် လောင်မြိုက်သောမီးဖြစ်သော်လည်း၊ ကိုယ်တော်သည် မိမိလူတို့အတွက် နေမင်းနှင့်အကာအကွယ်ဖြစ်တော်မူသည်။ ဆာလံ ၈၄း၁၁။ (SR, p. 429).

ဆိုးယုတ်သောသူတို့ကို လောင်မြိုက်သောမီးသည် ကမ္ဘာမြေကြီးကို သန့်စင်စေသည်။ ကျိန်ခြင်း၏ကျန်ရှိသောလက္ခဏာတစ်စွန်းတစ်စမျှမကျန်တော့ချေ။ ရွေးနုတ်ခံသူတို့ရှေ့တွင် အပြစ်တရား၏ကြောက်မက်ဖွယ်အကျိုးဆက်အဖြစ် ထာဝရတောက်လောင်သောငရဲမီးရှိမနေချေ။

အမှတ်ရစရာတစ်ခုသာကျန်ရှိသည်။ ကျွန်ုပ်တို့၏ကယ်တင်ရှင်သည် ကပ်တိုင်တင်သတ်ခံရခြင်း၏အမာရွတ်များသာ ကျန်ရှိနေမည်။. . .

အပြစ်တရားကြောင့် ဆုံးရှုံးခဲ့သောအရာအားလုံး ပြန်လည်ရရှိသည်။ . . . ကမ္ဘာကိုဖန်ဆင်းစဉ်က ဘုရားသခင်၏မူလရည်ရွယ်ချက်သည်လည်း ပြည့်စုံလာသည်။ “ဖြောင့်မတ်သောသူတို့သည် ပြည်တော်ကိုအမွေခံ၍၊ အစဉ်အမြဲနေရကြလိမ့်မည်” (ဆာလံ ၃၇း၂၉)။ (GC, p. 674).

–ဝ–





## “ကျွန်ုပ်တို့သည်တော်ဝင်မိသားစုနှင့်သက်ဆိုင်သည်”

**“ချစ်သူတို့၊ ယခုတွင်ငါတို့သည် ဘုရားသခင်၏သားဖြစ်ကြ၏။ နောက်မှအဘယ်သို့သောသူဖြစ်မည်ဟု မထင်ရှားသေး။ သို့သော်လည်း ကိုယ်တော်သည် ထင်ရှားပေါ်ထွန်းတော်မူသောအခါ၊ ငါတို့သည် ကိုယ်တော်နှင့်တူကြလတ္တံ့ဟု ငါတို့သိကြ၏။ အကြောင်းမူကား၊ ကိုယ်တော်ဖြစ်တော်မူသည်အတိုင်းကို ငါတို့သည်မြင်ရကြလတ္တံ့” (၁ယောဟန် ၃း၂)။**

ဤလောက၏အပ်နှင်းနိုင်သည့်ဂုဏ်ပြုခြင်းတစ်ခုခုသည် ကောင်းကင်အရှင်၊ ဘုရားသခင်၏သားသမီးများအဖြစ် တော်ဝင်မိသားစုဝင်ဖြစ်ရခြင်းနှင့် တူညီနိုင်ပါသလား။. . . လောက၏မြင့်မြတ်ခြင်းသည် လူတို့သာဖြစ်ကာ၊ သူတို့သည်သေ၍ မြေမှုန့်သို့ပြန်သွားကြသည်။ သူတို့၏ချီးမွမ်းဂုဏ်ပြုခြင်း၌ စိတ်ကျေနပ်မှုသည်မမြဲပေ။ သို့သော် ဘုရားသခင်ထံမှလာသောဂုဏ်ပြုခြင်းသည် အစဉ်တည်မြဲသည်။ ခရစ်တော်နှင့်အတူ ဘုရားသခင်၏အမွေခံဖြစ်ခြင်းမှာ ရှာဖွေ၍မရရှိနိုင်သည့်ကြွယ်ဝချမ်းသာမှုကို ရရှိခြင်းပင်ဖြစ်သည်။ ဤအမွေကို ရွှေ၊ ငွေ၊ ကျောက်မျက်ရတနာ၊ အဖိုးတန်ကျောက်များနှင့်နှိုင်းယှဉ်၍ပင်မရနိုင်ပါ။ (RH, June 10, 1884).

အဖခမည်းတော်၊ သားတော်ယေရှုခရစ်တို့နှင့် မိတ်သဟာယဖွဲ့ခြင်းသည် ဂုဏ်တက်မြင့်တင်စေကာ၊ ပြောမပြနိုင်သောပျော်ရွှင်မှုနှင့်ဘုန်းတန်ခိုးအပြည့်အဝကိုရရှိစေသည်။ အစားအစာ၊ အဝတ်အစား၊ နေစရာအိမ်နှင့်ကြွယ်ဝခြင်းသည် တန်ဖိုးရှိသည်။ သို့ရာတွင် ဘုရားသခင်နှင့်ဆက်သွယ်၍ ကိုယ်တော်၏ဂုဏ်တော်ကိုလက်ခံရရှိခြင်းသည် တန်ဖိုးဖြတ်၍မရနိုင်ပေ။

ကျွန်ုပ်တို့၏အသက်တာကို ခရစ်တော်နှင့်အတူ ဘုရားသခင်၌ဝှက်ထားကြရမည်။ "နောက်မှအဘယ်သို့သောသူဖြစ်မည်ဟုမထင်ရှားသေး။" "ငါတို့အသက်တည်းဟူသော ခရစ်တော်သည် ထင်ရှားတော်မူသောအခါ၊" "ငါတို့သည် ကိုယ်တော်နှင့်တူကြလတ္တံ့ဟု ငါတို့သိကြ၏။ အကြောင်းမူကား၊ ကိုယ်တော်ဖြစ်တော်မူသည်အတိုင်းကို ငါတို့သည်မြင်ရကြလတ္တံ့။" ခရစ်ယာန်များ၏မင်းသားဖြစ်ခြင်းဂုဏ်သိက္ခာသည် နေကဲ့သို့ထွန်းလင်းကာ၊ ခရစ်တော်၏မျက်နှာတော်မှလင်းရောင်ခြည်သည် ကိုယ်တော်သန့်ရှင်းသည်နည်းတူ မိမိကိုယ်ကိုသန့်ရှင်းစေသောသူတို့၌ ရောင်ပြန်ဟပ်လိမ့်မည်။ ကျွန်ုပ်တို့ပိုင်ဆိုင်သည့်အရာအားလုံးသာမက၊ အသက်ကိုပင်စတေးရမည်ဆိုသော်လည်း ဘုရားသခင်၏သားများဖြစ်ရခြင်းအခွင့်သည် အလွန်စျေးနည်းပေသည်။ (4T, p. 357).

ယောဟန်သည် လူသားဇာတိဖြင့် ဘုရားသခင်၏ဘုန်းတော်ကိုဖူးမြင်ရာ၊ လူသေအလားလဲကျခဲ့သည်။ ထိုမြင်ကွင်းကို သူသည်မခံရပ်နိုင်ချေ။ သို့ရာတွင် ဘုရားသခင်၏သားသမီးတို့သည် မသေနိုင်သောအဖြစ်သို့ဝင်စားသောအခါ၊ "ကိုယ်တော်ဖြစ်တော်မူသည်အတိုင်းကို မြင်ရကြမည်။" "ကိုယ်တော်သည် သူတို့ကိုလက်ခံ၍၊ ပလ္လင်တော်ရှေ့၌ရပ်ကြရလိမ့်မည်။ သူတို့၏အပြစ်များနှင့်ကျူးလွန်မှုအားလုံးကိုဖျက်ပစ်ပြီးဖြစ်သည်။ ယခုတွင်သူတို့သည် တောက်ပသည့်ဘုရားသခင်၏ပလ္လင်ကို ကြည့်နေနိုင်ကြသည်။ သူတို့သည် ခရစ်တော်နှင့်အတူဝေဒနာခံခဲ့ကြပြီ။ ကယ်တင်ခြင်းစီမံကိန်း၌လည်း ကိုယ်တော်နှင့်အတူလုပ်ဆောင်ခဲ့ကြသည်။ ထာဝရကာလပတ်လုံး ဘုရားသခင်ကိုချီးမွမ်းသည့်ကောင်းကင်နိုင်ငံတွင် ကယ်တင်ခြင်းခံရသောသူတို့ကိုကြည့်၍ ကိုယ်တော်နှင့်အတူ ဝမ်းမြောက်ခြင်းကိုမျှဝေခံစားကြသည်။ (9T, p. 285).

–၀–



ဒီဇင်ဘာ (၈)

## "စိတ်ကျေနပ်ဖွယ်အလုပ်ထမ်းဆောင်ခြင်း"

**"ယေရှုကလည်း၊ ငါ့ခမည်းတော်သည် ယခုတိုင်အောင်အလုပ်လုပ်တော်မူသည်ဖြစ်၍၊ ငါသည်လည်းလုပ်၏ဟု ပြန်ပြောတော်မူ၏" (ယောဟန် ၅း၁၇)။**

ကောင်းကင်နိုင်ငံသည် စိတ်ဝင်စားဖွယ်အလုပ်များရှိသည့်နေရာဖြစ်သည်။ သို့ရာတွင် ဝန်လေး၍ပင်ပန်းသောသူများ၊ ယုံကြည်ခြင်း၏ကောင်းသောတိုက်လှန်ခြင်းကိုတိုက်ခဲ့သောသူများအတွက်မူ အထူးကြည်နူးဖွယ်နားရာနေရာဖြစ်သည်။ မသေနိုင်သောအဖြစ်၌နုပျိုခြင်း၊ ခွန်အားနှင့်ပြည့်ကာ အပြစ်တရားနှင့်စာတန်ကိုတိုက်ရန်မလိုတော့သည့်နေရာဖြစ်သည်။ ဤအားအင်နှင့်ပြည့်ဝသောလုပ်သားတို့အတွက် ထာဝရပျင်းရိသည့်အခြေအနေသည် ပျင်းစရာကောင်းလိမ့်မည်။ သူတို့အတွက် ကောင်းကင်နှင့်ပင်တူတော့မည်မဟုတ်ချေ။ CG, p. 354).

ဧဒင်ဥယျာဉ်တွင်နေထိုင်သောသူတို့အား "ဥယျာဉ်ကိုပြုစုစောင့်ရှောက်စေခြင်းငှာ ထားတော်မူ၏။" သူတို့၏အလုပ်အကိုင်မှာ ပင်ပန်းခြင်းမရှိဘဲ၊ ပျော်ရွှင်ဖွယ်နှင့်အင်အားတိုးစေရန်သာဖြစ်သည်။ ဘုရားသခင်သည် အလုပ်ကိုလူတို့အတွက်ကောင်းချီးအဖြစ်လည်းကောင်း၊ စိတ်ကိုအလုပ်များစေရန်လည်းကောင်း၊ ကိုယ်ခန္ဓာကိုခွန်အားတိုးစေရန်လည်းကောင်း၊ စွမ်းအားများတိုးတက်စေရန်လည်းကောင်း ပေးတော်မူသည်။ စိတ်နှင့်ကိုယ်ကာယလှုပ်ရှားမှု၌ အာဒံသည် မိမိတည်ရှိနေခြင်းအတွက် အမြင့်မားဆုံးသောပျော်ရွှင်မှုကိုရှာဖွေတွေ့ရှိသည်။. . .

အလုပ်ကို ကျိန်ခြင်းအဖြစ်ခံယူသောသူတို့သည် မှားယွင်းမှုကိုရင်ဝယ်ပိုက်နေကြသည်။ ချမ်းသာသောသူတို့သည် အလုပ်သမားလူတန်းစားကို

မကြာခဏအထင်သေးတတ်ကြသည်။ သို့ရာတွင် ဤအရာသည် လူကိုဖန်ဆင်းရာ၌ ဘုရားသခင်၏ရည်ရွယ်ချက်နှင့် လုံးလုံးလျားလျားကွဲလွဲနေသည်။ အာဒံအားပေးထားသောအမွေဥစ္စာနှင့်နှိုင်းယှဉ်လျှင် အချမ်းသာဆုံးသောသူ၏ ပိုင်ဆိုင်မှုများသည်အဘယ်နည်း။ သို့ရာတွင်အာဒံသည်၊ ပျင်းရိမနေချေ။ လူ၏ပျော်ရွှင်မှုအတွက်ဘာဖြစ်သည်ကို နားလည်တော်မူသော ကျွန်ုပ်တို့၏ ဖန်ဆင်းရှင်သည် အာဒံအားအလုပ်ပေးခဲ့သည်။ အလုပ်လုပ်သောယောကျ်ားမိန်းမတို့ကသာလျှင် အသက်တာ၏စစ်မှန်သောပျော်ရွှင်မှုကို ရှာဖွေတွေ့ရှိကြသည်။ (PP. p. 50).

ကောင်းကင်နိုင်ငံတွင် အမြဲအလုပ်လုပ်ဆောင်လျက်ရှိသည်။ ထိုနေရာတွင်ပျင်းရိသောသူများမရှိချေ။ "ယေရှုကလည်း၊ ငါ့ခမည်းတော်သည် ယခုတိုင်အောင်အလုပ်လုပ်တော်မူသည်ဖြစ်၍၊ ငါသည်လည်းလုပ်၏ဟု" မိန့်တော်မူသည်။ နောက်ဆုံးသောတံပိုးမှုတ်၍၊ ကျွန်ုပ်တို့အတွက်ပြင်ဆင်သောအိမ်တော်ကိုရောက်ရှိသောအခါ၊ ဘာမျှမလုပ်ဘဲ ပျော်ရွှင်စွာနားနေ၍၊ ပျင်းရိလျက်ရှိနေမည်ဟု မယူဆအပ်ချေ။ (RH, May 17, 1898).

ဘုရားသခင်က လူအားလုံးအလုပ်လုပ်ရန် စီစဉ်တော်မူသည်။ ပင်ပန်းစွာလုပ်ဆောင်သောတိရစ္ဆာန်တို့သည် ပျင်းရိသောလူများထက် ၎င်းတို့၏ဖန်ဆင်းခြင်းရည်ရွယ်ချက်ကို သာ၍တုံ့ပြန်မှုရှိသည်။ ဘုရားသခင်သည် အစဉ်လုပ်ဆောင်သူဖြစ်တော်မူသည်။ ကောင်းကင်တမန်တို့သည် လူသားများအတွက် ဘုရားသခင်၏အစေခံများ၊ အလုပ်ထမ်းရွက်သူများဖြစ်ကြသည်။ အလုပ်မရှိသောကောင်းကင်နိုင်ငံကို မျှော်လင့်သောသူတို့သည် စိတ်ပျက်ကြလိမ့်မည်။ အကြောင်းမှာ၊ ပျင်းရိခြင်းကိုဖျော်ဖြေရန် ကောင်းကင်၌နေရာမရှိချေ။ သို့ရာတွင် ဝန်လေး၍ပင်ပန်းသောသူတို့အတွက် နားနေရမည့်ကတိတော်ရှိသည်။ မိမိအလုပ်မှ သခင်ဝမ်းမြောက်ခြင်း၌ကြိုဆိုခံရမည့်သူမှာ သစ္စာရှိသောအစေခံဖြစ်သည်။ (CT, p. 280).

–o–



ဒီဇင်ဘာ (၉)

## "ကောင်းကင်သစ်နှင့်မြေကြီးသစ်"

**"သို့ဖြစ်၍ ဤအရာအလုံးစုံတို့သည် ကုန်စင်မည်မှန်သောကြောင့် မိုးကောင်းကင်သည်မီးနှင့်ပျက်၍၊ လောကဓာတ်တို့သည်ပူအားကြီးလျက်၊ အရည်ကျိုခြင်းကိုခံရသောနေ့တည်းဟူသော ဘုရားသခင်၏နေ့ရောက်လိမ့်မည်ဟု သင်တို့သည် မျှော်လင့်တောင့်တလျက်၊ သန့်ရှင်းသောအကျင့်ကိုကျင့်ခြင်း၊ ဘုရားဝတ်၌မွေ့လျော်ခြင်းအားဖြင့် အဘယ်သို့သောသူဖြစ်အပ်ကြသနည်း။ ယခုရှိသမျှသောအရာတို့သည်ပျက်ရသော်လည်း၊ ဖြောင့်မတ်ခြင်းတရားတည်နေရာ မိုးကောင်းကင်သစ်နှင့်မြေကြီးသစ်ကို ငါတို့သည် ကတိတော်နှင့်အညီမျှော်လင့်ကြ၏" (၂ပေတရု ၃း၁၁–၁၃)။**

ဆိုးယုတ်သောသူတို့၏ခြေသည် အသစ်ဖန်ဆင်းသောမြေကြီးသစ်ကို ဘယ်ခါမျှမတော်မလျော်ပြုကြလိမ့်မည်မဟုတ်ချေ။ ကောင်းကင်ဘုံ၊ ဘုရားသခင်၏အထံတော်မှမီးကျလာ၍ သူတို့အားလုံးကို အရင်းနှင့်အဖျားပါမကျန်လောင်ကျွမ်းလိမ့်မည်။ စာတန်သည် အရင်းဖြစ်၍ သူ၏နောက်လိုက်များသည် အကိုင်းအခက်များဖြစ်ကြသည်။ (EW, p. 52).

လူဆိုးတို့အားလောင်ကျွမ်းသည့် ဘုရားသခင်ထံတော်မှလာသောထိုမီးကပင် ကမ္ဘာမြေတစ်ခုလုံးကိုစင်ကြယ်စေသည်။ ကွဲကြေစုတ်ပြတ်နေသောတောင်တို့သည် ပူအားကြီး၍အရည်ပျော်သွားကြပြီး၊ ၎င်းတို့များနှင့်လေထုပါမကျန် လောင်ကျွမ်းကုန်သည်။ ထိုအခါ ကျက်သရေရှိလှပသောကျွန်ုပ်တို့၏အမွေသည် ကျွန်ုပ်တို့ရှေ့၌ပေါ်လာသည်။ ထိုနောက် အသစ်ဖန်ဆင်းသောကမ္ဘာသစ်တစ်ခုလုံးကို ကျွန်ုပ်တို့အမွေခံကြသည်။ (EW, p. 54).

"ကောင်းကင်သစ်နှင့်မြေကြီးသစ်ကိုလည်းငါမြင်၏။ အဘယ်သို့နည်း ဟူမူကား၊ ရှေးကောင်းကင်နှင့်ရှေးမြေကြီးသည် ရွေ့သွားကြပြီ" ဗျာဒိတ် ၂၁း၁။ လူဆိုးတို့ကိုလောင်ကျွမ်းသောမီးသည် ကမ္ဘာမြေကိုစင်ကြယ်စေသည်။ ကျိန်ခြင်း၏လက္ခဏာမှန်သမျှသည် ပျောက်ကွယ်လေပြီ။ အပြစ်တရား၏ကြောက်မက်ဖွယ်အကျိုးဆက်အဖြစ် ထာဝရလောင်သောငရဲမီးမျိုးကို ရွေးနုတ်ခံသူများမြင်ရကြမည်မဟုတ်ချေ။ (GC, p. 674).

ပင်လယ်သည် မိတ်ဆွေများကိုကွဲကွာစေခဲ့သည်။ ကျွန်ုပ်တို့နှင့်ကျွန်ုပ်တို့ချစ်သောသူတို့အကြားတွင် အတားအဆီးဖြစ်နေသည်။ ကျွန်ုပ်တို့၏အချင်းချင်းဆက်သွယ်မှုများကိုလည်း အပြောကျယ်သော သမုဒ္ဒရာကြောင့်ပျက်ခဲ့ရသည်။ ကမ္ဘာသစ်တွင် ပင်လယ်မရှိတော့ပြီ။ စက်လှေကြီးများနှင့်လှော်တက်များလည်း မလိုတော့ပါ။ လွန်ခဲ့သောအချိန်များတွင် ဘုရားသခင်ကိုချစ်၍၊ အမှုဆောင်သည့်များစွာသောသူတို့သည် ရှေးစစ်သင်္ဘောများ၌ သံကြိုးများဖြင့်ချည်နှောင်ခြင်းခံခဲ့ကြကာ၊ ရက်စက်ခက်ထန်သောသူတို့၏ရည်ရွယ်ချက်များကို အတင်းအဓမ္မလုပ်ဆောင်စေခြင်းခံခဲ့ရကြသည်။ ဘုရားသခင်သည် သူတို့၏ဝေဒနာကိုသနားခြင်းကရုဏာဖြင့်ကြည့်တော်မူသည်။ ကမ္ဘာသစ်တွင် ပြင်းထန်သောရေစီး၊ လွှမ်းမိုးသောသမုဒ္ဒရာ၊ မရပ်မနားလှုပ်ရှားသောလှိုင်းလုံးကြီးများမရှိတော့ပါ။ (7BC, p. 988).

ကျွန်ုပ်တို့နေထိုင်သောဤကမ္ဘာ၏အလှအပများသည်. . . ဘယ်ပန်းချီဆရာရေးလို့မမီ၊ ဘယ်စကားဖြင့်မျှမြွက်ဆိုမရနိုင်သော လှပသည့်ကမ္ဘာကိုသတိရစေပါ။ "ဘုရားသခင်ကိုချစ်သောသူတို့အဖို့အလိုငှာ၊ ဘုရားပြင်ဆင်တော်မူသောအရာတို့ကို လူမျက်စိဖြင့်မမြင်၊ နားဖြင့်မကြား၊ စိတ်နှလုံးဖြင့်မကြံစည်သေး။" (RH, July 11, 1882).

–၀–



## ဒီဇင်ဘာ (၁၀)

# "ဘယ်ခါမျှသေခြင်းမရှိတော့ပြီ"

**"ဘုရားသခင်သည် သူတို့၏မျက်စိ၌ မျက်ရည်ရှိသမျှတို့ကိုသုတ်တော်မူမည်။ နောက်တစ်ဖန်သေဘေးမရှိရ။ စိတ်မသာညည်းတွားခြင်း၊ အော်ဟစ်ခြင်း၊ ပင်ပန်းခြင်းလည်းမရှိရ။ အကြောင်းမူကား၊ ရှေးဖြစ်ဘူးသောအရာတို့သည် ရွေ့သွားကြပြီ" (ဗျာဒိတ် ၂၁း၄)။**

ကျွန်ုပ်တို့သည် ဘုရားသခင်၏နိုင်ငံတော်ထဲသို့ဝင်ကြသောအခါ၊ ထာဝရကာလနေကြရပြီး၊ ဤနေရာတွင် ကျွန်ုပ်တို့ခံစားခဲ့ရသော စုံစမ်းစစ်ဆေးခြင်း၊ အခက်အခဲများ၊ ရှုပ်ထွေးမှုများ ပျောက်ကွယ်သွားလိမ့်မည်။ (FCB, p. 371).

ရွေးနုတ်ခံသူတို့၏အိမ်တော်တွင် မျက်ရည်များ၊ ဈာပနအခမ်းအနားများ၊ ငိုကြွေးခြင်းများမရှိတော့ပြီ။ "မြို့သားကလည်း၊ ငါနာသည်ဟုမဆိုရ။ ထိုမြို့၌နေသောသူတို့သည် အပြစ်ပြေရှင်းခြင်းသို့ရောက်ရကြလိမ့်မည်" ဟေရှာယ ၃၃း၂၄။ ဝမ်းမြောက်ခြင်းလှိုင်းများအစဉ်စီးဆင်းနေမည်။. . .

မင်္ဂလာရှိသောကောင်းကင်နိုင်ငံကို စိတ်အားထက်သန်စွာစဉ်းစားဆင်ခြင်ကြပါစို့။ ကျွန်ုပ်တို့၏ယုံကြည်ခြင်းသည် မည်းမှောင်သောတိမ်တိုက်ကိုထိုးဖောက်၍၊ လောကသားတို့၏အပြစ်များအတွက် အသေခံတော်မူသောသူကိုကြည့်ကြပါစို့။ ကိုယ်တော်သည် မိမိကိုလက်ခံယုံကြည်သောသူအပေါင်းတို့အတွက် ပါရဒိသုဘုံ၏တံခါးများကို ဖွင့်ထားတော်မူပြီးဖြစ်သည်။ ကိုယ်တော်သည်သူတို့အား ဘုရားသခင်၏သားသမီးများဖြစ်နိုင်မည့်တန်ခိုးကိုပေးတော်မူသည်။ ကျွန်ုပ်တို့အားအလွန်နာကျင်စေသောဒုက္ခဝေဒနာကို ခရစ်တော်၌ကျွန်ုပ်တို့အားခေါ်တော်မူခြင်း၏ဆုလာဘ်အတွက် ရှေ့သို့ချီတက်နိုင်စေရန်

သွန်သင်ပေးသည့် ညွှန်ကြားချက်များဖြစ်လာစေပါသည်။ သခင်ဘုရားသည် မကြာမီကြွလာတော်မူမည်ဟူသောအတွေးများဖြင့် ခွန်အားယူကြပါစို့။ ဤမျှော်လင့်ခြင်းဖြင့် စိတ်နှလုံးများရွှင်လန်းကြစေသား။

ကျွန်ုပ်တို့အိမ်တော်သို့ပြန်နေကြသည်။ ကျွန်ုပ်တို့ကိုအလွန်ချစ်၍ ကျွန်ုပ်တို့အတွက်အသေခံတော်မူသောကိုယ်တော်သည် ကျွန်ုပ်တို့အတွက် မြို့တော်ကိုတည်ဆောက်တော်မူပြီ။ ယေရုရှလင်မြို့သစ်သည် ကျွန်ုပ်တို့နားနေရမည့်နေရာဖြစ်သည်။ ဘုရားသခင်၏မြို့တော်တွင် ဝမ်းနည်းခြင်းမရှိရ။ ဝမ်းနည်း၍ငိုကြွေးခြင်း၊ မျှော်လင့်ချက်ပျက်သုဉ်း၍ ချစ်ခြင်းပျောက်ကွယ်သောကြောင့် မြည်တမ်းခြင်းတို့ကို ဘယ်ခါမျှမကြားရတော့ချေ။ မကြာမီဝမ်းမြောက်ခြင်းဝတ်လုံသည် မင်္ဂလာဆောင်ဝတ်လုံအတွက် ပြောင်းသွားလိမ့်မည်။ မကြာမီကျွန်ုပ်တို့အရှင်မင်းကြီး၏ဘိသိက်ခံယူခြင်းကို ရှုမြင်ရကြမည်။ မိမိတို့အသက်ကို ခရစ်တော်နှင့်အတူဝှက်ထား၍၊ ဤမြေကြီးပေါ်တွင် ကောင်းမွန်သောယုံကြည်ခြင်းတိုက်လှန်ပွဲကို တိုက်သောသူတို့သည် ဘုရားသခင်၏နိုင်ငံတော်တွင် ရွေးနုတ်ရှင်၏ဘုန်းတော်နှင့်အတူ တောက်ပကြလိမ့်မည်။

ထာဝရအသက်အတွက် ကျွန်ုပ်တို့၏မျှော်လင့်ချက်တည်ရာကို မကြာမီသောကာလတွင် ကျွန်ုပ်တို့ဖူးမြင်ကြရမည်။ ကိုယ်တော်၏ရှေ့တော်မှောက်တွင် ကျွန်ုပ်တို့၏စုံစမ်းစစ်ဆေးခြင်းများနှင့်ဝေဒနာခံစားမှုများသည် ဘာမျှမဟုတ်သကဲ့သို့ဖြစ်လိမ့်မည်။ . . . အထက်သို့မျှော်ကြည့်ပါ။ သင်၏ယုံကြည်ခြင်းကိုအစဉ်တိုးပွားစေပါ။ ရွေးနုတ်ခံသူတို့အတွက်ဖြစ်သည့် ဘုန်းကျက်သရေနှင့်ပြည့်ဝသော ဘုရားသခင်၏မြို့တော်သို့သွားရာလမ်းကျဉ်းကလေးတွင် ဤယုံကြည်ခြင်းသည် သင့်ကိုလမ်းပြစေပါ။ (9T, pp. 286-288).

–၀–



**ဒီဇင်ဘာ (၁၁)**

## "ကယ်တင်ခံသူတို့၏အမွေ"

**"ငါ၏လူတို့သည်လည်း ငြိမ်သက်သောနေရာ၊ လုံခြုံသောမြို့ရွာ၊ ဘေးလွတ်သောချမ်းသာရာအရပ်တို့၌ နေရကြလိမ့်မည်" (ဟေရှာယ ၃၂:၁၈)။**

သမ္မာကျမ်းစာတွင် ကယ်တင်ခံသူတို့၏အမွေကို "ပြည်" ဟုခေါ်သည်။ (ဟေဗြဲ ၁၁:၁၄–၁၆)။ ထိုနေရာတွင် ကောင်းကင်သိုးထိန်းကြီးသည် မိမိ၏သိုးများကို အသက်စမ်းရေသို့ပို့ဆောင်တော်မူသည်။ အသက်ပင်သည် လစဉ်အသီးသီး၍၊ ၎င်း၏အရွက်များသည် လူအမျိုးမျိုးတို့၏အနာကိုငြိမ်းစေသည်။ ကျောက်သလင်းကဲ့သို့ ကြည်လင်သောစမ်းချောင်းများသည် အစဉ်စီးဆင်းကာ၊ ကမ်းနံဘေးရှိသစ်ပင်များသည် ထာဝရဘုရားရွေးနုတ်တော်မူသောသူတို့အတွက် ပြင်ဆင်ထားသည့်လမ်းပေါ်တွင် အုပ်ဆိုင်းလျက်ရှိသည်။ လွင်ပြင်ကျယ်ကြီးများသည် လှပသောတောင်ကုန်းများအဖြစ်သို့မို့တက်လာကာ၊ ၎င်း၏အနောက်ဘက်တွင် ဘုရားသခင်၏တောင်တော်သည် မားမားရပ်နေသည်။ အသက်စမ်းချောင်းနံဘေးရှိ၊ ငြိမ်သက်သောလွင်ပြင်များတွင် ကြာမြင့်စွာလှည့်လည်သွားလာခဲ့သော ဘုရားသခင်၏လူတို့သည် နေအိမ်များဆောက်လုပ်ကြလိမ့်မည်။ . . .

ထိုနေရာတွင် "တောနှင့်လွင်ပြင်သည်ဝမ်းမြောက်လိမ့်မည်။ ဆိတ်ညံသောအရပ်သည်လည်းရွှင်လန်း၍၊ နှင်းပွင့်ကဲ့သို့ အပွင့်ပွင့်လိမ့်မည်။" "အမျိုးမျိုးသောဆူးပင်အရာ၌ ထင်းရှူးပင်နှင့်မုရတုပင်တို့သည် ပေါက်ကြလိမ့်မည်။" "တောခွေးသည် သိုးသငယ်နှင့်အတူနေလိမ့်မည်။ ကျားသစ်သည် ဆိတ်သငယ်နှင့်အတူအိပ်လိမ့်မည်။ . . . လူသူငယ်သည် သူတို့ကိုပို့ဆောင်လိမ့်မည်။"

“ငါ၏သန့်ရှင်းသောတောင်တစ်ပြင်လုံး၌ အချင်းချင်းညှဉ်းဆဲခြင်း၊ ဖျက်ဆီးခြင်းကိုမပြုရကြ” ဟု ထာဝရဘုရားမိန့်တော်မူသည်။ ဟေရှာယ ၃၅း၁။ ၅၅း၁၃။ ၁၁း၆၊၉။ (GC, pp. 675-676). ထိုနေရာတွင် လူသားတို့သည် ဆုံးရှုံးခဲ့သောရှင်ဘုရင်အရာကို ပြန်လည်ရရှိပြီး၊ တိရစ္ဆာန်တို့သည်လည်း လူတို့၏အုပ်ချုပ်မှုကို အသိအမှတ်ပြုကြလိမ့်မည်။ သားရဲတို့သည်ယဉ်ပါးကာ၊ အန္တရာယ်ကင်းကြလိမ့်မည်။ (Ed, p. 304).

ကောင်းကင်နိုင်ငံတွင် နာကျင်မှုမရှိနိုင်ချေ။ မျက်ရည်များ၊ စျာပနအခမ်းအနားများ၊ ငိုကြွေးခြင်းများမရှိတော့ချေ။ “စိတ်မသာညည်းတွားခြင်း၊ အော်ဟစ်ခြင်း၊ ပင်ပန်းခြင်းလည်းမရှိရ။ အကြောင်းမူကား၊ ရှေးဖြစ်ဘူးသောအရာတို့သည် ရွေ့သွားကြပြီ။” “မြို့သားကလည်း၊ ငါနာသည်ဟုမဆိုရ။ ထိုမြို့၌နေသောသူတို့သည် အပြစ်ဖြေရှင်းခြင်းသို့ရောက်ရကြလိမ့်မည်” ဗျာဒိတ် ၂၁း၄။ ဟေရှာယ ၃၃း၂၄။ (GC, p. 676).

ထိုနေရာတွင် ဧဒင်ဥယျာဉ်အသက်တာမျိုးဖြင့် အသက်ရှင်ကြရကာ၊ ဥယျာဉ်နှင့်လွင်ပြင်များ၌နေရကြမည်။ “ထိုသူတို့သည် ကိုယ်ဆောက်သောအိမ်၌နေကြလိမ့်မည်။ ကိုယ်စိုက်သောစပျစ်ဥယျာဉ်အသီးကို စားကြလိမ့်မည်။ သူတို့သည် အိမ်ကိုဆောက်၍၊ အခြားသောသူနေရမည်မဟုတ်။ သူတို့သည် စပျစ်ဥယျာဉ်ကိုစိုက်၍ အခြားသောသူစားရမည်မဟုတ်။ ငါ၏လူတို့အသက်သည် သစ်ပင်၏အသက်ကဲ့သို့ဖြစ်၍၊ သူတို့သည် ကိုယ်ပြုစုသောအရာကို ကြာမြင့်စွာသုံးဆောင်ရကြလိမ့်မည်” ဟေရှာယ ၆၅း၂၁၊၂၂။ (Ed, pp. 303, 304).

–၀–





ဒီဇင်ဘာ (၁၂)

## “ဧဒင်ဥယျာဉ်ကိုပြန်လည်ပေးခြင်း”

**“အကြင်သူသည်အောင်မြင်၏။ ထိုသူသည် ငါ၏ဘုရားသခင်ပရဒိသုဥယျာဉ်၌ရှိသော အသက်ပင်၏အသီးကိုစားစေခြင်းငှာ၊ ငါအခွင့်ပေးမည်” (ဗျာဒိတ် ၂း၇)။**

လူသားသည် သာယာသောလမ်းကြောင်းများမှ နှင်ထုတ်ခံရပြီးနောက်ပိုင်း ကြာမြင့်စွာဧဒင်ဥယျာဉ်သည် မြေကြီးပေါ်တွင်ရှိနေခဲ့သည်။ ကျရှုံးသောလူသားတို့သည် ထိုအပြစ်ကင်းစင်သောဥယျာဉ်ကို ကြည့်ခွင့်ရခဲ့သည်။ သို့ရာတွင် အဝင်ပေါက်ကိုမူ ကောင်းကင်တမန်များစောင့်ကြပ်လျက်ရှိသည်။ ခေရုဗိမ်စောင့်သောဥယျာဉ်တံခါးပေါက်မှ ဘုရားသခင်၏ဘုန်းတော်ဖော်ပြလျက်ရှိသည်။ ဤအရပ်တွင် အာဒံနှင့်သူ၏သားတို့သည်လာ၍၊ ဘုရားသခင်ကိုဝတ်ပြုကိုးကွယ်ခဲ့ကြသည်။ ဧဒင်ဥယျာဉ်ထဲမှနှင်ထုတ်ခံခဲ့ရသည့် သူတို့ကျူးလွန်သောပညတ်ချက်များကိုနားထောင်ရန် ဤနေရာတွင်ကတိပြုခဲ့ကြသည်။ အပြစ်တရားသည် ကမ္ဘာသို့ပျံ့နှံ့၍၊ လူတို့၏ဆိုးယုတ်ခြင်းကြောင့် သူတို့အားရေဖြင့်ဖျက်ဆီးရာတွင် ဧဒင်ဥယျာဉ်ကိုစိုက်ပျိုးပေးခဲ့သောလက်ထက်သည် ၎င်းကိုမြေကြီးမှရုပ်သိမ်းသွားသည်။ သို့ရာတွင် နောက်ဆုံးပြန်လည်ဖွဲ့စည်းရာ၊ “ကောင်းကင်သစ်နှင့်မြေကြီးသစ်” (ဗျာဒိတ် ၂၁း၁) တည်ထောင်သောအခါ၊ ၎င်းဥယျာဉ်ကို ကမ္ဘာဦးစကထက် သာ၍ဘုန်းကျက်သရေရှိစွာဖြင့် ပြန်လည်ပေးလိမ့်မည်။

ထိုအခါ ဘုရားသခင်၏ပညတ်ချက်များကို စောင့်ထိန်းသောသူတို့သည် မသေနိုင်သောအသက်တာဖြင့် အသက်ပင်၏အောက်တွင် သွားလာကြမည်။ ထိုနောက်ကာလအဆက်ဆက် အပြစ်မဲ့သောကမ္ဘာတွင်နေထိုင်သူ

တို့သည် အပြစ်တရား၏ကျိန်ခြင်းနှင့်မညှိစွန်းသည့် ဘုရားသခင်၏ပြီးပြည့်စုံသောဖန်ဆင်းခြင်း၏ပုံနမူနာဖြစ်သော ထိုနှစ်သက်ဖွယ်ဥယျာဉ်ကို ကြည့်ကြလိမ့်မည်။ လူသားသည် ဖန်ဆင်းရှင်၏ကြီးကျယ်ခမ်းနားသောအစီအစဉ်ကို ပြည့်စုံစေခဲ့မည်ဆိုလျှင် ကမ္ဘာမြေသည် ထိုသို့ဖြစ်လိမ့်မည်ဟူသော ပုံနမူနာပင်ဖြစ်သည်။ (PP, p. 62).

အာဒံသည် မိမိ၏မူလအုပ်စိုးရသောအခွင့်ကို ပြန်လည်ရရှိသည်။ သူသည် ပျော်ရွှင်မှုများဖြင့် မိမိအပြစ်ကင်းစင်ပျော်မွေ့ချိန်က ခူးစားခဲ့သောသစ်သီးပင်များကို ကြည်နူးစွာကြည့်နေသည်။ မိမိကိုယ်တိုင်လက်ဖြင့်ပြုစုခဲ့သော စပျစ်နွယ်များ၊ တစ်ချိန်ကမိမိနှစ်သက်၍ပြုစုခဲ့သည့်ပန်းများကို သူမြင်ရသည်။ ဤမြင်ကွင်းသည် အမှန်တကယ်ဖြစ်သည်ကို စိတ်ထဲ၌သိနေသည်။ ဤဥယျာဉ်သည် ပြန်လည်ပေးသောဥယျာဉ်ဖြစ်ကြောင်းကိုလည်း သူနားလည်သည်။ (GC, p. 648).

ကြာမြင့်စွာပျောက်ဆုံးခဲ့သည့် ဧဒင်ဥယျာဉ်ထဲက အသက်ပင်၏အသီးကိုစား၍၊ ရွေးနုတ်ခံသူတို့သည် ယခင်ဘုန်းကျက်သရေဖြင့်ရှိနေခဲ့သော လူသားမျိုးနွယ်နှင့်အရပ်အမောင်းအထိ ကြီးထွားကြလိမ့်မည်။ နောက်ဆုံး အပြစ်တရားကျိန်ခြင်း၏ကြာရှည်လက္ခဏာများအားလုံးသည် ပျောက်ကွယ်၍၊ ဘုရားသခင်၏သစ္စာစောင့်သိသောလူတို့သည် ကိုယ်စိတ်နှလုံးသုံးပါးဖြင့် မိမိတို့သခင်ဘုရား၏ပြည့်စုံသောပုံသဏ္ဌာန်တော်ကို ရောင်ပြန်ဟပ်စေပြီး၊ "ကျွန်ုပ်တို့ဘုရားသခင်ထာဝရဘုရား၏တင့်တယ်ခြင်း" ၌ ပေါ်လာကြလိမ့်မည်။ (GC, p. 645).

–o–



ဒီဇင်ဘာ (၁၃)

## "ထာဝရကမ္ဘာ၏ကြီးကျယ်ခမ်းနားမှု"

**"အသက်ရှင်ခြင်းလမ်းကိုပြညွှန်တော်မူလိမ့်မည်။ အထံတော်၌ စုံလင်သောဝမ်းမြောက်ခြင်းအခွင့်နှင့် လက်ယာတော်နားမှာ အစဉ်အမြဲပျော်မွေ့ခြင်းအခွင့်ရှိပါ၏" (ဆာလံ ၁၆:၁၁)။**

ထာဝရကမ္ဘာ၏ဘုန်းကျက်သရေကို ကျွန်ုပ်မြင်ခဲ့ပြီ။ ကောင်းကင်နိုင်ငံသည် ရရှိရန်ထိုက်တန်ကြောင်း သင်တို့အားကျွန်ုပ်ပြောချင်သည်။ ရွေးနုတ်ခံသူများ၊ သန့်ရှင်းသောကောင်းကင်တမန်များ၊ လောက၏ရွေးနုတ်ရှင်ယေရှုစသောသူများပေါင်းဖော်နိုင်စေရန် သင့်ကိုယ်သင်ပြင်ဆင်ရန်မှာ သင့်အသက်တာ၏ရည်မှန်းချက်ဖြစ်ရမည်။ အကယ်၍ကျွန်ုပ်တို့သည် ကောင်းကင်မြို့တော်ကို တစ်ချက်မျှသာမြင်ခွင့်ရလျှင်၊ ဤကမ္ဘာတွင် ဘယ်ခါမျှပြန်၍နေချင်မည်မဟုတ်ချေ။ ကမ္ဘာပေါ်တွင် လှပသောရှုခင်းများရှိသည်။ ဤသဘာဝလှပမှုများကို ကျွန်ုပ်နှစ်သက်သည်။ ဖန်ဆင်းရှင်နှင့်အတူ ဤအရာများကိုခံစားကြည်နူးရသည်။ သို့သော် ကျွန်ုပ်သည် ဘုရားသခင်ကိုချစ်၍၊ ကိုယ်တော်၏ပညတ်ချက်များကိုစောင့်ထိန်းသော်၊ ဤအရာထက်သာ၍များစွာသာလွန်သည့် ကောင်းကင်နိုင်ငံတွင် ကျွန်ုပ်အတွက်ရာထားသော ထာဝရဘုန်းတော်ရှိနေသည်။ (FLB, p. 364).

ကမ္ဘာမြေကိုမီးဖြင့်သန့်စင်စေပြီးနောက် သာ၍လှပလာမည်။ မြက်ပင်များသည် အမြဲစိမ်းလန်းကာ၊ မသွေ့ခြောက်တော့ပြီ။ နှင်းဆီပန်း၊ လီလီပန်းများနှင့်ပန်းမျိုးစုံရှိနေမည်။ ၎င်းတို့သည် မှေးမှိန်ညှိုးနွမ်းခြင်းမရှိ၊ အမြဲလှပမွှေးကြိုင်နေလိမ့်မည်။

ဤကမ္ဘာတွင် ကျွန်ုပ်တို့အလွန်ကြောက်ရသောခြင်္သေ့သည် သိုးသငယ်နှင့်အတူအိပ်လိမ့်မည်။ မြေကြီးသစ်တွင် အရာရာတိုင်းသည်ငြိမ်သက်လျက်၊ စိတ်သဘောထားညီညွတ်လိမ့်မည်။ မြေကြီးသစ်တွင် သစ်ပင်တို့သည် ပုံပျက်ပန်းပျက်ရှိမနေဘဲ၊ ဖြောင့်တန်းလျက်မြင့်မားကြလိမ့်မည်။

သန့်ရှင်းသူတို့သည် မိမိတို့ခေါင်းပေါ်တွင် ဘုန်းကျက်သရေရှိသောသရဖူများကိုဆောင်းကာ၊ ရွှေစောင်းများကိုကိုင်ထားကြသည်။ သူတို့သည် ရွှေစောင်းများကိုတီးခတ်၍၊ ရွှေးနုတ်သောမေတ္တာတော်ကိုသီဆိုကာ၊ ဘုရားသခင်အားချီးမွမ်းကြသည်။ ဤကမ္ဘာတွင် သူတို့ခံခဲ့ရသောစုံစမ်းခြင်းများနှင့်ဝေဒနာတို့ကို မြေကြီးသစ်၏ဘုန်းကျက်သရေများကြားတွင် မေ့ပျောက်သွားကြလိမ့်မည်။ (YI, Oct., 1852).

ကျွန်ုပ်တို့နေထိုင်သည့်ကမ္ဘာ၏အလှအပများသည် ဘယ်ပန်းချီဆရာရေးလို့မမီ၊ ဘယ်စကားဖြင့်မျှမြွက်ဆို၍မရနိုင်သော လှပသည့်ကမ္ဘာ၏အလှအပများဖြစ်သော ကျောက်သလင်းကဲ့သို့ကြည်လင်သောမြစ်နှင့် စိမ်းလန်းသောကွင်းပြင်များ၊ ယိမ်းကနေသောသစ်ပင်များနှင့်အသက်စမ်းရေများ၊ တောက်ပသောမြို့တော်နှင့်ဝတ်လုံဖြူဝတ်ဆင်သောသီချင်းသည်များ၊ ကျွန်ုပ်တို့၏ကောင်းကင်အိမ်တော်ကို သတိရစေပါ။ (MLT, p. 375).

သင်၏အတွေးများသည် ကယ်တင်ခံသူတို့၏အိမ်တော်ကို ပုံဖော်ကြည့်ပါ။ သင်၏အတွေးဖြင့် အလှပဆုံးပုံဖော်နိုင်သည်ထက် ၎င်းသည်သာ၍ကြီးကျယ်ခမ်းနားနေဦးမည်။ (SC, p. 86).

ဖြောင့်မတ်သူတို့၏ဆုလာဘ်ကိုဖော်ပြရန် လူသားတို့၏ဘာသာစကားသည် လုံလောက်မှုမရှိချေ။ ၎င်းကိုမြင်သောသူတို့သာလျှင် သိနိုင်မည်ဖြစ်သည်။ (SR, pp. 430, 431).

–ဝ–



ဒီဇင်ဘာ (၁၄)

## "ယေရုရှလင်မြို့သစ်ကအိမ်တွင်"

**"ငါဖန်ဆင်းလတ္တံ့သောအရာကြောင့်၊ သင်တို့သည် အစဉ်အမြဲဝမ်းမြောက်ရွှင်လန်းကြလိမ့်မည်။ ယေရုရှလင်မြို့ကို ဝမ်းမြောက်စရာအကြောင်း၊ မြို့သားတို့ကို ရွှင်လန်းစရာအကြောင်းဖြစ်စေခြင်းငှာ ငါဖန်ဆင်း၏" (ဟေရှာယ ၆၅:၁၈)။**

ကမ္ဘာသစ်တွင် ဘုန်းကျက်သရေရှိသောမြို့တော်၊ "ထာဝရဘုရား၏လက်တော်၌ တင့်တယ်သောဦးရစ်၊ သင်၏ဘုရားသခင်ကိုင်တော်မူသောမင်းမြောက်သရဖူ" ဖြစ်သည့် ယေရုရှလင်မြို့သစ်ရှိသည်။ "ထိုမြို့၏အရောင်အဝါသည် ကျောက်သလင်းနဂါးသွဲ့ကဲ့သို့၊ အမြတ်ဆုံးသောကျောက်မျက်မွန်နှင့်တူ၏။" "လူအမျိုးမျိုးတို့သည် ထိုမြို့၏အလင်းကိုအမှီပြု၍ သွားလာကြလိမ့်မည်။ လောကီရှင်ဘုရင်တို့သည်လည်း မိမိတို့ဘုန်းအသရေကို ထိုမြို့ထဲသို့ဆောင်ခဲ့ကြလိမ့်မည်။" "ငါသည်လည်း၊ ယေရုရှလင်မြို့ကြောင့်ဝမ်းမြောက်မည်။ ငါ၏လူတို့ကြောင့်ရွှင်လန်းမည်" ဟု ထာဝရဘုရားမိန့်တော်မူသည်။. . .

ဘုရားသခင်၏မြို့တော်တွင် "ညဉ့်မရှိရ။" မည်သူကမျှ လဲလျောင်းရန်အလိုမရှိကြ၊ လိုလည်းမလိုအပ်ချေ။ ဘုရားသခင်၏အလိုတော်ကိုဆောင်ခြင်းနှင့် ကိုယ်တော်၏နာမတော်ကိုချီးမွမ်းရာတွင် မောပန်းခြင်းရှိတော့မည်မဟုတ်ချေ။ ကျွန်ုပ်တို့သည် နံနက်၏လန်းဆန်းမှုကိုအမြဲခံစားပြီး၊ လန်းဆန်းမှု၌အဆုံးမရှိတော့ချေ။ "ဆီမီးအလိုမရှိ။ နေ၏အရောင်ကိုလည်းအလိုမရှိ။ အကြောင်းမူကား၊ ထာဝရအရှင်ဘုရားသခင်သည် သူတို့၌ရောင်ခြည်တော်ကိုလွှတ်တော်မူမည်။" နေ၏ရောင်ခြည်ထက်သာလွန်သောရောင်ခြည်တော်သည်

မျက်စိကိုစူး၍ပြာသွားစေခြင်းမရှိ၊ နေမွန်းတည့်၏တောက်ပမှုထက် မဖော်ပြနိုင်လောက်အောင်တောက်ပလိမ့်မည်။ ဘုရားသခင်နှင့်သိုးသငယ်၏ဘုန်းတော်သည် သန့်ရှင်းသောမြို့တော်ကိုမမေးမှိန်သောအလင်းရောင်ဖြင့် လွှမ်းခြုံပေးသည်။ ရွေးနုတ်ခံသူတို့သည် ထာဝရနေ့ရက်၏နေရောင်ကင်းမဲ့သောဘုန်းရောင်ခြည်၌ သွားလာကြရမည်။

"မြို့ထဲ၌ဗိမာန်တော်ကိုငါမမြင်။ အကြောင်းမူကား၊ အနန္တတန်ခိုးနှင့်ပြည့်စုံတော်မူသော ထာဝရအရှင်ဘုရားသခင်နှင့်သိုးသငယ်သည် ထိုမြို့၏ဗိမာန်ဖြစ်တော်မူ၏။" ဘုရားသခင်၏လူတို့သည် အဖခမည်းတော်၊ သားတော်တို့နှင့်အတူ မျက်နှာချင်းဆိုင်စကားပြောကြရမည်။ "ယခုတွင်ငါတို့သည် မှန်အားဖြင့်ရိပ်မိလျက်သာနေကြ၏။" သဘာဝတရား၏လုပ်ဆောင်မှုနှင့်ကိုယ်တော်က လူတို့အားဆက်ဆံမှုများတွင် ဘုရားသခင်၏ပုံသဏ္ဍာန်တော်ကို မှန်၌ထင်သကဲ့သို့သာ ကျွန်ုပ်တို့မြင်ရကြသည်။ သို့သော် ထိုအချိန်တွင်ကြားခံကန့်လန့်ကာမရှိဘဲ၊ ကျွန်ုပ်တို့သည် ကိုယ်တော်ကိုမျက်နှာချင်းဆိုင်ဖူးမြင်ကြရမည်။ ကျွန်ုပ်တို့သည် ကိုယ်တော်ရှေ့တော်၌ရပ်လျက် မျက်နှာတော်၏ဘုန်းတော်ကိုမြင်ရကြမည်။ (GC, pp. 676, 677).

ထိုနေရာတွင် လူတို့သည် ကျွန်ုပ်တို့ကိုသိသကဲ့သို့ ကျွန်ုပ်တို့သိရကြမည်။ ထိုနေရာတွင် ဘုရားသခင်သည် ကျွန်ုပ်တို့စိတ်ထဲတွင်ထားတော်မူသော ချစ်ခြင်းမေတ္တာနှင့်သနားခြင်းကရုဏာတို့သည် အမှန်ကန်ဆုံးနှင့်အချိုသာဆုံးသောစွမ်းဆောင်မှုကို ရှာတွေ့လိမ့်မည်။ သန့်ရှင်းသောသတ္တဝါများနှင့် စင်ကြယ်သောရင်းနှီးမှုရှိခြင်း၊ မင်္ဂလာရှိသောကောင်းကင်တမန်များ၊ ခေတ်အဆက်ဆက်မှသစ္စာရှိသူများ စသည်တို့နှင့်အတူ သဟဇာတရှိစွာပေါင်းသင်းနေထိုင်ခြင်း၊ "ကောင်းကင်ပေါ်၊ မြေကြီးပေါ်မှာရှိသော တစ်အိမ်ထောင်လုံးတည်းဟူသော သားတော်အပေါင်းတို့ကို" ပေါင်းစည်းပေးသည့်မွန်မြတ်သောမိတ်သဟာယဖွဲ့ခြင်း စသည်တို့အားလုံးသည် ကမ္ဘာသစ်တွင်ကြုံတွေ့ရမည့်အရာများထဲတွင် အပါအဝင်ဖြစ်သည်။ (Ed, p. 306).

–o–



**ဒီဇင်ဘာ (၁၅)**

## "ထာဝရရှင်သန်သောအမွေ"

**"အလင်း၌နေသောသန့်ရှင်းသူတို့၏အမွေကို ငါတို့သည် ဆက်ဆံဝင်စားထိုက်မည်အကြောင်း၊ ကျေးဇူးပြုတော်မူ၏" (ကောလောသဲ ၁း၁၂)။**

အဖိုးအခကိုပေးဆပ်ပြီးဖြစ်သောကြောင့် လူအားလုံးသည် ဘုရားသခင်၏အထံတော်သို့လာနိုင်ပြီး နားထောင်သည့်အသက်တာအားဖြင့် ထာဝရအသက်ကိုရရှိနိုင်သည်။ လူတို့သည် ထာဝရရှင်သန်သောအမွေကိုကျောခိုင်း၍၊ မာနထောင်လွှားပြီး အားရကျေနပ်ခြင်းအတွက်လည်းကောင်း၊ တစ်ကိုယ်ကောင်းဆန်ခြင်းနှင့်ထင်ပေါ်ခြင်းအတွက်လည်းကောင်း အသက်ရှင်ကြပြီး၊ ဤအသက်တာနှင့်နောင်လာမည့်အသက်တာတွင် ရရှိနိုင်မည့်ကောင်းချီးမင်္ဂလာများကိုဆုံးရှုံးကြသည်မှာ အလွန်ဝမ်းနည်းဖွယ်ကောင်းလှသည်တကား။ သူတို့သည် ကောင်းကင်နန်းတော်ထဲသို့ဝင်ကာ၊ လွတ်လပ်ခြင်းနှင့်အခွင့်အရေးတန်းတူလျက် ခရစ်တော်၊ ကောင်းကင်တမန်များ၊ ပြီးနောက် ဘုရားသခင်၏မင်းညီမင်းသားများ စသည်တို့နှင့်အတူ ပေါင်းသင်းနေနိုင်သောအခွင့်ရှိပါလျက် သူတို့သည် ကောင်းကင်နိုင်ငံ၏ဆွဲဆောင်မှုမှ ကျောခိုင်းထွက်ခွာသွားကြသည်။

စကြဝဠာကိုဖန်ဆင်းသောအရှင်သည် မိမိ၏သားတော်ကိုချစ်တော်မူသကဲ့သို့၊ မိမိ၏တစ်ပါးတည်းသောသားတော်ကို မိမိတို့ကိုယ်ပိုင်ကယ်တင်ရှင်အဖြစ် ယုံကြည်သောသူတို့အား ချစ်တော်မူရန်ကမ်းလှမ်းတော်မူသည်။ ယခုအချိန်၊ ဤနေရာတွင်ပင်လျှင် မိမိ၏ကျေးဇူးတော်ကို ကျွန်ုပ်တို့အား ဤအတိုင်းအတာထိအောင်ပင် ပေးအပ်တော်မူသည်။ ကိုယ်တော်သည် လူတို့အား ကောင်းကင်နိုင်ငံ၏အလင်းတော်နှင့်ဘုန်းတန်ခိုးကိုပေးတော်မူပြီ။

ကိုယ်တော်သည် မိမိနှင့်အတူ ကောင်းကင်ဘဏ္ဍာအားလုံးကို အပ်နှင်းတော်မူခဲ့ပြီ။ ကိုယ်တော်သည် နောင်လာမည့်အသက်တာအတွက် ကျွန်ုပ်တို့အား မြောက်မြားစွာကတိထားတော်မူပြီ။ ကိုယ်တော်သည် တော်ဝင်ဆုလာဘ်များကို ဤအသက်တာတွင်လည်း ကျွန်ုပ်တို့အားပေးတော်မူသည်။ ထိုနောက် မိမိကျေးဇူးတော်ကိုခံစားသောသူများအနေဖြင့် ကျွန်ုပ်တို့၏အကျင့်စာရိတ္တကို ဂုဏ်တက်၊ ကျယ်ပြန့်၊ မြင့်တက်စေသည့်အရာရာကို ကိုယ်တော်သည် ကျွန်ုပ်တို့အားမွေ့လျော်စေတော်မူသည်။ အထက်ကောင်းကင်နိုင်ငံနှင့် ကျွန်ုပ်တို့သည် သင့်လျော်မှုရှိရန်မှာ ဘုရားသခင်၏အကြံအစည်ဖြစ်သည်။

သို့ရာတွင်စာတန်သည် လူတို့၏စိတ်ဝိညာဉ်အတွက် ယှဉ်ပြိုင်လျက်ရှိနေသည်။ ကောင်းကင်နိုင်ငံတွင်နေထိုင်သောသူတို့အတွက် ရာထားသည့်ဂုဏ်ပြုခြင်း၊ ထာဝရဘုန်းကျက်သရေများကိုမမြင်မိစေရန်၊ သို့တည်းမဟုတ် ကောင်းကင်၏ပျော်ရွှင်မှုကိုပေးသည့်အတွေ့အကြုံမျိုးကို မပြည်းစမ်းမိစေရန် စာတန်လုပ်ဆောင်နေသည်။. . .

ခရစ်တော်ကို မိမိ၏ကယ်တင်ရှင်အဖြစ်လက်ခံသောသူတို့သည် ယခုအချိန်တွင်လည်းကောင်း၊ နောင်လာမည့်အချိန်တွင်လည်းကောင်း ထာဝရအသက်ကတိတော်ကိုပိုင်ဆိုင်ကြသည်။. . . ခရစ်တော်၏အနိမ့်ကျဆုံးသောတပည့်တော်သည် ကောင်းကင်နိုင်ငံတွင်နေထိုင်သောသူ၊ မပျက်စီး၊ မယိုယွင်းနိုင်သောအမွေကိုဆက်ခံသည့် ဘုရားသခင်၏အမွေခံသူများဖြစ်လာနိုင်ကြသည်။ လူတစ်ဦးချင်းစီသည် ကောင်းကင်၏ဆုလာဘ်ကိုရွေးချယ်ပြီး၊ ကမ္ဘာအဆက်ဆက် ဘုရားသခင်၏အမွေခံများဖြစ်ကြလျှင် မည်မျှကောင်းလိမ့်မည်နည်း။ အို၊ လောကကိုမရွေးချယ်ဘဲ သာ၍ကောင်းသောအမွေကိုရွေးကြပါကုန်။ ရှေ့သို့ချီပါ။ ခရစ်တော်ယေရှု၌ မြင့်မြတ်သောခေါ်တော်မူခြင်း၏ဆုလာဘ်အတွက် ပန်းတိုင်သို့ချီတက်ပါ။ (FE, pp. 234, 235).

–၀–



ဒီဇင်ဘာ (၁၆)

## "အောင်နိုင်သောအသင်းတော်"

**"မီးနှင့်ရောသောဖန်ရေကန်ကဲ့သို့ရှိသည်ကိုလည်း မြင်ရ၏။ သားရဲနှင့်လည်းကောင်း၊ သူ၏ရုပ်တုနှင့်လည်းကောင်း၊ သူ၏နာမအရေအတွက်နှင့်လည်းကောင်း လွတ်၍အောင်မြင်သောသူတို့သည် ဘုရားသခင်၏စောင်းတော်တို့ကိုကိုင်လျက်၊ ဖန်ရေကန်နားမှာရပ်နေကြသည်ကိုမြင်ရ၏" (ဗျာဒိတ် ၁၅း၂)။**

ယခုအချိန်တွင် အသင်းတော်သည် ရန်လိုမှုရှိနေသည်။ ယခုတွင် ကျွန်ုပ်တို့သည် ရုပ်တုကိုလုံးလုံးလျားလျားကိုးကွယ်လုမတတ်ဖြစ်နေသော အမှောင်လောကကြီးနှင့် ထိပ်တိုက်တွေ့နေသည်။ သို့ရာတွင် တိုက်ပွဲပြီးဆုံး၍ အောင်မြင်မှုရရှိမည့်အချိန်သည် ရောက်လာတော့မည်။ ဘုရားသခင်၏အလိုတော်သည် ကောင်းကင်၌ပြည့်စုံသကဲ့သို့ မြေကြီးပေါ်မှာလည်းပြည့်စုံရပါမည်။ ကယ်တင်ခံသူတို့သည် ဘုရားသခင်၏ပညတ်တော်မှလွဲ၍ အခြားသောပညတ်ကိုသိကြမည်မဟုတ်ချေ။ လူအားလုံးသည် ပေါင်းစည်းသောမိသားစုအဖြစ်နှင့် ကျေးဇူးတင်ချီးမွမ်းခြင်းဝတ်လုံတည်းဟူသော ခရစ်တော်၏ဖြောင့်မတ်ခြင်းဝတ်လုံကိုဝတ်ဆင်ကာ ပျော်ရွှင်ကြလိမ့်မည်။ သာလွန်အောင်လုပနေသောသဘာဝတရားများသည် ဘုရားသခင်အားချီးမွမ်းခြင်းထောမနာကို ချီးမြှင့်ကြမည်။ ကမ္ဘာသည် ကောင်းကင်၏အလင်းရောင်ဖြင့် တောက်ပနေမည်။ လရောင်သည် နေရောင်ကဲ့သို့ဖြစ်၍ နေရောင်သည် အဆခုနစ်ဆသာ၍တောက်ပလိမ့်မည်။ နှစ်၊ လတို့သည် ပျော်ရွှင်မှုဖြင့်ကုန်လွန်သွားမည်။ နံနက်သားမိုးသောက်ကြယ်တို့သည် အတူတကွသီချင်းဆို၍၊ ဘုရားသခင်၏သားတို့သည် ဝမ်းမြောက်ခြင်းနှင့်ကြွေးကြော်ကြကာ၊ ဘုရားသခင်နှင့်

ခရစ်တော်သည် "နောက်တစ်ဖန်အပြစ်မရှိရ။ သေခြင်းလည်းမရှိရ" ဟု အတူတကွဆိုကြလိမ့်မည်။

ထာဝရတံခါးဝ၌ရပ်နေကြလော့။ ပြီးနောက် ကိုယ်တော်အတွက် ဒုက္ခခံခြင်းကို အခွင့်အရေးအဖြစ်နှင့်ဂုဏ်အဖြစ်မှတ်ယူပြီး ဤအသက်တာတွင် ခရစ်တော်နှင့်အတူလုပ်ဆောင်သူတို့အား ကြင်နာစွာကြိုဆိုသည့်အသံကို ကြားကြလော့။ သူတို့သည် ကောင်းကင်တမန်များနှင့်အတူ မိမိတို့သရဖူများကို ရွေးနုတ်ရှင်၏ခြေတော်ရင်းတွင်ချထားလျက်၊ "အသေသတ်ခြင်းကို ခံခဲ့ပြီးသောသိုးသငယ်သည် တန်ခိုး၊ စည်းစိမ်၊ ပညာ၊ အစွမ်းသတ္တိ၊ ဂုဏ်အသရေ၊ ဘုန်းအာနုဘော်၊ ကောင်းချီးမင်္ဂလာကိုခံထိုက်တော်မူ၏။. . ပလ္လင်ပေါ်မှာထိုင်တော်မူသောသူနှင့်သိုးသငယ်သည် ကမ္ဘာအဆက်ဆက် ကောင်းချီးမင်္ဂလာ၊ ဂုဏ်အသရေ၊ ဘုန်းအာနုဘော်၊ အစွမ်းသတ္တိရှိတော်မူစေသတည်းဟုပြောဆိုကြသည်" ဗျာဒိတ် ၅း၁၂၊၁၃။

ထိုနေရာတွင်ရွေးနုတ်ခံသူတို့သည် မိမိတို့အားမြှောက်ထားခြင်းကို ခံရသောကယ်တင်ရှင်ကို ညွှန်ပြပေးသောသူတို့ကို နှုတ်ဆက်ကြသည်။ လူသားတို့သည် ဘုရားသခင်၏အသက်မျှရှိသော ထာဝရအသက်ကိုပိုင်ဆိုင်နိုင်မည်အကြောင်း အသေခံတော်မူသောကိုယ်တော်ကို အတူတကွချီးမွမ်းကြသည်။ တိုက်လှန်ပွဲသည်ပြီးဆုံးလေပြီ။ ဆင်းရဲဒုက္ခအားလုံးလည်း ချုပ်ငြိမ်းလေပြီ။ ရွေးနုတ်ခံသူတို့သည် ဘုရားသခင်၏ပလ္လင်တော်ပတ်လည်တွင်ရပ်နေစဉ်၊ ကောင်းကင်သည် အောင်မြင်ခြင်းသီချင်းများဖြင့် ပြည့်သွားလေသည်။ လူအားလုံးသည် "အသေသတ်ခြင်းကိုခံခဲ့ပြီးသောသိုးသငယ်သည် ထိုက်တန်တော်မူသည်။" ကျွန်ုပ်တို့အား ဘုရားသခင်အတွက်ရွေးနုတ်တော်မူပြီဟု သံပြိုင်သီဆိုကြလေသည်။ (MH, pp. 504-507).

–o–



ဒီဇင်ဘာ (၁၇)

## "မျှော်လင့်မထားသောအကျိုးရလဒ်"

**"ကောင်းသောအကျင့်ကိုကျင့်သောသူမည်သည်ကား၊. . . သခင်ဘုရား၏လက်တော်မှအကျိုးကိုခံရလိမ့်မည်ဟု သိမှတ်ကြလော့" (ဧဖက် ၆း၈)။**

ဤအသက်တာတွင် ဘုရားသခင်အတွက် ကျွန်ုပ်တို့လုပ်ဆောင်မှုသည် မကြာခဏအကျိုးမဲ့နေသယောင်ရှိသည်။ ကောင်းသောအမှုကို စိတ်ထက်သန်စွာ၊ ခွဲလုံ့လဖြင့် ကျွန်ုပ်တို့ကြိုးပမ်းလုပ်ဆောင်နေနိုင်သော်လည်း ကျွန်ုပ်တို့သည် ၎င်း၏အကျိုးရလဒ်ကို မမြင်ရဘဲရှိနေနိုင်သည်။ ကျွန်ုပ်တို့၏ ကြိုးပမ်းမှုသည် အကျိုးမဲ့သည်ဟုထင်ရသည်။ သို့ရာတွင် ကျွန်ုပ်တို့၏အလုပ်ကို ကောင်းကင်တွင်မှတ်တမ်းတင်ထားကြောင်းနှင့် အမှန်တကယ်အကျိုးခံစားရမည်ဖြစ်ကြောင်း အာမခံတော်မူသည်။ (6T, p. 305).

ထာဝရဘုရား၏ဘဏ္ဍာတိုက်ထဲသို့ ဒေနာရိနှစ်ပြားထည့်လှူသည့် ဆင်းရဲသောမုဆိုးမသည် မိမိပြုသည့်အရာကို အနည်းငယ်မျှသာသိသည်။ သူမ၏မိမိကိုယ်ကိုဆက်ကပ်ခြင်းပုံနမူနာသည် ကမ္ဘာအနှံ့၊ ခေတ်အဆက်ဆက်တွင် ထောင်ပေါင်းများစွာသောသူတို့၏စိတ်နှလုံးတွင် ဆင့်ကာဆင့်ကာ သက်ရောက်မှုရှိသည်။ ၎င်းလုပ်ရပ်ကြောင့် ဘုရားသခင်၏ဘဏ္ဍာတိုက်ထဲသို့ အနိမ့်အမြင့်၊ ဆင်းရဲချမ်းသာသူတို့ထံမှ ဘဏ္ဍာများကိုယူဆောင်လာပေးသည်။ ထိုလုပ်ရပ်သည် သာသနာတည်တံ့ရန်လည်းကောင်း၊ ဆေးရုံများတည်ဆောက်ရန်လည်းကောင်း ဆာလောင်သောသူတို့အားကျွေးမွေးရန်၊ အဝတ်မဲ့သူတို့အား အဝတ်ဝယ်ပေးရန်နှင့် ဖျားနာသူတို့အားကုသပေးရန်လည်းကောင်း၊

ဆင်းရဲသားတို့ထံသို့ ဇေဝံဂေလိသတင်းဟောကြားရန်လည်းကောင်း ကူညီပေးသည်။ သူမ၏တစ်ကိုယ်ကောင်းမဆန်သည့်လုပ်ရပ်ကြောင့် မြောက်မြားစွာသောသူတို့သည် အကျိုးကျေးဇူးခံရကြသည်။ ထိုကောင်းသောလုပ်ရပ်၏အကျိုးသက်ရောက်မှုများကို ဘုရားသခင်၏နေ့ရက်တွင် သူမသည်မြင်ခွင့်ရလိမ့်မည်။ ထိုနည်းတူစွာ မာရိ၏သခင်ဘုရားအားပေးသောအဖိုးတန်လက်ဆောင်သည်လည်းဖြစ်လိမ့်မည်။ ထုခွဲလိုက်သည့်ဆီမွှေးကျောက်ဖြူခွက်ကို သတိရခြင်းအားဖြင့် အဘယ်မျှသောသူတို့သည် ရက်ရောစွာပေးလှူကြသနည်း။ ဤအရာအားလုံးကို သူမမြင်ရသောအခါ အဘယ်မျှဝမ်းမြောက်လိမ့်မည်နည်း။ (6T, p. 310).

ခရစ်တော်က "ငါအမှန်ဆိုသည်ကား၊ ဇေဝံဂေလိတရားကို မြေတစ်ပြင်လုံးတွင်ဟောသောအရပ်ရပ်တို့၌ ဤမိန်းမကိုအောက်မေ့စရာဖို့ သူပြုသောဤအမှုကိုကြားပြောရလတ္တံ့ဟုမိန့်တော်မူ၏။" အနာဂတ်ကိုကြည့်၍ ကယ်တင်ရှင်သည် မိမိ၏ဇေဝံဂေလိတရားနှင့်ပတ်သက်၍ အသေအချာမိန့်မြွက်တော်မူသည်။ ၎င်းကိုကမ္ဘာအနှံ့ဟောကြားရန်ဖြစ်သည်။ ဇေဝံဂေလိတရားပျံ့နှံ့သည်နှင့်အမျှ၊ မာရိ၏လက်ဆောင်သည်လည်းမွှေးကြိုင်ပြီး၊ သူမ၏သတိမမူလုပ်ရပ်ကြောင့် များစွာသောသူတို့သည် ကောင်းချီးခံစားနေကြရဦးမည်ဖြစ်သည်။ တိုင်းနိုင်ငံတို့သည်ပေါ်လာ၍၊ ပျောက်ကွယ်သွားကြမည်။ ဇေရာဇ်မင်းတို့နှင့်စစ်ပွဲအောင်နိုင်သူတို့၏နာမည်များကိုလည်း မေ့သွားကြမည်။ သို့ရာတွင် ဤအမျိုးသမီး၏လုပ်ရပ်မှာမူ သမိုင်းစာမျက်နှာတွင် အမြဲတွင်ကျန်ရစ်နေလိမ့်မည်။ ကမ္ဘာကုန်ဆုံးသည့်တိုင်အောင် ထုခွဲလိုက်သောထိုဆီမွှေးကျောက်ဖြူခွက်သည် ကျရှုံးသောလူသားများအတွက် ဘုရားသခင်၏များပြားလှသောမေတ္တာတော်ကို ကြားပြောနေလေဦးမည်။ (DA, p. 563).

သန့်ရှင်းသောဝိညာဉ်တော်၏နှိုးဆွမှုကြောင့် လူတို့၏ဘုရားသခင်အတွက် ကောင်းမြတ်သောလုပ်ဆောင်မှုများကို ကောင်းကင်စာစောင်တွင်



ရေးမှတ်ထားသည်။ ဘုရားသခင်၏နေ့ရက်တွင် သန့်ရှင်းသောဝိညာဉ်တော်၏လုပ်ဆောင်မှုအတွက် မိမိကိုယ်ကိုတန်ဆာပလာအဖြစ် ပေးဆပ်သူတိုင်းသည် မိမိ၏အသက်တာက ဆောင်ကြဉ်းပေးခဲ့သောအရာများကို မြင်ခွင့်ရကြမည်။ (6T, p. 310).

–o–

## ဒီဇင်ဘာ (၁၈)

# “ကမ္ဘာသစ်၌လုပ်ဆောင်မှုများ”

**“ထိုသူတို့သည် ကိုယ်ဆောက်သောအိမ်၌နေကြလိမ့်မည်။ ကိုယ်စိုက်ပျိုးသောစပျစ်ဥယျာဉ်အသီးကိုစားကြလိမ့်မည်။ သူတို့သည် အိမ်ကိုဆောက်၍ အခြားသောသူနေရမည်မဟုတ်။ သူတို့သည် စပျစ်ဥယျာဉ်ကိုစိုက်၍ အခြားသောသူစားရမည်မဟုတ်။ ငါ၏လူတို့အသက်သည် သစ်ပင်၏အသက်ကဲ့သို့ဖြစ်၍၊ သူတို့သည် ကိုယ်ပြုစုသောအရာကို ကြာမြင့်စွာသုံးဆောင်ရကြလိမ့်မည်။ ငါရွေးကောက်သောသူတို့သည် အချည်းနှီးမလုပ်မဆောင်ရကြ။ အသက်တိုသောသားကိုမဖွားမမြင်ရကြ။ ကိုယ်တိုင်မှစ၍ အမျိုးအနွယ်တို့သည် ထာဝရဘုရားပေးတော်မူသောကောင်းချီးမင်္ဂလာကို ခံရသောသူဖြစ်ကြလိမ့်မည်” (ဟေရှာယ ၆၅း၂၁၊၂၂၊၂၃)။**

နောက်ဆုံးအောင်မြင်မှုရရှိ၍ ကျွန်ုပ်တို့အတွက်ပြင်ဆင်သောအိမ်တော်သို့ရောက်သောအခါ၊ ကျွန်ုပ်တို့သည် ဘာမျှလုပ်ဆောင်မှုမရှိဘဲ၊ နားနေလျက် တစိမ့်စိမ့်တွေးပြီးပီတိဖြစ်သည့်အခြေအနေမျိုးကို ကျွန်ုပ်တို့သည် ယူဆ၍မရချေ။ (RH, May 17, 1898).

အသစ်ဖန်ဆင်းသောကမ္ဘာမြေတွင် ရွေးနုတ်ခံသူတို့သည် ကမ္ဘာဦးက အာဒံနှင့်ဧဝကိုပျော်ရွှင်မှုပေးသည့်အလုပ်အကိုင်များကို လုပ်ဆောင်ကြရမည်။ ဧဒင်ဥယျာဉ်ကအသက်တာမျိုးဖြင့် ဥယျာဉ်များနှင့်လယ်ပြင်များတွင် နေထိုင်ကြရမည်။ “ထိုသူတို့သည် ကိုယ်ဆောက်သောအိမ်၌နေကြလိမ့်မည်။ ကိုယ်စိုက်ပျိုးသောစပျစ်ဥယျာဉ်အသီးကို စားကြလိမ့်မည်။ သူတို့သည် အိမ်ကိုဆောက်၍ အခြားသောသူနေရမည်မဟုတ်။ သူတို့သည် စပျစ်ဥယျာဉ်ကိုစိုက်၍ အခြားသောသူစားရမည်မဟုတ်။ ငါ၏လူတို့အသက်သည် သစ်ပင်၏အသက်ကဲ့သို့ဖြစ်၍၊ သူတို့သည် ကိုယ်ပြုစုသောအရာကို ကြာမြင့်စွာသုံးဆောင်ရကြလိမ့်မည်။ ငါရွေးကောက်သောသူတို့သည် အချည်းနှီးမလုပ်မဆောင်ရကြ။ အသက်တိုသောသားကိုမဖွားမမြင်ရကြ။ ကိုယ်တိုင်မှစ၍ အမျိုးအနွယ်တို့သည် ထာဝရဘုရားပေးတော်မူသောကောင်းချီးမင်္ဂလာကို ခံရသောသူဖြစ်ကြလိမ့်မည်” ဟေရှာယ ၆၅း၂၁၊၂၂၊၂၃။ (PK, pp. 730, 731).

ကြည့်ရှုရန်ကျက်သရေအရှိဆုံးသောပုလဲများဖြင့် စီခြယ်ထားသောတိုင်လေးတိုင်ဖြင့်ဆောက်ထားသည့် ငွေကဲ့သို့သော ကျက်သရေအရှိဆုံးအိမ်များကို ထိုနေရာတွင်ကျွန်ုပ်မြင်ခဲ့သည်။ ဤအိမ်များသည် သန့်ရှင်းသူများနေထိုင်ရမည့်အိမ်များဖြစ်သည်။ အိမ်တစ်လုံးစီတွင် ရွှေဖြင့်ပြုလုပ်သောစင်တစ်ခုရှိသည်။ များစွာသောသန့်ရှင်းသူတို့သည် ထိုအိမ်များအထဲသို့ဝင်၍၊ မိမိတို့၏တဖိတ်ဖိတ်တောက်သောသရဖူများကို စင်ပေါ်တွင်တင်ကာ၊ မြေကြီးဖြင့်တစ်ခုခုလုပ်ရန် အိမ်ဘေးရှိကွင်းပြင်များတွင်ဆင်းသွားကြသည်ကို ကျွန်ုပ်မြင်ခဲ့သည်။ သို့ရာတွင် ဤနေရာ၌ ကျွန်ုပ်တို့အလုပ်လုပ်သည်နှင့် လုံးဝ၊ လုံးဝမတူပေ။ ဘုန်းရောင်ခြည်သည် သူတို့ဦးခေါင်းပေါ်၌ထွန်းတောက်လျက်ရှိကာ၊ သူတို့သည် အစဉ်ဘုရားသခင်ကိုချီးမွမ်းကြသည်။ (EW, p. 18).

အစွမ်းအစတို့သည် ကြီးထွားလာ၍၊ လုပ်နိုင်စွမ်းသည် တိုးတက်လျက်ရှိသည်။ ဉာဏ်ပညာဆည်းပူးခြင်းသည် ကျွန်ုပ်တို့၏စိတ်ကိုမပင်ပန်းစေဘဲ အားအင်ကိုလည်းမဆုတ်ယုတ်စေချေ။ ထိုနေရာတွင် အခမ်းနားဆုံးသောလုပ်ငန်းကို ဆက်လက်လုပ်ဆောင်၍၊ အမြင့်မားဆုံးသောရည်မှန်းချက်များလည်း ရောက်ရှိသဘောပေါက်လိမ့်မည်။ ထို့ပြင်မက ထိုနေရာတွင် အသစ်သင်ကြားရမည့်အရာများ၊ သဘောကျမည့်အသစ်သောအံ့ဖွယ်ရာများ၊ နားလည်ရန်အသစ်သောသမ္မာတရားများ၊ ကိုယ်စိတ်နှလုံးတန်ခိုးများသုံးရန်လိုအပ်သည့်အသစ်သောအရာများ စသည့်အသစ်အသစ်သောအရာများရှိလိမ့်မည်။ (GC, p. 677).

–၀–

## “မယှဉ်သာသောတေးသံစဉ်”

**“ထာဝရဘုရားကယ်လွှတ်တော်မူသောသူတို့သည် ပြန်လာ၍၊ သီချင်းဆိုလျက်၊ ထာဝရဝမ်းမြောက်ခြင်းသရဖူကိုဆောင်းလျက်၊ ဇိအုန်မြို့သို့ရောက်ကြလိမ့်မည်။ ဝမ်းမြောက်ရွှင်လန်းခြင်းအခွင့်ကိုရကြ၍၊ ဝမ်းနည်းခြင်းနှင့်ညည်းတွားခြင်းသည် ပြေးသွားရလိမ့်မည်” (ဟေရှာယ ၃၅း၁၀)။**

ထိုနေရာတွင် တေးသံစဉ်နှင့်သီချင်းရှိလိမ့်မည်။ ထိုသို့သောတေးသံနှင့်သီချင်းကို ဘုရားသခင်၏အာရုံ၌သာသိမ်းထားကာ၊ လူသား၏နားဖြင့်မကြား၊ စိတ်နှလုံးဖြင့်မကြံစည်သေးချေ။

“သီချင်းသည်နှင့်ပွဲသဘင်ခံသောသူအစရှိသော ငါ၏ပျော်မွေ့ခြင်းအကြောင်းရှိသမျှတို့သည် သင်၌ရှိကြသတည်း။” “ထိုသူတို့သည်ကြွေးကြော်၍၊ ထာဝရဘုရားကိုချီးမွမ်းသောအသံနှင့် ရွှင်လန်းစွာသီချင်းဆိုကြလိမ့်မည်။” “ထာဝရဘုရားသည် ဇိအုန်မြို့ကိုချမ်းသာပေးတော်မူမည်။. . . သူ၏တောကို ဧဒင်အရပ်ကဲ့သို့လည်းကောင်း၊ သူ၏လွင်ပြင်ကို ထာဝရဘုရား၏ဥယျာဉ်ကဲ့သို့လည်းကောင်း ဖြစ်စေတော်မူသဖြင့်၊ ဇိအုန်မြို့သည် ဝမ်းမြောက်ရွှင်လန်းခြင်း၊ ကျေးဇူးတော်ကိုချီးမွမ်းခြင်း၊ သီချင်းဆိုခြင်းနှင့်ပြည့်စုံလိမ့်မည်။” (Ed, p. 307).

ကျွန်ုပ်သည် ကောင်းကင်၏ပြီးပြည့်စုံသောစည်းစနစ်ကိုမြင်ခဲ့သည်။ ထိုနေရာမှ ပြီးပြည့်စုံသောတေးသံကိုကျွန်ုပ်နားဆင်ရာ ပီတိဖြစ်ရသည်။ ရူပါရုံကိုမြင်ပြီးနောက် ဤလောကမှသီချင်းသံများသည် အလွန်ကြမ်းတမ်း၍၊ ပရမ်းပတာဖြစ်နေသည်။ ရွှေဖြင့်ပြုလုပ်သောစောင်းများကို ကိုယ်စီကိုင်ကာ၊ စတုရန်းပုံဖြင့်ရပ်နေကြသော ကောင်းကင်တမန်များကိုကျွန်ုပ်မြင်ရသည်။ စောင်း၏အဖျားတွင် သံစဉ်ညှိရန်ကိရိယာပါရှိသည်။ သူတို့၏လက်ချောင်းများသည် သတိမဲ့စွာမတီးခတ်ဘဲ၊ သံစဉ်အမျိုးမျိုးကိုတီးခတ်ကြသည်။ စောင်းကိုအလျင်ဦးဆုံးကိုင်၍ တီးလုံးများကိုတီးခတ်သည့် အမြဲဦးဆောင်သောကောင်းကင်တမန်တစ်ပါးရှိသည်။ ထိုအခါ ကျန်အားလုံးသည် နောက်မှတီးခတ်ကာ ကောင်းကင်၏သာယာနာပျော်ဖွယ်တေးသံကို တီးခတ်ကြသည်။ ၎င်းတေးသံကိုဖော်ပြ၍ပင်မရနိုင်ချေ။ ၎င်းသည် အလွန်သာယာနာပျော်ဖွယ်ကောင်းပြီး၊ သူတို့၏မျက်နှာတွင် ယေရှု၏ပုံသဏ္ဌာန်တော်ထင်ဟပ်ကာ၊ မပြောပြနိုင်လောက်အောင် ဘုန်းကျက်သရေဖြင့်ထွန်းတောက်နေသည်။ (1T, p. 146).

ရွေးနုတ်ခံသူတို့သည် သခင်ဘုရားနှင့်တွေ့ဆုံသောအခါ၊ သီချင်းသည် အဘယ်မျှသာယာလိမ့်မည်နည်း။. . . ကောင်းကင်တစ်ခုလုံးသည် သာယာနာပျော်ဖွယ်တေးသံ၊ သိုးသငယ်ကိုချီးမွမ်းသောသီချင်းဖြင့် ပြည့်ဝလျက်ရှိသည်။ ဘုန်းကျက်သရေရှိသောနိုင်ငံတော်တွင် အစဉ်ကယ်တင်ခြင်းခံရကြပြီတကား။ ဘုရားသခင်၏အသက်တော်နှင့်အမျှယှဉ်သောအသက်ကိုပိုင်ဆိုင်ခြင်းသည် အကျိုးရလဒ်ပင်ဖြစ်သည်။ (7BC, p. 982).

ကောင်းကင်ကိုသရုပ်ဖော်ရန်ကြိုးပမ်းရာမှာ လူ့ဘာသာစကားအပေါင်းတို့သည် အလွန်အားနည်းသည်။ ကျွန်ုပ်မြင်ရသောမြင်ကွင်းကြောင့် မယုံနိုင်လောက်အောင်ဖြစ်ရသည်။ အလွန်သာလွန်သောထည်ဝါမှုနှင့် အကောင်းဆုံးသောဘုန်းကျက်သရေများကိုမြင်တွေ့ရစဉ်တွင် ကလောင်တံကိုချ၍၊ “အို၊ အလွန်အံ့ဖွယ်သောမေတ္တာပါတကား” ဟု ကြွေးကြော်မိသည်။ ကောင်းကင်၏ဘုန်းကျက်သရေ၊ အနှိုင်းမဲ့နက်နဲသောကယ်တင်ရှင်၏မေတ္တာတော်ကို အဘယ်ဘာသာစကားအားဖြင့်မျှ ဖော်ပြ၍မရနိုင်ချေ။ (EW, p. 289).

–ဝ–

## ဒီဇင်ဘာ (၂၀)

# "ကျွန်ုပ်တို့၏ကယ်တင်ရှင်ကိုအမြင့်မားဆုံးဂုဏ်ပြုခြင်း"

**"သူတစ်ပါးကလည်း၊ သင့်လက်၌ပေါ်သောဒဏ်ရာကား အဘယ်သို့နည်းဟုမေးလျှင်၊ ဤဒဏ်ရာကား၊ အကျွန်ုပ်၏အဆွေခင်ပွန်းအိမ်၌ခံရသောဒဏ်ရာဖြစ်ပါသည်ဟု ပြန်၍ပြောလိမ့်မည်" (ဇာခရိ ၁၃း၆)။**

"ကောင်းကင်သစ်နှင့်မြေကြီးသစ်ကိုလည်း ငါမြင်၏။ အဘယ်သို့နည်းဟူမူကား၊ ရှေးကောင်းကင်နှင့်ရှေးမြေကြီးသည် ရွေ့သွားကြပြီ" ဗျာဒိတ် ၂၁း၁။ လူဆိုးတို့ကိုလောင်ကျွမ်းသောမီးသည် ကမ္ဘာမြေကိုသန့်စင်စေသည်။ ကျိန်ခြင်း၏အစွန်းအထင်းများအားလုံး ပျောက်ကွယ်လေပြီ။. . .

အမှတ်ရစရာတစ်ခုသာကျန်ရှိသည်။ ၎င်းမှာ ကျွန်ုပ်တို့ရွေးနုတ်ရှင်၏ကပ်တိုင်ပေါ်မှရရှိသည့်ဒဏ်ချက်များသည် အစဉ်အမြဲရှိနေမည်ဖြစ်သည်။ ဦးခေါင်း၊ နံဘေး၊ လက်၊ ခြေတော်တို့အပေါ်မှာ ဒဏ်ချက်များသာလျှင် ရက်စက်သည့်အပြစ်တရား၏လက္ခဏာအဖြစ် ကျန်ရှိလိမ့်မည်။ ဘုန်းထွန်းသောခရစ်တော်ကိုကြည့်၍၊ ပုရောဖက်ဟာ "အဆင်းအရောင်တော်သည် နေရောင်ကဲ့သို့ဖြစ်၏။ လက်တော်မှရောင်ခြည်သည်ထွက်၍၊ ဘုန်းအာနုဘော်တော်ကို ကွယ်ကာလေ၏" ဟဗက္ကုတ် ၃း၄။ လူတို့အား ဘုရားသခင်နှင့်ပြန်လည်သင့်မြတ်စေသည့် သွေးတော်ယိုစီးသောထိုးဖောက်ခံရသည့်နံဘေးမှ "ဘုန်းအာနုဘော်တော်ကို ကွယ်ကာလေ၏။". . . ကိုယ်တော်အားအရှက်ရစေသောဒဏ်ချက်များသည် အမြင့်မားဆုံးသောဂုဏ်ပြုခြင်းဖြစ်လေသည်။ ထာဝရကာလတစ်လျှောက် ကရာနိမှဒဏ်ချက်များသည် ကိုယ်တော်၏ဂုဏ်တော်ကိုဖော်ပြ၍၊ တန်ခိုးတော်ကိုထုတ်ဖော်လိမ့်မည်။ (GC, p. 674).



ခရစ်တော်၏လက်ဝါးကပ်တိုင်သည် ထာဝရကာလတစ်လျှောက် ရွေးနုတ်ခံသူတို့၏လေ့လာစရာနှင့်သီချင်းဖြစ်လိမ့်မည်။ ဘုန်းထွန်းသောခရစ်တော်၌ အသေသတ်ခံခဲ့ရသော ခရစ်တော်ကိုမြင်ရကြမည်။ စကြဝဠာတစ်ခုလုံးကို ဖန်ဆင်းထိန်းချုပ်တော်မူသောသူ၊ ဘုရားသခင်ချစ်တော်မူသောသူ၊ ကောင်းကင်နိုင်ငံ၏ဘုရင်၊ ခေရုဗိမ်နှင့်တောက်ပသောကောင်းကင်တမန်တစ်ရပ်တို့ နှစ်သက်ကြည်ညိုသောသူသည် ကျရှုံးသောလူသားကိုကယ်တင်ရန် မိမိကိုယ်ကိုနှိမ့်ချတော်မူသည်ကို ဘယ်ခါမျှမေ့လျော့တော့မည်မဟုတ်ချေ။ အပြစ်တရား၏ရှက်ကြောက်ခြင်း၊ အဖခမည်းတော်၏မျက်နှာတော်ကွယ်ထားခြင်းတို့ကိုခံရ၍၊ ပျောက်ဆုံးသောကမ္ဘာ၏အပြစ်များကြောင့် စိတ်နှလုံးကြေကွဲကာ၊ ကရာနိလက်ဝါးကပ်တိုင်ပေါ်တွင် မိမိအသက်စွန့်တော်မူသည်ကိုလည်း အစဉ်အမြဲအမှတ်ရနေလိမ့်မည်။ စကြဝဠာကိုဖန်ဆင်းသောသူ၊ အရာခပ်သိမ်း၏နိဂုံးကိုစီရင်ပိုင်သူသည် လူသားကိုချစ်၍ မိမိဘုန်းတော်ကိုစွန့်ကာ၊ မိမိကိုယ်ကိုနှိမ့်ချသည်မှာ စကြဝဠာတစ်ခုလုံးအတွက် အမြဲအံ့ဖွယ်နှင့်ကြည်ညိုဖွယ်ဖြစ်လိမ့်မည်။ ကယ်တင်ခံသူတို့သည် မိမိတို့၏ရွေးနုတ်ရှင်ကိုကြည့်သောအခါ၊ ခမည်းတော်၏ထာဝရဘုန်းတော်သည် ကိုယ်တော်၏မျက်နှာတော်တွင် ထွန်းတောက်သည်ကိုမြင်ကြရသည်။ ထာဝရမှထာဝရတိုင်အောင်တည်သောကိုယ်တော်၏ပလ္လင်တော်ကို သူတို့ကြည့်သောအခါ၊ ကိုယ်တော်၏နိုင်ငံတော်သည် ဘယ်ခါမျှမဆုံးနိုင်ကြောင်းကိုသိရှိကြကာ၊ သူတို့သည် ဝမ်းမြောက်ဝမ်းသာစွာဖြင့် "အသေသတ်ခြင်းကိုခံခဲ့ပြီးသောသိုးသငယ်သည် ထိုက်တန်ပေသည်။ သူ၏အမွန်မြတ်ဆုံးသောအသွေးတော်ဖြင့် ကျွန်ုပ်တို့အား ဘုရားသခင်ထံတော်သို့ရွေးနုတ်တော်မူပြီ" ဟု ကြွေးကြော်ကြသည်။ (GC, pp. 651, 652).

–၀–

ဒီဇင်ဘာ (၂၁)

## "အနာဂတ်၏ကျောင်း"

**"ဘုရားသခင်၏တဲတော်သည် လူတို့တွင်ရှိ၏။ လူတို့နှင့်အတူ ကိန်းဝပ်တော်မူမည်" (ဗျာဒိတ် ၂၁း၃)။**

ကမ္ဘာဦးက ဒေင်ဥယျာဉ်တွင်တည်ထောင်သောကျောင်းနှင့် အနာဂတ်၏ကျောင်းအကြားကာလတွင် လူသားကျူးလွန်ခြင်းနှင့်ဆင်းရဲဒုက္ခ၊ ဘုရားသခင်၏ပူဇော်ဆက်သခြင်း၊ သေခြင်းနှင့်အပြစ်တရားအပေါ်အောင်နိုင်ခြင်း စသည့် ကမ္ဘာ့သမိုင်းက လွှမ်းခြုံထားသည်။ ဒေင်ဥယျာဉ်မှအလျင်ဦးဆုံး ကျောင်း၏အခြေအနေအားလုံးကို အနာဂတ်အသက်တာ၏ကျောင်းတွင် မတွေ့ရတော့ချေ။ ကောင်းမကောင်းသိကျွမ်းရာအပင်သည်လည်း စုံစမ်းခြင်းအတွက်မဟုတ်တော့ချေ။ ထိုနေရာတွင် ဖြားယောင်းသွေးဆောင်သူမရှိ၊ မှားနိုင်သည့်အခွင့်အလမ်းလည်းမရှိချေ။ လူတိုင်းသည် မကောင်းမှု၏စမ်းသပ်မှုကို တောင့်ခံခဲ့ကြပြီဖြစ်ကာ၊ ၎င်း၏တန်ခိုးကိုခံနိုင်ရည်မရှိသည့်အဖြစ်မှလွတ်ကြပြီ။. . . ကိုယ်တော်၏ရှေ့တော်သို့ ပြန်လည်ရောက်ရှိလာပြီဖြစ်၍၊ လူကိုအစအဦးကကဲ့သို့ တစ်ဖန်ဘုရားသခင်ကသွန်သင်တော်မူမည်။ (Ed, pp. 301, 302).

ဤကမ္ဘာပေါ်ကျွန်ုပ်တို့၏လုပ်ရပ်များသည် ထာဝရအသက်အတွက်ပြင်ဆင်ခြင်းဖြစ်သည်။ ဤနေရာတွင် အစပြုခဲ့သောပညာရပ်သည် ဤအသက်တာမျှဖြင့်ပြီးဆုံးမည်မဟုတ်ဘဲ ထာဝရကာလတစ်လျှောက် ဆက်လက်သင်ကြားကာ၊ အမြဲတိုးတက်ပြီး ဘယ်ခါမျှပြီးဆုံးခြင်းရှိမည်မဟုတ်ချေ။ (MH, p. 466).

ဤလောကရှိကျောင်းတွင်သင်ယူခဲ့သော မှန်ကန်သည့်အခြေခံစည်းမျဉ်းများနှင့်သမ္မာတရားများသည် ကောင်းကင်ကျောင်းတွင် ကျွန်ုပ်တို့အားတိုးတက်



စေလိမ့်မည်။ ဤမြေကြီးပေါ်သာသနာပြုစဉ်က ခရစ်တော်သည် မိမိတပည့်တော်များနှင့်အတူ သွားလာစကားပြောကြသကဲ့သို့၊ ကိုယ်တော်သည် အထက်ကောင်းကင်ကျောင်းတွင် ကျွန်ုပ်တို့အားသင်ပေးကာ အသက်စမ်းရေမြစ်နံဘေးသို့ပို့ဆောင်ပြီး၊ အပြစ်တရားအားဖြင့် အလွန်ပျက်စီးနေသောလူသားဦးနှောက်၏အကန့်အသတ်များကြောင့် ဤအသက်တာတွင် ဝှက်ထားသည့်နက်နဲသောသမ္မာတရားများကို ဖော်ပြတော်မူမည်။ (CT, pp. 208, 209).

အပြစ်တရား၏ကနဦးအစ၊ ၎င်း၏ကောက်ကျစ်သောလုပ်ဆောင်မှု၏သေလောက်သည့်မှားယွင်းမှု၊ သမ္မာတရားသည် မှားယွင်းမှုကိုအောင်နိုင်ခြင်း စသည့်သမိုင်းကြောင်းများအားလုံးကို ဖွင့်ချလိမ့်မည်။ မြင်နိုင်သည့်ကမ္ဘာနှင့်မမြင်နိုင်သည့်ကမ္ဘာအကြားရှိ ကန့်လန့်ကာကိုဖွင့်ချပြီး၊ အံ့ဖွယ်ရာများတို့ကို ဖော်ပြလိမ့်မည်။ (Ed, p. 304).

အစွမ်းအစတို့သည် ကြီးထွားလာ၍၊ လုပ်နိုင်စွမ်းသည် တိုးတက်လျက်ရှိသည်။ ဉာဏ်ပညာဆည်းပူးခြင်းသည် ကျွန်ုပ်တို့၏စိတ်ကိုမပင်ပန်းစေဘဲ၊ အားအင်ကိုလည်း မဆုတ်ယုတ်စေချေ။ ထိုနေရာတွင် အခမ်းနားဆုံးသောလုပ်ငန်းကို ဆက်လက်လုပ်ဆောင်၍ အမြင့်မားဆုံးသောရည်မှန်းချက်များလည်း ရောက်ရှိသဘောပေါက်လိမ့်မည်။ ထို့ပြင်မက၊ ထိုနေရာတွင် အသစ်သင်ကြားရမည့်အရာများ၊ သဘောကျမည့်အသစ်သောအံ့ဖွယ်ရာများ၊ နားလည်ရန်အသစ်သောသမ္မာတရားများ၊ ကိုယ်စိတ်နှလုံးသုံးရန်လိုအပ်သည့်အသစ်သောအရာများ စသည့်အသစ်အသစ်သောအရာများရှိလိမ့်မည်။ (GC, p. 677).

–o–

## ဒီဇင်ဘာ (၂၂)

# "ခရစ်တော်သည်ကျွန်ုပ်တို့၏ဆရာဖြစ်လိမ့်မည်"

**"ငါ၏လူတို့သည် ငါ့ကိုသိကြလိမ့်မည်။ ကတိထားသောသူကား၊ ငါဖြစ်သည်ကိုအချိန်ရောက်မှသိကြလိမ့်မည်။ အကယ်စင်စစ်ငါရှိသည်" (ဟေရှာယ ၅၂း၆)။**

ကိုယ်တော်၏ရှေ့တော်သို့ပြန်လည်ရောက်ရှိသောအခါ၊ ကမ္ဘာဦးအစကကဲ့သို့ပင် တစ်ဖန်လူတို့ကိုဘုရားသခင်သွန်သင်တော်မူမည်။ (Ed, p. 302).

ကျွန်ုပ်တို့ရှေ့တွင် မည်သည့်အရာဖွင့်ပြလာမည်ကို စိုးစဉ်းမျှစဉ်းစား၍မရနိုင်ချေ။ ခရစ်တော်နှင့်အတူ ကျွန်ုပ်တို့သည် အသက်စမ်းရေနံ့ဘေးတွင်လျှောက်ကြရမည်။ ကိုယ်တော်သည် ကျွန်ုပ်တို့အားသဘာဝတရား၏အလှအပနှင့်ကျက်သရေကို ဖော်ပြတော်မူမည်။ ကိုယ်တော်သည် ကျွန်ုပ်တို့အတွက်ဘာဖြစ်၍၊ ကျွန်ုပ်တို့သည် ကိုယ်တော်အတွက်ဘာဖြစ်သည်ကို ပြသတော်မူမည်။ အကန့်အသတ်များရှိနေခြင်းကြောင့် ယခုကျွန်ုပ်တို့နားမလည်နိုင်သောသမ္မာတရားကို အနာဂတ်တွင်သိရှိကြမည်။ (CT, p. 162).

နောင်လာမည့်ကမ္ဘာတွင် ခရစ်တော်သည် ရွေးနုတ်ခံသူတို့ကို အသက်မြစ်ကမ်းနံ့ဘေးသို့ပို့ဆောင်၍၊ သမ္မာတရား၏အံ့ဖွယ်သင်ခန်းစာများကို သူတို့အားသင်ပေးတော်မူမည်။ သဘာဝတရား၏နက်နဲမှုများကိုလည်း ဖော်ပြပေးတော်မူမည်။ ကျွမ်းကျင်သောလက်တော်သည် ကမ္ဘာကိုသူ့နေရာနှင့်သူဆွဲကိုင်ထားသည်ကို သူတို့မြင်ကြရမည်။ ကွင်းပြင်ရှိပန်းများကို ရောင်စုံခြယ်သသောမဟာပန်းချီဆရာတော်၏အစွမ်းကိုမြင်၍၊ အလင်းတန်းများကိုထုတ်ပေးသောကရုဏာရှင်ခမည်းတော်၏ရည်ရွယ်ချက်များကို သင်ယူကြမည်။ ထိုအခါသန့်ရှင်းသောကောင်းကင်တမန်များနှင့်အတူ ရွေးနုတ်ခံသူတို့သည် ကျေးဇူးတင်ချီးမွမ်းခြင်းသီချင်းများတွင် ကျေးဇူးကန်းသောလောကသားများအပေါ်ဘုရားသခင်၏မဟာမေတ္တာတော်ကို သိရကြလိမ့်မည်။ (MLT, p. 361).

ရွေးနုတ်ခံကျောင်းသားတို့အား အကန့်အသတ်မဲ့နယ်ပယ်နှင့်ဖော်ပြမရနိုင်သည့်ကြွယ်ဝမှုနှင့်ဆိုင်သော သမိုင်းဖြစ်စဉ်များကိုဖော်ပြပေးမည်။ . အပြစ်တရား၏ကနဦးအစ၊ ၎င်း၏ကောက်ကျစ်သောလုပ်ဆောင်မှု၏သေလောက်သည့်မှားယွင်းမှု၊ ဘယ်ခါမျှလမ်းမလွဲသည့်သမ္မာတရားသည်မှားယွင်းမှုကိုအောင်နိုင်ခြင်း စသည့်သမိုင်းကြောင်းများအားလုံးကို ဖွင့်ချလိမ့်မည်။ မြင်နိုင်သည့်ကမ္ဘာနှင့်မမြင်နိုင်သည့်ကမ္ဘာအကြားရှိ ကန့်လန့်ကာကိုဖွင့်ချပြီး အံ့ဖွယ်ရာများတို့ကိုဖွင့်ချလိမ့်မည်။ (Ed, p. 304).

ပြောမပြနိုင်လောက်သောပျော်ရွှင်မှုဖြင့် ကျွန်ုပ်တို့သည် မကျရှုံးသောသတ္တဝါတို့၏ဝမ်းမြောက်ခြင်းနှင့်ပညာများကို ခံစားကြရမည်။ ဘုရားသခင်၏လက်ရာများကိုဆင်ခြင်ရင်း ခေတ်ကာလအဆက်ဆက်ဆည်းပူးသည့်ဘဏ္ဍာများကို ကျွန်ုပ်တို့ဝေမျှကြမည်။ ထာဝရနှစ်များသည်ရွေ့သွားရင်း၊ သာ၍ကြီးကျယ်ခမ်းနားသောဖော်ပြမှုများကို ယူဆောင်ပေးလိမ့်မည်။ "ငါတို့တောင်းပန်ကြံစည်သမျှထက်အလွန်ထူးခြား" (ဧဖက် ၃း၂၀) သောအရာကို ထာဝရကာလပတ်လုံး ဘုရားသခင်၏ဆုလာဘ်အဖြစ်ပေးတော်မူမည်။ (Ed, p. 307).

ထာဝရကာလပတ်လုံး ဘုရားသခင်နှင့်အတူနေထိုင်နိုင်ရန် ဤနေရာ၌ပညာတရားကိုရယူရမည်။ ဤနေရာမှကျွန်ုပ်တို့အစပြုသောပညာသည်ကောင်းကင်တွင်ပြည့်စုံလိမ့်မည်။ (MLT, p. 361).

–o–

### ဒီဇင်ဘာ (၂၃)

## "ထာဝရကာလတွင်ကျွန်ုပ်တို့၏သင်ကြားမှု"

**"ထိုသခင်အားဖြင့်ငါတို့၌ကျေးဇူးပြု၍၊ ကျေးဇူးတော်၏ အလွန်ကြွယ်ဝခြင်းကို နောင်ကပ်ကာလတို့၌ ထင်ရှားစေမည်အကြောင်းဖြစ်သတည်း" (ဧဖက် ၂း၇)။**

ရွေးနုတ်ခြင်းဆိုင်ရာပညာရပ်သည် ပညာတကာတို့တွင်ပညာရပ်၊ ကောင်းကင်တမန်များနှင့်မကျရှုံးသောကမ္ဘာများရှိ သက်ရှိသတ္တဝါတို့လေ့လာသောပညာရပ်၊ ကျွန်ုပ်တို့၏သခင်ဘုရားနှင့်ကယ်တင်ရှင်ထံသို့ အာရုံများကိုလမ်းကြောင်းပေးသောပညာရပ်၊ "ထာဝရကာလတစ်လျှောက်ဝှက်ထားသည့်" ဘုရားသခင်၏စိတ်တော်ထဲမှအကြံအစည်များထဲသို့ ဝင်ရောက်လေ့လာသည့်ပညာရပ်၊ ထာဝရကာလပတ်လုံး ဘုရားသခင်ရွေးနုတ်သည့်သူများလေ့လာကြရမည့်ပညာရပ်ဖြစ်သည်။ လူတို့လေ့လာနိုင်သောပညာရပ်များတွင် ၎င်းသည် အမြင့်မားဆုံးသောပညာရပ်ဖြစ်သည်။ အခြားသောလေ့လာမှုများနှင့်မတူဘဲ၊ ၎င်းပညာရပ်သည် စိတ်ကိုထက်မြက်စေ၍၊ ဝိညာဉ်ကိုမြှင့်တင်ပေးသည်။...

ရွေးနုတ်ခြင်း၏အဓိကအာဘော်ကို ကောင်းကင်တမန်များလေ့လာချင်နေကြသည်။ ၎င်းသည် ထာဝရကာလပတ်လုံး ရွေးနုတ်ခံသူတို့လေ့လာမည့်ပညာရပ်နှင့်သီဆိုမည့်သီချင်းဖြစ်သည်။ ၎င်းကိုယခုတွင် သေချာစဉ်းစားပြီးလေ့လာထိုက်သည်မဟုတ်လော။ . . .

ခရစ်တော်၏လူသားအဖြစ်မွေးဖွားခြင်း၊ အပြစ်ဖြေရန်အသေခံခြင်းနှင့်ကြားဖျန်ဖြေခြင်းလုပ်ငန်းများကို ထာဝရကာလပတ်လုံးလေ့လာကြရမည်။ ထိုအခါ၊ "မှန်သောကိုးကွယ်ခြင်း၏နက်နဲသောအရာသည် ကြီးစွာသောအရာဖြစ်သည်" ဟုကြွေးကြော်ကြမည်။



ဤကမ္ဘာမြေတွင် ကျွန်ုပ်တို့ရရှိထားသည့်ပညာရပ်သည် ထာဝရနိုင်ငံ၌သင်ကြားမှုကို သာ၍နားလည်နိုင်စွမ်းပေးလိမ့်မည်။ ရွေးနုတ်ခြင်း၏အဓိကအာဘော်များကို ရွေးနုတ်ခံသူတို့သည် စိတ်နှလုံး၊ လျှာတို့ကိုအသုံးပြုလျက် ထာဝရကာလသင်ယူကြမည်။ ခရစ်တော်သည် မိမိတပည့်တော်တို့ကိုဖွင့်ပြချင်သော်လည်း ယုံကြည်ခြင်းမရှိသောကြောင့် နားမလည်ခဲ့သောသမ္မာတရားကို သူတို့နားလည်ကြမည်။ ကမ္ဘာအဆက်ဆက်တွင် အသစ်အသစ်သောခရစ်တော်၏ပြည့်စုံခြင်းနှင့်ဘုန်းအာနုဘော်တော်သည် ပေါ်လာမည်။ အဆုံးမရှိသောကာလတစ်လျှောက် သစ္စာရှိသောအိမ်စောင့်သည် မိမိ၏ဘဏ္ဍာတိုက်ထဲမှ အသစ်သောအရာနှင့်ဟောင်းသောအရာများတို့ကို ထုတ်ယူတော်မူလိမ့်မည်။ (MLT, p. 360).

အကယ်၍ကျွန်ုပ်တို့သည် ဘုရားသခင်ကိုလည်းကောင်း၊ သူ၏သမ္မာတရားကိုလည်းကောင်း ဤလောကတွင်အလုံးစုံနားလည်နိုင်ခဲ့မည်ဆိုလျှင်၊ ထပ်မံ၍ရှာဖွေတွေ့ရှိရမည့်သမ္မာတရား၊ သာ၍ကြီးမားသောပညာ၊ ထပ်ဆင့်တိုးပွားမှုများလည်းရှိတော့မည်မဟုတ်ချေ။ . . ထိုသို့မဟုတ်သည့်အတွက်ကြောင့် ဘုရားသခင်ကိုကျေးဇူးတင်ပါသည်။ ဘုရားသခင်သည် အကန့်အသတ်မရှိ၊ သူ၌ပညာဘဏ္ဍာအားလုံးရှိနေရာ၊ ကျွန်ုပ်တို့သည် ရှာဖွေ၊ လေ့လာကြရမည်ဖြစ်သော်လည်း ဘုရားသခင်၏ဉာဏ်ပညာကြွယ်ဝမှု၊ ကိုယ်တော်၏ကောင်းမြတ်ခြင်း၊ ကိုယ်တော်၏တန်ခိုးတို့ကို လေ့လာ၍ဆုံးနိုင်မည်မဟုတ်ချေ။ (ST, April 25, 1906).

–ဝ–

ဒီဇင်ဘာ (၂၄)

## "မကုန်ဆုံးနိုင်သောအာဘော်"

**"ထိုကယ်တင်ခြင်းအကြောင်းအရာကို ပရောဖက်တို့သည် စေ့စေ့စစ်ကြောမေးမြန်းရှာဖွေ၍၊ သင်တို့ခံရသောကျေးဇူးတော်အကြောင်းကို ဟောပြောကြပြီ။ ခရစ်တော်ခံတော်မူရသောဒုက္ခဆင်းရဲကိုလည်းကောင်း၊ ဒုက္ခဆင်းရဲခြင်းခံပြီးမှ ဝင်စားတော်မူရသောဘုန်းစည်းစိမ်ကိုလည်းကောင်း၊ သူတို့အထဲ၌ရှိသော ခရစ်တော်၏ဝိညာဉ်သည် သက်သေခံနှင့်သောအခါ၊ အဘယ်မည်သောသူကိုလည်းကောင်း၊ အဘယ်သို့သောအချိန်ကာလကိုလည်းကောင်း ဆိုလိုတော်မူသည်ဟု မေးမြန်းရှာဖွေကြ၏။ . . . ထိုအရာတို့ကို ကောင်းကင်တမန်တို့သည် စေ့စေ့ကြည့်ရှုစဉ်းစားချင်သော စေတနာစိတ်ရှိကြ၏" (၁ပေတရု ၁း၁၀-၁၂)။**

ဤအသက်တာတွင် ကျွန်ုပ်တို့သည် ရွေးနုတ်ခြင်း၏အံ့ဖွယ်အဓိကအာဘော်ကို စတင်နားလည်ရုံမျှသာရှိသည်။ ကျွန်ုပ်တို့၏အကန့်အသတ်နားလည်နိုင်စွမ်းဖြင့် လက်ဝါးကပ်တိုင်ပေါ်ကတွဲ၍မြင်ရသည့် အရှက်နှင့်ဘုန်းအသရေ၊ အသက်နှင့်သေခြင်း၊ တရားမျှတမှုနှင့်ကရုဏာတို့ကို လေးနက်စွာစဉ်းစားနိုင်သည်။ သို့ရာတွင် ကျွန်ုပ်တို့၏အကျယ်ပြန့်ဆုံးသောဉာဏတန်ခိုးဖြင့် ၎င်း၏အဓိပ္ပါယ်ကို အပြည့်အဝနားမလည်နိုင်ချေ။ ရွေးနုတ်သည့်မေတ္တာ၏အနံ့အလျား၊ အနက်အမြင့်တို့ကို ရေးရေးမျှသဘောပေါက်နိုင်သည်။ ရွေးနုတ်ခံသူတို့သည် သူတစ်ပါးက သူတို့အားသိမြင်သကဲ့သို့မြင်သောအခါပင်လျှင်၊ ရွေးနုတ်ခြင်းစီမံကိန်းကို အပြည့်အဝနားလည်နိုင်မည်မဟုတ်ချေ။ သို့ရာတွင် ထာဝရကာလတစ်လျှောက်လုံး အသစ်အသစ်သောသမ္မာတရားများ ဆက်တိုက်ပေါ်လာကာ၊ အံ့သြဝမ်းမြောက်ရဦးမည်။ ဤလောက၏ဝမ်းနည်းခြင်း၊ နာကျင်ခြင်းနှင့်စုံစမ်းခြင်းများဆုံးခန်းတိုင်၍ အကျိုးဆက်များကိုပယ်ရှင်းပြီးသော်လည်း ဘုရားသခင်၏လူတို့သည် မိမိတို့ကယ်တင်ခြင်း၏အဖိုးအခကို ရှင်းလင်းစွာအမြဲသိနေကြလိမ့်မည်။ . . .

လက်ဝါးကပ်တိုင်၏နက်နဲမှုသည် အခြားနက်နဲမှုအားလုံးကို ရှင်းပြပေးသည်။ ကရာနိမှုစီးဆင်းသောအလင်းတရားမှ ကျွန်ုပ်တို့အားကြောက်ရွံ့ရှိသေစေသော ဘုရားသခင်၏ဂုဏ်တော်သည် လှပ၍ဆွဲဆောင်မှုရှိသည်။ သနားခြင်း၊ သိမ်မွေ့ခြင်းနှင့်မိဘမေတ္တာတို့သည် သန့်ရှင်းခြင်း၊ တရားမျှတခြင်း၊ တန်ခိုးတို့နှင့်ရောစပ်သွားသည်ကိုမြင်ရသည်။ ကျွန်ုပ်တို့သည် ခံ့ညားထည်ဝါသော ကိုယ်တော်၏ပလ္လင်သည် အမြင့်၌မြှောက်ထားသည်ကိုကြည့်စဉ်၊ ကိုယ်တော်၏ဂုဏ်တော်ကို ချစ်ခင်နှစ်သက်ဖွယ်ဖော်ပြခြင်းကိုမြင်ရ၍၊ "ကျွန်ုပ်တို့၏အဖ" ဟူသော ချစ်ခင်ဖွယ်နာမတော်၏အဓိပ္ပါယ်ကို အလျင်ကကဲ့သို့မဟုတ်ဘဲ နားလည်သဘောပေါက်ရသည်။

ဉာဏ်ပညာအရာ၌ အကန့်အသတ်မရှိသောကိုယ်တော်သည် မိမိသားတော်အပူဇော်ခံခြင်းမှလွဲ၍ ကျွန်ုပ်တို့ကယ်တင်ခြင်းအတွက် အစီအစဉ်မဆွဲနိုင်ကြောင်းကို မြင်ရလိမ့်မည်။ ဤပူဇော်ခြင်းအတွက် နစ်နာကြေးမှာ ကမ္ဘာမြေကိုသန့်ရှင်း၊ ပျော်ရွှင်၊ မသေနိုင်သည့်ရွေးနုတ်ခံသူတို့ဖြင့် နေထိုင်စေခြင်းပင်ဖြစ်သည်။ အမှောင်တန်ခိုးများနှင့် ကယ်တင်ရှင်တိုက်ခိုက်ခြင်း၏ရလာဘ်မှာ ရွေးနုတ်ခံသူတို့အတွက်ဝမ်းမြောက်ခြင်း၊ ကမ္ဘာအဆက်ဆက်ဘုရားသခင်၏ဘုန်းတော်၌နေကြရန်ဖြစ်သည်။ ဤအရာသည် အဖခမည်းတော်ပေးဆပ်ကျိုးနပ်သည့် ဝိညာဉ်၏အဖိုးအခပင်ဖြစ်သည်။ ပြီးနောက် ခရစ်တော်ကိုယ်တော်တိုင် မိမိအပူဇော်ခံခြင်း၏အသီးများကိုကြည့်၍ ကျေနပ်အားရတော်မူသည်။ (GC, pp. 651, 652).

ထာဝရကာလအဆက်ဆက် ရွေးနုတ်ခံသူအပေါင်းတို့သည် ကိုယ်တော်၏အရေးအပါဆုံးသောဘုန်းကျက်သရေဖြစ်ကြလိမ့်မည်။ (3SP, p. 261).

-o-

**ဒီဇင်ဘာ (၂၅)**

## "ကျွန်ုပ်တို့လေ့လာရမည့်စကြဝဠာ"

**"အို ထာဝရဘုရား၊ ကိုယ်တော်စီရင်ပြုပြင်တော်မူသောအရာတို့သည် အလွန်များပြားပါ၏။ ရှိရှိသမျှတို့ကို ပညာတော်အားဖြင့် ဖန်ဆင်းတော်မူ၏။ မြေကြီးသည် ဘဏ္ဍာတော်နှင့်ကြွယ်ဝပါ၏" (ဆာလံ ၁၀၄း၂၄)။**

ဘုရားသခင်၏လုပ်ဆောင်မှုနှင့်နည်းလမ်းများကို ကျွန်ုပ်တို့သည် ဤလောကတွင် စတင်ရုံမျှသာသိရှိနိုင်သည်။ ဤအရာကို ထာဝရကာလတစ်လျှောက်ဆက်လက်သင်ကြားရမည်။ စိတ်၏အစွမ်းအစအားလုံးအသုံးပြုရမည့် တွေးတောဆင်ခြင်ရသည့်ဘာသာရပ်များကို ဘုရားသခင်သည် လူတို့အတွက်ပြင်ဆင်တော်မူသည်။ အထက်ကောင်းကင်နှင့်အောက်အရပ်မြေကြီးတွင် ဘုရားသခင်၏ဂုဏ်တော်ကို ကျွန်ုပ်တို့သည်ကြည့်၍ စိတ်နှလုံးတွင်ကျေးဇူးတင်ခြင်းနှင့်ပြည့်လာမည်။ ကိုယ်တော်၏အံ့ဖွယ်လက်ရာများတွင် ဘုရားသခင်၏မေတ္တာတော်ဖော်ပြသည်ကို အသိအာရုံကြောရှိသမျှသည် တုံ့ပြန်ကြလိမ့်မည်။ (4T, p. 581).

ထိုနေရာတွင် ကျွန်ုပ်တို့၏အမြင်အာရုံကိုကွယ်စေသည့် ကန့်လန့်ကာကိုဖယ်ရှား၍၊ အဏုကြည့်မှန်ပြောင်းဖြင့် ကျွန်ုပ်တို့ယခုမြင်နိုင်သောလောက၏အလှအပကိုမြင်ရချိန်၊ ယခုအဝေးကြည့်မှန်ပြောင်းဖြင့် အဝေးမှထောက်လှမ်းကြည့်သည့် ကောင်းကင်၏ဘုန်းတန်ခိုးကိုမြင်ရသောအချိန်၊ အပြစ်တရား၏ဖျက်ဆီးမှုကိုဖယ်ရှား၍ မြေကြီးတစ်ခုလုံးသည် "ကျွန်ုပ်တို့ဘုရားသခင်ထာဝရဘုရားသည် တင့်တယ်ခြင်း" ၌ပေါ်လာသောအချိန် စသည့်အချိန်တို့တွင် သင်ယူလေ့လာစရာများပြားလှပေမည်။ ထိုနေရာတွင် ပညာရပ်ကိုသင်ယူသောသူတို့သည် ဖန်ဆင်းခြင်းဆိုင်ရာမှတ်တမ်းများကိုဖတ်ရာ၊ အပြစ်တရား၏နိယာမများကို ရှာမတွေ့ကြချေ။ သူတို့သည် သဘာဝတရား၏တေးသီချင်းများကိုနားထောင်ရာတွင်လည်း ဝမ်းနည်းညည်းတွားခြင်းဆိုင်ရာသံစဉ်များရှာမတွေ့ကြချေ။ ဖန်ဆင်းသည့်အရာအားလုံးနှင့် ကျယ်ပြောလှသောစကြဝဠာကြီးတွင် ဘုရားသခင်၏နာမတော်ကို စာလုံးကြီးဖြင့်ရေးထားသည်ကို ရှာတွေ့နိုင်ကာ မြေကြီး၊ ပင်လယ်၊ ကောင်းကင်တို့၌ မကောင်းသည့်လက္ခဏာတစ်ခုမျှ ကျန်ရှိမနေချေ။ (Ed, p. 303).

ရွေးနုတ်ခံသူတို့သည် ကမ္ဘာတစ်ခုမှအခြားကမ္ဘာတစ်ခုသို့လည်ပတ်ကြပြီး၊ သူတို့၏များစွာသောအချိန်များကို ရွေးနုတ်ခြင်း၏နက်နဲမှုကို ရှာဖွေလေ့လာရန်အသုံးပြုကြသည်။ ထာဝရကာလအဆက်ဆက် ဤအကြောင်းကိစ္စသည် အစဉ်တစိုက်သူတို့စိတ်ထဲ၌ရှိနေမည်။ သိုးသငယ်၏အသွေးတော်ဖြင့် အောင်မြင်သောသူတို့၏အခွင့်အရေးများနှင့် သူတို့၏သက်သေခံချက်စကားများကို နားလည်၍ပင်မရနိုင်ချေ။ (7BC, p. 990).

စကြဝဠာ၏ဘဏ္ဍာအားလုံးကို ဘုရားသခင်၏သားသမီးများလေ့လာရန်အတွက် ဖွင့်ချလိမ့်မည်။ ပြော၍မကုန်နိုင်သောကြည်နူးခြင်းဖြင့် ကျွန်ုပ်တို့သည် မကျရှုံးသောသတ္တဝါတို့၏ဝမ်းမြောက်ခြင်းနှင့်ဉာဏ်ပညာများကို ရရှိကြမည်။ ဘုရားသခင်၏လက်ရာများကို တွေးတောဆင်ခြင်ရာ၌ ကာလအဆက်ဆက်မှရရှိသည့်ဘဏ္ဍာများကို ကျွန်ုပ်တို့မျှဝေကြမည်။ ထာဝရကာလနှစ်များသည် ရွေ့သွားသည်နှင့်အမျှ သာ၍ကြီးကျယ်ခမ်းနားသောဖော်ပြချက်များကို ဆက်လက်ရရှိကြမည်။ "ငါတို့တောင်းပန်ကြံစည်သမျှထက် အလွန်ထူးခြား" သောဘုရားသခင်၏ဆုလာဘ်ကို ထာဝရကာလအဆက်ဆက် ရရှိကြမည်။ (Ed, p. 307).

–o–

ဒီဇင်ဘာ (၂၆)

## “လည်ပတ်ရမည့်ကမ္ဘာများ”

**“ထာဝရဘုရားမိန့်တော်မူသည်ကား၊. . . မိုးကောင်းကင်ကို ကိုယ်လက်နှင့်ငါကြက်လေပြီ။ မိုးကောင်းကင်တန်ဆာအပေါင်းတို့ကို ငါခန့်ထားလေပြီ” (ဟေရှာယ ၄၅း၁၁၊၁၂)။**

များစွာသောသူတို့သည် ဤကမ္ဘာနှင့်ကောင်းကင်နိုင်ငံတို့ထက်သာ၍ ဘုရားသခင်ဖန်ဆင်းသည့် စကြဝဠာတွင်ရှိသည်ဟုယူဆကြသည်။ ထိုသို့ မဟုတ်ချေ။ (7BC, p. 990).

ဘုရားသခင်၌ မိမိဥပဒေသကိုလိုက်နာသည့် ကမ္ဘာပေါင်းများစွာရှိသည်။ ဤကမ္ဘာများကို ဖန်ဆင်းရှင်၏ဘုန်းတန်ခိုးတော်အတိုင်း စီမံခန့်ခွဲသည်။ ဤကမ္ဘာများတွင်နေထိုင်သောသူတို့သည် လူတို့အားရွေးနုတ်ရန် ပေးဆပ်သည့်ကြီးမားသောအဖိုးကိုမြင်တွေ့သောအခါ၊ အလွန်အံ့အားသင့်ကြသည်။ (RH, Sept. 25, 1900).

ထာဝရဘုရားသည် ကျွန်ုပ်အား အခြားသောကမ္ဘာများကိုပြသတော်မူသည်။ ကျွန်ုပ်ကိုအတောင်ပံတစ်စုံတပ်ဆင်ပေးပြီး၊ ကောင်းကင်တမန်တစ်ပါးသည် ကျွန်ုပ်ကိုမြို့တော်မှာ တောက်ပခမ်းနားသောနေရာသို့ ခေါ်ဆောင်သွားသည်။ ထိုနေရာမှမြက်ပင်များသည် အမြဲစိမ်း၍၊ ထိုနေရာမှကျေးငှက်တို့သည် ချိုသာစွာမြည်တွန်ကြသည်။ ထိုနေရာတွင်နေထိုင်သူတို့သည် အရွယ်အစားအစုံရှိသည်။ သူတို့သည် မြင့်မြတ်၊ ခန့်ညားပြီး ချစ်စရာကောင်းကြသည်။ သူတို့သည် ယေရှု၏ပုံသဏ္ဍာန်တော်ကိုဆောင်ကြပြီး၊ သူတို့၏မျက်နှာသည် သန့်ရှင်းသောဝမ်းမြောက်ခြင်းနှင့်တောက်ပကာ ထိုနေရာ၏လွတ်လပ်မှုနှင့် ပျော်ရွှင်မှုကိုပြသည်။



တစ်ယောက်သောသူအား အဘယ်ကြောင့်သူတို့သည် ကမ္ဘာပေါ်ရှိသောသူတို့ထက် သာ၍များစွာချစ်စရာကောင်းကြသနည်းဟုမေးခဲ့သည်။ “ငါတို့သည် ဘုရားသခင်၏ပညတ်ချက်များကို တင်းကျပ်စွာလိုက်လျှောက်ပြီး၊ ကမ္ဘာမှာရှိသောသူတို့ကဲ့သို့ နားမထောင်ခြင်း၌မကျရှုံးသောကြောင့်ဖြစ်သည်” ဟူ၍ပြန်ဖြေခဲ့သည်။ ထိုအခါ သစ်ပင်နှစ်ပင်ကိုတွေ့ရာ၊ တစ်ပင်သည် မြို့တော်ထဲကအသက်ပင်နှင့်အလွန်တူသည်။ နှစ်ပင်စလုံး၏အသီးများသည် စားချင်စဖွယ်ကောင်းသော်လည်း၊ တစ်ပင်၏အသီးကိုမူ သူတို့မစားရချေ။ သူတို့သည် အသီးနှစ်မျိုးစလုံးကိုစားနိုင်သောတန်ခိုးရှိသော်လည်း၊ တစ်ပင်၏အသီးကိုမစားရန် တားမြစ်ထားသည်။ ထိုအခါ၊ ကျွန်ုပ်ကိုပို့ဆောင်ပေးသောကောင်းကင်တမန်က “ဤနေရာမှာရှိသောသူမည်သူကမျှ တားမြစ်သည့် အသီးကိုမစားကြ၊ စားလျှင်ကျရှုံးကြမည်” ဟုဆိုသည်။

ထိုနောက် လခုနစ်စင်းရှိသောကမ္ဘာသို့ခေါ်သွားပြန်သည်။ ထိုနေရာတွင် အရှင်လတ်လတ်ပြောင်းလဲသွားသော ဧနောက်ကိုတွေ့ခဲ့သည်။. . . မြေကြီးမှဤနေရာသို့ခေါ်ဆောင်ခံရခြင်းဟုတ်မဟုတ် သူ့အားမေးခဲ့သည်။ သူက “မဟုတ်ပါ။ မြို့တော်သည် ငါ့အိမ်ဖြစ်သည်။ ဤနေရာကိုလာရောက်လည်ပတ်ခြင်းဖြစ်သည်” ဟုပြန်ဖြေခဲ့သည်။ သူသည် အိမ်ဦးကြမ်းပြင်အလား နေရာတကာသွားလာနိုင်သည်။

ထိုနေရာတွင်နေရစ်ခဲ့ရန် ကောင်းကင်တမန်ကိုတောင်းဆိုခဲ့သည်။ ဤမည်းမှောင်သောကမ္ဘာကိုပြန်မလာချင်တော့ချေ။ ထိုအခါကောင်းကင်တမန်က “သင်ပြန်သွားရမည်။ သင်သည်သစ္စာရှိလျှင် ၁၄၄,၀၀၀ တို့နှင့်အတူ ဤကမ္ဘာများအားလုံးကိုလည်ပတ်ရသောအခွင့်နှင့် ဘုရားသခင်၏လက်ရာများကို ကြည့်ရှုရမည့်အခွင့်ရလိမ့်မည်” ဟုပြောခဲ့သည်။ (EW, pp. 39, 40).

–ဝ–

## ဒီဇင်ဘာ (၂၇)

## "မြေကြီးသစ်နှင့်ပတ်သက်၍ထင်မြင်ချက်များ"

**"သေခြင်းမှထမြောက်ကြသောအခါ စုံဖက်ခြင်းကိုမပြု၊ ထိမ်းမြားပေးစားခြင်းကိုမပြု၊ ကောင်းကင်တမန်ကဲ့သို့ဖြစ်ကြ၏" (မာကု ၁၂း၂၅)။**

မြေကြီးသစ်တွင် ထိမ်းမြားခြင်းနှင့်ကလေးမွေးဖွားခြင်းများရှိဦးမည်ဟု ယနေ့လူတချို့ကယုံကြည်ကြသော်လည်း၊ သမ္မာကျမ်းစာကိုယုံကြည်သောသူတို့သည် ထိုသို့သောယုံကြည်ချက်များကို လက်မခံချေ။ ကမ္ဘာသစ်တွင် ကလေးများမွေးဖွားဦးမည်ဟူသောယုံကြည်ချက်သည် "သာ၍မြဲမြံသောအနာဂတ္တိစကား" မဟုတ်ချေ။ ခရစ်တော်၏စကားသည် အလွန်ရိုးရှင်းပြီး၊ တလွဲအဓိပ္ပါယ်ကောက်၍မရပေ။ မြေကြီးသစ်တွင် ထိမ်းမြားခြင်းနှင့်မွေးဖွားခြင်းကိစ္စကို ကောင်းစွာဖြေရှင်းပေးသည်။ သေခြင်းမှထမြောက်သောသူများဖြစ်စေ၊ မသေဘဲအသက်ရှင်လျက်ပြောင်းလဲသောသူများဖြစ်စေ ထိမ်းမြားပေးစားခြင်းမရှိတော့ချေ။ သူတို့သည် ကောင်းကင်တမန်များကဲ့သို့ ဘုရားသခင်၏အိမ်တော်သားများဖြစ်ကြလိမ့်မည်။

ခရစ်တော်၏ရှင်းလင်းသောဖော်ပြချက်နှင့် ဆန့်ကျင်သည့်အမြင်ရှိသောသူတို့အား ကျွန်ုပ်ပြောဆိုလိုသည်မှာ၊ ထိုသို့သောကိစ္စများတွင် တိတ်ဆိတ်စွာနေခြင်းသည် အကောင်းဆုံးဖြစ်သည်။ မိမိ၏နှုတ်ကပတ်တွင် ကျွန်ုပ်တို့အားမဖော်ပြသည့်အရာများနှင့်ပတ်သက်၍ အယူအဆများကိုစွဲလမ်းခြင်းသည် အယူမှားခြင်းဖြစ်သည်။ ကျွန်ုပ်တို့၏အနာဂတ်အခြေအနေနှင့်ပတ်သက်၍ ထင်မြင်ချက်များပေးရန်မလိုအပ်ချေ။. . .

"နှုတ်ကပတ်တရားကိုဟောပြောလော့။ အချိန်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ကြိုးစားအားထုတ်လော့။" သစ်သား၊ မြက်ခြောက်၊ ရိုးပြတ်တို့အပေါ်အုတ်မြစ်မချမိပါစေနှင့်။ မည်သူ့ကိုမျှအကျိုးမပြုသော မှန်းဆထင်မြင်ချက်များကိုလည်းမပေးပါနှင့်။

ကျွန်ုပ်တို့ကယ်တင်ခြင်းအတွက် အရေးကြီးသောအရာတစ်စုံတစ်ခုကိုမျှ ခရစ်တော်သည် ထိမ်ချန်ထားတော်မမူချေ။ ဖော်ပြသောအရာတို့သည် ကျွန်ုပ်တို့နှင့်သားသမီးများအတွက်ဖြစ်သည်။ သို့ရာတွင် ဖော်ပြခြင်းမရှိသည့်အရာများနှင့်ပတ်သက်၍ ယုံကြည်ချက်များကိုထင်မြင်ရေးဆွဲရန် ကျွန်ုပ်တို့အားခွင့်မပြုချေ။ (MM, pp. 99, 100).

ဝိညာဉ်ရေးဒဏ္ဍာရီပုံပြင်များသည် များစွာသောသူတို့ကို အချုပ်အနှောင်ထဲသို့သွင်းသည်ကို ကျွန်ုပ်မြင်ခဲ့သည်။. . . ဤမသန့်ရှင်းသောစိတ်ကူးယဉ်ခြင်းကို နှစ်သက်သောသူတို့အား "ရပ်လိုက်ပါ။ ခရစ်တော်အတွက် သင်ရှိသည့်နေရာတွင်ရပ်လိုက်ပါ" ဟုပြောလိုသည်။ သင်သည် တားမြစ်နယ်သို့ကျွံနေပြီဖြစ်သည်။ (MM, p. 101).

ထာဝရဘုရားသည် နောင်အသက်တာတွင် ကျွန်ုပ်တို့ပျော်ရွှင်မှုအတွက်လိုအပ်သည့်အရာမှန်သမျှကို ပြင်ဆင်တော်မူပြီးဖြစ်သည်။ သို့ရာတွင်ကိုယ်တော်သည် ဤအကြံအစည်များနှင့်ပတ်သက်၍ ဖော်ပြတော်မမူချေ။ အနာဂတ်အသက်တာ၏အခြေအနေကို ဤအသက်တာ၏အခြေအနေဖြင့်မတိုင်းတာရချေ။ (MM, p. 100).

–ဝ–

## ဒီဇင်ဘာ (၂၈)

# “ခရစ်တော်၏မေတ္တာနိုင်ငံတော်”

**“ကောင်းကင်အောက်၌နိုင်ငံနှင့်တကွ၊ အာဏာစက်ဘုန်းတန်ခိုးရှိသမျှကို အမြင့်ဆုံးသောဘုရား၏သန့်ရှင်းသောအမျိုးသားတို့သည် ရကြလိမ့်မည်” (ဒံယေလ ၇း၂၇)။**

ခရစ်တော်၏နိုင်ငံတော်အုပ်ချုပ်မှုသည် လောကီအစိုးရများနှင့်ခြားနားသည်။ နိုင်ငံကိုတည်ဆောက်သောသူတို့၏အကျင့်စာရိတ္တကိုဖော်ပြသည်။ ကိုယ်တော်၏တရားရုံးကို သန့်ရှင်းသောမေတ္တာသည်ဦးဆောင်၍ ရုံးဌာနနှင့်ရာထူးတို့ကိုလည်း ကျေးဇူးတရားဖြင့်လုပ်ဆောင်သည်။ မိမိ၏အစေခံတို့ကိုသနားခြင်းနှင့် ချစ်ခင်ကြင်နာခြင်းများယူဆောင်လာရန်တာဝန်ပေး၍၊ သူတို့၏ရုံးလုပ်ငန်းအားလုံးထဲသို့ မိမိ၏ဂုဏ်တော်ကိုကျင့်သုံးစေသည်။. . .

ဘုရားသခင်၏နိုင်ငံတော်တွင် လူအားလုံးသည် ကိုယ်တော်နှင့်အတူအသစ်သောအသက်တာ၌ ကျင်လည်နိုင်မည်အကြောင်း ခရစ်တော်၏တန်ခိုးကသာလျှင် စိတ်နှလုံးထဲတွင် ပြောင်းလဲခြင်းကိုဖော်ဆောင်ပေးနိုင်သည်။... ကိုယ်တော်၏ဝတ်ကို မှန်ကန်စွာပြုနိုင်မည်အကြောင်း ကျွန်ုပ်တို့သည် ဝိညာဉ်တော်အားဖြင့်မွေးဖွားရမည်။ ဤအရာသည် နှလုံးကိုသန့်စင်စေ၍၊ စိတ်ကိုအသစ်ဖြစ်စေကာ ဘုရားသခင်ကိုသိရှိ၊ ချစ်ခင်နိုင်ရန်အစွမ်းကို ဖန်တီးပေးသည်။ ဤအရာသည် ကိုယ်တော်၏ပညတ်ချက်များအားလုံးကို လိုလိုလားလားလိုက်လျှောက်ခြင်းကိုပေးသည်။ ဤအရာသည် စစ်မှန်သောကိုးကွယ်ခြင်းဖြစ်သည်။ (1HP, p. 372).

“တိုင်တစ်ခုမျှမရွေ့၊ ကြိုးတစ်ခုမျှမပြတ်၊ အလျှင်းမပျက်ရသောတဲတည်းဟူသော ငြိမ်ဝပ်သောနေရာ၊ ယေရုရှလင်မြို့ကို ကိုယ်မျက်စိနှင့်မြင်ရလိမ့်မည်။ ထိုမြို့တွင် ဘုန်းကြီးသောထာဝရဘုရားသည် ငါတို့၌ကျယ်သောမြစ်များဆုံးရာအရပ်ဖြစ်တော်မူလိမ့်မည်။--- အကြောင်းမူကား၊ ထာဝရဘုရားသည် ငါတို့၏တရားသူကြီးဖြစ်တော်မူ၏။ ထာဝရဘုရားသည် ငါတို့၏ပညတ်တရားရှင်ဖြစ်တော်မူ၏။ ထာဝရဘုရားသည် ငါတို့၏ရှင်ဘုရင်ဖြစ်၍၊ ငါတို့ကိုကယ်တင်တော်မူလိမ့်မည်။. . . မြို့သားကလည်း၊ ငါနာသည်ဟု မဆိုရ။ ထိုမြို့၌နေသောသူတို့သည် အပြစ်ပြေရှင်းခြင်းသို့ရောက်ရကြလိမ့်မည်” (ဟေရှာယ ၃၃း၂၀–၂၄)။

“ငါဖန်ဆင်းလတ္တံ့သောအရာကြောင့် သင်တို့သည် အစဉ်အမြဲဝမ်းမြောက်ရွှင်လန်းကြလိမ့်မည်။ ယေရုရှလင်မြို့ကို ဝမ်းမြောက်စရာအကြောင်း၊ မြို့သားတို့ကိုရွှင်လန်းစရာအကြောင်းဖြစ်စေခြင်းငှာ ငါဖန်ဆင်း၏။ ငါသည်လည်း ယေရုရှလင်မြို့ကြောင့်ဝမ်းမြောက်မည်။ ငါ၏လူတို့ကြောင့်ရွှင်လန်းမည်။ ထိုမြို့၌ငိုကြွေးသံနှင့်အော်ဟစ်သံကို နောက်တစ်ဖန်မကြားရ။ . . . ထိုသူတို့သည် ကိုယ်ဆောက်သောအိမ်၌နေကြလိမ့်မည်။ ကိုယ်စိုက်သောစပျစ်ဥယျာဉ်အသီးကို စားကြလိမ့်မည်။ သူတို့သည် အိမ်ကိုဆောက်၍၊ အခြားသောသူနေရမည်မဟုတ်။ သူတို့သည် စပျစ်ဥယျာဉ်ကိုစိုက်၍ အခြားသောသူစားရမည်မဟုတ်။ ငါ၏လူတို့အသက်သည် သစ်ပင်၏အသက်ကဲ့သို့ဖြစ်၍၊ သူတို့သည် ကိုယ်ပြုစုသောအရာကို ကြာမြင့်စွာသုံးဆောင်ရကြလိမ့်မည်။. . . ငါ၏သန့်ရှင်းသောတောင်တစ်ပြင်လုံး၌ အချင်းချင်းညှဉ်းဆဲခြင်း၊ ဖျက်ဆီးခြင်းကိုမပြုရကြဟု ထာဝရဘုရားမိန့်တော်မူ၏” ဟေရှာယ ၆၅း၁၈–၂၅။ (1Hp, p. 372).

–ο–

## ဒီဇင်ဘာ (၂၉)

# "မြေကြီးသစ်၌ဥပုသ်စောင့်ခြင်း"

**"ငါဖန်ဆင်းသောကောင်းကင်သစ်နှင့်မြေကြီးသစ်သည် ငါ့ရှေ့၌တည်သကဲ့သို့၊ သင်တို့၏အမျိုးအနွယ်နှင့်သင်တို့၏နာမသည်လည်း တည်ရလိမ့်မည်ဟု ထာဝရဘုရားမိန့်တော်မူ၏။ လူသတ္တဝါအပေါင်းတို့သည် ငါ့ရှေ့မှာကိုးကွယ်ခြင်းငှာ လဆန်းနေ့နှင့်ဥပုသ်နေ့အစဉ်အတိုင်းလာကြလိမ့်မည်ဟု ထာဝရဘုရားမိန့်တော်မူ၏" (ဟေရှာယ ၆၆း၂၂၊၂၃)။**

ကမ္ဘာဦးအစတွင် ခမည်းတော်ဘုရားနှင့်သားတော်ဘုရားသည် မိမိတို့ဖန်ဆင်းခြင်းအမှုပြီးဆုံးသောအခါ ဥပုသ်နေ့တွင် ငြိမ်ဝပ်စွာနေတော်မူခဲ့သည်။ "ကောင်းကင်မြေကြီးနှင့်တကွ၊ ခပ်သိမ်းသောတန်ဆာတို့သည်ပြီးဆုံး" (ကမ္ဘာ ၂း၁) ချိန်တွင်၊ ဖန်ဆင်းရှင်နှင့်ကောင်းကင်သားအပေါင်းတို့သည် ကြီးကျယ်ခမ်းနားသောရူမြင်ကွင်းကို စဉ်းစားရင်းကြည်နူးခဲ့ကြသည်။ "နံနက်ကြယ်တို့သည် တညီတညွတ်တည်းသီချင်းဆို၍၊ ဘုရားသခင်သားအပေါင်းတို့သည် ဝမ်းမြောက်ကြသည်" ယောဘ ၃၈း၇။ . . . "ကမ္ဘာဦးမှစ၍ သန့်ရှင်းသောပုရောဖက်ဆရာတော်တို့နှုတ်ဖြင့် ဘုရားသခင်ဗျာဒိတ်ထားတော်မူသော ထိုကပ်ကာလ၊ အလုံးစုံသောအရာတို့ကို အသစ်ပြုပြင်တော်မူသော ကပ်ကာလ" (တမန် ၃း၂၁) ရောက်လာသောအခါ၊ ယေရှုသည် ယောသပ်၏သင်္ချိုင်းဂူတွင်နားနေသောနေ့၊ ဖန်ဆင်းခြင်းဥပုသ်နေ့သည် ပျော်ရွှင်စွာနားနေရာနေ့ဖြစ်နေဦးမည်။ "ဥပုသ်နေ့အစဉ်အတိုင်း" ကယ်တင်ခံသူတို့သည် ဘုရားသခင်နှင့်သိုးသငယ်တို့ကို ပျော်ရွှင်စွာဝတ်ပြုကိုးကွယ်ချိန်တွင် ကောင်းကင်သားများနှင့်အတူတကွပေါင်းစည်း၍ ချီးမွမ်းကြသည်။ (DA, pp. 769, 770).



ကယ်တင်ခံသူတို့သည် ဘုရားသခင်၏ပညတ်တော်မှလွဲ၍ အခြားဥပဒေသများကိုမသိရှိကြချေ။ လူအားလုံးသည် ပျော်ရွှင်စွာမိသားစုအဖြစ်ပေါင်းစည်းလျက် ချီးမွမ်းခြင်းနှင့်ကျေးဇူးတင်ခြင်းဝတ်လုံများကို ဝတ်ဆင်ကြသည်။ ထိုမြင်ကွင်းကိုကြည့်ကာ နံနက်ကြယ်တို့သည် အတူတကွသီချင်းဆို၍၊ ဘုရားသခင်၏သားတို့သည် ဝမ်းမြောက်စွာအော်ဟစ်ကြသည်။. . .

"လူသတ္တဝါအပေါင်းတို့သည် ငါ့ရှေ့မှာကိုးကွယ်ခြင်းငှာ လဆန်းနေ့နှင့်ဥပုသ်နေ့အစဉ်အတိုင်းလာကြလိမ့်မည်ဟု ထာဝရဘုရားမိန့်တော်မူ၏။" "ထာဝရဘုရား၏ဘုန်းတော်သည်ထင်ရှား၍ လူသတ္တဝါအပေါင်းတို့သည် အတူတကွမြင်ရကြမည်။ "ထာဝရဘုရားသည် ခပ်သိမ်းသောလူမျိုးရှေ့မှာ၊ ဖြောင့်မတ်ခြင်းနှင့်ချီးမွမ်းခြင်းကို ပေါ်ထွန်းစေတော်မူလိမ့်မည်။" "ထိုကာလ၌လည်း ကောင်းကင်ဗိုလ်ခြေအရှင်ထာဝရဘုရားသည် ကျန်ကြွင်းသောမိမိလူတို့၌ ဘုန်းရှိသောသရဖူ၊ အသရေတင့်တယ်သောဦးရစ်ဖြစ်တော်မူလိမ့်မည်။" (PK, pp. 732, 733).

ကောင်းကင်နှင့်မြေကြီးတည်ရှိနေသရွေ့၊ ဥပုသ်နေ့သည် ဖန်ဆင်းရှင်၏တန်ခိုးလက္ခဏာအဖြစ် ဆက်လက်ရှိနေမည်။ ဒေင်ဥယျာဉ်သည် မြေကြီးပေါ်နောက်တစ်ဖန်ပြန်လည်ပွင့်လန်းလာသောအခါ၊ ဘုရားသခင်၏သန့်ရှင်းသောနားရာနေ့ကို နေအောက်၌နေသောသူအပေါင်းတို့သည် ဂုဏ်ပြုကြလိမ့်မည်။ ဘုန်းထွန်းသောမြေကြီးသစ်တွင်နေထိုင်သူတို့သည် "ဥပုသ်နေ့အစဉ်အတိုင်း" ငါ့ရှေ့မှာကိုးကွယ်စေခြင်းငှာလာကြလိမ့်မည်ဟု ထာဝရဘုရားမိန့်တော်မူသည်။ ဟေရှာယ ၆၆း၂၃။ (DA, p. 283).

–o–

ဒီဇင်ဘာ (၃၀)

## "ထာဝရလုံခြုံပြီ"

**"ထာဝရဘုရားသည် တစ်ပြည်လုံးတွင်ရှင်ဘုရင်ဖြစ်တော်မူမည်။ ထိုနေ့ရက်၌ ထာဝရဘုရားတစ်ပါးတည်း၊ နာမတော်တစ်ပါးတည်း ဖြစ်တော်မူမည်" (ဇာခရိ ၁၄း၉)။**

ကြီးမားသောကယ်တင်ခြင်းစီမံကိန်းသည် လောကသားများကို ဘုရားသခင်နှင့်အပြည့်အဝပြန်လည်သင့်မြတ်စေသည်။ အပြစ်တရားကြောင့် ဆုံးရှုံးခဲ့သည့်အရာအားလုံးကိုလည်း ပြန်လည်ရရှိပြီဖြစ်သည်။ လူကိုသာမက၊ ထာဝရကာလနားထောင်ခြင်းရှိသူတို့အတွက် ကမ္ဘာမြေကိုလည်းရွေးနုတ်တော်မူသည်။ နှစ်ပေါင်းခြောက်ထောင်မျှ စာတန်သည် ကမ္ဘာမြေပိုင်ဆိုင်မှုကို ထိန်းသိမ်းရန် ရုန်းကန်ခဲ့သည်။ "အမြင့်ဆုံးသောဘုရားသခင်၏သန့်ရှင်းသူတို့သည် နိုင်ငံကိုသိမ်းယူ၍၊ ကမ္ဘာအဆက်ဆက်စံစားကြလတ္တံ့" ဒံယေလ ၇း၁၈။

"နေထွက်ရာမှသည်နေဝင်ရာတိုင်အောင် ထာဝရဘုရား၏နာမတော်သည် ချီးမွမ်းဖွယ်ဖြစ်၏" (ဆာလံ ၁၁၃း၃)။ "ထာဝရဘုရားသည် တစ်ပြည်လုံးတွင်ရှင်ဘုရင်ဖြစ်တော်မူ၏" (ဇာခရိ ၁၄း၉)။ "ပညတ်တော်အလုံးစုံတို့သည် ဖောက်ပြန်ခြင်းသဘောနှင့်ကင်းလွတ်ကြ၏။ သစ္စာစောင့်ခြင်း၊ ဖြောင့်မတ်ခြင်းနှင့်ယှဉ်သောကြောင့် အစဉ်အမြဲတည်ကြ၏" (ဆာလံ ၁၁၁း၇၊၈)။ စာတန်သည်မုန်း၍၊ ဖျက်ဆီးရန်ကြိုးပမ်းသည့် မွန်မြတ်သည့်ပညတ်တော်သည် အပြစ်မဲ့သောစကြဝဠာတစ်ခုလုံးတွင် ဂုဏ်ပြုကြလိမ့်မည်။ (PP, p. 342).

ခရစ်တော်၏ကယ်တင်ခြင်းအားဖြင့် ဘုရားသခင်၏အုပ်စိုးခြင်းသည် ဖြောင့်မတ်စွာရပ်တည်နေသည်။ အနန္တတန်ခိုးတော်ရှင်အား မေတ္တာတော်ရှင်ဘုရားအဖြစ် ထင်ရှားစေခဲ့သည်။ စာတန်၏စွပ်စွဲချက်သည် မှားယွင်းကြောင်း ထင်ရှားစေခဲ့သည့်အပြင်၊ ၎င်း၏စာရိတ္တကိုလည်း သိသာစေရန်ဖွင့်ပြတော်မူသည်။ ပုန်ကန်မှုသည် ဘယ်ခါမျှမပေါ်ပေါက်နိုင်တော့ချေ။ အပြစ်တရားသည် စကြဝဠာထဲသို့ ဘယ်ခါမျှမဝင်လာနိုင်တော့ချေ။ ထာဝရကာလ တစ်လျှောက်လုံး အရာခပ်သိမ်းသည် ဖောက်ပြန်ခြင်းမှလုံခြုံကြပြီ။ မေတ္တာအခြေခံ၍ ကိုယ်ကျိုးစွန့်ခြင်းအားဖြင့် မြေကြီးသားများနှင့်ကောင်းကင်သားတို့သည် မပျက်နိုင်သောအနှောင်အဖွဲ့အားဖြင့် သူတို့၏ဖန်ဆင်းရှင်၌ရစ်ပတ်နှောင်ဖွဲ့ခြင်းကိုခံရကြသည်။ . . .

အပြစ်တရားများပြားခဲ့သည့်နေရာတွင် ဘုရားသခင်၏ကျေးဇူးတော်သည် သာ၍များပြားသည်။ မိမိပိုင်သည်ဟု စာတန်ကြေညာထားသော၍ ကမ္ဘာကို ပြန်လည်ရွေးရုံသာမက၊ ချီးမြှောက်ရန်လည်းဖြစ်သည်။ ကိုယ်တော်၏ကြီးကျယ်ခမ်းနားသောဖန်ဆင်းခြင်းအလယ်၌ အမည်းစက်ကလေးမျှရှိသော အပြစ်၏ကျိန်ခြင်းအောက်၌ရှိသည့် ကျွန်ုပ်တို့၏ကမ္ဘာငယ်ကလေးသည် စကြဝဠာတွင်ရှိသော အခြားကမ္ဘာများအထက်တွင် ချီးမြှောက်ခြင်းခံရလိမ့်မည်။ လူသားများအကြားတွင် သားတော်ဘုရားကိန်းဝပ်တော်မူသော၍ကမ္ဘာတွင် ဘုန်းတန်ခိုးအရှင်မင်းကြီးသည်နေထိုင်၍၊ ဒုက္ခဆင်းရဲခံရပြီး အသေသတ်ခြင်းကိုခံခဲ့သော၍ကမ္ဘာတွင် ခပ်သိမ်းသောအရာများကိုအသစ်ပြုပြင်၍၊ ဘုရားသခင်သည် လူသားများနှင့်အတူစိုးစံမည့်၍ကမ္ဘာမြေတွင် ကိုယ်တော်သည် လူသားများနှင့်အတူရှိနေမည်ဖြစ်ပြီး၊ "သူတို့သည် ကိုယ်တော်၏လူဖြစ်ကြလိမ့်မည်။ ၎င်းပြင် ထာဝရဘုရားကိုယ်တော်တိုင်သည် သူတို့နှင့်အတူရှိတော်မူ၍ သူတို့၏ဘုရားဖြစ်တော်မူလိမ့်မည်။ ကယ်တင်ခံသူတို့သည် အဆုံးမရှိသောကာလတစ်လျှောက် ဘုရားသခင်၏အလင်းတော်တွင်လျှောက်လှမ်းကြ၍၊ နှုတ်ဖြင့်မမြွက်ဆိုနိုင်လောက်သော ကိုယ်တော်၏ဆုလာဘ်ဖြစ်သည်။" ဧမာနွေလ၊ ငါတို့နှင့်အတူရှိတော်မူသောဘုရားသခင်" အတွက် ကိုယ်တော်ကိုချီးမွမ်းကြလိမ့်မည်။ (DA, p. 26).

–၀–

### ဒီဇင်ဘာ (၃၁)

## “ရွေးနုတ်ခံသူတို့အတွက်ထာဝရကာလ၌ရှိမည့်အရာ”

**“ရှည်သောအသက်နှင့်သူ့ကိုရောင့်ရဲစေ၍၊ ငါ၏ကယ်တင်ခြင်းကျေးဇူးကို သူ့အားပြမည်” (ဆာလံ ၉၁း၁၆)။**

စကြဝဠာ၏ဘဏ္ဍာအားလုံးကို ဘုရားရှင်ရွေးနုတ်သောသူတို့လေ့လာနိုင်ရန် ဖွင့်ပြလိမ့်မည်။ သေတတ်သောဇာတိဖြင့် ထိန်းချုပ်ခြင်းမရှိတော့သဖြင့်၊ သူတို့သည် အတောင်များဖြင့်ဝေးလံသောကမ္ဘာများ၊ လူသားတို့၏ပူဆွေးသောကများ၌ဝမ်းနည်း၍ ရွေးနုတ်ခံသူတို့၏သတင်းစကား၌ ဝမ်းမြောက်သီဆိုကြသောထိုကမ္ဘာများဆီသို့ မမောမပန်းတမ်းပျံသန်းသွားကြသည်။ နှုတ်ဖြင့်ဖော်မပြနိုင်လောက်အောင်ဝမ်းမြောက်ခြင်းဖြင့် မြေကြီးသားတို့သည် မကျရှုံးသောသူတို့၏ဝမ်းမြောက်ခြင်းနှင့်ဉာဏ်ပညာများကို ရယူခံစားကြသည်။ ဘုရားသခင်၏လက်ရာများကို စဉ်းစားဆင်ခြင်ရာ၌ ထာဝရကာလအဆက်ဆက်၌ရရှိသည့် သိရှိနားလည်ခြင်းဘဏ္ဍာများကို သူတို့မျှဝေကြသည်။ နေများ၊ ကြယ်များ စသည့်စကြဝဠာရှိအရာရာတို့သည် ၎င်းတို့၏သတ်မှတ်ထားသည့်စနစ်အတိုင်း ဘုရားသခင်၏ပလ္လင်တော်ကို လှည့်ပတ်ရှိနေသည့် ကြီးကျယ်ခမ်းနားသောဖန်ဆင်းခြင်းလက်ရာများကို သူတို့သည် ရှင်းလင်းစွာမြင်နိုင်ကြသည်။ ဖန်ဆင်းသည့်အရာအားလုံး၊ အကြီးအငယ်အပေါင်းတို့အပေါ်တွင် ဖန်ဆင်းရှင်၏နာမတော်ကိုရေးထားလျက်ရှိကာ၊ အရာခပ်သိမ်းတို့သည် ကိုယ်တော်၏တန်ခိုးကြွယ်ဝမှုကိုဖော်ပြကြသည်။

ထိုနောက် ထာဝရကာလသည် ရွှေ့လျားသည်နှင့်အမျှ ဘုရားသခင်နှင့်ခရစ်တော်၏ဘုန်းတန်ခိုးကို သာ၍ပေါ်လွင်လေဖြစ်သည်။ အသိပညာတိုးတက်သကဲ့သို့ ချစ်ခြင်း၊ ရိုသေခြင်း၊ ပျော်ရွှင်ခြင်းတို့သည်လည်း အစဉ်တိုးတက်လျက်ရှိသည်။ လူတို့သည် ဘုရားသခင်အကြောင်းကို သာ၍သင်ယူသည်နှင့်အမျှ ကိုယ်တော်၏ဂုဏ်တော်ကို သာ၍ချစ်ကြောက်ရိုသေလေဖြစ်သည်။ ယေရှုသည် သူတို့၏ရှေ့တွင် ကယ်တင်ခြင်း၏ကြွယ်ဝမှုနှင့် စာတန်နှင့်မဟာတိုက်လှန်ပွဲတွင် အံ့ဖွယ်အောင်မြင်မှုများကိုဖွင့်ပြတော်မူရာ၊ ရွေးနုတ်ခံသူတို့၏စိတ်နှလုံးသည် သာ၍စိတ်ထက်သန်သောကိုးကွယ်ဆက်ကပ်မှုဖြင့်လှုပ်ရှားကာ၊ သာ၍ပျော်ရွှင်မှုဖြင့် ရွှေစောင်းများကိုတီးခတ်ကြသည်။ ထောင်သောင်းမက၊ မရေမတွက်နိုင်သောသူတို့သည် အားကြီးသောချီးမွမ်းခြင်းသီချင်းကို သံပြိုင်သီဆိုကြသည်။

“ကောင်းကင်၊ မြေကြီး၊ မြေကြီးအောက်၊ သမုဒ္ဒရာအထဲ၊ အရပ်ရပ်တို့၌ရှိသမျှသော ဝေနေယျသတ္တဝါအပေါင်းတို့က၊ ပလ္လင်တော်ပေါ်မှာထိုင်တော်မူသောသူနှင့်သိုးသငယ်သည် ကမ္ဘာအဆက်ဆက် ကောင်းချီးမင်္ဂလာ၊ ဂုဏ်အသရေ၊ ဘုန်းအာနုဘော်၊ အစွမ်းသတ္တိရှိတော်မူစေသတည်းဟု ပြောဆိုကြသည်” ဗျာဒိတ် ၅း၁၃။

မဟာတိုက်လှန်ပွဲကြီးလည်း အဆုံးသတ်သွားချေပြီ။ အပြစ်နှင့်တကွအပြစ်သားများလည်းမရှိကြတော့ပြီ။ စကြဝဠာတစ်ခွင်လုံးသည် သန့်ရှင်းစင်ကြယ်သောညီညွတ်မှုနှင့်ပျော်ရွှင်မှုများဖြင့် လွှမ်းမိုးနေလေသည်။ အရာရာကိုဖန်ဆင်းတော်မူသောကိုယ်တော့်ထံမှယိုစီးလာသော အသက်၊ အလင်း၊ ဝမ်းမြောက်ခြင်းများသည် ဝေနေယျသတ္တဝါများသို့ အကန့်အသတ်မရှိဖြန့်ကြက်နေသည်။ အသေးငယ်ဆုံးအက်တမ်မှအစ၊ အကြီးဆုံးသောကမ္ဘာအဆုံးသက်ရှိ၊ သက်မဲ့အရာအားလုံးတို့က ဘုရားသခင်သည် ချစ်ခြင်းမေတ္တာဖြစ်တော်မူသည်ဟု ဖုံးကွယ်၍မရသောအလှ၊ စုံလင်သောပျော်ရွှင်မှုများဖြင့် ကြွေးကြော်ကြသည်။ (GC, pp. 677, 678).

–o–

## Key to Abbreviations

| | | |
|---|---|---|
| AA | - | Acts of the Apostles, The |
| AH | - | Adventist Home, The |
| 1BC | - | Ellen G. White Comments in SDA Bible Commentary, The, vol. 1 (2BC, etc., for vols. 2-7) |
| CD | - | Counsels on Diet and Foods |
| CG | - | Child Guidance |
| CH | - | Counsels on Health |
| COL | - | Christ's Object Lessons |
| Country Living | | |
| CS | - | Counsels on Stewardship |
| CSW | - | Counsels on Sabbath School Work |
| CT | - | Counsels to Parents, Teachers, and Students |
| CTBH | - | Christian Temperance and Bible Hygiene |
| CW | - | Counsels to Writers and Editors |
| DA | - | Desire of Ages, The |
| Ed | - | Education |
| Ev | - | Evangelism |
| EW | - | Early Writings |
| FE | - | Fundamentals of Christian Education |
| FLB | - | Faith I Live By, The |
| GC | - | Great Controversy, The |
| GCB | - | GC Bulletin |
| GW | - | Gospel Workers |
| HC | - | Our High Calling |
| HS | - | Historical Sketches |
| 1HP | - | In Heavenly Places |



| | | |
|---|---|---|
| KH | - | That I May Know Him |
| Letter | - | Ellen G. White Letter |
| LS | - | Life Sketches |
| MB | - | Thoughts From the Mount of Blessing |
| MH | - | Ministry of Healing, The |
| MLT | - | My Life Today |
| MS | - | Ellen G. White Manuscript |
| MYP | - | Messages to Young People |
| PK | - | Prophets and Kings |
| PP | - | Patriarchs and Prophets |
| RB | - | Revival and Beyond |
| RH | - | Review and Herald |
| SC | - | Steps to Christ |
| SD | - | Sons and Daughters of God |
| 1SG | - | Spiritual Gifts, vol. 1 (2SG, etc., for vols. 2-4) |
| SL | - | Sanctified Life, The |
| 1SM | - | Selected Messages, book 1 (2SM for book 2) |
| 1SP | - | Spirit of Prophecy, The, vol. 1 (2SP, etc., for vols. 2-4) |
| SR | - | Story of Redemption, The |
| ST | - | Signs of the Times |
| Sufferings | - | Sufferings of Christ, The |
| SW | - | Southern Watchman |
| 1T | - | Testimonies for the Church, vol. 1 (2T, etc., for vols. 2-9) |
| Te | - | Temperance |
| TM | - | Testimonies to Ministers and Gospel Workers |
| WM | - | Welfare Ministry |
| YI | - | Youth's Instructor, The |

--0--